(က) ကိံ ပနေတံ စိတ္တံ ပုရိမနိဒ္ဒိဋ္ဌစိတ္တေန သဒ္ဓိံ ဧကမေဝ, ဥဒါဟု အညန္တိ?

(ခ) ဧကမေဝ။

(ဂ) အထ ကသ္မာ ပုရိမနိဒ္ဒိဋ္ဌံ ပုန ဝုတ္တန္တိ?

(ဃ) အဝိစာရိတံ ဇေတံ အဋ္ဌကထာယံ။

(င) အယံ ပနေတ္ထ ယုတ္တိ–

(စ) ယထာ ဟိ ရူပါဒီနိ ဥပါဒါယ (ပ) ဒီပနတ္ထာယ ဇေတံ ပုန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

ဋ္ဌ။ ၁၅၆။ မူလဋီ။ ၈၇။ ယောဇနာ။ ၁၀၄။ မြည်သျှ၊ ၂။ ၃၁။ ဘာဋီ၊ ၂။၂၆၅။ ကျော်စံဂဏ္ဌိ။ ၃၀၁။ မင်းခင်းဂဏ္ဌိ။ ၄၃၁။

ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ– စသည်ကား သမယဝဝတ္ထာနပိုင်း။ တသ္မိံ သမယေ ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ၊ သညာ ဟောတိ၊ စေတနာ ဟောတိ၊ စိတ္တံ ဟောတိ–စသည်ကား ဓမ္မုဒ္ဒေသပိုင်း။

အထက်ပါဓမ္မသင်္ဂဏီပါဠိတော်၌ သမယဝဝတ္ထာနပိုင်း၌လည်း စိတ္တံပုဒ်ပါခဲ့သည်။ ဓမ္မုဒ္ဒေသ–ပိုင်း၌လည်း စိတ္တံပုဒ်ထပ်၍ပါသည်။ ယင်းစိတ္တံနှစ်ပုဒ်သည် တူသလော, ထူးသလောဟု မေးဖွယ်ရှိ၍ ထိုအမေးကို ကိုယ်တိုင်ထုတ်ပြလိုသောကြောင့် ကိံ ပနေတံ–စသောဝါကျတက်လာသည်။

(၂)

(က)သို့ ဋ္ဌပနာဒီပဋ္ဌက

ဆရာ–မြတ်စွာဘုရားသည် တသ္မိံ သမယေ ဖဿော ဟောတိ (ပ) စိတ္တံ ဟောတိ–စသည်ဖြင့် စိတ္တံပုဒ်ကို ထပ်၍ ဟောတော်မူ၏။ ထိုသို့ဟောတော်မူသည်ရှိသော် နောက်ထပ်ဟောတော်မူအပ်သော စိတ္တံပုဒ်နှင့် စပ်လျဉ်း၍ ဖြစ်သင့်သော ပုစ္ဆာ, စောဒနာကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော–စသည်တက်။

(ခ)သို့ ဋ္ဌပနာပဋ္ဌက

ဆရာ–သည် (က)ဖြင့် ဤစိတ်သည် ရှေးသမယဝဝတ္ထာန–၌ ပြအပ်သောစိတ်နှင့် တူသလော (သို့မဟုတ်) တပါးတခြားလေလောဟု အမေးပုစ္ဆာပြဿနာကို ပြဆိုတော်မူ၏။ ထိုသို့ ...သော် အမေးပုစ္ဆာသာရှိ၍ အဖြေဝိဿဇ္ဇနာမရှိဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ (တစ်နည်း:) အမေးပုစ္ဆာသည် အဖြေဝိဿဇ္ဇနာနှင့် မကင်းကောင်း, မကင်းရာသည် မဟုတ်ပါလော။ (ပ) အဖြေဝိဿဇ္ဇနာကား အဘယ်ပါနည်း။ ။ စုဒ်ကြောင့် (ခ)မိန့်။

http://www.dhammadownload.com



## (ဂ)စသည်သို့ ပါပနာဒီပဋ္ဌက

ဆရာ–သည် (ခ)ဖြင့် ဤစိတ်သည် ရှေးသမယဝဝတ္ထာန–၌ ပြအပ်သော စိတ်နှင့် တူသည်သာဟု ဆိုတော်မူ၏။ ထိုသို့ ...သော် ဤစိတ်ကို တဖန်ထပ်၍ ဟောရခြင်းသည် အကျိုးမရှိ နိရတ္ထကသာ ဖြစ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ် ...ကား မရောက်သင့်။ ထိုသို့ ..ကြောင့် ဤစိတ်ကို တဖန်ထပ်၍ ဟောရခြင်း၏ အကျိုးကိုလည်း ပြဆိုသင့်သေး၏။ ..ကား အဘာယ်ပါနည်း။ စုဒ်ကြောင့် (ဂ)စသည်မိန့်။

(ဂ)(ဃ)(င)(စ)တို့ကား ဝါကျာရမ္ဘတည်း။ ထိုတွင်–

(ဂ)ကား ပုစ္ဆာစောဒနာ။

(ဃ) (င) (စ)တို့ကား ဝိဿဇ္ဇနာပရိဟာရ။

ထိုတွင် (င)(စ)တို့သည် ရှေးဆရာတို့ မစိစစ်လျှင် အရှင်လည်း ရှေးဆရာတို့အတူ လျှစ်လျူရှုတော့မည်လောဟု စောဒနာဖွယ်ရှိ၍ ဆက်တက်လာသောကြောင့် ဝါကျာရမ္ဘ။

## (င)(စ)သို့ ပါပနာဒီပဋ္ဌက

ဆရာ–သည် (ဃ)ဖြင့် ဤစကား(ပြဿနာ)ကို မဟာအဋ္ဌကထာ၌ ရှေးဆရာတို့ မစိစစ်အပ်ဟု ဆိုတော်မူ၏။ ထိုသို့ ..သော် ဆရာအရှင်သည်လည်း (အရှင်မဟာဗုဒ္ဓဃောသသည်လည်း) ရှေးဆရာတို့အတူ ထိုစကား(ထိုပြဿနာ)ကို မစိစစ်တော့ (လျှစ်လျူရှုတော့မည်)ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်ကား ..မရောက်သင့်။ ထိုသို့ ..ကြောင့် (ဤအဋ္ဌကထာသစ်၌) ဆရာ၏ စိစစ်ချက်ကိုလည်း ပြဆိုသင့်သေး၏။ (ဤအဋ္ဌကထာသစ်၌) ဆရာ၏ စိစစ်ချက်ကား အဘာယ်ပါနည်း။ စုဒ်ကြောင့် (င)(စ)မိန့်။

[ဤအဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ၏ စိစစ်ချက်ကား– စာမျက်နှာ။ ၁၅၇– တေန္တဝုတ္တန္တိ ဝေဒိတဗ္ဗံ– ရောက်မှ ပြီးဆုံးသည်။]

(၃)

(င)(စ)တို့တွင်– (င)သည် အခြေခံစကားပျိုး သခေ်ပ။

(စ)ကား ဝိတ္ထာရ။ ဝိရောဓိ, ပုနရုတ္တိ–ပယ်။

(၄)

* အရီယတိ ဉာယတီတိ အတ္ထော။ (အရ+ထ။)
* အတ္ထော + ကထီယတိ + ဧတာယာတိ အဋ္ဌကထာ။

✔ အတ္တ–သဒ္ဒါပပဒ, ကထ+အ ..ငင်း၊ အနက်၏ + အဋ္ဌကထာနှင့် ဝါစ္စ+ဝါစကစပ်–ငင်း ဖျူ–နိ။

✔ အဋ္ဌကထာတို့၏ .....ဓာတ်သည် ပ–နိ။

## "ဝစနတ္ထမှတ်ဖွယ်"

(က) ပုရေ + ဓာတံ ပုရိမံ။ (ပုရ+ဣမ။) နိဒ္ဒိသိယိတ္ထာတိ နိဒ္ဒိဋ္ဌံ။ (နိ, ဒိသ+တ။ ညွှန်ပြခြင်း။)

* ပုရိမေ + နိဒ္ဒိဋ္ဌံ ပုရိမနိဒ္ဒိဋ္ဌံ။ စိန္တေတီတိ စိတ္တံ။
* ပုရိမနိဒ္ဒိဋ္ဌဋ္ဌ + တံ + စိတ္တဥ္စာတိ ပုရိမနိဒ္ဒိဋ္ဌစိတ္တံ။ (တေန)

(ရှေး၌ ညွှန်ပြအပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်၏ + စိတ်နှင့် ဂုဏ်+ဂုဏေးစပ်။)

(ဃ) ဝိစာရေတဗ္ဗန္တိ ဝိစာရိတံ။ န ဝိစာရိတံ အဝိစာရိတံ။

(န–အရ ပဋိသေဓဘောဂုဏ်၏ + မစိစစ်အပ်သောစကားနှင့် ဂုဏ်+ဂုဏေးစပ်။)

(င) ယုဇ္ဇတီတိ ယုတ္တိ။ ယုဇ္ဇတိ ဧတေနာတိ ဝါ ယုတ္တိ။ ယုဇ္ဇတေ ဝါ ယုတ္တိ။ (ယုဇ+တိ။ စိစစ်စီရင်ခြင်း။)

http://www.dhammadownload.com



* အနုကာရဝိမေနေန သတ္တာနံ ဘယံ သရတိ ဟိံသတီတိ သူရိယော။
(သရ+ဏျယ။ ဖျက်စီးခြင်း, ညှဥ်းဆဲခြင်း။)
(တစ်နည်း) လောကာနံ သူရဘာဝံ ဇနေတီတိ သူရိယော။ (သူရ-ပုဒ်+ဏျယ-ပစ္စည်း။)
(ရဲရင့်ခြင်း၏ + နေနှင့် ဇနက+ဧသစပ်။)

(၅)

(က) ကိံ-ကား နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ။
(တစ်နည်း) သဗ္ဗနာမ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိ၊ (သဗ္ဗနာမ်ဂိုဏ်း)၊ နိဂ္ဂဟိတန္တ။
ကော်-ကား သဗ္ဗနာမ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ-ကာရန္တ။
ဥဒါဟု-ကား နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ ဥ-ကာရန္တ။
အညံ-ကား သဗ္ဗနာမ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ-ကာရန္တ။
(င) ယုတ္တိ-ကား ကိတ်နာမ်ပုဒ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ-ကာရန္တ။

(၇)

(က)(ခ) ကေမေဝ-၌ ဝေ-၏ ဂဟေတဗ္ဗတ္ထစသည်-

✔ တူသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် ဂဟေတဗ္ဗတ္ထ။
✔ မတူသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။
✔ စိတ်ဒြပ်သည် အနုညာတတ္ထ။

တေနေဝ-၌ ဝေ-၏ ဂဟေတဗ္ဗတ္ထစသည်-

✔ နေအစရှိသည်တို့သည် သရုပ်အားဖြင့် ရူပါရုံစသည်တို့မှ အခြားတပါးမဟုတ်သည်၏ အဖြစ်တည်းဟူသော အကြောင်းသည် ဂဟေတဗ္ဗတ္ထ။
✔ တစ်ပါးသော အကြောင်းသည် နိဝတ္တေတဗ္ဗတ္ထ။

ဇော်သေနေဝ-၌ ဝေ-၏ ဂဟေတဗ္ဗတ္ထစသည်-

✔ ဇော်သ-စင်စစ်ဟူသော အနက်သည် ဂဟေတဗ္ဗတ္ထ။
✔ အနေက်သ-စင်စစ်မဟုတ်သော အနက်သည် နိဝတ္တေတဗ္ဗတ္ထ။

(က) ဥဒါဟု-ကား ဝိကပ္ပနတ္ထ။
(င) ပန-ကား သမ္ဘာဝနတ္ထ, အနုဂ္ဂဟတ္ထ။ (ပန-စပ်ရာ ယုတ္တိ-သဒ္ဒါကို ထောက်)
(စ) ယထာ-ကား ပဋိဘာဂတ္ထ။ ဟိ-ကား ဝိတ္ထာရတ္ထ။

(၈)

ဝုတ္တံ-၌ ဗာဟုလျတ္ထအရ ကြိယာပါးတန်ထုတ်ပုံ-

✔ စိတ္တံ ဟောတိ-ဟူသော ဝစီဘေဒသဒ္ဒသည် ဒဿနတ္ထ။
✔ ဒေသနာဉာဏ်တော်သည် ဒီပကတ္ထ။
✔ တရားတော်ကို နာကြားရခြင်းသည် ပကာသနတ္ထ။
✔ ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်-စသည် ဝိဘာဝတ္ထ။
✔ တရားနာရသဖြင့် ပထမမဟာကုသိုလ်စိတ်ကို သိရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင် အကျိုးတရားအဆက်ဆက်သည် အနုဘာဝတ္ထ။

(ဝုတ္တံ-၌ အန္တတ္ထအရ ဘုရားရှင်၏ ဒေသနာဉာဏ်-ကို ယူ၍ ထုတ်။)

http://www.dhammadownload.com



(၁၀)

(ဂ) ပုရိမနိဒ္ဒိဋ္ဌ + ပုန ဝုတ္တံ-၌-

✔ ပုရိမနိဒ္ဒဋ္ဌ-အရ စိတ်အာရုံသည်-

ဝစ-ဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်အား အာရမ္မဏ-ပြု။ ဖြိုင်။ ။ အာ, ဓိ, ဥ။ (၃)

================

## ဝါကျဥယျာဉ် (၁၃၂)

(က) ဣဒံ ပနေတ္ထ သန္နိဋ္ဌာနံ၊ ဥဒ္ဒေသဝါရေ သင်္ဂဟနတ္ထံ, နိဒ္ဒေသဝါရေ စ ဝိဘဇနတ္ထံ။

(ခ) ပုရိမေန ဟိ စိတ္တသဒ္ဒေန ကေဝလံ သမယော ဝဝတ္ထာပိတော။

(ဂ) တသ္မိံ ပန စိတ္တေန ဝဝတ္ထာပိတသမယေ ယေ ဓမ္မာ ဟောန္တိ၊ တေသံ ဒဿနတ္ထံ "ဖဿော ဟောတီ"တိ အာဒိ အာရဒ္ဓံ။

(ဃ) စိတ္တုပ္ပာဒောတိ တသ္မိံ သမယေ ဟောတိယေဝ။ တသ္မာ တဿာပိ သင်္ဂဟနတ္ထမေတံ ပုန ဝုတ္တံ။

(င) ဣမသ္မိံ စ ဌာနေ ဧတသ္မိံ အဝုစ္စမာနေ "ကတမံ တသ္မိံ သမယေ စိတ္တံ"န္တိ န သက္ကာ ဘဝေယျ နိဒ္ဒေသဝါရေ ဝိဘဇိတုံ၊ ဧဝမဿ ဝိဘဇနံ ယေဝ ပရိဟာယေထ။ တသ္မာ တဿ နိဒ္ဒေသဝါရေ ဝိဘဇနတ္ထမ္ပိ ဧတဋ္ဌ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

ဋ္ဌ။ ၁၅၇။ မူလဋီ။ ၈၇။ ယောဇနာ။ ၁၀၄။ ပြည်သျှ၊ ၂။ ၃၃။ ဘာဋီ၊ ၂။ ၂၆၈။

(၁)

(က) ပန-ဆက်။ ဣဒံ-ဤဆိုအပ်လတ္တံ့သည်ကား။ ဧတ္ထ-ဤစိတ္တံ ဟောတိ-ဟု စိတ်ကို ထပ်၍ ဟောတော်မူအပ်ရာ၌။ သန္နိဋ္ဌာနံ-အဆုံးအဖြတ်တည်း။ (ဝါ) ဆုံးဖြတ်ကြောင်း အကျိုးတည်း။ ဥဒ္ဒေသဝါရေ-၌။ (ဖဿော ဟောတိ ။ပ။ အဝိက္ခေပေါ ဟောတိ-ဟူသော ဥဒ္ဒေသဝါရ၌)။ သင်္ဂဟနတ္ထံ-စိတ်ကို သိမ်းယူခြင်းအကျိုးငှါရင်း။ နိဒ္ဒေသဝါရေ-၌။ (ကတမော တသ္မိံ သမယေ ဖဿော ဟောတိ-စသော နိဒ္ဒေသဝါရ၌။) ဝိဘဇနတ္ထဉ္စ-စိတ်ကို အကျယ်ဝေဖန်ခြင်းအကျိုးငှါရင်း။ (ဧတံ စိတ္တံ-ကို။ ပုန။ ဝုတ္တံ-ပြီ။)

(ခ) ဟိ-ချဲ့။

(ဂ) ပန-အထူးကို ဆိုအံ့။ (ပြည်သျှ) ဆက်။(ဘာဋီ) (ပ) (ဘဂဝတာ-သည်။) အာရဒ္ဓံ-အပ်၏။

(င) စ-လဒ္ဓဒေါသကို ဆိုအံ့။ (ပြည်သျှ) စ-သည်သာမကသေး။ [သင်္ဂဟနတ္ထံ-၏ အကျယ်မှတပါး ဝိဘဇနတ္ထံ-၏ အကျယ်ကား။ (ဘာဋီ)]

(၂)

ရှေးယုတ္တိပြစကားဝယ် "စိတ္တံ ဟောတိ"ဟု ဟောတော်မူရခြင်း၏ အကြောင်းယုတ္တိကို (၂)မျိုး အားဖြင့် ပြပြီး၍၊ ယခုအခါ၌ အကျိုးကိုပြ၍ ဆုံးဖြတ်ချက်ချလိုသောကြောင့် "ဣဒံ ပနေတ္ထ သန္နိဋ္ဌာနံ" ကိုမိန့်။

ထိုအကျိုးကား"ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ"စသော ဥဒ္ဒေသဝါရ၌ "စိတ္တံ ဟောတိ"ဟု စိတ်ကို သိမ်းယူခြင်း(ပေါင်းခြင်း)အကျိုး၊ "ကတမော တသ္မိံ သမယေ ဖဿော"စသော နိဒ္ဒေသဝါရ၌ "ကတမံ တသ္မိံ သမယေ စိတ္တံ"စသည်ဖြင့် အကျယ်ဝေဘန်ခြင်းအကျိုးတည်း။ (ဘာဋီ၊ ၂။၂၆၈။)

http://www.dhammadownload.com



## (ခ) ပါပနာဒီပဋ္ဌကစောဒနာ

ဆရာ–သည် (က)ဖြင့် ဥဒ္ဒေသဝါရ၌ စိတ်ကို ပေါင်း၍ ယူခြင်းအကျိုးငှါရင်း၊ နိဒ္ဒေသဝါရ၌ စိတ်ကို ဝေဖန်ခြင်းအကျိုးငှါရင်း ဤစိတ်ကို တဖန်ဟောကြားအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ ..သော် ဤစိတ်ကို တဖန်ဟောရခြင်း၏ အကျိုးကို အကျဉ်းအားဖြင့်သာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ် (ပ) ဤစိတ်ကို တဖန်ဟောရခြင်း၏ အကျိုးကို အကျယ်ပြဆိုသင့်သေး၏။ ..ဝိရောဓိ, ပုနရုတ္တိ ...တင်။ ..အကျိုးကို အဘယ်သို့လျှင် အကျယ်သိအပ်ပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။ (ဝိတ္ထာရ) (ခ)ဆိုသော်လည်း (င)တိုင်အောင်မျှော်တက်ရသည်။

## (ဂ)(ဃ)(င)သို့ ဥပနာဘောဂါဒီ

ဆရာ–မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီပါဠိတော်၌ ဖဿော ဟောတိ–စသော စကားကို ဟောတော်မူ၏။ ထိုသို့ ..သော် ဖဿော ဟောတိ–စသော စကားကို ဟောကြားရခြင်း၏ အကျိုးကို မသိအပ်, ....ရာသည် မဟုတ်ပါလော။ (တစ်နည်း) ဖဿော ဟောတိ–စသော စကားကို ဟောကြား–ရခြင်းသည် အကျိုးမရှိနိရတ္ထကဖြစ်ရာသည် မဟုတ်ပါလော၊ ထို့ကြောင့် ..မဟောသင့်။ ဖဿော ဟောတိ–စသော စကားကို ဟောရခြင်း၏ အကျိုးကိုလည်း ပြဆိုသင့်သေး၏။ ...ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ)(ဃ)(င)မိန့်။

## (ဃ) ပါပနာဒီပဋ္ဌက

ဆရာ–သည် (ဂ)ဖြင့် စိတ်ဖြင့် မှတ်သားအပ်သော သမယ၌ ဖြစ်ကုန်သော ဖဿစသော တရားတို့ကို ပြခြင်းငှါ ဖဿော ဟောတိ–စသည်ကို ဘုရားရှင် ဟောတော်မူ၏ဟု ဆို၏။ ထိုသို့ ..သော် ဖဿော ဟောတိ–စသော စကားကို ဟောရခြင်း၏ အကျိုးကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်ကား ..မရောက်သင့်။ ထိုသို့ ...ကြောင့် စိတ္တံ ဟောတိ–ဟု ဤစိတ်ကို တဖန်ဟော–ရခြင်း၏ အကျိုးကိုလည်း ပြဆိုသင့်သေး၏။ ...အဗျာပိတ–တင်။ ..ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဃ)မိန့်။ (ပက္ခန္တရ)

## (င) ပါပနာဒီပဋ္ဌက

ဆရာ–သည် (ခ)(ဂ)(ဃ)တို့ဖြင့် သင်္ဂဟနတ္ထံ–ပုဒ်၏ အကျယ်ကို ပြဆိုတော်မူ၏။ ထိုသို့ ..သော် သင်္ဂဟနတ္ထံ–ပုဒ်၏ အကျယ်ကိုသာ သိအပ်၏ ....ရောက်ရာ၏။ စင်စစ်ကား ..မရောက်သင့်။ ထိုသို့ ..ကြောင့် ဝိဘဇနတ္ထံ–ပုဒ်၏ အကျယ်ကိုလည်း ပြဆိုသင့်သေး၏။ ..ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (င)မိန့်။ (ဘာဋီ၊ ၂။ ၂၆၉။)

(တစ်နည်း) ဆရာ–သည် (ဃ)ဖြင့် ထိုစိတ်ကို ပေါင်း၍ ယူခြင်းအကျိုးငှါ (စိတ္တံ ဟောတိ–ဟု) ဤစိတ်ကို တဖန်ဟောကြားအပ်၏ဟု ဆို၏။ ထိုသို့ ...သော် ဤစိတ်ကို တဖန်ဟောကြားရာ၌ ဆိုအပ်ပြီးသောအကျိုးကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ (ပ) ဤစိတ်ကို တဖန် ဟောကြားရာ၌ တခြားဖြစ်သင့်သော အကျိုးကိုလည်း ပြဆိုသင့်သေး၏။ (ပ) ...ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (င)မိန့်။ (ဝိဘဇနတ္ထမ္ပိ–၌ ပိ–ကို ရှု၍တက်သည်)

## (၃)

(ဧ) စ–သည် ဝိတ္ထာရ။ ပုနရုတ္တိ, ဝိရောဓိ–ပယ်။

(ဂ)ဖြင့် ပါဠိတော်၌ တင်သင့်သော နိရတ္ထကဒေါသကို ပယ်သည်။

## (င) ဣမသ္မိဥ္စ–၌ စ–သဒ္ဒါ ထားရခြင်း–

သင်္ဂဟနတ္ထံ–၏ အကျယ်မှတပါး ဝိဘဇနတ္ထံ–၏ အကျယ်ဟူသော အဖို့တပါးကို ပြလို၍ စ–သဒ္ဒါ ထားသည်။ (ဤကား ဘာဋီ)

http://www.dhammadownload.com



(၄)

* သုဋ္ဌု + နိစ္ဆယနံ သန္နိဋ္ဌာနံ။
* သန္နိဋ္ဌာတိ ဧတေနာတိ သန္နိဋ္ဌာနံ။
✔ သံ, နိ, ဌာ+ယု–သည်ရင်း၊ ကောင်းစွာဆုံးဖြတ်ခြင်းကြိယာသည်ရင်း ဗျု–နိ။
✔ ဆုံးဖြတ်ကြောင်းအကျိုး၏ ....ဓာတ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

* ဥသင်္ခေပေန ဒိသနံ ဥဒ္ဒေသော။ (ဥ, ဒိသ+ဏ။ အကျဉ်းပြခြင်း။)

(တစ်နည်း) ဥသရူပေန ဒေသီယတိ ဧတေနာတိ ဥဒ္ဒေသော။ (သရုပ်အားဖြင့် ပြခြင်း။)

* ဝါရီယတိ ပရိစ္ဆိန္ဒီယတိ ဧတေနာတိ ဝါရော။ (ဝရ+ဏ)
* ဥဒ္ဒေသော စ + သော + ဝါရော စာတိ ဥဒ္ဒေသဝါရော။
* နိဟရိတွာ ဒေသီယတိ ဧတေနာတိ နိဒ္ဒေသော။ (နိ, ဒိသ+ဏ)
* နိဒ္ဒေသော စ + သော + ဝါရော စာတိ နိဒ္ဒေသဝါရော။

(နိဒ္ဒေသ၏ + ဝါရနှင့် ဂုဏ်+ဂုဏေးစပ်)

(ဤဝစနတ္ထအားလုံးသည် ဓမ္မသင်္ဂဏီပါဠိတော်နိသျ။ ၃၀, ၃၁–၌ လာ၏။)

* ဝဝတ္ထပီယတေ်တိ ဝဝတ္ထာပိတော။ (ဝိ, အဝ, ထပ+တ။)
* ကေဝတိ ပဝတ္တတီတိ ကေဝလံ။ (ကေဝ+အလ။ ဖြစ်ခြင်း။)

(၅)

(င) အဝုစ္စမာနေ–ကား သမာသ်နာမ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ–ကာရန္တ။
သတ္တာ–ကား နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ အာ–ကာရန္တ။
ဝိဘဇိတုံ–ကား နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ။

(၇)

(ဃ) ဟောတိယောဝ–၌ ဝေ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ ဖြစ်ခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။
✔ မဖြစ်ခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။
✔ ဖြစ်ခြင်းကြိယာ၏ တည်ရာဖြစ်သော စိတ်ဒြပ်သည် အနုညာတတ္ထ။

(င) ဝိဘဇနံယေဝ–၌ ဝေ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ ဝေဘန်ခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။
✔ မဝေဘန်ခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။
✔ ဝေဘန်ခြင်းကြိယာ၏ တည်ရာဖြစ်သော စိတ်ဒြပ်သည် အနုညာတတ္ထ။

(က) ပန–ကား ဝါကျာရမ္ဘ။
(ခ) ဟိ–ကား ဝိတ္ထာရ။
(ဂ) ပန–ကား ဝိသေသ။ (တစ်နည်း) ဝါကျာရမ္ဘ။
(င) လက္ခဏသမ္ဗန္ဓ–၌ စ–ကား လဒ္ဓဒေါသ။ (တစ်နည်း) ပက္ခန္တရ။
တေဥ္စ–၌ စ–ကား သမ္ပိဏ္ဍနတ္ထ။

http://www.dhammadownload.com



(၉)

(ဂ) အာရဒ္ဓ–၌ အာ, ရဘ–ဓာတ်အရ (မြတ်စွာဘုရား၏) ဝီရိယရှေးရှိသော ဒေသနာဉာဏ်ကိုယူ။
တ–ပစ္စည်းအရ ဖသော ဟောတိ–စသော ဝစီဘေဒသဒ္ဒကိုယူ။

(ဃ) ဝုတ္တံ–၌ ဝစ–ဓာတ်အရ ဒေသနာဉာဏ်ကိုယူ။
တ–ပစ္စည်းအရ စိတ္တံ ဟောတိ–ဟူသော ဝစီဘေဒသဒ္ဒကိုယူ။

(၁၀)

တေ + ဝုတ္တံ–၌–

✔ တေ–အရ မနသာဝဝတ္တဝိတပထမမဟာကုသိုလ်စိတ်သည်–
ဝုတ္တံ–၌ ဝစ–ဓာတ်အရ ဒေသနာဉာဏ်အား အာရမ္မဏ–ပြု။ ပြိုင်။ ။ အာ, မိ, ဥ။(၃)

(တစ်နည်း) ဝုတ္တံ–၌ ဝစ–ဓာတ်အရ ဒေသနာဉာဏ်သည်–
တ–ပစ္စည်း (တေ)–အရ စိတ္တံ ဟောတိ–ဟူသော ဝစီဘေဒသဒ္ဒအား သဟဇာတ–ပြု။
ပြိုင်။ ။ သဟကြီး ၄၊ ဝိပ္ပ၊ ဟေ, မိ, ဣ, မဂ်။ (၉)

(ဂ) စိတ္တေန + ယေ ဓမ္မာ + ဟောန္တိ–၌–

✔ စိတ္တေန–အရ ပထမမဟာကုသိုလ်စိတ်သည်–
ယေ ဓမ္မာ–အရ ဖဿ, ဝေဒနာ, သညာ, စေတနာတရားတို့အား သဟ–ပြု။
ပြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ အဓိ, အာဟာရ, ဣ။ (၉)

✔ ယေ ဓမ္မာ–အရ ဖဿ, ဝေဒနာ, သညာ, စေတနာသည်–
ဟောန္တိ–အရ ယှဉ်ဘက်သမ္ပယုတ္တဓမ္မအား သဟ–ပြု။
ပြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ ကမ္မ, အာ, ဣ။ (၉)

================

## ဝါကျဥယျာဉ် (၁၃၃)

(က) ဝိတက္ကေတီတိ ဝိတက္ကော၊

(ခ) ဝိတက္ကနံ ဝါ ဝိတက္ကော၊

(ဂ) ဦဟနန္တိ ဝုတ္တံ ဟောတိ။

(ဃ) သွာယံ အာရမ္မဏေ စိတ္တဿ အဘိနိရောပလက္ခဏော။

(င) သော ဟိ အာရမ္မဏေ စိတ္တံ အာရောပေတိ။

(စ) ယထာ ဟိ ကောစိ ရာဇဝလ္လဘံ ဉာတိံ ဝါ မိတ္တံ ဝါ နိဿာယ ရာဇဂေဟံ အာရောဟတိ၊
ဧဝံ ဝိတက္ကံ နိဿာယ စိတ္တံ အာရမ္မဏံ အာရောဟတိ။

(ဆ) တသ္မာ သော အာရမ္မဏေ စိတ္တဿ အဘိနိရောပလက္ခဏောတိ ဝုတ္တော။

ဋ္ဌ။ ၁၅၇။ မူလဋီ။ ၈၈။ ပြည်သျှ၊ ၂။ ၃၄။ ဘာဋီ၊ ၂။ ၂၇၀။ ကျော်ဝံဂဏ္ဌိ။ ၃၀၁။ မင်းခင်းဂဏ္ဌိ။ ၄၃၁။

(၁)

(က) ဝိတက္ကေတိ–သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုတင်တတ်၏။ (မင်းခင်းဂဏ္ဌိ)
(ယော သဘာဝေါ–သည်။ အာရမ္မဏံ–ကို။) ဝိတက္ကေတိ–ကြံတတ်၏။ (ပြည်သျှ)

(ဂ) ဦဟနံ–ဤဝတ္ထုကား ဤသို့သဘောရှိ၏, ဤဝတ္ထုကား ဤသို့သဘောရှိ၏ဟု အာရုံကို
ကြံခြင်း။

http://www.dhammadownload.com



(ဃ) အဘိနိရောပနလက္ခဏော–ရှေးရှုတက်ရောက်စေခြင်းလက္ခဏာရှိ၏။ (သဒ္ဒတ္ထ)
(ဝါ) ရှေးရှုတင်ပေးခြင်းလက္ခဏာရှိ၏။ (အဓိပ္ပါယတ္ထ)

(င) ဟိ(သစ္စံ)–မှန်၏။

(စ) ဟိ(ယသ္မာ)–ကြောင့်။ (ပြည်သျှ) ဟိ–ဥပမာဆောင်ထင်အောင်ပြအံ့။ (ဘာသာဋီကာ).

## (၂)

### (ခ) ပါပနာဒိပဥ္ဆက

ဆရာ–သည် (က)ဖြင့် ဝိတက္က–ပုဒ်၌ ပရိယာယ်အားဖြင့် ရအပ်သော ကတ္တုသာဓနဝစနတ္ထ–ကို ပြဆိုတော်မူ၏။ ထိုသို့ ...သော် ဝိတက္က–ပုဒ်၌ ပရိယာယ်အားဖြင့် ရအပ်သော ကတ္တုသာဓန ဝစနတ္ထတစ်မျိုးသာ ဖြစ်သင့်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်ကား ...မရောက်သင့်။ ထိုသို့ ...ကြောင့် ဝိတက္က–ပုဒ်၌ မုချအားဖြင့် ရအပ်သော ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ (ပ) ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။

♦ သွာယံ ကတ္တုနိဒ္ဒေသော ပရိယာယလဒ္ဓေါ ဓမ္မတော အညဿ ကတ္တုနိဝတ္တနတော။ နိပ္ပရိယာယေန ပန ဘာဝသာဓနမေဝ လဗ္ဘတီတိ "ဝိတက္ကနံ ဝါ ဝိတက္ကော"တိ ဝုတ္တံ။ (ပြည်သျှ၊၂။၃၄။)

### (ဂ) ဌပနာဘောဂါဒိပဥ္ဆက

ဆရာ–သည် (က)(ခ)တို့ဖြင့် ဝိတက္က–ပုဒ်ကို ကတ္တုသာဓန, ဘာဝသာဓနဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ ...သော် ဝိတက္က–ပုဒ်၌ တက္က–ဓာတ်သည် မည်သည့်အနက်ကို ဟော၏ဟု မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ ...ကြောင့် (ပ)..ဟုသာ မဆိုသင့်။ ဝိတက္က–၌ ဖြစ်သင့်သော ဓာတွတ္ထကိုလည်း တိကျစွာ ပြဆိုသင့်သေး၏။ ဝိတက္က–၌ တက္က–ဓာတ်သည် မည်သည့် အနက်ကို ဟောပါသနည်း။ စုဒ်ကြောင့် (ဂ)မိန့်။ (ဤကား ကျော်စံဂဏ္ဌိ။ ၃၀၁။ မင်းခင်းဂဏ္ဌိ။ ၄၃၂–နှင့်အညီ။)

(တစ်နည်း) ဆရာ–သည် (က)(ခ)တို့ဖြင့် အာရုံကို ကြံစည်တတ်သော သဘောတရားသည် (ဝါ) ကြံစည်ခြင်းသည် ဝိတက္က–မည်သောဟု ဆို၏။ ထိုသို့ ..သော် ကြံစည်ပုံ အခြင်းအရာအာကာရကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ (ပ) ကြံစည်ပုံအခြင်းအရာ အာကာရကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

♦ တယိဒံ ဝိတက္ကနံ "ဤဒိသ+မိဒ"န္တိ အာရမ္မဏဿ ပရိကပ္ပနန္တိ အာဟ"ဦဟနန္တိ ဝုတ္တံ ဟောတီ" တိ။ (သာရတ္ထ၊ ၁။ ၃၅၈။ ပြည်သျှ၊ ၂။ ၃၄။)

(တစ်နည်း) ...ဌပနာတူ၏။ ထိုသို့ ...သော် ဝိတက္က–အရ ပဓာနဝိတက်, ဝိဓာနဝိတက်, ဦဟနဝိတက်သုံးမျိုးလုံးကို ယူအပ်၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ (ပ) ဝိတက္က– အရ ယူအပ်, ယူသင့်သော ဝိတက်ကိုလည်း တိကျစွာပြဆိုသင့်သေး၏။ ...ကားအဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ)မိန့်။ (ဤကား ဆင်တဲဂဏ္ဌိ။ ၂၄၁–နှင့် အညီတည်း။)

### (ဃ) ပါပနာဒိပဥ္ဆက

ဆရာ–သည် (က)(ခ)(ဂ)တို့ဖြင့် ဝစနတ္ထ, ဓာတွတ္ထ, အဓိပ္ပါယတ္ထ–ကို ပြဆိုတော်မူ၏။ (ပ) ဝိတက်–၏ လက္ခဏာကိုလည်း ပြဆိုသင့်သေး၏။ ..ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဃ)မိန့်။ (ပက္ခန္တရ) (င)ကား ယုတ္တိဒဋ္ဌီကရဏ–တည်း။ (ဃ–ကို ဌပနာထား၍ တက်ပါ။)

http://www.dhammadownload.com



(ဆ) ပါပနာဒီပဋ္ဌက

ဆရာ–သည် (စ)ဝါကျဖြင့် ဝိတက်ကိုမှီ၍ စိတ်သည် အာရုံသို့ တက်ရောက်၏ဟု ဆို၏။ ထိုသို့ ...သော် ယင်းသို့ ဆိုသဖြင့် တစ်စုံတစ်ခုရအပ်သော အကျိုးမရှိ နိရတ္ထကဖြစ်၏ဟူသော အနက်ရောက်ရာ၏–စသည်တက်။ (လဒ္ဓဂုဏ် ထုံးစံအတိုင်း)

(၃)

(ဂ)ဖြင့် ဝိတက္ကော–၌ တက္က–ဓာတ်၏ ၀ုပ်နေသော အနက်ကို ထုတ်ဖော်၍ ချဲ့ပြသောကြောင့် (တစ်နည်း) ဝိတက္ကနာကာရကို ပြသောကြောင့် (ဝိတ္ထာရ)။ သခေ်ပ+ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်သည်။ (တစ်နည်း) တက္က–ဓာတ်သည် ဤနေရာ၌ ဒိတ္တိ–စသော အနက်တို့ကို မဟော၊ ဦဟန–အနက်ကို ဟော၏ဟု ပြသောကြောင့် အတိဗျာပိတဒေါသကို ပယ်သည်။

(တစ်နည်း) ဝိတက္က–အရ ပဓာနနဝိတက္က, ဝိဓာနနဝိတက္က–တို့ကို မယူရ၊ ဦဟနဝိတက္က–ကိုသာ ယူရမည်ဟု ပြသောကြောင့် အတိဗျာပိတ–ပယ်သည်။

(စ)ဖြင့် (င)ဝါကျစကားရပ်ကို ဥပမာ, ဥပမေယျတို့ဖြင့် ထင်ရှားပြသောကြောင့် (တပ္ပါကဋီကရဏဝါကျ) ဝိရောဓိဒေါသကို ပယ်သည်။

(ခ) ဝါ–သဒ္ဒါထားရခြင်း–

ဝိတက္က–ပုဒ်၏ ကတ္တုသာဓနေ၀စနတ္ထအကြောင်းမှတပါး ဘာဝသာဓနေ၀စနတ္ထအကြောင်းတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့်ငှင်း၊ ဝိတက္ကော–၌ အ–ပစ္စည်း၏ ကတ္တုသာဓနေအနက်မှတပါး ဘာဝသာဓနေ အနက်ဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့်ငှင်း (ခ)၌ ဝါ–သဒ္ဒါထားသည်။

(ဂ) ဣတိ ၀ုတ္တံ ဟောတိ–ထားရခြင်း–

ဝိတက္ကော–၌ တက္က–ဓာတ်၏ ဦဟနတ္ထ–ဟူသော ဥဇုကတ္ထ–ကို ပြလို၍ (တစ်နည်း) ဝိတက္ကနံ–၌ အာရုံကို ကြံ၏–ဟူသည် "ဤ၀တ္ထုကား ဤသို့ သဘောရှိ၏၊ ဤ၀တ္ထုကား ဤသို့ သဘောရှိ၏"ဟု အာရုံကို ကြံခြင်းပင်တည်း–ဟူသော ဝိတက္ကနာကာရပိဏ္ဍတ္ထ–စကားကျအဓိပ္ပါယ်ကို ပြလို၍ (တစ်နည်း) ဝိတက္ကနံ ဝိတက္ကော–၌ ဝိဓာနန, ပဓာနနဝိတက် မဟုတ်၊ ဦဟနဝိတက်ပင်တည်းဟူသော ပိဏ္ဍတ္ထ, စကားကျအဓိပ္ပါယ်ကို ပြလို၍ ဣတိ ၀ုတ္တံ ဟောတိ–ထားသည်။

မှတ်ချက်။ ။ ပထမနည်းကား မင်းခင်းဂဏ္ဌိ, ကျော်အောင်စံထားဂဏ္ဌိအလို။
ဒုတိယနည်းကား သာရတ္ထဋီကာ၊၁။၃၅၈–အလို။
တတိယနည်းကား ဆင်တဲဂဏ္ဌိ၊၁။၂၄၁–အလိုဖြစ်သည်။

(ဃ) တသ္မာ–ထားရခြင်း–

ရအပ်သော အကျိုးဂုဏ်ကို ပြလို၍ တသ္မာ–ထားသည်။

(၄)

* ဇနံ ရဇ္ဇေတီတိ ရာဇာ။ (ရဉ္ဇ+ဏ။ နှစ်သက်ခြင်း။)

(တစ်နည်း) ရာဇတေ ဒိဗ္ဗတေတိ ရာဇာ။ (ရာဇ+အ။ တောက်ပခြင်း။)

* ၀လ္လတိ သံ၀ရဏံ ကရောတီတိ ၀လ္လဘော။ (၀လ္လ+အဘ။)

* ရညော + ၀လ္လဘော ရာဇ၀လ္လဘော။ (မအူ၊ ၃။ ၃၁၄။)

✔ မင်း၏ + အကျွမ်းဝင်သူနှင့် ဂုဏ်+ဂုဏော၊ သာမိ+သံစပ်.. ဗျူ–နိ။

✔ မင်းကျွမ်းဝင်သူတို့၏ ....ဓာတ်သည် ပ–နိ။

http://www.dhammadownload.com



(တစ်နည်း) ရည် + ဝလ္လဘော ရာဓဝလ္လဘော။ (တိဝိ၊ ဓာန်၊ အတွဲ-၁၇။)

**"ဝစနတ္ထမှတ်ဖွယ်"**

(ခ) ဝိတက္ကိယတေ ဝိတက္ကနံ။ (ဝိ, တက္က+ယု။ ကြံခြင်း။)

(ဂ) ဥဒိဟိယတေ ဥဒိဟနံ။ (ဥဒိဟ+ယု။)

(ဃ) အဘိနိရောပိယတေ အဘိနိရောပနံ။ (အဘိ, နိ, ရုဟ+ဏာပေ+ယု။)

* အဘိနိရောပနံ + လက္ခဏံ + ယဿာတိ အဘိနိရောပနလက္ခဏော။

(စ) "အယံ အဇ္ဈတ္တိကော"တိ ဉာယတီတိ ဉာတိ။ (ဉာ+တိ။ သိခြင်း။)

* မိဇ္ဇတိ သိနေဟတီတိ မိတ္တော။ (မိဒ+တ။ ချစ်ခြင်း။)

* ဒဗ္ဗသမ္ဘာရံ ဂဏှာတီတိ ဂေဟံ။ (ဂဟ+ဏ။ ယူခြင်း။)

* ရညော + ဂေဟံ ရာဇဂေဟံ။ (သာမိ+သံစပ်)

**(၅)**

(က) ဝိတက္ကေတိ-ကား (ဝိ, တက္က+ဏေ+တိ) စုရာဒိ၊ အ-ကာရန္တ။

(ဃ) သွာယံ (သော+အယံ)-ကား ပုံလိင်၊ ပုရိသာဒိ၊(သဗ္ဗနာမ်ဂိုဏ်း)၊ အ-ကာရန္တ။

(င) အာရောပေတိ-ကား နောဝိကရဏဂိုဏ်း၊ (တစ်နည်း) ဘူဝါဒိဂိုဏ်း၊ အ-ကာရန္တ။ (အာ, ရုဟ+ဏာပေ+တိ။)

(စ) ကောစိ-ကား နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဣ-ကာရန္တ။

(တစ်နည်း) သဗ္ဗနာမ်၊ ပုံလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ ဣ-ကာရန္တ။

ဉာတိ-ကား ကိတ်နာမ်၊ ပုံလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣ-ကာရန္တ။

မိတ္တံ-ကား ကိတ်နာမ်၊ ပုံ, နပုံ၊ ပုရိသာဒိ, စိတ္တာဒိ၊ အ-ကာရန္တ။

♦ မိတ္တော နိတ္ထိ ဝယသော စ။ (ဓာန်။ ၃၄၆။)

**(၆)**

(က) ဝိတက္ကေတိ-ဖြင့် ဝိတက္ကော-၌ ဝိ, တက္က-ဓာတ် ...ငင်း၊ ဝိ-၏ ဓာတွတ္ထာနုဝတ္တက ...ငင်း၊ အ- ပစ္စည်း ကတ္တုသာဓန-အနက်၌ သက် ...ငင်း၊ ဝိတက္ကေတီတိ ဝိတက္ကောဟု ပြု ...ငင်း၊ ဝိတက္ကဓမ္မမှတပါး ကြံတတ်သော တခြားကတ္တားမည်သည် မရှိ၊ ဝိတက္ကဓမ္မသည်ပင် ကြံတတ်သော ကတ္တားဖြစ်၏ဟူသော အဓိပ္ပါယ်ကိုငင်း သိစေပါသည်။

♦ ဝိတက္ကေတီတိ ဓမ္မတော အညဿ ကတ္တုနိဝတ္တနတ္ထံ ဓမ္မမေဝ ကတ္တာရံ နိဒ္ဒိသတိ။ (မူလဋီကာ) အမှာ။ ။ ပရမတ္ထကတ္တုသာဓန-အဖွင့်သံဝဏ္ဏနာတွေ့တိုင်း အထက်ပါမူလဋီကာအညွှန်းအာဘော်ကို ထည့် ဖော်နိုင်သည်။

(ခ) ဝိတက္ကနံ-ဖြင့် ဝိတက္ကော-၌ ဝိ, တက္က-ဓာတ် ...ငင်း၊ ဝိ-၏ ဓာတွတ္ထာနုဝတ္တက ...ငင်း၊ အ-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်...ငင်း၊ ဝိတက္ကနံ ဝိတက္ကော-ဟု ပြု...ငင်း၊ ပရမတ္ထတရား ဟူသည် မိမိသက်ဆိုင်ရာအာရုံစသော အကြောင်းများကြောင့်သာ ဖြစ်ပေါ်လာကြ၏။ အလိုသို့ လိုက်၍ ဖြစ်ကြသည် မဟုတ်ဟူသော အဓိပ္ပါယ်ကိုငင်း သိစေသည်။

♦ တဿ ဝသဝတ္တိဘာဝနိဝါရဏတ္ထံ "ဝိတက္ကနံ ဝါ"တိ ဘာဝနိဒ္ဒေသော။ (မူလဋီကာ) အမှာ။ ။ ပရမတ္ထဘာဝသာဓန-အဖွင့်မှန်လျှင် အထက်ပါ မူလဋီကာ အာဘော်ကို ထည့်၍ ဖော်နိုင်သည်။

(ဂ) ဥဒိဟနံ-ဖြင့် ဝိတက္က-၌ တက္က-ဓာတ်သည် ဒိတ္တိ-စသော အနက်တို့ကို မဟော၊ ဥဒိဟန-အနက်ကို ဟော၏ဟု သိစေသည်။ (ဂဏ္ဌိ ၂-စောင်အလို)

http://www.dhammadownload.com



(တစ်နည်း) ဝိတက္ကနံ-၌ ကြံစည်၏ဟူသည် ဤဝတ္ထုကား ဤသို့သဘောရှိ၏၊ ဤဝတ္ထုကား ဤသို့သဘောရှိ၏ဟု အာရုံကို ကြံခြင်းပင်တည်းဟု ကြံစည်ပုံ အခြင်းအရာကို သိစေသည်။

♦ တယိဒံ ဝိတက္ကနံ"ဤဒိသမိဒ"န္တိ အာရမ္မဏဿ ပရိကပ္ပနန္တိ အာဟာ"ဦဟနန္တိ ဝုတ္တံ ဟောတိ"တိ။ (သာရတ္ထ၁။၃၅၈။)

(တစ်နည်း) ဝိတက္က-အရ ပဇာနနဝိတက်, ဝိဇာနနဝိတက်တို့ကို မယူရ၊ ဦဟနပိတက်ကို ယူရမည်ဟု သိစေသည်။ (ဤကား ဆင်တဲဂဏ္ဌိ။ ၁။၂၄၁။)

(၇)

(ခ) ဝါ-ကား နယန္တရဇောတကာ၊ ဝိကပ္ပနတ္ထ။

(ဃ) အဘိနိရောပန-၌ အဘိ-ကား အဘိမုခတ္ထ။ နိ-ကား ဓာတွတ္ထာဝိသေသကတ္ထ။

(င) ဟိ-ကား ယုတ္တိဒဠှီကရဏ။ အာရောပေတိ-၌ အာ-ကား ဥဒ္ဓကမ္မတ္ထ။

(စ) ယထာ-ကား ပဋိဘာဂတ္ထ။ ဟိ-ကား တပ္ပါကဋီကရဏတ္ထ။ (ဘာသာဋီ)ကာရဏတ္ထ။ (ပြည်သျှ) ကောစိ-၌ စိ-ကား အသာကလျတ္ထ။ ဝါ-သဒ္ဒါ (၂)ပုဒ်ကား ဝိကပ္ပနတ္ထ။

♦ အတ္ထနှစ်ဖို့၊ တစ်ဖို့ဖို့သာ၊ ယူအပ်ရာ၊ သဒ္ဒါ ဝါ-ဝိကပ်။

သွာယံ-ကား သော အယံ ဝိတက္ကော-ဟုစွဲ။ (ပဏ္ဍိတ္တ)

(၈)

(ဆ) ဝုတ္တော-၌ ဝစ-ဓာတ်အရ အဋ္ဌကထာဆရာ၏ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ။ တ-ပစ္စည်းအရ ဝစီဘေဒသဒ္ဒကိုယူ။ (ထုတ်လေ)

(၉)

အဓိပ္ပါယ်။ ။(က) ဝိတက္ကဓမ္မမှတပါး ကြံတတ်သော တခြားကတ္တားမည်သည် မရှိ၊ ဝိတက္ကဓမ္မသည်ပင် ကတ္တားဖြစ်၏ဟု ညွှန်ပြခြင်းငှာ "ဝိတက္ကေတိ"ဟု အဋ္ဌကထာဆရာ ဆိုသည်။

(ခ)(ပရမတ္ထတရားဟူသည် မိမိသက်ဆိုင်ရာ အကြောင်းများကြောင့်သာ ဖြစ်ပေါ်လာကြ၏။ အလိုသို့ လိုက်၍ ဖြစ်ကြသည်ကား မဟုတ်။ဤသို့)အလိုသို့လိုက်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကို တားမြစ်ခြင်းငှာ "ဝိတက္ကနံ ဝါ"ဟု အဋ္ဌကထာဆရာ ဆိုသည်။(မူလဋီကာ၊ သာဓကေ ၆-နံပါတ်ရှု။)

(၁၀)

(ဃ) စိတ္တဿ + အဘိနိရောပနလက္ခဏော-၌-

✔ အဘိနိရောပနလက္ခဏော-အရ ဝိတက်သည်
စိတ္တဿ-အရ သဝိတက္ကစိတ်အား သဟဇာတ-ပြု။

ပြိုင်။ ။ သဟကြီး ၄၊ အညှ, သမ္ပ, ဝိပါက၊ ဈာန, မဂ္ဂ။(၉)

(င) သော + အာရမ္မဏေ + စိတ္တံ + အာရောပေတိ-၌-

✔ သော, အာရောပေတိ-အရ ဝိတက်သည်
စိတ္တံ-အရ သဝိတက္ကစိတ်အား သဟဇာတ-ပြု။ (၉)

✔ အာရမ္မဏေ-အရ ရူပါရုံစသည်သည်
အာရောပေတိ-အရ ဝိတက်နှင့်တကွ သမ္ပယုတ်စိတ်အား အာရမ္မဏ-ပြု။

ပြိုင်။ ။ ယထာရဟ (၈)

===============

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၃၄)

(က) အာရမ္မဏေ တေန စိတ္တံ ဝိစရတီတိ ဝိစာရော။
(ခ) ဝိစရဏံ ဝါ ဝိစာရော။
(ဂ) အနုသဉ္စရဏန္တိ ဝုတ္တံ ဟောတိ။
(ဃ) သွာယံ အာရမ္မဏာနုမဇ္ဇနလက္ခဏော။ တတ္ထ သဟဇာတာနုယောဇနရသော၊ စိတ္တဿ အနုပ္ပဗန္ဓပစ္စုပဋ္ဌာနော။
(င) သန္တေပိ စ နေသံ ကတ္ထစိ အဝိယောဂေ ဩဠာရိကဋ္ဌေန, ပုဗ္ဗင်္ဂမဋ္ဌေန စ ဃဏ္ဍာဘိဃာတော ဝိယ အဘိနိရောပနဋ္ဌေန စ စေတသော ပဌမာဘိနိပါတော ဝိတက္ကော၊ သုခုမဋ္ဌေန, အနုမဇ္ဇနသဘာဝဋ္ဌေန စ ဃဏ္ဍာနုရဝေါ ဝိယ အနုပ္ပဗန္ဓော ဝိစာရော။
(စ) ဝိပ္ဖါရဝါ စေတ္ထ ဝိတက္ကော ပဌမုပ္ပတ္တိကာလေ ပရိပ္ဖန္ဒနဘူတော စိတ္တဿ။ သန္တဝုတ္တိဝိစာရော နာတိပရိပ္ဖန္ဒနဘာဝေါ စိတ္တဿ။

ဋ္ဌ။ ၁၅၈။ မူလဋီ။ ၈၈။ ယောဇနာ။ ၁၀၅။ ပြည်သျှ၊ ၂။ ၃၆။ ဘာသာဋီ၊ ၂။ ၂၇၂။ ကျော်စံဂဏ္ဌိ။ ၃၀၁။ မင်းခင်းဂဏ္ဌိ။ ၄၃၂။

(၁)

(က) တေန သဘာဝေန–ဖြင့်။ (ပြည်၊ ဘာဋီ)
တေန (ဝိစာရေန)–ဖြင့်။ (ဝါ) ကြောင့်။

♦ တေနာတိ တေန ဝိစာရေန ကရဏဘူတေန, ဟေတုဘူတေန ဝါ ။ (ယောဇနာ။၁၀၅။)

(င) စ–ဆက်။ နေသံ–ထိုဝိတက်, ဝိစာရတို့၏။ ကတ္ထစိ–အချို့ကုန်သော ပဌမဈာန်ပရိတ္တစိတ်တို့၌ (ပြည်သျှ)

ကတ္ထစိ–အချို့သော သဝိတက္ကသဝိစာရစိတ်၌။ (မင်းခင်းဂဏ္ဌိ)

ကတ္ထစိ–ဒွိပဉ္စဝိညာဏ်ကြဉ်သော ၄၄–ပါးသော ကာမာဝစရစိတ်၊ ၁၁–ပါးသော ပဌမဈာန်စိတ်တို့၌။ (ယောဇနာ)

♦ ကတ္ထစီတိ ဒွိပဉ္စဝိညာဏဝိဗ္ဗိတစတုစတ္တာလီသကာမာဝစရစိတ္တေကာဒသပဌမဇ္ဈာနစိတ္တေသု။ (ယောဇနာ။ ၁၀၅။)

(၂)

(ခ)သို့ အနုသန္ဓေ

ဤသို့ (က)ဖြင့် ဝိစာရ–ပုဒ်၌ ပရိယာယ်အားဖြင့် ရအပ်သော ကရဏသာဓနဝစနတ္ထကို ပြပြီး၍ ယခုအခါ၌ မုချအားဖြင့် ရအပ်သောဝစနတ္ထတစ်မျိုးကို ပြလို၍ (ခ)မိန့်။ (ပဥ္စကတက်လွယ်ပြီ၊ ဝိတက်အဖွင့်နှင့်တူ၏။)

(င) ဋ္ဌပနာပဉ္စက

ဆရာ–သည် ရှေးဆိုခဲ့ပြီးဝါကျတို့ဖြင့် ဝိတက္က, ဝိစာရပုဒ်တို့၏ ဝစနတ္ထ, လက္ခဏာ, ရသစသည်တို့ကို ဖွင့်ပြဆိုတော်မူ၏။ ထိုသို့ပင် ဖွင့်ပြပါသော်လည်း ဝိတက်, ဝိစာရတို့သည် အချို့သော ပဌမဈာန်ပရိတ္တစိတ်တို့၌ မကွေမကွာ(အတူတကွ) ယှဉ်ကြကုန်သည် မဟုတ်ပါလော။ (တစ်နည်း:) မကွေမကွာ ယှဉ်ကြကုန်သည်ဖြစ်၍ ထိုဝိတက်, ဝိစာရတို့၏ အထူးကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ ..ကြောင့် ..မဆိုသင့်။ ဝိတက်, ဝိစာရတို့၏ ထူးခြားပုံကိုလည်း ပြဆိုသင့်သေး၏။ အဘယ်သို့ ထူးခြားပါသနည်း။ စုဒ်ကြောင့် (င)မိန့်။

♦ ကတ္ထစိ စိတ္တုပ္ပါဒေ နေသံ အဝိပ္ပယောဂေ သန္တေ ကော နေသံ ဝိသေသောတိ အာဟ "သန္တေပိစာ" တိ အာဒိ။ (ယောဇနာ။ ၁၀၅။)

http://www.dhammadownload.com



(စ)သို့ အနုသန္ဓေ

ဝိတက်, ဝိစာရတို့၏ အထူးကို တစ်နည်းပြလို၍ "ဝိပ္ပါရဝါ စေတ္တ"စသည်မိန့်။

(ပဥ္စကတက် လွယ်ပြီ။ ပကုဏ္ဏရထုံးစံအတိုင်း။)

(၃)

(ဂ) ဏ္ဍတိ ဝုတ္တံ ဟောတိ–ထားရခြင်း–

ဝိစရဏံ ဝိစာရော–၏ ဥဗ္ဗကတ္တ, ပဒဝိဂ္ဂဟတ္တ, စကားကျအဓိပ္ပါယ်ကို ပြလို၍ ဏ္ဍတိ ဝုတ္တံ ဟောတိ–ထားသည်။

(ခ) ဝါကျ ဝါ–သဒ္ဒါထားရခြင်း– (ဝိတက်အဖွင့် နည်းမှီးဖြေ။)

(၄)

(စ) ဝိပ္ပရဏံ ဝိစလနံ ဝိပ္ပါရော။ (ဝိ, ဖရ+ဏ။ တုန်လှုပ်ခြင်း။)

* ဝိပ္ပါရော အဿ အတ္ထီတိ ဝိပ္ပါရဝါ။ (ယောဇနာ)

✔ ဝိပ္ပါရ+ဝန္တု–သည်ဝင်း၊ တုန်လှုပ်ခြင်း၏ + ဝိတက်နှင့် ဂုဏ်+ဂုဏေားစပ်–ဝင်း ဗျု–နိ။

✔ ဝိတက်၏ တုန်လှုပ်ခြင်းရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည်

(တစ်နည်း) တုန်လှုပ်ခြင်းရှိသော ဝိတက်၏ ...ဂုဏ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

(ဂ) သမန္တတော + စရဏံ သဉ္စရဏံ။ (သံ, စရ+ယု။)

* အနုဂန္ဓာ + သဉ္စရဏံ အနုသဉ္စရဏံ။

(ဃ) အနုဂန္ဓာ + မဇ္ဇနံ အနုမဇ္ဇနံ။

* အာရမ္မဏေ + အနုမဇ္ဇနံ အာရမ္မဏာနုမဇ္ဇနံ။

* အာရမ္မဏာနုမဇ္ဇနံ + လက္ခဏံ + အဿ ဝိစာရဿာတိ အာရမ္မဏာနုမဇ္ဇနလက္ခဏော။

* သဟ + ဇာယန္တီတိ သဟဇာတာ။ (သဟ+ဇန+တ။)

* အနုဂန္ဓာ + ယောဇနံ အနုယောဇနံ။

* သဟဇာတာနံ + အနုယောဇနံ သဟဇာတာနုယောဇနံ။

* သဟဇာတာနုယောဇနံ + ရသော + အဿ ဝိစာရဿာတိ သဟဇာတာနုယောဇနရသော။

* အနုဂန္ဓာ + ပဗန္ဓနံ အနုပ္ပဗန္ဓနံ။

* အဘိမုခံ + ဥပဋ္ဌာနံ ပစ္စုပဋ္ဌာနံ။

* အနုပ္ပဗန္ဓနံ + ပစ္စုပဋ္ဌာနံ + အဿာတိ အနုပ္ပဗန္ဓပစ္စုပဋ္ဌာနော။

(င) ယုဇ္ဇနံ ယောဂေါ။ န + ယောဂေါ ဝိယောဂေါ။

* န + ဝိယောဂေါ အဝိပ္ပယောဂေါ။ (တသ္မိံ)

* ဩဠာရိကဿ + ဘာဝေါ ဩဠာရိကတ္တော။ (တေန)

အမှာ။ ။ ဤဆိုခဲ့ပြီး ဝစနတ္ထအားလုံး–မဒူသျှ၊၂။၂၅၁၊၂၅၂–တို့၌ လာသည်။

* ဃဋ္ဋိတဗ္ဗော ပဟာရိတဗ္ဗောတိ ဃဏ္ဋော။ (ဃဋ္ဋ+က)

* အဘိဟနနံ အဘိဃာတော။

* ဃဏ္ဍာဿ + အဘိဃာတော ဃဏ္ဍာဘိဃာတော။ (မင်းခင်းဂဏ္ဍီ။)

* နိပတနံ နိပါတော။ အဘိမုခံ + နိပါတော အဘိနိပါတော။

http://www.dhammadownload.com



* ပဌမံ + အဘိနိပါတော ပဌမာဘိနိပါတော။

* သုစယတီတိ သုစုမံ။ (သုစ+ဥမ(ဝါ)ကုမ) (ဓာတ္ထဒီ)

* သုစယတိ အနုဘာဝတီတိ သုစုမံ။ (သူစိ)

* သုစုမဿ + ဘာဝေါ သုစုမင်္ဂော။ (တေန) (မအူသျှ။)

* အနုဂ္ဂတော + ရဝေါ အနုရဝေါ။ (အစဉ်လျှောက်သော အသံ)

(တစ်နည်း) အနုပစ္ဆာ + ရဝေါ အနုရဝေါ။ (နောက်၌ ဖြစ်သောအသံ)

(တစ်နည်း) အနု ပုနပ္ပုနံ + ပဝတ္တော + ရဝေါ အနုရဝေါ။ (အဖန်တလဲလဲဖြစ်သောအသံ)( မအူသျှ)

* ဃဏ္ဍာသဿ + အနုရဝေါ ဃဏ္ဍာနုရဝေါ။

(စ) သန္တာ + ဝုတ္တိ + ဧတဿ ဝိစာရဿာတိ သန္တဝုတ္တိ။

(၅)

(င) သန္တေ–ကား ကိတ်နာမ်၊ ပုံလိင်၊ ဂစ္ဆန္တာဒီ၊ အ–ကာရန္တ။
ကတ္တစိ–ကား နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဣ–ကာရန္တ။
ဧတေသော–ကား ကိတ်နာမ်၊ ပုံလိင်၊ မနောဂိုဏ်း၊ အ–ကာရန္တ။

(၆)

(က) တေန ဝိစရတိ–ဖြင့် ဝိစာရော–၌ ဝိ, စရ–ဓာတ် ...ငင်း၊ ဝိ–၏ ဓာတွတ္ထဝိသေသက (တစ်နည်း) ဓာတွတ္ထာနုဝတ္တက ...ငင်း၊ ဏ–ပစ္စည်း၏ ကရဏသာဓနအနက်၌ သက် ...ငင်း၊ ဝိစရတိ တေနာတိ ဝိစာရော–ဟု ပြု ...ငင်း၊ ဝိစာရမှတပါး အခြားသုံးသပ်ကြောင်း ကရိုဏ်းမရှိ၊ ဝိစာရသည်ပင် သုံးသပ်ကြောင်း ကရိုဏ်းဖြစ်၏ဟူသော အဓိပ္ပါယ်ကိုငင်း သိစေသည်။

ဝိစရတိ–သုံးသပ်တတ်၏။ (ဝိ–ကား ဓာတွတ္ထဝိသေသက)

(ဝါ) ထိုမှ ဤမှ သွားလာလှည့်လည်တတ်၏။ (ဝိ–ကား ဓာတွတ္ထာနုဝတ္တက)

အာရမ္မဏတော, စိတ္တံ–ဖြင့် ဘာဝတ္တ–ဖေါ်။

(ခ) ဝိစာရဏံ–ဖြင့် ဝိစာရော–၌ ဝိ, စရ–ဓာတ် ...ငင်း၊ ဝိ–၏ဓာတွတ္ထဝိသေသက (တစ်နည်း) ဓာတွတ္ထာနုဝတ္တက ...ငင်း၊ ဏ–ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက် ...ငင်း၊ ဝိစရဏံ ဝိစာရော–ဟု ပြု ...ငင်း၊ ဝိစာရ (ပရမတ္ထတရား)သည် အလိုသို့ လိုက်၍ဖြစ်သည် မဟုတ်၊ မိမိသက်ဆိုင်ရာ အကြောင်းများကြောင့်သာ ဖြစ်ပေါ် လာ၏ဟူသော အဓိပ္ပါယ်ကိုငင်း သိစေသည်။

(ဂ) အနုသဉ္စရဏံ–ဖြင့် ဝိစာရဏံ–၌ ဝိ, စရ–ဓာတ်၏ အနုသဉ္စရဏအနက်ဟော ...ငင်း၊ ဝိ–၏ ဓာတွတ္ထဝိသေသက ...ငင်း သိစေသည်။

(တစ်နည်း) အနုသဉ္စရဏံ–ဖြင့် ဝိစာရဏံ–၌ ထိုမှ ဤမှ လှည့်လည်သွားလာခြင်းဟူသည် အာရုံ၌ အစဉ်မပြတ်သွားလာခြင်းပင်တည်းဟုသိစေသည်။

(၇)

(င) သန္တေဝိ–၌ ပိ–ကား ဂရဟာတ္ထ။ (မအူသျှ၊ ၂။ ၂၅၂။)

♦ လက္ခဏနောက်ပါ၊ ဝိ–သဒ္ဒါရှိ၊ အရုစိ။ (တွင်းကြီး။ ၁၂၁။)

သန္တေဝိ စ–၌ စ–ကား ဝါကျာရမ္ဘတ္ထ, ဥပန္ယာသတ္ထ။

(စ) ဧတ္တ–၌ စ–ကား ပက္ခန္တရတ္ထ။ (တစ်နည်း) ဝိသေသတ္ထ။

(င) နေသံ–၌ တ–ကား ဝိတက်, ဝိစာရကိုစွဲ– ပဋ္ဌန္တ။

(စ) တွေ–၌ ဧတ–ကား ဝိတက်, ဝိစာရကိုစွဲ– ပဋ္ဌန္တ။

http://www.dhammadownload.com



(၈)

(င) ဩဠာရိကမ္ဘေန–၌ ဩဠာရိကအရ ဝိတက်ကိုယူ။

✔ ပုဗ္ဗင်္ဂမဋ္ဌေန–၌ ပုဗ္ဗင်္ဂမအရ ဝိတက်ကိုယူ။

✔ သုခုမဋ္ဌေန–၌ သုခုမအရ ဝိစာရကိုယူ။

(လက္ခဏာဒိစတုက္ကနည်းဖြင့် ကြိယာငါးတန် အသီးသီးထုတ်။)

(၁၀)

အာရမ္မဏေ + တေန + စိတ္တံ + ဝိစရတိ–၌–

✔ အာရမ္မဏေ–အရ အာရုံ ၆–ပါးသည်

စိတ္တံ ဝိစရတိ–အရ ဝိစာရသမ္ပယုတ်စိတ်အား အာရမ္မဏ–ပြု။ ပြိုင်။ ။ယထာရဟ (၈)

✔ တေန–အရ ဝိစာရသည်

စိတ္တံ ဝိစရတိ–အရ ဝိစာရသမ္ပယုတ္တနာမက္ခန္ဓာအား သဟဇာတ–ပြု။

ပြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ ဝိပါက, ဈာန။ (၈)

================

## ဝါကျဥယျာဉ် (၁၃၅)

(က) ပိဏယတီတိ ပီတိ၊

(ခ) သာ သမ္ပိယာယနလက္ခဏာ၊ ကာယစိတ္တပီဏနရသာ, ဖရဏရသာ ဝါ၊ ဩဒဂျပစ္စုပဋ္ဌာနာ။

(ဂ) သာ ပနေသာ ခုဒ္ဒိကာပီတိ ခဏိကာပီတိ ဩက္ကန္တိကာပီတိ ဥဗ္ဗေဂါပီတိ ဖရဏာပီတီတိ ပဉ္စဝိဓာ ဟောတိ။

(ဃ) တတ္ထ ခုဒ္ဒိကာပီတိ သရီရေ လောမဟံသမတ္တမေဝ ကာတုံ သက္ကောတိ။ ခဏိကာပီတိ ခဏေ ခဏေ ဝိဇ္ဇုပ္ပါဒသဒိသာ ဟောတိ။ ဩက္ကန္တိကာပီတိ သမုဒ္ဒတီရံ ဝီစိ ဝိယ, ကာယံ ဩက္ကမိတွာ ဩက္ကမိတွာ ဘိဇ္ဇတိ။

ဋ္ဌ။ ၁၅၈။ မူလဋီ။ ၈၈။ ယောဇနာ။ ၁၀၆။ ပြည်သျှ၊ ၂။ ၃၉။ ဘာဋီ၊ ၂။ ၅၇။ ကျော်စံဂဏ္ဌိ။ ၃၀၃။ မင်းခင်းဂဏ္ဌိ။ ၄၃၄။

(၁)

(က) (ယာ ဓမ္မဇာတိ–သည်။ ကာယစိတ္တံ–ကို။) ပိဏယတိ တပ္ပေတိ–နှစ်သက်စေတတ်၏။ (ဝါ) ပိဏယတိ ဝဍ္ဎေတိ–ပွါးစေတတ်၏။ (ပ)

♦ ပိဏယတီတိ တပ္ပေတိ, ဝဍ္ဎေတိ ဝါ။ (မူလဋီကာ)

♦ ပိဏယတီတိ ကာယစိတ္တံ ပိဏယတိ။ (ယောဇနာ)

(ဂ) ပန–လက္ခဏာစသည်မှတပါး ဘေဒကို ဆိုအံ့။ သာ ဧသာ ပီတိ–ထိုဆိုအပ်ပြီးသော လက္ခဏာစသည်နှင့် ပြည့်စုံသော ပီတိသည်။ (ပ)

(ဃ) တတ္ထ–တို့တွင်။ ခုဒ္ဒိကာပီတိ–သည်။ သရီရေ–၌။ လောမဟံမတ္တမေဝ–ကိုသာလျှင်။ ကာတုံ–ငှာ။ သက္ကောတိ–၏။(ပုန–တဖန်။ န ဥပ္ပဇ္ဇတိ–ခဏိကာပီတိကဲ့သို့ အကြိမ်ကြိမ်မဖြစ်။ (ဇျတိရေကထည့်။)

ခဏိကာပီတိ–သည်။ ခဏေ ခဏေ–၌။ ဝိဇ္ဇုပ္ပါဒသဒိသာ–လျှပ်စစ်ပြက်သည်နှင့် တူသည်ဖြစ်၍။ (ဗဟုလံ–အဖန်များစွာ) ဟောတိ–၏။

http://www.dhammadownload.com



ဩဠာရိကာပီတိ–သည်။ ဝိစိ–လှိုင်းတံပိုးသည်။ သမုဒ္ဒတီရ–သို့။ (ဩဠာရိကော ဩဠာရိကော–သက်၍ သက်၍။ ဘိန္ဒတိ ပိယ–ပျက်၏သို့။) ကာယံ–သို့။ ဩဠာရိကော ဩဠာရိကော–၍။ ဘိန္ဒတိ–၏။

(၂)

(က) ဖြင့် ပီတိ–၏ ဝစနတ္ထကို ပြသည်။

(ခ) ဖြင့် ပီတိ–၏ လက္ခဏာ, ရသ–စသည်ကို ပြသည်။

(ဂ) ဖြင့် ပီတိ–၏ ဘေဒ(ပီတိသရုပ်)ကို ပြသည်။

(ဃ) ဖြင့် ပီတိ–ငါးမျိုးကို အကျယ်ရဲ့ ပြသည်။

(ဂ)သို့ ပါပနာဒီပဋ္ဌက

ဆရာ–သည် (ခ)ဖြင့် ပီတိ၏ လက္ခဏာစသည်ကို ပြဆိုတော်မူ၏။ ထိုသို့ ..သော် ပီတိသည် အပြားမရှိ၊ အဘေဒသာဖြစ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်–ကား ...မရောက်သင့်။ ထိုသို့ ..ကြောင့် ပီတိ၏ အပြား(ဘေဒ)(ပီတိသရုပ်)ကိုလည်း ပြဆိုသင့်သေး၏။ ..အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

(၃)

(ခ)၌ ဝါ–သဒ္ဒါထားရခြင်း–

ပီတိ၏ ကာယစိတ္တပီဏနရသ(ကိစ္စ)ရှိသည်၏အဖြစ်ဟူသော အကြောင်းသကတ်အနက်မှ တပါး ဖရဏရသ(ကိစ္စ)ရှိသည်၏အဖြစ်ဟူသော အကြောင်းသကတ်အနက်တစ်မျိုးကို လဲလှယ်ပြလို၍ ဝါ–သဒ္ဒါထားသည်။

(၄)

* ဥဒ္ဒံ အဇတိ ဂစ္ဆတီတိ ဥဒဇ္ဇေါ။ (ဥ,အဇ+ဏ။) (မင်းခင်းဂဏ္ဍိ)
* ဥဒ္ဒံ အဇတိ ဂစ္ဆတီတိ ဥဒဂ္ဂံ။ (ကျော်အောင်စံထားဂဏ္ဍိ)
* ဥဒဂ္ဂဿ + ဘာဝေါ ဩဒဂျံ။
✔ ဥဒဂ္ဂ + ဏျ–သည်ရင်း၊ တက်ကြွသော ကိုယ်စိတ်၏ + အဖြစ်နှင့် ဂုဏော+ဂုဏ် စပ်–ရင်း ဏျ–နိ။
✔ တက်ကြွသော ကိုယ်စိတ်၏ အဖြစ်ဟူသော ဂုဏ်သည် ပ–နိ။

အမှာ။ ။ မအူသျှ၊ ၂။၂၅၅–၌ "ဩဒဂျပစ္စုပဋ္ဌာနာ–အလွန်တက်ကြွကုန်သော ကိုယ်စိတ်တို့ရှိသော သူ၏ အဖြစ်လျှင် ရှေးရှုထင်သော အခြင်းအရာရှိ၏ဟု အနက်ပေးပြီး (ဥဒဂ္ဂါနိ + အဿ အတ္ထီတိ ဥဒဂ္ဂေါ၊ ဥဒဂ္ဂဿ + ဘာဝေါ ဩဒဂျံ၊ ဩဒဂျံ + ပစ္စုပဋ္ဌာနံ + ဧတိဿာ ပီတိယာတိ ဩဒဂျပစ္စုပဋ္ဌာနာ။)ဟု ဝစနတ္ထပြသည်။

"ဝစနတ္ထမှတ်ဖွယ်"

(ခ) ပီယတေ ပီယော။ သုဋ္ဌု + ပီယော် သမ္ပိယော။
* သမ္ပိယေန + အယနံ သမ္ပိယာယနံ။
* သမ္ပိယာယနံ + လက္ခဏံ + ဧတိဿာ ပီတိယာတိ သမ္ပိယာယနလက္ခဏာ။
* ကာယစိတ္တာနံ + ပီဏနံ ကာယစိတ္တပီဏနံ။
* ကာယစိတ္တပီဏနံ + ရသော + ဧတိဿာ ပီတိယာတိ ကာယစိတ္တပီဏနရသာ။

http://www.dhammadownload.com



* ဖရိယတေ ဖရဏံ။ (ဖရ+ယု)၊
* ဖရဏံ + ရသော + တေိဿာ ပီတိယာတိ ဖရဏာရသာ။

(ဂ) ခုဒ္ဒတိ အသဟာတိတိ ခုဒ္ဒံ။ (ခုဒ+ဒက်) ခုဒ္ဒမေဝ ခုဒ္ဒိကာ။

* ခုဒ္ဒိကာ စ + သာ + ပီတိ စာတိ ခုဒ္ဒိကာပီတိ။
* ခဏေ ခဏေ + ပဝတ္တာ ခဏိကာ။ (ခဏ-တပုဒ်ချေ။ ဘာသာဋီကာ)
* ခဏိကာ စ + သာ + ပီတိစာတိ ခဏိကာပီတိ။
* ဩက္ကမတိတိ ဩက္ကန္တာ။ ဩက္ကန္တာယေဝ ဩက္ကန္တိကာ။ (ဘာသာဋီကာ)
* ဩက္ကန္တိကာ စ + သာ + ပီတိ စာတိ ဩက္ကန္တိကာပီတိ။
* ဥဒ္ဓံ + ဝေဂေါ + တေိဿာတိ ဥဗ္ဗေဂါ။ (ဘာသာဋီကာ)

(အထက်သို့တက်သော အဟုန်၏ + ပီတိနှင့် ဂုဏ်+ဂုဏေးစပ်။)

* ဥဗ္ဗေဂါ စ + သာ + ပီတိ စာတိ ဥဗ္ဗေဂါပီတိ။

(ဃ) သရတိ ဂစ္ဆတိတိ သရီရံ။ (တသ္မိ) (သရ+ဤရ။ သွားခြင်း။)

* ဝဇမာနံ လူယတေတိ လောမံ။ (လု+မ။ ဖြတ်ခြင်း။)
* ဟံသနံ ဟံသော။ (ဟံသ+အ။) လောမာနံ + ဟံသော လောမဟံသော။
* ကုဋိလံ အစိရဋ္ဌာယိတတ္တာ ဝိရူပံ ဟုတွာ ဖဝတီတိ ဝိဇ္ဇု။

(ဝိ, ဇု+ကွိ။ လျင်မြန်ခြင်းကြိယာ။) (ဓာန်ဋီ။ ၄၈။)

* သမုဒ္ဒတိ အတ္တနိ သန္တိသိတာနံ မစ္ဆမကရာနံ ပီတိသောမနဿံ ဥန္ဒတိ ပသဝတိ ဇနေတိတိ သမုဒ္ဒေါ။ (ကစ္စည်း။) (သံ, ဥဒ+ဒ။)

(တစ်နည်း:) သမံ + ဥဒကေန လောဏံ ဇ္ဈောတိ သမုဒ္ဒေါ။ (သူစိ)

(ရေနှင့် ညီမျှသောဆား၏ + သမုဒ္ဒရာနှင့် ဌာနီ+ဌာနစပ်။)

* ဖလံ တာယတိတိ တီရံ။ (တာ+ရ။ စောင့်ရှောက်ခြင်း။)
* ဝိမှယံ, ဝိစိတ္တံ ဝါ စိနောတီတိ ဝီစိ။ (ဝိ, စိ+ကွိ။ စီခြင်း။)

(၅)

| | | |
|---|---|---|
| (က) | ပိဏယတိ–ကား | အာချာတ်၊ အလိင်၊ နောပိကရဏာဂိုဏ်း၊ (ဘူဝါဒိဂိုဏ်း)၊ အ–ကာရန္တ။ |
| (ခ) | ပဋ္ဌပိတာ–ကား | သမာသ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ–ကာရန္တ။ |
| (ဂ) | သဏ္ဌောတိ–ကား | အာချာတ်၊ အလိင်၊ တနာဒိဂိုဏ်း၊ အ–ကာရန္တ။ |
| | ဝိဇ္ဇု–ကား | ကိတ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဥ–ကာရန္တ။ |

(၆)

(က) ပိဏယတိ–ဖြင့် ပီတိ–၌ ပီ–ဓာတ် ..ငှင်း၊ တိ–ပစ္စည်း၏ ဟေတုကတ္တုသာဓနသက် ..ငှင်း၊ ပိဏယတိတိ ပီတိ–ဟု ပြု ...ငှင်း သိစေ။

(ဃ) ခဏေ ခဏေ ဝိဇ္ဇုပ္ပါဒသဒိသာ ဟောတိ–ဖြင့် ခဏေ ခဏေ ပဝတ္တာ ခဏိကာ၊ ခဏိကာ စ + သာ + ပီတိ စာတိ ခဏိကာပီတိ–ဟု ဝစနတ္ထပြု၍ ခဏိကာပီတိ–အရ လျှပ်စစ်ပြက်သကဲ့သို့ ခဏခဏဖြစ်သော ပီတိကို ယူရမည်ဟု သိစေ။

ကာယံ ဩက္ကမိတွာ ဩက္ကမိတွာ ဘိဇ္ဇတိ–ဖြင့် ဩက္ကမတိတိ ဩက္ကန္တာ၊ ဩက္ကန္တာယေဝ ဩက္ကန္တိကာ၊ ဩက္ကန္တိကာ စ + သာ + ပီတိ စာတိ ဩက္ကန္တိကာပီတိ–ဟု ဝစနတ္ထပြု၍ ဩက္ကန္တိကာပီတိ–အရ ပီတိကိုယူရမည်ဟု သိစေသည်။

http://www.dhammadownload.com



(၇)

(ဃ) လောမဟံသမတ္တမေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ ကြက်သီးမွေးညှင်းထခြင်းသည် ဂဟေတဗ္ဗတ္ထ။

✔ ခဏိကာပီတိကဲ့သို့ အကြိမ်ကြိမ်မဖြစ်ခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။

✔ ခဏိကာပီတိ၏ အခြားသောအခြင်းအရာတို့ကို ပြခြင်းငှါ စွမ်းနိုင်ခြင်းဂုဏ်သည် အနုညာတတ္ထ၊

♦ ခုဒ္ဒိကာ လဟုံ လောမဟံသနမတ္တံ ကတွာ ဘိဇ္ဇာ န ပုန ဥပ္ပဇ္ဇတိ။ (မူလဋီ)

ဤ၌ မတ္တ–ကား နိဝတ္တာပနာဝဓာရဏတ္ထ။ ဧဝ–ကား သန္နိဋ္ဌာနာဝဓာရဏတ္ထ။

♦ မတ္တ, ဧဝ၊ နှစ်ပါးပြက၊ မတ္တ–ဖြစ်, ကန့်၊ ဧဝ–သန္နိဋ္ဌာန်။ (တွင်း[...]း။ ၆၈။)

(ဂ) ပန–ကား ပက္ခန္တရတ္ထ။ (ပြည်သျှ) ဝါကျာရမ္ဘတ္ထ။ (ဘာ[...]

(ဃ) တတ္ထ–၌ တ–ကား ဆိုခဲ့ပြီးသော ငါးပါးသော ပီတိ[...]ှံ့ခွဲ ပက္ခန္တ။

(၈)

(ခ) သာ (ဂ) သာ ဧသာ–တို့အရ ပီတိကိုယူ၍–

✔ ထို ...သည် ဒဿနတ္ထ။

✔ ဣဋ္ဌဖြစ်သော ဝတ္ထုအာရုံတို့သည် ဒီပကတ္ထ။

✔ ပဿဒ္ဓိသည် ပကာသနတ္ထ။

✔ ယောနိသောမနသိကာရစသည်သည် ဝိဘာဝတ္ထ။

✔ သုခ, သမာဓိစသည်သည် အနုဘာဝတ္ထ။

(၉)

အဓိပ္ပါယ်– ပီတိ–၏ သားကား ပဿဒ္ဓိ။
ပဿဒ္ဓိ–၏ သားကား သုခ။
သုခ–၏ သားကား သမာဓိ။ (ပြည်သျှ၊ ၂။ ၄၀။ ၄။ ၁၆၀။)

ပီတိ (၂)ပါးအထူး– ခုဒ္ဒကာပီတိ–ကား ကြက်သီးညှင်းထကာ တစ်ကြိမ်သာဖြစ်သည်။
ခဏိကာပီတိ–ကား အထပ်ထပ်ဖြစ်သည်။ (ကျော်စံဂဏ္ဌိ။ ၃၀၃။)

(၁၀)

(က) (ယာ ဓမ္မဓာတိ + ကာယစိတ္တံ) ပီဏယတိ–၌–

✔ ယာ ဓမ္မဓာတိ–အရ ပီတိသည်–

ပီဏယတိ–အရ ပီတိသမ္ပယုတ္တဓမ္မအား သဟ–ပြု။

ပြင်။ ။ သဟကြီး ၄၊ အညှ, သမ္ဗ၊ ဈာန။(၇)

================

## ဝါကျဥယျာဉ် (၁၃၆)

(က) သုခယတီတိ သုခံ။

(ခ) ယဿ ဥပ္ပဇ္ဇတိ၊ တံ သုခိတံ ကရောတီတိ အတ္ထော။

(ဂ) သုဋ္ဌု ဝါ ခါဒတိ, ခနတိ စ ကာယစိတ္တာဗာဓန္တိ သုခံ။

(ဃ) သောမနဿဝေဒနာယေတံ နာမံ။

(င) တဿ လက္ခဏာဒီနိ ဝေဒနာပဒေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ။

http://www.dhammadownload.com



(စ) အပရော နယော–သာတလက္ခဏံ သုခံ၊ သမ္ပယုတ္တာနံ ဥပဗြူဟနရသံ၊ အနုဂ္ဂဟဏပစ္စုပဋ္ဌာနံ။

ဋ္ဌ။ ၁၆၀။ မူလဋီ။ ၈၈။ ယောဇနာ။ ၁၀၆။ ပြည်သျှ၊ ၂။ ၄၃။ ဘာသာဋီ၊ ၂။ ၈၀။ ကျော်စံဂဏ္ဌိ။ ၃၀၅။ မင်းခင်းဂဏ္ဌိ။ ၄၃၅။

(၁)

(က) ထည့်ပါဠိနှင့် တကွ

ယံ ဓမ္မဇာတံ–သည်။ (ကရဇကာယဋ္ဌ–ကိုရင်း၊ သမ္ပယုတ္တဓမ္မေ စ–တို့ကိုရင်း၊) သုခယတိ–ချမ်းသာစေတတ်၏။ (တစ်နည်း) (ယံ ဓမ္မဇာတံ–သည်။ ပုဂ္ဂလံ–မိမိဖြစ်ရာပုဂ္ဂိုလ်ကို။) သုခယတိ–စေတတ်၏။ (ပ)

(စ) သုခံ–သည်။ သာတလက္ခဏံ–တံသမ်ဂီပုဂ္ဂလသမ္ပယုတ္တဓမ္မတို့ကို မိမိ၌ သာယာစေတတ်သော တရားလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ (တစ်နည်း) သာယာစေတတ်သည်၏ အဖြစ်လျှင် မှတ်ကြောင်း လက္ခဏာရှိ၏။ (ဘာဝပ္ပဓာန–ကတ္တုသာဓနယူ) (တစ်နည်း) တံသမ်ဂီပုဂ္ဂလသမ္ပယုတ္တဓမ္မတို့ကို မိမိ၌ သာယာစေတတ်သော တရားဟု မှတ်အပ်၏။ သမ္ပယုတ္တာနံ–တို့ကို။ ဥပဗြူဟနရသံ–ပွါးစေခြင်းကိစ္စရှိ၏။ အနုဂ္ဂဟဏပစ္စုပဋ္ဌာနံ–အာရုံကို အဖန်ဖန်ယူခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။(ဝါ) သမ္ပယုတ်တရားတို့အား ကျေးဇူးပြုတတ်သည်၏ အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။

♦ သာတလက္ခဏန္တိ ဣဋ္ဌသဘာဝတ္တာ တံသမ်ဂီပုဂ္ဂလံ, သမ္ပယုတ္တဓမ္မေ ဝါ အတ္တနိ သာဒယတီတိ သာတံ ဒ–ကာရဿ တ–ကာရံ ကတွာ။ သာတံ မဓုရန္တိ။ သာတံ လက္ခဏံ ဧတဿာတိ သာတလက္ခဏံ။ ဥပဗြူဟနရသန္တိ အာဒီသု ဥပဗြူဟနံ သမ္ပယုတ္တဓမ္မာနံ သံဝဍ္ဎနံ။ ဒုက္ခံ ဝိယ အဝိဿဇ္ဇေတွာ အဒုက္ခမသုခံ ဝိယ အနဇ္ဈုပေက္ခိတွာ အနုအနု ဂဏှနံ ဥပကာရိတာ ဝါ အနုဂ္ဂဟော။ (သာရတ္ထ၊၁။၃၆၁။)

(၂)

သုခ, တက္ကရိယာယံ–ဟူရကား တံ သုခံ ကရောတီတိ အတ္ထော–ကို မိန့်။

သုခ, ဒုက္ခ–တက္ကရိယာယံ ဆိုသောကြောင့် ယဿုပ္ပဇ္ဇတိ–စသည်ကို မိန့်။ (မင်းခင်းဂဏ္ဌိ။)

(ခ)သို့ ဋ္ဌပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် (က)ဖြင့် သုခတီတိ သုခံ–ဟု ဝစနတ္ထပြုရမည်ဟု ဆိုတော်မူ၏။ ထိုသို့ ..သော် ယင်း၌ သုခ–ဓာတ်၏ အနက်ကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ (ပ) ဤ၌ သုခ–ဓာတ်၏ ဖြစ်သင့်သော အနက်ကိုလည်း ပြဆိုသင့်သေး၏။ ..ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။ (ဂဏ္ဌိနှစ်စောင်အလို)

(တစ်နည်း) ဆရာ–သည် (က)ဖြင့် ချမ်းသာစေတတ်သောကြောင့် သုခမည်၏ဟု ဆို၏။ ထိုသို့ ...သော် သုခယတိ–၌ ချမ်းသာစေတတ်၏ဟူသော စကားရပ်၏ အဓိပ္ပါယ်(အကျယ်)ကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ (ပ) အဓိပ္ပါယ်(အကျယ်)ကိုလည်း ပြဆိုသင့်သေး၏။ ...ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။ (ဤကား ဘာဋီအလို)

(တစ်နည်း) ဆရာ–သည် (က)ဖြင့် သုခယတီတိ သုခံ–ဟု ဖွင့်ဆို၏။ ထိုသို့ ...သော် သုခယတိ–၌ စုရာဒိဏယ–ပစ္စည်းဖြင့်ပြီးသော ပုဒ်ဖြစ်၏ဟူသောအနက်သည် (တစ်နည်း) သုခယတိ–၌ ဓာတုရူပေ နာမသ္မာ ဏယော စ–သုတ်ဖြင့် ဏယ–ပစ္စည်းသက်၍ ပြီးကောင်းသော ဓာတ်ဖြစ်သင့်၏ ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော ...စသည်တက်။(ဤကား ပြည်သျှအလို။)

အဓိပ္ပါယ်ကား။ ။ ဓာတုဟိ ဏေ ဏယ (ပ) ကာရိတာနိ ဟေတွတ္ထေ–သုတ်ဖြင့် ကာရိတ် ဏယ–ပစ္စည်းသက်၍ ပြီးကောင်းသော ဟေတုကတ္တုသာဓနပုဒ်ဖြစ်၏ဟူလို။

http://www.dhammadownload.com



## (ဃ)သို့ ပါပနာဒိပဋ္ဌကစောဒနာ

ဆရာ–သည် (က)(ခ)(ဂ)တို့ဖြင့် သုခံ–ပုဒ်၏ ဝစနတ္ထ(အဘိဓာနတ္ထ)ကို ပြဆိုတော်မူ၏။ ထိုသို့ ..သော် သုခံ–ပုဒ်၏ အဘိဓာနတ္ထသာရှိ၍ အဘိဓေယျတ္ထမရှိဟူသော အနက်သည် ရောက်ရာ၏။ (ပ) သုခံ–ပုဒ်၏ အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ ..အဗျာပိတ ..၏။ စုဒ်ကြောင့် (ဃ)မိန့်။

(တစ်နည်း) ဠပနာတူ၏။ ထိုသို့ ...သော် ဤ၌ သုခ–အရ ကာယိကသုခ, စေတသိကသုခ (၂)မျိုးလုံးကိုလည်း ယူသင့်၏ဟူသော အနက်သည် ရောက်ရာ၏။ (ပ) ဤ၌ လိုအပ်သော သုခကိုလည်း တိကျစွာ ပြဆိုသင့်သေး၏။ ...အတိဗျာပိတဒေါသ–တင်။ စုဒ်ကြောင့် (ဃ)မိန့်။

## (င)သို့ အနုသန္ဓေ

ဤသို့ (က)(ခ)(ဂ)(ဃ)တို့ဖြင့် သုခံ–ပုဒ်၏ ဝစနတ္ထ, အဘိဓာနတ္ထ, အဘိဓေယျတ္ထကို ပြဆိုပြီး၍ ယခုအခါ၌ သုခ၏ လက္ခဏာစသည်တို့ကို (အတိဒေသသံဝဏ္ဏနာနည်းဖြင့်) ဖွင့်ပြတော်မူလိုသော ဆရာသည် (င)မိန့်။ (ပက္ခန္တရထုံးစံအတိုင်း ပဋ္ဌကတက်လေ)

## (စ)သို့ ပါပနာဒိပဋ္ဌက

ဆရာ–သည် (င)ဖြင့် သုခ၏ လက္ခဏာစသည်တို့ကို ဝေဒနာပုဒ်၌ ဆိုအပ်ပြီးသော နည်းဖြင့် သာလျှင် သိအပ်ကုန်၏ဟု (အတိဒေသသံဝဏ္ဏနာနည်းဖြင့်) ပြဆိုတော်မူ၏။ ထိုသို့ ...သော် သုခ၏ လက္ခဏာစသည်တို့သည် ဝေဒနာပုဒ်၌ ဆိုအပ်ပြီးသော လက္ခဏာစသည်တို့သာလျှင် ဖြစ်ကောင်း၏ဟူသော အနက်သည် ရောက်ရာ၏။ (ပ) သုခ၏ တစ်ခြားဖြစ်သင့်သော လက္ခဏာစသည်တို့ကိုလည်း ပြဆိုသင့်သေး၏။ (ပ) (စ)မိန့်။

## (၃)

### (ခ) အဏ္ဏော–သဒ္ဒါ ထားရခြင်း–

သုခယတိ–၌ သုခ–ဓာတ်၏ ၎တ်လျှိုးနေသော ဓာတွတ္ထ, အဓိပ္ပါယတ္ထကို ပြလို၍ အဏ္ဏော–ထားသည်။

### (ဂ) ဝါ–သဒ္ဒါ ထားရခြင်း–

ချမ်းသာစေတတ်သည်၏ အဖြစ်ဟူသော အကြောင်းသကတ်အနက်မှတပါး ကိုယ်၏ ကျင်နာခြင်း, စိတ်၏ ကျင်နာခြင်းကို ကောင်းစွာလည်း ခဲတတ်, တူးလည်း တူးဖြိုဖျက်စီးတတ်သည်၏ အဖြစ်ဟူသော အကြောင်းသကတ်အနက်တစ်မျိုးကို လဲလှယ်ပြလို၍ ဝါ–သဒ္ဒါထားသည်။

(တစ်နည်း) သုခံပုဒ်၏ ဟေတုကတ္တုသာခနေ့ဝစနတ္ထမှတပါး သုဒ္ဓကတ္တုသာခနေ့ဝစနတ္ထဟူသော ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလို၍ ဝါ–သဒ္ဒါထားသည်။

(တစ်နည်း) သုခ–ဓာတ်+အ–ပစ္စည်းဖြင့် ပြီးသော သုခသဒ္ဒါမှတပါး သု, ခါဒ+ကွိ–ပစ္စည်း။ (တစ်နည်း) သု, ခနု–ဓာတ်+ကွိ–ပစ္စည်းဖြင့် ပြီးသော သုခသဒ္ဒါတစ်မျိုးကို လဲလှယ်ပြလို၍ ဝါ–သဒ္ဒါထားသည်။

### စ–သဒ္ဒါ ထားရခြင်း–

ကိုယ်၏ ကျင်နာခြင်း, စိတ်၏ ကျင်နာခြင်းကို ကောင်းစွာ ခဲစားတတ်သောကြောင့်သာ သုခမည်သည် မဟုတ်သေး၊ တူးလည်း တူးဖြို, ဖျက်ဆီးလည်း ဖျက်ဆီးတတ်သောကြောင့်လည်း သုခမည်သေး၏ဟူသော သမုစ္စည်း, သမ္ပိဏ္ဍနအနက်ကို ပြလို၍ (ဂ)၌ စ–သဒ္ဒါထားသည်။

(စ–သဒ္ဒါ သကတ်အနက်အကြောင်းလဲ–ဟုမှတ်။)

http://www.dhammadownload.com



(ဃ) နာမံ–သဒ္ဒါထားရခြင်း–

ကာယိကသုခ, စေတသိကသုခ ၂–ပါးတွင် ဤ၌ သုခ–အရ သောမနဿဝေဒနာဟူသော စေတသိကသုခကိုသာ ယူရမည်ဟု ဤ၌ လိုအပ်သော အနက်ကို အထင်ရှား, ကေဒေသျှပစာ အားဖြင့် ပြလို၍ နာမံ–သဒ္ဒါထားသည်။

(စ) အပရော နယော–ထားရခြင်း–

သုခ၏ ဝေဒယိတလက္ခဏာ, အနုဘဝနရသ, စေတသိကအဿာဒပစ္စုပဋ္ဌာန်ရှိသည်၏ အဖြစ်ဟူသော အကြောင်းသကတ်အနက်မှတပါး သာတလက္ခဏာ, သမ္ပယုတ္တာနံ ဥပဗြူဟနရသ, အနုဂ္ဂဟပစ္စုပဋ္ဌာန်ရှိသည်၏အဖြစ်ဟူသော အကြောင်းသကတ်အနက်တစ်မျိုးကို လဲလှယ်ပြလို၍ (စ)၌ အပရော နယော–သဒ္ဒါထားသည်။

(၄)

* မနတီတိ မနော။ သောဘနံ + မနော + အဿာတိ သုမနော။

* သုမနဿ + ဘာဝေါ သောမနဿံ။ (ဋ္ဌ။ ၁၆၆။)

✔ ကောင်းသော စိတ်ရှိသူ၏ + သောမနဿဝေဒနာနှင့် ဋ္ဌာန+ဋ္ဌာနီ၊ နိဿယ+နိဿိတစပ် ..ငင်း၊ သုမန–ပုဒ်+ဏျ–ပစ္စည်းသည်ငင်း ဗျု–နီ။

✔ သောမဿဝေဒနာ–သည် (တစ်နည်း) ကောင်းသော စိတ်ရှိသူ၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပ–နီ။

"ဝစနတ္ထမှတ်ဖွယ်"

(ခ) သုခိတံ–ပုဒ်၏ အနက်နှင့် ဝစနတ္ထများ–

သုခိတံ–ချမ်းသာခြင်းရှိသည်ကို။

* သုခံ ဧတဿ အတ္ထီတိ သုခီ။ သုခိယေဝ သုခိတော။

(ဝါ) ချမ်းသာခြင်းသို့ ရောက်သည်ကို။

* အယတိ ပါပုဏာတီတိ ဣတော။ သုခံ + ဣတော သုခိတော–ဟုပြု။

(ဝါ) ချမ်းသာစွာဖြစ်သည်ကို၊ ချမ်းသာသဖြင့် ဖြစ်သည်ကို။

* အယတိ ပဝတ္တတီတိ ဣတော။ သုခံ, သုခေန ဝါ + ဣတော သုခိတော–ဟုပြု။

(ဝါ) ဖြစ်သော ချမ်းသာခြင်းရှိသည်ကို။

* အယနံ ပဝတ္တနံ ဣတံ။ သုခံ + ဣတံ + ဧတဿာတိ သုခိတော–ဟုပြု။

(ဝါ) ချမ်းသာသဖြင့် ဖြစ်ခြင်းရှိသည်ကို။

(ဝါ) ချမ်းသာစွာ ရောက်ခြင်းရှိသည်ကို။

(ဝါ) ရောက်သော ချမ်းသာခြင်းရှိသည်ကို။

(ဝါ) ချမ်းသာသောသူဟူ၍ သိအပ်သည်ကို။

* အယိတဗ္ဗော ဗုဇ္ဈိတဗ္ဗောတိ ဣတော။ သုခေါတိ + ဣတော သုခိတော။

အမှာ။ ။ ဒုက္ခိတော–စသည်တို့၌လည်း ငင်းနည်းကို မှီး၍ ကြံလေ။

ဤကား–မင်းခင်းဂဏ္ဍိ။ ၄၃၅–လာ ဝစနတ္ထများတည်း။ ပြည်သျှ–၌ကား သုခိတံ–ဖြစ်သော ချမ်းသာရှိသည်ကို။ (ဝါ) ချမ်းသာခြင်းသို့ ရောက်သည်ကိုဟု ပေးသည်။ ယင်းအလို–

* သုခံ သဉ္ဇာတံ + အဿာတိ သုခိတော။ (သုခ+ဣတ။)

(ဖြစ်သောချမ်းသာ၏ + ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏီစပ်။)

(တစ်နည်း) သုခနံ သုခံ။ သုခံ + ဣတော သုခိတော–ဟုပြု။

http://www.dhammadownload.com



(စ) တံသမင်္ဂီပုဂ္ဂလံ, သမ္ပယုတ္တဓမ္မေ ဝါ အတ္တနိ သာဒယတီတိ သာတံ။ (သာဒ+ဏ။)

* သာတံ + လက္ခဏံ + ဧတဿာတိ သာတလက္ခဏံ။ (သာရတ္ထ၊ ၁။ ၃၆၁။)

(သာတလက္ခဏာ၏ + သုခနှင့် လက္ခဏ+လက္ခဏာဝန္တစပ်။)

* ဥပဗြူဟိယတေ ဥပဗြူဟနံ။ (ဥပ,ဗြူဟ+ယု။)တံ + ရသော + ဧတဿာတိ ဥပဗြူဟနရသံ။

* အနု အနု ဂဟဏံ + အနုဂ္ဂဟဏံ။ (အနု, ဂဟ+ယု။ အဖန်အဖန်ယူခြင်း။)

* အနုဂ္ဂဟဏံ + ပစ္စုပဋ္ဌာနံ + ဧတဿာတိ အနုဂ္ဂဟဏပစ္စုပဋ္ဌာနံ။

(၅)

(ခ) သုခိတံ–ကား သမာသ်နာမ်၊ (တစ်နည်း) တဒ္ဓိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။

(ဂ) သုဋ္ဌု–ကား အဗျယနိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဥ–ကာရန္တ။

(င) လက္ခဏာဒီနိ–ကား သမာသ်နာမ်၊ နပုံလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။

(၆)

(က) သုခယတိ–ဖြင့် သုခံ–၌ သုခ–ဓာတ်..ဥင်း၊ အ–ပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌ သက် ...ဥင်း၊ သုခယတီတိ သုခံ–ဟု ပြု ...ဥင်း သိစေသည်။

(ခ)ဖြင့် သုခယတိ–၌ သုခ–ဓာတ်သည် တက္ကရိယ(ထိုချမ်းသာခြင်းကြိယာ (ဝါ) ထိုချမ်းသာကို ပြုခြင်း) အနက်ဟော၏ဟု သိစေသည်။ (ဂဏ္ဌိ)

(တစ်နည်း) သုခယတိ–၌ ချမ်းသာစေတတ်၏ဟူသည် သုခဝေဒနာဖြစ်ရာပုဂ္ဂိုလ်ကို ချမ်းသာ အောင် ပြုလုပ်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဋီ)

(တစ်နည်း) သုခယတိ–၌ ဓာတုရူပေ နာမဿာ ဏယော စ–သုတ်ဖြင့် ဏာယ–ပစ္စည်းသက်၍ ပြီးကောင်းသော ဓာတ်ဟု မမှတ်အပ်။ ဓာတုဟိ ဏေ ဏယ–စသော သုတ်ဖြင့် ကာရိတ် ဏယပစ္စည်း သက်၍ ပြီးကောင်းသော ဟေတုကတ္တုသာဓနဟူ၍ မှတ်ရမည်ဟု သိစေသည်။ (ပြည်သျှ၊ ၂။ ၄၄။)

(ဂ) သုဋ္ဌု ခါဒတိ–ဖြင့် သုခံ–၌ သု,ခါဒ–ဓာတ်...ဥင်း၊ ကွိ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ဥင်း၊ သုဋ္ဌု ခါဒတီတိ သုခံ–ဟုပြု ..ဥင်း၊ သု–ဥပသာရ၏ သုဋ္ဌုအနက်ဟော ...ဥင်း သိစေသည်။

သုဋ္ဌု ခနတိ–ဖြင့် သုခံ–၌ သု, ခနု–ဓာတ် ..ဥင်း၊ ကွိ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ဥင်း၊ သုဋ္ဌု ခနတီတိ သုခံ–ဟု ပြု ...ဥင်း၊ သု–ဥပသာရ၏ သုဋ္ဌုအနက်ဟော ..ဥင်း သိစေသည်။

စ–သဒ္ဒါဖြင့် သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထဓောတကအဖြစ်ကို သိစေသည်။

ကာယစိတ္တာဗာဓံ–ဖြင့် ခါဒတိ, ခနတိ–၌ ခါဒ, ခနု–ဓာတ်တို့သည် သကမ္မကဓာတ်တည်းဟု သိစေသည်။ (တစ်နည်း) ခါဒတိ, ခနတိ–တို့၌ ခဲ၏,တူးဖြို၏ဟူသည် ကိုယ်၏ ကျင်နာခြင်း, စိတ်၏ ကျင်နာခြင်းကို ခဲခြင်း, တူးဖြိုခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေသည်။

(ဃ)ဖြင့် သုခ–အရ ကာယိကသုခကို မယူရ၊ သောမနဿဝေဒနာဟု ဆိုအပ်သော စေတသိက သုခကို ယူရမည်ကိုဥင်း၊ သုခ–သဒ္ဒါ၏ ကေဒေသျူပစာသဒ္ဒါ၏ အဖြစ်ကိုဥင်း သိစေသည်။

(၇)

(င) ဝုတ္တနယေနေဝ–၌ ဧဝ– ဂဟေတဗ္ဗတ္ထစသည်–

✔ ဝုတ္တနယသည် ဂဟေတဗ္ဗတ္ထ။

✔ အဝုတ္တနယသည် နိဝတ္တေတဗ္ဗတ္ထ။

✔ သဒိသနယသည် အနုညာတတ္ထ။

အမှာ။ ။ ကြွင်းသော ဝုတ္တနယမေဝ, ဝုတ္တနယောဝ–စသည်တို့ရှိရာ၌လည်း ဤနည်းအတိုင်း ထုတ်ပါ။

http://www.dhammadownload.com



(ခ) ဥပ္ပဇ္ဇတိ–၌ ဥ–ကား ဓာတွတ္ထာနုဝတ္တက။
(ဂ) သုဥ္ဉ–ကား သမ္ဘာအနက်, ပဿသအနက်။ (တစ်နည်း) အတိသယအနက်။
ဝါ–ကား အတ္ထန္တရဝိကပ္ပနတ္ထ, နယန္တရဓောတက။
စ–ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။ (တစ်နည်း) ဝိကပ္ပနတ္ထ။

♦ အတ္ထန္တရဒဿနမှိ၊ စ–သဒ္ဒေါ ယဒိ ဒိဿတိ။
သမုစ္စယေ, ဝိကပ္ပေ သော၊ ဂဟေတဗ္ဗော ဝိဘာဝိနာ။ (သီဋီသစ်၊ ၂။ ၁၄၈။)

(ခ) ယဿ–၌ ယ–ကား ပုဂ္ဂိုလ်ကိုစွဲ ပဋ္ဌန္တ။ တံ–၌ တ–ကား ပဋ္ဌန္တ။ (တစ်နည်း) နိယမဝိသယ။
(ဃ) တေ–ကား ဆိုခဲ့ပြီးသော သုခကိုစွဲ ပဋ္ဌန္တ။ (တစ်နည်း) နာမံ–ဟု အစွဲတိုက်ရိုက်ပါရှိ ပသိဒ္ဓ။

(၈)

(က) သုခယတိ (ခ) ကရောတိ (ဂ) ခါဒတိ (ဃ) ခနတိ–တို့အရ သောမနဿဝေဒနာ–ဟုဆိုအပ်သော စေတသိကသုခ–ကိုယူ၍–

✔ ထို ...သည် ဒဿနတ္ထ။
✔ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိသည် ဒီပကတ္ထ။
✔ သမာဓိသည် ပကာသနတ္ထ။
✔ ပီတိ, ပါမောဇ္ဇစသည်သည် ဝိဘာဝတ္ထ။
✔ ယထာဘူတဉာဏ်, နိဗ္ဗိဒါဉာဏ်စသည်တို့သည် အနုဘာဝတ္ထ။

(င) ဝေဒိတဗ္ဗာနိ–ထားရခြင်း

သုခ၏ လက္ခဏာစသည်တို့ကို ဝေဒနာပုဒ်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာ သိအပ်ကုန်၏ ဟူသော စကားရပ်သည် သန္နိဋ္ဌာန်အားဖြင့် မှတ်သားအပ်သော စကားမဟုတ်။ သံသယ, အနေကန္တ, ဥပစာရတ္ထအားဖြင့်သာ မှတ်သားရမည်ဟု ပြလို၍ ဝေဒိတဗ္ဗာနိ–ထားသည်။

(၉)

သုခ–၏ လက္ခဏာဒိစတုက္က–

သုခံ ဝေဒယိတလက္ခဏံ၊ အနုဘဝနရသံ, ဣဋ္ဌာကာရသမ္ဘောဂရသံ ဝါ။
စေတသိက အဿာဒပစ္စုပဋ္ဌာနံ၊ ပဿဒ္ဓိပဒဋ္ဌာနံ။ (ဤကား (င)ဝါကျနှင့်အညီ ဋ္ဌ။၁၆၀–ကို မှီး၍ ထုတ်သည်။
(တစ်နည်း) သာတလက္ခဏံ သုခံ၊ သမ္ပယုတ္တာနံ ဥပဗြူဟနရသံ၊
အနုဂ္ဂဟဏပစ္စုပဋ္ဌာနံ၊ ပဿဒ္ဓိပဒဋ္ဌာနံ။ (ဋ္ဌ။ ၁၆၀။)

(၁၀)

(က) ယံ ဓမ္မဇာတံ + ကရဏကာယဋ္ဌ သမ္ပယုတ္တဓမ္မေ စ သုခယတိ–၌–

✔ ယံ ဓမ္မဇာတံ–အရ သောမနဿဝေဒနာသည်–
သုခယတိ–အရ ဝေဒနာသမ္ပယုတ္တဓမ္မအား သဟဇာတ–ပြု။
ပြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ ဣံ, ဈာန။ (၈)
✔ သုခယတိ–အရ သောမနဿဝေဒနာသည်
ကရဏကာယံ–အရ ခန္ဓာငါးပါးအား ပကတူပ–ပြု။
(တစ်နည်း) စိတ္တဇရုပ်အား သဟဇာတ–ပြု။ ပြိုင်။ ။ သဟကြီး ၄၊ ဝိပ္ပ၊ ဣံ, ဈာန။ (၇)
✔ သုခယတိ–အရ သောမနဿဝေဒနာသည်
သမ္ပယုတ္တဓမ္မ–အရ ဝေဒနာသမ္ပယုတ္တဓမ္မအား သဟ–ပြု။ ပြိုင်။ ။ (၈)

================

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၃၇)

(က) စိတ္တဿေကဂ္ဂတာတိ စိတ္တဿ ဧကဂ္ဂဘာဝေါ၊
(ခ) သမာဓိဿေတံ နာမံ။
(ဂ) လက္ခဏာဒီသု ပနဿ အဋ္ဌကထာယံ တာဝ ဝုတ္တံ–"ပါမောက္ခလက္ခဏော စ သမာဓိ, အဝိက္ခေပလက္ခဏော စ။
(ဃ) ယထာ ဟိ ကူဋာဂါရကဏ္ဏိကာ သေသဒဗ္ဗသမ္ဘာရာနံ အာဗန္ဓနတော ပမုခါ ဟောတိ။ ဧဝမေဝ သဗ္ဗကုသလဓမ္မာနံ သမာဓိစိတ္တေန ဣဇ္ဈနတော သဗ္ဗေသမ္ပိ တေသံ ဓမ္မာနံ သမာဓိပါမောက္ခော ဟောတိ။

ဋ္ဌ။ ၁၆၁။ ယောဇနာ။ ၁၀၇။ ပြည်သျှ၊ ၂။ ၄၈။ ဘာသာဋီ။ ၂။၂၈၄။ ကျော်စံဂဏ္ဌိ။ ၃၀၈။ မင်းခင်းဂဏ္ဌိ။ ၄၃၆။

(၁)

(ဂ) ပန–ထိုမှတပါး။ (ပြည်သျှ) ပဒတ္ထမှတပါး လက္ခဏာချွတ္ထကား။ (ဘာသာဋီ။)
(ဃ) ဟိ (တံ ပါကဋံ ကရောမိ)–အံ့။ (ပြည်သျှ) ဟိ–ရဲ့။ (ဘာဋီနှင့် ဂဏ္ဌိ။)

(၂)

(က)စသည် သုစံ–ပုဒ်၏ အဖွင့်မှတပါး စိတ္တဿေဂ္ဂတာ–ပုဒ်၏ အဖွင့်ကိုပြ ပက္ခန္တရ။ ထိုတွင်–
(က)ဖြင့် စိတ္တဿေကဂ္ဂတာ–ပုဒ်၏ ဝစနတ္ထကို ပြသည်။
(ခ)ဖြင့် အရကောက် အဘိဓေယျတ္ထကို ပြသည်။
(ဂ)ဖြင့် လက္ခဏာကို ပြသည်။ (ပက္ခ+ပက္ခန္တရချည်းသာ။ ကျမ်းတက်လွယ်ပြီ။)

### (ဃ) ဥပနာဘောဂါဒိ

ဆရာ–သည် (ဂ)ဖြင့် သမာဓိသည် ပါမောက္ခလက္ခဏာရှိ၏၊ အဝိက္ခေပလက္ခဏာလည်း ရှိ၏ဟု ဆိုတော်မူ၏။ ထိုသို့ ...သော် သမာဓိ၏ ပါမောက္ခလက္ခဏာရှိပုံကို ဥပမာ, ဥပမေယျတို့ဖြင့် မပြဆိုပါက မပေါ်လွင်, မထင်ရှားသည် မဟုတ်ပါလော။ ထို...ကြောင့် ...မဆိုသင့်။ သမာဓိ၏ ပါမောက္ခလက္ခဏာ ရှိပုံကို ဥပမာ, ဥပမေယျတို့ဖြင့် ထင်စွာပြဆိုသင့်သေး၏။ (ပ) စုဒ်ကြောင့် (ဃ)မိန့်။

(တစ်နည်း) သမာဓိ၏ ပါမောက္ခလက္ခဏာရှိပုံအကျယ်ကို ဥပမာ, ဥပမေယျတို့ဖြင့် မပြဆိုပါက မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့ မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလောစသည်ဖြင့် ဝိတ္ထာရကြံ၍လည်း တက်နိုင်သည်။

(၃)

### (ခ) နာမံ–ထားရခြင်း–

စိတ္တဿေကဂ္ဂတာ–အရ သမာဓိကိုသာ ယူရမည်ဟု ဤ၌ လိုအပ်သော အနက်ကို အထင်ရှဋ်း, ဓေဒဿျပြစာအားဖြင့် ပြလို၍ (ခ)၌ နာမံ–သဒ္ဒါထားသည်။

(ဃ)ဖြင့် သမာဓိ၏ ပါမောက္ခလက္ခဏာရှိပုံကို ဥပမာ, ဥပမေယျတို့ဖြင့် အကျယ်ချဲ့ပြသော ကြောင့် (ဝါ) ထင်ရှားစွာပြသောကြောင့် ဝိရောဓိဒေါသကို ပယ်သည်။

(တစ်နည်း) မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် တဖန်အကျယ်ပြရိုးထုံးစံဖြစ်သောကြောင့် ပုနရုတ္တိကို ပယ်သည်။

(၄)

* ဧကံ + အဂ္ဂံ အာရမ္မဏံ + ဣမဿာတိ ဧကဂ္ဂံ။ (ယောဇနာ)
✔ ဧက+အဂ္ဂ+ဣမ–သည်ရင်း၊ တစ်ခုသော အာရုံ၏ + စိတ်နှင့် အာရုံ+အာရမ္မဏိကာစပ်–ဌင်း ဗျု–နိ။
✔ တစ်ခုသော အာရုံရှိသည်၏ အဖြစ်တည်းဟူသောဂုဏ်သည်
(တစ်နည်း) တစ်ခုသော အာရုံရှိသောစိတ်၏... ဓာတ်သည် ပ–နိ။

http://www.dhammadownload.com



"ဝစနတ္ထမှတ်ဖွယ်"

(ဂ) ပမုခဘာဝေ တိဋ္ဌတီတိ ပါမောက္ခော။ ဏော။ (သူစိ)
* ပါမောက္ခော + လက္ခဏံ + ဧတဿာတိ ပါမောက္ခလက္ခဏော။
* ဝိက္ခိပန္တိ ဧတေနာတိ ဝိက္ခေပေါ။ (ဝိ, ခိပ+ဏ။) န + ဝိက္ခေပေါ အဝိက္ခေပေါ။
* အဝိက္ခေပေါ + လက္ခဏံ + ဧတဿာတိ အဝိက္ခေပလက္ခဏော။

(ဃ) ကူဋံ့ ဗဇ္ဇ အဇ္ဈိတိ ကူဋံ။ (အဂါရံ)
* န ဂစ္ဆန္တီတိ အဂါ။ (ထမ္ဘာဒယော) အဂေ + ရာတိ ဂဏှာတီတိ အာဂါရံ။
* ကူဋဉ္စ + တံ + အာဂါရဉ္စာတိ ကူဋာဂါရံ။
* ကေ–သီသေ + နယတီတိ ကဏ္ဏိကာ။ (က, နီ+ဏွု။)
* ကူဋာဂါရဿ + ကဏ္ဏိကာ ကူဋာဂါရကဏ္ဏိကာ။

(၅)

သမာဓိ–ကား ကိတ်နာမ်၊ ပုံလိင်၊ ရုဍ္ဍာဒီ၊ လုံ–ကာရန္တ။
နာမံ–ကား ကိတ်နာမ်၊ နပုံလိင်၊ စိတ္တာဒီ၊ အ–ကာရန္တ။

(၆)

(က) စိတ္တဿ ဧကဂ္ဂဘာဝေါ–ဖြင့် စိတ္တဿေကဂ္ဂတာ၌ ဧကဂ္ဂတာဝယ် တာ–ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက် ...ရင်း၊ ဧကဂ္ဂဿ + ဘာဝေါ ဧကဂ္ဂတာဟု ပြု ...ရင်း၊ အပေါင်းပုဒ်ကို စိတ္တဿ + ဧကဂ္ဂတာ စိတ္တဿေကဂ္ဂတာ–ဟု အလုတ္တဆဋ္ဌီတပ္ပုရိသ်ပြု ...ရင်း သိစေသည်။

(ခ)ဖြင့် စိတ္တဿေကဂ္ဂတာ–အရ သမာဓိကို ယူ ...ရင်း၊ စိတ္တဿေကဂ္ဂတာ–ပုဒ်၏ ဧကဒေသျူ ပစာသဒ္ဒါ၏ အဖြစ်ကိုရင်း သိစေသည်။

(၇)

(ခ) သမာဓိ–၌ သံ–ကား သုဋ္ဌုအနက်။
(ဂ) ပန–ကား ပက္ခန္တရတ္ထ။ တာဝ–ကား ပဌမတ္ထ။ စ(၂)လုံးကား အညမညသမုစ္စယတ္ထ။

(၈)

စိတ္တဿေကဂ္ဂတာ–အရ သမာဓိကို ယူ၍–

- ✔ တို ...သည် ဒဿနတ္ထ။
- ✔ ကာယိကသုခ, စေတသိကသုခသည် ဒီပကတ္ထ။
- ✔ ယထာဘူတဉာဏ်သည် ပကာသနတ္ထ။
- ✔ ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိစသည်တို့သည် ဝိဘာဝတ္ထ။
- ✔ နိဗ္ဗိဒါဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်စသည်တို့သည် အနုဘာဝတ္ထ။

(၁၀)

စိတ္တဿ + ဧကဂ္ဂဘာဝေါ–၌ –

✔ စိတ္တဿ–အရ သမာဓိသမ္ပယုတ္တစိတ်သည်–
ဧကဂ္ဂဘာဝေါ–အရ သမာဓိအား သဟဇာတ–ပြု။
ဖြင့်။ ။ သဟကြီး ၄၊ အညာ, သမ္ပ, ဝိပါက၊ ဓိ, အာဟာရ, လုံ။ (၁၀)
✔ ဧကဂ္ဂဘာဝေါ–အရ သမာဓိသည်–
စိတ္တဿ–အရ သမာဓိသမ္ပယုတ္တစိတ်အား သဟဇာတ–ပြု။
ဖြင့်။ ။ သဟကြီး ၄၊ အညာ, သမ္ပ, (ဝိပါက)၊ လုံ, ဈာ, မဂ်။ (၁၀)

================

http://www.dhammadownload.com



## ဝါကျဉ်ယျာဉ် (၁၃၈)

(က) သဒ္ဒဟန္တိ ဧတာယ, သယံ ဝါ သဒ္ဒဟတိ, သဒ္ဒဟနမတ္တမေဝ ဝါ ဧသာတိ သဒ္ဓါ၊

(ခ) သာဝ အဿဒ္ဓိယဿ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ။

(ဂ) အဓိမောက္ခလက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ၊

(ဃ) သဒ္ဓါဝ ဣန္ဒြိယံ သဒ္ဓိန္ဒြိယံ။ သာ ပနေသာ သမ္ပသာဒနလက္ခဏာ စ သဒ္ဓါ, သမ္ပက္ခန္ဒန လက္ခဏာ စ။

ဋ္ဌ။ ၁၆၂။ မူလဋီ၊ ၈၈။ ယောဇနာ၊ ၁၀၇။ ပြည်သျှ၊ ၂။ ၅၁။ ဘာဋီ၊ ၂။ ၂၈၆။ ကျော်စံဂဏ္ဍိ။ ၃၀၆။ မင်းခင်းဂဏ္ဍိ။ ၄၃၇။

### (၁)

### (က) သဒ္ဒဟန္တိ–၏ ကတ္တားထည့်

ဧတာယ ဓမ္မဇာတိယာ–ဖြင့်။(သမ္ပယုတ္တဓမ္မာ–တို့သည်။(တစ်နည်း) တံသမင်္ဂိပုဂ္ဂလာ–ထိုသဒ္ဓါနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့သည်။) သဒ္ဒဟန္တိ–ဘုရားအစရှိသော အာရုံကို ယုံကြည်တတ်ကုန်၏။(ပ)

(ခ) သာဝ–ထိုသဒ္ဓါသည်ပင်လျှင်။ အဿဒ္ဓိယဿ–သဒ္ဓါမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ် စိတ္တုပ္ပါဒ်ကို။ (ဘာသာဋီကာ) အဿဒ္ဓိယဿ–ပသာဒနီယအရာတို့၌ ပသာဒ၏ ဆန့်ကျင်ဘက်ဖြစ်သော အဿဒ္ဓိယမည်သော အကုသိုလ်ကို။ (ဝါ) မကြည်သင့်သောအရာ၌ ကြည်သော အခြင်းအရာအားဖြင့် ဖြစ်သော မိစ္ဆာဓိမောက္ခကို။ (ဤကား မင်းခင်းဂဏ္ဍိ) အဘိဘဝနတော–ကြောင့်။ အဓိပတိယဋ္ဌေန–မိမိနှင့်စပ်သော သမ္ပယုတ်တရားတို့ကို အစိုးရသည်၏ အဖြစ်ကြောင့်။ (ဝါ) မိမိနှင့်စပ်သော သမ္ပယုတ်တရားတို့၏ အကြီးအမှူး၏ အဖြစ်ကြောင့်။ ဣန္ဒြိယံ–မည်၏။

♦ ပသာဒနီယဋ္ဌာနေသု ပသာဒဿ ပဋိပက္ခဘူတံ အကုသလံ အဿဒ္ဓိယံ အဓိမောက္ခော။(မူလဋီကာ။ ၈၉။)

(ဂ) ဝါ–ကား။ အဓိမောက္ခလက္ခဏေ–ကြည်ညိုယုံကြည်ခြင်းဖြစ်၍ဖြစ်သော ဘုရားအစရှိသော ဝတ္ထုဉ္ဖြဖြစ်သော ဆုံးဖြတ်ခြင်းလက္ခဏာ၌။ အတ္တနော–၏။ (သမ္ဗန်။) ဣန္ဒဋ္ဌံ(ဣန္ဒတ္တံ)–အစိုးရသည်၏ အဖြစ်ကို။ သမ္ပယုတ္တဓမ္မေ–တို့ကို။ (ကာရိတ်ကံ) ကာရေတိ–၏။ (ပ)

(င) ပန–ထိုမှတပါး။ (ပြည်သျှ) ပန–ဆက်။ (ဘာဋီ)

### (၂)

(က)ဖြင့် သဒ္ဓိန္ဒြိယံ–၌ သဒ္ဓါဟူသော အစိတ်ပုဒ်၏ အဖွင့်ကို ပြသည်။

(က)၌လည်း အစိတ်, အစိတ် ရှေးနောက်ထောက်ဆ ပက္ခ+ပက္ခန္တရ–ခွဲ။

(ခ)(ဂ)ဖြင့် ဣန္ဒြိယံဟူသော အစိတ်ပုဒ်၏ အဖွင့်ကို ပြသည်။ ထိုတွင်–

(ဂ)ဖြင့် ဣန္ဒြိယ–မည်ခြင်း၏ အကြောင်းသကတ်တစ်မျိုးကို ပြသည်။

(ဃ)ဖြင့် သဒ္ဓိန္ဒြိယံ–ဟူသော အပေါင်းပုဒ်၏ အဖွင့်ကိုပြသည်။

(င)ဖြင့် (ဝစနတ္ထမှတပါး) လက္ခဏာကို ပြသည်။ (ပက္ခ+ပက္ခန္တရချည်းသာ။ ကျမ်းတက်လွယ်ပြီ။)

### (၃)

### (က) ဝါ–သဒ္ဒါထားရခြင်း

သဒ္ဓါပုဒ်၏ ကရဏသာဓနဝစနတ္ထမှတပါး ကတ္တုသာဓနဝစနတ္ထဟူသော ဝစနတ္ထအကြောင်း တစ်မျိုးကို လဲလှယ်ပြလို၍ငင်း၊ (တစ်နည်း) သဒ္ဓါ၌ အ–ပစ္စည်း၏ ကရဏသာဓနအနက်မှ တပါး ကတ္တုသာဓနအနက်ဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလို၍ငင်း၊ ယုံကြည်ကြောင်း ဖြစ်သောကြောင့် သဒ္ဓါမည်၏ဟူသော အကြောင်းသကတ်အနက်မှတပါး ယုံကြည်တတ်သောကြောင့် သဒ္ဓါမည်၏ဟူသော အကြောင်းသကတ်အနက်တစ်မျိုးကို လဲလှယ်ပြလို၍ငင်း သယံ ဝါ သဒ္ဒဟတိ–၌ ဝါ–သဒ္ဒါထားသည်။

[သဒ္ဒဟနမတ္တမေဝ ဝါ ဧသာ–၌ ဝါ–သဒ္ဒါထားရခြင်းကို အထက်ပါအတိုင်းနည်းမှီဖြေ။ (လွယ်ပြီ)]

http://www.dhammadownload.com



### (ဂ) ဝါ–သဒ္ဒါ ထားရခြင်း–

သဒ္ဒါမရှိသူ၏အဖြစ်ကို လွှမ်းမိုးနိုင်ခြင်းကြောင့် (လွှမ်းမိုးနိုင်သည့်အတွက်) မိမိနှင့် စပ်သော တရားတို့ကို အစိုးရသည်၏အဖြစ်ကြောင့် ဣန္ဒြေမည်၏ဟူသော အကြောင်းသကတ်အနက်မှတပါး ဆုံးဖြတ်ခြင်းလက္ခဏာ၌ မိမိ၏ အစိုးရသည်၏အဖြစ်ကို သမ္ပယုတ်တရားတို့ကို ပြုစေတတ်သည်၏ အဖြစ်ကြောင့် ဣန္ဒြေမည်၏ဟူသော အကြောင်းသကတ်အနက်တမျိုးကို လဲလှယ်ပြလို၍ ဝါ–သဒ္ဒါ ထားသည်။

(တစ်နည်း) ဣန္ဒြိယသဒ္ဒါ၏ အဓိပတိယဋ္ဌဝါစီရဋ္ဌအနိပ္ဖန္နပါဋိပဒိကပုဒ်အဖြစ်မှတပါး နိပ္ဖန္နပါဋိပဒိကပုဒ်အဖြစ်ကို လဲလှယ်ပြလို၍ ထားသည်။

(တစ်နည်း) ဤသတိ အဘိဘဝတီတိ ဣန္ဒြိယံ–ဟူသော ဝစနတ္ထမှတပါး ဣန္ဒန္တိ ကာရေတီတိ ဣန္ဒြိယံ (တစ်နည်း) ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ–ဟူသော ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလို၍ ထားသည်။

(တစ်နည်း) ဤသ+ဏျ–ပစ္စည်းဖြင့် ပြီးသော ဣန္ဒြိယသဒ္ဒါမှတပါး ဣဒိ–ဓာတ်+ဏျ–ပစ္စည်းဖြင့် ပြီးသော ဣန္ဒြိယသဒ္ဒါဟူသော သဒ္ဒါတစ်မျိုးကို လဲလှယ်ပြလို၍ ထားသည်။

### (င)၌ စ–သဒ္ဒါ(၂)ခု ထားရခြင်း

သမ္ပသာဒနလက္ခဏာ စ–၌ စ–ဖြင့် သမ္ပက္ခန္ဒနလက္ခဏာကို ဆည်းသည်။ သမ္ပက္ခန္ဒနလက္ခဏာ စ–၌ စ–ဖြင့် သမ္ပသာဒနလက္ခဏာကို ဆည်းသည်။ ဤသို့ အညမညသမုစ္စည်းအနက်ကို ပြလို၍ စ–သဒ္ဒါ(၂)ခု ထားသည်။

### (၄)

* နတ္ထိ + သဒ္ဓါ + ဧတဿာတိ အဿဒ္ဓေါ။ (ပုဂ္ဂလော) အဿဒ္ဓဿ + ဘာဝေါ အဿဒ္ဓိယံ။
✔ အဿဒ္ဓ+ဏျ–သည်ငင်း၊ သဒ္ဓါမရှိသူ၏ + ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပါဒ်နှင့် ဂုဏေး+ဂုဏ်စပ်–ငင်း ဏျ–နီ။
✔ သဒ္ဓါမရှိခြင်းဂုဏ်သည် (ဝါ) အဿဒ္ဓိယအကုသိုလ်စိတ္တုပ္ပါဒ်တို့၏ ...ဓာတ်သည် ပ–နီ။

### "ဝစနတ္ထမှတ်ဖွယ်"

* အဓိနံ အတ္တနာ အာယတ္တာနံ သမ္ပယုတ္တဓမ္မာနံ + ပတိ အဓိပတိ။
* အဓိပတိနော + ဘာဝေါ အဓိပတိယံ။
* အဓိပတိယမေဝ + အတ္ထော သဘာဝေါ အဓိပတိယဋ္ဌော။ တဿ ဋ္ဌော။(မင်းခင်းဂဏ္ဌိ။ ၄၃၈။)

(ဂ) အဓိမုစ္စနံ အဓိမောက္ခော။ (အဓိ, မုစ+ခ။ ဆုံးဖြတ်ခြင်း။)

* အဓိမောက္ခော(ဟုတွာ) + လက္ခဏံ အဓိမောက္ခလက္ခဏံ။ (တသ္မိ)
* ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒော။ (ဣဒိ+က။ လွန်စွာအစိုးရခြင်းကို ပြုခြင်း)
* ဣန္ဒဿ + ဘာဝေါ ဣန္ဒတ္တံ။

### (၅)

| | | |
|---|---|---|
| (က) | သဒ္ဒဟန္တိ–ကား | အာချာတ်ပုဒ်၊ အလိင်၊ ဘူဝါဒိ၊ အာ–ကာရန္တ။ |
| | တောယ–ကား | သဗ္ဗနာမ်၊ ဣတ္ထိလိင်၊ ကညာဒိ(သဗ္ဗနာမ်ဂိုဏ်း)၊ အာ–ကာရန္တ။ |
| (ခ) | အဓိပတိယဋ္ဌေန–ကား | သမာသ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။ |
| | အဓိပတိ–ကား | သမာသ်နာမ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။ |
| (ဂ) | ဣန္ဒဋ္ဌံ–ကား | သမာသ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။ |
| | ဣန္ဒတ္တံ–ဟုရှိလျှင် | ဘာဝတဒ္ဓိတ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ–ကာရန္တ။ |

http://www.dhammadownload.com



(၆)

(က) သဒ္ဓဟတ္ထိ တောယ–ဖြင့် သဒ္ဓါ၌ သံ, ဓာ–ဓာတ် ...ငင်း၊ အ–ပစ္စည်း၏ ကရဏသာဓန အနက်၌ သက် ...ငင်း၊ သဒ္ဓဟတ္ထိ တောယတိ သဒ္ဓါ–ဟုပြု ...ငင်း၊ သံ–ဥပသာရ၏ ဓာတွတ္ထာဝိသေသက ...ငင်း၊ ဓာ–ဓာတ်၏(ဓာရဏအနက်ကို မဟော) ယုံကြည်ခြင်း သဒ္ဓဟနအနက်ဟော...ငင်း၊ သဒ္ဓါမှတပါး ယုံကြည်ကြောင်း ကရိုဏ်းမရှိ။ (သဒ္ဓါသည်ပင် ယုံကြည်ကြောင်းကရိုဏ်းဖြစ်၏)ဟူသော အဓိပ္ပါယ်ကိုငင်း သိစေပါသည်။ (တစ်နည်း) သဒ္ဓဟတ္ထိ တောယ–ဖြင့် ယုံကြည်ခြင်းကြိယာအားဖြင့် ဖြစ်ကုန်သော သမ္ပယုတ်တရားတို့အား ထိုအဓိမောက္ခလက္ခဏာ၌ အကြီးအကဲ၏အဖြစ်ဖြင့် သဒ္ဓါ၏ ကျေးဇူးပြုတတ်သည်၏အဖြစ်ကို သိစေသည်။ (ဝါ) သဒ္ဓါသည် သမ္ပယုတ်တရားတို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

◆ သဒ္ဓဟတ္ထိ ဧတာယာတိ သဒ္ဓဟနကိရိယာယ ပဝတ္တမာနာနံ ဓမ္မာနံ တတ္ထ အာဓိပစ္စဘာဝေန သဒ္ဓါယ ပစ္စယတံ ဒဿေတိ။ (မူလဋီ။ ၈၈။)

သယံ သဒ္ဓဟတိ–ဖြင့် သဒ္ဓါ၌ သံ, ဓာ–ဓာတ် ...ငင်း၊ အ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ငင်း၊ သဒ္ဓဟတီတိ သဒ္ဓါ–ဟု ပြု ...ငင်း၊ သံ–၏ ဓာတွတ္ထဝိသေသက ...ငင်း၊ ဓာ–ဓာတ်၏ ယုံကြည်ခြင်း သဒ္ဓဟနအနက်ဟော ...ငင်း၊ သဒ္ဓါမှတပါး ယုံကြည်တတ်သော ကတ္တားတစ်ပါးမရှိ သဒ္ဓါစေတသိက်ဟူသော ပရမတ္ထဓမ္မသည်ပင် ယုံကြည်တတ်သော ကတ္တားဖြစ်၏ဟူသော အဓိပ္ပါယ် ကိုငင်း သိစေ။

သဒ္ဓဟနမတ္တမေဝ ဝါ–ဖြင့် သဒ္ဓါ၌ သံ, ဓာ–ဓာတ် ...ငင်း၊ အ–ပစ္စည်း ဘာဝသာဓနအနက်၌ သက် ...ငင်း၊ သဒ္ဓဟနံ သဒ္ဓါ–ဟု ပြု ...ငင်း၊ သံ–၏ ဓာတွတ္ထာဝိသေသက ...ငင်း၊ ဓာ–ဓာတ်၏ ယုံကြည်ခြင်း သဒ္ဓဟနအနက်ဟော ...ငင်း၊ သဒ္ဓါဟူသော (ပရမတ္ထ)တရားသည် အလိုသို့ လိုက်၍ ဖြစ်သည် မဟုတ်၊ မိမိဆိုင်ရာအာရုံစသော အကြောင်းများကြောင့်သာ အလိုအလျောက်ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုငင်း သိစေသည်။

အမှာ။ ။သဒ္ဓါ–၏ ကာရဏသာဓ်, ကတ္တုသာဓ်, ဘာဝသာဓ် ဝစနတ္ထအဖွင့်အာဘော် သံဝဏ္ဏနာကို နည်းမှီး၍ သတိဖြေ–တို့ကိုလည်း နည်းတူဖော်လေ။

(ဝါကျဥယျာဉ်။ ၁၃၃–ဝိတက္က–ပုဒ်အဖွင့်၌ ကတ္တုသာဓန, ဘာဝသာဓနအတွက် မူလဋီကာ သာဓကေ ဖော်ပြပြီးဖြစ်သည်။)

မတ္တမေဝ–ဖြင့် (ပရမတ္ထသဘာဝဓမ္မမည်သည် အကြောင်းအားလျော်စွာဖြစ်ခြင်းမျှသာ ဖြစ်သော ကြောင့်) အလုံးစုံသော ပရမတ္ထဓမ္မတို့၌ ဘာဝသာဓနကိုသာ နိပ္ပရိယာယ–မုချအားဖြင့် ရအပ်၏။ ကတ္တုသာဓန, ကရဏသာဓနကိုကား ပရိယာယ–ဥပစာအားဖြင့် ရအပ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

◆ အထဝါ စိန္တနမတ္တံ စိတ္တံ။ ယထာ ပစ္စယံ ဟိ ပဝတ္တိမတ္တမေဝ ယဒိဒံ သဘာဝဓမ္မော နာမ။ ဧဝဉ္စ ကတွာ သဗ္ဗေသမ္ပိ ပရမတ္ထဓမ္မာနံ ဘာဝသာဓနမေဝ နိပ္ပရိယာယတော လဗ္ဘတိ။ ကတ္တုကရဏဝသေန ပန နိဗ္ဗစနံ ပရိယာယကထာတိ ဒဋ္ဌဗ္ဗံ။ (ဋီကာကျော်။ ၇၄။)

(တစ်နည်း) မတ္တမေဝ–ဖြင့် မတ္တသဒ္ဒါသည် နိဝတ္တာပနဝဓာရဏအနက်ရှိ၍ ယင်းမတ္တသဒ္ဒါဖြင့် ကတ္တား, ကရိုဏ်းတို့ကို နစ်စေ၍ ဧဝသဒ္ဒါဖြင့် မတ္တသဒ္ဒါ၏ နစ်စေအပ်သော အနက်ကိုပင် (မတ္တသဒ္ဒါဖြင့် ပြအပ်သော အနက်ကိုပင်) ထင်ရှားစေအပ်၏၊ ခိုင်မြဲအောင်ပြု၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

◆ မတ္တသဒ္ဒေါ စေတ္ထ အဝဓာရဏတ္ထော၊ တေန ကတ္တုကရဏာဒီနိ နိဝတ္တေတိ။ မတ္တသဒ္ဒေန စေတ္ထ အဝဓာရဏတ္ထေန ကတ္တုကရဏာဒီနိ နိဝတ္တေတိ၊ ဧဝသဒ္ဒေန မတ္တသဒ္ဒဿ တဒေဝတ္ထံ ဝိဘာဝေတိ။ အထ ဝါ မတ္တသဒ္ဒေန ကတ္တုကရဏနိဝတ္တနမေဝ ဒဠှံ ကရောတိ။ (မဏိမဉ္ဇူ၊၁။၁၂၆။)

http://www.dhammadownload.com



(ခ) သာဝ–ဖြင့် သဒ္ဓိန္ဒြိယံ–၌ ဣန္ဒြိယံအရ သတ္တ, ဇီဝ, ဖသာစသည်တို့ကို မယူရ။ သဒ္ဓါကို ယူ။

အဓိပတိယဋ္ဌေန–ဖြင့် ဣန္ဒြိယသဒ္ဓါသည် အဓိပတိယဋ္ဌဝါစီရှူးအနိပ္ပန္နပါဠိပဒိကပုဒ်တည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

အဿဒ္ဓိယဿ အဘိဘဝနတော–ဖြင့် အဓိပတိယဋ္ဌေန၌ မိမိနှင့် စပ်သောတရားတို့ကို အစိုးရ၏ဟူသည် မသဒ္ဓါသော သူ၏အဖြစ်ကို နှိပ်နင်းလွှမ်းမိုးတတ်သည်၏ အဖြစ်ကြောင့် အစိုးရသည်၏အဖြစ်ကို သိစေသည်။ (ဘာသာဋီ၊ ၂။ ၂၈၇။)

(တစ်နည်း) အဿဒ္ဓိယဿ အဘိဘဝနတော အဓိပတိယဋ္ဌေန–ဖြင့် ဣန္ဒြိယံပုဒ်၌ (ဣသ–ဓာတ်+ဏျ–ပစ္စည်း။) ဣသ–ဓာတ်၏ အဘိဘဝနအနက်ဟော ...ငင်း၊ ဏျ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ငင်း၊ အဿဒ္ဓိယံ ဣသတိ အဘိဘဝတီတိ ဣန္ဒြိယံ–ဟု ပြု ...ငင်း၊ ဣသိယံ–ဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် ဣန္ဒြိယံ–ဟု ရုပ်ပြီးနေသည်ကိုငင်း သိစေသည်။ (ကျော်စံဂဏ္ဌိ။ ၁၀၆။)

အမှာ။ ။ ဣသို့ ၂–နည်းဖော်ပုံကို အကျယ်သိလိုမူ မဏိသာရမဉ္ဇူ၊ ၂။ ၂၅၈–မှာရှုလေ။

(ခ) တစ်ဝါကျလုံးဖြင့် သဒ္ဓါစေတသိက်၏ ဣန္ဒြိယမည်ခြင်း အကြောင်းသကတ်ကို သိစေသည်။

ဣန္ဒဋ္ဌံ ကာရေတိ–ဖြင့် ဣန္ဒြိယံ၌ (ဣဒိ+ဏျ) ဣဒိ–ဓာတ်၏ ပရမိဿရိယအနက်ကို အတွင်းပြု၍ အတ္တာတိသယနည်းဖြင့် ကရဏာအနက်ဟောသည်ကိုငင်း၊ ဏျ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ငင်း၊ ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ–ဟု ပြု ...ငင်း၊ (ဒြေဒ ဒဿ–ဟူသော သဒ္ဒနီတိသုတ်ဖြင့်) ဒ–ကို ဒြ–ပြု၊ ဏျ–ပစ္စည်း၌ သုတ်ကြီးဖြင့် ဣ–လာ၍ ဣန္ဒြိယံ–ဟု ရုပ်ပြီးနေသည်ကိုငင်း သိစေသည်။ (ကျော်စံဂဏ္ဌိ။ ၁၀၇။ မင်းခင်းဂဏ္ဌိ။ ၄၃၈။)

(တစ်နည်း) ဣန္ဒဋ္ဌံ ကာရေတိ–ဖြင့် ဣန္ဒြိယံ–၌ ဣယ–ပစ္စည်း၏ ကာရေတိတဒ္ဓိတ်အနက်၌ သက် ...ငင်း၊ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ–ဟု ပြု ...ငင်း၊ ဣန္ဒ–၌ ဒ–၏ အစိတ်အ–ကို ရ–ပြု၍ ဣန္ဒြိယံဟု ရုပ်ပြီးနေသည်ငင်း သိစေသည်။ (ကျော်စံဂဏ္ဌိ။ ၁၀၇။)

အမှာ။ ။ ဣန္ဒဋ္ဌံ ကာရေတိ–နှင့်ပတ်သက်၍ ဘာသာဋီကာဆရာ၏ အယူအဆကို ဘာဋီ၊ ၂။၂၈၈–၌ရှု။)

အဓိမောက္ခလက္ခဏေ–ဖြင့် ဘာဝတ္ထ– သိစေသည်။

(ဂ) တစ်ဝါကျလုံးဖြင့် သဒ္ဓါစေတသိက်၏ ဣန္ဒြိယမည်ခြင်း၏ အကြောင်းတစ်မျိုးကို သိစေသည်။

(ဃ)ဖြင့် သဒ္ဓိန္ဒြိယံပုဒ်ကို အဝဓာရဏကမ္မဓာရယ်သမာသ်ဝစနတ္ထပြု ...ငင်း၊ သတ္တ, ဇီဝ, ဖဿ–တို့သည်ကား ဣန္ဒြေမမည်၊ သဒ္ဓါသည်သာ ဣန္ဒြေမည်၏ဟူသော အဓိပ္ပါယ်ကိုငင်း သိစေသည်။

(၇)

(က) သဒ္ဒဟနမတ္တမေဝ–၌ ဂဟေတဗ္ဗတ္တစသည်–

- ✔ သဒ္ဓါပုဒ်၏ ဘာဝသာဓနသည် ဂဟေတဗ္ဗတ္ထ။
- ✔ ကမ္မ, သမ္ပဒါန, အပါဒါန, အဓိကရဏသာဓနတို့သည် နိဝတ္တေတဗ္ဗတ္ထ။
- ✔ ကတ္တုသာဓန, ကရဏသာဓနတို့သည် အနုညာတတ္ထ။

(တစ်နည်း) ယုံကြည်ခြင်း(အမူအရာ)ကြိယာသည် ဂဟေတဗ္ဗတ္ထ။

- ✔ ယုံကြည်ကြောင်း ကရဏဗျာပါရသတ္တိနှင့် ယုံကြည်တတ်သော ကတ္တုဗျာပါရသတ္တိတို့သည် နိဝတ္တေတဗ္ဗတ္ထ။
- ✔ ယုံကြည်ခြင်းကြိယာမျှဖြစ်သော သဒ္ဓါသည် အနုညာတတ္ထ။

http://www.dhammadownload.com



အမှာ။ ။ သရဏမတ္တမေဝ ဝါ သောတိ သတိ။ (ဋ္ဌ။၁၆၄)
အလုဗ္ဘနမတ္တမေဝ ဝါ တန္တိ အလောဘော။ (ဋ္ဌ။၁၇၀)
ဝိရမဏမတ္တမေဝ ဝါ တေန္တိ ဝိရတိ။ (ဋ္ဌ။၁၄၆)
လုဗ္ဘနမတ္တမေဝ ဝါ တန္တိ လောဘော။ (ဋ္ဌ။၂၉၁)
မုယှနမတ္တမေဝ ဝါ တန္တိ မောဟော။ (ဋ္ဌ။၂၉၁)
အဘိဇ္ဈာယနမတ္တမေဝ ဝါ သောတိ အဘိဇ္ဈာ။ (ဋ္ဌ။၂၉၁)-စသည်တို့၌လည်း ဤနည်းမှီ ထုတ်ပါ။

(ခ) သာဝ-၌ ဝေ-၏ ဂဟေတဗ္ဗတ္ထစသည်-

✔ သဒ္ဒါသည် ဂဟေတဗ္ဗတ္ထ။
✔ သတ္တမိဝသည်၎င်း၊ လ္လန္တြေမထိုက်သော ဖဿ, သညာစသည်တို့သည်၎င်း နိဝတ္တေတဗ္ဗတ္ထ။
✔ လ္လန္တြေထိုက်သော သတိ, ဝီရိယစသော တရားတို့သည် အနုညာတတ္ထ။

(ဝါ) သဒ္ဒါ၏ အခြားအမည်ဖြစ်ကောင်းသော မိုလ်စသော ဂုဏ်သည် အနုညာတတ္ထ။

(တစ်နည်း) သဒ္ဒါသည် ဂဟေတဗ္ဗတ္ထ။

✔ သဒ္ဒါမှတပါး လ္လန္တြေထိုက်သော သတိ, ဝီရိယစသည်သည် နိဝတ္တေတဗ္ဗတ္ထ။
✔ သဒ္ဒါ၏အခြားအမည်ဖြစ်ကောင်းသော မိုလ်စသောဂုဏ်သည် အနုညာတတ္ထ။

(ဃ) သဒ္ဒါဝ လ္လန္တြယံ-၌လည်း နည်းတူထုတ်လေ။

အမှာ။ ။ တဒေဝ (ဝီရိယမေဝ) ကောသဇ္ဇသင်္ခာသ (ပ) လ္လန္တြယံ။ (ဋ္ဌ။ ၁၆၃။)
ဝီရိယမေဝ လ္လန္တြယံ။ (ဋ္ဌ။ ၁၆၃။)
သတိဝေ လ္လန္တြယံ။ (ဋ္ဌ။ ၁၆၄။)
သမာဓိယေဝ လ္လန္တြယံ။ (ဋ္ဌ။ ၁၆၅။)
သာဝ… ပညာဝ လ္လန္တြယံ။ (ဋ္ဌ။ ၁၆၅။) စသည်တို့၌လည်း ဤနည်းကိုမှီး၍ ထုတ်လေ။

(ခ) အဿဒ္ဓိယဿ-၌ အ-ကား ပဋိသေဓတ္ထ, ဝိရဟတ္ထ, ဝိရုဒ္ဓတ္ထ။
အဘိဘဝနတော-၌ အဘိ-ကား ဓာတွတ္ထဝိသေသက။
အဓိပတိ-၌ အဓိ-ကား အဓိကတ္ထ, အာယတ္တတ္ထ။

(ဂ) အဓိမောက္ခ-၌ အဓိ-ကား နိစ္ဆယတ္ထ။

(င) ပန-ကား ပက္ခန္တရတ္ထ။ (တစ်နည်း) ဝါကျာရမ္ဘတ္ထ။
စ(၂)လုံးကား အညမညသမုစ္စယတ္ထ။

(ခ) သာ-၌ တ-ကား ဆိုခဲ့ပြီးသော သဒ္ဒါကိုစွဲ ပဋ္ဌန္တ။

(စ)

အဿဒ္ဓိယဿ-အရ သဒ္ဒါမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍

✔ ထို ….သည် ဒဿနတ္ထ။
✔ အယောနိသောမနသိကာရသည် ဒီပကတ္ထ။
✔ ကာယိကဒုက္ခ, စေတသိကဒုက္ခဖြစ်ရခြင်းသည် ပကာသနတ္ထ။
✔ ဗာလူပသေဝန, အသဒ္ဓမ္မဿဝနစသည်သည် ဝိဘာဝတ္ထ။
✔ အပါယ်ဒုဂ္ဂတိသို့ ရောက်ရခြင်းစသည်သည် အနုဘာဝတ္ထ။

(တစ်နည်း) အဿဒ္ဓိယ-အရ မကြည်ညိုသင့်သော ပုရာဏကဿပစသည်တို့၌ ကြည်ညိုခြင်း
မိစ္ဆာဓိမောက္ခကို ယူ၍- ထို ….သည် ဒဿနတ္ထ။

✔ အယောနိသောမနသိကာရသည်၎င်း၊ မကြည်ညိုထိုက်သော ပုရာဏပဿစသော ပုဂ္ဂိုလ်တို့သည်၎င်း ဒီပကတ္ထ။ (ကျန်ပကာသနတ္ထ-စသည်ထုတ်ပုံ တူ၏။)

http://www.dhammadownload.com



(ခ) သာဝ–အရ သဒ္ဓါကို ယူ၍

✔ ထို ...သည် ဒဿနတ္ထ။

✔ သဒ္ဓေယျဝတ္ထုသည် ဒီပကတ္ထ။

✔ နီဝရဏတို့ကို ပယ်ခွါခြင်း, ကိလေသာများ ဆုတ်နစ်သွားခြင်း, စိတ်ကြည်လင်ခြင်း– စသည်တို့သည် ပကာသနတ္ထ။

✔ ပုဗ္ဗေ စ ကတပုညတာစသော သမ္ပတ္တိစက် (၄)ပါးသည် ဝိဘာဝတ္ထ။

✔ စိတ်ကြည်လင်သဖြင့် အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ဥပုသ်စောင့်သုံးခြင်း, ဘာဝနာကမ္မဋ္ဌာန်းပွါးများအားထုတ်ခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

♦ ဒါနံ ဒဒတော သီလံ ရက္ခတော ဥပေါသထကမ္မံ ကရောတော ဘာဝနံ အာရဘတော သဒ္ဓါ ပုဗ္ဗင်္ဂမာ ပုရေစာရိကာ ဟောတိ။ (ဋ္ဌ။ ၁၆၃–ထောက်။)

(၉)

အဓိမောက္ခသည်–

၁။ ယုံကြည်သောအားဖြင့် ဆုံးဖြတ်ခြင်းဟူသော သဒ္ဓါဓိမောက္ခ။

၂။ အဓိမောက္ခစေတသိက်တည်းဟူသော ယေဝါပနကာဓိမောက္ခဟု နှစ်မျိုး။ ထိုတွင်–

အဓိမောက္ခလက္ခဏော–၌ ဤ္ရာဓိပ္ပေတာဓိမောက္ခ–ကား

ယုံကြည်ထိုက်သောဝတ္ထုတို့၌ ယုံကြည်သောအားဖြင့် ဆုံးဖြတ်တတ်သော သဒ္ဓါစေတသိက်ဟူသော သဒ္ဓါဓိမောက္ခပင်တည်း။

♦ ပသာဒဘူတော နိစ္ဆယော ဝတ္ထုဂတော အဓိမောက္ခလက္ခဏံ၊ န ယေဝါပနကာဓိမောက္ခောတိ။(မူလဋီ)

သဒ္ဓေယျဝတ္ထုပဒဋ္ဌာနာ။ (ဋ္ဌ။ ၁၆၃)–၌–သဒ္ဓေယျဝတ္ထု–ဟူသည်–

၁။ ဘုရား ၂။ တရား ၃။ သံဃာ ၄။ ကံ ၅။ ကံ၏အကျိုးတို့တည်း။

♦ ဗုဒ္ဓါဒိဝတ္ထူနိ သဒ္ဓေယျာနိ။ (မူလဋီကာ။ ၈၉။)

♦ ဗုဒ္ဓါဒိဝတ္ထူနီတိ ဧတ္ထ ဣဓလောကပရလောကကမ္မဖလသမ္ဗန္ဓာပိ သင်္ဂဟိတာတိ ဒဋ္ဌဗ္ဗံ။(အနုဋီ။၉၆။)

သောတာပတ္တိယင်္ဂပဒဋ္ဌာနာ ဝါ။ (ဋ္ဌ။ ၁၆၃)–၌ သောတာပတ္တိမဂ်အင်္ဂါ ၄–ပါးဟူသည်–

၁။ သပ္ပုရိသူပသေဝနာ ၂။ သဒ္ဓမ္မဿဝန

၃။ ယောနိသောမနသိကာရ ၄။ ဓမ္မာနုဓမ္မပဋိပတ္တိ–တို့တည်း။

♦ သပ္ပုရိသူပသေဝနသဒ္ဓမ္မဿဝနယောနိသောမနသိကာရဓမ္မာနုဓမ္မပဋိပတ္တိယာ သောတာပတ္တိယင်္ဂါနိ။(မူလဋီ။၈၉။)

သာ ဟတ္ထဝိတ္တဗီဇာနိ ဝိယ ဒဋ္ဌဗ္ဗာ။ (ဋ္ဌ။ ၁၆၃)–၌ သဒ္ဓါ၏လက်,ဥစ္စာ,မျိုးစေ့နှင့်တူပုံ–

သဒ္ဓါသည်– ကုသိုလ်တရားတို့ကို ယူခြင်း၌ လက်နှင့်တူ၏။

သဗ္ဗသမ္ပတ္တိကို ပြီးစေခြင်း၌ ဥစ္စာနှင့်တူ၏။

အမြိုက်တည်းဟူသော အသီးဖလကို သီးစေခြင်း၌ မျိုးစေ့နှင့်တူ၏။(မူလဋီ။၈၉)

"သဒ္ဓါအစစ်နှင့် သဒ္ဓါအတု"

လောက၌ ဘုရားရတနာ, တရားရတနာ, သံဃာရတနာဟု သရဏ, တာဏ, လေဏ, ပရာယဏ အစစ် ပုညခေတ် ရှိ၏။ ကုသိုလ်ကံ, အကုသိုလ်ကံ၊ ထိုကံ၏ ကောင်းကျိုး, မကောင်းကျိုး မည်သည် ရှိ၏ဟု ငါးပါး၌ ယုံကြည်ခြင်းသည် သဒ္ဓါတရားအစစ်တည်း။

http://www.dhammadownload.com



ပုရကာကာသပစသော တိတ္ထိ တက္ကတွန်းတိုဋ္ဌိ ကြည်ညိုခြင်းတို့ကား သဒ္ဓါတရား မမည်။ မိစ္ဆာဓိမောက္ခ စေတသိက်သာတည်း။ အမှတ်မဲ့သော သူတို့၏ တစ်စုံတစ်ခုသော အကြောင်းကိုစွဲ၍ ကြည်ညိုခြင်းသည်လည်း သဒ္ဓါတရား(အစစ်)မဟုတ်။ အဓိမောက္ခစေတသိက်သာတည်း။ (ပြည်သျ၊ ၂။ ၅၆။)

(၁၀)

(က) သဒ္ဒဟန္တိ + ဧတာယ–၌

✔ ဧတာယ–အရ သဒ္ဓါစေတသိက်သည်

သဒ္ဒဟန္တိ–အရ သမ္ပယုတ္တဓမ္မအားသဟ–ပြု။ပြိုင်။ ။သဟကြိး ၄၊ အညာ, သမ္ပ၊ ဏွံ။ (၇)

(ခ) အဿဒ္ဓိယဿ + အဘိဘဝနတော–၌–

✔ အဿဒ္ဓိယဿ–အရ အကုသိုလ်စိတ္တုပ္ပါဒ်သည် (တစ်နည်း) မိစ္ဆာဓိမောက္ခသည်–

အဘိဘဝနတော–အရ သဒ္ဓါစေတသိက်အား ပကတူပ–ပြု။

(ဂ) (သမ္ပယုတ္တဓမ္မေ) + ကာရေတိ–၌–

✔ ကာရေတိ–အရ သဒ္ဓါသည်–

သမ္ပယုတ္တဓမ္မေ–(ကာရိတ်ကံ)အရ သဒ္ဓါသမ္ပယုတ္တဓမ္မအား သဟဇာတ–ပြု။ပြိုင်။ ။(၇)

အမှာ။ ။ ဤသဒ္ဓိန္ဒြိယံပုဒ်အဖွင့် ဝါကျမျိုး မြောက်များစွာ တွေ့ရဦးမည်။ ဝါကျခွဲ, ဒေါသပယ်, စ, ဝါသဒ္ဒါ ထားရခြင်း, အာဘော်, သံဝဏ္ဏနာ, ဓဝတ္ထဖလတ္ထယထုတ်ပုံ, ကြိယာငါးတန်ထုတ်ပုံစသည်တို့လည်း နည်းမှီ ထုတ်ရံပင်။ သို့ဖြစ်၍ ဤဝါကျကို ကျေပြွန်စွာကျက်မှတ်ထား။

===============

## ဝါကျဥယျာဉ် (၁၃၉)

(က) ဝီရဿ ဘာဝေါ ဝီရိယံ။ ဝီရာနံ ဝါ ကမ္မံ ဝီရိယံ၊ ဝိဓိနာ ဝါ နယေန ဥပါယေန ဤရယိတဗ္ဗံ ပဝတ္တယိတဗ္ဗန္တိ ဝီရိယံ။

(ခ) တဒေဝ ကောသဇ္ဇဿ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ။

(ဂ) ပဂ္ဂဟဏလက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဃ) ဝီရိယမေဝ ဣန္ဒြိယံ ဝီရိယိန္ဒြိယံ။ တံ ပနေတံ ဥပတ္ထမ္ဘနလက္ခဏဉ္စ ဝီရိယံ, ပဂ္ဂဟဏလက္ခဏဉ္စ။

ဋ္ဌ။ ၁၆၃။ မူလဋီ။ ၈၉။ ယောဇနာ။ ၁၀၇။ ပြည်သျ၊ ၂။ ၅၆။ ဘာဋီ၊ ၂။၂၉၂။ ကျော်စံဂဏ္ဌိ။ ၃၀၉။ မင်းခင်းဂဏ္ဌိ။ ၄၄၀။

(၁)

(က) ဝီရဿ–စွမ်းနိုင်သောသူ၏။ (ဝါ) လုံ့လရှိသောသူ၏။ ဘာဝေါ–တည်း။

(ဂ) ဝါ–ကား။ ပဂ္ဂဟဏလက္ခဏေ–သမ္ပယုတ်တရားတို့ကို ချီးပင့်ခြင်း, လျှော်သောအားကို ပေးခြင်းလက္ခဏာ၌။ (ပြည်သျ)

(၂)

(က)ဖြင့် ဝီရိယိန္ဒြိယံ–၌ ဝီရိယ–ဟူသော အစိတ်ပုဒ်၏ အဖွင့်ကို ပြသည်။

ယင်း(က)၌ ပထမပိုင်းဝါကျ–ဖြင့် ဘာဝတဒ္ဓိတ်ဝစနတ္ထပြုရမည်ကို ပြသည်။

ဒုတိယ ဝါကျ–ဖြင့် ကမ္မတဒ္ဓိတ်ဝစနတ္ထပြုရမည်ကို ပြသည်။

တတိယဝါကျ–ဖြင့် ကိတ်ဝစနတ္ထ (တစ်နည်း) သမာသ်ဝစနတ္ထပြုရမည်ကို ပြသည်။ (ပက္ခန္တရချည်းသာ။ ကျမ်းတက်လွယ်ပြီ။)

http://www.dhammadownload.com



(ခ)စသော ဝါကျများလည်း သန္ဓိတြွယ်–ပုဒ်အဖွင့်နှင့် ဖွင့်ပုံချင်းအတူတူပင် ဖြစ်သည်။ ပက္ခ+ပက္ခန္တရချည်းသာ။

(၃)

ဝီရာနံ ဝါ ကမ္မံ–၌ ဝါ–သဒ္ဒါထားရခြင်း–

ဝီရိယံပုဒ်၏ ဘာဝတဒ္ဓိတ်ဝစနတ္ထမှတပါး ကမ္မတဒ္ဓိတ်ဝစနတ္ထဟူသော ဝစနတ္ထအကြောင်း တစ်မျိုးကို လဲလှယ်ပြလို၍ (တစ်နည်း) ဝီရိယံ–၌ ဏျ–ပစ္စည်း၏ ဘာဝအနက်မှတပါး ကမ္မအနက်ဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလို၍ (တစ်နည်း) စွမ်းနိုင်သူ၏ အဖြစ်တည်းဟူသော အကြောင်းသကတ် အနက်မှတပါး စွမ်းနိုင်သူတို့၏ အမှုတည်းဟူသော အကြောင်းသကတ်အနက်တစ်မျိုးကို လဲလှယ်ပြလို၍ (တစ်နည်း) ဝီရိယံ–ပုဒ်၏ မုချသဒ္ဒါမှတပါး ဖလူပစာသဒ္ဒါအဖြစ်ကို လဲလှယ်ပြလို၍ ဝါ–သဒ္ဒါထားသည်။

ဝိဓိနာ ဝါ နယေန–၌ ဝါ–သဒ္ဒါထားရခြင်း–

ဝီရိယံ–ပုဒ်၏ တဒ္ဓိတ်ဝစနတ္ထမှတပါး ဟေတုကမ္မသာဓနကိတ်ဝစနတ္ထတည်းဟူသော အကြောင်းတစ်မျိုးကို (ဝါ) တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထတည်းဟူသော ဝစနတ္ထအကြောင်းတစ်မျိုးကို လဲလှယ်ပြလို၍ ဝါ–သဒ္ဒါထားသည်။

(တစ်နည်း) စွမ်းနိုင်သူတို့၏ အမှုတည်းဟူသော အကြောင်းသကတ်အနက်တမှတပါး အစီအရင်နည်းလမ်း လျောက်ပတ်သောအကြောင်းဖြင့် ဖြစ်စေအပ်သည်၏အဖြစ်ဟူသော အကြောင်း သကတ်အနက်တမျိုးကို လဲလှယ်ပြလို၍ ဝါ–သဒ္ဒါထားသည်။

(တစ်နည်း) ဝီရ–ပုဒ်+ဏျ–ပစ္စည်းဖြင့်ပြီးသော တဒ္ဓိတ်ပုဒ်သဒ္ဒါမှတပါး ဝိ, ပုဗ္ဗ+ဤရ–ဓာတ် +ဏျ–ပစ္စည်းဖြင့်ပြီးသော ကိတ်ပုဒ်သဒ္ဒါဟူသော သဒ္ဒါတစ်မျိုးကို (ဝါ) ဝိ, ပုဗ္ဗ+ဤရိယ–ပုဒ်ဖြင့်ပြီးသော သမာသ်ပုဒ်သဒ္ဒါဟူသော သဒ္ဒါတစ်မျိုးကို လဲလှယ်ပြလို၍ ဝါ–သဒ္ဒါထားသည်။

(၄)

* (ဝီရိယေနာဓိဂန္တဗ္ဗသ္သ အတ္ထဿ အလာဘတော) ကုစ္ဆိတေနာကာရေန သီဒတီတိ ကုသီတော။ (ကု, သီဒ+တ။ စက်ဆုပ်သော အခြင်းအရာအားဖြင့် ဆုတ်နစ်ခြင်း။) (နီတိ၊ ဓာတု။ ၉၆။)
* ကုသီယတိ အဗ္ဘောသီယတီတိ ကုသီတော။ (ကုသ+တ။ ဆဲရေးခြင်း။) (ဏွာဒိမောဂ်။ ၈၄။)
* ကုစ္ဆိတံ သီဒတီတိ ကုသီတော။ (မင်းခင်းဂဏ္ဌိ)
* ကုစ္ဆိတော ဟုတွာ သယတိ ပဝတ္တတိ, ကတ္တဗ္ဗကမ္မေ ဝါ သီဒတိ သံသီဒတီတိ ကုသီတော။ (မဏိမဥ္ဇူ။၂။၂၆၅။)
* ကုသီတဿ + ဘာဝေါ ကောသဇ္ဇံ။
✔ ကုသီတ–ပုဒ်+ဏျ–သည်ငင်းပျင်းရိသူ၏+ ဖြစ်ကြောင်းဖြစ်ရာ ပျင်းရိခြင်းနှင့် ဂုဏော+ဂုဏ် အကျိုး+အကြောင်းစပ်–ငင်း ဏျ–နိ။
✔ ပျင်းရိသော သူ၏အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) ပျင်းရိခြင်းသည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

(က) ဝီရယတီတိ ဝီရော။ (တဿ) (ဝီရ+အ။ အားထုတ်ခြင်း, ရဲရင့်ခြင်း။)

(တစ်နည်း) ဝေတိ ဥတ္တမဘာဝံ ယာတီတိ ဝီရော။ (ဝီ+ရ။)

(တစ်နည်း) ဤရိတဗ္ဗံ ကမ္မံ ဤရေား။ ဝိဂတော + ဤရော (ကမ္မံ) + ယေနာတိ ဝီရော။ (သူစိ) (ကင်းသောတုန်လှုပ်ခြင်း၏ + ရဲရင့်သောသူနှင့် ဂုဏ်+ဂုဏောစပ်။)

* ဥပဂစ္ဆတိ ဧတေနာတိ ဥပါယော။ (ဥပ, အယ+အ။)(သူစိ)

http://www.dhammadownload.com



(၅)

ဝိမိနာ–ကား ကိတ်နာမ်၊ ပုံလိင်၊ ရတ္တာဒိ၊ ကြကာရန္တ။(ဝိ, ဓာ+ကြ။)

(၆)

(က) ဝီရဿ ဘာဝေါ–ဖြင့် ဝီရိယံ၌ (ဝီရ+ဏျ)ဏျ–ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက် ...ငင်း၊ ဝီရဿ ဘာဝေါ ဝီရိယံ–ဟု ပြု ...ငင်း သိစေသည်။

ဝီရာနံ ကမ္မံ–ဖြင့် ဝီရိယံ၌ ဏျ–ပစ္စည်း၏ ကမ္မတဒ္ဓိတ်အနက်၌ သက် ...ငင်း၊ ဝီရာနံ ကမ္မံ ဝီရိယံ–ဟု ပြု ...ငင်း သိစေသည်။

ဝိဓိနာ ဤရယိတဗ္ဗံ–ဖြင့် ဝီရိယံ၌ ဝိ, ဤရ–ဓာတ် ...ငင်း၊ ဏျ–ပစ္စည်း၏ ဟေတုကမ္မသာဓန အနက်၌ သက် .ငင်း၊ ဝိ–၏ ဝိဓိအနက်ဟော–ငင်း၊ ဝိဓိနာ ဤရယိတဗ္ဗန္တိ ဝီရိယံ–ဟု ပြု.ငင်း သိစေ။

(တစ်နည်း) ဝီရိယံ၌ ဝိ–ပုဒ်+ဤရိယ–ပုဒ်၊ ဤရိယံ–၌ ဤရ–ဓာတ် ...ငင်း၊ ဏျ–ပစ္စည်း၏ ဟေတုကမ္မသာဓနအနက်၌ သက် ...ငင်း၊ ဤရယိတဗ္ဗန္တိ ဤရိယံ–ဟု ပြု ...ငင်း၊ အပေါင်းပုဒ်ကို ဝိဓိနာ + ဤရိယံ ဝီရိယံ–ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြု...ငင်း သိစေသည်။

နယေန ဥပါယေန–ဖြင့် ဝိဓိ–အရ နယ, ဥပါယကို ယူ... သိစေသည်။

ပဝတ္တေတဗ္ဗံ–ဖြင့် ဤရယိတဗ္ဗံ၌ ဤရ–ဓာတ်၏ ပဝတ္တနဂတိအနက်ဟော... သိစေသည်။

(ကျန်ဝါကျများ အာဘော် ရှေးသဒ္ဒါဖြေအဖွင့်နှင့် အတူပေါ်။)

(၇)

(ခ) တဒေဝ (ဃ) ဝီရိယမေဝ–တို့၌ ဂဟေတဗ္ဗတ္ထ–စသည်ကို သဒ္ဒါဖြေအဖွင့်ကို နည်းမှီထုတ်။

(ဂ) ပဂ္ဂဟဏာ–၌ ပ–ကား ဓာတွတ္ထဝိသေသက။

(၈)

✔ ဝီရိယသည် ဒဿနတ္ထ။

✔ ဝီရိယာရမ္ဘဝတ္ထု ၈–ပါးသည် ဒီပကတ္ထ။

✔ ပျင်းရိခြင်းကို ပယ်ရှားခြင်း, ခပ်သိမ်းသော ကုသိုလ်တရားတို့မှ မဆုတ်ယုတ်ခြင်းသည် ပကာသနတ္ထ။

✔ စတုစက္ကသမ္ပတ္တိစသည်သည် ဝိဘာဝတ္ထ။

✔ လူနတ်နိဗ္ဗာန်သုံးတန်ချမ်းသာရရှိခြင်းသည် အနုဘာဝတ္ထ။

◆ ဝီရိယပတ္ထမ္ဘိတာ သဗ္ဗေ ကုသလာဓမ္မာ နဟာယန္တိ န ပရိဟာယန္တိ။

◆ သမ္မာ အာရဒ္ဓံ သဗ္ဗာသံ သမ္ပတ္တီနံ မူလံ ဟောတိ။ (ဋ္ဌ။ ၁၆၄။)

(ခ) ကောသဇ္ဇဿ–အရ ပျင်းရိသောသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍ထုတ်။

(၉)

သံဝေဂပဒဋ္ဌာနံ။ (ဋ္ဌ။ ၁၄၆)–၌– သံဝေဂဝတ္ထု(၈)ပါး

၁။ ဇာတိ ၂။ ဇရာ ၃။ ဗျာဓိ ၄။ မရဏ ၅။ အပါယဘယ(အပါယဒုက္ခ)

၆။ အတီတေဝဋ္ဋမူလဒုက္ခ ၇။ အနာဂတေဝဋ္ဋမူလဒုက္ခ

၈။ ပစ္စုပ္ပန္နေအာဟာရပရိယေသနဒုက္ခတို့တည်း။

ဤရှစ်ဌာနသည် သံဝေဂ၏ အကြောင်းဝတ္ထုတည်း။ ဤရှစ်ဌာနကို အာရုံပြု၍ စဉ်းစားသောအခါ ထိတ်လန့်ကြောင်းဖြစ်သော ဩတ္တပ္ပနှင့်တကွ ဉာဏ်ဖြစ်ပေါ်လာ၏။ ထိုသဟောတ္တပ္ပဉာဏ်ကို "သံဝေဂ" ဟုခေါ်သည်။ ထိုသံဝေဂသည် ဝီရိယဖြစ်ခြင်း၏အကြောင်းတည်း။ ဤပဒဋ္ဌာန်ကို ကုသိုလ်ဝီရိယ–၌သာ ရအပ်၏။ (ဘာသာဋီကာ၊၂။၂၉၅။)

http://www.dhammadownload.com



ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာနံ။ (ဋ္ဌ။ ၁၆၄)-၌ ဝီရိယာရမ္ဘဝတ္ထု (၈)ပါး
၁။ မဂ္ဂေါ ဂန္တဗ္ဗော ဟောတိ။ ၂။ မဂ္ဂေါ ဂတော။
၃။ ကမ္မံ ကတ္တဗ္ဗံ။ ၄။ ကမ္မံ ကတံ။
၅။ အပ္ပမတ္တကော အာဗာဓော ဥပ္ပန္နော။
၆။ ဂိလာနာ ဝုဋ္ဌိတော ဟောတိ အစိရဝုဋ္ဌိတော ဂေလညာ။
၇။ ဂါမံ ဝါ နိဂမံ ဝါ ပိဏ္ဍာယ စရန္တော န လဘတိ လူခဿ ဝါ ပဏီတဿ ဝါ **ဘောဇနဿ** ယာဝဒတ္ထံ ပါရိပူရိံ။ (မူလဋီ။ ၈၉။)

(၁၀)

(က) ဝီရဿ + ဘာဝေါ-၌-

✔ ဘာဝေါ-အရ ဝီရိယသည်

ဝီရဿ-အရ ထိုနှင့် ယှဉ်ဘက်သမ္ပယုတ္တနာမက္ခန္ဓာ, စိတ္တဇရုပ်အား **သဟဇာတ-ပြု။** ပြိုင်။ ။ သဟကြီး ၄၊ အညံ, သမ္ပ, (ဝိပါက)၊ အဓိ, ဣံ, မဂ္ဂ။ ယထာရဟ(၁၀) (တစ်နည်း) ဝီရဿ-အရ ခန္ဓာပဥ္စကအား ပကတူပ-ပြု။

✔ ဝိဓိနာ နယေန ဥပါယေန-အရ ကြိုတင်စီမံအပ်သော (ပုဗ္ဗပယောဂ-ဟူသော) **သင့်လျော်သော** အကြောင်းသည်-

ဤရဟိတဗ္ဗံ ပဝတ္တေတဗ္ဗံ-အရ ဝီရိယအား ပကတူပ-ပြု။

==============

## ဝါကျဥယျာဉ် (၁၄၀)

(က) သရန္တိ တေန, သယံ ဝါ သရတိ, သရဏမတ္တမေဝ ဝါ ဟောတိ **သတိ။**
(ခ) သာဝ မုဋ္ဌဿစ္စဿ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ၊
(ဂ) ဥပဋ္ဌာနလက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ၊
(ဃ) သတိ စေဝ ဣန္ဒြိယံ သတိန္ဒြိယံ။
(င) သာ ပနေသာ အပိလာပနလက္ခဏာ စ သတိ ဥပဂ္ဂဏှလက္ခဏာ စ။
(စ) ယထာ ဟိ ရညော ဘဏ္ဍာဂါရိကော ဒသဝိဓံ ရတနံ ဂေါပယန္တော သာယံပါတံ ရာဇာနံ ဣဿရိယသမ္ပတ္တိံ သလ္လက္ခာပေတိ သာရေတိ၊ ဧဝမေဝ သတိ ကုသလံ ဓမ္မံ သလ္လက္ခာပေတိ သရာပေတိ။

ဋ္ဌ။ ၁၆၄။ မူလဋီ။ ၈၉။ ပြည်သျှ၊ ၂။ ၅၉။ ဘာသာဋီ၊ ၂။ ၂၅၉။ ကျော်စံဂဏ္ဌိ။ ၃၁၀။ မင်းခင်းဂဏ္ဌိ။ ၄၄၁။

(၁)

(က) တေန ဓမ္မဇာတိယာ-ဖြင့်။ (စိရကတာဒိအာရမ္မဏံ-ရှည်မြင့်စွာသော ကာလ၌ ပြုအပ်သည်စသော အာရုံကို။ သမ္ပယုတ္တဓမ္မာ-တို့သည်။ တံ သမင်္ဂီပုဂ္ဂလာ-တို့သည်။) သရန္တိ-ကုန်၏။ (ပ)

(စ) ဟိ(တံ ပါကဋံ ကရောမိ)-အံ့။

(၂+၃)

သဒ္ဒိန္ဒြေအဖွင့်နှင့် အသွားအလာအတူတူပင်ဖြစ်သည်။

(စ)သည် (င)ဝါကျကို ဥပမာ,ဥပမေယျတို့ဖြင့် ထင်ရှားပြ- တပ္ပါကဋီကရဏ။(ပြည်သျှ၊ ဘာသာဋီ)

(တစ်နည်း) (င)ဝါကျလာ အပိလာပနလက္ခဏာကို ချဲ့လို၍ ယထာ ဟိ-စသည်မိန့်။

(ဝိတ္ထာရ) (မင်းခင်းဂဏ္ဌိ)

http://www.dhammadownload.com



(၄)

* မုသတီတိ မုဋ္ဌာ။ (မုသ+တ။ မေ့လျော့ခြင်း။) မုသော ဘူ,ဝ၆, သမ္မောသေ။ (ဓာတွတ္ထ။၃၀၀။)

* မုဋ္ဌာ + သတိ + ဧတေသာတိ မုဋ္ဌဿတိ။

(လွတ်သော (မေ့လျော့သော) သတိ၏ + ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေးစပ်။)

* မုဋ္ဌဿတိနော + ဘာဝေါ မုဋ္ဌဿစ္စံ။ (တဿ)

✔ မုဋ္ဌဿတိ–ပုဒ် + ဏျ–ပစ္စည်းသည်ငင်း၊ သတိလွတ်သော ပုဂ္ဂိုလ်၏ + သတိလွတ်ခြင်း (ဝါ) အကုသိုလ်စိတ္တုပ္ပါဒ်နှင့် ဂုဏေး+ဂုဏ်စပ်–ငင်း ဗျူ–နိ။

✔ သတိလွတ်သူ၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) သတိလွတ်ခြင်းသည် ပ–န်

“ဝစနတ္ထမှတ်ဖွယ်”

(ဂ) * စိရကတာဒိအာရမ္မဏံ ဥပဂန္တွာ + ဌာနံ ဥပဋ္ဌာနံ။ (မူလဋီ။ ၈၉။)

(ရှည်မြင့်စွာသောကာလပတ်လုံး ပြုအပ်သည်စသော အာရုံသို့ ကပ်ခြင်း ဥပဂမနဘောဂုဏ်၏ + တည်ခြင်း ဝိသေသန+ဝိသေသျစပ်)

* ဥပဋ္ဌာနဋ္ဌ + တံ + လက္ခဏဉ္စာတိ ဥပဋ္ဌာနလက္ခဏံ။

* ပိလာပီယတေ ပိလာပနံ။ (ပလု+ဏာပေ+ယု။ ပ–အစိတ် အ–ကို ဣ–ပြု။ ပေါ်လွင်စေခြင်း။)

* န + ပိလာပနံ အပိလာပနံ။ အပိလာပနံ + လက္ခဏံ + ဧတိဿာတိ အပိလာပနလက္ခဏာ

* ဘဒ္ဒိတဗ္ဗန္တိ ဘဏ္ဍံ။ (ဘဒိ+က။) န ဂစ္ဆတီတိ အဂါ။ (န, ဂမု+ကွိ။)

* အဂေ + ရာတိ ဂဏှာတီတိ အဂါရံ။(အိမ်) (ရဿဿ ဒီဃတ္တေ အာဂါရံ။) (အဂ,ရာ+အ)

* ဘဏ္ဍဿ + အာဂါရံ ဘဏ္ဍာဂါရံ။ ဘဏ္ဍာဂါရေ + နိယုတ္တော ဘ.ဏ္ဍာဂါရိကော။

(၅)

သတိ–ကား ကိတ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။

ရဓညာ–ကား ကိတ်နာမ်၊ ပုံလိင်၊ ရာဇာဒိ၊ အ–ကာရန္တ။

သာယံ–ကား ကိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။

◆ သာယတိ ဒိနံ အဝသာယတီတိ သာယော။ (သာ+ယ) (သုစိ)

(၆)

သရန္တိ ဧတာယ–ဖြင့် သတိ–၌ သရ–ဓာတ် ...ငင်း၊ တိ–ပစ္စည်း ကရဏသာဓနအနက်၌ သက် ...ငင်း၊ သရန္တိ ဧတာယာတိ သတိ–ဟု ပြု ...ငင်း၊ သတိမှတပါး အောက်မေ့ကြောင်းကရိုဏ်းမရှိ (သတိသည်ပင် အောက်မေ့ကြောင်း ကရိုဏ်းဖြစ်၏)ဟူသော အဓိပ္ပါယ်ကိုငင်း သိစေသည်။

(ဤ၌ ဝါကျများ၌ အာဘော်ကို သန္ဓိဖြေအဖွင့်ကို နည်းမှီ၍ ဖေါ်လေ။)

(၇)

(က) သရဏမတ္တမေဝ (ခ) သာဝ (ဃ) သတိဝေ–တို့၌ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံကို ဝါကျဥယျာဉ် (၁၃၈)သန္ဓိဖြေအဖွင့်ဝါကျကို နည်းမှီ ထုတ်လေ။

(ဂ) ဥပဋ္ဌာနလက္ခဏော–၌ ဥပ–ကား ဥပဂမနတ္ထ။

(င) ပန–ကား ပက္ခန္တရတ္ထ။ ဝါကျာရမ္ဘတ္ထ။

အပိလာပန–၌ အ–ကား ပဋိသေဓနတ္ထ။

ဥပဂ္ဂဏှန–၌ ဥပ–ကား ဓာတွတ္ထဝိသေသက။ (တစ်နည်း) ဥပဂမနတ္ထ။

စ–(၂)လုံးကား အညမညသမုစ္စယတ္ထ။

(စ) ဟိ–ကား တပ္ပါကဋီကရဏတ္ထ။ ဝိတ္ထာရတ္ထ။

http://www.dhammadownload.com



(၈)

(ခ) မုဋ္ဌဿစ္စ–အရ သတိလွတ်ကင်းသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍ သဒ္ဒိန္ဒြေအဖွင့် အဿဒ္ဓိယဿနှင့် အတူထုတ်။

အမေး။ ။သယံ ဝါ သရတိ–ကို ကိုယ်ပြု၍ ကြိယာ(၅)တန်ထုတ်ပါ။

အဖြေ။ ✔ သရဏလက္ခဏာ, သရဏသဘောသည် ဒဿနတ္ထ။

✔ ထိရသညာသည် ဖလူပစာရတ္ထ–ဒီပကတ္ထ။

✔ စိရကတစသော အာရုံ၏ မပျောက်ပျက်ခြင်းသည် ပထမကာရဏူပစာရတ္ထ–ပကာသနတ္ထ။

✔ ဒွါရ(၆)ပါးမှ စောင့်ရှောက်ခြင်းသည် ဒုတိယကရဏူပစာရတ္ထ–ဝိဘာဝတ္ထ။

✔ သီလသမ္ပတ္တိ, အဝိပ္ပဋိသာရ–စသည်သည် တတိယကာရဏူပစာရတ္ထ–အနုဘာဝတ္ထ။

(ဥက္ကာ ၁၃၂၉–ခု အစိုးရပုစ္ဆာနှင့် အဖြေ။)

(၁၀)

(က) သရန္တိ + တောယ–၌–

✔ တောယ–အရ သတိသည်–

သရန္တိ–အရ ယှဉ်ဘက်သမ္ပယုတ္တဓမ္မအား သဟဇာတ–ပြု။

ပြိုင်။ ။သဟကြီး ၄၊ အညာ, သမ္ပ၊ ဣန္ဒြိယ, မဂ္ဂ။ (၈)

မှတ်ချက်။ ဝိပါက်၌ ရှိသော သတိဖြစ်အံ့။ ဝိပါက်ထည့်၍ (၉)ပစ္စည်း။

(စ) ကုသလံ ဓမ္မံ + သလ္လက္ခာပေတိ–၌–

✔ သလ္လက္ခာပေတိ–အရ သတိသည်–

ကုသလံ ဓမ္မံ–အရ ယှဉ်ဘက်ကုသိုလ်စိတ္တုပ္ပါဒ်အား သဟ–ပြု။ ပြိုင်။ ။(၈)

============

ဝါကျဥယျာဉ် (၁၄၁)

(က) အာရမ္မဏေ·စိတ္တံ သမ္မာ အာဓိယတိ ဌပေတီတိ သမာဓိ။

(ခ) သောဝ ဝိက္ခေပဿ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ၊

(ဂ) အဝိက္ခေပလက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဃ) သမာဓိယေဝ ဣန္ဒြိယံ သမာဓိန္ဒြိယံ။

(င) လက္ခဏာဒီနိ ပနဿ ဟေဋ္ဌာ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ။

ဋ္ဌ။ ၁၆၅။ မူလဋီ။ ၈၉။ ပြည်သျှ၊ ၂။ ၆၅။ ဘာဋီ၊ ၂။ ၂၉၉။ မင်းခင်းဂဏ္ဍိ။ ၄၄၂။

(၄)

(ခ) ဝိက္ခိပတီတိ ဝိက္ခေပေါ (တဿ)။

✔ ဝိ, ခိပ+ဏ–သည်ရင်း၊ သမ္ပယုတ်တရားတို့ကို အထူးယူးအပြားပြားပစ်လွှင့်ခြင်းကြိယာသည် ရင်း ဗျု–နိ။

✔ သမ္ပယုတ်တရားတို့ကို အထူးထူးအပြားပြားပစ်လွှင့်တတ်သော ဥဒ္ဓစ္စသည် (ဝါ) ...ပစ်လွှင့်ခြင်း ကြိယာသည် ပ–နိ။

◆ ဝိက္ခေပဿ ဥဒ္ဓစ္စဿ။ (မူလဋီ။ ၈၉။)

http://www.dhammadownload.com



(၅)

(က) သမ္မာ–ကား နိပါတ်ပုဒ်၊ အလိင်၊ ဂဏာဝိမုတ်၊ အာ–ကာရန္တ။
အာဓိယတိ–ကား အာချာတ်၊ အလိင်၊ ဘူဝါဒိ၊ အာ–ကာရန္တ။
(အာဓိယတိ–၌ အာ, ဘူဝါဒိ ဓာ–ဓာတ်၊ အ–ပစ္စည်း။ ယ–လာ။ ဓာ–၏အာ–ကို ဣ–ပြု။ ဘာဋီ။၂၉၉။)
ဋ္ဌပေတိ–ကား စုရာဒိ၊ အ–ကာရန္တ၊
ယောဋ္ဌာ–ကား နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ အာ–ကာရန္တ။

(၆)

(က) သမ္မာ အာဓိယတိ–ဖြင့် သမာဓိ၌ သံ, အာ, ဓာ–ဓာတ် ...ငင်း၊ သံ–၏ သမ္မာအနက်ဟော ...ငင်း၊ အာ–၏ ဓာတွတ္ထဝိသေသက ...ငင်း၊ ဣ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ငင်း သမ္မာ အာဓိယတီတိ သမာဓိ–ဟု ပြု ...ငင်း သိစေသည်။
အာရမ္မဏေ စိတ္တံ–ဖြင့် ဘာဝတ္ထ သိစေသည်။
ဋ္ဌပေတိ–ဖြင့် အာဓိယတိ၌ အာ, ဓာ–ဓာတ်သည် ဋ္ဌပနအနက်ဟော... သိစေသည်။

(၇)

(က) သမ္မာ–ကား ပသတ္ထ, သုန္ဒရတ္ထ။
အာဓိယတိ–၌ အာ–ကား ဓာတွတ္ထဝိသေသက။
[(ခ) သော၀ (ဃ) သမာဓိယော၀–တို့၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်မြဲ။]

(င) ဝုတ္တနယေနေ၀–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ ဝုတ္တနယသည် ဂဟေတဗ္ဗတ္ထ။
✔ အဝုတ္တနယသည် နိဝတ္တေတဗ္ဗတ္ထ။
✔ သဒိသနယသည် အနုညာတတ္ထ။

(ခ) သော–ကား သမာဓိကို စွဲ– ပတ္တန္တ။
(င) အဿ–၌ တ–ကား သမာဓိကို စွဲ– ပတ္တန္တ။

(၈)

(ခ) ဝိဂ္ဂဟပဿ–အရ ဥဒ္ဒေသကိုယူ (တစ်နည်း) ဥဒ္ဒေသပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍ ထုတ်။

(င) ဝေဒိတဗ္ဗာနိ–ထားရခြင်း

သမာဓိ၏ လက္ခဏာစသည်တို့ကို အောက်ဖြစ်သော ဧကဂ္ဂတာပုဒ်အဖွင့်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာ နေယျတ္ထ, ဥပစာရတ္ထ, ဝက်တ္ထ, အနေကန္တအားဖြင့် ယူရမည်ဟု ပြလို၍ ဝေဒိတဗ္ဗာနိ– ထားသည်။

(၉)

(ခ) ဝိဂ္ဂဟပဿ–အရ ဥဒ္ဒေသကို ယူ၍ လက္ခဏာဒိစတုက္ကထုတ်။

(၁၀)

(ဂ)၌ ✔ ကာရေတိ–အရ သမာဓိသည်–
ပါဠိသေသသမ္ပယုတ္တဓမ္မေ–အရ သမာဓိနှင့်ယှဉ်ဘက် သမ္ပယုတ္တဓမ္မအား သဟ–ပြု။ ပြီးငင်။ ။ (၉)

=============

http://www.dhammadownload.com



## ဝါကျဥယျာဉ်(၁၄၂)

(က) ပဇာနာတီတိ ပညာ။
(ခ) ကိံ ပဇာနာတိ? "ဣဒံ ဒုက္ခ"န္တိအာဒိနာ နယေန အရိယသစ္စာနိ။
(ဂ) အဋ္ဌကထာယံ ပန "ပညာပေတီတိ ပညာ"တိ ဝုတ္တံ။
(ဃ) ကိန္တိ ပညာပေတီတိ? "အနိစ္စံ ဒုက္ခံ အနတ္တာ"တိ ပညာပေတိ။
(င) သာဝ အဝိဇ္ဇာယ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ၊
(စ) ဒဿနလက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။
(ဆ) ပညာဝ ဣန္ဒြိယံ ပညိန္ဒြိယံ။
(ဇ) သာ ပနေသာ ဩဘာသနလက္ခဏာ စ ပညာ, ပဇာနနလက္ခဏာ စ။
(ဈ) ယထာ ဟိ စတုဘိတ္တိကေ ဂေဟေ ရတ္တိဘာဂေ ဒီပေ ဇလိတေ အန္ဓကာရော နိရုဇ္ဈတိ၊ အာလောကော ပါတုဘဝတိ၊ ဧဝမေဝ ဩဘာသနလက္ခဏာ ပညာ။ ပညောဘာသသမော ဩဘာသော နာမ နတ္ထိ။ ပညဝတော ဟိ ဧကပလ္လင်္ကေန နိသိန္နဿ ဒသသဟဿိလောကဓာတု ဧကာလောကာ ဟောတိ။

ဋ္ဌ။ ၁၆၅။ မူလဋီ။ ၈၉။ ပြည်သျှ၊ ၂။ ၆၅။ ဘာဋီ၊ ၂။ ၃၀၀။ ကျော်စံဂဏ္ဌိ။ ၃၁၁။ မင်းခင်းဂဏ္ဌိ။ ၄၄၂။

(၁)

(ခ) ကိံ-ကို။ ပဇာနာတိ-အပြားအားဖြင့် သိတတ်သနည်း။ ဣဒံ-ဤတဏှာကြဉ်သော တေဘူမကတရားသည်။ (အဘိမွှာနည်း) (ဝါ) ဤဇာတိအစရှိသော တရားသည်။ (သုတ္တန်နည်း) ဒုက္ခံ-တည်း။ ဣတိအာဒိနာ-သော။ နယေန-ဖြင့်။ အရိယာသစ္စာနိ-တို့ကို။ (ပဇာနာတိ-၏။)

(ဂ) ပန-အထူးကို ဆိုအံ့။ အဋ္ဌကထာယံ-မဟာအဋ္ဌကထာ၌။ (ပြည်သျှ)
ပန-ဝါဒန္တရကား။ အဋ္ဌကထာယံ-ရှေးအဋ္ဌကထာ၌။ (ဘာဋီ)

(၂)

(ခ) ဋ္ဌပနာသောဂါဒီပဥ္စက

ဆရာ-သည် (က)ဖြင့် အပြားအားဖြင့် သိတတ်သောကြောင့် ပညာမည်၏ဟု ဆိုတော်မူ၏။ ထိုသို့ ...သော် အပြားအားဖြင့် သိအပ်သော ဉေယျဓမ္မကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ ...ကြောင့် ...မဆိုသင့်။ အပြားအားဖြင့် သိအပ်သော ဉေယျဓမ္မကိုလည်း ပြဆိုသင့်သေး၏။ ...ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။

(ဂ) ပါပနာဒီပဥ္စက

ဆရာ-သည် (က)ဖြင့် ပဇာနာတီတိ ပညာ-ဟု သုဒ္ဓကတ္တုသာဓနဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ ...သော် ရှေးမဟာအဋ္ဌကထာ၌လည်း ဆရာနည်းတူ သုဒ္ဓကတ္တုသာဓနဝစနတ္ထပင် ပြုကြ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်..ကား...မရောက်သင့်။ ထိုသို့ ...ကြောင့် ရှေးမဟာအဋ္ဌကထာဝါဒကိုလည်း ပြဆိုသင့်သေး၏(ပ)စုဒ်ကြောင့် (ဃ)မိန့်။

(င) (စ)သို့ အနုသန္ဓေ

ဤသို့ (က)စသော ဝါကျတို့ဖြင့် ပညိန္ဒြိယံ-၌ ပညာဟူသော အစိတ်ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုပြီး၍ ယခုအခါ၌ ဣန္ဒြိယံဟူသော အစိတ်ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြလိုသော ဆရာသည် (င)(စ) မိန့်။ (ပက္ခန္တရ) (ပဥ္စကတက်မခက်။)

http://www.dhammadownload.com



(ဈ)သို့ အနုသန္ဓေ

ဤသို့ (ဓ)ဝါကျဖြင့် ထိုပညာသည် ဩဘာသနလက္ခဏာ, ပဇာနနလက္ခဏာရှိ၏ဟု ပြဆိုတော်မူပြီး၍ ယခုအခါ၌ ပညာ၏ ဩဘာသနလက္ခဏာရှိပုံကို လောကူပမာဖြင့် ထင်စွာပြလိုသော ဆရာသည် (ဈ)မိန့်။ (ပဋ္ဌကတက်လေ)

(၃)

(ဂ) ပန-သဒ္ဒါ ထားရခြင်း-

သကဝါဒမှတပါး မဟာအဋ္ဌကထာအယူဝါဒအထူးကို ပြလို၍ (ဝါ) ဝိသေသတ္ထဇောတက အဖြစ်ကို ပြလို၍ ပန-သဒ္ဒါထားသည်။

(၄)

* ဘိန္ဒီယတိ ဒွိဓာကရီယတီတိ ဘိတ္တိ။ (ဘိဒိ+တိ။ ခွဲခြင်း။ နှစ်ဖြာပြုခြင်း။)
* စတဿော + ဘိတ္တိယော စတုဘိတ္တိ။ (ဒိဂု)
* စတုဘိတ္တိ + ဧတဿ + အတ္ထီတိ စတုဘိတ္တိကံ။ (ဂေဟံ)

✔ စတုဘိတ္တိ+က-သည်ငင်း၊ နံရံလေးခု၏+အိမ်နှင့် အစိတ်+အပေါင်းစပ်... ငင်း ဗျ-နိ။

✔ နံရံလေးခုရှိသည်၏အဖြစ်တည်းဟူသော ဂုဏ်သည်

(တစ်နည်း) နံရံလေးခုရှိသော အိမ်၏ ....ဓာတ်သည် ပ-နိ။

(တစ်နည်း) စတဿော + ဘိတ္တိယော + ဧတဿာတိ စတုဘိတ္တိကံ-ဟုပြု။ (သမာသန္တ-က။) (ဗဟုဗ္ဗီဟိ။ ထုတ်ပုံမထူး။)

"ဝစနတ္ထမှတ်ဖွယ်"

* အရတိ အဓိဂစ္ဆတိ မဂ္ဂဖလဓမ္မေတိ အရိယော။ (အရ+ဏျ။) (ဓာန်ဋီ)
* သရတိ အာယတိံ ဒုက္ခံ ဟိံသတီတိ သစ္စံ။ (သရ+စ) (ဏွာဒိမောဂ်။ ၃၉)
* အရိယေဟိ + ပဋိဝိဇ္ဈိတဗ္ဗာနိ သစ္စာနိ အရိယသစ္စာနိ။

(အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်း၍ သိအပ်သော အမှန်တရား။)

(တစ်နည်း) အရိယာနံ + သစ္စာနိ အရိယသစ္စာနိ။

(အရိယာတို့၏ + အမှန်သစ္စာတရား။) (သာမိ+သံ။ ဝိသေသန+သျှစပ်။)

* အတ္ထော + ကထီယတိ + ဧတာယာတိ အဋ္ဌကထာ။ (တသံ)

(အထ, ကထ+အ။ အနက်ကို ဖွင့်ဆိုခြင်းကြိယာ။)

(ဈ) အန္ဓံ + ကရောတီတိ အန္ဓကာရော။ (အန္ဓ, ကရ+ဏ။)

(ပကတိမျက်စိကို ကန်းသကဲ့သို့ ပြုတတ်သော အမှောင်။) (ဘာဋီ)

* ဩဘာသိယတေ ဒိဗ္ဗတေ ဩဘာသနံ။
* ဩဘာသနံ + လက္ခဏံ + ဧတာယာတိ ဩဘာသနလက္ခဏာ။
* ပညာ + အဿ အတ္ထီတိ ပညဝါ။ (တဿ) (ပညာ+ဝန္တု။)

(၅)

| | |
|---|---|
| ပဇာနာတိ-ကား | ကိယာဒိ၊ အာ-ကာရန္တ။ (ပ, ဉာ+နာ+တိ။) |
| ကိံ-ကား | သဗ္ဗနာမ်၊ နပုံလိင်၊ စိတ္တာဒိ(သဗ္ဗနာမ်)၊ နိဂ္ဂဟိတန္တ။ |
| (တစ်နည်း) | နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ နိဂ္ဂဟိတန္တ။ |

http://www.dhammadownload.com



(၆)

(က) ပဓာနာဝတီ-ဖြင့် ပညာ၌ ပ, ည-ဓာတ် ...ရင်း၊ အ-ပစ္စည်း သုဒ္ဓကတ္တုသာခနအနက်၌ သက် ...ရင်း၊ ပ-ဥပသာရ၏ ပကာရအနက်ဟော ...ရင်း၊ ပဓာနာဝတီတိ ပညာ-ဟု ပြု...ငင်း သိစေသည်။

(ဂ) ပညာဇေဝတီ-ဖြင့် ဟေတုကတ္တုသာခနမျှသာ ထူး၏။ (ကျန်ဖော်ပြ။)

(၇)

(ခ) ကိံ-ကား ပုစ္ဆနတ္ထ။

(ဂ) ပညာပေတိ-၌ ပ-ကား ပကာရတ္ထ။

♦ ပညာပေတီတိ ပကာရေဟိ ဓာနာပေတိ။ (မူလဋီကာ။ ၈၉။)

ပန-ကား ဝိသေသတ္ထ။ (ပြည်သျှ) ပက္ခန္တရတ္ထ။ (ဘာဋီ)

(ဈ) ယထာ ဟိ-၌ ဟိ-ကား တပ္ပါကဋီကရဏတ္ထ။ (ဝါ) ဝိတ္ထာရတ္ထ။

ပညဝတော ဟိ-၌ ဟိ-ကား ယုတ္တိဒဋ္ဌိကရဏဇောတက။

(၈)

✔ ပညာစေတသိက်သည် ဒဿနတ္ထ။

✔ ယောနိသောမနသိကာရသည် ဒီပကတ္ထ။

✔ အဝိဇ္ဇာတည်းဟူသောအမိုက်မှောင်ကို ဖျက်ဆီးခြင်းသည် ပကာသနတ္ထ။

♦ ပညာ ဥပ္ပဇ္ဇမာနာ အဝိဇ္ဇန္ဓကာရံ ဝိဒ္ဓံသေတိ။ (ဋ္ဌ။ ၁၆၆။)

✔ သပ္ပုရိသူပနိဿယစသည်သည် ဝိဘာဝတ္ထ။

✔ အရိယသစ္စာတို့ကို ထင်ရှားအောင်ပြုခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

♦ ပါကဋ္ဌာနိ အရိယသစ္စာနိ ကရောန္တိ။ (ဋ္ဌ။ ၁၆၆။)

(၉)

(ဈ)၌ ပညဝတော-အရ ဝိပဿနာပညာရှိသော ပုဂ္ဂိုလ်ကို ယူ။

ဓောလောကာ ဟောတိ-ဟူသော စကားကို ဝိပဿနုပက္ကိလေသ၌ လာသော ဩဘာသကို ရည်ရွယ်၍ ဆိုသည်။

♦ ဓောလောကာ ဟောတီတိ ဝိပဿနုပက္ကိလေသောဘာသံ သန္ဓာယာဟ။ (မူလဋီ။ ၈၉။)

(၁၀)

(ဂ)၌ အရိယသစ္စာနိ-အရ အရိယသစ္စာဟူသော အာရုံသည်-

ပဓာနာဝတီ-အရ ပညာအား အာရမ္မဏ-ပြု။

ပြိုင်။ ။ အာ, ဓိ, ဥပ, ပု, အတ္ထိ, အဝိ။ ယထာရဟ(၆)

(တစ်နည်း) အစိပ်အစိပ်ခွဲ ပြိုင်ပုံ

✔ အရိယသစ္စာနိ-အရ နိရောဓ, မဂ္ဂသစ္စာ(၂)ပါးသည်-

ပဓာနာဝတီ-အရ ပညာအား အာ, ဓိ, ဥ။ (၃)

✔ အရိယသစ္စာနိ-အရ သမုဒယသစ္စာသည်-

ပဓာနာဝတီ-အရ ပညာအား အာရမ္မဏ-ပြု။ ပြိုင်။ ။ မရှိ။

✔ အရိယသစ္စာနိ-အရ ဒုက္ခသစ္စာသည်-

ပဓာနာဝတီ-အရ ပညာအား အာရမ္မဏ-ပြု။ ပြိုင်။ ။ ယထာရဟ(၆)

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၄၃)

(က) မနတီတိ မနော။
(ခ) ဝိဇာနာတီတိ အတ္ထော။
(ဂ) အဋ္ဌကထာစရိယာ ပနာဟု "နာဠိယာ မိနမာနော ဝိယ, မဟာတုလာယ ဓာရယမာနော ဝိယ စ အာရမ္မဏံ မိနတိ ပဇာနာတီတိ မနော"တိ။
(ဃ) တဒေဝ မနနလက္ခဏေ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။
(င) မနောဝ ဣန္ဒြိယံ မနိန္ဒြိယံ။
(စ) ဟေဋ္ဌာ ဝုတ္တစိတ္တသဒ္ဒေဝေတံ ဝေဝစနံ။

ဋ္ဌ။ ၁၆၆။ မူလဋီ။ ၈၉။ ပြည်သျှ၊ ၂။ ၆၈။ ဘာသာဋီ၊ ၂။ ၃၀၂။ မင်းခင်းဂဏ္ဌိ။ ၄၄၂။

(၁)

(က) (ယော သဘာဝေါ-သည်။ အာရမ္မဏံ-ကို။) မနတိ-သိတတ်၏။ (ပ)

(ခ) ဝိဇာနာတိ-သညာ, ပညာတို့မှ ထူးသောအားဖြင့် သိတတ်၏။ (ဝါ) ပိုင်းခြား၍ သိခြင်း, လက်ဦးသိခြင်း၏ အစွမ်းအားဖြင့် သိတတ်၏။ (ပ)

(ဂ) ပန-အထူးကို ဆိုအံ့။ (ပြည်သျှ) ပန-ဝါဒန္တရကား။ (ဘာသာဋီကာ)

(၂)

### (ခ) ပါပနာဒိပဉ္ဇက

ဆရာ-သည် (က)ဖြင့် သိတတ်သောကြောင့် မနမည်သောဟု ဆို၏။ ထိုသို့ ...သော် မနတိ-၌ သိ၏ဟူသည် သညာ, ပညာကဲ့သို့ သဉ္ဇာနနပဋိဝိဇ္ဈန၏ အစွမ်းဖြင့် သိ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်..ကား ....မရောက်သင့်။ ထိုသို့ ...ကြောင့် မနတိ၌ သိပုံအခြင်းအရာကိုလည်း ပြဆိုသင့်သေး၏။ (ပ) ...ကား အဘယ်ပါနည်း။ စုန်ကြောင့် (ခ)မိန့်။

အဓိပ္ပါယ်ကား။ ။ (ခ)ဖြင့် မနတိ၌ သိ၏ဟူသည် သညာ, ပညာကဲ့သို့ သဉ္ဇာနနပဋိဝိဇ္ဈန၏ အစွမ်းဖြင့် သိသည် မဟုတ်။ အာရုံကို ပိုင်းခြား၍ယူသည်၏ အစွမ်းဖြင့်သိ၏ဟု ငါပြဆိုပါ၏ဟူလို။

♦ ဝိဇာနာတီတိ ပရိစ္ဆိန္နောပလဒ္ဓိဝသေန ဇာနာတိ၊ န သညာပညာ ဝိယ သဉ္ဇာနနပဋိဝေဇ္ဈန ဝသေန။ (မူလဋီကာ။ ၉၀။)

### (ဂ) ပါပနာဒိပဉ္ဇက

ဆရာ-သည် (က)(ခ)ဝါကျတို့ဖြင့် မနတီတိ မနော-ဟု ဝစနတ္ထပြုရမည်ဟု ဖွင့်ပြဆိုတော်မူ၏။ ထိုသို့ ...သော် ရှေးမဟာအဋ္ဌကထာဆရာတို့သည်လည်း ဆရာနည်းတူ မန-ဓာတ်+အ-ပစ္စည်းဖြင့်ပင် ဝစနတ္ထပြုကြ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်...ကား ...မရောက်သင့်။ ထိုသို့ ...ကြောင့် ရှေးမဟာအဋ္ဌကထာဝါဒအထူးကိုလည်း ပြဆိုသင့်သေး၏။ (ပ)

အဓိပ္ပါယ်ကား။ ။ အာရမ္မဏံ မိနတိ ပဇာနာတီတိ မနော-ဟု မိ-ဓာတ်+ယု-ပစ္စည်းဖြင့် ဝစနတ္ထ ပြုကြကုန်၏ဟု ရှေးအဋ္ဌကထာဆရာတို့၏ ဝါဒန္တရကိုလည်း ငါပြဆိုပါ၏ဟူလို။

### (စ) ပါပနာဒိပဉ္ဇက

ဆရာ-သည် (င)ဖြင့် မနိန္ဒြိယံ-ပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ ...သော် မနိန္ဒြိယံဟူသော ပုဒ်သည် အောက်၌ ဟောတော်မူအပ်ပြီးသော စိတ္တံဟူသော ပုဒ်နှင့် မတူထူးခြား တစ်မျိုးစီကွဲပြား၏ ဟူသော အနက်သည် ရောက်ရာ၏။ စင် ...ကား ...မရောက်သင့်။ ထိုသို့ ...ကြောင့် မနိန္ဒြိယံပုဒ်သည် မည်သည့်ပုဒ်၏

http://www.dhammadownload.com



ဝေဝုစ်ဖြစ်သည်ကိုလည်း ပြဆိုသင့်သေး၏။ ...မပြဆိုဘဲ မနေသင့်။ (ပ) စုဒ်ကြောင့် (စ)မိန့်။

(၃)

(ခ)ဖြင့် မနတိ-အရ သညာသိ, ပညာသိကို မယူရ၊ ဝိညာဏ်သိကို ယူရမည်ဟုပြ၊ ...အတိဗျာပိတ-ပယ်။
(တစ်နည်း) ဝစနတ္ထမှတပါး အဓိပ္ပါယတ္ထကိုပြ၊ အဗျာပိတ-ပယ်။
(တစ်နည်း) သင်္ခေပ+ဝိတ္ထာရ ဆန့်ကျင်။ ဝိရောဓိ-ပယ်။

(စ)ဖြင့် ပုနရုတ္တိ, နိရတ္ထက-ပယ်။

(ဂ)၌ ပန-သဒ္ဒါ ထားရခြင်း

သကဝါဒမှတပါး မဟာအဋ္ဌကထာဝါဒအထူးကို ပြလို၍ (ဝါ) ဝိသေသဇောတကအဖြစ်ကို ပြလို၍ ပန-သဒ္ဒါထားသည်။

(၄)

* တုလယတိ သံယာမေ့သု ပတိဋ္ဌာတီတိ တုလာ။ (တလ+အ။ ဥ-ပြု)
(တစ်နည်း) တုလယတိ မိဏာတိ တောယာတိ ဝါ တုလာ။ (တုလ+အ။ ချိန်တွယ်ခြင်း။)
* မဟတီ + တုလာ မဟာတုလာ။ (တာယ)
✔ ကြီးသော ဂုဏ်၏ + ချိန်ခွင်နှင့် ဂုဏ်+ဂုဏောစပ်- ဗျု-နိ။
✔ ကြီးသော ချိန်ခွင်၏ ...ဓာတ်သည် ပ-နိ။

"ဝစနတ္ထမှတ်ဖွယ်"

(ဂ) အတ္ထော ကထိယတိ တေယာတိ အဋ္ဌကထာ။ (အတ္ထ, ကထ+အ။)
* အဋ္ဌကထံ + ကရောန္တီတိ အဋ္ဌကထာကာရာ။
* သိဿာနံ ဟိတံ အာစရန္တီတိ အာစရိယာ။
* အာဒရေန + စရိတဗ္ဗာ ဥပဋ္ဌာတဗ္ဗာတိ ဝါ အာစရိယာ။ (အာ, စရ+ယ။)
* အဋ္ဌကထာကာရာ စ + တေ + အာစရိယာ စာတိ အဋ္ဌကထာစရိယာ။
(အဋ္ဌကထာကို ပြုတတ်ကုန်သည်၏ အဖြစ်တည်းဟူသော ဂုဏ်၏ + ဆရာတို့နှင့် ဂုဏ်+ဂုဏောစပ်။)
(စ) ဧကော အတ္ထော ပုနပ္ပုနံ ဝုစ္စတိ အနေနာတိ ဝေဝစနံ။ (ဝိ, ဝစ+ယု။ အဖန်ဖန်ဆိုခြင်း။)

(၅)

(က) မနော-ကား ကိတ်နာမ်၊ ပုံ, နပုံ၊ မနောဂိုဏ်း၊ အ-ကာရန္တ။
♦ စိတ္တံ စေတော မနော နိတ္ထိ။ (ဓာန်။ ၁၅၂။)
(ခ) ဝိဇာနာတိ-ကား ကိယာဒိဂိုဏ်း၊ အာ-ကာရန္တ။ (ဝိ, ဉာ+နာ+တိ။)
(ဂ) အာဟု-ကား ဘူဝါဒိဂိုဏ်း၊ ဦ-ကာရန္တ။ (ဗြူ+အ+အန္တိ။)
နာဠိယာ-ကား ကိတ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ-ကာရန္တ။ (နလ+ဣဏ်။)
(စ) ဟေဋ္ဌာ-ကား နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ အာ-ကာရန္တ။

(၆)

(က) မနတိ-ဖြင့် မနော-၌ မန-ဓာတ် ...ငင်း၊ အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ငင်း၊ မနတီတိ မနော-ဟု ပြု ...ငင်း သိစေသည်။

(ခ) ဝိဇာနာတိ-ဖြင့် မနတိ-၌ သိ၏ဟူသည် သညာ, ပညာတို့ကဲ့သို့ သဥ္ဇာနနပဋိဝိဇ္ဈန၏ အစွမ်းဖြင့် သိသည် မဟုတ်။ အာရုံကို ပိုင်းခြား၍ ယူသည်၏ အစွမ်းဖြင့် သိ၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (မူလဋီကာ သာဓကေ ၂-နံပါတ် အဖြေပြန်ကြည့်။)

http://www.dhammadownload.com



(တစ်နည်း) ဝိဇာနာတိ–ဖြင့် မနတိတိ မနော–အရ သညာသိ, ပညာသိကို မယူရ၊ ဝိညာဏ်သိကိုသာ ယူရမည်ဟု သိစေသည်။

(ဂ) မိနတိ–ဖြင့် မနော–၌ မိ–ဓာတ်၏ အဖြစ်ကို ...ရင်း၊ ယု–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ရင်း၊ မိနတိတိ မနော–ဟု ပြု ...ရင်း သိစေသည်။ အာရမ္မဏံ–ဖြင့် ဘာဝတ္တဖော်။

ပဇာနာတိ–ဖြင့် အာရုံကို ချင့်ချိန်တတ်၏ဟူသည် အာရုံကို အပြားအားဖြင့် သိခြင်းပင်တည်းဟု သိစေ။

အမှာ။ ။ ဘာသာဋီကာ၌ "မိနတိ–နှိုင်းချိန်တတ်၏။ နု ဝိဇာနာတိ–မသိတတ်။–ဟု အနက်ပေးပြီးလျှင် မိနာတိ–၏ နောက်၌ ပါဠိအမျိုးမျိုးပျက်နေ၏။ နု ဇာနာတိ–ဟု ရှိသင့်ကြောင်း"မှာထားသည်။ ယင်းအလို– နု ဇာနာတိ–ဖြင့် အာရုံကို နှိုင်းချိန်ရုံသာ နှိုင်းချိန်တတ်၏။ ပညာကဲ့သို့ မသိတတ် ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(၇)

(စ) ဝုတ္တစိတ္တသေယ၀–၌ ဇဝ–၏ ဂဟေတဗ္ဗတ္တစသည်–

✔ ဆိုအပ်ပြီးသော စိတ်သည် ဂဟေတဗ္ဗတ္တ။

(ဝါ) ဖဿပဥ္စမကာရာသိ၌ စိတ္တသဒ္ဒါဖြင့် ညွှန်ပြအပ်သော စိတ်သည် ဂဟေတဗ္ဗတ္တ။

✔ ဖဿ, ဝေဒနာစသည်သည် နိဝတ္တေတဗ္ဗတ္တ။

(ခ) ဝိဇာနာတိ–၌ ဝိ–ကား ဝိသေသတ္တ, ပရိစ္ဆိန္နတ္တ။

(ဂ) ပန–ကား ဝိသေသတ္တ, ပက္ခန္တရတ္တ။ ဝိယ ၂–ပုဒ်ကား ပဋိဘာဂတ္တ။

(၈)

(ဂ) အာဟု–၌ ဖြု–ဓာတ်အရ–

မဟာအဋ္ဌကထာဆရာတို့၏ သန္တာန်၌ ဖြစ်သော သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို ယူ၍

✔ ထို.... သည် ဒဿနတ္တ။

✔ ယောနိသောမနသိကာရသည် ဒီပကတ္တ။

✔ နာဠိယာ မိနမာနော ဝိယစသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္တ။

✔ သဒ္ဒမ္ပဿဝနစသည်သည် ဝိဘာဂတ္တ။

✔ သောတုဇနတို့အား သုတမယဉာဏ်ဖြစ်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန်... အနုဘာဝတ္တ။

အမှာ။ ။ အဋ္ဌကထာစရိယာ, အဋ္ဌကထာစရိယေဟိ, အာစရိယာ, အာစရိယေဟိ–ဟု ကတ္တားထည့်ရသော အာဟု, ဝုတ္တံ, ဘာသိတံ, ကထိတံ–စသော ဒေသနတ္တဝါစကကြိယာတို့၏ အန္တတ္တဓာတ်အရ ထုတ်နိုင်းလျှင် အထက်ပါအတိုင်း အရကောက်၍ ထုတ်လေ။

(၁၀)

အဋ္ဌကထာစရိယာ + အာဟု–၌

✔ အာဟု–ဝယ် ဖြု–ဓာတ်အရ ဒေသနာဉာဏ်သည်–

အဋ္ဌကထာစရိယာ–အရ ထိုနှင့် ယှဉ်ဘက်သမ္ပယုတ္တဓမ္မအား သဟဇာတ–ပြု။

ပြင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ ဟေ, ဓိ, ဣံ, –မဂ်။ (၁၀)

✔ ဖြု–ဓာတ်အရ ဒေသနာဉာဏ်သည်

အဋ္ဌကထာစရိယာ–အရ စိတ္တဇရုပ်အား သဟဇာတ–ပြု။

ပြင်။ ။ သဟကြီး ၄၊ ဝိပ္ပ၊ ဟေ, ဓိ, ဣံ, မဂ်။ (၉)

✔ ဖြု–ဓာတ်အရ ဒေသနာဉာဏ်သည်

အဋ္ဌကထာစရိယာ–အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော ယှဉ်ဘက်ဉာဏသမ္ပယုတ္တဓမ္မနှင့် စိတ္တဇရုပ်အား သဟဇာတ–ပြု။ ပြင်။ ။ သဟကြီး ၄၊ ဟေ, ဓိ, ဣံ, မဂ်။ (၈)

===============

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၄၄)

(က) ပီတိသောမနဿသမ္ပယောဂတော သောဘနံ မနော အဿာတိ သုမနော။
(ခ) သုမနဿ ဘာဝေါ သောမနဿံ။
(ဂ) သာတလက္ခဏော ဝေဒနာ ဣဋ္ဌာကာရေတီတိ ဏ္ဍ္ဍိယံ။
(ဃ) သောနဿမေဝ ဣန္ဒြိယံ သောမနဿိန္ဒြိယံ။
(င) ဟေဋ္ဌာ ဝုတ္တဝေဒနာယေဝေတံ ဝေဝစနံ။

ဋ္ဌ၊ ၁၆၆၊ မူလဋီ၊ ၉၀၊ ယောဇနာ၊ ၁၀၈၊ ပြည်သျှ၊ ၂၊ ၆၉၊ ဘာသာဋီ၊ ၂၊ ၃၀၃၊ ကျော်စံဂဏ္ဌိ၊ ၃၂၁၊ မင်းခင်းဂဏ္ဌိ၊ ၄၄၃၊

(၁)

(က) အဿ ပုဂ္ဂလဿ–အား။ ပီတိသောမနဿသမ္ပယောဂတော–ပီတိဖြင့် မှတ်အပ်သော သောမနဿနှင့်ယှဉ်ခြင်းကြောင့်။ (မူလဋီကာအလို) (ဝါ) ပီတိနှင့် ယှဉ်သော သောမနဿနှင့် သမ္ပယုတ်ဖြစ်ခြင်းကြောင့်။ (ဤကား အနုဋီကာအလို) သောဘဏံ–တင့်တယ်သော။ မနော–သည်။ အတ္ထိ။ ဣတိ(တသ္မာ)–ကြောင့်။ သော ပုဂ္ဂလော–သည်။ သုမနော–မည်၏။ (ပြည်သျှ)

ဘာသာဋီကာ၌ "ပီတိသောမနဿသမ္ပယောဂတော–သာယာနှစ်သက်တတ်သော သောမနဿနှင့်ယှဉ်ခြင်းကြောင့်" ဤသို့ တစ်နည်း အနက်ပေးသည်။

(ဂ) သာတလက္ခဏော–သာယာအပ်သော လက္ခဏာ၌။ (ဝါ) သာယာခြင်းလက္ခဏာ၌။ (ပြည်သျှ) (ဝါ) သာယာစေတတ်သည်၏ အဖြစ်ဟူသော လက္ခဏာ၌။ (ဘာသာဋီကာ)

(၂+၃)

ဝါကျအားလုံး ရှေးနောက်ထောက်ဆ ပက္ခ, ပက္ခန္တရချည်းသာ။

(၄)

(က) ပီတိ စ + သောမနဿဥ္စ ပီတိသောမနဿံ။
* ပီတိယာ + ဥပလက္ခိတံ ဝါ +. သောမနဿံ ပီတိသောမနဿံ။ (မူလဋီကာ)
(တစ်နည်း) ပီတိယာ + ယုတ္တံ + သောမနဿံ ပီတိသောမနဿံ။ (အနုဋီကာ)
* သမ္ပယုဇ္ဇနံ သမ္ပယောဂေါ။
* ပီတိသောမနဿေန + သမ္ပယောဂေါ ပီတိသောမနဿသမ္ပယောဂေါ။
✔ ပီတိဖြင့် မှတ်အပ်သော သောမနဿ၏
(ဝါ) ပီတိနှင့် ယှဉ်သော သောမနဿ၏ + ယှဉ်ခြင်းနှင့် ဂုဏ်+ဂုဏေးစပ် ဈ–နိ။
✔ ပီတိဖြင့် မှတ်အပ်သော သောမနဿနှင့် ယှဉ်ခြင်းကြိယာသည် ပ–နိ။

(၅)

(က) သောဘနံ–ကား ကိတ်နာမ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ–ကာရန္တ။
မနော–ကား ကိတ်နာမ်၊ နပုံလိင်၊ မနောဂိုဏ်း၊ အ–ကာရန္တ။
အဿ–ကား သဗ္ဗနာမ်၊ ပုံလိင်၊ ပုရိသာဒိ(သဗ္ဗနာမ်)ဂိုဏ်း၊ အ–ကာရန္တ။
(ဂ) သာတလက္ခဏော–၌ သာတ–ကား ကိတ်နာမ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ–ကာရန္တ။

(၆)

(က) သောဘနံ မနော အဿာတိ–ဖြင့် သောမနဿံ၌ သုမနောဝယ် သု–ဥပသာရပုဒ်၏ သောဘဏအနက်ဟော ...ရင်း၊ သောဘနံ မနော အဿာတိ သုမနော–ဟု ပြု ...ရင်း သိစေသည်။

http://www.dhammadownload.com



ပီတိသောမနဿသမ္ပယောဂတော–ဖြင့် သောဘနံ၌ တင့်တယ်၏ဟူသည် ပီတိဖြင့် မှတ်အပ်သော သောမနဿနှင့် ယှဉ်ခြင်းကြောင့် တင့်တယ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(ခ)ဖြင့် **သောမနဿံ–**၌ ဏျ–ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက် ...ရှင်း၊ သုမနဿ + ဘာဝေါ သောမနဿံ–ဟု ပြု ...ရှင်း သိစေသည်။

(၇)

**(င) ဝုတ္တဝေဒနာယေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္တစသည်–**

✔ ဆိုအပ်ပြီးသော ဝေဒနာသည် ဂဟေတဗ္ဗတ္တ။

✔ ဖဿ, သညာစသည်သည် နိဝတ္တေတဗ္ဗတ္တ။

(၁၀)

**(က) သောဘနံ မနော + အဿ–၌–**

✔ သောဘနံ **မနော–အရ** တင့်တယ်သော စိတ်သည်–

အဿ–အရ **ကျန်နာမက္ခန္ဓာ** ၃–ပါး, စိတ္တဇရုပ်အား သဟဇာတ–ပြု။

ပြင်။ ။ သဟကြီး ၄၊ **အညာ,** သမ္ပ၊ ဝိပ္ပ၊ အဝိ, **အာဟာရ,** ဣ။ ယထာရဟ (၁၀)

**(ခ) သုမနဿ + ဘာဝေါ သောမနဿံ–၌**

✔ ဘာဝေါ–အရ **သောမနဿ** ဝေဒနာသည်

သုမနဿ–အရ **သောမနဿဝေဒနာကြည်သော** သမ္ပယုတ္တဓမ္မအား သဟဇာတ–ပြု။

ပြင်။ ။ သဟကြီး ၄၊ **အညာ,** သမ္ပ၊ ဣ, ဈာန။ (၈)

## ဝါကျဥယျာဉ် (၁၄၅)

(က) ဇီဝန္တိ တေန တံ သမ္ပယုတ္တကာ ဓမ္မာတိ ဇီဝိတံ။

(ခ) အနုပါလနလက္ခဏေ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဂ) ဇီဝိတမေဝ ဣန္ဒြိယံ ဇီဝိတိန္ဒြိယံ။

(ဃ) တံ ပဝတ္တသန္တတာဓိပတေယျံ ဟောတိ။

(င) လက္ခဏာဒီဟိ ပန အတ္တနာ အဝိနိဗ္ဘုတ္တာနံ ဓမ္မာနံ အနုပါလနလက္ခဏံ ဇီဝိတိန္ဒြိယံ။ တေသံ ပဝတ္တနရသံ၊ တေသံယေဝ ဌပနပစ္စုပဋ္ဌာနံ၊ ယာပယိတဗ္ဗဓမ္မပဒဋ္ဌာနံ။

(စ) သန္တေပိ စ အနုပါလနလက္ခဏာဒိမှိ ဝိဓာနေ အတ္ထိက္ခဏေယေဝ တံ တေ ဓမ္မေ အနုပါလေတိ၊ ဥဒကံ ဝိယ ဥပ္ပလာဒီနိ။ ယထာသကံပစ္စုပ္ပန္နေပိ စ ဓမ္မေ ပါလေတိ ဓာတီ ဝိယ။ ကုမာရံ သယံ ပဝတ္တိတဓမ္မသမ္ဗန္ဓေနေဝ စ ပဝတ္တတိ နိယာမကော ဝိယ။

(ဆ) န ဘင်္ဂတော ဥဒ္ဓံ ပဝတ္တယတိ အတ္တနော စ ပဝတ္တယိတဗ္ဗာနဉ္စ အဘာဝါ။

(ဇ) န ဘင်္ဂက္ခဏေ ဌပေတိ သယံ ဘိဇ္ဇမာနတ္တာ၊ ခီယမာနော ဝိယ ဝဋ္ဋိသိနေဟော ဒီပသိခံ။

ဋ္ဌ။ ၁၆၇။ မူလဋီ။ ၉၀။ ယောဇနာ။ ၁၀၈။ ပြည်သျှ၊ ၂။ ဖြဋ။ ဘာဋီ၊ ၂။ ၃၀၄။ ကျော်စံဂဏ္ဌိ။ ၃၁၂။ မင်းခင်းဂဏ္ဌိ။ ၄၄၃။

(၁)

(ဃ) တံ ဇီဝိတိန္ဒြိယံ–သည်။ ပဝတ္တသန္တတာဓိပတေယျံ–မပြတ်မစဲဖြစ်တတ်သည်ဖြစ်၍ 'ပဝတ္တ'

http://www.dhammadownload.com



ဟုဆိုအပ်သော ဥပါဒိန္နကခန္ဓာအစဉ်၌ အစိုးရသည်ဖြစ်၍ ဖြစ်သည်။ (ပြည်သျှ) (ဝါ) အဆက်မပြတ်ဖြစ်သော ခန္ဓာအစဉ်၏ အကြီးအကဲသည်။ (ဘာသာဋီကာ)

(စ) စ-ဆက်။ အနုပါလနလက္ခဏာဒီမှိ-အနုပါလနလက္ခဏာ, ပဝတ္တနရသအစရှိသော။ ဝိဇာနေ-အစီအရင်သည်။ သန္တေပိ-ရှိသော်လည်း။ ဥဒကံ-သည်။ ဥပ္ပလာဒီနိ-တို့ကို။ အနုပါလေတိ ဝိယ-သို့။ တထာ-တူ။ အနုပါလေတဗ္ဗာနံ-အစဉ်စောင့်အပ်သော သဟဇာတ်တရားတို့၏။ (သမ္ဗန်) အတ္တိက္ခဏေယေဝ-မိမိရှိစဉ်ခဏ၌ သာလျှင်။ ဇတံ-ဤဇီဝိတိန္ဒြေသည်။ တေ ဓမ္မေ-ထိုရုပ်နာမ်တရားတို့ကို။ အနုပါလေတိ-၏။

♦ အနုပါလေတဗ္ဗာနံ အတ္တိက္ခဏေယေဝ။ (မူလဋီကာ။ ၉၀။)

(၂)

## (ဃ)သို့ ပါပနာဒိပဋ္ဌက

ဆရာ-သည် (ဂ)ဖြင့် ဇီဝိတိန္ဒြိယံပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ ...သော် ဇီဝိတိန္ဒြေက အစိုးရသော တရားတို့ကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ (တစ်နည်း) ဇီဝိတိန္ဒြေသည် အဘယ်တရား၏ အကြီးအကဲဖြစ်သည်ဟု မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ (ပ) ဇီဝိတိန္ဒြေသည် အဘယ်တရား၏ အကြီးအကဲဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

အဓိပ္ပါယ်ကား။ ။ ဇီဝိတိန္ဒြေသည် အဆက်မပြတ်ဖြစ်သော ခန္ဓာအစဉ်၏ အကြီးအကဲဖြစ်၏ဟူလို။

## (င) အနုသန္ဓေ

ဤသို့ (က)(ခ)(ဂ)(ဃ)ဝါကျတို့ဖြင့် ဇီဝိတိန္ဒြိယံပုဒ်၏ ဝစနတ္ထ, အဓိပ္ပါယတ္ထကို ပြဆိုတော် မူပြီး၍ ဤယခုအခါ၌ ယင်းဇီဝိတိန္ဒြေ၏ လက္ခဏာစသည်ကို ပြလိုသော ဆရာသည် (ဝါ) ရုပ်ဇီဝိတ, နာမ်ဇီဝိတ နှစ်ပါး၏ သမာနလက္ခဏာစသည်ကို ပြဆိုတော်မူလိုသော ဆရာသည် (င)မိန့်။ (ပက္ကန္တရ။ ပဋ္ဌကတက်မြီ)

♦ ရူပါရူပဇီဝိတန္ဒြိယာနံ သမာနလက္ခဏာဒိ ဝတ္တုံ "အတ္တနာ အဝိနိဘုတ္တဓမ္မာန"န္တိ အာဟ။(မူလဋီ)

## (စ) ပါပနာဒိပဋ္ဌက

ဆရာ-သည် (င)ဖြင့် ဇီဝိတိန္ဒြေသည် အနုပါလနလက္ခဏာရှိ၏စသည်ဖြင့် ဇီဝိတိန္ဒြေ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ပြဆိုတော်မူ၏။ ထိုသို့ ...သော် ဇီဝိတိန္ဒြေ၏ အနုပါလနလက္ခဏာရှိပုံကို ဥပမာ, ဥပမေယျတို့ဖြင့် ထင်ရှားစွာ မသိအပ်, မသိနိုင်ဟူသော အနက်သည် ရောက်ရာ၏။ (ပ) ဇီဝိတိန္ဒြေ၏အနုပါလနလက္ခဏာရှိပုံကို ဥပမာ, ဥပမေယျတို့ဖြင့် ထင်စွာပြဆိုသင့်သေး၏။ (ပ) (စ)မိန့်။

## "ဘာသာဋီကာ အနုသန္ဓေကျမ်းတက်"

(စ)ဝါကျသို့။ ။ ဇီဝိတိန္ဒြေ၏ အနုပါလနလက္ခဏာကို ထင်စွာပြလို၍ သန္တေပိ စ-အစရှိသည်ကို မိန့်။

[ယင်း(စ)ဝါကျ၌ ဇီဝိတိန္ဒြေ၏ အနုပါလနလက္ခဏာရှိပုံကို လောကူပမာအသီးသီးဖြင့် ထင်စွာပြသော ဝါကျအစိတ်အစိတ် (၃)ခုပါရှိရာ ရှေးနောက်ထောက်ဆ ပက္ခ+ပက္ကန္တရခွဲ၍ ကျမ်းတက်။]

(ဆ)သို့။ ။ ဇီဝိတိန္ဒြေ၏လက္ခဏာမှတပါး ရသကို (ထင်စွာ) ပြလို၍ န ဘင်္ဂတော ဥဒ္ဓံ-စသည်ကို မိန့်။

(ဇ)သို့။ ။ ဇီဝိတိန္ဒြေ၏ ရသမှတပါး ပစ္စုပဋ္ဌာန်ကို (ထင်စွာ)ပြလို၍ န ဘင်္ဂက္ခဏေ-စသည်ကို မိန့်။

(ဤကား ဘာဋီ၊၂။၃၀၅၊၃၀၆-တို့၌ လာသည့် အနုသန္ဓေကျမ်းတက်ပုံ။ ပက္ခ+ပက္ကန္တရချည်းဖြစ်၍ ပဋ္ဌကတက် မခက်။)

## "ပြည်နိဿယ အနုသန္ဓေကျမ်းတက်များ"

(စ)သို့ ပါဠ္ဌာနုသန္ဓေ။ ။ ယဒိ တေသံ အနုပါလနာဒိသာဓကံ၊ ဧဝံ ကထံ တေသံ နိရောဓော ဟောတိ။ ဧဝံ ဟိ သဗ္ဗကာလံ ဌာတဗ္ဗန္တိ အာဟ "သန္တေပိ စာ"တိ အာဒိ။ (ပြည်သျှ။ ၇၀။)

http://www.dhammadownload.com



မြန်မာ။ ။ ထိုသဟဇာတ်တရားတို့ကို ဓိဝိတိန္ဒြေသည် အကယ်၍ အနုပါလနစသည်ကို ပြုစေအံ့။ ထိုတရားတို့အား နိရောဓသည် အသို့မူ၍ ဖြစ်အံ့နည်း။ စုဒ်ရှိရကား သန္တေပိ စ-စသည်မိန့်။ (ကျော်စံဂဏ္ဌိ။ ၃၁၃။)

ပါဠိဈာနုသန္ဓေ။ ။ အတ္တနာ အနုပ္ပါဒိတဓမ္မေ ကထံ ပါလေတီတိ အာဟ "ယထာ သက"န္တိ အာဒိ'။ (ပြည်သျှ။ ၇၀။)

မြန်မာ။ ။ မိမိသည် မဖြစ်စေအပ်သော် အသို့လျှင် စောင့်နိုင်အံ့နည်း။ စုဒ်ရှိရကား ယထာသကံ။ (ပ) ပါလေတိ-မိန့် သော်။ (ကျော်စံဂဏ္ဌိ။ ၃၁၃။)

ပါဠိဈာနုသန္ဓေ။ ။ ဇီဝိတာသု ပန ကိံ ပဝတ္တိကာရဏန္တိ အာဟ "သယ"န္တိ အာဒိ'။ (ပြည်သျှ။၇၁။)

မြန်မာ။ ။ မိမိနှင့် အဝိနိဘုတ္တဖြစ်သော တရားတို့ကို ဇီဝိတိန္ဒြေဖြစ်စေသောဟု ဆိုပြီ။ ဇီဝိတိန္ဒြေကိုကား အသူဖြစ်စေသနည်း။ စုဒ်ရှိရကား သယံ-စသည် မိန့်သော်။ (ကျော်စံဂဏ္ဌိ။ ၃၁၄။)

(ဆ)သို့ ပါဠိဈာနုသန္ဓေ။ ။ ယဒိ ဓမ္မာနံ ပဝတ္တိ ဇီဝိတိန္ဒြိယပဋိဗဒ္ဓါ၊ ဘင်္ဂတော ကိံ ပန ပဝတ္တယတီတိ အာဟ "န ဘင်္ဂတော ဥဒ္ဓ"န္တိ။ (ပြည်သျှ။)

(ဓ)သို့ ပါဠိဈာနုသန္ဓေ။ ။ ဘင်္ဂက္ခဏေ ပန ကထန္တိ အာဟ "န ဘင်္ဂက္ခဏေ ဌပေတီ"တိ။ (ပြည်သျှ။ ၇၁။)

အမှာ။ ။အထက်ပါအနုသန္ဓေကျမ်းတက်အသီးသီးကို ကြည့်၍ ပဋ္ဌကအကျယ်တက်လေ။

(၃)

ဝါကျအားလုံး အဗျာပိတ,အပရိပုဏ္ဏ-ပယ်။

(၄)

* ပဝတ္တတီတိ ပဝတ္တံ။ (ဥပါဒိန္နက္ခန္ဓာ)
* ပုဗ္ဗာပရဝသေန သမ္ဗန္ဓာ + တနောတိ ပဝတ္တတီတိ သန္တတိ။ (သံ, တနု+တိ)(ဓိသုဋ္ဌိ၊ဋီ၊၂။၈။)
* ပဝတ္တံ ဧဝ + သန္တတိ ပဝတ္တသန္တတိ။ (ယောဇနာ)

(တစ်နည်း) ပဝတ္တံ စ + တံ + သန္တတိ စာတိ ပဝတ္တသန္တတိ။ (ဘာသာဋီကာ)

* အဓိပတိမေဝ အာဓိပတေယျံ။ (အဓိပတိ+ဏေယျ။ သွတ္ထ။)
* ပဝတ္တသန္တတိယာ + အာဓိပတေယျံ ပဝတ္တသန္တာဓိပတေယျံ။

✔ မပြတ်မစဲဖြစ်သည်ဖြစ်၍ 'ပဝတ္တ'ဟု ဆိုအပ်သော ဥပါဒိန္နကခန္ဓာအစဉ်၏ + အစိုးရသော ဇီဝိတိန္ဒြေနှင့် ဌာန+ဌာနီ၊ သံ+သာမိစပ် ဗျူ-နိ။

(တစ်နည်း) အဆက်မပြတ်ဖြစ်သော ခန္ဓာအစဉ်၏ + အကြီးအကဲဖြစ်သော ဇီဝိတိန္ဒြေနှင့် သံ+သာမိစပ် ဗျူ-နိ။

✔ ဇီဝိတိန္ဒြေ၏ ပဝတ္တဟုဆိုအပ်သော ဥပါဒိန္နကခန္ဓာအစဉ်၌ အစိုးရသည်၏အဖြစ်တည်းဟူသော ဂုဏ်သည်-

(တစ်နည်း)အဆက်မပြတ်ဖြစ်သော ခန္ဓာအစဉ်၏အကြီးအကဲ၏အဖြစ်တည်းဟူသော ဂုဏ်သည် ပ-နိ။

"ဝစနတ္ထမှတ်ဖွယ်"

(င) ဝိနိဘုဇ္ဇန္တေတိ ဝိနိဘုတ္တာ။ (တစ်နည်း) ဝိနိဘုဉ္ဇိယန္တေတိ ဝိနိဘုတ္တာ။ (ဝိ, နိ, ဘုဇ+တ။)

* န + ဝိနိဘုတ္တာ အဝိနိဘုတ္တာ။

(န-အရ ပဋိသေဓဓောဂုဏ်၏ + မခွဲခြမ်း မဝေဘန်အပ်ကုန်သော တရားတို့နှင့် ဂုဏ်+ဂုဏေးစပ်။)

* အနုပါလနဝသေန ယာပယိတဗ္ဗာတိ ယာပယိတဗ္ဗာ။ (ယပ+ဏာယ+တဗ္ဗ။)
* ယာပယိတဗ္ဗာ ဧဝ + ဓမ္မာ ယာပယိတဗ္ဗဓမ္မာ။
* ယာပယိတဗ္ဗဓမ္မာ + ပဒဋ္ဌာနံ + အဿာတိ ယာပယိတဗ္ဗဓမ္မပဒဋ္ဌာနံ။ (ယောဇနာ။ ၁၀၈။)

(ယာပယိတဗ္ဗဓမ္မပဒဋ္ဌာန်၏ + ဇီဝိတိန္ဒြေနှင့် အကြောင်း+အကျိုးစပ်။)

http://www.dhammadownload.com



(စ) ဥန္နတိ ဒြဝံ ကရောတီတိ ဥဒကံ။ (ဥဒိ+ဏျု)
* ကုမာရေ ဓာရေတီတိ ဓာတိ။ (ဓာ+တိ။ ဆောင်ခြင်း။)
* ဥဒကံ ပိဝတီတိ ဥပ္ပလံ။ (ဥ,ပါ+အလ။ သောက်ခြင်း။) (ဏွာဒိမောဂ်)
* နိယစ္ဆတိ ပေါတန္တိ နိယာမကော။ (နိ, ယမု+ဏျု။ လှေသူကြီး။) (ဓာန်ဋီ)

(၅)

(စ) သန္တေ–ကား ကိတ်နာမ်၊ နပုံလိင်၊ ဂစ္ဆန္တာဒိ၊ အ–ကာရန္တ။
အနုပါလနလက္ခဏာဒိမှိ–ကား သမာသ်နာမ်၊ နပုံလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။
အတ္ထိ–ကား နိပါတ်ပုဒ်။
ဓာတိ(ဓာတီ)–ကား ကိတ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ, ဤ–ကာရန္တ။

(၆)

(က) ဓိဝန္တိ တေန–ဖြင့် ဓိဝိတံ–၌ ဓိဝ–ဓာတ် ...ငင်း၊ တ–ပစ္စည်း၏ ကရဏသာဓနအနက်၌ သက် ...ငင်း၊ ဓိဝန္တိ တေနာတိ ဓိဝိတံ–ဟု ပြု ...ငင်း၊ ဓိဝိတမှတပါး အသက်ရှင်ကြောင်း ကရိဏ်းမရှိ၊ ဓိဝိတသည်ပင် အသက်ရှင်ကြောင်းကရိဏ်းဖြစ်၏ဟူသော အဓိပ္ပါယ်ကိုငင်း သိစေသည်။

(၇)

တေသံယေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–
✔ သဟဇာတရုပ်, နာမ်တရားတို့သည် ဂဟေတဗ္ဗတ္ထ။
✔ တကွဖြစ်ဘက်မဟုတ်သော ရုပ်နာမ်တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။

(စ) အတ္ထိက္ခဏေယေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–
✔ အနုပါလေတဗ္ဗတရားတို့၏ ထင်ရှားရှိဆဲ ခဏသည် ဂဟေတဗ္ဗတ္ထ။
✔ အနုပါလေတဗ္ဗတရားတို့၏ ထင်ရှားရှိဆဲမဟုတ်သော ခဏသည် နိဝတ္တေတဗ္ဗတ္ထ။

(ဃ) ပဝတ္တ–၌ ပ–ကား ပဗန္ဓတ္ထ။
အဓိပတေယျ–၌ အဓိ–ကား ဣဿရတ္ထ။
(င) ပန–ကား ပက္ခန္တရတ္ထ။
(စ) သန္တေပိ–၌ ပိ–ကား အရုစျတ္ထ, ဂရဟတ္ထ။
စ–ကား ဝါကျာရမ္ဘတ္ထ။
ပစ္စယုပ္ပန္နေပိ စ–၌ စ–ကား ဝါကျာရမ္ဘတ္ထ၊ ပက္ခန္တရတ္ထ။
သမ္ပန္နေနဝ စ–၌ စ–ကား ဝါကျာရမ္ဘတ္ထ၊ ပက္ခန္တရတ္ထ။

(၉)

(င) အတ္တနာ သမ္ပယုတ္တာ–ဟု မဆိုဘဲ အတ္တာနံ အဝိနိဘုတ္တာနံ–ဟု ဆိုရခြင်း။

သမ္ပယုတ္တာနံဟု ဆိုလျှင် (ရုပ်ဓမ္မတို့၏ သမ္ပယောဂမဖြစ်ရကား) ရုပ်ဇီဝိတိန္ဒြေကို မသိမ်းယူနိုင်။ ဤ၌ ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေ ၂–ပါးလုံးကို သိမ်းကြုံးယူစေလိုသည့်အတွက် "သမ္ပယုတ္တာနံ"ဟု မဆိုဘဲ "အဝိနိဘုတ္တာနံ"ဟု ဆိုသည်။

♦ သမ္ပယုတ္တာနန္တိ ဟိ ဝုစ္စမာနေ ရူပဓမ္မာနံ သမ္ပယောဂါဘာဝတော ရူပဇီဝိတိန္ဒြိယဿ သင်္ဂဟော န သိယာ။ အဝိနိဘုတ္တာနန္တိ ပန ဝုတ္တတ္တာ (ပ) တေသံ သဗ္ဗေသံ သင်္ဂဟော ဟောတီတိ။(ပြည်သျှ)

http://www.dhammadownload.com



(၁၀)

(င) အတ္ထနာ + အဝိနိဗ္ဘုတ္တာနံ ဓမ္မာနံ–၌–

✔ အတ္ထနာ–အရ ရုပ်ဓိဝိတိန္ဒြေသည်–

အဝိနိဗ္ဘုတ္တာနံ ဓမ္မာနံ–အရ ရုပ်ဓိဝိတိန္ဒြေကြဉ် ကလာပ်တူ ကမ္မဇရုပ်အား ရူပဓိဝိတိန္ဒြိယ–ပြ။ ပြိုင်။ ။ ရူပဓိဝိတိန္ဒြိယ, ရူပဓိဝိတိန္ဒြိယတ္တိ, ရူပဓိဝိတိန္ဒြိယအဝိဂတ။ (၃)

✔ အတ္ထနာ–အရ နာမ်ဓိဝိတိန္ဒြေသည်

အဝိနိဗ္ဘုတ္တာနံ ဓမ္မာနံ–အရ ယှဉ်ဘက်သမ္ပယုတ္တဓမ္မအား သဟဇာတ–ပြ။ ပြိုင်။ ။ သဟကြီး ၄၊ အညှ, သမ္ပ၊ ဣုံ။ (၇)

အမှာ။ ။ ဓိဝန္တိ + တေန–၌လည်း အထက်ဝါအတိုင်း ၂–မျိုးစီခွဲပြိုင်။

==============

## ဝါကျဥယျာဉ် (၁၄၆)

(က) သမ္မာဒိဋ္ဌိအာဒီသု ဒဿနဋ္ဌေန သမ္မာဒိဋ္ဌိ၊ အဘိနိရောပနဋ္ဌေန သမ္မာသင်္ကပ္ပေါ၊ ပရိဂ္ဂဟဋ္ဌေန သမ္မာဝါယာမော၊ ဥပဋ္ဌာနဋ္ဌေန သမ္မာသတိ၊ အဝိက္ခေပဋ္ဌေန သမ္မာသမာဓီတိ ဝေဒိတဗ္ဗော။

(ခ) ဝစနတ္ထော ပန သမ္မာ ပဿတိ, သမ္မာ ဝါ တာယ ပဿန္တီတိ သမ္မာဒိဋ္ဌိ။ သမ္မာ သင်္ကပ္ပေတိ, သမ္မာ ဝါ တေန သင်္ကပ္ပေန္တီတိ သမ္မာသင်္ကပ္ပေါ။ သမ္မာ ဝါယာမေတိ, သမ္မာ ဝါ တေန ဝါယမန္တီတိ သမ္မာဝါယာမော။ သမ္မာ သရတိ, သမ္မာ ဝါ တာယ သရန္တီတိ သမ္မာသတိ။ သမ္မာ သမာဓိယတိ, သမ္မာ ဝါ တေန သမာဓိယန္တီတိ သမ္မာသမာဓိ။

(ဂ) အပိစ ပသတ္ထာ သုန္ဒရာ ဝါ ဒိဋ္ဌိ သမ္မာဒိဋ္ဌီတိ ဣမိနာပိ နယေန တေသံ ဝစနတ္ထော ဝေဒိတဗ္ဗော။

(ဃ) လက္ခဏာဒီနိ ပန ဟေဋ္ဌာ ဝုတ္တာနေဝ။

ဋ္ဌ။ ၁၆၇။ မူလဋီ။ ၉၀။ ယောဇနာ။ ၁၀၈။ ပြည်သျှ၊ ၂။ ၇၂။ ဘာသာဋီ၊ ၂။ ၃၀၆။ ကျော်စံဂဏ္ဍိ။ ၃၁၅။ ဓမ္မဓင်းဂဏ္ဍိ။ ၄၄၄။

(၁)

(က) သမ္မာဒိဋ္ဌိအာဒီသု–ပုဒ်တို့၌။ (အတ္ထော။ ဓဝံ။ ဝေဒိတဗ္ဗော–၏။)(သမ္မာအဝိပရီတ နိယျာနိကဘာဝေန–မဖေါက်မပြန်ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သည်၏ အဖြစ်ဖြင့်။) ဒဿနဋ္ဌေန–မြင်တတ်သည်၏ အဖြစ်ကြောင့်။ (ပြည်သျှ။) ဒဿနဋ္ဌေန–မြင်တတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်။ (ဒဿန–၌ ဘာဝလောပ, ဘာဝပ္ပဓာန။ ဘာသာဋီကာ) သမ္မာဒိဋ္ဌိ–မည်၏။

(၂)

(က)ဖြင့် သမ္မာဒိဋ္ဌိ–စသော ပုဒ်တို့၏ အဓိပ္ပါယတ္ထ, သဘာဝတ္ထကို ပြသည်။

(ခ)ဖြင့် သဒ္ဒတ္ထ, ဝစနတ္ထကို ပြသည်။

(ခ)ဝါကျတွင် အစိတ်, အစိတ် ပက္ခ+ပက္ခန္တရချည်းဖြစ်သည်။

### (ဂ) ပါပနာဒိပဋ္ဌက

ဆရာ–သည် (ခ)ဖြင့် သမ္မာသဒ္ဒါသည် အဝိပရီတအနက်ကို ဟော၏။ သမ္မာဒိဋ္ဌိစသည်တို့ကို ကိတ်ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ ...သော် သမ္မာဒိဋ္ဌိစသည်တို့၌ သမ္မာသဒ္ဒါသည် အဝိပရီတအနက်ကိုသာ ဟော၏။ သမ္မာဒိဋ္ဌိစသော ပုဒ်တို့၏ ကိတ်ဝစနတ္ထကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ (ပ) သမ္မာဒိဋ္ဌိစသည်တို့၌ သမ္မာသဒ္ဒါ၏ အခြားဖြစ်သင့်သော အနက်နှင့် အခြားဖြစ်သင့်သော ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ (ပ) (ဂ) မိန့်။

http://www.dhammadownload.com



(ဃ)သည် သမ္မာဒိဋ္ဌိစသည်တို့၏ ဝစနတ္ထမှတပါး လက္ခဏာစသည်တို့ကို (အတိဒေသ သံဝဏ္ဏနာနည်းဖြင့်)ပြသော ပက္ခန္တရ။ (ကျမ်းတက်လွယ်ပြီ)

(၃)

(ခ) ဝါ–သဒ္ဒါထားရခြင်း–

သမ္မာဒိဋ္ဌိ၌ တိ–ပစ္စည်း၏ ကတ္တုသာဓနအနက်မှတပါး ကရဏသာဓနအနက်ဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါ–သဒ္ဒါထားသည်။

(တစ်နည်း) မဖောက်မပြန် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သည်အဖြစ်ဖြင့် မြင်တတ်သည်၏ ၏ အဖြစ်တည်းဟူသော အကြောင်းသကတ်အနက်မှတပါး မဖောက်မပြန်ဝဋ်ဆင်းရဲမှ ထွက်မြောက် စေတတ်သည်၏ အဖြစ်ဖြင့် မြင်ကြောင်း၏ အဖြစ်တည်းဟူသော အကြောင်းသကတ်အနက် တစ်မျိုးကို လဲလှယ်ပြလို၍ ဝါ–သဒ္ဒါထားသည်။ (ကျန် ဝါ–သဒ္ဒါများလည်း မထူးပြီ)

(ဂ) အပိစ–သဒ္ဒါ ထားရခြင်း–

သမ္မာဒိဋ္ဌိစသည်တို့၏ ကိတ်ဝစနတ္ထမှတပါး သမာသ်ဝစနတ္ထဟူသော ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလို၍ (တစ်နည်း) သမ္မာဒိဋ္ဌိစသည်တို့၏ ကိတ်ပုဒ်သဒ္ဒါမှတပါး သမာသ်ပုဒ်သဒ္ဒါဟူသော သဒ္ဒါတစ်မျိုးကို လဲလှယ်ပြလို၍ အပိစ–သဒ္ဒါထားသည်။

(တစ်နည်း) မဖောက်မပြန်ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သည်၏ အဖြစ်ဖြင့် မြင်တတ်, မြင်ကြောင်း၏ အဖြစ်ဟူသော အကြောင်းသကတ်အနက်မှတပါး ချီးမွမ်းအပ်သော, ကောင်းသော ဒိဋ္ဌိ၏အဖြစ်(စသည်)ဟူသော အကြောင်းသကတ်အနက်တစ်မျိုးကို လဲလှယ်ပြလို၍ (တစ်နည်း) သမ္မာဒိဋ္ဌိစသည်တို့၌ သမ္မာသဒ္ဒါ၏ အဝိပရီတတ္ထမှတပါး ပသတ္ထ, သုန္ဒရတ္ထဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလို၍ အပိစ–သဒ္ဒါထားသည်။

(ဂ) သုန္ဒရာ ဝါ–၌ ဝါ–သဒ္ဒါထားရခြင်း–

သမ္မာသဒ္ဒါ၏ ပသတ္ထအနက်မှတပါး သုန္ဒရအနက်ကို လဲလှယ်ပြလို၍ ဝါ–ထားသည်။

(၄)

(ဆ) ပသံသီယိတ္ထာတိ ပသတ္ထာ။

✔ ပ, သံသ+တ–သည်ငင်း၊ ချီးမွမ်းခြင်းကြိယာသည်ငင်း ဗျု–နိ။

✔ ချီးမွမ်းအပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

(က) ပဿတီတိ ဒဿနံ။ (ဒိသ+ယု။)

* ဒဿနဿ + အတ္ထော ဒဿနတ္ထော။ (တေန) (အတ္ထ–သဒ္ဒါ ဘာဝဝါစက။ ထ္ထ–ကို ဋ္ဌ–ပြု။)

(မြင်တတ်သည် + အဖြစ်နှင့် ဂုဏေး+ဂုဏ်စပ်။)

(တစ်နည်း) ပဿတီတိ ဒဿနံ။ ဒဿနဿ ဘာဝေါ ဒဿနံ။ (ဘာဝလောပ)

(တစ်နည်း) ပဿတီတိ ဒဿနံ။ (ဘာဝပ္ပစာန) ဒဿနမေဝ + အတ္ထော ဒဿနဋ္ဌော။

(မြင်တတ်သည်၏ အဖြစ်၏ + အနက်နှင့် ဂုဏ်+ဂုဏေးစပ်။)

* အဘိနိရောပေတီတိ အဘိနိရောပနံ။ (အဘိ, နိ, ရုဟ+ဏာပေ+ယု။)

* ပဂ္ဂဏှာတီတိ ပဂ္ဂဟနံ။ (ပ, ဂဟ+ယု။)

* ဝိက္ခိပတီတိ ဝိက္ခေပနံ။ န + ဝိက္ခေပနံ အဝိက္ခေပနံ။

(ဂ) သုဋ္ဌု + ဒရီယတေတိ သုန္ဒရာ။ (ကမ္မသာဓန။ သူစိ)

သုဋ္ဌု + ဒရီယတေ သုန္ဒရာ။ (ဘာဝသာဓ်)(ဓာန်ဋီ) (သု, ဒရ+အ။ ကောင်းစွာ ဖောက်ခွဲခြင်း။)

http://www.dhammadownload.com



(၅)

(က) သမ္မာဒိဋ္ဌိအာဒီသု–ကား သမာသ်နာမ်၊ နပုံလိင်၊ ရဋ္ဌာဒိ၊ ဣ–ကာရန္တ။
သမ္မာဒိဋ္ဌိ–ကား ဣတ္ထိလိင်၊ ရဋ္ဌာဒိ၊ ဣ–ကာရန္တ။
(ခ) သမ္မာ–ကား နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ အာ–ကာရန္တ။
ပဿတိ–ကား အလိင်၊ ဘူဝါဒိ၊ အာ–ကာရန္တ။ (ဒိသ+အ+တိ။)
သက်ပ္ပေတိ–ကား စုရာဒိ၊ အ–ကာရန္တ။ (သံ, ကပ္ပ+ဏေ+တိ။)
ဝါယာမေတိ–ကား ဘူဝါဒိ၊ ဥ–ကာရန္တ။ (ဝိ, အာ, ယမု+အ+တိ။)
သမာဓိယတိ–ကား ဘူဝါဒိ(ဒိဝါဒိ)၊ အ–ကာရန္တ။(သံ, အာ, ဓာ+အ(ယ)+တိ။)

(၆)

(က) ဒဿနဋ္ဌေန–ဖြင့် မဖေါက်မပြန်ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သည်၏ အဖြစ်ဖြင့် မြင်တတ်သည်၏ အဖြစ်ကြောင့် သမ္မာဒိဋ္ဌိမည်၏ဟု သိစေသည်။ (ဘာဝတ္ထ)

အဘိနိရောပနဋ္ဌေန–ဖြင့် မဖောက်မပြန်ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သည်၏ အဖြစ်ဖြင့် အာရုံသို့ ရှေးရှုထင်တတ်သည်၏ အဖြစ်ကြောင့် သမ္မာသင်္ကပ္ပမည်၏ဟု သိစေသည်။

(ပဂ္ဂဟနဋ္ဌေန–စသည်တို့၌လည်း ဤနည်းအတိုင်းဖော်လေ။)

(ခ) သမ္မာ ပဿတိ–ဖြင့် သမ္မာဒိဋ္ဌိ၌ သမ္မာနိပါတ်ပုဒ်၏ အဝိပရီတအနက်ဟော ...ရင်း၊ ဒိဋ္ဌိ၌ ဒိသ–ဓာတ် ...ရင်း၊ တိ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ရင်း၊ သမ္မာ ပဿတီတိ သမ္မာဒိဋ္ဌိ–ဟု ကတ္တုသာဓနပြု ...ရင်း သိစေသည်။

အမှာ။ ။ သမ္မာသင်္ကပ္ပေါ–၌ သမ္မာ, သံ, ကပ္ပ+အ။

သမ္မာဝါယာမော–၌ သမ္မာ, ဝိ, အာ, ယမ(ယမု)+ဏ။

သမ္မာသတိ–၌ သမ္မာ, သရ+တိ။

သမ္မာသမာဓိ–၌ သမ္မာ, သံ, အာ, ဓာ+ဣ။ မျှသာထုး၏။ ကျန်ဖော်ပြ။

(ဂ) ပသတ္ထာ ဒိဋ္ဌိ–ဖြင့် သမ္မာဒိဋ္ဌိ၌ သမ္မာသဒ္ဒါ ပသတ္ထာအနက်ဟော ...ရင်း၊ သမ္မာ ပသတ္ထာ ဒိဋ္ဌိ သမ္မာဒိဋ္ဌိ–ဟု ပါဒိပုဗ္ဗပဒကမ္မဓာရယ်ပြု ...ရင်း သိစေသည်။

(၇)

(ဃ) ဝုတ္တာနေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ အောက်၌ ဆိုအပ်ပြီးသော (ပညာဝိတက်စသည်တို့၏) လက္ခဏာစသည်တို့သည် ဂဟေတဗ္ဗတ္ထ။

✔ ဆိုအပ်ဆဲ, ဆိုအပ်လတ္တံ့သော (သမ္မာဒိဋ္ဌိစသည်တို့၏) အဓိပ္ပါယတ္ထ, ဝစနတ္ထစသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

✔ အောက်၌ ဆိုအပ်ပြီးသော (ပညာဝိတက်စသည်တို့၏) ဝစနတ္ထစသည်သည် အနုညာတတ္ထ။

သမ္မာဒိဋ္ဌိ–စသည်တို့၌ သမ္မာ–ကား အဝိပရီတတ္ထ (ဝါ) အဝိပရီတနိယျာနိကတ္ထ။

♦ အဝိပရီတတ္ထော ဟိ သမ္မာသဒ္ဒေါ။ အဝိပရီတနိယျာနိကတ္ထော ဝါ သမ္မာသဒ္ဒေါ။ (အနုဋီကာ။ ၉၇။)

(ဂ) ဣမိနာပိ–၌ ပိ–ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။

(၈)

(ဃ) ဝုတ္တာနေဝ–၌ အန္တတ္ထအရ အဋ္ဌကထာဆရာ၏ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

ဗာဟျတ္ထအရ ဩဘာသနလက္ခဏာစသော ဝစီဘေဒသဒ္ဒကို ယူ၍ ထုတ်လေ။

http://www.dhammadownload.com



(ဂ) ဝေဒိတဗ္ဗော-သဒ္ဒါထားရခြင်း

ပသတ္ထာ, သုန္ဒရာ ဝါ ဒိဋ္ဌိ သမ္မာဒိဋ္ဌိ-စသော ဝစနတ္ထများကို ကြေ, သန္နိဋ္ဌာန်အားဖြင့် မမှတ်ယူရ၊ အနေကန္တ, သံသယအားဖြင့်သာ မှတ်ယူအပ်၏ဟု သိစေလို၍ ဝေဒိတဗ္ဗော-ထားသည်။

(၉)

(ဃ) ဝါကျနှင့်အညီ- သမ္မာဒိဋ္ဌိအတွက် ပညာ။ သမ္မာသင်္ကပ္ပအတွက် ဝိတက်။
သမ္မာဝါယာမအတွက် ဝီရိယ။ သမ္မာသတိအတွက် သတိ။
သမ္မာသမာဓိအတွက် ဧကဂ္ဂတာ-တို့၏ လက္ခဏာဒိစတုက္ကတို့ ထုတ်လေ။

(၁၀)

တာယ + ပသတ္ထိ-၌-

✔ တာယ-အရ ပညာသည်-
ပသတ္ထိ-အရ ယှဉ်ဘက်သမ္ပယုတ္တဓမ္မအား သဟဇာတ-ပြု။
ပြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ ဟေ, ဓိ, ဣံ, မဂ်။ (၁၀)

တေန + သင်္ကပ္ပေန-၌-

✔ တေန-အရ ဝိတက်သည်-
သင်္ကပ္ပေန-အရ ယှဉ်ဘက်သမ္ပယုတ္တဓမ္မအား သဟဇာတ-ပြု။
ပြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ ဈာန, မဂ်။ (၈)

တေန + ဝါယမန္တိ-၌-

✔ တေန-အရ ဝီရိယသည်-
ဝါယမန္တိ-အရ ယှဉ်ဘက်သမ္ပယုတ္တဓမ္မအား သဟဇာတ-ပြု။
ပြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ ဓိ, ဣံ, မဂ်။ (၉)

တာယ + သရန္တိ-၌-

✔ တာယ-အရ သတိသည်-
သရန္တိ-အရ ယှဉ်ဘက်သမ္ပယုတ္တဓမ္မအား သဟဇာတ-ပြု။
ပြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ ဣံ, မဂ်။ (၈)

တေန + သမာဓိယန္တိ-၌-

✔ တေန-အရ ဧကဂ္ဂတာသည်-
သမာဓိယန္တိ-အရ ယှဉ်ဘက်သမ္ပယုတ္တဓမ္မအား သဟ-ပြု။
ပြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ ဣံ, ဈာ, မဂ်။ (၉)

===============

ဝါကျဉယျာဉ် (၁၄၇)

(က) သဒ္ဓါဗလာဒီသုပိ သဒ္ဓါဒီနိ ဝုတ္တတ္ထာနေဝ။
(ခ) အကမ္ပိယဋ္ဌေန ပန ဗလန္တိ ဝေဒိတဗ္ဗံ။
(ဂ) ဝေမေတေသု အဿဒ္ဓိယေ န ကမ္ပတီတိ သဒ္ဓါဗလံ။ ကောသဇ္ဇေ န ကမ္ပတီတိ ဝီရိယဗလံ။ မုဋ္ဌသစ္စေ န ကမ္ပတီတိ သတိဗလံ။ ဥဒ္ဓစ္စေ န ကမ္ပတီတိ သမာဓိဗလံ။ အဝိဇ္ဇာယ န ကမ္ပတီတိ ပညာဗလံ။ အဟိရိကေ န ကမ္ပတီတိ ဟိရိဗလံ။ အနောတ္တပ္ပေ န ကမ္ပတီတိ ဩတ္တပ္ပဗလန္တိ အယံ ဥဘယပဒဝသေန အတ္ထဝဏ္ဏနာ ဟောတိ။

ဋ္ဌ။ ၁၆၇။ မူလဋီ။ ၉၀။ ယောဇနာ။ ၁၀၉။ ပြည်သျှ၊ ၂။ ၇၃။ ဘာသာဋီ၊ ၂။ ၁၀၉။ ကျော်စံဂဏ္ဌိ။ ၃၁၅။ မင်းခင်းဂဏ္ဌိ။ ၄၄၄။

http://www.dhammadownload.com



(၁)

(ခ) ပန–ထိုမှတပါး။ (ပြည်သျှ) အတိဒေသသံဝဏ္ဏနာမှတပါး ပစ္စက္ခသံဝဏ္ဏနာကား။ (တာဋီ)

(ဂ) စေ–သို့။ တေသု–ဤသဒ္ဒါဗလစသည်တို့တွင်။ အသဒ္ဓိယေ–သဒ္ဒါကင်းသူ၏အဖြစ်တည်းဟူသော အကုသိုလ်ကြောင့်။ (ပြည်သျှ) (ဝါ) သဒ္ဒါမရှိသူ၏ ဖြစ်ကြောင်းအကုသိုလ်စိတ္တုပ္ပါဒ်ကြောင့် (ဝါ) မိစ္ဆာဓိမောက္ခကြောင့်။ (ဘာသာဋီကာ) နကမ္ပတိ (ပ) ဩဠတ္တပ္ပဗလံ–မည်၏။ ဣတိ (အယံ)–ကား။ ဥဘယပဒဝသေန–သဒ္ဒါဟူသောပုဒ်, ဗလဟူသောပုဒ်စသော ပဒဒွယ၏ အစွမ်းဖြင့်။ (ပ)

(၂)

(ခ)သို့ ပါပနာဒိပဋ္ဌက

ဆရာ–သည် သဒ္ဒါဗလံစသောပုဒ်တို့၌ သဒ္ဒါစသောပုဒ်တို့သည် ဆိုအပ်ပြီးသော အနက်ရှိသည် သာတည်းဟု အတိဒေသသံဝဏ္ဏနာနည်းဖြင့် ဖွင့်ပြဆိုတော်မူ၏။ ထိုသို့ ...သော် သဒ္ဒါဗလံ စသည်တို့၌ သဒ္ဒါစသောပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာသာရှိ၍ ဗလပုဒ်၏ အဖွင့်သံဝဏ္ဏနာမရှိဟူသော အနက်သည် ရောက်ရာ၏။ (ပ) ဗလပုဒ်၏ အဖွင့်သံဝဏ္ဏနာကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။

(ဂ)သို့ အနုသန္ဓေ

ဤသို့ (က)(ခ)ဝါကျတို့ဖြင့် သဒ္ဒါဗလံစသည်တို့၌ သဒ္ဒါဟူသော အစိတ်ပုဒ်, ဗလဟူသော အစိတ်ပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုပြီး၍၊ ဤယံခုအခါ၌ သဒ္ဒါဗလံစသော ပုဒ်နှစ်ပါးအပေါင်း၏ အတ္ထသံဝဏ္ဏနာကို ပြလိုသော ဆရာသည် (ဂ)မိန့်။ (ပက္ခန္တရ, ပဋ္ဌကတက်လွယ်ပြီ။)

အမှာ။ ။ (ဂ)ဝါကျတွင်လည်း ပထမဝါကျဖြင့် သဒ္ဒါဗလံပုဒ်၏ အတ္ထသံဝဏ္ဏနာကို ပြသည်။

ဒုတိယဝါကျဖြင့် ဝီရိယဗလံပုဒ်၏ အတ္ထသံဝဏ္ဏနာကို ပြသည်။

ဤသို့စသည်ဖြင့် ရှေးနောက်ထောက်ဆ ပက္ခ+ပက္ခန္တရရှဲ။ ကျမ်းတက်လွယ်ပြီ။

(၃)

(က) အတိဒေသသံဝဏ္ဏနာပြ။ ဂန္ထဂရု, ပုနရုတ္တိဒေါသပယ်သည်။

(၄)

* သဒ္ဒဟန္တိ ဧတာယာတိ သဒ္ဒါ။ ဗလတိ န ကမ္ပတီတိ ဗလံ။

* သဒ္ဒါသစိတံ + ဗလံ သဒ္ဒါဗလံ။

✔ သဒ္ဒါ၏ + မိုလ်နှင့် ဂုဏ်+ဂုဏောစပ် ဗျု–နီ။

✔ သဒ္ဒါမိုလ်တို့၏ တစ်ခုသည် ...ဓာတ်သည် ပ–နီ။

"ဝစနတ္ထမှတ်ဖွယ်"

(က) ဝုတ္တိတ္ထာတိ ဝုတ္တော။ (ဝစ+တ။) ဝုတ္တော + အတ္ထော + ဧတေသန္တိ ဝုတ္တတ္ထာနိ။

(ဆိုအပ်ပြီးသောအနက်၏ + သဒ္ဒါစသော ပုဒ်တို့နှင့် အကျိုး+အကြောင်းစပ်။)

(ခ) ကမ္ပတီတိ ကမ္ပိယော။ န + ကမ္ပိယော အကမ္ပိယော။

ဩဂါဟေတွာ တိဋ္ဌတိ–ဖြင့် အဝဋ္ဌိတိ၌ အဝ, ဌာ–ဓာတ်... ငင်း၊ တိ–ပစ္စည်း ကတ္တုသာဓနေ အနက်၌ သက်... ငင်း၊ အဝ–ဥပသာရ၏ ဩဂါဟန (ဝါ) အဓောဘာဂအနက်ဟော...ငင်း၊ ဩဂါဟေတွာ တိဋ္ဌတီတိ အဝဋ္ဌိတိ–ဟု ပြု... ငင်း သိစေသည်။ (တစ်နည်း) တိဋ္ဌတီတိ ဋ္ဌိတိ၊ ဩဂါဟေတွာ ဋ္ဌိတိ အဝဋ္ဌိတိ–ဟု ပါဒိပုဗ္ဗပဒကမ္မဓာရယ်ပြု... သိစေ။

အာရမ္မဏံ အနုပဝိသိတွာ–ဖြင့် ဩဂါဟေတွာ တိဋ္ဌတိ–၌ သက်ဝင်၍တည်၏ဟူသည် အာရုံသို့ အစဉ်အတိုင်း သက်ဝင်၍ တည်ခြင်းပင်တည်းဟု သိစေသည်။

(၇)

(င) တေနေဝ–၌ ဝေ–၏ ဂဟေတဗ္ဗတ္ထ–စသည်

✔ သဒ္ဓါ, သတိ, သမာဓိ, ပညာ(၄)တို့၏ အာရုံသို့ သက်ဝင်သည်၏အဖြစ်သည် ဂဟေတဗ္ဗတ္ထ။

✔ ယင်းတရား လေးပါးတို့၏ အာရုံသို့ မသက်ဝင်တတ်ဟူသော အနက်သည် (ဝါ)ရုပ်တရားတို့၏ အာရုံသို့ မသက်ဝင်တတ်သည်၏ အဖြစ်သည် နိဝတ္တေတဗ္ဗတ္ထ။

✔ သဒ္ဓါစသော (၄)ပါးမှ တပါးသော နာမ်တရားတို့၏ အာရုံသို့ သက်ဝင်တတ်သည်၏ အဖြစ်သည် အနုညာတတ္ထ။

http://www.dhammadownload.com



(၈)

ဌိတိ, သဏ္ဌိတိ, အဝဋ္ဌိတိ–တို့အရ ဧကဂ္ဂတာဟူသောသမာဓိကိုယူ။ (ဝါကျအမှတ်–၁၃၇–၌ ထုတ်ခဲ့ပြီ)

(၉)

အကုသလပက္ခေ စိတ္တေကဂ္ဂတာ န ဗလဝတီ ဟောတိ(ဋ္ဌ။ ၁၈၈။)

အကုသိုလ်အဖို့၌ ဧကဂ္ဂတာ အားမရှိပါဘဲလျက် အဘယ်ကြောင့် "အဝဋ္ဌိတိ"ဟု ဟောတော်မူပါသနည်း?။

တစ်ခုသော အာရုံရှိသောစိတ်ဖြင့် သတ္တဝါတို့ကို သတ်ခြင်းစသည်ကို ပြုခြင်း၌ ထိုသတ္တဝါကို သတ်ခြင်းစသော အမှုကို ပြီးစေသော အခြင်းအရာဖြင့် သက်ဝင်၍ တည်ကြောင်းမျှ၏ အဖြစ်ကြောင့် "အဝဋ္ဌိတိ"ဟူ၍ ဟောတော်မူပါသည်။

- ♦ န ဗလဝတီ၊ ကသ္မာ အဝဋ္ဌိတိ–ဝုတ္တာတိ? ဧကဂ္ဂစိတ္တေန ပါဏာတိပါတာဒိကရဏေ တထာ အဝဋ္ဌာနမတ္တဘာဝတော။ (မူလဋီကာ။ ၉၆။)

(၁၀)

(ဂ) သမ္ပယုတ္တဓမ္မေ + တိဋ္ဌတိ–၌

✔ သမ္ပယုတ္တဓမ္မေ–အရ သမာဓိသမ္ပယုတ္တဓမ္မသည်–
တိဋ္ဌတိ–အရ သမာဓိ ဧကဂ္ဂတာအား သဟဇာတ–ပြု။

ပြိုင်။ ။ သဟကြီး ၄၊ အညှ, သမ္ပ၊ သဟငယ် ၇။ (၁၃) ယထာရဟ။

✔ တိဋ္ဌတိ–အရ ဧကဂ္ဂတာသည်–
သမ္ပယုတ္တဓမ္မေ–အရ အား သဟဇာတ–ပြု။

ပြိုင်။ ။ သဟကြီး ၄၊ အညှ, သမ္ပ၊ ဣံ, ဈာန, မဂ္ဂ။ (၉)

============

## ဝါကျဥယျာဉ်(၁၇၃)

(က) ဥဒ္ဓစ္စဝိစိကိစ္ဆာဝသေန ပဝတ္တဿ ဝိသာဟာရဿ ပဋိပက္ခတော အဝိသာဟာရော၊

(ခ) ဥဒ္ဓစ္စဝိစိကိစ္ဆာဝသေနေဝ ဂစ္ဆန္တံ စိတ္တံ ဝိက္ခိပတိ နာမ၊

(ဂ) အယံ ပန တထာဝိဓော ဝိက္ခေပေါ န ဟောတီတိ အဝိက္ခေပေါ။

(ဃ) ဥဒ္ဓစ္စဝိစိကိစ္ဆာဝသေနေဝ စ စိတ္တံ ဝိသာဟဋံ နာမ ဟောတိ၊ ဣတော စိတော စ ဟာရိယတိ၊

(င) အယံ ပန ဧဝံ အဝိသာဟဋဿ မာနသဿ ဘာဝေါတိ အဝိသာဟဋမာနသတာ။

ဋ္ဌ။ ၁၈၈။ မူလဋီ။ ၉၆။ ပြည်သျှ၊ ၂။ ၁၅၉။ ဘာဋီ၊ ၂။ ၃၈၁။ ကျော်စံဂဏ္ဌိ။ ၃၃၅။ မင်းခင်းဂဏ္ဌိ။ ၄၆၆။

(၁)

(က) အဝိသာဟာရော–ဖောက်ပြန်သည်ဖြစ်၍ ရွေ့ရှားပျံ့လွင့်သည် မဟုတ်။(ဝိ–သဒ္ဒါ ဝိရုဒ္ဓတ္ထ)

(ဝါ) အထူးထူးအပြားပြား ရွေ့ရှားပျံ့လွင့်သည် မဟုတ်။ (ဝိ–သဒ္ဒါ ဝိဝိဓတ္ထ)

(ဝါ) ကြံသကဲ့သို့ ဖရိုဖရဲဖြစ်သည် မဟုတ်။ (အဓိပ္ပါယတ္ထ)

(တစ်နည်း) အဝိသာဟာရော–ပေါင်းစည်းစုရုံးခြင်းကင်း၍ ကြံသကဲ့သို့ ဖရိုဖရဲဖြစ်သည် မဟုတ်, ပေါင်းစည်းစုရုံး၍ ငြိမ်သက်စွာဖြစ်သောတရား။ (ဝိ–သဒ္ဒါ အဘာဝတ္ထ) (ပြည်သျှ၊ ၂။ ၁၅၉။)

- ♦ ဝိရူပံ, ဝိဝိဓံ ဝါ သံဟရဏံ ဝိကိရဏံ ဝိသာဟာရော၊ သံဟရဏံ ဝါ သမ္ပိဏ္ဍနံ၊ တဒဘာဝေါ အဝိသာဟာရော။ (မူလဋီ။ ၉၆။)

http://www.dhammadownload.com



(ခ) ဥဒ္ဓစ္စဝိစိကိစ္ဆာဝသေနေဝ–သာလျှင်။ ဂစ္ဆန္တံ–အာရုံထိုထိုသို့ ပြေးသွားပျံ့လွင့်သော။ စိတ္တံ–သည်။ (သဟဇာတစမ္မေ–တကွဖြစ်ဖက်တရားတို့ကို။) ဝိက္ခိပတိ နာမ–အထူးထူးသော အာရုံသို့ ပြေးသွားပျံ့လွင့်သည်မည်၏။

(၂)

(က)ဖြင့် အဝိသာဟာရ–ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြသည်။

(ခ)(ဂ)တို့ဖြင့် အဝိက္ခေပ–ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြသည်။

ထိုတွင်– (ခ) ဖြင့် ဝိက္ခေပ–ဟူသော အစိတ်ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြသည်။

(ဂ) ဖြင့် အဝိက္ခေပ–ဟူသော အပေါင်းပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြသည်။

(ဃ) (င)တို့ဖြင့် အဝိသာဋမာနသတာ–ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြသည်။ (ပက္ခန္တရချည်းသာ) ပြည်နီသျှ္ဘ (ဂ)(င)ဝါကျရှိ ပန–ကို ဝိသေသဇောတက ကြံသည်။ ဘာသာဋီကာ၌ (င) ပန–ကို ဝါကျာရမ္ဘဇောတက–ကြံသည်။

(ဂ) ပါပနာဒိပဥ္စက

ဆရာ–သည် (ခ)ဖြင့် အဝိက္ခေပေ၌ ဝိက္ခေပဟူသော အစိတ်ပုဒ်၏ ဝစနတ္ထ (အဘိဓာနတ္ထ) နှင့် **အရကောက်၊ အဘိဓေယျတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ ...သော် ဝိက္ခေပဟူသော အစိတ်ပုဒ်၏ ဝစနတ္ထနှင့် အဘိဓေယျတ္ထကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်ကား ... မရောက်သင့်။ ထိုသို့ ...ကြောင့်** အဝိက္ခေပဟူသော အပေါင်းပုဒ်၏ ဝစနတ္ထနှင့် အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ **....မပြဆိုဘဲ မနေသင့်။** ....အဗျာပိတ ...၏။ ....ကား အဘာယ်နည်း။ စုဒ်ကြောင့် (ဂ)မိန့်။

(၄)

(က) **သံဟရဏံ သာဟာရော။** (သံ–၌ နိဂ္ဂဟိတ်ကိုချေ၊ အစိတ်အ–ကို ဒီဃပြု။)

* **ဝိရူပံ + သာဟာရော ဝိသာဟာရော။**

**(တစ်နည်း) ဝိဝိဓံ + သာဟာရော ဝိသာဟာရော။**

**(တစ်နည်း) သံဟရဏံ သမ္ပိဏ္ဍနံ သံဟာရော။ ဝိဂတော + သံဟာရော ဝိသံဟာရော။** (ကျော်စံဂဏ္ဌိ)

* **န + ဝိသာဟာရော အဝိသာဟာရော။**

✔ **န–အရ ဝိရုဒ္ဓ(ပဋိပက္ခ)ဘောဂုဏ်၏ + ကေဂ္ဂတာ သမာဓိနှင့် ဂုဏ်+ဂုဏေးစပ်– ဗျု–နိ။**

✔ **ကေဂ္ဂတာ(သမာဓိ)တို့၏ ...ဓာတ်သည် ပ–နိ။**

(၅)

(က) **ပဋိပက္ခတော–၌** ပဋိပက္ခ–ကား ကမ္မဓာရယ်သမာသ်၊ ပုံလိင်၊ ပုရိသာဒိ။

♦ **ပဋိ–ဝိရုဒ္ဓေါ + ပက္ခော သဟာယော ပဋိပက္ခော။ (သုစိ)**

**ပဋိပက္ခတော–ကား** အဗျယတဒ္ဓိတ်(နိပါတ်) အလိင်၊ ဂဏာဝိမုတ်၊ ဩကာရန္တ။

(၆)

(က) **ဝိသာဟာရဿ ပဋိပက္ခတော–ဖြင့် အဝိသာဟာရော၌ န–၏ ကာရိယ အ–၏ ပဋိပက္ခ(ဝိရုဒ္ဓ) အနက်ဟော...** ၎င်း၊ န + ဝိသာဟာရော အဝိသာဟာရော–ဟု ပြု ...၎င်း သိစေ။

**ဥဒ္ဓစ္စဝိစိကိစ္ဆာဝသေန ပဝတ္တဿ–ဖြင့်** အဝိသာဟာရော၌ ဝိသာဟာရအရ ဥဒ္ဓစ္စဝိစိကိစ္ဆာ၏ **အစွမ်းဖြင့်ဖြစ်သော** အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူရမည်ဟု သိစေသည်။

**(တစ်နည်း)** ဝိသာဟာရဿ၌ ဖောက်ပြန်သည်ဖြစ်၍ ရွေ့ရှားပျံ့လွင့်ဟူသည် ဥဒ္ဓစ္စဝိစိကိစ္ဆာ၏ **အစွမ်းဖြင့်ဖြစ်သော** ဖောက်ပြန်သည်ဖြစ်၍ ရွေ့ရှားပျံ့လွင့်ခြင်းပင်တည်းဟု သိစေသည်။

http://www.dhammadownload.com



(ခ) ဝိက္ခိပတိ–ဖြင့် အဝိက္ခေပေါ်၌ ဝိက္ခေပေါဝယ် ဝိပုဗ္ဗ, ခိပ–ဓာတ် ...ရင်း၊ ဏ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ရင်း၊ ဝိက္ခိပတီတိ ဝိက္ခေပေါ–ဟု ပြု ...ရင်း သိစေသည်။

နာမ–ဖြင့် ဝိက္ခိပတိ, ဝိက္ခေပေါသဒ္ဒါတို့သည် မုချသဒ္ဒါ မဟုတ်၊ ဥပစာသဒ္ဒါတည်းဟု သိစေ။

ဥဒ္ဒစ္စဝိစိကိစ္ဆာဝသေနေဝ ဂစ္ဆန္တံ စိတ္တံ–ဖြင့် အဝိက္ခေပေါ်၌ ဝိက္ခေပအရ ဥဒ္ဒစ္စဝိစိကိစ္ဆာ၏ အစွမ်းဖြင့်ပင် ထိုထိုအာရုံသို့ ပြေးသွားပျံ့လွင့်သော စိတ်ကို ယူရမည်ဟု သိစေသည်။

(ဂ) ဝိက္ခေပေါ န ဟောတိ–ဖြင့် အဝိက္ခေပေါ်၌ အ–၏ န–နိပါတ်၏ ကာရိယ... ရင်း၊ အ–၏ ဝိရုဒ္ဓအနက်ဟော ...ရင်း၊ န + ဝိက္ခေပေါ အဝိက္ခေပေါ–ဟု ပြု ...ရင်း သိစေသည်။

တထာဝိဓော–ဖြင့် ဘာဝတ္ထ... သိစေ။

အယံ–ဖြင့် အဝိက္ခေပေါအရ ဧကဂ္ဂတာ သမာဓိကို ယူ... သိစေ။

(ဃ) ဥဒ္ဒစ္စဝိစိကိစ္ဆာဝသေနေဝ စိတ္တံ–ဖြင့် အဝိသာဟဋ္ဌမာနသတာ၌ ဝိသာဟဋ္ဌအရ ဥဒ္ဒစ္စဝိစိကိစ္ဆာ၏ အစွမ်းဖြင့် ဖောက်ပြန်သည်ဖြစ်၍ ရွေ့ရှားပျံ့လွင့်သော စိတ်ကို ယူ... သိစေ။

ဣတော စိတော စ ဟရီယတိ–ဖြင့် ဝိသာဟဋ္ဌ၌ ဝိ–ရှေး, သံ–ရှေး, အာ–ရှေး, ဟရ–ဓာတ် ...ရင်း၊ တ–ပစ္စည်း၏ ကမ္မသာဓနအနက်၌ သက်...ရင်း၊ ဝိ–ဥပသာရ၏ ဝိဝိဓအနက်ဟော... ရင်း၊ ဝိသံဟရီယတီတိ ဝိသာဟဋံ–ဟု ပြု ...ရင်း သိစေသည်။

အမှာ။ ။ နိဿယများ၌ ဣတော စိတော စ ပသာရီယတိ–ဟူသော မူကွဲပါဠ်ကို အနက်ပေးကြသည်။

(င) အဝိသာဟဋ္ဌဿ မာနသဿ ဘာဝေါ–ဖြင့် အဝိသာဟဋ္ဌမာနသတာ၌ အဝိသာဟဋ္ဌမာနသ ပုဒ်ကို အဝိသာဟဋ္ဌ တံ မာနသဉ္စာတိ အဝိသာဟဋ္ဌမာနသံ–ဟု ပြု ..ရင်း၊ တာ–ပစ္စည်း၏ ဘာဝတဒ္ဓိတ်၌ သက်..ရင်း၊ အပေါင်းပုဒ်ကို အဝိသာဟဋ္ဌမာနသ + ဘာဝေါ အဝိသာဟဋ္ဌမာနသတာ–ဟု ပြု ...ရင်း သိစေ။

အယံ–ဖြင့် အဝိသာဟဋ္ဌမာနသတာအရ ဧကဂ္ဂတာသမာဓိကို ယူ... သိစေသည်။

(၇)

(စ) ဥဒ္ဒစ္စဝိစိကိစ္ဆာဝသေနေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ ဥဒ္ဒစ္စဝိစိကိစ္ဆာ၏ အစွမ်းသည် ဂဟေတဗ္ဗတ္ထ။

✔ တပါးသော တရားတို့၏ အစွမ်းသည် နိဝတ္တေတဗ္ဗတ္ထ။

(ဂ) အယံ ပန–၌ ပန–ကား ဝိသေသတ္ထ။ (ပြည်သျှ) (တစ်နည်း) ပက္ခန္တရတ္ထ။

(ဃ) ဥဒ္ဒစ္စဝိစိကိစ္ဆာဝသေနေဝ စ–၌ စ–ကား ပက္ခန္တရတ္ထ။

ဣတော စိတော စ–၌ စ–ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။

(င) ပန–ကား ဝိသေသတ္ထ။ (ပြည်) (တစ်နည်း) ဝါကျာရမ္ဘတ္ထ။ (ဘာဒ္ဒီ) (တစ်နည်း) ပက္ခန္တရတ္ထ။

အမှာ။ ။ ပန, စ–တို့ကို ပက္ခန္တရတ္ထဟု ခွဲခြင်းမှာ မိမိ၏ အယူဖြစ်သည်။ (၂)နိပါတ်အစွဲ ဝါကျခွဲ ပြန်ကြည်။

ဝေ–ကား နိဒဿနတ္ထ။

(၈)

အဝိသာဟာရော, အဝိက္ခေပေါ, အဝိသာဟဋ္ဌမာနသတာ–တို့အရ ဧကဂ္ဂတာသမာဓိကို ယူ။ ယင်းပုဒ်တို့၌ ဝိသာဟာရ, ဝိက္ခေပ, ဝိသာဟဋ္ဌ–ပုဒ်တို့အရ အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ။ (ထုတ်မြဲ)

(၁၀)

အဝိသာဟဋ္ဌမာနသတာ–၌–

✔ တာ–ပစ္စည်း အရ ဧကဂ္ဂတာသည်–

အဝိသာဟဋ္ဌမာနသ–အရ စိတ်အား သဟဇာတ–ပြု။

ပြိုင်။ ။ သဟကြီး ၄၊ အညံ, သမ္ပ၊ ဣံ, ဈာန, မဂ္ဂ။ (၉)

============

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၇၄)

(က) သမထောတိ တိဝိဓော သမထော စိတ္တသမထော အဓိကရဏသမထော သဗ္ဗသင်္ခါရ-သမထောတိ။

(ခ) တတ္ထ အဋ္ဌသု **သမာပတ္တီသု** စိတ္တေကဂ္ဂတာ စိတ္တသမထော နာမ။

(ဂ) တဉှိ အာဂမ္မ **စိတ္တစလနံ** စိတ္တဝိပ္ဖန္ဒိတံ သမ္မတိ ဝူပသမ္မတိ၊

(ဃ) တသ္မာ သော **စိတ္တသမထောတိ** ဝုစ္စတိ။

(င) သမ္မုခါဝိနယာဒိ **သတ္တဝိဓော** သမထော အဓိကရဏသမထော နာမ။ တဉှိ အာဂမ္မ တာနိ တာနိ **အဓိကရဏာနိ** သမ္မန္တိ ဝူပသမ္မန္တိ၊ တသ္မာ သော အဓိကရဏသမထောတိ ဝုစ္စတိ။

(စ) ယသ္မာ ပန **သဗ္ဗေ သင်္ခါရာ** နိဗ္ဗာနံ အာဂမ္မ သမ္မန္တိ ဝူပသမ္မန္တိ၊ တသ္မာ တံ သဗ္ဗသင်္ခါရ-သမထောတိ **ဝုစ္စတိ။**

(ဆ) ဣမသ္မိံ အတ္ထေ **စိတ္တသမထော** အဓိပ္ပေတော။

၄။ ၁၈၀။ ယောဇနာ။ ၁၁၄။ **မြည်သျှ၊** ၂။ ၁၆၀။ ဘာဋီ၊ ၂။ ၃၀၃။ ကျော်စံဂဏ္ဌိ။ ၃၃၆။

### (၁)

(ဂ) ဟိ(သစ္စံ)-မှန်။ တံ-ထိုစိတ္တေကဂ္ဂတာကို။ အာဂမ္မ-စွဲ၍။ (မြည်သျှ)

ဟိ-မှန်၏။ (တစ်နည်း) ဟိ(ယသ္မာ)-ကြောင့်။ တံ-ထိုသမာဓိသို့။ အာဂမ္မ-ရှေးရှုရောက်၍၊ (ပ) သော-ထိုသမာဓိကို။ စိတ္တသမထောတိ-ဟူ၍။ ဝုစ္စတိ။ (ဘာသာဋီကာ)

(င) ဟိ-မှန်။ (တစ်နည်း) ဟိ(ယသ္မာ)-ကြောင့်။ တံ-ထိုသမ္မုခါဝိနည်းစသည်ကို။ (မြည်) တံ-ထိုသမ္မုခါဝိနယစသော သမထသို့။ (ဘာသာဋီ) (ပ) တသ္မာ-ကြောင့်။ သော-ထိုသမ္မုခါဝိနယစသော ထိုသမထကို။ အဓိကရဏသမထောတိ-ဟူ၍။ ဝုစ္စတိ။

(ဆ) ဣမသ္မိံ အတ္ထေ-စိတ္တေကဂ္ဂတာနိဒ္ဒေသဟူသော ဤအရာ၌။ (မြည်သျှ)

ဣမသ္မိံ အတ္ထေ-ဤ သမထောဟူသော ပုဒ်၏ အနက်၌။ (ဘာသာဋီကာ)

### (၂)

#### (ခ)စသည်သို့ ဥပနာဘောဂါဒိ

ဆရာ-သည် (က)ဖြင့် သမထသည် စိတ္တသမထစသည်ဖြင့် သုံးပါးအပြားရှိ၏ဟု ဆို၏။ ထိုသို့ ...သော် ယင်းသမထသုံးပါးတို့၏ အကျယ်အဓိပ္ပါယ်ကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော စသည်ဖြင့် ဝိတ္ထာရထုံးစံတက်။

#### (ဂ)သို့ ဥပနာဘောဂါဒိ

ဆရာ-သည် (ခ)ဖြင့် (မြန်မာပြန်)-ဆို၏ ။ ထိုသို့ ...သော် ဆရာ့စကားသည် ယုတ္တိကင်းပဒဋ္ဌီယမျှသာဖြစ်၍ မယုံကြည်အပ်, မယုံကြည်နိုင်ရာသည် မဟုတ်ပါလောစသည်တက်။ (ယုတ္တိဒဋ္ဌီထုံးစံ)

#### (ဆ) ပါပနာဒိပဋိက္ခေပအာဒိနာ

ဆရာ-သည် ရှေးဆိုခဲ့ပြီးသော ဝါကျတို့ဖြင့် သမထသုံးပါးသရုပ် အဓိပ္ပါယ်ကို ပြဆိုတော်မူ၏။ ထိုသို့ ...သော် ဤစိတ္တေကဂ္ဂတာနိဒ္ဒေသ၌လည်း သမထောအရ သမထသုံးပါးလုံးကိုပင် လိုအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ (ပ) ဤစိတ္တေကဂ္ဂတာနိဒ္ဒေသ၌ သမထောအရ လိုအပ်သည့် သမထကိုလည်း တိကျစွာ ပြဆိုသင့်သေး၏။ ....မပြဆိုဘဲ မနေသင့်။ ...နေချေသော် အတိဗျာပိတဒေါသ-၏။ ဤစိတ္တေကဂ္ဂတာနိဒ္ဒေသ၌ သမထောအရ မည်သည့် သမထကို လိုအပ်ပါနည်း။ စုဒ်ကြောင့် (ဆ)မိန့်။

http://www.dhammadownload.com



(၃)

(ခ)စသည် ဝိတ္ထာရ။ ဝိရောဓိ, ပုနရုတ္တိ–ပယ်။

ထိုတွင်– (ဂ)ယုတ္တိဒဠှိကရဏ။ (တစ်နည်း) ကာရဏ။ ဝိရောဓိ, ဩစိတျပဟီန–ပယ်။

(ဃ) လဒ္ဓဂုဏ။ နိရတ္ထက–ပယ်။

(င) ပက္ခန္တရ။ အဗျာပိတ, အပရိပုဏ္ဏ–ပယ်။

ယင်း(င)ဝါကျ၌လည်း တဦ–စသည်ကား ယုတ္တိဒဠှိကရဏ။ (တစ်နည်း) ကာရဏ။

တဿာ–စသည်ကား လဒ္ဓဂုဏ။

(စ)သည် အဓိကရဏသမထအကျယ်မှတပါး သဗ္ဗသင်္ခါရသမထအကျယ်ပြ– ပက္ခန္တရ။

(ဆ)သည် ဤစိတ္တေကဂ္ဂတာနိဒ္ဒေသ၌ သမထောအရ လိုအပ်သည့် သမထကို အထူးထုတ်၍ပြ– ဝိသေသ၊ အတိဗျာပိ–ပယ်။ (တစ်နည်း) အတ္ထုဒ္ဒါရမှတပါးအတ္ထုဒ္ဒေသကိုပြ– ပက္ခန္တရ။ အဗျာပိတ–ပယ်။

(ဆ) အဓိပ္ပာယ်–ထားရခြင်း

သမထသုံးမျိုးဟူသော သာမညမှ ဤစိတ္တေကဂ္ဂတာနိဒ္ဒေသ၌ လိုအပ်သော စိတ္တသမထဟူသော သမထဝိသေသကို ပြလိုသောကြောင့်ရင်း၊ ဤစိတ္တေကဂ္ဂတာနိဒ္ဒေသ၌ သမထောအရ သမထသုံးပါးတွင် စိတ္တသမထကိုသာ ယူရမည်ဟု စကားလုယက်၍ ပြဆိုသော အရာဌာနဖြစ်သောကြောင့်ရင်း–ထားသည်။

(၄)

* စိတ္တံ + သမေတိ + ဓေတနာတိ စိတ္တသမထော။

* အဓိကရဏာနိ + သမေန္တိ + ဓေတနာတိ အဓိကရဏသမထော။

* သဗ္ဗသင်္ခါရာ + သမေန္တိ + ဓေတနာတိ သဗ္ဗသင်္ခါရသမထော။ (ယောဇနာ။ ၁၁၄၊ ၁၁၅။)

"အစိတ် + အပေါင်း"

* သမေတိ(သမ္မတိ) ဓေတနာတိ သမထော။ စိတ္တဿ + သမထော စိတ္တသမထော။

✔ စိတ်၏ + ငြိမ်းကြောင်း သမာဓိနှင့် အကျိုး+အကြောင်းစပ် ဗျူ–နိ။

✔ စိတ္တသမထတို့၏ ...ဓာတ်သည် ပ–နိ။

(၅)

| | | |
|---|---|---|
| (ခ) | သမာပတ္တိသု–ကား | ကိတ်နာမ်ပုဒ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။ |
| (ဂ) | အာဂမ္မ–ကား (အာ, ဂမု+တွာ) | ကိတ်နာမ်၊ (တစ်နည်း) နိပါတ်၊ အ–ကာရန္တ။ |
| | သမ္မတိ–ကား (သမု+ယ+တိ) | အလိင်၊ ဒိဝါဒိ၊ ဉ–ကာရန္တ။ |

(၆)

(က)ဖြင့် သမထသည် စိတ္တသမထ, အဓိကရဏသမထ, သဗ္ဗသင်္ခါရသမထဟူ၍ သုံးမျိုးရှိ၏ဟု သိစေသည်၏။ (သရူပတ္ထ)

(ဂ) တံ အာဂမ္မ သမ္မတိ၊ တဿာ–ဖြင့် စိတ္တသမထော၌ သမထောဝယ် သမု–ဓာတ်၏ အဖြစ်ကိုရင်း၊ ယင်းသမု–ဓာတ်၏ ဒိဝါဒိဂဏိကဓာတ်အဖြစ်ကိုရင်း၊ ထ–ပစ္စည်း၏ ကရဏသာဓန အနက်၌ သက်.... ရင်း၊ သမ္မတိ(သမေတိ)ဓေတနာတိ သမထော–ဟု ပြ.... ရင်း၊ အပေါင်းပုဒ်ကို စိတ္တဿ + သမထော စိတ္တသမထော–ဟု ဆဋ္ဌီတပ္ပုရိသ်... ပြ... ရင်း သိစေသည်။

ဥပသမ္မတိ–ဖြင့် သမ္မတိ, သမထောတို့၌ သမု–ဓာတ်သည် တပေါကရဏအနက်, ခေဒအနက် တို့ကို မဟော၊ ဥပသမအနက်ဟော၏ဟု သိစေသည်။

http://www.dhammadownload.com



စိတ္တစလနံ-ဖြင့် ဘာဝတ္တ... ဖော်ပြ။

စိတ္တဝိပ္ဖန္ဒိတံ-ဖြင့် စိတ္တစလနံ၌ စလ-ဓာတ်၏ ဝိပ္ဖန္ဒနအနက်ဟော... ၎င်း၊ ယု-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်... ၎င်း၊ စလိယတေ ဝိပ္ဖန္ဒိယတေ စလနံ-ဟု ပြု... ၎င်း သိစေသည်။

(ဃ) သော-ဖြင့် စိတ္တသမထောအရ စိတ္တေကဂ္ဂတာဟု ဆိုအပ်သော သမာဓိကိုယူ- သိစေ၊ ဝုစ္စတိ-ဖြင့် စိတ္တသမထော၏ ဉပစာသဒ္ဒါအဖြစ်ကို သိစေသည်။

အမှာ။ ။ တံ အာဂမ္မ-"ထိုကို စွဲ၍"ဟူရာ၌ "ထို့ကြောင့်"ဟု အဖြောင့်အားဖြင့် အဓိပ္ပါယ်ထွက်သည်။ သို့ဖြစ်၍ "သမ္မတိ ဧတေနာတိ သမထော"ဟု ကရဏသာဓ်ပြုရသည်။ (ဘာဋီ၊ ၂။ ၃၈၃။)

(င) တံ အာဂမ္မ တာနိ တာနိ အဓိကရဏာနိ သမ္မန္တိ၊ တသ္မာ-ပါဌ်ဖြင့် အဓိကရဏသမထော၌ သမထော-ဝယ် သမု-ဓာတ်... ၎င်း၊ ယင်းသမု-ဓာတ်၏ ဒိဝါဒိဂဏိကဓာတ် ... ၎င်း၊ ထ-ပစ္စည်း၏ ကရဏသာဓနအနက်၌ သက်... ၎င်း၊ သမ္မန္တိ ဧတေနာတိ သမထော-ဟု ပြု... ၎င်း၊ အပေါင်းပုဒ်ကို အဓိကရဏာနံ + သမထော အဓိကရဏသမထော-ဟု ဆဋ္ဌီတပ္ပုရိသ်... ပြု ...၎င်း သိစေ။

ဝူပသမ္မန္တိ-ဖြင့် ဆိုခဲ့ပြီး ဝူပသမ္မတိနှင့် အတူဖော်။

သော-ဖြင့် အဓိကရဏသမထောအရ သမ္မုခါဝိနယအစရှိသော သမထ(၇)ပါးကိုယူ-သိစေ။

(စ) ဝါကျသံဝဏ္ဏနာပါဌ်ဖြင့် သဗ္ဗသင်္ခါရသမထော၌ သဗ္ဗသင်္ခါရပုဒ်ကို သဗ္ဗေ + သင်္ခါရာ သဗ္ဗသင်္ခါရာ-ဟု ကမ္မဓာရယ်... ပြု... ၎င်း၊ သမထော၌ သမု-ဓာတ်... ၎င်း၊ ယင်းသမု-ဓာတ်၏ ဒိဝါဒိဂဏိကဓာတ်... ၎င်း၊ ဝူပသမအနက်ဟော... ၎င်း၊ ထ-ပစ္စည်း၏ ကရဏသာဓနအနက်၌ သက်...၎င်း၊ သမ္မန္တိ ဝူပသမ္မန္တိ ဧတေနာတိ သမထော၊ သဗ္ဗသင်္ခါရာနံ + သမထော သဗ္ဗသင်္ခါရသမထော-ဟု ပြု... ၎င်း၊ သဗ္ဗသင်္ခါရသမထအရ နိဗ္ဗာန်ကို ယူ... ၎င်း သိစေသည်။

(ဆ)ဖြင့် ဖော်ပြ။ (သရုပ်ကြားအဘိဓေယျတ္တ, အဓိပ္ပေတတ္တ။)

အမှာ။ ။ ဤ၌ သမ္မန္တိ ဝူပသမ္မန္တိ ဧတ္တောတိ သမထော-ဟု အဓိကရဏသာဓ်လည်း ရနိုင်၏။ ငြိမ်းအေးရာ၏ အဖြစ်ကြောင့်ဟု ပေး။ (ဘာဋီ၊ ၂။ ၃၈၄။)

♦ နိဗ္ဗာနဉ္စ ယသ္မာ တံ အာဂမ္မ အာရဗ္ဘ ပဋိစ္စ ရာဂေါ ဝိရဇ္ဇတိ န ဟောတိ။ တသ္မာ ရာဂဝိရာဂေါတိ ဝုစ္စတိ-ဟူသော (ဝိ၊ ၄၊ ၁။ ၁၈၃။)ဝါကျနှင့် အတူတူဖြစ်သည်။ (ပါရာဇိကဏ်ဝါကျဉယျာဉ် ဒုတိယတွဲ ဝါကျဉယျာဉ်အမှတ်(၃၁)ကို ရှုပါ။)

(၇)

(ဂ) တဉ္စ-၌ တ-ကား ဆိုခဲ့ပြီး စိတ္တေကဂ္ဂတာ, သမာဓိတို့ကိုစွဲ ပက္ကန္တ။

(င) တဉ္စ-၌ တ-ကား ဆိုခဲ့ပြီး သမ္မုခါဝိနည်းစသည်ကိုစွဲ ပက္ကန္တ။

(ဆ) ဣမသ္မိံ အတ္ထေ-၌ ဣမ-ကား ပသိဒ္ဓ။

(၈)

စိတ္တသမထ-အရ စိတ္တေကဂ္ဂတာဟု ဆိုအပ်သော သမာဓိကို ယူ။

သဗ္ဗသင်္ခါရသမထ-အရ နိဗ္ဗာန်ကိုယူ။ (ကြိယာငါးတန်ထုတ်။)

(၉)

(င) သမ္မုခါဝိနယာဒိ-၌ အာဒိ-ဖြင့် သတိဝိနယ, အမူဠှဝိနယ, ပဋိညာတကရဏ, ယေဘုယျသိက, ပါပိယသိက, တိဏဝတ္ထာရကတို့ကို ယူ။ (ကျော်စံဂဏ္ဌိ။ ၃၃၆။)

(က) သမထော-၌ ဣဓာဓိပ္ပေတသမထ-အရ ဧကဂ္ဂတာကို ယူ၍ လက္ခဏာဒိစတုက္ကထုတ်။

http://www.dhammadownload.com



(၁၀)

(ခ) သမာပတ္တိသု + စိတ္တေကဂ္ဂတာ–၌

✔ စိတ္တေကဂ္ဂတာ–အရ ဧကဂ္ဂတာသည်–

သမာပတ္တိသု–အရ သမာပတ်ရှစ်ပါး သမ္ပယုတ်တရားအား သဟဇာတ–ပြု။ ပြိုင်။ ။ သဟကြီး ၄၊ အညႇ, သမ္ပ၊ ဈာန်, ဈာ, မဂ္ဂ။ (၉)

(ဃ) သော + စိတ္တသမထောတိ ဝုစ္စတိ–၌

✔ သော–အရ ဧကဂ္ဂတာသမာဓိသည်–

ဝုစ္စတိ–၌ ခေါ်အရ ဒေသနာဉာဏ်အား အာရမ္မဏ–ပြု။ ပြိုင်။ ။ အာ, ဓိ, ဥ။ (၃)

(စ) တံ + ဝုစ္စတိ–၌–

✔ တံ–အရ နိဗ္ဗာန်–

ဝုစ္စတိ–၌ ခေါ်အရ ဒေသနာဉာဏ်အား အာရမ္မဏ–ပြု။ ပြိုင်။ ။ အာ, ဓိ, ဥ။ (၃)

==========

## ဝါကျဥယျာဉ်(၁၇၅)

(က) ဗုဒ္ဓါဒိဂုဏာနံ သဒ္ဒဟနဝသေန သဒ္ဓါ၊ ဗုဒ္ဓါဒီနိ ဝါ ရတနာနိ သဒ္ဒဟတိ ပတ္တိယာယတီတိ သဒ္ဓါ။

(ခ) သဒ္ဒဟနာတိ သဒ္ဒဟနာကာရော။

(ဂ) ဗုဒ္ဓါဒီနံ ဂုဏေ ဩဂါဟတိ ဘိန္ဒိတွာ ဝိယ အနုပဝိသတီတိ ဩကပ္ပနာ။

(ဃ) ဗုဒ္ဓါဒီနံ ဂုဏေသု ဧတာယ သတ္တာ အတိဝိယ ပသီဒန္တိ, သယံ ဝါ အဘိပ္ပသီဒတီတိ အဘိပ္ပသာဒေါ။

(င) ဣန္ဒါနိ ယသ္မာ သဒ္ဒိန္ဒြိယာဒီနံ သမာသပဒါနံ ဝသေန အညသ္မိံ ပရိယာယေ အာရဒ္ဓေ အာဒိပဒံ ဂဟေတွာဝ ပဒဘာဇနံ ကရီယတိ၊ အယံ အဘိဓမ္မေ ဓမ္မတာ၊ တသ္မာ ပုန သဒ္ဓါတိ ဝုတ္တံ။

(စ) ယထာ ဝါ ဣတ္ထိယာ ဣန္ဒြိယံ ဣတ္ထိန္ဒြိယံ၊ န တထာ ဣန္ဒံ။ ဣန္ဒံ ပန သဒ္ဓါဝ ဣန္ဒြိယံ သဒ္ဓိန္ဒြိယန္တိ ဧဝံ သမာနာဓိကရဏဘာဝဉာပနတ္ထမ္ပိ ပုန "သဒ္ဓါ"တိ ဝုတ္တံ။

(ဆ) ဧဝံ သဗ္ဗပဒနိဒ္ဒေသေသု အာဒိပဒဿ ပုန ဝစနေ ပယောဇနံ ဝေဒိတဗ္ဗံ။

ဋ္ဌ။ ၁၈၉။ မူလဋီ။ ၆၉။ ပြည်သျှ၊ ၂။ ၁၆၁။ ဘာသာဋီ၊ ၂။ ၃၈၄။ ကျော်စံဂဏ္ဌိ။ ၃၃၆။ မင်းခင်းဂဏ္ဌိ။ ၄၆၆။

(၁)

(က) သဒ္ဒဟတိ–ယုံကြည်တတ်၏။ (သဒ္ဒဟတ္ထ) (ဝါ) စွဲ၍ ဖြစ်တတ်၏။ (အဓိပ္ပါယတ္ထ) ပတိယာယတိ– စွဲ၍ ဖြစ်တတ်၏။ (သဒ္ဒတ္ထ) (ဝါ) ယုံကြည်၏။ (အဓိပ္ပါယတ္ထ) (ဘာဋီ၊ ၂။ ၃၅၄။)

အမှာ။ ။ ပြည်သျှ–၌ "သဒ္ဒဟတိ ပတ္တိယာယတိ–ယုံကြည်တတ်၏။"ဟု အနက်ပေးသည်။ ပုဒ်ရင်းမှာ ပတိပုဗ္ဗ, ဣ–ဓာတ် + အ–ပစ္စည်း။ ပတိယာယတိ–ဟု ဣ–ဓာတ်ဖြင့်သာ ပါဠ်မှန်ဖြစ်သင့်၏။ ဟု ဘာသာဋီကာ ဆုံးဖြတ်သည်။

(င) အညသ္မိံ–သော။ ပရိယာယေ–ပရိယာယ်ဝေဝုစ်ကို။ (ဝါ) အကြောင်းကို။ (ပြည်သျှ)

♦ အညသ္မိံ ပရိယာယေတိ အညသ္မိံ ကာရဏေ။ (မူလဋီကာ)

တသ္မာ–ထိုသို့အစပုဒ်ကို ယူ၍ ပဒဘာဇနီကို ပြခြင်း၏ အဘိဓမ္မာ၌ သဘော၏အဖြစ်ကြောင့်။ (မင်းခင်းဂဏ္ဌိ)

http://www.dhammadownload.com



(ဓ) သမာနာဓိကရဏဘာဝဉာပနတ္ထမ္ပိ–
တူသော နေရာရှိသည်၏အဖြစ်ကို သိစေခြင်းငှာလည်း (ပြည်သျှ)
တူသော တည်ရာအနက်ရှိသည်၏အဖြစ်ကို သိစေခြင်းအကျိုးငှာလည်း။(ဘာသာဋီကာ)
တူသော အနက်တည်းဟူသော တည်ရာရှိသည်၏အဖြစ်ကို သိစေခြင်းအကျိုးငှာလည်း။ (မင်းခင်းဂဏ္ဍိ)
ဝုတ္တံ–ဟောတော်မူအပ်၏–ဟု ပစ္စုပ္ပန်ပေး။

♦ ဏ္ဍဒါနိနောက်၊ တိတ်ဟောရောက်၊ ဟောမြောက် ပစ္စုပ္ပန်။ (ရွှေ)

(၂)

(က)ဖြင့် သဒ္ဒါပုဒ်၏ အဖွင့်ကို ပြသည်။
ယင်း(က)၌– ရှေ့ပိုင်းဝါကျဖြင့် သဒ္ဒါကို ဘာဝသာဓနပြုရမည်ဟု ပြသည်။
ဗုဒ္ဓါဒီနိ ဝါ–စသည်ဖြင့် ကတ္တုသာဓန.... ပြသည်။
(ခ)ဖြင့် သဒ္ဒဟနာပုဒ်၏ အဖွင့်ကို ပြသည်။
(ဂ)ဖြင့် ဩကပ္ပနာပုဒ်၏ အဖွင့်ကို ပြသည်။
(ဃ)ဖြင့် အဘိပ္ပသာဒေါပုဒ်၏ အဖွင့်ကို ပြသည်။
ယင်း(ဃ)၌– ဗုဒ္ဓါဒီနံ (ပ) ပသီဒန္တိ–ဝါကျဖြင့် အဘိပ္ပသာဒေါကို ကရဏသာဓနပြု–ဟု ပြသည်။
သယံ ဝါ အဘိပ္ပသီဒတိ–ဝါကျဖြင့် ကတ္တုသာဓ်..ပြသည်။(ပက္ခ+ပက္ခန္တရချည်းသာ)

(င) ဌပနာဘောဂါဒီ

ဆရာ–မြတ်စွာဘုရားသည် သဒ္ဓိန္ဒြိယနိဒ္ဒေသ၌ အဘိပ္ပသာဒေါ သဒ္ဓါ သဒ္ဓိန္ဒြိယံ–စသည်ဖြင့် သဒ္ဓါပုဒ်ကို တဖန် ဟောတော်မူ၏။ ထိုသို့ပင်.... သော်လည်း သဒ္ဓါပုဒ်ကို "ယာ တသ္မိံ သမယေ သဒ္ဓါ သဒ္ဒဟနာ" စသည်ဖြင့် ရှေး၌ ဟောတော်မူပြီးဖြစ်သည် မဟုတ်ပါလော။ ထိုသို့ဟောတော်မူပြီး ဖြစ်သောကြောင့် သဒ္ဓါပုဒ်ကို နောက်ထပ်တဖန် မဟောသင့်။ သဒ္ဓါပုဒ်ကို တဖန်ဟောတော်မူရခြင်း အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ်ကြောင့်– ထပ်မံ၍ ဟောတော်မူသနည်း။ စုဒ်ကြောင့် (င)မိန့်။
အမှာ။ ။ ဓောဒနာတက်လိုက ပုနရုတ္တိဒေါသ–တင်၍ တက်။

♦ ယသ္မာ–နောက်၊ တသ္မာ–ရောက်သော်၊ ရှေးနောက်မျှော်၊ အာဘော်အကြောင်းပြသတည်း။

♦ တသ္မာကို၊ ကြောင်းပြဆိုမူ၊ ထိုတသ္မာ၊ နောက်၌သာ၊ လိုရာအရကောက်နှင့်အညီ တသ္မာနောက်ရှိ "ပုန သဒ္ဓါတိ ဝုတ္တံ"ကို လိုရင်းကောက်၍ ဌပနာထားသည်။

(စ) ပါပနာဒိပဥ္စက

ဆရာ–သည် (င)ဖြင့် အစပုဒ်ကို ယူ၍ ပုဒ်ကို ဝေဖန်ခြင်းသည် အဘိဓမ္မာ၌ သဘောတံထွာ ထုံးစံဓမ္မတာဖြစ်သောကြောင့် သဒ္ဓါပုဒ်ကို ထပ်မံဟောတော်မူ၏ဟု ဆို၏။ ထိုသို့ ...သော် ယင်းဆိုခဲ့ပြီးအကြောင်းကြောင့်သာ သဒ္ဓါပုဒ်ကို ထပ်မံ၍ ဟောတော်မူ၏ဟူသော အနက်သည် ရောက်ရာ၏ (ပ) သဒ္ဓါပုဒ်ကို ထပ်မံဟောရခြင်း၏ တခြားဖြစ်သင့်သော အကြောင်းတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ အဗျာပိတ–တင်။ စုဒ်ကြောင့် (စ) မိန့်။

(ဆ) ဌပနာဘောဂါဒီ

ဆရာ–သည် (င)(စ)တို့ဖြင့် သဒ္ဓိန္ဒြိယနိဒ္ဒေသ၌ သဒ္ဓါပုဒ်ကို ထပ်မံ၍ ဟောတော်မူခြင်း၏ အကြောင်း(အကျိုး)ကို ပြဆိုတော်မူ၏။ ထိုသို့ ....သော် သတိန္ဒြိယနိဒ္ဒေသစသည်တို့၌ အစပုဒ်ကို ထပ်မံဟောတော်မူခြင်း၏ အကြောင်း(အကျိုး)ကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော–စသည် တက်။

http://www.dhammadownload.com



(၃)

(ဆ)ဖြင့် အလုံးစုံသော ပဒနိဒ္ဒေသတို့၌ အစပုဒ်ကို ထပ်မံ၍ ဟောတော်မူခြင်း၏အကျိုးကို ဤသို့ သိအပ်၏ဟု ညွှန်းသောအားဖြင့် ဖွင့်ပြသောကြောင့် ဂန္ထဂရုဒေါသ, အဗျာပိတဒေါသ-ပယ်သည်။

♦ အတိဒေသ၊ ညွှန်းဝါကျ၊ ဂန္ထ-အဗျာတင်။

(က)(ဂ)(စ)ဝါကျတို့၌ ဝါ-သဒ္ဒါ ထားရခြင်း

သဒ္ဒါ၌ အ-ပစ္စည်း၏ ဘာဝသာဓနအနက်အကြောင်းမှတပါး ကတ္တုသာဓနအနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် (က)၌ ဝါ-သဒ္ဒါ ထားသည်။

အဘိပ္ပသာဒေါ၌ ဏ-ပစ္စည်း၏ ကရဏသာဓနအနက်အကြောင်းမှတပါး ကတ္တုသာဓနအနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် (ဂ)၌ ဝါ-သဒ္ဒါ ထားသည်။

သဒ္ဒိန္ဒြိယနိဒ္ဒေသ၌ သဒ္ဒါပုဒ်ကို ထပ်မံဟောရာဝယ် အဘိဓမ္မာ၌ သဘောတံတွာ ထုံးစံမွေတာ ဖြစ်၏ဟူသော အကြောင်းမှတပါး သဒ္ဒါနှင့် ဣန္ဒြိယပုဒ်တို့၏ တူသောတည်ရာအနက်ရှိသည်၏ အဖြစ်ကို သိစေလိုသည်၏ အဖြစ်တည်းဟူသော အကြောင်းတစ်ပါးကို လဲလိုသောကြောင့် (စ)၌ ဝါ-ထားသည်။

သမာနာဓိကရဏဘာဝဉာပနတ္ထမ္ပိ-၌ ပိ-သဒ္ဒါ ထားရခြင်း

အဘိဓမ္မာ၌ ဓမ္မတာဖြစ်သောကြောင့်သာ သဒ္ဒါပုဒ်ကို ထပ်၍ဟောတော်မူအပ်သည် မဟုတ်သေး။ သဒ္ဒါနှင့် ဣန္ဒြိယပုဒ်တို့၏ တူသောတည်ရာအနက်ရှိသည်၏အဖြစ်ကို သိစေခြင်းငှာလည်း ထပ်မံ ဟောတော်မူ၏ဟူသော သမ္ပိဏ္ဍနတ္ထကို ပြလို၍ ပိ-သဒ္ဒါ ထားသည်။

(၄)

* အတ္ထိ သံဝဇ္ဇတီတိ သမာနော။ (အသ+မာန။) (ရူ။ ၃၉၉။)

* အဓိကရီယတိ အာဓာရီယတိ ဧတ္ထာတိ အဓိကရဏံ။ (အဓိ, ကရ+ယု။)

* သမာနော + အဓိကရဏံ အတ္ထော ဧတေသန္တိ သမာနာဓိကရဏာနိ။

(တူသော တည်ရာအနက်ရှိသော များစွာသော ပုဒ်တို့ရ၏။)

* သမာနာဓိကရဏာနံ + ဘာဝေါ သမာနာဓိကရဏတာ။ (မင်းခင်းဂတ္တိ။)

✔ တူသောတည်ရာအနက်ရှိသော ပုဒ်တို့၏ + (တူသောတည်ရာအနက်ရှိသည်၏)အဖြစ်နှင့် ဉာဏေး+ဉာဏ်စပ်.. ဈု-နိ။

✔ တူသောတည်ရာအနက်ရှိသည်၏ အဖြစ်တည်းဟူသော ဉာဏ်သည် ပ-နိ။

"ဝစနတ္ထမှတ်ဖွယ်"

(က) ဂေါစရာဝိယန္တိ အာမန္တာဝိယန္တိ အတ္တနိ ပတိဋ္ဌိတော ပုဂ္ဂလော ဒဠှံ သောတုံ ပူဇိတုဉ္စ ဏ္ဍစ္စန္တေဟိ ဖနေဟီတိ ဉာဏော။ (ဉာဏ+အ။ ခေါ်စေခြင်းကြိယာ။)(နီတိ။ ဓာတု။ ၁၀၄။)

(တစ်နည်း) အတ္တနော ဒဗ္ဗံ ဉာဏေန္တိ ပကာသေန္တီတိ ဉာဏာ။ (ဓာတုပစ္စယဒီပနီ)(ဉာဏ+အ။ ထင်ရှားပြခြင်း)

* ရတိံ + ဇနေန္တီတိ ရတနာနိ။ (ရတိ, ဇန+အ။ နှစ်သက်ခြင်းကို ဖြစ်စေခြင်း။)

(င) ပရိဗျတ္တ + မတ္တံ အယန္တိ ဂစ္ဆန္တိ ဗုဇ္ဈန္တိ ဧတေနာတိ ပရိယာယော။ (ပရိ, အယ+ဏ။) (တန်ဋီ။ သုတိ။)

(တစ်နည်း) ပရိယာယတီတိ အတ္တနော ဖလံ ပရိဂ္ဂဟေတွာ ဝတ္တတီတိ ပရိယာယော။ ကာရဏံ။ (သာရတ္ထ၊ ၁။ ၃၄၀။)

* အာရဘီယတေတိ အာရဒ္ဓေါ။ (အာ, ရဘ+တ။ အားထုတ်ခြင်း။)

(ဆ) ပယောဇေတဗ္ဗန္တိ ပယောဇနံ။ (ပ, ယုဇ+ယု။ ယှဉ်စေခြင်း, ဖြစ်စေခြင်း။)

http://www.dhammadownload.com



(၅)

သယံ–ကား နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ နိဂ္ဂဟီတန္တ။

(၆)

(က) သဒ္ဓဟနဝသေန–ဖြင့် သဒ္ဓါ၌ သံ, ဓာ–ဓာတ်... ၎င်း၊ အ–ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်... ၎င်း၊ သဒ္ဓဟနံ သဒ္ဓါဟု ပြု ...၎င်း၊ သံ–ဥပသာရ၏ ဓာတွတ္ထာဝိသေသအနက်၌ ... ၎င်း၊ ဓာ–ဓာတ်၏ (ဓာရဏအနက်ကို မဟော) ယုံကြည်ခြင်း သဒ္ဓဟနအနက်ဟော... ၎င်း သိစေ။

ဗုဒ္ဓါဒိဂုဏာနံ–ဖြင့် ဘာဝတ္ထ... ဖော်ပြ။

သဒ္ဓဟတိ–ဖြင့် သံ, ဓာ+အ။ ကတ္တုသာဓ်။ ... ဖော်ပြ။

ပတိယာယတိ(ပတ္တိယာယတိ)–ဖြင့် သဒ္ဓဟတိ၌ သံ, ဓာ–ဓာတ်သည် ကောင်းစွာထားခြင်း, ဆောင်ခြင်းစသော အနက်တို့ကို မဟော၊ ယုံကြည်ခြင်း ပတိယာယနအနက်ဟော၏ဟု သိစေသည်။ (ဓာတွတ္ထ) (တစ်နည်း) ပတိယာယတိ–ဖြင့် သဒ္ဓဟတိ၌ ယုံကြည်၏ဟူသည် ရွှံ့ဖြစ်ခြင်းပင်တည်းဟု သိစေ။

(ခ) သဒ္ဓဟနကာရော–ဖြင့် သဒ္ဓဟနာ၌ သံ, ဓာ, ယု–ပစ္စည်း၊ သဒ္ဓဟီယတေ သဒ္ဓဟနာ–ဟု ပြု.. ၎င်း၊ သဒ္ဓဟနာအရ စိတ်၏ ယုံကြည်ခြင်း အမူအရာကြိယာကို ယူ... ၎င်း သိစေ။

♦ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ယုပစ္စယ၊ အာကာရနှင့်၊ ဘာဝသဒ္ဒါ၊ ဖွင့်ပြရာ၊ ကြံပါမူချ၊ကိတ်ဘာဝ။

(ဂ) ဩဂါဟတိ–ဖြင့် ဩကပ္ပနာ၌ အဝ, ကပ္ပ–ဓာတ်၏ ဩဂါဟနအနက်ဟော... ၎င်း၊ ယု–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်... ၎င်း၊ ဩကပ္ပတိ ဩဂါဟတီတိ ဩကပ္ပနာ–ဟု ပြု... ၎င်း၊ အဝ–ဓာတ်၏ ဓာတွတ္ထဝိသေသက... ၎င်း သိစေသည်။

ဗုဒ္ဓါဒီနံ ဂုဏေ–ဖြင့် ဘာဝတ္ထ... ဖော်ပြ။

ဘိန္ဒိတွာ ဝိယ အနုပဝိသတိ–ဖြင့် ဩဂါဟတိ၌ သက်ဝင်၏ဟူသည် (ရတနာသုံးပါး၏ ဂုဏ်တော်တွင်းသို့) ခွဲ၍ သက်ဝင်သွားသကဲ့သို့ သက်ဝင်ယုံကြည်ခြင်းပင်တည်းဟု သိစေ။

(ဃ) ဧတယ ့ အတိဝိယ ပသီဒန္တိ–ဖြင့် အဘိပ္ပသာဒေါ၌ အဘိရှေး, ပရှေး, သဒ–ဓာတ်...၎င်း၊ အဘိ–ဥပသာရပုဒ်၏ အဓိကအနက်ဟော... ၎င်း၊ ပ–ဥပသာရ၏ ဓာတွတ္ထဝိသေသက... ၎င်း၊ ဏ–ပစ္စည်း၏ ကရဏသာဓ်အနက်၌ သက်.. ၎င်း၊ အတိဝိယ ပသီဒန္တိ ဧတယာတိ အဘိပ္ပသာဒေါ–ဟု ပြု။ (တစ်နည်း) ပသီဒန္တိ ဧတယာတိ ပသာဒေါ။ အတိဝိယ + ပသာဒေါ အဘိပ္ပသာဒေါ–ဟု ပြု.၎င်း သိစေ။

သတ္တာ–ဖြင့် ဘာဝတ္ထ... ဖော်ပြ။

သယံ အဘိပ္ပသီဒတိ–ဖြင့် အဘိပ္ပသာဒေါ၌ အဘိ, ပ–ရှေး, သဒ–ဓာတ်... ၎င်း၊ ဏ–ပစ္စည်း ကတ္တုသာဓနအနက်၌ သက်... ၎င်း၊ အဘိပ္ပသီဒတီတိ အဘိပ္ပသာဒေါ–ဟု ပြု... ၎င်း၊ သဒ္ဓါ မှတပါး လွန်စွာကြည်ညိုတတ်သော ကတ္တားတစ်ပါးမရှိ၊ သဒ္ဓါစေတသိက်သည်ပင် လွန်စွာ ကြည်ညိုတတ်သော ကတ္တားဖြစ်၏ဟူသော အဓိပ္ပါယ်ကို၎င်း သိစေသည်။

(၇)

(င) ဂဟေတဗ္ဗာဝ–၌ ဓဝ–၏ ဂဟေတဗ္ဗတ္ထစသည်

✔ (အစပုဒ်ကို)ယူခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။

✔ (အစပုဒ်ကို)မယူခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

✔ (အစပုဒ်ကို)ယူတော်မူတတ်သော ဘုရားဒြပ်နှင့် ယူတော်မူတတ်သည်၏ အဖြစ်တည်း–ဟူသောဂုဏ်သည် အနုညာတတ္ထ။

♦ နိဝတ္တေတဗ္ဗ၊ ကြိယာပြ၊ ဒဗ္ဗ, ဂုဏ အနုညာတ ထုတ်ပြ။

http://www.dhammadownload.com



(ဂ) ဘိန္ဒိတွာ ဝိယ–၌ ဝိယ–ကား ဥပရိက္ချာဓောတက။
အတိဝိယ–၌ ဝိယ–ကား ဝေတ္တ။ (ဝါ) အဝဓာရဏတ္တ။ အတိ–ကား အတိသယတ္တ။

(င) ပုန–ကား အပဋ္ဌမတ္တ။

♦ ဘေဒေ အပဋ္ဌမေ ပုန။ (ဓာန်။ ၁၁၉၉။)

(စ) ယထာ–ကား ပဋိဘာဂတ္တ။ (ဥပမာနဓောတက)
တထာ–ကား ပဋိဘာဂတ္တ။ (ဥပမေယျဓောတက)
ပန–ကား အနွယတ္တ။

(၈)

(က) သဒ္ဒဟတိ (ဂ) ဩဂါဟတိ, အနုပဝိသတိ (ဃ) တောယ, သယံ အဘိပသီဒတိ–တို့အရ–သဒ္ဓါကို ယူ၍ထုတ်။ (ထုတ်ပုံ=ဋ္ဌ။၁၆၂။ သဒ္ဓါအဖွင့် ဝါကျဥယျာဉ် (၁၃၈)ပြန်ကြည့်။)

(င)(စ) ဝုတ္တံ–၌ ဝစ–ဓာတ်အရ ဒေသနာဉာဏ်ကိုယူ။

တ–ပစ္စည်းအရ သဒ္ဓါဟူသော ဝစီဘေဒသဒ္ဒကို ယူ။

(ဆ)ဝေဒိတဗ္ဗံ–၌ ဝိဒ–ဓာတ်အရ ဉာဏ်ပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်ကိုယူ။

(ဆ) ဝေဒိတဗ္ဗ–သဒ္ဓါထားရခြင်း

အလုံးစုံသော ပဒနိဒ္ဒေသတို့၌ အစပုဒ်ကို တစ်ဖန်ဟောရာ၌ အကျိုးကို ဤသို့သိအပ်၏ဟု ဥပစာရတ္တ, အနေကတ္တ, သံသယအားဖြင့်ယူရမည်ဟုပြလို၍ ဝေဒိတဗ္ဗ–သဒ္ဓါထားသည်။

(၉)

(စ)သမာနာဓိကရဏဘာဝ–ဟူသည် နှစ်ခုသောပုဒ်, များစွာသောပုဒ်တို့၏ တစ်ခုသော တည်ရာဟူသော အနက်၌ ဖြစ်ခြင်းတည်း။

♦ သမာနာဓိကရဏဘာဝေါ ဒွိန္နံ ဗဟူနံ ဝါ ပဒါနံ ဧကသ္မိံ အတ္ထေ ပဝတ္တိ။ (မူလဋီ။၉၆။)

(၁၀)

(က) ဗုဒ္ဓါဒိဂုဏာနံ + သဒ္ဒဟနဝသေန–၌

✔ ဗုဒ္ဓါဒိဂုဏာနံ–အရ အရဟတာစသောဂုဏ်တော်, သီလစသောဂုဏ်တော်, ရှုပါရုံစသည်က– သဒ္ဒဟနဝသေန သဒ္ဓါ–အရ သဒ္ဓါအား အာရမ္မဏ–ပြု။

ပြင်။ ။ အာ, ဓိ, ဥ, ပု, အတ္တိ, အဝိ။ (၆)

အမှာ။ ။ (က) ဗုဒ္ဓါဒီနိ ဝါ ရတနာနိ + သဒ္ဒဟတိ။
(ခ) ဗုဒ္ဓါဒီနံ ဂုဏေ + ဩဂါဟတိ။
(ဂ) ဗုဒ္ဓါဒီနံ ဂုဏေသု + ပသီဒန္တိ–တို့၌လည်း ဗုဒ္ဓါဒိဂုဏာနံ + သဒ္ဒဟနဝသေန–နှင့် အတူကောက်၍ပြင်။

တောယံ + သတ္တာ အတိဝိယ ပသီဒန္တိ–၌–

✔ တောယ–အရ သဒ္ဓါသည်–
ပသီဒန္တိ–အရ သဒ္ဓါသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ–ပြု။

ပြင်။ ။ သဟာကြီး ၄၊ အညႇ, သမ္ပ၊ ဣံ။ (၇)

============

http://www.dhammadownload.com



## ဝါကျဥယျာဉ် (၁၇၆)

(က) ဝီရိယာရမ္ဘောတိ ဝီရိယသင်္ခါတော အာရမ္ဘော။ လ္လမိနာ သေသာရမ္ဘေ ပဋိက္ခိပတိ။

(ခ) အယဉ္ဟိ အာရမ္ဘသဒ္ဒေါ ကမ္မေ အာပတ္တိယံ ကိရိယာယံ ဝီရိယေ ဟိံသာယ ဝိကောပနေတိ အနေကေသု အတ္ထေသု အာဂတော။

(ဂ) "ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ အာရမ္ဘပစ္စယာ။
အာရမ္ဘာနံ နိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ"တိ (ပ) ဝိကောပနံ။

(ဃ) လ္လစ ပန ဝီရိယမေဝ အဓိပ္ပေတံ။

(င) တေနာဟ "ဝီရိယာရမ္ဘောတိ ဝီရိယသင်္ခါတော အာရမ္ဘော"တိ။

(စ) ဝီရိယဉှိ အာရမ္ဘနကဝသေန "အာရမ္ဘော"တိ ဝုစ္စတိ။ လ္လဒမဿ သဘာဝပဒံ။

ဋ္ဌ။ ၁၈၉။ မူလဋီ။ ၉၆။ ယောဇနာ။ ၁၁၅။ ပြည်သျှ၊ ၂။ ၁၆၃။ ဘာဋီ၊ ၂။ ၃၈၇။ ကျော်စံဂဏ္ဌိ။ ၃၃၆။ မင်းခင်းဂဏ္ဌိ။ ၄၆၇။

(၁)

(က) လ္လမိနာ–ဤဝီရိယာရမ္ဘောဟူသောပါဌ်ဖြင့်။ (ပြည်သျှ)
(ဝါ) ဤဝီရိယဟူသော ဝိသေသနဖြင့်။ (ဘာသာဋီကာ)

(ခ) ဟိ(သစ္စံ)။

(ဂ) ဟိ–ရဲ့။ ထင်။ မှန်။

(ဃ) ပန–အတ္ထုဒ္ဓါရသာမညမှတပါး အတ္ထုဒ္ဓေသဝိသေသကို ဆိုအံ့။ (ဝါ) အထူးကို ဆိုအံ့။ လ္လစ–ဤဝီရိယိန္ဒြိယနိဒ္ဒေသ၌။

(င) အာဟ–၏ ကတ္တားကို ပေါရာဏအဋ္ဌကထာစရိယော–ဟုထည့်။

(စ) ဟိ(သစ္စံ)။ လ္လဒံ–ဤဝီရိယာရမ္ဘောဟူသော ပုဒ်သည်။ အဿ–ထိုဝီရိယ၏။ သဘာဝပဒံ–သဘောအားဖြင့်ရသော ပုဒ်တည်း။ (ဝါ) သဘောအားဖြင့်ရသော အမည်တည်း။ (ပြည်သျှ) (ဝါ) သဘောကို ပြသော ပုဒ်တည်း။ (ဘာသာဋီ)

(၂)

(က)သို့ အနုသန္ဓေ

ဤသို့ စေတသိကောတိ လ္လဒံ ဝီရိယဿ–စသည်ဖြင့် စေတသိကောပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြပြီး၍၊ ယခုအခါ၌ ဝီရိယာရမ္ဘောပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြလို၍ (က)မိန့်။

(ခ) ဥပနာဘောဂါဒိ

ဆရာ–သည် (က)ဖြင့် ဝီရိယာရမ္ဘောကို ကမ္မဓာရယသမာသ်ဝစနတ္တပြု၍ ယင်းဝီရိယာရမ္ဘော ပါဌ်ဖြင့် ကြွင်းသော ကမ္မာရမ္ဘ–စသည်တို့ကို ပယ်၏ဟု ဖွင့်ဆို၏။ ထိုသို့ ...သော် ယင်းသို့ဖွင့်ဆိုသော ဆရာ့စကားသည် ယုတ္တိကင်းပဒဋ္ဌိယမျှသာဖြစ်၍ လှုပ်ရှားမနိုင်ယိုင်သည် မဟုတ်ပါလော–စသည်တက်။

(ခ)ဖြင့် အာရမ္ဘသဒ္ဒါ၏ အတ္ထုဒ္ဓါရ အကျဉ်းပြသည်။

(ဂ)ဖြင့် အတ္ထုဒ္ဓါရ အကျယ်ပြ ဝိတ္ထာရ။ (တစ်နည်း) တပ္ပါကဋီ။ (တစ်နည်း) အာဂမဒဋ္ဌိ။

(ဃ)ဖြင့် အတ္ထုဒ္ဓေသ ဝိသေသကို ပြသည်။

အမှာ။ ။ ဤအတ္ထုဒ္ဓါရအကျဉ်း, အကျယ်, အတ္ထုဒ္ဓေသဝိသေသဝါကျမျိုး ကျမ်းတက်ပုံ, ဒေါသပယ်ပုံ, အာဘော်ဖော်ပုံ, သဒ္ဒိရပုံတို့ကို ကုသလသဒ္ဒါ၏ အတ္ထုဒ္ဓါရပြ (ဋ္ဌ။၈၀။) ဝါကျဥယျာဉ်အမှတ် (၁၂)၌ ပုံသေနည်းပေးခဲ့ပြီ။

http://www.dhammadownload.com



(၃)

(င)၌ တေနာပဟ–ထားရခြင်း–

"လဒ္ဓဂုဏာ၊ နိဂမနင့်၊ အာဂမဒင္ဓေ၊ ပြလိုပေ၊ တေနေဝါဟထား" ဟူသည်နှင့်အညီ လဒ္ဓဂုဏ်ကို ပြလို၍ (တစ်နည်း) နိဂမနကို ပြလို၍ (တစ်နည်း) အာဂမဒင်္ဂကို ပြလို၍ (င)၌ တေနာပဟ–သဒ္ဒါထားသည်။

မှတ်ချက်။ ။ ပေါရာဏ အဋ္ဌကထာစရိယကို ရည်၍ "တေနာပဟ"ဟူသတည်း။ မိမိကို ရည်၍ "တေန ဝုတ္တံ" ဟူသတည်း။ (ပြည်သျှ။ ၁၆၄။)

(ဃ) အဓိပ္ပေတံ–ထားရခြင်း–

ကမ္မ, အာပတ္တိ, ကိရိယာ, ဝီရိယ, ဟိံသာ, ဝိကောပန–ဟူသော အနက်သာမညမှ ဤဝီရိယဝိဋ္ဌိယ နိဒ္ဒေသ၌ လိုအပ်သော ဝီရိယဟူသော အနက်ဝိသေသကို ပြလိုသောကြောင့်ရင်း၊ ဤဝီရိယဝိဋ္ဌိယနိဒ္ဒေသ၌ ကမ္မစသည်ကို မယူရ၊ ဝီရိယကိုသာ ယူရမည်ဟု (စောဒကပုဂ္ဂိုလ်နှင့်) စကားလုံယက်၍ ပြဆိုသော အရာဌာနဖြစ်သောကြောင့်ရင်း (ဃ)၌ အဓိပ္ပေတံ–သဒ္ဒါထားသည်။

♦ သာမညမှ၊ အတ္ထဝိသေ၊ တစ်ထွေစကားလု၊ ပြလိုမှု၊ ထားမှု ကထိတံ, အဓိပ္ပေတံ။

(၄)

(ဂ) ဂါထာ–

* အာရဗ္ဘိယတေတိ အာရမ္ဘော။ (အာ, ရဘ–ဓာတ်+အ။ အားထုတ်ခြင်း။)

* ပဋိစ္စ ဖလံ ဧတိ ဧတသ္မာတိ ပစ္စယော။ (ပတိ, ဣ+ဏ။)

* အာရမ္ဘသင်္ခါတော + ပစ္စယော အာရမ္ဘပစ္စယော။ (တသ္မာ)

✔ ကံဟူသော တရား၏ + အကြောင်းတရားနှင့် ဂုဏ်+ဂုဏေားစပ် ဗျူ–နိ။

✔ ကံဟူသော အကြောင်းတရားတို့၏ ......ဓာတ်သည် ပ–နိ။

(က) အာရဗ္ဘိယတေ အာရမ္ဘော။

* ဝီရိယသင်္ခါတော + အာရမ္ဘော ဝီရိယာရမ္ဘော။ (ဂုဏ်+ဂုဏေားစပ်။)

"ဝစနတ္ထမှတ်ဖွယ်"

(ခ) ကရီယတီတိ ကမ္မံ။ (ကရ+ရမ္မ။ ပြုခြင်း။)

* ဟိံသနံ ဟိံသာ။ (ဟိံသ (တစ်နည်း) ဟိံသိ+သ။ ညှဉ်းဆဲခြင်း။)

* ဝိကောပိယတေ ဝိကောပနံ။ (ဝိ, ကုပ+ယု။ ဖျက်ဆီးခြင်း။)

(ဃ) * အဓိပ္ပိယတေ ဣစ္ဆိယတေတိ အဓိပ္ပေတံ။ (အဓိ, အပိ, ဣ+တ။)

(၅)

| | | |
|---|---|---|
| (ဂ) | ယံကိဉ္စိ–၌ ယံ–ကား | သဗ္ဗနာမ်၊ နပုံ၊ စိတ္တာဒိ၊ အ–ကာရန္တ။ |
| | ကိံ–ကား | သဗ္ဗနာမ်၊ နပုံ၊ စိတ္တာဒိ၊ နိဂ္ဂဟီတန္တ။ |
| | စိ–ကား | နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဣ–ကာရန္တ။ |
| | ယံကိဉ္စိ–တစ်ပုဒ်လုံးကား | နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဣ–ကာရန္တ။ |
| | သမ္ဘောတိ–ကား | (သံ, ဘူ+အ+တ) ဘူဝါဒိ ၊ ဣ–ကာရန္တ။ |
| | နတ္ထိ–၌ န–ကား | နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ အ–ကာရန္တ။ |
| | အတ္ထိ–ကား | (အသ+အ+တိ) ဘူဝါဒိ၊ အ–ကာရန္တ။ |

http://www.dhammadownload.com



(၆)

(က) ဝီရိယသမ္ဗောဓိတော + အာရဗ္ဘော–ဖြင့် သမာသလိင်္ဂပဒတ္ထ.... သိစေ။

လ္လမိနှာ သေသာရမ္ဘ ပဋိက္ခိပတိ–ဖြင့် ဤဝီရိယာရမ္ဘောဟူသော ပါဠိဖြင့် (ဝါ) ဤဝီရိယဟူသေ ဝိသေသနပုဒ်ဖြင့် အာရမ္ဘသဒ္ဒါ ကမ္မ–စသော အနက်များကို ဟောသော်လည်း ဤ၌ ကမ္မာရမ္ဘစသေ အနက်များကို ပယ်မြစ်၍ ဝီရိယာရမ္ဘကိုသာ လိုအပ်သတည်းဟု သိစေသည်။

(ခ)ဖြင့် (နာမလိင်္ဂတ္ထ, သဒ္ဒါဟောအဘိဓေယျတ္ထ) ဖော်ပြ။

(ဃ)ဖြင့် (အဓိပ္ပေတတ္ထ)ဖော်ပြ။

♦ ထင်ရန်တစ်ပါး၊ အနက်များထဲ၊ ဖွင့်တုံက၊ အဓိပ္ပေတသာ။ (သမ္ဗန္ဓစိန္တာဂဏ္ဌိ)

(၇)

(ဃ) ဝီရိယမေဝ–၌ ဧဝ–၏ ဂဟော ာဗ္ဗတ္ထစသည်

✔ ဝီရိယဟူသော အနက်သည် ဂဟေတဗ္ဗတ္ထ"

✔ ကမ္မ, အာပတ္တိ, ကိရိယာ, ဟိံသာ, ဝိကောပနအ‌ နက်တို့ ည် နိဝတ္တေတဗ္ဗတ္ထ။

✔ ဝါယာမ, ထာမ, ဥဿာဟ–စသော ဝီရိယသဒ္ဒါ၏ပရိယာယ်အနက်များသည် အနုညာတဗ္ဗ (တစ်နည်း) ဝီရိယအနက်ကိုဟောသော အာရမ္ဘသဒ္ဒါသည် အနုညာတတ္ထ။

(ဂ) ယံကိဉ္စိ–၌ ယံ–ကား အနိယမတ္ထ။ ကိံ–ကား ပုစ္ဆနတ္ထ, ပုစ္ဆာဝါစက။
စိ–ကား အသာကလျတ္ထ။

ယံကိဉ္စိ–ကား သကလဝါစကတ္ထ။

♦ ကိံ–သဒ္ဒါနောက်၊ စိ–လျှင်ရောက်က၊ အပ္ပဝါစက။
ရှေးမှာတစ်ဖန်၊ ယ–ဝင်ပြန်က၊ သကလဝါစက။
ဝင်လာမဖက်၊ ကိံ–သက်သက်မှာ၊ ပုစ္ဆာဝါစကကေန်တည်း။

(၈)

(ဃ) တေနာဟ–၌ ပြု–တတ်အရ–

"ဝီရိယာရမ္ဘောတိ ဝီရိယသမ္ဗောဓိတော အာရမ္ဘော"ဟူ၍ ဖွင့်ဆိုတော်မူသော ပေါရာဏအဋ္ဌကထ ဆရာ၏သန္တာန်၌ ဖြစ်သော သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို ယူ၍–

✔ ထို.... သည် ဒဿနတ္ထ။

✔ ယောနိသောမနသိကာရသည် ဒီပကတ္ထ။

✔ ဝီရိယာရမ္ဘောတိ ဝီရိယသမ္ဗောဓိတော အာရမ္ဘောဟူသော ဝစီဘေဒသဒ္ဒါသည် ပကာသနတ္ထ

✔ သပ္ပုရိသူပနိဿယ, သဒ္ဓမ္မဿဝနစသည်သည် ဝိဘာဝတ္ထ။

✔ သောတုဇနတို့အား သုတမယဉာဏ်ဖြစ်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သေ အကျိုးတရား အဆက်ဆက်တို့သည် အနုဘာဝတ္ထ။

(၉)

(ဃ) အဓိပ္ပေတံ–၌ တ–အရ ဝီရိယ–ကို ယူ၍ လက္ခဏာဒိထုတ်။

(၁၀)

(စ)ပါဠိ ဝီရိယံ + အာရမ္ဘောတိ ဝုစ္စတိ–၌

✔ ဝီရိယံ–အရ ဝီရိယစေတသိက်သည်–

ဝုစ္စတိ–၌ ဝစ–တတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်အား အာရမ္ဘဏ–ပြု။(ပြိုင်=အာ, ဓိ,

http://www.dhammadownload.com



(ဂ) ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ အာရမ္ဘပစ္စယာ-၌-

✔ အာရမ္ဘပစ္စယာ-အရ စေတနာသမ္ပယုတ္တဝီရိယသည်-

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ-အရ ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်အား သဟဇာတကမ္မသတ္တိ-ဖြင့်... ပြု။ ဖြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ ကမ္မ, အာဟာရ။ (၈)

(ဃ) ဝီရိယမေဝ + အဓိပ္ပေတံ-၌-

✔ ဝီရိယံ-အရ ဝီရိယသည်-

အဓိ, အပိ, ဣ-ဓာတ်အရ ဆန္ဒပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္ဘဏ-ပြု။(ဖြိုင်=အာ, ဓိ, ဥ)

================

## ဝါကျဥယျာဉ်(၁၇၇)

(က) အဘိမုခံ ဂန္တွာ ဝိယ သရဏတော ပဋိသရဏဝသေန ပဋိဿတိ။

(ခ) ဥပဿဂ္ဂဝသေန ဝါ ဝဓိတမတ္တမေတံ။

(ဂ) သရဏာကာရော သရဏတာ။

(ဃ) ယသ္မာ ပန "သရဏတာ"တိ တိဏ္ဏံ သရဏာနမ္ပိ နာမံ၊ တသ္မာ တံ ပဋိသေဓေတုံ ပုန သတိဂ္ဂဟဏံ ကတံ။

(င) သတိသင်္ခါတာ သရဏတာတိ အယမေတ္ထ အတ္ထော။

(စ) သုတပရိယတ္တဿ ဓာရဏဘာဝတော ဓာရဏတာ။

ဋ္ဌ။ ၁၉၁။ မူလဋီ။ ၉၆။ ပြည်သျှ၊၂။ ၁၆၈။ ဘာသာဋီ၊၂။ ၃၉၁။ ကျော်စံဂဏ္ဌိ။ ၃၃၈။ မင်းခင်းဂဏ္ဌိ။ ၄၆၉။

(၁)

(ခ) ဧတံ-ဤပဋိဿတိဟူသော ပုဒ်သည်။

(ဃ) ပန-ဆက်။ ယသ္မာ-ကြောင့်၊ "သရဏတာ"တိနာမံ-သည်။ တိဏ္ဏံ-ဘုရားစသောအားဖြင့် သုံးပါးကုန်သော။ သရဏာနမ္ပိ-တို့၏လည်း။ နာမံ-တည်း။ တသ္မာ-ကြောင့်။ တံ-ထိုဘုရားစသော ကိုးကွယ်ရာဟူသော အနက်ကို။ (ဘာသာဋီကာ) (ဝါ) ဗ္ဗာဒိယန္တသရဏကို။ (ပြည်သျှ) ပဋိသေဓေတုံ-ငှာ။ ပုန။ သတိဂ္ဂဟဏံ။ (ဘဂဝတာ)ကတံ-ပြီ။ ( တိဏ္ဏန္တိ ဗုဒ္ဓါဒီနံ။ မူလဋီ။ ၉၆။)

(င) ဟိ-မှန်။ ဧတ္ထ-ဤသတိသရဏတာဟူသော ပုဒ်၌။

(၂)

(ခ) ပါပနာဒီပဋ္ဌက

ဆရာ-သည် (က)ဖြင့် ပဋိဿတိ၌ ပဋိ(ပတိ)သဒ္ဒါသည် အဘိမုခအနက်ဟောဟု ဖွင့်ပြဆို၏။ ထိုသို့ ...သော် ပဋိဿတိ၌ ပဋိ(ပတိ)သဒ္ဒါသည် အဘိမုခတ္ထအနက်တစ်မျိုးသာ ဖြစ်သင့်၏ (တစ်နည်း)ဓာတွတ္ထဝိသေသကတစ်မျိုးသာဖြစ်သင့်၏ဟူသော အနက်သည် ရောက်ရာ၏-စသည်တက်။

(ဃ) ဋ္ဌပနာသောဂါဒီပဋ္ဌက

ဆရာ-မြတ်စွာဘုရားသည် သတိန္ဒြိယနိဒ္ဒေသ၌ သတိသရဏတာ-စသည်ဖြင့် သတိသဒ္ဒါကို တဖန်ဟောတော်မူ၏။ ထိုသို့ပင် ....သော်လည်း ထိုသတိသဒ္ဒါကို "ယာ တသ္မိံ သမယေ သတိ အနုဿတိ"စသည်ဖြင့် ရှေး၌ဟောတော်မူအပ်ပြီးသည် မဟုတ်ပါလော။ ထိုသို့ ရှေး၌ ဟောတော်မူအပ်ပြီး ဖြစ်သောကြောင့် သတိသဒ္ဒါကို နောက်ထပ်တဖန် မဟောသင့်။ သတိသဒ္ဒါကို တဖန်ဟောတော်မူခြင်း၏ အကြောင်းကိုလည်း(ဝါ)အကျိုးကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် (ဝါ) အဘယ်အကျိုးငှာ သတိသဒ္ဒါကို တဖန်ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

http://www.dhammadownload.com



(၃)

(ခ) ဝါ-သဒ္ဒါ ထားရခြင်း

ပဋိသယတိ၌ ပဋိ(ပတိ)သဒ္ဒါ၏ အဘိမုခအနက်အကြောင်းမှတပါး အနက်သီးခြားမရှိ၊ အနတ္ထကဖြစ်၏ဟူသော အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် (တစ်နည်း) ပဋိ(ပတိ) သဒ္ဒါ၏ ဓာတွတ္ထဝိသေသကအနက်အကြောင်းမှတပါး ဓာတွတ္ထာနုဝတ္တကဟူသော အနက်အကြောင်း တစ်ပါးကို လဲလိုသောကြောင့် (ခ)၌ ဝါ-သဒ္ဒါထားသည်။

(ဃ)ဝါကျဖြင့် ပုနရုတ္တိ (တစ်နည်း) နိရတ္ထကဒေါသ-ပယ်သည်။

(၄)

(ဃ) သရန္တိ ဟိံသန္တီတိ သရဏာနိ။ (တောသံ)

✔ သရ+ယု-ငင်း၊ ညှဉ်းဆဲခြင်းကြိယာသည်ငင်း ဗျု-နိ။

✔ ရတနာသုံးပါးတို့၏ ကိုးကွယ်ရာ၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပ-နိ။

♦ သရဏတ္တတော တာဝ ဟိံသတီတိ သရဏံ။ (ပ) ရတနတ္တယဿေဝေတံ အဓိဝစနံ။ (ဒီ၊ဋ္ဌ၊၁။ ၂၀၅။)

"ဝစနတ္ထမှတ်ဖွယ်"

(ဂ) သူယိတ္ထာတိ သုတံ။ (သု+တ။ ကြားနာခြင်း။)

* ပရိယာပုဏီယိတ္ထာတိ ပရိယတ္တံ။ (ပရိ, အပ+တ။ ရောက်ခြင်း၊ သင်ယူခြင်း။)

(၅)

| | | |
|---|---|---|
| (ခ) မတ္တံ-ကား | ကိတ်နာမ်၊ နပုံ၊ စိတ္တာဒိ၊ အ-ကာရန္တ။ |
| (ဃ) တိဏ္ဏံ-ကား | သင်္ချာနာမ်ပုဒ်၊ နပုံ၊ သင်္ချာနာမ်ဂိုဏ်း၊ ဣ-ကာရန္တ။ |
| (င) အယံ-ကား | သဗ္ဗနာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ-ကာရန္တ။ |

(၆)

(က)ဖြင့် ပဋိသယတိ၌ ပဋိ(ပတိ)သဒ္ဒါ၏ အဘိမုခအနက်ဟော... ငင်း၊ ပဋိ(ပတိ), သရ-ဓာတ်... ငင်း၊ တိ-ပစ္စည်း၏ ကတ္တု, ကရဏ, ဘာဝသာဓနအနက်၌ သက်... ငင်း၊ အဘိမုခံ သရတီတိ ပဋိသယတိ။ (တစ်နည်း) အဘိမုခံ သရန္တိ ဧတာယာတိ ပဋိသယတိ (တစ်နည်း) အဘိမုခံ သရဏံ ပဋိသယတိ-ဟု... ပြု... ငင်း သိစေသည်။

(တစ်နည်း) သရတီတိ သတိ, သရန္တိ ဧတာယာတိ သတိ, သရဏံ ဝါ သတိ။ အဘိမုခံ + သတိ ပဋိသယတိ-ဟု ပါဒိပုဗ္ဗပဒကမ္မဓာရယ်... ပြု... သိစေသည်။

(ခ)ဖြင့် ပဋိသယတိ၌ ပဋိ(ပတိ)သဒ္ဒါ၏ သီးခြားအနက်မရှိ၊ ဓာတွတ္ထာနုဝတ္တကတည်းဟု သိစေ။

(ဂ)ဖြင့် သရဏတာ၌ သရဏ-ဝယ် သရ-ဓာတ်... ငင်း၊ ယု-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်..ငင်း၊ သရီယတေတိ သရဏံ-ဟု ပြု... ငင်း၊ သရဏတာ-၌ ဏ-စွည်း၏ သွတ္ထတဒ္ဓိတ်အနက်၌ သက်..ငင်း၊ သရဏံ ယေဝ သရဏတာ-ဟု ပြု... ငင်း သိစေသည်။

(စ) ဓာရဏဘာဝတော-ဖြင့် ဓာရဏတာ၌ တာ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်... ငင်း၊ ဓာရဏဿ + ဘာဝေါ ဓာရဏတာ-ဟု ပြု... ငင်း သိစေသည်။

သုတပရိယတ္တဿ-ဖြင့် ဓာရဏဘာဝတော၌ ဆောင်၏ဟူသည် နာအပ်, သင်ကြားအပ်ပြီး သော အတတ်ပညာစာပေကျမ်းဂန်ကို ဆောင်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

http://www.dhammadownload.com



(၇)

(က) ဝိယ–ကား ဥပရိဣျာဓောတက။

(ခ) ဥပသဂ္ဂ–၌ ဥပ–ကား သညာအနက်ဟော။ (ရှ) (တစ်နည်း) ဥပဂမန(ဥပေစ္စ)အနက်ဟော။

(ဂ) ပန–ကား ဝါကျာရမ္ဘ။

သရဏာနမ္ပိ–၌ ပိ–ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။

(၈)

(ဂ) သရဏတာ (စ) ဓာရဏတာ–တို့အရ သတိကိုယူ။ (ထုတ်ပုံ ဝါကျဥယျာဉ်(၁၄၀)ပြန်ကြည့်)

(ဃ) ကတံ–၌ ကရ–ဓာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်ကိုယူ။

တ–ပစ္စည်းအရ သတိဟူသော ဝစီဘေဒသဒ္ဒကိုယူ။ (ထုတ်ပြ)

(၁၀)

(ဃ) သတိဂ္ဂဟဏံ + ကတံ–၌

✔ ကရ–ဓာတ်အရ ဒေသနာဉာဏ်သည်–

သတိဂ္ဂဟဏံ, တ–ပစ္စည်းတို့အရ သတိဟူသော ဝစီဘေဒသဒ္ဒအား သဟဓာတ–ပြု။ ပြင်။ ။ သဟကြီး ၄၊ ဝိပ္ပ၊ ဟေ, ဓိ, ဏ္ဍ, မဂ်။ (၉)

(စ) သုတပရိယတ္တသ + ဓာရဏဘာဝတော–၌

✔ သုတပရိယတ္တ–အရ နာအပ်, သင်ကြားအပ်ပြီးသော အတတ်ပညာစာပေကျမ်းဂန်–ဟူသော ဓမ္မာရုံပစ္စည်းတရားသည်

ဓာရဏဘာဝတော–အရ သတိပစ္စယုပ္ပန်အား အာရမ္မဏ–ပြု။

============

## ဝါကျဥယျာဉ် (၁၇၈)

(က) အနုပဝိသနသဒ်ါတေန ဩဂါဟနဋ္ဌေန အပိလာပနဘာဝေါ အပိလာပနတာ။

(ခ) ယထာ ဟိ လာဗုကဋ္ဌာဟာဒီနိ ဥဒကေ ပ္လဝန္တိ န အနုပဝိသန္တိ၊ န တထာ အာရမ္မဏေ သတိ၊

(ဂ) အာရမ္မဏဉ္စသာ အနုပဝိသတိ၊

(ဃ) တသ္မာ အပိလာပနတာတိ ဝုတ္တာ။

ဋ္ဌ။ ၁၉၁။ မူလဋီ။ ၉၆။ ပြည်သျှ၊ ၂။ ၁၆၉။ ဘာဋီ၊ ၂။ ၃၉၂။ ကျော်စံဂဏ္ဌိ။ ၃၃၈။ မင်းခင်းဂဏ္ဌိ။ ၄၆၉။

(၁)

(ခ) ပဓာ–ပမေ ထင်ရှားစေလျက်

ဟိ(တံ ပါကဋံ့ ကရောမိ)–အံ့။ လာဗုကဋ္ဌာဟာဒီနိ–ဗူးတောင်းစသည်တို့သည်။ ဥဒကေ–၌။ ပ္လဝန္တိ ယထာ–ပေါ်ပေါ်မျောကုန်၏သို့။ န အနုပဝိသန္တိ ယထာ–မနစ်မငုပ်ကုန်၏သို့။ တထာ–တူး။ သတိ–သည်။ အာရမ္မဏေ–၌။ န ပ္လဝတိ–မေ့လွတ်သောအားဖြင့် ပေါ်ပေါ်မျောသည် မဟုတ်။ န န အနုပဝိသတိ–မနစ်မငုပ် စုပ်စုပ်မဝင် မဟုတ်။ (တစ်နည်း) (ပ္လဝတိ–မေ့လွတ်သောအားဖြင့် ပေါ်ပေါ်မျောသည်ကား။) န–မဟုတ်။ (န အနုပဝိသတိ–မနစ်မငုပ် စုပ်စုပ်ဝင်သည်ကား။) န–မဟုတ်။

(ဂ) ဟိ–မှန်။ သော(သတိ)–သည်။

(ဃ) (ဘဂဝတာ) ဝုတ္တာ။

http://www.dhammadownload.com



(၂)

(ခ) ဋ္ဌပနာဘောဂါဒိ

ဆရာ–သည် (က)ဖြင့် အာရုံကို မပေါ်မမျောမလွတ်စေတတ်သည်၏ အဖြစ်သည် အပိလာပနတာ မည်သောဟု ဆို၏။ ထိုသို့ ...သော် ထိုစကားရပ်၏ အနက်အဓိပ္ပါယ်သည် အသဒိသူပမာ (လောကူပမာ)နှင့် ကင်း၍ မပေါ်လွင် မထင်ရှားသည် မဟုတ်ပါလော။ (ပ) ထိုစကားရပ်၏ အနက်အဓိပ္ပါယ်ကို ထင်ရှားပေါ်လွင်စေတတ်သော အသဒိသူပမာ(လောကူပမာ)ကိုလည်း ပြဆိုသင့်သေး၏။ ...ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။

(ဂ) ဋ္ဌပနာဘောဂါဒိ

ဆရာ–သည် (ဂ)ဝါကျ န တထာ အာရမ္မဏေ သတိဖြင့် သတိသည် အာရုံ၌ မေ့လွတ်သော အားဖြင့် ပေါလောမျောသည် မဟုတ်၊ မနစ်မငုတ် စုပ်စုပ်ဝင်သည် မဟုတ်ဟု ဆို၏။ ထိုသို့ ...သော်လည်း ယင်းသို့ဆိုသော ဆရာ့စကားသည် ယုတ္တိကင်းပဒဋ္ဌိယမျှသာဖြစ်၍ မယုံကြည်အပ်, မယုံကြည်နိုင်ရာသည် မဟုတ်ပါလော–စသည် တက်။

အမှာ။ ။ ပမာ–ပမေ၊ ဤနှစ်ထွေ၊ ပမေ–ပဓာနသာတည်း–ဟူသည်နှင့်အညီ ဥပမေယျဝါကျကို ဋ္ဌပနာထားသည်။

(၃)

(ခ)သည် တပ္ပါကဋ္ဌိကရဏ။ ဝိရောစိ, ပုနရုတ္တိ–ပယ်။ ယင်း(ခ)၌–

ယထာ.ဟိ–မှ န အနုပဝိသန္တိ–ကား ဥပမာန။ န တထာ အာရမ္မဏေ သတိ–ကား ဥပမေယျ။

(ဂ) ယုတ္တိဒဋ္ဌိကရဏ။ (ဃ) လဒ္ဓဂုဏ။

(၄)

(က) ပိလာပေတီတိ ပိလာပနံ။ (ပ္လု–(ဝါ) ပိလု–ဓာတ်+ဏာပေ+ယု။ ပေါလောမျောစေခြင်း။)

* န + ပိလာပနံ အပိလာပနံ။ အပိလာပနဿ + ဘာဝေါ အပိလာပနတာ။

✔ အပိလာပနံ–ပုဒ်+တာ–သည့်ရင်း၊ အာရုံကို မပေါ်မမျောမလွတ်စေတတ်သော တရား၏ + အာရုံကို မပေါ်မမျောမလွတ်စေတတ်သည်၏ အဖြစ်နှင့် ဂုဏေး+ဂုဏ်စပ်..ရင်း ဗျု–နိ။

✔ အာရုံကို မပေါ်မမျောမလွတ်စေတတ်သည်၏ အဖြစ်ဟူသော ဂုဏ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

* လမ္ဗတီတိ လာဗု၊ လမ္ဗိယတီတိ ဝါ လာဗု။ (လမ္ဗ(လဗိ)+ဥ။ ဆွဲခြင်း။)

* ကဋ္ဌန္တိ ဇွေ့ ဩသဓာဒိ မဒ္ဒန္တီတိ ကဋ္ဌာဟော။(အွာဒိမောဂ်။ ၂၂၃။) (ကဋ္ဌ+ဟ။ အ–လာ။)

* လာဗုယာ + ကဋ္ဌာဟော လာဗုကဋ္ဌာဟော။ (ပါဓိတျာဒိယောဇနာ။ ၄၅၅။)

(တစ်နည်း) လာဗု စ + သာ + ကဋ္ဌာဟော စာတိ လာဗုကဋ္ဌာဟော။

* လာဗုကဋ္ဌာဟော + အာဒိ + ယေသန္တိ လာဗုကဋ္ဌာဟာဒီနိ။

(ဗူးတောင်းဟူသော အစ၏+အခြားသော ပေါ်ပေါ်မျောသောဝတ္ထုတို့နှင့် အာဒိ+အာဒိဝန္တ, ဂုဏ်+ဂုဏေးစပ်။)

(၅)

လာဗု–ကား ကိတ်နာမ်၊ ပုလ္လိင်၊ ရဇ္ဇာဒိ၊ ဥ–ကာရန္တ။

ပ္လဝန္တိ–ကား ပ္လု(ပိလု)အ+န္တိ။ ဘူဝါဒိ၊ ဥ–ကာရန္တ။

(၆)

(က) အပိလာပနဘာဝေါ–ဖြင့် အပိလာပနတာ၌ တာ–ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက် ...ရင်း၊ အပိလာပနဿ + ဘာဝေါ အပိလာပနတာ–ဟု ပြ...ရင်း သိစေ။

http://www.dhammadownload.com



ဩဠာရိကဘာဝေန-ဖြင့် သတိသည် အာရုံ၌ ပေါ်ပေါ်မျောတတ်, မသက်ဝင်တတ်သော အနက် သဘောကြောင့် အပိလာပနတာမည်သည် မဟုတ်၊ အာရုံ၌ သက်ဝင်တတ်သော အနက်သဘောကြောင့် အပိလာပနာမည်၏ဟု သိစေသည်။

အနုပဝိသနသင်္ခါတေန-ဖြင့် ဩဠာရိကဘာဝေန၌ ဩဠာရိကအရ အာရုံအစဉ်အားဖြင့် သက်ဝင်ခြင်းကိုယူ။ (တစ်နည်း:) ဩဠာရိကဘာဝေန၌ "သက်ဝင်" ဟူသည် အစဉ်မဟုတ်သောအားဖြင့် သက်ဝင်သည်ကား မဟုတ်၊ အစဉ်အားဖြင့် သက်ဝင်ခြင်းပင်တည်းဟု သိစေသည်။

(၇)

(ခ) ယထာ ဟိ-၌ ယထာ-ကား ပဋိဘာဂတ္ထ၊ ဥပမာဇောတက။
တထာ-ကား ပဋိဘာဂတ္ထ၊ ဥပမေယျဇောတက။

(၈)

(က) အပိလာပနတာ-အရ သတိကိုယူ။
(ဃ) ဝုတ္တာ-၌ အန္တတ္ထအရ- ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ။
ဗာဟျတ္ထအရ- အပိလာပနတာဟူသော ဝစီဘေဒသဒ္ဒကိုယူ။ (ထုတ်မြဲ)

(၁၀)

(ဂ) အာရမ္မဏာဓာရသော အနုပဝိသတိ-၌-

✔ သော-အရ သတိသည်-
အနုပဝိသတိ-အရ သတိသမ္ပယုတ္တဓမ္မအား သဟဇာတ-ပြု။ ပြိုင်။ ။ (၉)

✔ အာရမ္မဏံ-အရ ဆံပင်မွေးညှင်းစသော အာရုံပစ္စည်းတရားသည်-
အနုပဝိသတိ-အရ သတိအား အာရမ္မဏ-ပြု။ ပြိုင်။ ။ အာ, ပု, အတ္ထိ, အဝိ။ (၄)

===========

## ဝါကျဥယျာဉ် (၁၇၉)

(က) အနိစ္စာဒီနံ ဝိဘာဝနဝသေန ဝေဘဗ္ဗာ။
(ခ) အနိစ္စာဒီနံ စိန္တနကဝသေန စိန္တာ။
(ဂ) ယဿ ဝါ ဥပ္ပဇ္ဇတိ၊ တံ အနိစ္စာဒီနိ စိန္တာပေတီတိပိ စိန္တာ။
(ဃ) အနိစ္စာဒီနိ ဥပပရိက္ခတီတိ ဥပပရိက္ခာ။
(င) ဘူရီတိ ပထဝိယာ နာမံ၊
(စ) အယမ္ပိ သဏှဋ္ဌေန, ဝိတ္ထဋဋ္ဌေန စ ဘူရိ ဝိယာတိ ဘူရိ။
(ဆ) တေန ဝုတ္တံ "ဘူရိ ဝုစ္စတိ ပထဝီ၊ တာယ ပထဝိသမာယ ဝိတ္ထဋာယ ဝိပုလာယ ပညာယ သမန္နာဂတောတိ ဘူရိပညော"တိ။
(ဇ) အပိစ ပညာယ ဇေတံ အဓိဝစနံ ဘူရီတိ၊
(ဈ) ဘူတေ အတ္ထေ ရမတီတိပိ ဘူရိ။

ဋ္ဌ။ ၁၉၁။ မူလဋီ။ ၉၆။ ပြည်သျှ၊ ၂။ ၁၇၀။ ဘာဋီ၊ ၂။ ၃၉၄။ ကျော်စံဂဏ္ဌိ။ ၃၃၈။ မင်းခင်းဂဏ္ဌိ။ ၄၇၀။

(၂)

(ခ)ဖြင့် စိန္တာပုဒ်ကို ကတ္တုသာဓန (ပြည်သျှ) ဘာဝသာဓန (ဘာဋီ) ဝစနတ္တပြုရမည်ဟု ပြသည်။
(ဂ)ဖြင့် ဟေတုကတ္တုသာဓနဝစနတ္တပြုရမည်ဟု ပြသည်။ (ပက္ကန္တရကျမ်းတက်)

http://www.dhammadownload.com



(စ) ပါပနာဒိပဋ္ဌက

ဆရာ–သည် (င)ဖြင့် ဘူရိဟူသော အမည်သည် မြေ၏အမည်တည်းဟု ဆို၏။ ထိုသို့... သော် မြေသည်သာလျှင် ဘူရိမည်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်ကား ....မရောက်သင့်။ ထိုသို့ ...ကြောင့် ဘူရိမည်သော အခြားတရားတို့ကိုလည်း ပြဆိုသင့်သေး၏။ (ပ) အဗျာပိတ, အပရိပုဏ္ဏ–တင်။ စုဒ်ကြောင့် (စ)မိန့်။ (ပက္ခန္တရ)

အမှာ။ ။ "နောက်သမုစ္စယ၊ အဖြေပြ၊ ဝေ–အာဘော်ဆင်"ဟူသည်နှင့်အညီ အယမ္ပိ–၌ သမုစ္စည်း အပိ–ကိုရှု၍ တက်သည်။

(တစ်နည်း) ဆရာ–သည် (င)ဖြင့် ဘူရိအရ မုချဝုတ္တိအားဖြင့် မြေကြီးကို ယူရမည်ဟု ဆို၏။ ထိုသို့ ....သော် ဘူရိသဒ္ဒါ၏ မုချဝုတ္တိအားဖြင့် ယူရသော အဘိဓေယျတ္ထသာရှိ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်ကား ....မရောက်သင့်။ ထိုသို့ :..ကြောင့် ဘူရိသဒ္ဒါ၏ ဥပစာအားဖြင့် ယူအပ်, ယူသင့်သော အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏–စသည် တက်။

(ဆ)သို့ ဌပနာဘောဂါဒိ

ဆရာ–သည် (စ)ဖြင့် ပညာသည်လည်း သိမ်မွေ့သော အနက်ကြောင့်ရင်း, ပျံ့နှံ့ကြီးကျယ်သော အနက်ကြောင့်ရင်း မြေကြီးနှင့်တူရကား ဘူရိမည်သောဟု ဆို၏။ ထိုသို့ ....သော် ဆရာ့စကားသည် ဒဋ္ဌိယမျှသာဖြစ်၍ ဒဋ္ဌိအာဂမသာဓကဉာပကနှင့်ကင်း၍ မခိုင်မြဲရာသည် မဟုတ်ပါလော–စသည် တက်။

(၃)

(ဂ)ဝါကျ ဝါ–သဒ္ဒါ ထားရခြင်း

အနိစ္စစသည်ကို ကြံတတ်, သိတတ်သည်၏အဖြစ်ဟူသော သကတ်အနက်အကြောင်းမှတပါး မိမိဖြစ်ရာပုဂ္ဂိုလ်ကို အနိစ္စစသည်ကို ကြံစေတတ်, သိစေတတ်သည်၏အဖြစ်ဟူသော သကတ်အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့်ရင်း၊ အ–ပစ္စည်း၏ သုဒ္ဓကတ္တုသာဓန(ဘာဝသာဓန) အနက်အကြောင်းမှတပါး ဟေတုကတ္တုသာဓနဟူသော အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့်ရင်း ထားသည်။

(စ) အယမ္ပိ–၌ ပိ–သဒ္ဒါထားရခြင်း

မြေကြီးသည်သာ ဘူရိမည်သည် မဟုတ်သေး၊ ပညာသည်လည်း ဘူရိမည်သေး၏ဟူသော သမုစ္စည်း, သမ္ဘာဝနအနက်ကို ပြလို၍ ပိ–သဒ္ဒါထားသည်။

(ဆ) တေန ဝုတ္တံ–ထားရခြင်း

(စ)ဝါကျ စကားရပ်ကို မြဲစေ, ပြီးစေတတ်သော အာဂုမ်သာဓက, ဉာပကဒဋ္ဌိကရဏာကို ပြလို၍ထားသည်။

- ♦ တေနာဟပြ၊ ယထာဟနှင့်၊ တေန ဝုတ္တံ၊ တစ်ဖန် ဝုတ္တဥ္စ၊ တစ်ဝ ဝုတ္တခ္ခေတံ၊ ဝုတ္တမ္ပိ–ရှိ၊ ထုတ်ဘိစုဒ်ရ၊ ဉာပက။ (တွင်းကြီးနိယံ။ ၁၀၃။)
- ♦ (တေန ဝုတ္တံ) တေနေတံ ဝုစ္စတိ၊ ရှိသည်ပါဠ်ပုဒ်၊ ထုတ်၍ ပြသော်၊ လဒ္ဒဂုဏ၊ သာဓက၊ ညီမျှ ကျမ်းဂန်ညီ။ (တောင်တွင်းနိယံ။ ၁၀၁။)

(ဇ)ဝါကျ အပိ စ–ထားရခြင်း

ဥပမာတဒ္ဓိတ်(မုချဝုတ္တိ)အားဖြင့် ပညာသည် ဘူရိမည်၏ဟူသော အနက်အကြောင်းမှတပါး အထင်ရဋ္ဌိ (ဥပစာရုတ္တိ)အားဖြင့် ပညာသည် ဘူရိမည်၏ဟူသော အနက်အကြောင်းတစ်မျိုးကို ပြလို၍ ထားသည်။

(တစ်နည်း) ဘူရိအရ ဥပမာတဒ္ဓိတ်ဝစနတ္ထအားဖြင့် ပညာကို ယူရသော နည်းမှတပါး ဝစနတ္ထမဖက် အထင်ရဋ္ဌိ ဧကဒေသျူပစာရအားဖြင့် ပညာကို ယူရသော နည်းတစ်မျိုးကို ပြလို၍ ထားသည်။

http://www.dhammadownload.com



(ဈ) ဝိ–သဒ္ဒါ ထားရခြင်း

တဒ္ဓိတ်ဝစနတ္တကြောင့်သာ ဘူရိမည်သည် မဟုတ်သေး၊ ကိတ်ဝစနတ္တကြောင့်လည်း (ဝါ) ကိတန္တသမာသ်ဝစနတ္တကြောင့်လည်း ဘူရိမည်သေး၏ဟူသော သမုစ္စည်း, သမ္ပိဏ္ဍနအနက်တစ်မျိုးကို ပြလို၍ (ဈ)၌ ဝိ–သဒ္ဒါ ထားသည်။

(၄)

(ဆ) ဘူရိပညော– အစိတ် + အပေါင်း

* ဘဝန္တိ ဧတ္ထာတိ ဘူရိ။ (ဘူ+ရိ။ နဒါဒိ–ဤ။) မြေကြီးရ၏။
* ဘူရိ ဝိယာတိ ဘူရိ။ (ပညာရ၏။)
* ဘူရိ စ + သာ + ပညာ စာတိ ဘူရိပညာ။
* ဘူရိပညာ + အဿ + အတ္ထီတိ ဘူရိပညော။ (အဿတ္ထိ)

✔ ဘူရိပညာ–ပုဒ်+အ–သည်ငင်း၊ မြေကြီးနှင့်တူသော ပညာ၏ + ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏောစပ် ..ငင်း ဈူ–နိ။

✔ မြေကြီးနှင့်တူသော ပညာရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပ–နိ။

(တစ်နည်း) ဘူရိ + ပညာ + ယဿာတိ ဘူရိပညော။ (ဗဟုဗ္ဗီဟိ)

(မြေကြီးနှင့်တူသော ပညာ၏ ပုဂ္ဂိုလ်ဒြဗ်နှင့် ဂုဏ်+ဂုဏောစပ်။)

(တစ်နည်း) ဘူရိ ဝိယ + ပညာ + ယဿာတိ ဘူရိပညော–ဟု ဥပမာပုဗ္ဗပဒ(စတုတ္ထီ,ဆဋ္ဌီ)ဗဟုဗ္ဗိဟိပြု။

"ဝစနတ္ထမှတ်ဖွယ်"

(င) သဗ္ဗတ္ထ ပတ္ထရတီတိ ပထဝီ။ (ပ, ထရ+အ။ နဒါဒိ–ဤ။ ပျံ့နှံ့ခြင်း။)

* ပထဝတိ ဧတ္ထာတိ ဝါ ပထဝီ။ (ပ, ထဝ+အ။ နဒါဒိ–ဤ။)

(စ) သီယတိ တနုကရီယတီတိ သဏှာ။ (သာ+ဏှ။ ပါးအောင်ပြုခြင်း။)

* သဏှာယေဝ + အတ္ထော သဏှဋ္ဌော။ (တေန)

(ဆ) ဝိဝိဓေန + တနောတိ ဝိတ္ထာရေတီတိ ဝိတ္ထဋ္ဌာ။ (ဝိတ္ထတာ)(ဝိ, တနု+တ။ အထူးထူး အပြားပြားချဲ့ခြင်းကြိယာ။)

* ဝိသေသေန + ပုလတီတိ ဝိပုလာ။ (ဝိ, ပုလ+အ။)

(၆)

(က) ဝိဘာဝနဝသေန–ဖြင့် ဝေဘဗျာ၌ ဝိ, ဘူ–ဓာတ်..ငင်း၊ ယင်းဘူ–ဓာတ်၏ ဝိဘာဝန အနက်ဟော ...ငင်း၊ ဝိ–၏ ဓာတွတ္ထဗာဓကေ (တစ်နည်း) ဓာတွတ္ထဝိသေသက ...ငင်း၊ ဏျ–ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက် ...ငင်း၊ ဝိဘာဝနံ ဝေဘဗျာ–ဟု ပြု ..ငင်း သိစေသည်။

(တစ်နည်း) ဝိဘာဝနဝသေန–ဖြင့် ဝေဘဗျာ၌ (ဝိဘာဝ–ပုဒ်+ဏျ–ပစ္စည်း။) ဝိဘာဝဝယ် ဝိ–ပုဗ္ဗ, ဘူ–ဓာတ် ...ငင်း၊ ဏ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်... ငင်း၊ ဝိဘာဝေတီတိ ဝိဘာဝေါ–ဟု ပြု ...ငင်း၊ ဝေဘဗျာ၌ ဏျ–ပစ္စည်း၏ သွတ္ထတဒ္ဓိတ်အနက်၌ သက်...ငင်း၊ ဝိဘာဝေါယေဝ ဝေဘဗျာ–ဟု ပြု ...ငင်း သိစေသည်။

အနိစ္စာဒီနံ–ဖြင့် ဘာဝတ္ထ ဖော်ပြ။

(ခ) ဝိန္ဒနကဝသေန–ဖြင့် စိန္တာ၌ စိန္တ–ဓာတ်... ငင်း၊ အ–ပစ္စည်း၏ ကတ္တုသာဓန (ပြည်သျှ) ဘာဝသာဓန (ဘာဋ္ဌိ)အနက်၌ သက် ...ငင်း၊ စိန္တေတီတိ စိန္တာ။ စိန္တနံ စိန္တာ–ဟု ပြု...ငင်း သိစေ။

အနိစ္စာဒီနံ–ဖြင့် ဘာဝတ္ထ.... ဖော်ပြ။

http://www.dhammadownload.com



(ဂ) စိန္တာပေတိ-ဖြင့် စိန္တာ၌ စိန္တ-ဓာတ် …ငင်း၊ အ-ပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌ သက် …ငင်း၊ စိန္တာပေတီတိ စိန္တာ-ဟု ပြု …ငင်း သိစေသည်။

အနိစ္စာဒီနိ-ဖြင့် ဘာဝတ္ထ… ဖော်ပြ။

ယဿ ဝါ ဥပဓာတိ တံ-ဖြင့် ကာရိတ်ကံ အဖြစ်ကို သိစေ။

ဝိ-ဖြင့် ပညာသည် အနိစ္စစသည်တို့ကို ကြံတတ်, သိတတ်သည်၏ အဖြစ်ကြောင့်သာ စိန္တာမည်သည် မဟုတ်သေး၊ မိမိဖြစ်ရာပုဂ္ဂိုလ်ကို အနိစ္စစသည်ကို ကြံစေတတ်, သိစေတတ်သည်၏ အဖြစ်ကြောင့်လည်း စိန္တာမည်သေး၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(ဃ) ဥပပရိက္ခတိ-ဖြင့် ဥပပရိက္ခာ၌ ဥပ, ပရိ-ရှေး, ဣက္ခ-ဓာတ် …ငင်း၊ အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် …ငင်း၊ ဥပပရိက္ခတီတိ ဥပပရိက္ခာ-ဟု ပြု …ငင်း သိစေသည်။

(င) ပထဝိယာ နာမံ-ဖြင့် ဘူရိအရ မြေကြီးကို ယူ…။ (တစ်နည်း:) ဘူရိသဒ္ဒါ၏ မြေကြီးဟူသော အနက်ဟော… ငင်း၊ ယင်းဘူရိသဒ္ဒါ၏ အထင်ရှဋ္ဌီကေဒေသျှုပစာသဒ္ဒါ၏ အဖြစ်ကိုငင်း သိစေသည်။

(စ) ဘူရိ ဝိယ-ဖြင့် ဘူရိ၌ (ဘူရိ-ပုဒ်+အ-ပစ္စည်း) အ-ပစ္စည်း၏ ဥပမာတဒ္ဓိတ်အနက်၌ သက် …ငင်း၊ ဘူရိ ဝိယာတိ ဘူရိ-ဟု ပြု…ငင်း သိစေသည်။

အယံ-ဖြင့် ပါဠိတော်လာ ဘူရိအရ မြေကို မယူရ၊ မြေကြီးနှင့်တူသော ပညာကိုယူ- သိစေ။

ဝိ-ဖြင့် မြေသည်သာ ဘူရိမည်သည် မဟုတ်သေး၊ ပညာသည်လည်း ဘူရိမည်သေး၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

သဏှဋ္ဌေန, ဝိတ္ထတဋ္ဌေန-ဖြင့် သိမ်မွေ့သောအနက်, ပျံ့နှံ့ကြီးကျယ်သော အနက်ကြောင့် ပညာသည် မြေကြီးနှင့် တူသတည်းဟု သိစေသည်။

စ-ဖြင့် ပညာသည် သိမ်မွေ့သော အနက်ကြောင့်သာ မြေကြီးနှင့်တူသည် မဟုတ်သေး၊ ပျံ့နှံ့ကြီးကျယ်သော အနက်ကြောင့်လည်း မြေကြီးနှင့် တူ၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(ဓ)ဖြင့် ဘူရိအရ ပညာကို ယူ…ငင်း၊ ယင်းဘူရိသဒ္ဒါ၏ ကေဒေသျှုပစာ၏ အဖြစ်ကိုငင်း သိစေ။

(ဈ) ဘူတေ ရမတိ-ဖြင့် ဘူရိ၌ ဘူတ-သဒ္ဒူပပဒ, ရမု-ဓာတ် …ငင်း၊ ကွိ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်…ငင်း၊ ဘူတေ ရမတီတိ ဘူရိ-ဟု ကတ္တုသာဓနကိတန္တသတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြု …ငင်း၊ (တစ်နည်း:) ရမတီတိ ရီ။ ဘူတေ + ရီ ဘူရိ-ဟု သတ္တမီတပ္ပုရိသ်… ပြု… ငင်း၊ ဘူတရိ-ဟု ဆိုလိုလျက် တ-ကို ချေ၍ ဘူရိ-ဟု ရုပ်ပြီးနေသည်ကိုငင်း သိစေသည်။

(တစ်နည်း:) ဘဝတီတိ ဘူ။ ရမတီတိ ရီ။ ဘူယာ + ရီ ဘူရိ-ဟု ပြု …ငင်း သိစေသည်။

အတ္ထေ-ဖြင့် ဘူရိ-၌ ဘူ(ဘူတ)အရ ထင်ရှားဟုတ်မှန်သော အနက်(ပရမတ္ထတရား ၄-ပါး)ကို ယူ …သိစေ။ (ဘာဋီ)

ဝိ-ဖြင့် တဒ္ဓိတ်ဝစနတ္ထကြောင့်သာ ဘူရိမည်သည် မဟုတ်သေး၊ ကိတ်ဝစနတ္ထကြောင့်လည်း (ဝါ) ကိတန္တသမာသ်ဝစနတ္ထကြောင့်လည်း ဘူရိမည်သေး၏ဟု သိစေသည်။

(၇)

အယမ္ပိ-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။

ဝိတ္ထတဋ္ဌေန စ-၌ စ-ကား သမုစ္စယတ္ထ။

ဝိတ္ထတဋ္ဌေနေ-၌ ပိ-ကား ဝိဝိဓတ္ထ။ (မင်းခင်းဂဏ္ဌိ။ ၄၇၀။)

ဝိပုလာ-၌ ဝိ-ကား ဝိသေသတ္ထ။

(ဈ) ပိ-ကား သမုစ္စယတ္ထ။ သမ္ဘာဝနတ္ထ။

http://www.dhammadownload.com



(၈)

(စ) ဘူရိ–အရ ပညာကို ယူ။

(ဆ) ဝုတ္တံ–၌ ခါတ်–အရ ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ။

တ–ပစ္စည်းအရ ဘူရိ ဝုစ္စတိ ပထဝီစသော ဝစီဘေဒသဒ္ဒကို ယူ။ (ထုတ်မြဲ)

(၉)

(ဆ) ပထဝီသမာယ–အရ ပညာကို ယူ၍ လက္ခဏာဒိစတုက္ကထုတ်။

(၁၀)

(ဆ) ဘူရိ ဝုစ္စတိ ပထဝီ–၌–

✔ ပထဝီ–အရ သုံးပါး, တစ်ပါး, နှစ်ပါးသော မဟာဘုတ်ပစ္စည်းတရားသည်–

ဝုစ္စတိ(ပုဒ်လုံး)–အရ တစ်ပါး, သုံးပါး, နှစ်ပါးသော မဟာဘုတ်ပစ္စယုပ္ပန်အား သဟ–ပြု။

ပြိုင်။ ။ သဟကြီး ၄၊ အညူ။ (၅)

(တစ်နည်း) ပထဝီ–အရ မဟာဘုတ် (၄)ပါးသည်–

ဝုစ္စတိ–အရ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟူသော ဥပါဒါရုပ်အား သဟ–ပြု။ (ပြိုင်=ကြီး ၄)

(ဈ) ဘူတေ အတ္တေ + ရမတိ–၌

✔ ဘူတေ–အရ ထင်ရှားရှိသော ပရမတ္ထတရား (၄)ပါးအာရုံပစ္စည်းတရားသည်–

ရမတိ–အရ ပညာပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု။ (ပြိုင်=ယထာရဟ (၈)ပစ္စည်း)

(တစ်နည်း) ပကတူပ–ပြု။ ပြိုင်။ ။ မရှိ။

===============

## ဝါကျဥယျာဉ် (၁၈၀)

(က) အသနိ ဝိယ သိလုစ္စယေ ကိလေသေ မေဓတိ ဟိံသတီတိ မေဓာ၊

(ခ) ခိပ္ပံ ဂဟဏဓာရဏဋ္ဌေန ဝါ မေဓာ၊

(ဂ) ယာယ ဥပ္ပန္နာယ၊ တံ အတ္တဟိတပဋိပတ္တိယံ, သမ္ပယုတ္တာခမ္မေ စ ယာထာဝလက္ခဏပဋိဝေခေ ပရိနေတီတိ ပရိဏာယိကာ။

(ဃ) အနိစ္စာဒိဝသေန ခမ္မေ ဝိပဿတီတိ ဝိပဿနာ။ သမ္မာ ပကာရေဟိ အနိစ္စာဒီနိ ဇာနာတီတိ သမ္ပဇည်။

(င) ဥပ္ပထပဋိပန္နေ သိန္ဓဝေ ဝီထိအာရောပနတ္ထံ ပတောဒေါ ဝိယ ဥပ္ပထေ ဓာဝနကံ ကူဋစိတ္တံ ဝီထိအာရောပနတ္ထံ ဝိဇ္ဈတီတိ ပတောဒေါ ဝိယ ပတောဒေါ။

(စ) ကိလေသစ္ဆေဒနဋ္ဌေန ပညာဝ သတ္ထံ ပညာသတ္ထံ။

ဋ္ဌ။ ၁၉၂။ ပြည်သျ၊ ၂။ ၁၇၂။ ဘာဋီ၊ ၂။ ၃၉၅။ ကျော်စံဂဏ္ဍိ။ ၃၃၉။ မင်းခင်းဂဏ္ဍိ။ ၄၇၀။

(၂)

### (ခ) ပါပနာဒိပဋ္ဌက

ဆရာ–သည် (က)ဖြင့် မိုးကြိုးသည် ကျောက်တောင်တို့ကို ဖျက်ဆီးသကဲ့သို့ ကိလေသာတို့ကို ညှဥ်းဆဲဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့် ပညာသည် မေဓာမည်သောဟု ဆို၏။ ထိုသို့ ...သော် ယင်းအကြောင်းသကတ်တစ်မျိုးကြောင့်သာ ပညာသည် မေဓာမည်၏ဟူသော အနက်သည် ရောက်ရာ၏ စသည်တက်။

http://www.dhammadownload.com



(တစ်နည်း) ဆရာ-သည် (က)ဖြင့် မေဓာပုဒ်ကို မေဓတိ ဟိံသတီတိ မေဓာ-ဟု ဝစနတ္ထ ပြုရမည်ဟု ဆို၏။ ထိုသို့ ...သော် မေဓာပုဒ်၌ ယင်းဆိုခဲ့ပြီး ဝစနတ္ထတစ်မျိုးသာ ဖြစ်သင့်၏ဟူသော အနက်သည် ရောက်ရာ၏-စသည် တက်။

(တစ်နည်း) ဆရာ-သည် (က)ဖြင့် မေဓာ၌ မေဓ-ဓာတ်သည် ဟိံသနအနက်ကို ဟော၏ဟု ဖွင့်ဆို၏။ ထိုသို့ ...သော် မေဓာ၌ မေဓ-ဓာတ်သည် ဟိံသနအနက်တစ်မျိုးသာ ဖြစ်သင့်၏ဟူသော အနက်သည် ရောက်ရာ၏-စသည်တက်။ (၆-နံပါတ် အာဘော်သံဝဏ္ဏနာကို ရှု။)

(၃)

(ခ) ဝါ-သဒ္ဒါ ထားရခြင်း

ကိလေသာတို့ကို ညှဉ်းဆဲဖျက်ဆီးတတ်သည်၏ အဖြစ်တည်းဟူသော အကြောင်းသကတ် အနက်မှတပါး လျင်စွာမှတ်နိုင်, ဆောင်နိုင်သည်၏အဖြစ်ဟူသော အကြောင်းသကတ်အနက်တစ်မျိုးကို လဲလှယ်လိုသောကြောင့် (ခ)၌ ဝါ-သဒ္ဒါ ထားသည်။

(တစ်နည်း) မေဓာ၌ မေဓ-ဓာတ်၏ ညှဉ်းဆဲခြင်း ဟိံသာအနက်မှတပါး လျင်စွာ မှတ်ယူခြင်း ဟူသော အနက်တစ်မျိုးကို လဲလှယ်လိုသောကြောင့် (ခ)၌ ဝါ-သဒ္ဒါ ထားသည်။

(တစ်နည်း) မေဓာသဒ္ဒါ၏ ကတ္တုသာဓနဝစနတ္ထမှတပါး ကမ္မဓာရယ်သမာသ်ဝစနတ္ထ-ဟူသော ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလို၍ ဝါ-သဒ္ဒါထားသည်။

(၄)

(က) ဒဠှတ္ထာယ အသီယတေ ခိပိယတေတိ အသနိ။ (ဏွာဒိမောဂ်)

(အသ+အနိ-ပစ္စည်း။ ပစ်ခြင်း။ မိုးကြိုး။)

"ဝစနတ္ထမှတ်ဖွယ်"

- သီလာနံ + ဥစ္စယော ဥဗ္ဗေဓော, ထူပေါ ဝါ သီလုစ္စယော။ (သူစိ)
- ဝိယန္တိ ဂစ္ဆန္တိ တောယာတိ ဝီထိ။ (ဏွာဒိမောဂ်) (ဝီ+ထိက်။ သွားခြင်း)
- ပထတိ ဂစ္ဆတိ ဧတ္ထာတိ ပထော။ (ပထ+အ။) (သူစိ)
- ပထတိ ယာတိ အနေနာတိ ဝါ ပထော။ (ပထ+အ။)

(၅)

(က) အသနိ-ကား ကိတ်နာမ်၊ ဣလိင်၊ (ပုံ, ထီ) ရတ္တာဒိ၊ ဏှ-ကာရန္တ။

♦ အသနိ ဣသု ကုလိသံ။ (ဓာန်။ ၂၄။)

ဝိယ-ကား နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ အ-ကာရန္တ။

သီလုစ္စယ-ကား သမာနာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ-ကာရန္တ။

ခိပ္ပံ-ကား နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ။

(၆)

မေဓတိ-ဖြင့် မေဓ-ဓာတ် ...ငင်း၊ အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ငင်း၊ မေဓတီတိ မေဓာ-ဟု ပြု ...ငင်း သိစေသည်။

ဟိံသတိ-ဖြင့် မေဓတိ၌ မေဓ-ဓာတ်သည် ဟိံသနအနက်ဟော ...သိစေ။

ကိလေသေ-ဖြင့် ဥပမေယျဘက်၌ မေဓတိ-ဖျက်ဆီး၏ဟူသည် ကိလေသာတို့ကို ဖျက်ဆီးခြင်း ပင်တည်းဟု သိစေ။

http://www.dhammadownload.com



အသနိ ဝိယ သိလုစ္စယေ-ဖြင့် ဘာဝတ္တ... ဖော်ပြ။

(ခ) မိပ္ပံ ဂဟာဏာစာရဏာဋ္ဌေန-ဖြင့် မေဓာဉ်  မေဓ-ဓာတ်သည် လျင်စွာမှတ်ယူနိုင်ခြင်း အနက်ဟော ...ရှင်း၊ အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ရှင်း၊ မေဓတိ ခိပ္ပံ ဂဏှာတီတိ မေဓာ-ဟု ပြု ...ရှင်း သိစေသည်။ (ဘာဋီ။ ၃၅၉-ရှု။)

(တစ်နည်း) ခိပ္ပံ ဂဟဏာစာရဏာဋ္ဌေန-ဖြင့် မေဓာဉ် (မေ-ပုဒ်+ဓာ-ပုဒ်) မေ-ဝယ် မေ-ဓာတ်၏ ဂဟနအနက်ဟော ...ရှင်း၊ ကွိ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ရှင်း၊ မေတိ ခိပ္ပံ ဂဏှာတီတိ မေ-ဟု ပြု ...ရှင်း၊ ဓာ-ဓာတ်၏ ဓာရဏအနက်ဟော ...ရှင်း၊ ကွိ-ပစ္စည်း၏ ကတ္တုသာဓန အနက်၌ သက် ..ရှင်း၊ ဓာရေတီတိ ဓာ-ဟု ပြု ...ရှင်း၊ မေဓာဟူသော အပေါင်းပုဒ်ကို မေ စ + သာ + ဓာ စာတိ မေဓာ-ဟု ကမ္မဓာရယ်သမာသ်ဝစနတ္တပြု ...ရှင်း သိစေသည်။ (မင်းခင်းဂဏ္ဌိ)

♦ မေဓာတုဝသာစေဝ၊ မေ ဓာ ဓာတုဟိ စ ဒွိဓာ။

မေဓာသဒ္ဒသ နိပ္ဖတ္တိ၊ မေဓာဝီ သမုဒီရယေ။ (နီတိ၊ ဓာတု။ ၃၆၇။)

(ဂ) ပရိနေတိ-ဖြင့် ပရိဏာယိကာ၌ ပရိ၊ နီ-ဓာတ် ...ရှင်း၊ ဏွု-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ရှင်း၊ ပရိနေတီတိ ပရိဏာယိကာ-ဟု ပြု ...ရှင်း၊ နီ-၌ ဒန္တဇ န-ကို မုဒ္ဓဇ ဏ-ပြန်၊ ဤ-ကို ဧ၊ ဧ-ကို အာယ-ပြု၊ ဏွု-ကို အက-ပြု၊ နောက်(က)အက္ခရာကြောင့် အ-ကို က္က-ပြု၊ ထီဇောတက အာ-သက်၍ ပရိဏာယိကာဟု နိရုတ္တိနည်းဖြင့် ရုပ်ပြီးနေသည်ကိုရှင်း သိစေသည်။ (ဘာဋီ၊ ၂။ ၃၉၅။)

ယဿ ဥပ္ပဇ္ဇတိ၊ တံ အတ္တဟိတပဋိပတ္တိယံ-ဖြင့် ပရိနေတိ၌ ထက်ဝန်းကျင်ဆောင်၏ဟူသည် မိမိ(ပညာ)ဖြစ်ရာ ပုဂ္ဂိုလ်ကို မိမိအစီးအပွါးကို ကျင့်ခြင်း၌ ဆောင်ခြင်းပင်တည်းဟု သိစေသည်။

စ-ဖြင့် အတ္တန္တရဝိကပ္ပနတ္ထဇောတကအဖြစ်ကို သိစေ။

သမ္ပယုတ္တဓမ္မေ ယထာဝလက္ခဏပဋိဝေဓေ-ဖြင့် ပရိနေတိ၌ ထက်ဝန်းကျင်ဆောင်၏ဟူသည် သမ္ပယုတ် တရားတို့ကို မဖောက်မပြန်သော လက္ခဏာကို ထိုးထွင်း၍ သိခြင်း၌ ဆောင်ခြင်းပင်တည်းဟု သိစေ။

(ဃ) ဝါကျ အာဘော်, သံဝဏ္ဏနာ ရှေး၌ ပါခဲ့ပြီး။

(င) ဝါကျ ဝိဇ္ဈတိ-ဖြင့် ပဋောဒေါ၌ ပ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက ...ရှင်း၊ တုဒ-ဓာတ်၏ ဝိဇ္ဈန(ဗျထန)အနက်ဟော ...ရှင်း၊ ဏ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် ...ရှင်း ပတုဇ္ဇတိ ဝိဇ္ဈတီတိ ပတောဒေါ-ဟု ပြု ...ရှင်း သိစေသည်။

♦ သူစိ-၌ ပပုဗ္ဗော တုဒ ဗျထနေ၊ ပတုဇ္ဇတေ အနေနာတိ ပတောဒေါ-ဟု ဆိုသည်။

ဥပ္ပထပဋိပန္နေ (ပ) ဝီထိ အာရောပနတ္တံ-ဖြင့် ဘာဝတ္တ.... ဖော်ပြ။

ပတောဒေါ ဝိယ-ဖြင့်  ပတောဒေါ၌ ဏ-ပစ္စည်း၏ ဥပမာတဒ္ဓိတ်အနက်၌ သက် ...ရှင်း၊ ပတောဒေါ ဝိယာတိ ပတောဒေါ-ဟု ပြု ...ရှင်း သိစေသည်။

(စ) ပညာဝ သတ္တံ-ဖြင့် သမာသလိင်္ဂပဒတ္တ.... သိစေသည်။

ကိလေသစ္ဆေဒနဋ္ဌေန-ဖြင့် ဘာဝတ္တ... ဖော်ပြ။

(၇)

## (စ) ပညာဝ-၌ ဝေ-၏ ဂဟောတဗ္ဗတ္တစသည်

✔ ပညာသည် ဂဟောတဗ္ဗတ္တ။

✔ ဖဿစသည်သည် (တစ်နည်း) ပကတိ ဓား, လှံစသော လက်နက်သည် နိဝတ္တေတဗ္ဗတ္တ။

✔ ပညာ၏  လက်နက်နှင့်တူသည်၏ အဖြစ်သည် (ဝါ) ပညာ၏ ကိလေသစ္ဆေဒနသောဂုဏ် သည် အနုညာတတ္တ။

http://www.dhammadownload.com



(၈)

မေဓာ–၌ မေဓ–ဓာတ်အရ ကိလေသာတို့ကို ညှဉ်းဆဲဖျက်ဆီးတတ်သော ပညာကို ယူ၍–

✔ ထို ..သည် ဒဿနတ္ထ။

✔ သမာဓိသည်၎င်း, ယောနိသောမနသိကာရသည်၎င်း ဒီပကတ္ထ။

✔ အကုသိုလ်တရားတို့ကို ပယ်ဖျောက်ခြင်း, ပညာဉာဏ်အလင်းကို ပြုခြင်းသည် ပကာသနတ္ထ၊

✔ ပီတိ, ပဿဒ္ဓိ, သုခတို့သည်၎င်း, သပ္ပုရိသူပနိဿယစသည်သည်၎င်း ဝိဘာဝတ္ထ။

✔ နိဗ္ဗိဒါဉာဏ်, ဝိရာဂ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနဉာဏ်စသည်သည် အနုဘာဝတ္ထ။

(၉)

(င) ဥပမေယျဘက် ဝိဇ္ဇုတိ–အရ ပညာကို ယူ၍ ထုတ်။

(၁၀)

(ဃ) ဓမ္မေ + ဝိပဿတိ–၌–

✔ ဓမ္မေ–အရ တေဘူမကဓမ္မအာရုံသည်–

ပဿတိ–အရ ဝိပဿနာဉာဏ်အား အာရမ္မဏ–ပြု။ ပြိုင်။ ။ ယထာရုဟ (၈)ပစ္စည်း။

=============

## ဝါကျဥယျာဉ်(၁၈၁)

(က) ရတိကရဏဋ္ဌေန, ပန ရတိဒါယကဋ္ဌေန, ရတိဇနကဋ္ဌေန, စိတ္တီကတဋ္ဌေန, ဒုလ္လဘပါတုဘာဝဋ္ဌေန, အတုလဋ္ဌေန, အနောမသတ္တပရိဘောဂဋ္ဌေန စ ပညာဝ ရတနံ ပညာရတနံ။

(ခ) န ဟေန သတ္တာ မုယှန္တိ, သယံ ဝါ အာရမ္မဏေ န မုယှတီတိ အမောဟော။

(ဂ) ဓမ္မဝိစယပဒံ ဝုတ္တတ္ထမေဝ။

(ဃ) ကသ္မာ ပနေတံ ပုန ဝုတ္တန္တိ? အမောဟဿ မောဟပဋိပက္ခဘာဝဒီပနတ္ထံ။

(င) တေနေတံ ဒီပေတိ "ယွာယံ အမောဟော၊ သော န ကေဝလံ မောဟတော အညော ဓမ္မော၊ မောဟဿ ပန ပဋိပက္ခော ဓမ္မဝိစယသင်္ခါတော အမောဟော နာမ ဣဓ အဓိပ္ပေတော"တိ။

ဋ္ဌ။ ၁၉၂။ ပြည်သျှ၊ ၂။ ၁၇၄။ ဘာဋီ၊ ၂။ ၃၉၈။ မင်းခင်းဂဏ္ဌိ။ ၄၇၁။ ကျော်စံဂဏ္ဌိ။ ၃၃၉။

(၁)

(ဃ) ဧတံ–ဤဓမ္မဝိစယဟူသောပုဒ်ကို။

(င) တေန–ထိုဓမ္မဝိစယပုဒ်ဖြင့်။ ဧတံ(အတ္ထဇာတံ)–ဤအနက်သဘောကို။

(၂)

(ဃ) ပါပနာဒိဋ္ဌက

ဆရာ–သည် (ဂ)ဖြင့် ဓမ္မဝိစယဟူသော ပုဒ်သည် ဖွင့်ဆိုအပ်ပြီးသော အနက်ရှိသည်သာ တည်းဟု ဆို၏။ ထိုသို့ ...သော် ဓမ္မဝိစယပုဒ်ကို တဖန်ထပ်၍ ဟောတော်မမူသင့်ဟူသော အနက်သည် ရောက်ရာ၏။ ၎င်... ကား ...မရောက်သင့်။ ထိုသို့ ...ကြောင့် ဓမ္မဝိစယပုဒ်ကို တဖန်ထပ်၍ ဟောတော်မူခြင်းအကြောင်းကိုလည်း ဖွဲ့ဆိုသင့်သေး၏။ (ပ) အဘယ့်ကြောင့် တဖန်ထပ်၍ ဟောတော်မူရပါသနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

(တစ်နည်း) ဆရာ မြတ်စွာဘုရားသည် ပါဠိတော်(ပညိန္ဒြိယနိဒ္ဒေသ)၌ ဓမ္မဝိစယပုဒ်ကို တဖန်ဟောတော်မူ၏။ ထိုသို့ တဖန်ဟောတော်မူအပ်သည်ရှိသော် မြတ်စွာဘုရားအား ပုနရုတ္တိဒေါသ ၁င့်ရောက်၏ဟူသော အနက်သည် ရောက်ရာ၏။ ...စသည်တက်။

http://www.dhammadownload.com



♦ **ဝိပါက်ဝိညာဉ်၊ နာမ်အားလျှင်၊ တပ်ချင်ကိုးပစ္စည်း။**

၂။ ဝိညာဏာဟာရသည်ပင် ပဋိသန္ဓေစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုအား သဟဇာတ ၄၊ အညာ, ဝိပ္ပ, ဝိပါက၊ အာဟာရ, ဣန္ဒြိ(အဓိပတိကား ပဋိသန္ဓေအခါ မတတ်နိုင်ပါ)အားဖြင့် (၉)ပစ္စည်းဖြင့် ကျေးဇူးပြုသည်။

၃။ ဝိညာဏာဟာရသည်ပင် ဟဒယဝတ္ထုကြဉ်သော ပဋိသန္ဓေကမ္မဇရုပ်အား သဟဇာတ ၄၊ ဝိပ္ပ, ဝိပါက၊ အာဟာရ, ဣန္ဒြိ။(၈)ပစ္စည်းဖြင့် ကျေးဇူးပြုသည်။

♦ **ဝတ္ထုကြွအားသာ၊ နဝဓာ၊ ကြွင်းမှာ ရှစ်ပစ္စည်း။**

---

## ဝါကျဥယျာဉ် (၁၉၀)

(က) အဓိပတိယဋ္ဌေန ပန အဋ္ဌေဝ ဓမ္မာ ဣန္ဒြိယာနိ ဟောန္တိ၊ န အဝသေသာ။

(ခ) တေန ဝုတ္တံ "အဋ္ဌိန္ဒြိယာနိ ဟောန္တိ"တိ။

(ဂ) ဥပနိဇ္ဈာယနဋ္ဌေန ပဉ္စေဝ ဓမ္မာ ဈာနင်္ဂါနိ ဟောန္တိ။

(ဃ) တေန ဝုတ္တံ "ပဉ္စင်္ဂိကံ ဈာနံ ဟောတိ"တိ။

(င) နိယျာနဋ္ဌေန စ ဟေတုဋ္ဌေန စ ပဉ္စေဝ ဓမ္မာ မဂ္ဂင်္ဂါနိ ဟောန္တိ။

(စ) တေန ဝုတ္တံ "ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ"တိ။

(ဆ) ကိဉ္စာပိ ဟိ အဋ္ဌင်္ဂိကော အရိယမဂ္ဂေါ၊ လောကိယစိတ္တေ ပန ဧကက္ခဏေ တိဿော ဝိရတိယော န လဗ္ဘန္တိ၊ တသ္မာ "ပဉ္စင်္ဂိကော"တိ ဝုတ္တော။

၄။ ၁၉၇။ မူလဋီ။ ၉၀။ ယောဇနာ။ ၁၁၅။ ပြည်သျှ၂။ ၁၉၇။ ဘာဋီ၂။ ၄၁၀။ ကျော်စံဂဏ္ဌိ။ ၃၄၆။ မင်းခင်းဂဏ္ဌိ။ ၄၇၇။

(၁)

(က) အဋ္ဌေဝ ဓမ္မာ–ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟူသော ရှစ်ပါးသော တရားတို့သည်သာလျှင်။ ဣန္ဒြိယာနိ။ ဟောန္တိ။

(င) ပဉ္စေဝ ဓမ္မာ–သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟူသော ငါးပါးသော တရားတို့သည်သာလျှင်။ မဂ္ဂင်္ဂါနိ။ ဟောန္တိ။

(ဆ) ဟိ–ဆက်။ (ပြည်သျှ) ဟိ–"ပဉ္စင်္ဂိကော မဂ္ဂေါ" ဟူသော စကားသည် မှန်၏။ (ဘာဋီ)

(၂)

### (က)သို့ အနုသန္ဓေ

ပါဠိတော်၌ "တယော အာဟာရာ"ဟူသော ပါဌ်ကို ဖွင့်ပြပြီး၍ အဋ္ဌိန္ဒြိယာနိစသော ပါဌ်ကို ဖွင့်ပြလိုသောကြောင့် "အဓိပတိယဋ္ဌေန ပန" စသည် မိန့်။ (ဘာဋီ၊ ၂။ ၄၁၇။)

http://www.dhammadownload.com



### (ခ)သို့ အနုသန္ဓေ

ဤသို့ (က)ဖြင့် ရှစ်ပါးသောတရားတို့သည်သာလျှင် ဣန္ဒြေမည်ကုန်၏ဟု ပြဆိုပြီး၍ ဤယခုအခါ၌ ယင်းစကားရပ်ကိုပင် အာဂုမ်သာဓက, ဉာပကတို့ဖြင့် ခိုင်မြဲစေလိုသော ဆရာသည် (ခ)မိန့်။ (တစ်နည်း) လဒ္ဓဂုဏ်။ (ပဠ္စကတက်လွယ်ပြီ။)

### (ဆ)သို့ ဌပနာဘောဂါဒိပဠ္စက

ဆရာ–သည် မြတ်စွာဘုရားသည် "ပဠ္စင်္ဂိကော မဂ္ဂေါ ဟောတိ"ဟူ၍ ဟောတော်မူ၏။ ထိုသို့ပင် ဟောတော်မူပါသော်လည်း အရိယာမဂ်သည် အင်္ဂါရှစ်ပါးရှိသည် မဟုတ်ပါလော။ ထို ...ကြောင့် ..ပဠ္စင်္ဂိကော မဂ္ဂေါ ဟောတိ–ဟု ဘုရားရှင် မဟောသင့်။ ["အဋ္ဌင်္ဂိကော" (မဂ္ဂေါ ဟောတိ)ဟူ၍ ဟောတော်မူသင့်၏။] "ပဠ္စင်္ဂိကော" (မဂ္ဂေါ ဟောတိ)ဟု ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် "ပဠ္စင်္ဂိကော"(မဂ္ဂေါ ဟောတိ)ဟူ၍ ဘုရားရှင် ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (ဆ)မိန့်။

♦ နနု စ အဋ္ဌင်္ဂိကော မဂ္ဂေါ၊ ကသ္မာ "ပဠ္စင်္ဂိကော မဂ္ဂေါ"တိ ဝုတ္တောတိ အာဟ "ကိဠ္စာပိ"တိ အာဒိ။ (ယောဇနာ။ ၁၁၅။)

### (၃)

(ဆ) ဝါကျာရမ္ဘ။ (ပြည်) ဒဋ္ဌီ။(ဘာသာဋီကာ) ယင်း(ဆ)ဝါကျ၌–

ကိဠ္စာပိ အဋ္ဌင်္ဂိကော အရိယမဂ္ဂေါ–ကား သမ္ဘာဝနာ (အနုဂ္ဂဟ)ဝါကျ။

လောကိယစိတ္တေ ပန–စသည်ကား ဂရဟာ (အရုစိတ္တ)ဝါကျ။

### (ဆ) ကိဠ္စာပိ–ထားရခြင်း

အရိယာမဂ်သည် အင်္ဂါရှစ်ပါးရှိပါလျက် "ပဠ္စင်္ဂိကော မဂ္ဂေါ ဟောတိ"ဟု ဟောတော်မူသော ပါဠိတော်သဒ္ဒါကို မနှစ်သက်၍ ကိဠ္စာပိ–သဒ္ဒါထားသည်။

### (ခ)(ဃ)(စ) တေန ဝုတ္တံ–သဒ္ဒါ ထားရခြင်း

ဤ၌ လိုအပ်သော အာဂမ, သာဓက, ဉာပက, ဒဋ္ဌိကရဏကို ပြလိုသောကြောင့် (တစ်နည်း) ရအပ်သော အကျိုးဂုဏ်ကို ပြလိုသောကြောင့် တေန ဝုတ္တံ–သဒ္ဒါထားသည်။

### (၄)

(ဆ) အင်္ဂီယတိ ဉာယတိ ဧတေဟီတိ အင်္ဂါနိ။

* အဋ္ဌ + အင်္ဂါနိ အဋ္ဌင်္ဂ။ အဋ္ဌင်္ဂ + အဿ + အတ္ထီတိ အဋ္ဌင်္ဂိကော။

✔ အဋ္ဌင်္ဂ–ပုဒ်+ဏိက–သည်ငဲ၊ ရှစ်ပါးသောအင်္ဂါ၏ အရိယာမဂ်နှင့် ဂုဏ်+ဂုဏေး, အဝယဝ + အဝယဝီစပ်–ငဲ ဗျု–နီ။

✔ အရိယာမဂ်၏ အင်္ဂါရှစ်ပါးရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပ–နီ။

### "ဝစနတ္ထမှတ်ဖွယ်"

(က) အဓိပါတီတိ အဓိပတိ။ (အဓိ–ရှေး, ပါ+တိ။ အလွန်စောင့်ရှောက်ခြင်း။)

* အဓိပတိနော ဘာဝေါ အဓိပတိယံ။ (အဓိပတိ+ဏျ။)

* အဓိပတိယံ + အတ္ထော အဓိပတိယဋ္ဌော။ (ကမ္မဓာရာယ်။)(အစိုးရသူ၏ အဖြစ်ဟူသော+အနက်။)

(ဂ) ဥပနိဇ္ဈာယတေ ဥပနိဇ္ဈာယနံ။ (ဥပ, ဈေ+ယု။) (ပြည်သျှ)

(ကသိုဏ်းစသော အာရုံကို ကပ်၍ရှုခြင်း, ကြံခြင်း။)

http://www.dhammadownload.com



(တစ်နည်း) ဥပနိဇ္ဈာယတီတိ ဥပနိဇ္ဈာယနံ။ (ဘာဝသာဓိ) ဥပနိဇ္ဈာယနံ + အတ္ထော ဥပနိဇ္ဈာယနဋ္ဌော။

* ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။ ဈာနဿ + အင်္ဂါနိ ဈာနင်္ဂါနိ။(အဝယဝီ+အဝယဝစပ်)

(င) နိယျာတိ ဇေတနာတိ နိယျာနံ။ (နိ, ယာ+ယု။ ထွက်မြောက်ခြင်း။)

(တစ်နည်း) နိယျာတီတိ နိယျာနံ။ နိယျာနမေဝ + အတ္ထော နိယျာနဋ္ဌော။

(စ) ပဉ္စ + အင်္ဂါနိ ပဉ္စင်္ဂံ။ ပဉ္စင်္ဂံ + အဿ အတ္ထီတိ ပဉ္စင်္ဂိကော။

(ငါးပါးသော အင်္ဂါ၏ + အရိယာမဂ်နှင့် အဝယဝ+အဝယဝီစပ်။)

(၅)

| | | |
|---|---|---|
| (က) | အဋ္ဌေဝ-၌ အဋ္ဌ-ကား | သင်္ချာသဗ္ဗနာမ်ပုဒ်၊ အလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အ-ကာရန္တ။ |
| (င) | နိယျာနဋ္ဌေန-ကား | သမာသ်နာမ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ-ကာရန္တ။ |
| (ဆ) | တိဿော-ကား | သဗ္ဗနာမ်ပုဒ်၊ ဣတ္ထိလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ ဣ-ကာရန္တ။ |
| | ကိဉ္စာပိ-ကား | နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ ဣ-ကာရန္တ။ |

(၆)

(က) အဓိပတိယဋ္ဌေန-ဖြင့် ဣန္ဒြိယသဒ္ဒါသည် အစိုးရခြင်းအနက်ဟော အဓိပတိယဋ္ဌဝါစီ ရုဠ္ဌီအနိပ္ဖန္နပါဋိပဒိကပုဒ်တည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ၊ သဒ္ဒါယော အဘိဓေယျတ္ထ။)

အဋ္ဌေဝ ဓမ္မာ-ဖြင့် ဣန္ဒြိယာနိအရ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟူသော နာမ်ဣန္ဒြေ (၈)ပါးကို ယူရမည်ဟု သိစေသည်။

န အဝသေသာ-ဖြင့် အဋ္ဌေဝ ဓမ္မာ၌ ဧဝသဒ္ဒါ၏ နိဝတ္တာပနဝဓာရဏအနက်ရှိသည်၏ အဖြစ်ကိုငင်း၊ ဇီဝိတ, စိတ်, ဝေဒနာစသော နာမ်ဣန္ဒြေ(၈)ပါးမှ ကြွင်းသောတရားတို့သည် ဣန္ဒြိယမမည်ကုန်ဟူသော အဓိပ္ပါယ်ကိုငင်း သိစေသည်။

(ဂ) ဥပနိဇ္ဈာယနဋ္ဌေန-ဖြင့် ဈာနံ၌ ဈေ-ဓာတ် ...ငင်း၊ ယင်းဈေ-ဓာတ်၏ ဥပနိဇ္ဈာယန အနက်ဟော ...ငင်း၊ ယု-ပစ္စည်း၏ ဘာဝသာဓ်(ပြည်သျှ) ကတ္တုသာဓ်(ဘာဝသာဓ်)အနက်၌ သက် ...ငင်း၊ ဈာယတေ ဥပနိဇ္ဈာယတေ ဈာနံ (တစ်နည်း) ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ-ဟု ပြု-ငင်း သိစေ။

ပဉ္စေဝ ဓမ္မာ ဈာနင်္ဂါနိ-ဖြင့် ဈာနဿ + အင်္ဂါနိ ဈာနင်္ဂါနိ-ဟု ဝစနတ္ထပြု၍၊ ဈာနင်္ဂါနိအရ ဝိတက်, ဝိစာရစသော ဈာနင်(၅)ပါးကို ယူရမည်ဟု သိစေသည်။

(င) နိယျာနဋ္ဌေန-ဖြင့် မဂ္ဂင်္ဂါနိ၌ မဂ္ဂသဒ္ဒါသည် ဝဋ်မှ ထွက်မြောက်ကြောင်းအနက်ဟော နိယျာနဋ္ဌဝါစီ ရုဠ္ဌီအနိပ္ဖန္နပါဋိပဒိကပုဒ်တည်းဟု သိစေသည်။

ဟေတုဋ္ဌေန-ဖြင့် မဂ္ဂင်္ဂါနိ၌ မဂ္ဂသဒ္ဒါသည် ဟေတု(ဥပါယ)အနက်ဟော၏ဟု သိစေသည်။

♦ မဂ္ဂေါတိ ပဋိပဒါယ စ ပကတိမဂ္ဂဿ စ ဥပါယဿ စ အဓိဝစနံ။ (သုဓိ။ ၄၀၇။)

စ-သဒ္ဒါနှစ်ပုဒ်ဖြင့် အညမညသမုစ္စယတ္ထဇောတကအဖြစ်ကို သိစေ။

(တစ်နည်း) နိယျာနဋ္ဌေန စ ဟေတုဋ္ဌေန စ-ဖြင့် မဂ္ဂင်္ဂါနိ၌ မဂ္ဂသဒ္ဒါသည် နိယျာနအနက်ကို ဟော၏၊ အင်္ဂသဒ္ဒါသည် ဟေတုအနက်ကို ဟော၏ဟု သိစေသည်။

အမှာ။ ။ ဤကား ရာသဋ္ဌေန စ သဉ္ဇာနနဋ္ဌေန စ ကောဝ ဓမ္မော သညာက္ခန္ဓော။ (ဋ္ဌ။ ၁၉၈။)၌ ရာသဋ္ဌေန-ဖြင့် သညာက္ခန္ဓော၌ ခန္ဓသဒ္ဒါကို ဖွင့်သည်။ သဉ္ဇာနနဋ္ဌေန-ဖြင့် သညာကို ဖွင့်သည်။ ထို့အတူ ဤ၌လည်း နိယျာနဋ္ဌေန-ဖြင့် မဂ္ဂင်္ဂါနိ၌ မဂ္ဂကို ဖွင့်ပြသည်။ ဟေတုဋ္ဌေန-ဖြင့် အင်္ဂကို ဖွင့်သည်ဟု ယူ၍ အာဘော်ဖော်သည်။ ဤအလို စ-သဒ္ဒါတို့ကား အညမညသမုစ္စယတ္ထမဟုတ်။ အသီးအသီးယူရသော ဝိကပ္ပနတ္ထဇောတကသာတည်း။

♦ အင်္ဂေါ ဒေသေ ဝပုမှိ၊ တထာ, ဝယဝ ဟေတုသု။ (ဓာန်။ ၉၅၆။)

http://www.dhammadownload.com



ပဌမ ဓမ္မာ မဂ္ဂင်္ဂါနိ–ဖြင့် မဂ္ဂသ + အင်္ဂါနိ မဂ္ဂင်္ဂါနိ–ဟု ဝစနတ္ထပြု၍ မဂ္ဂင်္ဂါနိအရ (ဝိရတီကြဉ်သော) သမ္မာဒိဋ္ဌိစသော မဂ္ဂင်ငါးပါးကိုသာ ယူရမည်ဟု သိစေသည်။

(၇)

(က) အဋ္ဌမ ဓမ္မာ–၌ ဓ–၏ ဂဟေတဗ္ဗတ္ထစသည်

✔ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာတို့သည် ဂဟေတဗ္ဗတ္ထ။

✔ ကြွင်းသော ဖဿစသော တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။

✔ ဇီဝိတ, စိတ်စသော ရှစ်ပါးသော တရားတို့၏ အစိုးရသည်၏အဖြစ်ဟူသော အဓိပတိယဋ္ဌ ဂုဏ်သည် အနုညာတတ္ထ။

(ဂ) ပဌမ ဓမ္မာ–၌ ဓ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ (၅)ပါးသည် ဂဟေတဗ္ဗတ္ထ။

✔ ထိုမှ ကြွင်းသော ဖဿစသောတရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။

✔ ဈာနင်တို့၏ ကပ်၍ရှုခြင်း ဥပနိဇ္ဈာယနဘောဂုဏ်သည် အနုညာတတ္ထ။

(င) ပဌမ ဓမ္မာ–၌ ဓ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတို့သည် ဂဟေတဗ္ဗတ္ထ။

✔ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ(ဝိရတီ ၃–ပါး)သည် နိဝတ္တေတဗ္ဗတ္ထ။

✔ သမ္မာဒိဋ္ဌိစသော ငါးပါးသောတရားတို့၏ ဝဋ်မှ ထွက်မြောက်တတ်သည်၏ အဖြစ်–ဟူသောဂုဏ်, နိဗ္ဗာန်သို့ ရောက်စေတတ်သည်၏အဖြစ်ဟူသော ဂုဏ်တို့သည် အနုညာတတ္ထ။

(က) ပန–ကား ပက္ခန္တရတ္ထ။

(င) စ–တို့ကား အညမညသမုစ္စယတ္ထ။

(ဆ) ဟိ–ကား ဝါကျာရမ္ဘတ္ထ။ (ပြည်သူ) ဒဠှီကရဏတ္ထ။ (ဘာသာဋီကာ)

ကိဉ္စာပိ–ကား သမ္ဘာဝနတ္ထ, အနုဂ္ဂဟတ္ထ။

ပန–ကား ဂရဟတ္ထ, အရုစျတ္ထ။

(ခ)(ဃ)(စ) တေန–တို့၌ တ–တို့ကား အနုဘူတဝိသယ။

(၈)

(ခ)(ဃ)(စ) တေန ဝုတ္တံ (ဆ) ဝုတ္တေတို့၌ ဝစ–ဓာတ်အရ ဒေသနာဉာဏ်ကို ယူ။ တ–ပစ္စည်းအရ ဝစီဘေဒသဒ္ဒကို ယူ။ ထုတ်မြဲ။

(ဆ) လောကိယစိတ္တေ–အရ (ဌာနာနုရူပ) ပဌမမဟာကုသိုလ်စိတ်ကို ယူ။ ထုတ်မြဲ။

(၉)

တိဿော ဝိရတိယော–အရ ဝိရတိ (၃)ပါးကိုယူ၍ လက္ခဏာဒိစတုက္ကအသီးသီးထုတ်။

(၁၀)

(ဆ) လောကိယစိတ္တေ + တိဿော ဝိရတိယော န လဗ္ဘန္တိ–၌

✔ တိဿော ဝိရတိယော–အရ ဝိရတိစေတသိက် (၃)ပါးသည်–

လောကိယစိတ္တေ–အရ (ဌာနာနုရူပ) ဝိရတိကြဉ်သော ပထမမဟာကုသိုလ်စိတ္တုပ္ပါဒ်အား သဟဇာတ–ပြု။ ပြီး၏။ ။ သဟာကြီး ၄၊ အညသမ္မ၊ မဂ္ဂ။ (၇)

=============

http://www.dhammadownload.com



## ဝါကျဉယျာဉ် (၁၉၁)

(က) ဣဒါနိ ဒုတိယစိတ္တာဒီနိ ဒဿေတုံ "ကတမေ ဓမ္မာ"တိအာဒိ အာရဒ္ဓံ။

(ခ) တေသု သဗ္ဗေသုပိ ပဌမစိတ္တေ ဝုတ္တနယေနေဝ တဿ တဿ မဟာဝါရာ ဝေဒိတဗ္ဗာ။

(ဂ) န ကေဝလဉ္စ မဟာဝါရာ ဧဝ၊ ပဌမစိတ္တေ ဝုတ္တသဒိသာနံ သဗ္ဗပဒါနံ အတ္ထောပိ ဝုတ္တ–
နယေနေဝ ဝေဒိတဗ္ဗော။

(ဃ) ဣတော ပရမ္ပိ အပုဗ္ဗပဒဝဏ္ဏနံယေဝ ကရိဿာမ။

(င) ဣမသ္မိံ တာဝ ဒုတိယစိတ္တနိဒ္ဒေသေ "သသင်္ခါရေနာ"တိ ဣဒမေဝ အပုဗ္ဗံ၊

(စ) တဿတ္ထော သဟ သင်္ခါရေနာတိ သသင်္ခါရော၊ တေန သသင်္ခါရေန သပ္ပယောဂေန
သဉပါယေန ပစ္စယဂဏေနာတိ အတ္ထော။

(ဆ) ယေန ဟိ အာရမ္မဏာဒိနာ ပစ္စယဂဏေန ပဌမံ မဟာစိတ္တံ ဥပ္ပဇ္ဇတိ၊ တေနေဝ သပ္ပ–
ယောဂေန သဉပါယေန ဣဒံ ဥပ္ပဇ္ဇတိ။

ဋ္ဌ။ ၁၉၉။ မူလဋီကာ။ ၉၉။ ပြည်သျှ၊၂။ ၂၀၃။ ဘာဋီ၊ ၂။ ၄၂၆။ ကျော်စံဂဏ္ဌိ။ ၃၄၇။ မင်းခင်းဂဏ္ဌိ။ ၄၇၉း

(၁)

### (စ)ကို ပါဠိသေသကတ္တား, ကြိယာထည့်အနက်–

တဿ–ထိုသသင်္ခါရေနဟူသောပုဒ်၏။ အတ္ထော–ကို။ (ဓဝံ–သို့။ ဝေဒိတဗ္ဗော–၏။ ယော ပစ္စယဂဏော–အကြင်အာရုံ, ယောနိသောမနသိကာရစသော ပစ္စည်းအပေါင်းသည်။) သင်္ခါရေန–တွန့်တိုဆုတ်နစ်သော စိတ်ကို ထက်သည်၏အဖြစ်ဟုဆိုအပ်သော တန်ဆာအထူးဖြင့် ပြုပြင်တတ်သော။ (ဝါ) ပြုပြင်ကြောင်းဖြစ်သော ပုဗ္ဗပယောဂဉပါယနှင့်။ သဟ–တကွ။ (ဟောတိ–၏။) ဣတိ တသ္မာ–ကြောင့်။ (သော ပစ္စယဂဏော–သည်။) သသင်္ခါရော–မည်၏။

သသင်္ခါရေန–တွန့်တိုဆုတ်နစ်သော စိတ်ကို ထက်သည်၏အဖြစ်ဟုဆိုအပ်သော တန်ဆာအထူးဖြင့် ပြုပြင်တတ်သော။ (ဝါ) ပြုပြင်ကြောင်းဖြစ်သော ပုဗ္ဗပယောဂဉပါယနှင့်တကွဖြစ်သော။ သပ္ပယောဂေန–တွန့်တိုဆုတ်နစ်သော စိတ်ကို စေခြင်း, တိုက်တွန်းခြင်းဟူသော ပယောဂနှင့်တကွ ဖြစ်သော။ သဉပါယေန–ကုသိုလ်ကိုပြုခြင်း, မပြုခြင်းတို့၌ အပြစ်အကျိုးကို ဆင်ခြင်ခြင်း, သူတပါးတို့သည် စေခြင်း, တိုက်တွန်းခြင်း ဤသို့အစရှိသော ကုသိုလ်ပြုခြင်း၏ အကြောင်းဉပါယနှင့် တကွဖြစ်သော။ တေန ပစ္စယဂဏေန–ထိုအာရုံ, ယောနိသောမနသိကာရစသော ပစ္စည်းအပေါင်းနှင့်။ (ဥပ္ပဇ္ဇတိ–၌ စပ်။) ဣတိ အယံ–ကား။ အတ္ထော–တည်း။

♦ သပ္ပယောဂေနာတိ လီနဿ စိတ္တဿ ဥဿာဟနပယောဂသဟိတေန သဉပါယေနာတိ ကုသလဿ ကရဏာကရဏေသု အာဒီနဝါနိသံသပစ္စဝေက္ခဏံ ပရေဟိ ဥဿာဟနဉ္စ ဓမာဒိ ဥပါယသဟိတေန။ (မူလဋီ)

♦ ဥဿာဟနံ ပေသနံ နိယောဇနံ။ (အနုဋီကာ)

(၂)

### (က) ဌပနာပဉ္ဇက

ဆရာ–မြတ်စွာဘုရားသည် ကတမေ ဓမ္မာ–စသည်ကို ဟောတော်မူ၏။ ထိုသို့ပင်ဟောတော်မူပါ သော်လည်း ယင်းကတမေ ဓမ္မာ–စသည်ကို ရှေး(ပထမာမဟာကုသိုလ်စိတ်၏ ပဒဘာဇနီ)၌လည်း ဟောပြီးဖြစ်သည် မဟုတ်ပါလော။ ထိုသို့ ...ကြောင့် ကတမေ ဓမ္မာ–စသည်ကို တဖန်ထပ်၍ မဟောသင့်။ ကတမေ ဓမ္မာ–စသည်ကို (တဖန်ထပ်၍)ဟောတော်မူခြင်း၏ အကြောင်းကို (ဝါ) အကျိုးကိုလည်း ပြဆိုသင့်သေး၏။ အဘယ်ကြောင့် (ဝါ) အဘယ့်အကျိုးငှာ ကတမေ ဓမ္မာ–စသည်ကို တဖန်ဟောတော် မူပြန်သနည်း။ စုဒ်ကြောင့် (က)မိန့်။

http://www.dhammadownload.com



(ဂ) ပါပနာဒိပဋ္ဌက

ဆရာ–သည် (ခ)ဖြင့် အလုံးစုံသော ဒုတိယစိတ်အစရှိသည်တို့၌လည်း ပထမစိတ်၌ ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင် သုံးပါးသုံးပါးကုန်သော ဝါရကြီးတို့ကို သိအပ်ကုန်၏ဟု (အတိဒေသ သံဝဏ္ဏနာနည်းဖြင့်) ဖွင့်ပြဆိုတော်မူ၏။ ထိုသို့ ...သော် အလုံးစုံသော ဒုတိယစိတ်အစရှိသည်တို့၌ ဝါရကြီးတို့ကိုသာလျှင် သိအပ်ကုန်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်ကား ....မရောက်သင့်။ ထိုသို့...ကြောင့် ပထမ(မဟာကုသိုလ်)စိတ်၌ ဆိုအပ်ပြီးသော နည်းဖြင့်သိအပ်သော အခြားတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ ...ကား အဘာယ်ပါနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

♦ ကေဝလံပုဒ်၊ န–မြစ်ထုတ်၊ သမုစ္စည်းအဓိပ္ပါယ်။
နောက်သမုစ္စယ၊ အဖြေပြ၊ ဧဝ–အာဘော်ဆင်။

(င) ဋ္ဌပနာဘောဂါဒိ

ဆရာ–သည် (ဃ)ဖြင့် ဤဒုတိယစိတ္တနိဒ္ဒေသမှ နောက်ဖြစ်သော တတိယစိတ္တနိဒ္ဒေသစသည် တို့၌လည်း အသစ်ဖြစ်သော ပုဒ်အဖွင့်ကိုသာလျှင်ပြု (ဖွင့်ကုန်)အံ့ဟု ဆို၏။ ထိုသို့ ...သော် ပထမစိတ်နှင့် ဒုတိယစိတ်သည် တစ်မျိုးစီ (မတူ)ဖြစ်ရကား ဤဒုတိယစိတ္တနိဒ္ဒေသ၌ ပုဒ်အားလုံးပင် အသစ်ဖြစ်၏ ဟူသော အနက်သည်ရောက်ရာ၏ ရောက်ရာသည်မဟုတ်ပါလော။ ထိုသို့ ...ကြောင့် (ဃ)ဖြင့် ...မဆိုသင့်။ ဤဒုတိယစိတ္တနိဒ္ဒေသ၌ အဘာယ်ပုဒ်သည်သာလျှင် အသစ်ဖြစ်၏ဟုလည်း ပြဆိုသင့်သေး၏။ ဤဒုတိယစိတ္တနိဒ္ဒေသ၌ အသစ်ဖြစ်သောပုဒ်ကား အဘာယ်ပါနည်း။ စုဒ်ကြောင့် (င)မိန့်။

(စ) ဋ္ဌပနာဘောဂါဒိ

ဆရာ–သည် (င)ဖြင့် ဤဒုတိယာစိတ္တနိဒ္ဒေသ၌ "သသင်္ခါရေန" ဟူသောပုဒ်သည်သာ အသစ်ဖြစ်၏ဟု ပြဆိုတော်မူ၏။ ထို...သော် ယင်းသသင်္ခါရေနပုဒ်၏ အနက်ကို (ဝါ) ယင်းသသင်္ခါရေန– ပုဒ်၏ ဝစနတ္ထအဘိဓာနတ္ထနှင့် အရကောက်အဘိဓေယျတ္ထကို အကျယ်ဝိတ္ထာရအားဖြင့် မသိအပ်, မသိနိုင်ရာသည်မဟုတ်ပါလော–စသည်တက်။

(ဆ) ဋ္ဌပနာဘောဂါဒိ

ဆရာ–သည် (စ)ဝါကျ၌ သသင်္ခါရေနပုဒ်ကို သပ္ပယောဂေန သဥပါယေန ပစ္စယဂဏေန–ဟု ဖွင့်ပြဆို၏။ ထို..သော် ယင်းသို့ဖွင့်ဆိုသော ဆရာစကားသည် ယုတ္တိကင်းပဒဋ္ဌိယမျှသာဖြစ်၍–စသည်တက်။

(၃)

(ခ) သမ္ဗေသုပိ–၌ ပိ–သဒ္ဒါ ထားရခြင်း

ဒုတိယစိတ်, တတိယစိတ်အစရှိသော အစိတ်အစိတ်ကို ပေါင်းဆည်းသော အဝယဝသမ္ပိဏ္ဍနတ္ထ, သမုစ္စယတ္ထကို ပြလို၍ သမ္ဗေသုပိ–၌ ပိ–သဒ္ဒါထားသည်။

(ဂ) အတ္ထောပိ–၌ ပိ–သဒ္ဒါ ထားရခြင်း–

ရှေးမဟာဝါရတို့ကို ပေါင်း, ဆည်း, ရှုငဲ့သော သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ, အပေက္ခနတ္ထကို ပြလို၍ (ဂ)အတ္ထောပိ– ၌ ပိ–သဒ္ဒါ ထားရသည်။

(စ) ပစ္စယဂဏောနာတိ အတ္ထော–၌ အတ္ထော–သဒ္ဒါ ထားရခြင်း–

သသင်္ခါရေနပုဒ်၌ သင်္ခါရဟူသော ပုဒ်တစိတ်အရ ပယောဂဥပါယကို ယူပါဟုရင်း၊ သသင်္ခါရဟူသော သမာသ်ပုဒ်လုံးအရ ပစ္စယဂဏကို ယူပါဟုရင်း၊ ဤသို့ သသင်္ခါရေနပုဒ်၌ ငုပ်လျှိုးနေသော ဂုဠှတ္ထကို ပေါ်လွင်ထင်ရှားအောင် ပြလိုသောကြောင့် (ဝါ) သသင်္ခါရေနပုဒ်၌ ရသင့်, ဖြစ်သင့်သော စကားကျအဓိပ္ပါယ်ကို ပြလိုသောကြောင့် (စ) ၌ အတ္ထော–သဒ္ဒါထားသည်။

http://www.dhammadownload.com



(၄)

(စ) သစ်ရောတီတိ သစ်ါရော။

(တစ်နည်း) သစ်ရောတိ ဧတေနာတိ သစ်ါရော။ (သံ, ကရ+ ဏ။ ပြုပြင်ခြင်း။)

* သဟ + သစ်ါရေန + ယော ဝတ္တတီတိ သသစ်ါရော။ (တေန)

✔ သဟ–ပုဒ်+သစ်ါရ–ပုဒ်+ယ–ပုဒ်သည်ရင်း၊ ပုဗ္ဗပယောဂဥပါယဟူသော သစ်ါရနှင့်တကွ ဖြစ်ခြင်း သဟာဝတ္တနသောဂုဏ်၏ + အာရုံ, ယောနိသောမနသိကာရစသော ပစ္စည်းအပေါင်း (ပစ္စယဂဏ)နှင့် ဂုဏ်+ဂုဏေားစပ် ...ရင်း ဗျူ–နိ။

✔ အာရုံ, ယောနိသောမနသိကာရစသော ပစ္စည်းအပေါင်း(ပစ္စယဂဏ)၏..ဓာတ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

(ခ) ပဋိယတေ အာဒိမှိ ဥစ္စာရီယတေတိ ပဌမံ။ (ပဌ+အမ။ အစ၌ ရွတ်ဆိုခြင်း။)

(တစ်နည်း) ပုထတိ အာဒိမှိ ပဝတ္တတီတိ ပဌမံ။ (ပုထ+အမ။ အစ၌ ဖြစ်ခြင်း။)

(ဃ) န + ပုဗ္ဗာနိ အပုဗ္ဗာနိ။ အပုဗ္ဗာနိ + ပဒါနိ အပုဗ္ဗပဒါနိ။

* အပုဗ္ဗပဒါနံ + ဝဏ္ဏနာ အပုဗ္ဗပဒဝဏ္ဏနာ။

(ရှေးမဟုတ်သော(အသစ်ဖြစ်သော)ပုဒ်တို့၏ + ဖွင့်ကြောင်းဖွင့်ရာအဋ္ဌကထာနှင့် သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာစပ်။)

(စ) ပယုဇ္ဇနံ ပယောဂေါ။ (ပ, ယုဇ+ဏ။ အားထုတ်ခြင်း။)

* သဟ + ပယောဂေန ယော (ပစ္စယဂဏော) ဝတ္တတီတိ သပ္ပယောဂေါ။ (တေန)

(သသစ်ါရေနနှင့် အတူထုတ်။)

* ဥပယတီတိ ဥပါယော။ (ဥပ, ဣ+ဏ။ အကျိုးသို့ကပ်ရောက်ခြင်း။) (ဘာဋီ)

(တစ်နည်း) ဥပါယနံ ပရေဟိ ဥဿာဟနံ ဥပါယော။ (အားထုတ်ခြင်း။)

♦ သဥပါယေနာတိ... ပရေဟိ ဥဿာဟနန္တိ–စသော မူလဋီကာထောက်။

(တစ်နည်း) ဥပဂစ္ဆတိ ဧတေနာတိ ဥပါယော။ (ဥပ, အယ+ဏ။ ကပ်ရောက်ခြင်း။) (ဓာတွတ္ထ။ဓာန်ဋီ)

* သဟ + ဥပါယေန + ယော (ပစ္စယဂဏော) ဝတ္တတီတိ သဥပါယော။ (တေန)

(သသစ်ါရေနနှင့် အတူထုတ်။)

* ပဋိစ္စ ဖလံ ဧတိ ဧတသ္မာတိ ပစ္စယော။ ဂဏီယတိ အဝယဝေန သဟာတိ ဂဏော။

* ပစ္စယာဒီနံ + ဂဏော ပစ္စယဂဏော။ (တေန)

(၅)

| | | |
|---|---|---|
| (ဃ) | ပရံ–ကား | နိပါတ်အဗျယပုဒ်၊ အလိင်၊ ဂဏာဝိမုတ်၊ နိဂ္ဂဟိတန္တ။ |
| | အပုဗ္ဗပဒဝဏ္ဏနံ–ကား | သမာသ်နာမ်ပုဒ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ–ကာရန္တ။ |
| (ဆ) | ဥပ္ပန္နတိ–ကား | ဒိဝါဒိဂိုဏ်း၊ အ–ကာရန္တ။ (ဥ, ပဒ+ယ+တိ။) |

(၆)

(စ) သဟ သစ်ါရေန–ဖြင့် သသစ်ါရပုဒ်ကို သဟ သစ်ါရေန ယော (ပစ္စယဂဏော) ဝတ္တတီတိ သသစ်ါရော–ဟု သဟပုဗ္ဗပဒပထမာဗဟုဗ္ဗီဟိ... ပြု ...ရင်း၊ သ–သဒ္ဒါသည် သန္တ, သမာန–သဒ္ဒါတို့၏ ကာရိယမဟုတ်၊ သဟ–သဒ္ဒါ၏ ကာရိယ ...ရင်း (နိပါတလိင်္ဂပဒ)သိစေသည်။

တေန သစ်ါရေန–ဖြင့် သဟ သစ်ါရေနာတိ သသစ်ါရော–ဟု ပဌမန္တဖြင့် ငါ (အဋ္ဌကထာ) ဆရာ ဖွင့်ပြခဲ့သော်လည်း ပါဠိတော်၌ကား သသစ်ါရေန–ဟု တတိယာဝိဘတ်ဖြင့်အားဖြင့် ဘုရားရှင် ဟောတော်မူသတည်းဟု သိစေသည်။ (ဝိဘတ္တိပဒ)

http://www.dhammadownload.com



သပ္ပယောဂေန သဥပါယေန-ဖြင့် သသင်္ခါရေန၌ သင်္ခါရအရ ပယောဂ, ဥပါယကိုယူ သိစေ။ ပစ္စယဂဏေန-ဖြင့် သသင်္ခါရေနတစ်ပုဒ်လုံးအရ ပစ္စယဂဏကို ယူရမည်ဟု သိစေသည်။

(၇)

(ခ) ဝုတ္တနယေနေဝ-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထစသည်-

✔ ဝုတ္တနယသည် ဂဟေတဗ္ဗတ္ထ။

✔ အဝုတ္တနယသည် နိဝတ္တေတဗ္ဗတ္ထ။

✔ သဒိသနယသည် အနုညာတတ္ထ။

(ဃ) တေနေဝ-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထစသည်

✔ ထိုအာရုံယောနိသောမနသိကာရစသော ပစ္စည်းကာပေါင်းသ ဂဟေတဗ္ဗတ္ထ။

✔ ထိုမှတပါးသော ပစ္စည်းအပေါင်းသည် နိဝဓေ ဗ္ဗတ္ထ။

✔ ပယောဂ, ဥပါယသည် အနုညာတတ္ထ။

(င) ဣဓမေဝ-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထစသည-

✔ သသင်္ခါရေနဟူသော ပုဒ်သည် ဂဟေတဗ္ဗတ္ထ။

✔ ကတမေ ဓမ္မာစသော ပုဒ်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

✔ သသင်္ခါရေနပုဒ်၏ အနက်သည် အနုညာတတ္ထ။

(ဂ) ကေဝလဥ္စ-၌ စ-ကား ပက္ခန္တရတ္ထ။ (ပြည်သျှ) ဝါကျာရမ္ဘတ္ထ။ (ဘာသာဋီ)

(ခ) တေသု-၌ တ-ကား ဆိုခဲ့ပြီးသော ဒုတိယစိတ်စသည်ကို စွဲ- ပက္ကန္တဝိသယ။

(စ) တေန-၌ တ-ကား ပစ္စယဂဏေနဟု အစွဲတိုက်ရိုက်ပါရှိ- ပသိဒ္ဓဝိသယ။

(ဆ) တေနေဝ-၌ တ-ကား ရှေးဝါကျမှ ပစ္စယဂဏေနကိုစွဲ- ပက္ကန္တဝိသယ။

(တစ်နည်း) ယေန ပစ္စယဂဏေန-ဟူသော အနိယမ ယ-သဒ္ဒါစွဲသော အနက်ကိုပင်စွဲ- နိယမဝိသယ။

(၈)

(ဆ) ဣဓ ဥပမ္ဗတိ-၌ ဣဓ-အရ ဒုတိယမဟာကုသိုလ်စိတ်ကို ယူ၍-

✔ ထို ...သည် ဒဿနတ္ထ။

✔ ပယောဂ, ဥပါယနှင့် တကွဖြစ်သော အာရုံ, ယောနိသောမနသိကာရစသောပစ္စည်း အပေါင်းသည် ဒီပကတ္ထ။

✔ ကာယိကသုခ, စေတသိကသုခသည်

(ဝါ) ကုသလဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်သည် ပကာသနတ္ထ။

✔ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယစသည်သည် ဝိဘာဝတ္ထ။

✔ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိစသည်သည်

(ဝါ) အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(၉)

အဓိပ္ပါယ်။ ။ သပ္ပယောဂေန, သဥပါယေန-၌

✔ တွန့်တိုဆုတ်နစ်သော စိတ်ကို စေခြင်း, တိုက်တွန်းခြင်းသည် ပယောဂမည်၏။

✔ ကုသိုလ်ကို ပြုခြင်း, မပြုခြင်းတို့၌ အပြစ်, အကျိုးကို ဆင်ခြင်ခြင်း၊ ဆရာမိဘစသော သူတပါးတို့က စေခြင်း, တိုက်တွန်းခြင်းသည် ဥပါယမည်၏။ (မူလဋီကာ။ ၉၉။)

http://www.dhammadownload.com



(၁၀)

(ဆ) တေနေဝ + ဣဒံ ဥပ္ပန္နတိ–၌

✔ တေနေဝ–အရ အာရုံ, ယောနိသောမနသိကာရစသော ပစ္စည်းအပေါင်းကို ယူ။
ဣဒံ ဥပ္ပန္နတိ–အရ ဒုတိယမဟာကုသိုလ်စိတ်ကိုယူ။ ထိုတွင်–

✔ တေနေဝ–အရ အာရုံ (၆)ပါး ပစ္စည်းသည်–
ဣဒံ ဥပ္ပန္နတိ–အရ ဒုတိယမဟာကုသိုလ်စိတ်အား အာရမ္မဏ–ပြု။
ပြိုင်။ ။ အာရမ္မဏ, ပုရေ, အတ္ထိ, အဝိ။ (၄)

✔ တေနေဝ–အရ ယောနိသောမနသိကာရစသော ပစ္စည်းအပေါင်းသည်–
ဣဒံ ဥပ္ပန္နတိ–အရ ဒုတိယမဟာကုသိုလ်စိတ်အား ပကတူပ–ပြု။ ပြိုင်။ ။ မရှိ။

==============

## ဝါကျဥယျာဉ် (၁၉၂)

(က) ဆန္ဒသတ္တမအန္ဓမာနိ ဒုတိယတတိယစတုတ္ထေသု ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ။
(ခ) ကေဝလဉှိ ဣမေသု ဝေဒနာပရိဝတ္တနဉ္စေဝ ပီတိပရိဟာနဉ္စ ဟောတိ။
(ဂ) သေသံ သဒ္ဓိံ ဥပ္ပတ္တိနယေန တာဒိသမေဝ။
(ဃ) ကရုဏာမုဒိတာ ပရိကမ္မကာလေပိ ဟိ ဣမေသံ ဥပ္ပတ္တိ မဟာအဋ္ဌကထာယံ အနုညာတာ ဧဝ။
(င) ဒါနမေဝ ဒါနမယံ၊ ပုညကိရိယာ စ သာ တေသံ တေသံ အာနိသံသာနံ ဝတ္ထု စာတိ ပုညကိရိယဝတ္ထု။

ဋ။ ၂၀၁၊ မူလဋီကာ၊ ၉၉။ ပြည်သျှ၊ ၂။ ၂၀၀။ ဘာသာဋီကာ၊ ၂။ ၄၃၂။ ကျော်စံဂဏ္ဌိ။ ၃၄၀။ မင်းခင်းဂဏ္ဌိ။ ၄၈၁။

(၁)

(ခ) ဟိ–မှန်။ (ပြည်သျှ၊ ဘာဋီ) ဟိ–အထူးကား။ (မင်းခင်းဂဏ္ဌိ)

(ဂ) သေသံ–ကြွင်းသောအစီအရင်ကို။ ဥပ္ပတ္တိနယေန–စိတ်ဖြစ်ပုံနည်းနှင့်။ သဒ္ဓိံ။ တာဒိသမေဝ–ထိုဒုတိယ, တတိယ, စတုတ္ထစိတ်တို့၌ ဆိုအပ်ပြီးသော အစီအရင်ကဲ့သို့ ရှုအပ်သည်သာလျှင်။ (သဒ္ဒတ္ထ) (ဘာဋီ။ ၄၃၂။)

(တစ်နည်း) ဥပ္ပတ္တိနယေန– ဖြစ်သောနည်းနှင့်။ သဒ္ဓိံ။ သေသံ–ကြွင်းသော စကားရပ်သည်။ တာဒိသမေဝ–ထို ဒုတိယ, တတိယ, စတုတ္ထစိတ်နှင့်တူသည်သာလျှင်။ (အဓိပ္ပါယတ္ထ) ဟောတိ–၏။ (ဤကား ပြည်သျှ–အနက်။)

(ဃ) ဟိ–မှန်၏။ (ပြည်၊ ဘာဋီ) ဟိ–အထူးတပါးရှိသေး၏။ (မင်းခင်းဂဏ္ဌိ)

(၂)

"တေသံ တာဒိသမေဝ"ဟူသော စကားကို ခိုင်မြဲစေလို၍ "ကရုဏာ (ပ) အနုညာတာ ဧဝ"ဟု မိန့်သည်။ (ဘာဋီ၊ ၂။ ၄၃၂။)

(ဃ)သို့ ဌပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် (ဂ)ဝါကျဖြင့် ကြွင်းသောအစီအရင်ကို စိတ်ဖြစ်ပုံနည်းနှင့်တကွ ထိုဒုတိယ, တတိယ, စတုတ္ထစိတ်တို့၌ ဆိုအပ်ပြီးသော အစီအရင်ကဲ့သို့ ရှုအပ်သည်သာ(ဖြစ်၏)ဟု မိန့်ဆိုတော်မူ၏ ထို ...သော် ဆရာ့စကားသည် ယုတ္တိကင်းပဒဋ္ဌိယမျှသာဖြစ်၍ မခိုင်မြဲရာသည် မယုံကြည်အ... မယုံကြည်နိုင်ရာသည်မဟုတ်ပါလော–စသည်ဖြင့် ယုတ္တိဒဋ္ဌိထုံးစံအကိုင်းကာက်။

http://www.dhammadownload.com



(၃)

(က) အတိဒေသသံဝဏ္ဏနာနည်းဖြင့် ဖွင့်ပြ- ဂန္ထဂရု, ပုနရုတ္တိ, ကေတ္တဒေါသတို့ကို ပယ်သည်။
(တစ်နည်း) ပက္ခန္တရ။ အဗျာပိတ, အပရိပုဏ္ဏပယ်သည်။
(ခ) ယုတ္တိဒဋ္ဌိကရဏ။ ဝိရောဓိ, ဩဗ်စိတျပဟီနပယ်။
(ဂ) ဂန္ထဂရု, ပုနရုတ္တိ, ကေတ္တ (တစ်နည်း) အဗျာပိတပယ်။

(၄)

(င) ပုနာတိ သောဓေတီတိ ပုည်။ ကတ္တုဗ္ဗာတိ ကိရိယာ။
* ပုည် စ + တံ + ကိရိယာ စာတိ ပုညကရိယာ။ (ပြုထိုက်သော ကောင်းမှု)
* တေ တေ အာနိသံသာ ဝသန္တိ ဧတ္ထာတိ ဝတ္ထု။
* ပုညကိရိယာ စ + သာ + ဝတ္ထု စာတိ ပုညက်ိရိယာဝတ္ထု။
✔ ပြုထိုက်သော ကောင်းမှု၏ + တည်ရာအကြောင်းနှင့် ဂုဏ်+ဂုဏေးစပ်- ဗျု-နိ။
✔ ပုညကိရိယာဝတ္ထုတို့၏ ..ဓာတ်သည် ပ-နိ။

"ဝစနတ္ထမှတ်ဖွယ်"

(ခ) ကေဝနံ ပဝတ္တနံ ကေဝလံ။ (ကေဝ+အလ။ ဖြစ်ခြင်း။)
* ပရိဝတ္တီယတေ ပရိဝတ္တနံ။ ဝေဒနာယ + ပရိဝတ္တနံ ဝေဒနာပရိဝတ္တနံ။
* ပရိဟီယတေ ပရိဟာနံ။ ပီတိယာ + ပရိဟာနံ ပီတိပရိဟာနံ။
(ဂ) သီဿတီတိ သေသံ။ (သိသ+ဏ။ ကြွင်းကျန်ခြင်း။) (ဓာတွတ္ထ။ ၄၀၇။)
* တမိဝ နံ ပဿတီတိ တာဒိသံ။
(င) ဒီယတေ ဓေတေနာတိ ဒါနံ။

(၅)

| | | |
|---|---|---|
| (ဂ) သေသံ-ကား | | ကိတ်နာမ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ-ကာရန္တ။ |
| (ဃ) ဏ္ဍမေသံ-ကား | | သဗ္ဗနာမ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိ (သဗ္ဗနာမ်ဂိုဏ်း)၊ အ-ကာရန္တ။ |
| ဥပ္ပတ္တိ-ကား | | ကိတ်နာမ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိ၊ ဣ-ကာရန္တ။ |

(၆)

(င) ဒါနမေဝ-ဖြင့် ဒါနမယ်၌ မယ-ပစ္စည်း၏ သွတ္တ၊ ဒါနမေဝ ဒါနမယံ-ဟု ပြ-သိစေ။ **ပုညကိရိယာ စ သာ ဝတ္ထု စာတိ**-ဖြင့် ပုညကိရိယာဝတ္ထုပုဒ်ကို ကမ္မဓာရယ်.. ပြ ...သိစေ။ **တေသံ တေသံ အာနိသံသာနံ**-ဖြင့် ဝတ္ထုသဒ္ဒ တည်ရာအကြောင်းဖြစ်၏ဟူသည် ထိုထိုအကျိုး အာနိသင်တို့၏ တည်ရာအကြောင်းဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(၇)

(ဂ) တာဒိသမေဝ-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထသည်-
✔ ဒုတိယ, တတိယ, စတုတ္ထစိတ်တို့နှင့် တူသည်၏ အဖြစ်ဟူသော သဒိသဘာဝသည် ဂဟေတဗ္ဗတ္ထ။
✔ ဒုတိယ, တတိယ, စတုတ္ထစိတ်တို့နှင့် မတူသည်၏ အဖြစ်ဟူသော အသဒိသဘာဝသည် နိဝတ္တေတဗ္ဗတ္ထ။
✔ ဒုတိယ, တတိယ, စတုတတ္ထစိတ်တို့အားလျော်သည်၏ အဖြစ်ဟူသော အနုရူပဘာဝသည် အနုညာတတ္ထ။

http://www.dhammadownload.com



(ဃ) အနုညာတာဝေ–၌ ဝေ–၏ ဂဟေတဗ္ဗတ္ထစသည်–

✔ ခွင့်ပြုခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။

✔ ခွင့်မပြုခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

✔ မဟာအဋ္ဌကထာ၌ ခွင့်ပြုအပ်သော ကရုဏာ, မုဒိတာပရိကံပြုရာကာလ၌ ဆန္ဒ, သတ္တမ, အဋ္ဌမစိတ်တို့၏ ဖြစ်ခြင်းသည်ငှး၊ ကရုဏာ, မုဒိတာပရိကံပြုရာကာလ၌ ဆန္ဒ, သတ္တမ, အဋ္ဌမစိတ်တို့၏ ဖြစ်ခြင်းကို ခွင့်ပြုအပ်သည်၏အဖြစ်ဟူသော အနုညာတဘောဂုဏ်သည်ငှး အနုညာတတ္ထ။

(ခ) ကေဝလဒ္ဓိ–၌ ဟိ–ကား ဒဠှီကရဏတ္ထ။ (ပြည်သျှ။ ဘာဋီ) (တစ်နည်း) ဝိသေသတ္ထ။ (မင်းခင်းဂဏ္ဌိ) စ–နှစ်လုံးကား အညမညသမုစ္စယတ္ထ။

(၉)

(က) ဝေဒိတဗ္ဗာနိ–၌ ဝိဒ–အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။

(ဃ) အနုညာတ–၌ အနု–ရှေး, ဉာ–အရ သတိ, ဝီရိယ, ဉာဏ်, ဆန္ဒပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်ကိုယူ။

(၉)

(ဃ) မဟာအဋ္ဌကထာယံ အနုညာတတာပါဠိဖြင့် အဘာယ်အနက်ကို ပြသနည်းဟူမူ–

မဟာအဋ္ဌကထာယံ အနုညာတတာ–ပါဠိဖြင့် ကရုဏာ, မုဒိတာတို့၏လည်း ဖြစ်ခြင်းကြောင့် ယေဝါပနကတရားတို့ဖြင့်လည်း ပဌမမဟာကုသိုလ်စိတ်မှ အထူးမရှိသည်၏အဖြစ်ကို ပြသည်။ (ပြည်သျှ) (တစ်နည်း) အလွန်မတည်ကြည်သေးသော (အပ္ပနာအနီးအပါးသို့ မရောက်သေးသော) ဘာဝနာ ဖြစ်ရာအခါ၌ ကရုဏာ, မုဒိတာတို့၏ ဥပေက္ခာသဟဂုတ်စိတ်၌ ဖြစ်ခြင်းကို မဟာအဋ္ဌကထာ၌ ခွင့်ပြုခြင်းဖြင့် ယေဝါပနကတရားတို့အားဖြင့်လည်း အထူးမရှိသည်၏ အဖြစ်ကို ပြသည်။ (ဘာဋီ၊၂။ ၆၉၉။)

♦ မဟာအဋ္ဌကထာယံ အနုညာတတာ နာတိသမာဟိတာယ ဘာဝနာယာတိ ယေဝါပနကေဟိပိ နိဗ္ဗိသေသတံ ဒဿေတိ။ (မူလဋီ။ ၉၉။)

(၁၀)

(က) ဆဋ္ဌသတ္တမအဋ္ဌမာနိ + ဝေဒိတဗ္ဗာနိ–၌

✔ ဆဋ္ဌသတ္တမအဋ္ဌမာနိ–အရ ဆဋ္ဌ, သတ္တမ, အဋ္ဌမစိတ်သည်–

ဝေဒိတဗ္ဗာနိ–၌ ဝိဒ–အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ် အား အာရမ္မဏ–ပြု။ ပြီး။ ။ အာ, မိ, ဥ။ (၃)

==============

## ဝါကျဥယျာဉ် (၁၉၃)

(က) ဣဒါနိ ရူပါဝစရကုသလံ ဒဿေတုံ "ကတမေ ဓမ္မာ ကုသလာ"တိအာဒိ အာရဒ္ဓံ။

(ခ) တတ္ထ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတီတိ ရူပံ ဝုစ္စတိ ရူပဘဝေါ။

(ဂ) ဥပပတ္တီတိ နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ။

(ဃ) မဂ္ဂေါတိ ဥပါယော။

(င) ဝစနတ္ထော ပနေတ္ထ တံ ဥပပတ္တိံ မဂ္ဂတိ ဂဝေသတိ ဇနေတိ နိပ္ဖါဒေတီတိ မဂ္ဂေါ။

(စ) ဣဒံ ဝုတ္တံ ဟောတိ "ယေန မဂ္ဂေန ရူပဘဝေ ဥပပတ္တိ ဟောတိ နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ၊ တံ မဂ္ဂံ ဘာဝေတီ"တိ။

၄။ ၂၀၇။ မူလဋီ။ ၁၀၀။ ယောဇနာ။ ၁၁၇။ ပြည်သျှ၊ ၂။ ၂၂၅။ ဘာဋီ၊ ၂။ ၄၄၉။ ကျော်စံဂဏ္ဌိ။ ၃၅၂။ မင်းခင်းဂဏ္ဌိ။ ၄၈၅။

http://www.dhammadownload.com



(၁)

(က)ပုဗ္ဗာနုသန္ဓေ, ကတ္တားထည့်၍ အနက်

ဝေ-သို့။ ကတမေ ဓမ္မာ ကုသလာတိ အာဒိနာ-ဖြင့်။ ကာမာဝစရကုသလ်-ကို။ ဒဿေတွာ-ပြီး၍။ (ပုဗ္ဗာနုသန္ဓေ) ဣဒါနိ-၌။ ကတမေ ဓမ္မာ ကုသလာတိ အာဒိနာ-ဖြင့်။ (ဒဿေတုံ-၏ ကရိယာ:) ရူပါဝစရကုသလ်-ကို။ ဒဿေတုံ-ငှါ။ (ပ) ဘာဂဝတာ-သည်။ (ကတ္တား) အာရဒ္ဓံ-၏။

♦ အာကာရနှင့်၊ အာဟာ၏ကံ၊ ဤနှစ်တန်၊ အမှန်ဒဿနကရိယာ:ဖြစ်မြဲ။ (ဘုရားကြီး။၁၉၈။)

♦ အာဟ ကံပုဒ်၊ မယုတ်တီတိ၊ ဒဿေတိ၊ ဖြစ်ဘိကရိယာ:ပေ။

နိယံ-၌ အာဟ-ကား ဥပလက္ခဏတည်း။

(ခ) တတ္ထ-အစွဲ အနက်ပေးပုံ။ (ပထမတွဲ ဝါကျဥယျာဉ်အ႑တ်စဉ်(၆၂) ရှု)

(င) ပန-အဘိဓေယျတ္ထမှတပါး ဝစနတ္ထကို ဆိုအံ့။ ဓမ္မ ဤမဂ္ဂေါ႑ာသော ပုဒ်၌။

(၂)

(ခ)သို့ ပါပနာဒိပဋ္ဌက

ဆရာ-သည် (က)ဖြင့် ကတမေ ဓမ္မာ ကုသလာ-အစရှိသော ပါဠိတော်စကား၏ အနုသန္ဓေသမ္ဗန္ဓသမုဒါယတ္ထကို ပြဆိုတော်မူ၏။ ထို ...သော် ယင်းပါဠိတော်စကားရပ်၏ အနုသန္ဓေသမ္ဗန္ဓသမုဒါယတ္ထသာ ရှိ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်...ကား ...မရောက်သင့်။ ထိုသို့ ...ကြောင့် အဝယဝတ္ထကိုလည်း ပြဆိုသင့်၏။ ...အဗျာပိတ, အပရိပုဏ္ဏတင်။ အဝယဝတ္ထကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။ (တစ်နည်း:)(က)ဖြင့် အကျဉ်းသခေ်ပကို ပြသည်။

(ခ)ဖြင့် အကျယ်ဝိတ္ထာရကို ပြသည်။ (ဤသို့ အဓိပ္ပါယ်ယူ၍လည်း ကျမ်းတက်နိုင်သည်။)

(တစ်နည်း:) ပါပနာဒိပဋ္ဌက လီနတ္ထရစောဒနာတက်ပုံ

ဆရာ-မြတ်စွာဘုရားသည် ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ-ဟု ဟောတော်မူ၏။ ထို ...သော် ကုန္တာ ပစရန္တိ-စသည်၌ ဌာနီဖြစ်သော ကုန္တ၏အမည်ကို ဌာနဖြစ်သော လှံ၌ တင်စားသောအားဖြင့် ကုန္တဟူသကဲ့သို့ ဌာနီဖြစ်သော ရူပ၏အမည်ကို ဌာနဖြစ်သော ဘဝ၌ တင်စားသောအားဖြင့် ရူပဟူ၍ ဆိုအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင် ...ကား ...မရောက်သင့်။ ထိုသို့ ...ကြောင့် ရူပပုဒ်၏ ဤ၌ ဖြစ်သင့်သောအနက်ကိုလည်း ပြဆိုသင့်သေး၏။...မပြဆိုဘဲ မနေသင့်။ ..နေချေသော် ဒေသကဘုရား‌ရှင်အား သဒ္ဒ+အတ္ထဆန့်ကျင်သော ဝိရောဓိ ...၏။ ဤ၌ ဖြစ်သင့်သော ရူပပုဒ်၏ အနက်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) ရူပံ ဝုစ္စတိ ရူပဘာဝေါ-ကို မိန့်။ (ပြည်သျှ-ရှု။)

♦ ဥတ္တရပဒလောပံ ကတွာ ရူပဘဝေါ ရူပန္တိ ဝုတ္တော။ (မူလဋီ၊ ၁၀၀။)

♦ ကိံ ဥပစာရဝသေန ရူပံ ရူပဘဝေါနာမ၊ ဥဒါဟု ဥတ္တရပဒလောပေနာတိ အာဟ "ဥတ္တရပဒလောပ"န္တိ အာဒိ။ (မဏိသာရမဉ္ဇူသာဋီ။)

(တစ်နည်း:) ဋ္ဌပနာတူ၏။ ထို ...သော် ရူပူပပတ္တိယာ၌ ရူပပုဒ်ကို ရုပ္ပတီတိ ရူပံ-ဟု ဝစနတ္ထပြု၍ ရူပအရ ရုပ်ကိုပင် ယူရမည်ဟူသော အနက်သည် ရောက်ရာ၏။ (ပ) ဤ၌ ရူပပုဒ်၏ ဖြစ်သင့်သော ဝ...နတ္ထနှင့် အရကောက်အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ (ပ) စုဒ်ကြောင့် (ခ) ရူပံ ဝုစ္စတိ ရူ...ဘဝေါ-မိန့်။ (မင်းခင်းဂဏ္ဌိ။ ၄၈၅-ရှု။)

(ဂ)သို့ အနုသန္ဓေ

ဤသို့ (ခ)ဖြင့် ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ၌ ရူပဟူသော ပုဒ်တစိတ်၏ အဖွင့်သံဝဏ္ဏနာကို ပြပြီး၍ ယခုအခါ၌ ဥပပတ္တိပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြလို၍ (ဂ)မိန့်။ (ပက္ကန္တရ-ထုံးစံ ပဋ္ဌကတက်)

http://www.dhammadownload.com



(င)သို့ အနုသန္ဓေ

ဤသို့ (ဃ)ဖြင့် မဂ္ဂ ဘာဝေတိ၌ မဂ္ဂပုဒ်၏ အဘိဓေယျတ္ထကို ပြဆိုပြီး၍ ယခုအခါ၌ ယင်းမဂ္ဂပုဒ်၏ ဝစနတ္ထကို ပြလိုသောဆရာသည် (င)မိန့်။ (ပက္ခန္တရထုံးစံအတိုင်း ပဌကတက်)

(စ) ဌပနာဘောဂါဒီဠက

ဆရာ-သည် (ခ)(ဂ)(ဃ)(င)တို့ဖြင့် ရူပူပပတ္တိယာ မဂ္ဂ ဘာဝေတိ-ပုဒ်တို့၏ အဝယဝတ္ထ, ဝက်တ္ထကို ဖွင့်ဆိုတော်မူ၏။ ထို ...သော် ရူပူပပတ္တိယာ မဂ္ဂ ဘာဝေတိ-ဟူသော ပုဒ်တို့၏ (ဝါ) ဝါကျ၏ အဝယဝတ္ထ, ဝက်တ္ထကိုသာ သိရ၍ ဥဇုကတ္ထ, ပိဏ္ဍတ္ထကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထို ...ကြောင့် ...မဆိုသင့်။ ရူပူပပတ္တိယာ မဂ္ဂ ဘာဝေတိ-ဟူသော ပုဒ်တို့၏ (ဝါ) ဝါကျ၏ ဥဇုကတ္ထ, ပိဏ္ဍတ္ထကိုလည်း ပြဆိုသင့်သေး၏။ ...ကား အဘာယ်ပါနည်း။ စုဒ်ကြောင့် (စ)မိန့်။

(၃)

(စ) ဣဒံ ဝုတ္တံ ဟောတိ-ထားရခြင်း

ရူပူပပတ္တိယာ မဂ္ဂဘာဝေတိ-ဟူသောဝါကျ၏ ဥဇုကတ္ထ, ပိဏ္ဍတ္ထစကားကျဉ်းအဓိပ္ပါယ်ကို ပြလို၍ ထားသည်။

(၄)

ရူပူပပတ္တိ-သံဝဏ္ဏနာနှင့်အညီ ဝစနတ္ထ + စတုက္က-

* ရူပ္ပတီတိ ရူပံ။ ဘဝတိ ဧတ္ထာတိ ဘဝေါ။

* ရူပဿ + ဘဝေါ ရူပံ။ (ဥတ္တရပဒလောပသမာသ်)

✔ ရူပ-ပုဒ် + ဘဝ-ပုဒ်သည်ငှင်း၊ ရုပ်၏ + ဖြစ်ရာဘုံဘဝနှင့် ဌာနီ+ဌာနစပ် ...ငှင်း ဗျူ-နီ။

✔ ရူပဘဝတို့၏ ...ဓာတ်သည်(ဝါ) ရူပဘုံသည် ပ-နီ။

* ဥပပဇ္ဇနံ ဥပပတ္တိ။ (ဥ, ပဒ+တိ။ ဖြစ်ခြင်း။)

* ရူပေ(ရူပဘဝေ) + ဥပပတ္တိ ရူပူပပတ္တိ။

✔ ရူပဘုံ၏ + ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းနှင့် ဌာန+ဌာနီစပ် ဗျူ-နီ။

✔ ရူပဘုံ၌ ဖြစ်ခြင်းကြိယာသည် ပ-နီ။

(ဝါ) ရူပဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်တို့၏ ...ဓာတ်သည် ပ-နီ။

♦ ဥပပတ္တီတိ နိဗ္ဗတ္တိ ဓာတိ သဉ္ဇာတိ-ဟူသည် ရူပါဝစရဘုံ၌ ပဋိသန္ဓေနေခြင်းတည်း။ သရုပ်အားဖြင့် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တည်း။ (မင်းခင်းဂဏ္ဌိ။ ၄၈၅။)

"ဝစနတ္ထမှတ်ဖွယ်"

* အာရဘီယတေတိ အာရဒ္ဓံ။(အာ, ရဘ+တ။ ကတမေ ဓမ္မာ ကုသလာ-စသော ဝစီဘေဒသဒ္ဒရာ၏။)

(ဂ) နိဗ္ဗတ္တနံ နိဗ္ဗတ္တိ။ (နိ, ဝတု+တိ။ ဖြစ်ခြင်း။)

* ဓနနံ ဓာတိ။ သဉ္ဇာနနံ သဉ္ဇာတိ။ (သံ, ဇန+တိ။)

(ဃ) * ဥပဂစ္ဆတိ ဧတေနာတိ ဥပါယော။ (ဥပ, အယ+အ။ ကပ်ရောက်ခြင်း။)

(၅)

ဂဝေသတိ-ကား (ဂဝေသ+အ+တိ) ဘူဝါဒိ၊ အ-ကာရန္တ။

(၆)

(ခ) ရူပံ ဝုစ္စတိ ရူပဘဝေါ-ဖြင့် ရူပူပပတ္တိယာ၌ ရူပပုဒ်ကို ဘဝတိ ဧတ္ထာတိ ဘဝေါ၊ ရူပဿ ဘဝေါ ရူပံ-ဟု ဥတ္တရပဒလောပသမာသ်-ပြု၊ ရူပအရ ရုပ်၏ဖြစ်ရာ ရူပဘုံကိုယူ-သိစေ။ (မင်းခင်းဂဏ္ဌိ)

http://www.dhammadownload.com



(တစ်နည်း) ရူပံ ဝုစ္စတိ ရူပဘဝေါ-ဖြင့် (ကုန္တာ ပစရန္တီစသည်၌ ဌာနီဖြစ်သော ကုန္တ၏အမည်ကို ဌာနဖြစ်သော လှူ၌ တင်စားသောအားဖြင့် ကုန္တဟူသကဲ့သို့.) ရူပူပပတ္တိယာ၌ ဌာနီဖြစ်သော ရူပ၏အမည်ကို ဌာနဖြစ်သော ဘဝ၌ တင်စားသောအားဖြင့် ရူပဟူသည် မဟုတ်၊ (ဤကား ဗျတိရိက်အာဘော်) ဘဝဟူသော ဥတ္တရပဒလောပအားဖြင့် ရူပဟူပါသည်ဟု သိစေသည်။

(ဤကား မူလဋီကာ၊ မဓုသာရတ္ထဒီပနီ၊ ကျော်အောင်စံထားဂဏ္ဌိ၊ ပြည်နီသျှတို့နှင့်အညီ အာဘော်ဖြစ်သည်။)

(ဂ) နိဗ္ဗတ္တိ-ဖြင့် ဥပပတ္တိသဒ္ဒါသည် ဤ၌ ယုတ္တိအနက်ကို မဟော၊ ဖြစ်ခြင်းနိဗ္ဗတ္တန အနက်ဟော၏ဟု သိစေပါသည်။ (ဘာဋီ။ ၄၄၉။)

(တစ်နည်း) နိဗ္ဗတ္တိ-ဖြင့် ဥပပတ္တိ၌ ဥပ-ရှေး, ပဒ-ဓာတ်သည် ဥပဂမနအနက်ကို မဟော၊ ဖြစ်ခြင်း နိဗ္ဗတ္တနအနက်ကို ဟော... ၍င်း၊ ဥပ-ဥပသာရ၏ ဓာတွတ္ထဝိသေသက ...၍င်း၊ တိ-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်... ၍င်း၊ ဥပပဇ္ဇနံ ဥပပတ္တိ-ဟု ပြု..၍င်း သိစေသည်။

ဓာတိ-ဖြင့် နိဗ္ဗတ္တိအရ ပဝတ္တိအခါ၌ ဖြစ်ခြင်းကို မယူရ၊ ပဋိသန္ဓေအခါ၌ ဖြစ်ခြင်းကို ယူရမည်ဟု သိစေသည်။ (ဘာဋီ။ ၄၄၉။)

(တစ်နည်း) ဓာတိ-ဖြင့် နိဗ္ဗတ္တိ၌ နိ-ရှေး, ဝတု-ဓာတ်သည် အာဝဋ္ဋန=ချာချာလည်ခြင်း အနက်ကို မဟော၊ ဇနန(ပါတုဘဝန)ဖြစ်ခြင်း(ထင်ရှားဖြစ်ခြင်း)အနက်ဟော... ၍င်း၊ နိ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက... ၍င်း၊ နိဗ္ဗတ္တနံ (ဇနနံ) နိဗ္ဗတ္တိ-ဟု ဘာဝသာဓနပြု...၍င်း သိစေသည်။

သဥ္ဇာတိ-ဖြင့် ဓာတိအရ (ဓောမ္မိ ဓာတိ-စသည်၌ ကဲ့သို့) တစ်ဘဝလုံး(ဘဝဇာတ်တစ်ခုလုံး)ကို မယူရ၊ ပဋိသန္ဓေနေသောအားဖြင့် ဖြစ်ခြင်းကို ယူရမည်ဟု သိစေသည်။ (ဘာဋီ။ ၄၅၁။)

(တစ်နည်း) သဥ္ဇာတိ-ဖြင့် ဓာတိ၌ ဇန-ဓာတ်သည် တခြားအနက်ကို မဟော၊ ဟောမြဲ ပါတုဘဝနအနက်ကိုပင် ဟော၏ဟု သိစေသည်။

(ဃ) ဥပါယော-ဖြင့် ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ-၌ မဂ္ဂသဒ္ဒါသည် အရိယမဂ်ဟူသော အနက်, လမ်းခရီးဟူသော အနက်တို့ကို မဟော၊ အကြောင်းဖြစ်သော ဈာန်ဟူသော အနက်ကို ဟော၏ဟု သိစေ။ (တစ်နည်း) မဂ္ဂံ ဘာဝေတိ-၌ မဂ္ဂအရ အကြောင်းဖြစ်သော ဈာန်ကို ယူရမည်ဟု သိစေသည်။

(င) မဂ္ဂတိ-ဖြင့် မဂ္ဂေါ၌ မဂ္ဂ-ဓာတ်၊ အ-ပစ္စည်း၊ မဂ္ဂတီတိ မဂ္ဂေါ-ဟု ပြု. သိစေသည်။

ဂဝေသတိ-ဖြင့် မဂ္ဂတိ၌ မဂ္ဂ-ဓာတ်သည် ဂဝေသန=ရှာမှီးခြင်းအနက်ကို ဟော၏ဟု သိစေ။

ဓနေတိ နိပ္ဖါဒေတိ-ဖြင့် ဂဝေသတိ=ရှာမှီး၏ဟူသည် ဖြစ်စေခြင်းပင်တည်းဟု သိစေသည်။

တံ ဥပပတ္တိ-ဖြင့် မဂ္ဂတိ=ရှာမှီး၏ဟူသည် ထိုရူပဘုံ၌ ဖြစ်ခြင်းကို ရှာမှီးခြင်းပင်တည်းဟု သိစေ။

(၇)

(ခ) တတ္ထ-ဝယ် တ-သဒ္ဒါကား ရှေး၌ ဆိုခဲ့ပြီး ဒသေတုံ၏ ကရိဏ်း၊ အာရဋ္ဌ၏ကံဖြစ်သော ကတမေ ဓမ္မာ ကုသလာ-စသောပါဠိကို စွဲ... ပဏ္ဍတ္တိဝိသယ။

(င) ဓတ္ထ-၌ ဧတ္ထ-ကား ရှေး၌ ဆိုခဲ့ပြီး မဂ္ဂပုဒ်ကို စွဲ... ပဏ္ဍတ္တိဝိသယ။

တံ ဥပပတ္တိ-၌ တံ-ကား အစွဲတင်းလင်းပါရှိ... ပသိဒ္ဓဝိသယ။

(စ) ယေန-၌ ယ-ကား မဂ္ဂေနဟု အစွဲတင်းလင်းပါရှိ... ပသိဒ္ဓဝိသယ။

တံ မဂ္ဂံ-၌ တံ-လည်း မဂ္ဂံဟု အစွဲတိုက်ရိုက်ပါရှိ... ပသိဒ္ဓဝိသယ။

(ခ) ဘာဝေတီတိ (ဂ) ဥပပတ္တီတိ (ဃ) မဂ္ဂေါတိ-တို့၌ ဣတိ-သဒ္ဒါတို့ကား ပဒတ္ထဝိပလ္လာသတ္ထ။

(င) နိပ္ဖါဒေတိ-၌ ဣတိ-ကား ဝစနဟေတုဓောတက။

http://www.dhammadownload.com



(၈)

(က) အာရဒ္ဓ-၌ အန္တတ္ထ-အရ မြတ်စွာဘုရား၏ ဝီရိယပုဗ္ဗင်္ဂမဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကို ယူ၍-

✔ ထို.....သည် ဒဿနတ္ထ။

✔ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, သဗ္ဗညုတဉာဏ်, သကလဗုဒ္ဓဂုဏ်တို့သည် ဒီပကတ္ထ။

✔ ကတမေ ကုသလာ ဓမ္မာ-အစရှိသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။

✔ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်စသည်သည် ဝိဘာဝတ္ထ။

✔ တရားနာပရိသတ်တို့အား သုတမယဉာဏ်ဖြစ်ခြင်း (ဓမ္မဿဝနကုသိုလ်ဖြစ်ခြင်း)အစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

"ဒဿေတုံ, ဒဿေန္တော, ဒီပေန္တော, ပကာသေန္တော, အာဟ, အာရဒ္ဓ-တို့၌ အန္တတ္ထအရကောက်ပုံ"

♦ ဒဿေတုံ-အာဟ၊ နှစ်ပါးပြမူ၊ ဆန္ဒရှေးရှု၊ ဉာဏ်ကို ယူ။

♦ ဒဿေန္တ, ဒီပေန္တ, ပကာသေန္တ၊ ကျမ်း၌ပြမူ၊ ကရုဏာရှေးရှု၊ ဉာဏ်ကိုယူ။

♦ ဒဿေတုံ-အာရဒ္ဓ၊ တစ်ဇန်ပြမူ၊ ဝီရိယရှေးရှု၊ ဉာဏ်ကိုယူ။ (တွင်းကြီးနိယံ။၅၅၊၅၆၊ ၅၇။)

အာရဒ္ဓ-၌ ဗာဟျတ္ထအရ ကတမေ ကုသလာ-စသော ဒေသနာဝစီဘေဒသဒ္ဒကိုယူ။ (ထုတ်မြဲ)

ရူပါဝစရကုသလ်အရ ရူပါဝစရကုသိုလ်ကို ယူ၍-

✔ ထို... သည် ဒဿနတ္ထ။

✔ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုဟူသော ဥပစာရသမာဓိဇောတို့သည် ဒီပကတ္ထ။

✔ ဈာနသမာပတ္တိသုခသည် ပကာသနတ္ထ။

✔ ပဉ္စာနန္တရိယကံမှကင်းခြင်း, တိဟိတ်ပဋိသန္ဓေနေခဲ့ခြင်း, သဒ္ဓမ္မဿဝနစသည်သည် ဝိဘာဝတ္ထ။

✔ ရူပဘုံ၌ ဖြစ်ရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်- အနုဘာဝတ္ထ။

(ခ) ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ-၌-

ရူပူပပတ္တိယာအရ ရူပပဋိသန္ဓေကို ယူ၍-

✔ ထို..... သည် ဒဿနတ္ထ။

✔ ကာမ, ရူပတိဟိတ်စုတိသည် ဒီပကတ္ထ။

✔ ဘဝင်စသော စိတ်တို့သည် ပကာသနတ္ထ။

✔ ရူပကုသိုလ်ဈာန်သည် ဝိဘာဝတ္ထ။

✔ ရူပဘုံ၌ ဖြစ်သော ချမ်းသာအမျိုးမျိုးကို ခံစားရခြင်းစသည်သည် အနုဘာဝတ္ထ။

မဂ္ဂံ ဘာဝေတိ-၌ မဂ္ဂအရ စေတနာ, စေတနာသမ္ပယုတ္တဓမ္မတို့ကို ယူ၍-

✔ ထို.... သည် ဒဿနတ္ထ။

✔ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့သည် ဒီပကတ္ထ။

✔ ဈာသမာပတ္တိသုခသည် ပကာသနတ္ထ။

✔ ပဉ္စာနန္တရိယကံမှ ကင်းခြင်း, တိဟိတ်ပဋိသန္ဓေနေခြင်းစသည်သည် ဝိဘာဝတ္ထ။

✔ ရူပဘုံ၌ ပဋိသန္ဓေနေရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင် ...သည် အနုဘာဝတ္ထ။

မှတ်ချက်။ ။ အတ္ထတော စာယံ မဂ္ဂေါ နာမ စေတနာပိ ဟောတိ စေတနာယ သမ္ပယုတ္တဓမ္မာပိ တဒုဘယမ္ပိ။ (ဋ္ဌ။ ၂၀၇။)ကို ထောက်၍ ဒဿနတ္ထထုတ်သည်။

(၉)

မဂ္ဂံ ဘာဝေတိ-၌ မဂ္ဂ-အရ စေတနာကို ယူ၍ လက္ခဏာဒိစတုက္ကထုတ်။

http://www.dhammadownload.com



(၁၀)

(က) ရူပါဝစရကုသလံ + ဒသေတုံ–၌

✔ ရူပါဝစရကုသလံ–အရ ရူပါဝစရကုသိုလ်သည်–

ဒသေတုံ–အရ (ဝါ) ဒသေတုံ–၌ ဟေတုကတ္တုရှအရ (ဝါ) ဏေ–ပစ္စည်းအရ ဒေသနာညာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု

ပြိုင်။ ။ အာ, မိ, ဥ။ (၃)ပစ္စည်း။

ဒသေတုံ + အာရဒ္ဓံ–၌–

✔ ဒသေတုံ–အရ ရူပါဝစရကုသိုလ်ကို ဟောပြလိုသော ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည်–

အာရဒ္ဓံ–၌ အာ, ရဘ–ဓာတ်အရ ဟောတုန်း, ဟောဆဲခဏာ၌ဖြစ်သော ဝီရိယပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား ပကတူပတစ်မျိုးဖြင့်သာ ကျေးဇူးပြုသည်။

ကတမေ ဓမ္မာ ကုသလာတိ အာဒိ + အာရဒ္ဓံ–၌–

✔ အာရဒ္ဓံ–၌ အာ, ရဘ–ဓာတ်အရ ဝီရိယပြဋ္ဌာန်းသော ဒေသနာဉာဏ်စိတ္တုပ္ပါဒ်သည်–

ကတမေ ဓမ္မာ ကုသလာတိ အာဒိ–အရ (ဝါ) အာရဒ္ဓံ–၌ တ–ပစ္စည်းအရ ကတမေ ဓမ္မာ ကုသလာ–စသော ဝစီဘေဒသဒ္ဒအား သဟဇာတ–ပြု။

ပြိုင်။ ။ သဟကြီး ၄၊ ဝိပ္ပ၊ ဟေ, မိ, ဣံ, မဂ်။ (၉)

(တစ်နည်း) ကတမေ ဓမ္မာ ကုသလာတိ အာဒိ–အရ (ဝါ) အာရဒ္ဓံ–၌ တ–ပစ္စည်းအရ ကတမေ ဓမ္မာ ကုသလာ–စသော ဒေသေတဗ္ဗဓမ္မာရုံပစ္စည်းတရားသည်–

အာ, ရဘ–ဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မဏ–ပြု။

ပြိုင်။ ။ အာ, မိ, ဥ။ (၃)

(ခ) ရူပူပပတ္တိယာ + မဂ္ဂံ + ဘာဝေတိ–၌–

✔ မဂ္ဂံ–အရ ရူပကုသိုလ်စေတနာသည်–

ရူပူပပတ္တိယာ–အရ ရူပဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်အား နာနက္ခဏိကကမ္မ–ပြု။

ပြိုင်။ ။ နာနက္ခဏိကကမ္မ, ပကတူပ။ (၂)

(တစ်နည်း) မဂ္ဂံ–အရ စေတနာသမ္ပယုတ္တဓမ္မသည်–

ရူပူပပတ္တိယာ–အရ ရူပဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်အား ပကတူပ–ပြု။ပြိုင်။ ။ မရှိ။

မဂ္ဂံ + ဘာဝေတိ–၌–

✔ ဘာဝေတိ–အရ ဈာန်ရအောင်ပွားများဆဲဖြစ်သော (ဈာနဝီထိ၌ ပါသော)ကုသိုလ်, ကြိယာ, ဂေါတြဘု, ဝေါဒါန်သည်–

မဂ္ဂံ–အရ ဈာနကုသိုလ်, ကြိယာစေတနာသမ္ပယုတ္တဓမ္မအား အနန္တရ–ပြု။

ပြိုင်။ ။ အနန္တရ, သမနန္တရ, ဥပ, အာသေ, နတ္ထိ, ဝိဂတ။ (၆)

(တစ်နည်း) ဘာဝေ ိ–အရ ဈာနဝီထိမကျမီဖြစ်သော မဟာကုသိုလ်, ကြိယာစိတ္တုပ္ပါဒ်သည်–

မဂ္ဂံ–အရ ဈာနစေတနာ, ဈာနစေတနာသမ္ပယုတ္တဓမ္မအား ပကတူပ–ပြု။

==========

http://www.dhammadownload.com



## ဝါကျဥယျာဉ်(၁၉၄)

(က) ကိံ ပနေတေန နိယမတော ရူပဘဝေ ဥပပတ္တိ ဟောတီတိ?

(ခ) န ဟောတိ။

(ဂ) "သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ယထာဘူတံ ပဇာနာတိ ပဿတီ"တိ ဇဝံ ဝုတ္တေန ဟိ နိဗ္ဗေဓဘာဂိယေန ရူပဘဝါတိက္ကမောပိ ဟောတိ၊

(ဃ) ရူပူပပတ္တိယာ ပန ဣတော အညော မဂ္ဂေါ နာမ နတ္ထိ။

(င) တေန ဝုတ္တံ "ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတီ"တိ။

ဋ္ဌ။ ၂၀၇။ မူလဋီ။ ၁၀၀။ ယောဇနာ။ ၁၁၇။ ပြည်သျှ၊ ၂။ ၂၂၅။ ဘာဋီ၊ ၂။ ၄၅၀။ မင်းခင်းဂဏ္ဌိ။ ၄၈၅။

(၁)

(က) ဧတေန မဂ္ဂေန–ထိုဈာန်ဟူသော အကြောင်းဖြင့်။

(ဂ) ဟိ(သစ္စံ)မှန်၏။ ဘိက္ခဝေ–တို့။ သမာဓိံ–ကို။ ဘာဝေထ–ပွားစေကြကုန်လော့။ သမာဟိတော–ည်ကြည်သောသူသည်။ (ဝါ) သမာဓိ–ဖြင့် အညီအညွတ်ကောင်းစွာ အာရုံ၌ ထားအပ်သော စိတ်ရှိသော ူသည်။ ယထာဘူတံ။ ပဇာနာတိ–သိ၏။ ပဿတိ–၏။ ဣတိ ဇဝံ–သို့။ ဝုတ္တေန–သော။ နိဗ္ဗေဓဘာဂိယေန– ပဘဝကို ဖောက်ခွဲဖျက်ဆီးခြင်းအဖို့၌ ဖြစ်သော။ မဂ္ဂေန– ဈာန်ဟုဆိုအပ်သော အကြောင်းဖြင့်။ ပဘဝါတိက္ကမောပိ–ရူပဘဝကို လွန်မြောက်ခြင်းသည်လည်း။ ဟောတိ။ (ပြည်သျှ။ ၂၂၅။)

◆ နိဗ္ဗေဓဘာဂိယေနာတိ ရူပဘဝဿ နိဗ္ဗိန္ဒနဘာဂေ ပဝတ္တဈာနေန။ (ယောဇနာ။ ၁၁၇။)

(တစ်နည်း) (ကသ္မာ–ကြောင့်။ န ဟောတိ–နည်း။) ဟိ(ယသ္မာ)–ကြောင့်။ (ပ) နိဗ္ဗေဓ ဘာဂိယေန–ရူပဘဝကို ဖောက်ခွဲခြင်းအဖို့၌ဖြစ်သော။ (ဝါ) လောဘ, ဒေါသ, မောဟ အတုံးအခဲကို ဖာက်ခွဲခြင်းအဖို့၌ဖြစ်သော။ (မဂ္ဂေန–ဖြင့်) ရူပဘဝါတိက္ကမောပိ–သည်လည်း။ ဟောတိ–၏။ တသ္မာ–ကြောင့်။ ဧတေန။ နိယမတော။ ရူပဘဝဿ။ ဥပပတ္တိ။ န ဟောတိ။) (ဘာသာဋီအလို)

ခမှာ။ ။ မင်းခင်းဂဏ္ဌိ၌ နိဗ္ဗေဓဘာဂိယေန–ကိလေသာကို ဖောက်ခွဲခြင်းအဖို့ရှိသော ဝိပဿနာဉာဏ်ဖြင့်ဟု အနက်ပေးသည်။

(ဃ) ပန–ထိုသို့နိယမအားဖြင့် ရူပဘုံ၌ဖြစ်ခြင်း၏ အကြောင်းမဟုတ်သော်လည်း။ (ပြည်သျှ)

(တစ်နည်း) ပန–ထိုသို့ပင် အကြောင်းဖြစ်သော ဈာန်ကြောင့် အမြဲအားဖြင့် ရူပဘုံ၌ ပဋိသန္ဓေ ခနေရခြင်း မဖြစ်နိုင်သော်လည်း။ (ဘာသာဋီကာ)

(၂)

### (ဂ)သို့ ဋ္ဌပနာဘောဂါဒိ

ဆရာ–သည် (ခ)ဖြင့် ဈာန်ဟူသော အကြောင်းကြောင့် အမြဲအားဖြင့် ရူပဘုံ၌ မဖြစ်ဟု ဆို၏။ ထိုသို့ ...သော် ဆရာ့စကားသည် ယုတ္တိကင်းပဒဋ္ဌိယမျှသာဖြစ်၍ လှုပ်ရှားမခိုင် ယိုင်သည် မဟုတ်ပါလော။ (တစ်နည်း) ဆရာ့စကားသည် သကဝစနမျှသာဖြစ်၍ ပရဝစနနှင့်ကင်း၍ မယုံကြည်အပ်, မယုံကြည်နိုင်ရာသည် မဟုတ်ပါလော–စသည် ဒဋ္ဌိထုံးစံ အတိုင်းတက်။

### (ဃ) ဋ္ဌပနာဘောဂါဒိ

ဆရာ–သည် (ခ)ဖြင့် ဈာန်ဟူသော အကြောင်းကြောင့် အမြဲအားဖြင့် ရူပဘုံ၌ မဖြစ်ဟု ဆို၏။ ထိုသို့သာ ဆိုချေသော် (ဝါ) ထိုသို့နိယမအားဖြင့် ရူပဘုံ၌ ဖြစ်ခြင်း၏ အကြောင်းမဟုတ်လသော် ပါဠိတော်၌ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ–ဟူ၍ မဟောအပ်, မဟောသင့်သည် မဟုတ်ပါလော။ ထို ...ကြောင့် မဆိုသင့်။ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ–ဟု ဟောတော်မူရခြင်း၏ သဘာဝ အကြောင်းကိုလည်း ပြဆိုသင့်သေး၏ (ပ) (ဃ)မိန့်။

http://www.dhammadownload.com



(၃)

(င) တေန ဝုတ္တံ-ထားရခြင်း

ရူပဘုံ၌ ဖြစ်ဖို့အတွက် ဤဈာန်မှတပါးသော အကြောင်းမရှိဟုဆိုသဖြင့် ရအပ်သေ အကျိုးဂုဏ်ကို ပြလို၍ (င)၌ တေန ဝုတ္တံ-သဒ္ဒါထားသည်။

(ဃ)ဖြင့် ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ-ဟု ဟောတော်မူရခြင်း၏ သဘာဝအကြောင်းင ပြသောကြောင့် အကျိုး+အကြောင်းဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်သည်။

(၄)

* နိဗ္ဗေဓနံ နိဗ္ဗေဓော။ နိဗ္ဗိဇ္ဈနံ ဝါ နိဗ္ဗေဓော။ (နိ, ဝိဓ+ဏ။ ဖောက်ခွဲဖျက်ဆီးခြင်း။)
* ဘဇီယတေ သေဝီယတေတိ ဘာဂေါ။ (ဘဇ+ဏ။)
* နိဗ္ဗေဓော + ဘာဂေါ နိဗ္ဗေဓဘာဂေါ။ နိဗ္ဗေဓဘာဂေ + ပဝတ္တော နိဗ္ဗေဓဘာဂိယော
✔ နိဗ္ဗေဓဘာဂ-ပုဒ်+ဣယ-ပစ္စည်းသည်ငင်း၊ ရူပဘဝကို ဖောက်ခွဲဖျက်ဆီးခြင်းအဖို့၏ ဈာန်ဟု ဆိုအပ်သော အကြောင်းနှင့် ဌာန+ဌာနီ, နိဿယ+နိဿိတစပ်-ငင်း ဗျု-နိ
✔ နိဗ္ဗေဓဘာဂိယဟုဆိုအပ်သော ဈာန်တရားတို့၏ ....ဇာတ်သည် ပ-နိ။

"ဝစနတ္ထမှတ်ဖွယ်"

(ဂ) အာရမ္မဏေ စိတ္တံ သမ္မာ အာဓိယတိ ဌပေတီတိ သမာဓိ။ (ဌ။ ၁၆၅။)
* သမ္မာ အာဓိယတိ ဌပီယတီတိ သမာဟိတံ။ (သံ, အာ, ဓာ+တ။)
* သမာဟိတံ အဿ အတ္ထီတိ သမာဟိတော။
✔ သမာဟိတ-ပုဒ်+အ-သည်ငင်း၊ ကောင်းစွာအာရုံ၌ ထားအပ်သော စိတ်၏ + ယင်းစိတ် သူနှင့် ဌာနီ+ဌာနစပ်-ငင်း ဗျု-နိ။
✔ ကောင်းစွာ အာရုံ၌ ထားအပ်သော စိတ်သည် ပ-နိ။

(၅)

| | | |
|---|---|---|
| (ဂ) | ယထာဘူတံ-ကား | သမာသ်နာမ်ပုဒ်၊ နပုံ၊ စိတ္တာဒိ၊ အ-ကာရန္တ။ |
| | (ဘူတဿ အနုရူပံ ယထာဘူတံ-ဟုပြု) | |
| | သမာဓိ-ကား | ကိတ်နာမ်ပုဒ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣ-ကာရန္တ။ |
| (ဃ) | ဣတော-ကား | နိပါတ်ပုဒ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဩ-ကာရန္တ။ |
| | အညော-ကား | သဗ္ဗနာမ်၊ ပုံလိင်၊ ပုရိသာဒိ (သဗ္ဗနာမ်ဂိုဏ်း)၊ အ-ကာရန္တ။ |
| | နတ္ထိ-ကား | နိပါတ်၊ အလိင်၊ ဂဏာဝိမုတ်၊ ဣ-ကာရန္တ။ |

(၇)

(က) ပန-ကား ပက္ခန္တရတ္ထ။ ဣတိ-ကား နိဒဿနတ္ထ။

(ဂ) ဟိ-ကား ဒဠှီကရဏတ္ထ။ (တစ်နည်း) ကာရဏတ္ထ။

ရူပဘဝါတိက္ကမောဝိ-၌ ဝိ-ကား သမ္ဘာဝနတ္ထ, သမုစ္စယတ္ထ။

ဝိ-သဒ္ဒါဖြင့် "သက်သက် ဤဈာန်ဟုဆိုအပ်သော အကြောင်းဖြင့် ရူပဘုံ(ရူပဘဝ)၌ ဖြစ်ခြင်းသည်သ ဖြစ်သည်မဟုတ်သေး။ စင်စစ်သော်ကား လွန်မြောက်ခြင်းသည်လည်း ဖြစ်သည်" ဟု ပေါင်းသည်။

ယထာဘူတံ-၌ ယထာ-ကား အနုရူပတ္ထ။

(ဃ). ပန-ကား သမ္ဘာဝနတ္ထ။

http://www.dhammadownload.com



(၈)

(ဂ) သမာဟိတော ယထာဘူတံ ပဇာနာတိ–၌ ဖြစ်သင့်သော တရားကား– အရိယမဂ်ဉာဏ်တည်း။

✔ ထိုအရိယမဂ်ဉာဏ်သည် ဒဿနမ္ဘ။

✔ နိဗ္ဗေဓဘာဂိယဈာန်, ဝိပဿနာဉာဏ်တို့သည် ဒီပကတ္တ။

✔ မဂ္ဂါနန္တရဖိုလ်ဉာဏ်သည် ပကာသနတ္တ။

✔ စတုစက္ကသမ္ပတ္တိစသည်သည် ဝိဘာဝတ္တ။

✔ ပစ္စဝေက္ခဏာဉာဏ်, ဖလသမာပတ္တိသုခ, အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်... အနုဘာဝတ္တ။

အမှာ။ ။ သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ၊ ကိဉ္စ ယထာဘူတံ ပဇာနာတိ၊ ရူပဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ (ပ) ဝိညာဏဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ–ဟူသော သံယုတ် ပါဠိတော် သမာဓိသုတ် (သံ၊၂။၁၂။)ကို ထောက်၍ ဤနေရာ၌ သစ္စာ (၄)ပါးသိခြင်းကိုပင် ယထာဘူတံ ပဇာနာတိဟု ဆိုထားသည်။ ထို့ကြောင့် ယထာဘူတံ ပဇာနာတိ–အရ အရိယမဂ်ဉာဏ်ကို ယူ၍ ထုတ်သည်။

(၉)

အဓိပ္ပါယ်။ ။ ဈာန်သည် မဂ်မဟုတ်ပါဘဲလျက် ပါဠိတော်၌ "ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ"ဟု ဟောတော်မူအပ်သော မဂ္ဂသဒ္ဒါသည် "ရူပဘုံ၌ ဖြစ်ဖို့ရန် (ရူပဘုံသို့ ရောက်ဖို့ရန်) ဈာန်မှတပါး အခြားအကြောင်း မဂ္ဂမရှိ"ဟု တားမြစ်ရခြင်းအကျိုးရှိ၏။ (ဘာသာဋီကာ၊ ၂။ ၆၉၂။)

♦ ဈာနသ အမဂ္ဂဘာဝေပိ သတိ မဂ္ဂဝစနံ အညမဂ္ဂဘာဝနိဝါရဏတ္ထံ။ (မူလဋီကာ။ ၁၀၀။)

(ဃ) ဣတော အညော မဂ္ဂေါ နတ္ထိ–ဖြင့် ပြအပ်သော အဓိပ္ပာယ်

ဣတော အညော မဂ္ဂေါ နတ္ထိ–ဟူသော စကားဖြင့် ကာမာဝစရ, အရူပါဝစရဟူသော အခြားဘုံ၌ဖြစ်သော တရားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော (ထိုတရားမျိုးမဟုတ်သော) အဝိဇ္ဇာ, တဏှာဟူသော အကြောင်းရှိသေးလျှင် ရူပဘုံ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော သဘောသတ္တိရှိသော အကြောင်းတစ်စုံတစ်ရာကြောင့် ရူပဘုံ၌ မဖြစ်စေနိုင်။ အကြောင်းညီသောကြောင့် ရူပဘုံ၌ ဖြစ်စေနိုင်, ရူပဘုံကို လွန်မြောက်စေနိုင်သော ဈာန်အားလုံးနှင့်တူသော အကြောင်းသဘောကို မဂ္ဂသဒ္ဒါဖြင့် ဆိုအပ်သည်ဟူသော အနက်အဓိပ္ပာယ်ကို ပြသည်။ (ဘာသာဋီကာ၊ ၂။ ၆၉၃။ မူလဋီကာ။ ၁၀၀။)

(၁၀)

(ဂ) သမာဟိတော + ပဇာနာတိ–၌–

✔ သမာဟိတော–အရ (၁)ပါး, (၃)ပါး, (၂)ပါးသော မဂ်စိတ္တုပ္ပါဒ်နာမက္ခန္ဓာပစ္စည်းတရားသည်– ပဇာနာတိ–အရ (၃)ပါး,(၁)ပါး,(၂)ပါးသော မဂ်စိတ္တုပ္ပါဒ်နာမက္ခန္ဓာပစ္စယုပ္ပန်အားသဟ–ပြု။

ပြိုင်။ ။ သဟကြီး ၄၊ အညႈ, သမ္ပ။ (၆)ပစ္စည်း။

==============

## ဝါကျဥယျာဉ် (၁၉၅)

(က) အတ္ထတော စာယံ မဂ္ဂေါ နာမ စေတနာပိ ဟောတိ စေတနာယ သမ္ပယုတ္တဓမ္မာပိ တဒုဘယမ္ပိ။

(ခ) "နိရယဉ္စာဟံ သာရိပုတ္တ ပဇာနာမိ၊ နိရယဂါမိဉ္စ မဂ္ဂ"န္တိ ဟိ ဧတ္ထ စေတနာ မဂ္ဂေါ နာမ။

(ဂ) "သဒ္ဓါ ဟိရိယံ ကုသလဉ္စ ဒါနံ၊ ဓမ္မာ ဧတေ သပ္ပုရိသာနုယာတာ။
ဧတံ ဟိ မဂ္ဂံ ဒိဝိယံ ဝဒန္တိ၊ ဧတေန ဟိ ဂစ္ဆတိ ဒေဝလောက"န္တိ။ ဧတ္ထ စေတနာ သမ္ပယုတ္တဓမ္မာ မဂ္ဂေါ နာမ။

http://www.dhammadownload.com .



(ဃ) "အယံ ဘိက္ခဝေ မဂ္ဂေါ၊ အယံ ပဋိပဒါ"တိ သခ်ါရုပပဗ္ဗတ္တိသုတ္တာဒီသု စေတနာပိ စေတနာသမ္ပယုတ္တာဓမ္မာပိ မဂ္ဂေါ နာမ။

(င) ဣဓမသ္မိံ ပန ဌာနေ "ဈာန"န္တိ ဝစနတော စေတနာသမ္ပယုတ္တာ အဓိပ္ပေတာ။

(စ) ယသ္မာ ပန ဈာနစေတနာ ပဋိသန္ဓိံ အာကဍ္ဎတိ၊ တသ္မာ စေတနာပိ စေတနာသမ္ပယုတ္တာဓမ္မာပိ ဝဋ္ဋန္တိယေဝ။

(ဆ) ဘာဝေတီတိ ဇနေတိ ဥပ္ပါဒေတိ ဝဍ္ဎေတိ။

ဋ္ဌ။ ၂၀၇။ မူလဋီ။ ၁၀၀။ ယောဇနာ။ ၁၁၇။ ပြည်သျှ၂၂။၂၂၆။ ဘာဋီ၂။ ၄၅၁။ ကျော်စံဂဏ္ဌိ။ ၃၅၂။ မင်းခင်းဂဏ္ဌိ။ ၄၈၆။

(၁)

(ဂ)ကို ဂါထာအပရဒ္ဓ–၌ ဝါကျပရိဝတ္တနနည်းဖြင့် အနက်–

သဒ္ဒါ စ–သည်၎င်း၊ ဟိရိယဋ္ဌ–ရှက်ခြင်းသည်၎င်း။ ("ဟိရိဓော ဟိရိယံ" သွတ္တဋ္ဌ ဣယ–သက်) (တစ်နည်း) ရှက်ခြင်းရှိသူ၏ အဖြစ်သည်၎င်း။ (ဟိရိနော ဘာဝေါ ဟိရိယံ။ ယောဇနာ) ကုသလ–အပြစ်မရှိသော။ (ဝါ) ကောင်းကျိုးကို ပေးခြင်းလက္ခဏာရှိသော။ (ဝါ) ကုသိုလ်ဟု ဆိုအပ်သော။ ဒါနဥ္စ–ပေးလှူကြောင်း အလောဘသည်၎င်း။ (ဝါ) ပေးလှူကြောင်း ဒါနစေတနာသည်၎င်း။ ဧတေ ဓမ္မာ–ထို...သည်။ သပ္ပုရိသာနုယာတာ–သူတော်ကောင်းသို့ အစဉ်လိုက်တတ်ကုန်၏။ (ဝါ) သူတော်ကောင်းတို့သည် အစဉ်လိုက်အပ်ကုန်၏။ ဟိ(သစ္စံ)–မှန်၏။ တေ–ဤသဒ္ဓါ၊ ဟိရီ၊ ကုသလဒါန ဟူသော တရားအပေါင်းကို။ ဒိဗိယံ–နတ်ပြည်သို့ ရောက်စေတတ်သော။ မဂ္ဂံ–အကြောင်းဟူ၍။ ဝဒန္တိ–ဟောတော်မူကြကုန်၏။ (ကသ္မာ။ ဒိဗိယံ။ မဂ္ဂံ။ ဝဒန္တိ?) ဟိ (ယသ္မာ)–ကြောင့်။ ဧတေန–ဤသဒ္ဓါ၊ ဟိရီ၊ ကုသလဒါနဟူသော တရားအပေါင်းဖြင့်။ (ဇနော–လူအပေါင်းသည်။) ဒေဝလောကံ–သို့။ ဂစ္ဆတိ–ရောက်ရ၏။ (တသ္မာ။ ဒိဗိယံ။ မဂ္ဂံ။ ဝဒန္တိ။) (ဘာဋီ၂။ ၄၅၁။)

♦ ကုသလံ ဒါနန္တိ အလောဘော ဒဏ္ဍမ္ဘော၊ အထဝါ စေတနာ ဒါနံ။ (မူလဋီကာ)

(စ)ကို ထည့်ပေါင်း၍နှင့်တကွ

ပန–ထိုသို့ စေတနာသမ္ပယုတ္တဓမ္မတို့ကို လိုအပ်၏ဟု ရှေးဆရာတို့ဆိုသော်လည်း။ ယသ္မာ–ကြောင့်။ ဈာနစေတနာ–ဈာန်နှင့်ယှဉ်သော စေတနာသည်။ ပဋိသန္ဓိံ–ကို။ အကဍ္ဎတိ–၏။ တသ္မာ–ကြောင့်။ စေတနာပိ–သည် ၎င်း။ စေတနာသမ္ပယုတ္တာဓမ္မာပိ–တို့သည်၎င်း။ (မဂ္ဂဘာဝတော–ရှုပဘုံ၌ ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ကြောင့်။ ဈာနဝစနေန–ဈာနသဒ္ဒါဖြင့်။ သင်္ဂဟေတွာ–ပေါင်းယူ၍။ မဂ္ဂေါတိ–ဟူ၍။ ဝတ္တုံ–ငှါ။) ဝဋ္ဋန္တိယေဝ–သင့်ကုန်သည်သာတည်း။ (ပြည်သျှ)

♦ ဝဋ္ဋန္တီတိ မဂ္ဂဘာဝတော ဈာနဝစနေန သင်္ဂဟေတွာ မဂ္ဂေါတိ ဝတ္တုံ ဝဋ္ဋန္တီတိ အတ္ထော။ (မူလဋီ။၁၀၀။)

(၂)

(က)ဖြင့် မဂ္ဂ၏သရုပ်အတ္တဒ္ဓါရကို အကျဉ်းပြသည်။

(ခ)(ဂ)(ဃ)တို့ဖြင့် မဂ္ဂ၏ သရုပ်အတ္တဒ္ဓါရကို အာဂုမ်သာဓကပါဠိများနှင့်တကွ အကျယ်ပြသည်။

(ခ) သို့ ဌပနာဘောဂါဒိ

ဆရာ–သည် (က)ဖြင့် စေတနာသည်၎င်း၊ စေတနာသမ္ပယုတ္တဓမ္မတို့သည်၎င်း၊ တဒုဘယသည်၎င်း မဂ္ဂမည်၏ဟု (မဂ္ဂ၏ သရုပ်အတ္တဒ္ဓါရကို အကျဉ်းအားဖြင့်) ပြဆိုတော်မူ၏။ ထိုသို့ ...သော် ဆရာ့စကားသည် အကျိုးသခေ်ပဂုဥ္တမျှသာ ဖြစ်ရကား (ဤမည်သော ပါဠိ၌ မဂ္ဂအရ စေတနာကို၊ ဤမည်သော ပါဠိ၌ မဂ္ဂအရ စေတနာသမ္ပယုတ္တဓမ္မကို၊ ဤမည်သော ပါဠိ၌ မဂ္ဂအရ တဒုဘယကို ယူရမည်ဟု) ခွဲခြားဝေဘန်၍ အကျယ်မသိနိုင်ရာသည် မဟုတ်ပါလော။(ပ)မဂ္ဂသဒ္ဒါ၏ သရုပ်အတ္တဒ္ဓါရကို အကျယ်အားဖြင့်လည်း ပြဆိုသင့်သေး၏။ –ကား အဘယ်ပါနည်း။·စုဒ်ကြောင့် (ခ)မိန့်။

http://www.dhammadownload.com



## (ဂ)ဝါကျ တတိယပါဒသို့ ဥပနာဘောဂါဒီ

ဆရာ–မြတ်စွာဘုရားသည် (ဂ)ဝါကျ သဒ္ဓါ ဟိရိယံ–စသော ရှေ့ပါဒဖြင့် သဒ္ဓါ, ဟိရီ ကုသလဒါန တရားတို့သည် သပ္ပုရိသာနယာတတရားများဖြစ်ကုန်၏ဟု ပြဆို၏။ ထို ...သော် သတိ, ဝီရိယ, သမာဓိစသော တရားတို့သည်လည်း သပ္ပုရိသာနယာတတရားများဖြစ်ကြကုန်သည် မဟုတ်ပါလော။ ထိုသို့ ...ကြောင့် –မဆိုသင့်။ ယင်းတရားသုံးပါးကို သပ္ပုရိသာနယာတဟူ၍ ဆိုရာ၌ အသင့်ယုတ္တိကိုလည်း ပြဆိုသင့်သေး၏။ ....ကား အဘာယ်ပါနည်း။ စုဒ်ကြောင့် ဧတံ ဟိ မဂ္ဂံ–စသည်ကို မိန့်။

## (င)သို့ ပါပနာဒိပဉ္စက

ဆရာ–သည် (က)(ခ)(ဂ)(ဃ)တို့ဖြင့် မဂ္ဂ၏ သရုပ်အတ္ထုဒ္ဓါရကို အကျဉ်းအားဖြင့်၎င်း, အကျယ် အားဖြင့်၎င်း ဖွင့်ပြဆိုတော်မူ၏။ ထို ....သော် ဤရူပါဝစရကုသိုလ်အရာ၌လည်း မဂ္ဂအရ စေတနာ, စေတနာ သမ္ပယုတ္တဓမ္မ, တဒုဘယသုံးမျိုးလုံးကိုပင် ယူအပ်၏, လိုအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်ကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ ...ကြောင့် ဤရူပါဝစရကုသိုလ်အရာ၌ မဂ္ဂအရ ယူအပ်, လိုအပ်သော တရားကိုလည်း တိကျစွာ ပြဆိုသင့်သေး၏။ (ပ) အတိဗျာပိတ–တင်။ စုဒ်ကြောင့် (င)မိန့်။

♦ အတ္ထုဒ္ဓေသ၊ ဝိသေသ၊ တင်ကြ တိဗျာပင်။

## (စ) ပါပနာဒိပဉ္စက

ဆရာ–သည် (င)ဖြင့် ဤရူပါဝစရကုသိုလ်အရာ၌ ဈာန်ဟု ဟောတော်မူခြင်းကြောင့် စေတနာသမ္ပယုတ္တဓမ္မကို မဂ္ဂအရ အလိုရှိအပ်၏ဟု ဆိုတော်မူ၏။ ထို... သော် မဂ္ဂအရ စေတနာ သမ္ပယုတ္တဓမ္မကိုသာ အလိုရှိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်ကား ... မရောက်သင့်။ ထိုသို့... ကြောင့် မဂ္ဂအရ ယူသင့်, ယူထိုက်သော တစ်ပါးသော တရားတို့ကိုလည်း အကြောင်းနှင့်တကွ ပြဆိုသင့်သေး၏။(ပ) အဗျာပိတ, အပရိပုဏ္ဏ–တင်။ စုဒ်ကြောင့် (စ)မိန့်။

## (၃)

(ခ)(ဂ)(ဃ)တို့ကား ဝိတ္ထာရ, တပ္ပါကဋ္ဌိ, ဒဋ္ဌိ။ ဝိရောဓိ, ပုနရုတ္တိဒေါသတို့ကို ပယ်သည်။

♦ အတ္ထုဒ္ဓါရ၊ ပြသည့်နောက်တွင်၊ ဟိကို မြင်၊ ချဲ့, ထင်, ဒဋ္ဌိ–ရွဲ။

ထိုတွင် (ဂ) ပက္ခန္တရ။ (ဃ) ပက္ခန္တရ။ အဗျာပိတ–ပယ်။

## (င)ပါကျ၌ အဓိပ္ပေတာ–သဒ္ဓါ ထားရခြင်း

"အဓိပ္ပေတံ၊ နည်းတူကြ၊ လုရန် စကားမှာ" (ဓွေ။ ၃၁၉။)နှင့်အညီ ဆိုခဲ့ပြီး ဝါကျများဖြင့် မဂ္ဂ–အရ စေတနာ, စေတနာသမ္ပယုတ္တဓမ္မ, တဒုဘယ (၃)မျိုးလုံးကို အရကောက်နိုင်သည်ဟု သာမည ဆိုထားသော်လည်း ဤရူပါဝစရကုသိုလ်အရာ၌ (ဈာန်ဟု ဘုရားရှင်ဟောတော်မူသောကြောင့်) မဂ္ဂအရ စေတနာ သမ္ပယုတ္တဓမ္မကိုသာ ယူရမည်ဟု ဝိသေသအားဖြင့် စကားလုံ၍ ပြဆိုသောအရာဖြစ်သောကြောင့် ထားသည်။

## (၄)

(ဂ) ဒိဗ္ဗန္တိ ဧတ္ထာတိ ဒိဝေါ။ (ဒိဝု+အ။)

* ဒိဝံ ဂမေတီတိ ဒိဝိယော။ (ယောဇနာ)

✔ ဒိဝ–ပုဒ်+ဣယ–သည်၎င်း၊ နတ်ပြည်၏ + လားစေတတ်, ရောက်စေတတ်သော သဒ္ဓါ, ဟိရီ, ကုသလဒါနတရားတို့နှင့် အကျိုး+အကြောင်း, ဇနက+ဇည, ဌာန+ဌာနီစပ်–၎င်း ဗျု–နိ်။

✔ နတ်ပြည်သို့ လားစေတတ်, ရောက်စေတတ်သော သဒ္ဓါ, ဟိရီ, ကုသလဒါနတရားတို့၏ တစ်ခုသည် ....ဓာတ်သည် ပ–နိ။

http://www.dhammadownload.com



"ဝစနတ္ထမှတ်ဖွယ်"

(ခ) အယတော သုခတော နိဂ္ဂတောတိ နိရယော။ (ဋီကာကျော်။ ၁၆၁။)

(နိ+အယ။ ချမ်းသာသုခ၏ + ကင်းသောအရပ် (ငရဲဘုံ)နှင့် အပါဒါန်+အပါဒီစပ်။)

* ဂမေတီတိ ဂါမီ။ ဂစ္ဆတိ ဓာတေနာတိ ဝါ ဂါမီ။

* နိရယံ + ဂါမီ နိရယဂါမိ။ (ငရဲသို့ ရောက်ကြောင်း စေတနာ။)

(ဂ) ကာယဒုစ္စရိတာဒီဟိ ဟိရိယတီတိ ဟိရီ။ လဇ္ဇာယေတံ အဓိဝစနံ။ (ဌ။ ၁၆၈။)

* ဟိရီဧဝ ဟိရိယံ။ (သွတ္တ–၌ ဏျယ–ပစ္စည်း။) (ဘာဋီ)

(တစ်နည်း) ဟိရိယတီတိ ဟိရီ။ ဟိရီနော + ဘာဝေါ ဟိရိယံ။ (ယောဇနာ။ ၁၁၇။)

✔ ဟိရီ+ဏျယ–သည်ရင်း၊ ရှက်တတ်သော ပုဂ္ဂိုလ်၏ (ဝါ) စိတ်၏ + ဟိရီစေတသိက်နှင့် ဂုဏေး+ဂုဏ် စပ်–ရင်း ဈူ–နိ။

✔ ရှက်တတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပ–နိ။

* ဒီယတိ ဓာတေနာတိ ဒါနံ။ (ဒါ+ယု။ ပေးလှူကြောင်း အလောဘ။ (တစ်နည်း) ဒါနစေတနာ–ရ၏။)

♦ ကုသလံ ဒါနန္တိ အလောဘော ဒဋ္ဌဗ္ဗော။ အထဝါ စေတနာ ဒါနံ။ (မူလဋီကာ။ ၁၀၀။)

* သောဘနော + ပုရိသော သပ္ပုရိသော။ သပ္ပုရိသံ + အနုယာတာ သပ္ပုရိသာနုယာတာ။

(တစ်နည်း) သောဘနာ + ပုရိသာ သပ္ပုရိသာ။ သပ္ပုရိသေဟိ + အနုယာတာ သပ္ပုရိသာနုယာတာ။

* လောကိယန္တိ ဧတ္ထာတိ လောကော။ ဒေဝါနံ + လောကော ဒေဝလောကော။ (တံ)

(နတ်တို့၏ + ဖြစ်ရာဘုံဌာန(ပြည်)နှင့် ဌာနီ+ဌာနစပ်။)

(၅)

(ဂ) ဓော–ကား သဗ္ဗနာမ်၊ ပုံလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အ–ကာရန္တ။

မဂ္ဂ–ကား ကိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။

(စ) ပဋိသန္ဓိ–ကား ကိတ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။

(၆)

(ဆ) ဓနေတိ–ဖြင့် ဘာဝေတိ၌ ဘူ–ဓာတ်သည် သတ္တာအနက် (ဓနနအနက်)ကိုဟော–သိစေ။

ဥပ္ပါဒေတိ–ဖြင့် ဓနေတိ၌ ဓန–ဓာတ်သည် သဒ္ဒ အသံပြုခြင်းအနက်ကို မဟော၊ ဖြစ်ခြင်း ဥပ္ပါဒနအနက်ဟောဟု သိစေသည်။

ဝမေတိ–ဖြင့် ဥပ္ပါဒေတိ၌ ဖြစ်စေ၏ဟူသည် ပွားစေခြင်းပင်တည်းဟု သိစေသည်။

(၇)

(စ) ဝဋ္ဋန္တိယေဝ–၌ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ မဂ္ဂေါဟူ၍ ဆိုသင့်ခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။

✔ မဂ္ဂေါဟူ၍ မဆိုသင့်ခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

✔ မဂ္ဂေါဟူ၍ ဆိုသင့်သော စေတနာ, စေတနာသမ္ပယုတ္တဓမ္မဒြဗ်တို့သည်ရင်း၊ မဂ္ဂေါဟူ၍ ဆိုသင့်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည်ရင်း အနုညာတတ္ထ။

♦ ကြိယာနောက်ပေး၊ ဝဝ–နေ၊ ကန့်လေ ကြိယာချင်း။

♦ နိဝတ္တေတဗ္ဗ၊ ကြိယာပြ၊ ဒဗ္ဗ၊ ဂုဏ၊ အနုညာတထုတ်ပြ။

♦ ဝဋ္ဋန္တီတိ ....,မဂ္ဂေါတိ ဝတ္တုံ ဝဋ္ဋန္တီတိ အတ္ထော။ (မူလဋီ။ ၁၀၀။)

http://www.dhammadownload.com



(က)၌ စ–ကား ဝါကျာရမ္ဘတ္ထ။ အပိ–သဒ္ဒါ ၃–ပုဒ်ကား အညမညသမုစ္စယတ္ထ။
(ခ)၌ ဟိ–ကား ဝိတ္ထာရတ္ထ, တပ္ပါကဋီကရဏတ္ထ, ဒဠှီကရဏတ္ထ။
(ဂ) ကုသလဥ္စ–၌ စ–ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။
ဒေဝ လောကဥ္စ–၌ ဣတိ–ကား ပဒတ္ထဝိပလ္လာသတ္ထ။ မဂ္ဂေါ နာမ–၌ နာမ–ကား သညာဝါစက။
(စ) ပန–ကား သမ္ဘာဝနတ္ထ, ဝါကျာရမ္ဘတ္ထ။
(ဂ) ဂါထာဒုတိယပါဒ–၌ တေ–ကား မှောဟု အစွဲတိုက်ရိုက်ပါရှိ– ပသိဒ္ဓဝိသယ။
ဂါထာတတိယပါဒ–၌ တံ–ကား မဂ္ဂဟု အစွဲတိုက်ရိုက်ပါရှိ– ပသိဒ္ဓဝိသယ။
ဂါထာစတုတ္ထပါဒ–၌ တေန–ကား ဆိုခဲ့ပြီး မဂ္ဂသဒ္ဒါကိုစွဲ– ပဏ္ဏတ္တိဝိသယ။

(၈)

(ဂ) ဝါကျ ကုသလဥ္စ ဒါန်–အရ အလောဘကို (တစ်နည်း) စေတနာကို ယူ၍–
✔ ထို ...သည် ဒဿနတ္ထ။
✔ ယောနိသောမနသိကာရသည် ဒီပကတ္ထ။
✔ အာရက္ခဒုက္ခမှ ကင်းခြင်း, ကာယိကသုခ, စေတသိကသုခစသည် ပကာသနတ္ထ။
✔ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယစသည်သည် ဝိဘာဝတ္ထ။
✔ သုဂတိဘုံဘဝသို့ ရောက်ရခြင်း, စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းအစ ..အနုပါဒိသေသ
နိဗ္ဗာန်တိုင်အောင် ... အနုဘာဝတ္ထ။

(ခ) ဝါကျ နိရယဂါမိ မဂ္ဂ–အရ အကုသိုလ်စေတနာကို ယူ၍–
✔ ထို ...သည် ဒဿနတ္ထ။
✔ အယောနိသောမနသိကာရသည် ဒီပကတ္ထ။
✔ ကာယိကဒုက္ခ, စေတသိကဒုက္ခစသည်သည် ပကာသနတ္ထ။
✔ အသဒ္ဓမ္မဿဝန, ဗာလူပသေဝနစသည်သည် ဝိဘာဝတ္ထ။
✔ အပါယ်ဒုဂ္ဂတိဘုံသို့ ကျရောက်ခြင်းစသည်သည် အနုဘာဝတ္ထ။

(၉)

(ဂ) ကုသလဥ္စ ဒါန်–အရ အလောဘနှင့် စေတနာတို့၏ လက္ခဏာဒိစတုက္ကထုတ်။

(၁၀)

(ဂ)ဂါထာ– တံ မဂ္ဂံ + ဝဒန္တိ–၌

✔ တံ မဂ္ဂံ–အရ သဒ္ဒါ, ဟိရီ, အလောဘ (ဝါ) စေတနာသည်–
ဝဒန္တိ–၌ ဝဒ–ဓာတ်အရ ပညာရှိတို့သန္တာန်၌ ဖြစ်သော မဟာကုသိုလ်, မဟာကြိယာ
ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။ ပြိုင်။ ။ အာ, ဓိ, ဥ။ (၃)

တေန + ဂစ္ဆတိ–၌–

✔ တေန–အရ သဒ္ဒါ, ဟိရီ, အလောဘသည်–
ဂစ္ဆတိ–၌ ဂမု–ဓာတ်အရ ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်အား ပကတူပ–ပြု။ ပြိုင်။ ။ မရှိ။
(တစ်နည်း)တေန–အရ ဈာနစေတနာသည်–
ဂစ္ဆတိ–၌ ဂမု–ဓာတ်အရ ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်အား နာနက္ခဏိကကမ္မ–ပြု။
ပြိုင်။ ။ နာနက္ခဏိကကမ္မ, ပကတူပနိဿယ။ (၂)

http://www.dhammadownload.com



(စ) ဈာနစေတနာ + အာကမ္ဗတိ–၌

✔ ဈာနစေတနာ–အရ ဈာနစေတနာသည်–

အာကမ္ဗတိ–အရ ဈာနစေတနာကြည် သမ္ပယုတ္တဓမ္မအား သဟဇာတ–ပြု။

ပြိုင်။ ။ သဟကြီး ၄၊ အည, သမ္ပ၊ ကမ္မ။ (၇)

===============

## ဝါကျဥယျာဉ် (၁၉၆)

(က) ဘာဝေတီတိ ဇနေတိ ဥပ္ပါဒေတိ ဝဍ္ဎေတိ။

(ခ) အယံ တာဝ ဣဓ ဘာဝနာယ အတ္ထော။

(ဂ) အညတ္ထ ပန ဥပသဂ္ဂဝသေန သမ္ဘာဝနာ ပရိဘာဝနာ ဝိဘာဝနာတိ ဧဝံ အညထာပိ အတ္ထော ဟောတိ။

(ဃ) တတ္ထ "ဣဓဒါယိ မမ သာဝကာ အဓိသီလေ သမ္ဘာဝေန္တိ 'သီလဝါ သမဏော ဂေါတမော ပရမေန သီလက္ခန္ဓေန (ပ) အန္တရဓာပနာတိ အတ္ထော။

(င) "ပုန စ ပရံ ဥဒါယိ အက္ခာတာ မယာ သာဝကာနံ ပဋိပဒါ၊ ယထာပဋိပန္နာ မေ သာဝကာ စတ္တာရော သတိပဋ္ဌာနေ ဘာဝေန္တိ"တိ အယံ ပန ဥပ္ပါဒနဝဍ္ဎနဋ္ဌေန ဘာဝနာ နာမ။

(စ) ဣမသ္မိံ္ပိ ဌာနေ အယမေဝ အဓိပ္ပေတာ။

(ဆ) တေန ဝုတ္တံ "ဘာဝေတီတိ ဇနေတိ ဥပ္ပါဒေတိ ဝဍ္ဎေတီ"တိ။

၆။ ၂၀၇၊၂၀၈။ မူလဋီ။ ၁၀၀။ ယောဇနာ။ ၁၁၇။ ပြည်သျှ၊ ၂။ ၂၂၇။ ဘာဋီ၊ ၂။ ၄၅၂။ ကျော်စံဂဏ္ဌိ။ ၃၅၃။ မင်းခင်းဂဏ္ဌိ။ ၄၈၆။

(၁)

(ဃ) တတ္ထ(တာသု သမ္ဘဝနာဒီသု)–တို့တွင်။

(စ) ဣမသ္မိံ္ပိ ဌာနေ–ဤ"ရူပုပပတ္တိယာ မဂ္ဂံ ဘာဝေတိ" ဟူသော အရာ၌လည်း။

### မှတ်ချက်နှင့် ကျမ်းတကျ

"အယံ တာဝ ဣဓ ဘာဝနာယ အတ္ထော"ကား စကားပျိုး, စကားရိုး, စကားကိုး သုံးပါးတို့တွင် စကားပျိုးတည်း။ စကားပျိုး ပြီးစေရကား အညတ္ထ ပန–စသည် မိန့်။ (ပြည်သျှ၊ ၂။ ၂၂၇)

အနုသန္ဓေ–အထူးကို ပြလိုရကား"တတ္ထ" စသည်ကို–မိန့်။ (ပြည်သျှ)

(တစ်နည်း) ထိုကို ချဲ့လို၍ "တတ္ထ" စသည်ကို မိန့်။ (မင်းခင်းဂဏ္ဌိ)

(၂)

### (ဃ)သို့ ပါပနာဒိပဋ္ဌက

ဆရာ–သည် (ဂ)ဖြင့် ဘာဝေတိဟူသော ပုဒ်၏ ပါဠိရပ်တို့၌ ဥပသာရ၏ အစွမ်းအားဖြင့် သမ္ဘာဝနာ, ပရိဘာဝနာ, ဝိဘာဝနာဟူသော အနက်များလည်း ဖြစ်သင့်သေး၏ဟု သာမညအားဖြင့် ဆိုတော်မူ၏။ ထိုသို့ဆိုအပ်သည်ရှိသော် ဤမည်သော ပါဠိ၌ ဘာဝေတိဟူသောပုဒ်သည် သမ္ဘာဝနတ္ထကို ဟော၏၊ ဤမည်သော ပါဠိ၌ ဘာဝေတိဟူသော ပုဒ်သည် ပရိဘာဝနတ္ထကို ဟော၏၊ ဤမည်သော ပါဠိ၌ ဘာဝေတိဟူသောပုဒ်သည် ဝိဘာဝနတ္ထကို ဟော၏ဟု ဝိသေသအားဖြင့် မသိအပ်, မသိနိုင်ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ် ...ကား မရောက်သင့်။ ထိုသို့ ...ကြောင့် ဤမည်သော ပါဠိ၌ ဘာဝေတိဟူသောပုဒ်သည် (ပ) ဝိဘာဝနတ္ထကို ဟော၏ဟု သမ္ဘာဝနတ္ထ, ပရိဘာဝနတ္ထ, ဝိဘာဝနတ္ထတို့၏ အထူးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ ...နေချေသော် သာမည + ဝိသေသဆန့်ကျင်သော ဝိရောဓိ ဒေါသ.....၏။ စုဒ်ကြောင့် (ဃ)မိန့်။

အမှာ။ ။ ဤကား ဘိန္နဝိသေသယူ၍ ကျမ်းတက်ပုံတည်း။ ဝိတ္ထာရယူ၍လည်း တက်နိုင်သည်။

http://www.dhammadownload.com



(င)သို့ ဌပနာဘောဂါဒီ

ဆရာ–သည် (ဂ)(ဃ) တို့ဖြင့် တပါးသော ပါဠိရုပ်တို့၌ ဥပသာရ၏ အစွမ်းဖြင့် သမ္ဘာဝနာ, ပရိဘာဝနာ, ဝိဘာဝနာဟူသော အနက်တို့ကို ဟော၏ဟူ၍ (အကျဉ်းအားဖြင့်၎င်း, အကျယ်အားဖြင့်၎င်း) ပြဆိုတော်မူ၏။ ထိုသို့...သော် တပါးသော ပါဠိရုပ်တို့၌ ဥပသာရ၏ အစွမ်းဖြင့် ဘာဝေတိ ဟူသော ပုဒ်၏ သမ္ဘာဝနာ, ပရိဘာဝနာ, ဝိဘာဝနာအနက်တို့ကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထို... ကြောင့် ...ဟော၏ဟူ၍သာ မဆိုသင့်။ 'တစ်ပါးသော ပါဠိရုပ်တို့၌ ဥပသာရကင်းသော ဘာဝေတိ–ပုဒ်၏ ဖြစ်သင့်သော အနက်တစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ ...ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (င)မိန့်။

(တစ်နည်း) ဆရာ–သည် (က)ဖြင့် ဘာဝေတိပုဒ်၏ ဥပ္ပါဒန, ဝဍ္ဎနအနက်ကို ပြဆိုတော်မူ၏။ ထိုသို့ပင်... သော်လည်း တပါးသော ပါဠိရုပ်တို့၌ ဥပသာရ၏ အစွမ်းဖြင့် ဘာဝေတိပုဒ်၏ သမ္ဘာဝနာ, ပရိဘာဝနာ, ဝိဘာဝနာအနက်တို့ကို တွေ့မြင်အပ်သည် မဟုတ်ပါလော။ ထို့ ...ကြောင့် (က)ဖြင့် ဘာဝေတိပုဒ်၏ ဥပ္ပါဒန, ဝဍ္ဎနအနက်ကိုသာ မဆိုသင့်။ ယင်းသို့ ဖွင့်ဆိုရခြင်း၏ ခိုင်လုံသော အကြောင်းကိုလည်း ဥဒါဟရဏ်ဖြင့် ထင်စွာပြဆိုသင့်သေး၏။ တပါးသော ပါဠိရုပ်တို့၌ တွေ့မြင်အပ်သော သမ္ဘာဝနာစသော အနက်ကို စွန့်ပစ်၍ အဘယ့်ကြောင့် ဥပ္ပါဒန, ဝဍ္ဎနအနက်ကိုသာ ဖွင့်ဆိုထားပါသနည်း။ စုဒ်ကြောင့် ပုန စ ပရံ–စသော(င) မိန့်။ အဓိပ္ပါယ်ကား။ ။ တပါးသော ပါဠိရုပ်တို့၌ ဥပသာရကင်းသော ဘာဝေတိပုဒ်၏ ဥပ္ပါဒန, ဝဍ္ဎနအနက်ကိုလည်း ငါတွေ့မြင်အပ်သည်ဖြစ်သောကြောင့် ဤနေရာ၌ ဥပ္ပါဒန, ဝဍ္ဎနအနက်ကို ငါဆိုပါ၏–ဟူလို။

♦ အညတ္ထ ဒိဋ္ဌ အတ္ထံ ပရိစ္စဇိတွာ "ဇနေတိ ဝဍ္ဎေတိ"တိ အယမတ္ထော ကသ္မာ ဝုတ္တောတိ နိရုပသဂ္ဂဿ အညတ္ထ ဝေဝစနဿေဝ ဒိဋ္ဌတ္တာတိ ဣမမတ္ထံ ဝိဘာဝေတုံ "ပုန စ ပရံ ဥဒါယိ"တိ သုတ္တမာဟဋံ။ (မူလဋီ။ ၁၀၀)

(စ) ဌပနာဘောဂါဒီ

ဆရာ–သည် (င)ဖြင့် ပုန စ ပရံ ဥဒါယိ–စသော မၛ္ဈိမပဏ္ဏာသပါဠိတော်၌ ဘာဝေတိပုဒ်သည် ဥပ္ပါဒန, ဝဍ္ဎနအနက်၌ ဖြစ်၏ဟု ဆို၏။ ထို...သော် ယင်းပါဠိတော်၌သာ ဘာဝေတိပုဒ်၏ ဥပ္ပါဒန, ဝဍ္ဎနအနက်ကို လိုအပ်၏ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် ... မဆိုသင့်။ ဤရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ–ဟူသော ပါဠိတော်၌ ဘာဝေတိပုဒ်၏ လိုအပ်သော ဣဋ္ဌာဓိပ္ပေတတ္ထကိုလည်း ပြဆိုသင့်သေး၏။ ...ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (စ)မိန့်။

အမှာ။ ။ ဣမသ္မိံပိ ဌာနေ–ဟု သမုစ္စယတ္ထ ပိ–ကိုရှု၍ "နောက်သမုစ္စယ၊ အဖြေပြ၊ ဧဝ–အာဘော်ဆင်။"နှင့်အညီ ဧဝ–အာဘော်ဆင်၍ တက်သည်။ အယမေဝ–၌ ဧဝ–ကိုရှု၍ သမုစ္စည်းအာဘော်ထား၍လည်း ကျမ်းတက်နိုင်သည်။

(၃)

(စ)၌ အဓိပ္ပေတာ–ထားရခြင်း–

ဘာဝေတိ–ပုဒ်၏ ဥပ္ပါဒနတ္ထ, ဝဍ္ဎနတ္ထ, သမ္ဘာဝနတ္ထ, ပရိဘာဝနတ္ထ, ဝိဘာဝနတ္ထ ငါးမျိုးတို့တွင် ဤရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ–၌ ဥပ္ပါဒနတ္ထ, ဝဍ္ဎနတ္ထကိုသာ ယူရမည်ဟု သာမညမှ ဝိသေသကို စကားလုအားဖြင့် ပြဆိုသောအရာဌာနဖြစ်သောကြောင့် (စ)၌ အဓိပ္ပေတာ–ထားသည်။

(ဆ)၌ တေန ဝုတ္တံ–ထားရခြင်း–

ဤရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ–ဟူသောအရာ၌ ဥပ္ပါဒန, ဝဍ္ဎနအနက်ရှိသော ဘာဝနာကိုသာ အလိုရှိအပ်၏ဟု ဆိုသဖြင့် ရအပ်သောအကျိုးလဒ္ဓဂုဏ်ကို ပြလို၍ (ဆ)၌ တေန ဝုတ္တံ–ထားသည်။

✔ တတိယဈာန်၏ သိမ်မွေ့သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

(ဓ)

(ဃ) ဝုတ္တံ–၌ ဝစ–ဓာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကို ယူ–

တ–ပစ္စည်းအရ "သတောသမ္ပဇာနော"ဟူသော ဝစီဘေဒသဒ္ဒကို ယူ။ (ထုတ်မြ)

(ဃ) စိတ္တဿ ဂတိ ဣစ္ဆိတဗ္ဗာ–၌ လိုအပ်သော ဂတိ–ကား တတိယဈာန်စိတ္တုပ္ပါဒ်တည်း။

✔ ထိုတတိယဈာန်စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

✔ ဒုတိယဈာန်စိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။

✔ စတုတ္ထဈာန်စိတ္တုပ္ပါဒ်သည် ပကာသနတ္ထ။

✔ ပဌမဈာန်စိတ္တုပ္ပါဒ်သည် ဝိဘာဝတ္ထ။

✔ စတုတ္ထဈာန်ဘုံ၌ ဖြစ်ရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(ဃ) စိတ္တဿ ဂတိ + ဣစ္ဆိတဗ္ဗာ–၌–

✔ စိတ္တဿ ဂတိ–အရ တတိယဈာန်စိတ္တုပ္ပါဒ်သည်–

ဣစ္ဆိတဗ္ဗာ–၌ ဣသု–ဓာတ်အရ ပညာရှိတို့သန္တာန်၌ဖြစ်သော မဟာကုသိုလ်, ကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။ ပြိုင်။ ။ အာ, ဓိ, ဥ။ (၃)

(က) ပုရိမဇ္ဈာနေသုပိ + အတ္ထိ–၌–

✔ ပုရိမဇ္ဈာနေသု–အရ ပဌမဈာန်, ဒုတိယဈာန်သည်–

အတ္ထိ–အရ သတိ, ပညာအား သဟဇာတ–ပြု။

ပြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ ဏုံ, ဈာန, မဂ္ဂ။ (၉)

===========

## ဝါကျဉယျာဉ် (၂၂၆)

(က) ဣဒါနိ သုခဥ္စ ကာယေန ပဋိသံဝေဒေတီတိ ဧတ္ထ ကိဥ္စာပိ တတိယဇ္ဈာနသမင်္ဂိနော သုခပဋိသံဝေဒနာဘောဂေါ နတ္ထိ။

(ခ) ဧဝံ သန္တေပိ ယသ္မာ တဿ နာမကာယေန သမ္ပယုတ္တံ သုခံ။

(ဂ) ယံ ဝါ တံ နာမကာယသမ္ပယုတ္တံ သုခံ၊ တံသမုဋ္ဌာနေနဿ ယသ္မာ အတိပဏီတေန ရူပေန ရူပကာယော ဖုဋ္ဌော၊ ယဿ ဖုဋ္ဌတ္တာ ဈာနာ ဝုဋ္ဌိတောပိ သုခံ ပဋိသံဝေဒေယျ။

(ဃ) တသ္မာ ဧတမတ္ထံ ဒဿေန္တော "သုခဥ္စ ကာယေန ပဋိသံဝေဒေတီ"တိ အာဟ။

ဋ၊၂၁၉။ သာရတ္ထ၊၃၇၅။ ယောဇနာ၊၁၂၅။ မြည်သျှ၊၂၊၂၈၆။ ဘာဋီ၊၂၊၄၉၁။ မဒူသျှ၊၂၊၂၉၃။ ကျော်စံဂဏ္ဌိ၊၃၇၀။ မင်းခင်းဂဏ္ဌိ၊၅၀၅။

(၁)

(က)(ခ)(ဃ)တို့ကို စတုက္ကနည်း

၁။ နနု တတိယဇ္ဈာနသမင်္ဂိနော သုခပဋိသံဝေဒနာဘောဂေါ နတ္ထိ။

၂။ အထ ကသ္မာ (ပါဠိယံ) "သုခဥ္စ ကာယေန ပဋိသံဝေဒေတီ"တိ အာဟ။

၃။ ဧဝံ သန္တေပိ ယသ္မာ တဿ (တတိယဇ္ဈာနသမင်္ဂိနော) နာမကာယေန သမ္ပယုတ္တံ ယံ သုခံ အတ္ထိ၊ တံ သုခံ တတိယဇ္ဈာနသမင်္ဂီ ပဋိသံဝေဒေယျ၊ တသ္မာ ဧတမတ္ထံ ဒဿေန္တော

၄။ (ပါဠိယံ) "သုခဥ္စ ကာယေန ပဋိသံဝေဒေတီ"တိ အာဟ။

http://www.dhammadownload.com



## (က)(ဂ)(ဃ)တို့ကို စတုက္ကနည်း

၁။ နနု တတိယဇ္ဈာနသမင်္ဂိနော သုခပဋိသံဝေဒနာဘောဂေါ နတ္ထိ။
၂။ အထ ကသ္မာ (ပါဠိယံ) "သုခဉ္စ ကာယေန ပဋိသံဝေဒေတီ"တိ အာဟ။
၃။ ယံ ဝါ တံ နာမကာယ (ပ) တသ္မာ ဧဝမတ္ထံ ဒဿေန္တော။
၄။ (ပါဠိယံ) "သုခဉ္စ ကာယေန ပဋိသံဝေဒေတီ"တိ အာဟ။

## (၂)

### (က)စသည်သို့ ပစာနမူလဝါကျစကားကို မွှေ၍ ဋ္ဌပနာဘောဂါဒိ

ဆရာ–မြတ်စွာဘုရားသည် "သုခဉ္စ ကာယေန ပဋိသံဝေဒေတီ" ဟု ဟောတော်မူ၏။ ထိုသို့–သော် တတိယဇ္ဈာနသမင်္ဂီပုဂ္ဂိုလ်အား သုခကို ခံစားအံ့ဟု နလုံးသွင်းခြင်းမရှိသည် မဟုတ်ပါလော။ ထိုသို့–ကြောင့် –မမှုသင့်။ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ–ဟု ဟောဟော်မူခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့် သေး၏။–ကား အဘယ်ပါနည်း။ (ဝါ) အဘယ်ကြောင့် သုခဉ္စ ကာယေန ပဋိသံဝေဒေတိ–ဟု ဘုရားရှင် ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (က)စသည်ကို မိန့်။

### (ခ)သို့ အနုသန္ဓေ

ဤသို့ (က)ဖြင့် စောဒကာဘောဂကို ပြဆိုပြီး၍ ယခုအခါ၌ ပရိဟာရာဘောဂနှင့် ပရိဟာရကို ပြတော်မူလိုသော ဆရာသည် (ခ)မိန့်။ (ခ)ဆိုသော်လည်း (ဂ)(ဃ)တိုင်အောင် မွှေတက်ရသည်။

### (ဂ)သို့ ပါပနာဒိပဥ္စက

ဆရာ–သည် (က)(ခ)တို့ဖြင့် တတိယဇ္ဈာနသမင်္ဂီပုဂ္ဂိုလ်သည် ဈာန်ဝင်စားခိုက် တတိယဈာန် စိတ်ဟုဆိုအပ်သော နာမကာယဖြင့် စေတသိကသုခကို ခံစား၏ဟု ဆိုတော်မူ၏။ တိုသို့ ...သော် တတိယဇ္ဈာနသမင်္ဂီပုဂ္ဂိုလ်သည် ဈာန်ဝင်စားသော အခါ၌သာ သုခကို ခံစား၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်ကား ...မရောက်သင့်။ ထိုသို့ ...ကြောင့် ဈာန်မှထသော အခါ၌ သုခကို ခံစားသည်၏အဖြစ်ကိုလည်း ပြဆိုသင့်သေး၏။ ...မပြဆိုဘဲ မနေသင့်။ ...အဗျာပိတ ...၏။ အဘယ်သို့လျှင် ဈာန်မှထသော အခါ၌ သုခကို ခံစားပါသနည်း။ စုဒ်ကြောင့် (ဂ)မိန့်။ (ပါရာ–ဂဏ္ဌိသစ်)

(တစ်နည်း) ဆရာ–သည် (ခ)ဖြင့် စေတသိကသုခကို ဈာန်စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော နာမကာယဖြင့် ခံစားခြင်းဟုဆိုအပ်သော အနက်ကို ပြတော်မူလိုသောကြောင့် "သုခဉ္စ ကာယေန ပဋိသံဝေဒေတီ"တိဟု ဟောတော်မူသောဟု ဆို၏။ ထိုသို့ ...သော် ယင်းဆိုခဲ့ပြီး အကြောင်းတစ်မျိုးကြောင့်သာ "သုခဉ္စ ကာယေန ပဋိသံဝေဒေတိ"ဟု ဟောတော်မူ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်–ကား ...မရောက်သင့်။ ထိုသို့ ...ကြောင့် "သုခဉ္စ ကာယေန ပဋိသံဝေဒေတိ"ဟု ဟောတော်မူခြင်း၏ တခြားအကြောင်းတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ ...အဗျာပိတ–၏။ စုဒ်ကြောင့် (ဂ)မိန့်။

**အဓိပ္ပာယ်ကား။** ။ ဈာန်မှထသောအခါ၌လည်း ကာယိကသုခကို ကာယဝိညာဉ်စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော နာမကာယဖြင့် ခံစားခြင်းဟုဆိုအပ်သော အနက်ကို ပြလိုသောကြောင့်လည်း "သုခဉ္စ ကာယေန ပဋိသံဝေဒေတီ"ဟု ဟောတော်မူပါ၏–ဟူလို။

**အမှာ။** ။ ဤကား မအူသျှအနက်ပေးထားသည့်အတိုင်း အဓိပ္ပာယ်ယူ၍ ကျမ်းတက်ပုံတည်း။

(၁)နံပါတ်စတုက္ကနယထုတ်ပုံနှင့်ယှဉ်ကြည့်။

(တစ်နည်း) ဆရာ–သည် (ခ)ဖြင့် တတိယဇ္ဈာနသမင်္ဂီပုဂ္ဂိုလ်၏(အား) သုခကို ခံစားအံ့ဟူသော နလုံးသွင်းမရှိဘဲ သုခကို ခံစားသည်၏အဖြစ်ကို ပြဆိုတော်မူ၏။ ထိုသို့ ...သော် နလုံးသွင်း မရှိမူ၍သာလျှင် သုခကို ခံစား၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်ကား ...မရောက်သင့်။

http://www.dhammadownload.com



ထိုသို့-ကြောင့် နှလုံးသွင်းနှင့်တကွသုခကို ခံစားသည်၏အဖြစ်ကိုလည်း ပြဆိုသင့်သေး၏။ ...မပြဆိုဘဲ မနေသင့်။ -အဗျာပိတ-၏။ အဘယ်သို့လျှင် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်သည် နှလုံးသွင်း (အာဘောဂ)နှင့် တကွ သုခကို ခံစားပါသနည်း။ စုဒ်ကြောင့် (ဂ)မိန့်။ (ပါရာ-ဂဏ္ဌိသစ်။ ၂။ ၂၀၇-၅။)

♦ ဣဒါနိ သဟာပိ အာဘောဂေန သုခပဋိသံဝေဒနံ ဒဿေတုံ "ယံ ဝါ တ"န္တိအာဒိ ဝုတ္တံ။(ဝိသုဒ္ဓိဋီ၊၁၊၁၈၈။)

(၃)

( ခ ) စေတသိကာဘောဂမှတပါး ပရိဟာရဘောဂနှင့် ပရိဟာရပြု ပက္ခန္တရ။ အဗျာပိတ-ပယ်။

( ဂ ) ပက္ခန္တရ။ (ဃ) ဖလဝါကျ။ ဝိရောဓိ, နိရုတ္တက-ပယ်။

(ဂ) ဝါ-သဒ္ဒါထားရခြင်း

ရျာန်ဝင်စားနိုက် သုခကို ခံစားခြင်းဟူသော အနက်မှတပါး ဈာန်မှထသော အခါ၌ သုခကို ခံစားခြင်းဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလို၍ ထားသည်။ (ပါရာ-ဂဏ္ဌိသစ်။ မအူသျှ)

(တစ်နည်း) နှလုံးသွင်းမှု(အာဘောဂ)မရှိဘဲ သုခကို ခံစားခြင်းဟူသော အနက်မှတပါး နှလုံးသွင်း (အာဘောဂ)နှင့်တကွ သုခကိုခံစားခြင်းဟူသောအနက်တစ်မျိုးကို လဲလှယ်ပြလို၍ ထားသည်။ (ဝိသုဒ္ဓိမဂ်မဟာဋီ)

(က)၌ ကိဥ္စာပိ-ထားရခြင်း

တတိယဈာနသမင်္ဂီပုဂ္ဂိုလ်အား သုခကို ခံစားအံ့ဟူသော နှလုံးသွင်း(အာဘောဂ) မရှိပါဘဲလျက် "သုခဉ္စ ကာယေန ပဋိသံဝေဒေတိ"ဟု ဟောတော်မူသော ပါဠိတော်စကားကို မနှစ်သက်၍ ထားသည်။

(၄)

(ဂ) တတော (သုခတော) + သမုဋ္ဌာနံ တံသမုဋ္ဌာနံ။ (တေန) (မအူသျှ)

✔ တ-ပုဒ်+သမုဋ္ဌာန-ပုဒ်သည်ငင်း၊ တ-အရ နာမကာယသမ္ပယုတ္တသုခ၏ + သမုဋ္ဌာနအရ အတိပဏီတစိတ္တဇရုပ်နှင့် အကြောင်း+အကျိုး စပ်-ငင်း ဈူ-နိ။

✔ နာမကာယသမ္ပယုတ္တသုခကြောင့်ဖြစ်သော အတိပဏီတိစိတ္တဇရုပ်တို့၏... ဇာတ်သည်

(ဝါ)နာမကာယသမ္ပယုတ္တသုခကြောင့်ဖြစ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် ပ-နိ။

"ဝစနတ္ထမှတ်ဖွယ်"

(က) ပဋိသံဝေဒိယတေ ပဋိသံဝေဒနာ။ အာဘုဇနံ အာဘောဂေါ။

* သုခဿ + ပဋိသံဝေဒနာ သုခပဋိသံဝေဒနာ။

* သုခပဋိသံဝေဒနာယ + အာဘောဂေါ သုခပဋိသံဝေဒနာဘောဂေါ။

✔ သုခကို ခံစားခြင်း၏ + နှလုံးသွင်းအာဘောဂနှင့် အာရုံ+အာရမ္မဏိကစပ်- ဈူ-နိ။

✔ သုခကို ခံစားခြင်း၌ နှလုံးသွင်းခြင်းကြိယာသည် ပ-နိ။

(ဂ) ပဓာနဘာဝံ + နီတံ ပဏီတံ။ (ပ, နီ+တ။ န-ကို ဏ-ပြု။ သူစိ။)

* အတိဝိယ+ပဏီတံ အတိပဏီတံ။ (တေန)

(အတိသယဘောဂုဏ်၏ + မြတ်သောစိတ္တဇရုပ်နှင့် ဂုဏ်+ဂုဏီစပ်)

* ဖုသတီတိ ဖုဋ္ဌော။ (ဖုသ+တ။) (တစ်နည်း) ဖရတီတိ ဖုဋ္ဌော။ (ဖရ+တ။)

* ဖုဋ္ဌဿ + ဘာဝေါ ဖုဋ္ဌတ္တံ။ (တဒ္ဓိတ)

(တိဇ္ဇပကာယ၏ + နှံ့ခြင်းကြိယာနှင့် ဌာန+ဌာနီ၊ နိဿယ+နိဿိတစပ်)

* ဝုဋ္ဌာတီတိ ဝုဋ္ဌိတော။ (ဝိ, ဉ, ဌာ+တ။)

(၅)

သန္တေ-ကား (အသ+အန္တ) ကိတ်နာမ်၊ ပုံလိင်၊ ဂစ္ဆန္တာဒိ၊ အ-ကာရန္တ။

http://www.dhammadownload.com



(၆)

(ခ) နာမကာယေန သမ္ပယုတ္တံ သုခံ-ဖြင့် သုခဥ္စ ကာယေန ပဋိသံဝေဒေတိ၌ ကာယေနအရ ဈာန်စိတ္တုပ္ပါဒ်ဟုဆိုအပ်သော နာမကာယကိုယူ၊ သုခံအရ သမ္ပယုတ်ဖြစ်သော စေတသိကသုခကိုယူ-သိစေ။

**မှတ်ချက်။ ။** ဤ(က)ဝါကျ သံဝဏ္ဏနာနှင့်အညီ သံဝဏ္ဏေတဗ္ဗပါဠိတော်ကို "ကာယေန-ဈာန်စိတ္တုပ္ပါဒ်တည်းဟူသော နာမကာယဖြင့်။ သုခံ-ယှဉ်ဖက်ဖြစ်သော စေတသိကသုခကို။ ပဋိသံဝေဒေတိ(မုချအားဖြင့်) ခံစား၏။ (ဝါ) ဈာန်ဝင်စားဆဲခဏ၌ ခံစား၏"ဟုပေး။

(ဂ) ယံ ဝါ တံ (ပ) ဈာနာ ဝုဋ္ဌိတောပိ သုခံ-ဖြင့် သုခဥ္စ ကာယေန ပဋိသံဝေဒေတိ-၌ သုခအရ ကာယိကသုခကို ယူ-ရင်း၊ ကာယေနအရ ကာယဝိညာဉ်စိတ္တုပ္ပါဒ်ဟုဆိုအပ်သော နာမကာယကို ယူ-ရင်း၊ နာမကာယနှင့် သမ္ပယုတ်ဖြစ်သော စေတသိကသုခကြောင့်ဖြစ်သော အလွန်မွန်မြတ်သော စိတ္တဇရုပ်ဖြင့် တိဇရူပကာယ၏ ပြန့်နှံ့သည်၏အဖြစ်ကြောင့် ဈာန်မှထသော်လည်း တတိယဈာနသမင်္ဂီပုဂ္ဂိုလ်သည် ကာယိကသုခကို ခံစားရာ၏ဟူသော အဓိပ္ပာယ်ကိုရင်း သိစေသည်။

**မှတ်ချက်။ ။** ဤ(ဂ)ဝါကျ သံဝဏ္ဏနာနှင့် သံဝဏ္ဏေတဗ္ဗပါဠိတော်ကို "ကာယေန-ကာယဝိညာဉ်တည်းဟူသော နာမကာယဖြင့်။ သုခံ-(ကာယဝိညာဉ်စိတ်နှင့်ယှဉ်သော သုခဝေဒနာ စေတသိက်ဟုဆိုအပ်သော) ကာယိကသုခကို။ ပဋိသံဝေဒေတိ-ဈာန်မှထသောအခါ ခံစား၏"ဟုပေး။

(၇)

(က) ကိဥ္စာပိ-ကား အနုဂ္ဂဟတ္ထ, သမ္ဘာဝနတ္ထ။ (ခ) သစေပိ-၌ ပိ-ကား အရရချတ္ထ, ဂရဟတ္ထ။

(ဂ) ယံ ဝါ-၌ ဝါ-ကား ပက္ခန္တရတ္ထ။ ဝုဋ္ဌိတောပိ-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။

(၈+၉)

(ဃ) အာဟ-၌ အနုတ္တအရ ဘုရားရှင်၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုယူ။

(ဂ) ဈာနာ ဝုဋ္ဌိတောပိ သုခံ-၌ သုခအရ သုခသဟဂုတ်ကာယဝိညာဉ်၌ယှဉ်သော ဝေဒနာကိုယူ။

(၁၀)

သုခံ + ပဋိသံဝေဒေတိ-၌-

✔ သုခံ-အရ တတိယဈာန်နှင့်ယှဉ်သော စေတသိကသုခဝေဒနာသည်-

ပဋိသံဝေဒေတိ-အရ တတိယဈာန်စိတ္တုပ္ပါဒ်အား သဟဇာတ-ပြု။

ပြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ ဣံ, ဈာန။ (၈) (ဤကား (ခ)နှင့်အညီ ဈာန်ဝင်စားနိုက်)

(တစ်နည်း) သုခံ-အရ သုခသဟဂုတ် ကာယဝိညာဉ်နှင့်ယှဉ်သော စေတသိကသုခဝေဒနာသည်

ပဋိသံဝေဒေတိ-အရ ကာယဝိညာဉ်စိတ္တုပ္ပါဒ်အား သဟဇာတ-ပြု။

ပြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ ဣံ။ (၇) (ဤကား (ဂ)နှင့်အညီ ဈာန်မှထနိုက်ကို ရည်ရွယ်သည်)

=============

## ဝါကျဥယျာဉ် (၂၂၇)

(က) ယံ ဒါနိ ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ ဧတ္ထ ယံဈာနဟေတု ယံဈာနကာရဏာ တံ တတိယဈာနသမင်္ဂီပုဂ္ဂလံ ဗုဒ္ဓါဒယော အရိယာ အာစိက္ခန္တိ ဒေသေန္တိ ပညာပေန္တိ ပဋ္ဌပေန္တိ ဝိဝရန္တိ ဝိဘဇန္တိ ဥတ္တာနီကရောန္တိ ပကာသေန္တိ။

(ခ) ပသံသန္တီတိ အဓိပ္ပါယော။ (ဂ) ကိန္တိ?

(ဃ) ဥပေက္ခကော သတိမာ သုခဝိဟာရီတိ။

(င) တံ တတိယဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတီတိ ဧဝမေတ္ထ ယောဇနာ ဝေဒိတဗ္ဗာ။

http://www.dhammadownload.com



(၁)

(ခ)အနက်။ ။ ပသံသန္တိ–ချီးမွမ်းမြှောက်စားကုန်၏။ ဣတိ–သို့။ **အဓိပ္ပါယော**–ဒေသကပုဂ္ဂိုလ်အလိုတော်ကို။ (ဝါ) ဒေသကပုဂ္ဂိုလ်လိုအပ်သော အနက်ကို။ **ဝေဒိတဗ္ဗော–၏**။ (ပြည်သျှ၊ ၂။ ၂၈၇။)
(တစ်နည်း) ပသံသန္တိ–ကုန်၏။ ဣတိ–ကား။ **အဓိပ္ပါယော–အဋ္ဌကထာဆရာ၏**အလိုတည်း။(ဘာဋီ၊၂။၄၉၂။)
(တစ်နည်း) ပသံသန္တိ–ကုန်၏။ ဣတိ(အယံ)–ကား။ **အဓိပ္ပါယော–(အာစိက္ခန္တိ)**အစရှိကုန်သောပုဒ်တို့၏အဓိပ္ပါယ်တည်း။ (မဒ္ဒုသျှ၊ ၂။ ၂၉၅။)

(၂)

(က)စသည်သို့ **အနုသန္ဓေ**

ဤသို့ ဣဒါနိ သုခဥ္စ ကာယေန (ပ) ပဋိသံဝေဒေတီ”တိ **အာဟ**–ဖြင့် သုခဥ္စ ကာယေန ပဋိသံဝေဒေတိ–ဟူသော ပါဠိတော်ပုဒ်တို့၏ အနုသန္ဓေသမ္ဗန္ဓ, သမုဒါယတ္ထ, **အဝယဝတ္ထကို** ပြဆိုပြီး၍ ဤယခုအခါ၌ “ယံ တံ အရိယာ **အာစိက္ခန္တိ** (ပ) သုခဝိဟာရီ” ဟူသော ပါဠိတော်ပုဒ်တို့၏ **အဖွင့်သံဝဏ္ဏနာ**ကို ပြလို၍ (က)စသည်မိန့်။

(ခ)ပါပနာဒိပဥှက

ဆရာ–သည် (က)ဖြင့် အကြင်ဈာန်ဟူသော အကြောင်းကြောင့် ထိုတတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဘုရားစသော အရိယပုဂ္ဂိုလ်တို့သည် ကြားကုန်၏ (ပ) ပြကြကုန်၏ဟု ဆိုတော်မူ၏။ (တစ်နည်း) (က)ဖြင့် ဟံ တံ အရိယာ အာစိက္ခန္တိ–စသည်၌ **အာစိက္ခန္တိကို** ဒေသေန္တိ ပညာပေန္တိ–စသည်ဖြင့် ဖွင့်ဆိုတော်မူ၏။ ထိုသို့ ...သော် အာစိက္ခန္တိပုဒ်၏ သဒ္ဒတ္ထကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ (ပ) အာစိက္ခန္တိပုဒ်၏ အဓိပ္ပါယတ္ထကိုလည်း ပြဆိုသင့်သေး၏။ ...စုဒ်ကြောင့် (ခ)မိန့်။

နိသျှကျမ်းတက်။ ။(ဂ) ပသံသနာဓာရပုစ္ဆာကို ပြလို၍ **ကိန္တိ–ကိုမိန့်**။ (မဒ္ဒုသျှ)
(ဃ) ဝိဿဇ္ဇနာကို ပြလို၍ ဥပေက္ခကော–**အစမိန့်**။ (မဒ္ဒုသျှ)
(င) ယံ–ဟူသော အနိယတ်၏ တံ–ဟူသော နိယတ်ကိုထည့်၍ တံ တတိယံ ဈာနံ–နှင့်ယှဉ်၏ဟု ပြလို၍ တံ–**အစမိန့်**။ (မဒ္ဒုသျှ)

(င) ဥပနာဘောဂါဒိပဥှက

ဆရာ–သည်(က)(ခ)တို့ဖြင့် အကြင်ဈာန်ဟူသောအကြောင်းကြောင့် ထိုတတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဘုရားစသော အရိယာပုဂ္ဂိုလ်တို့သည် ချီးမွမ်းကုန်၏ဟု (အနိယမကို) ဆိုတော်မူ၏။ ထိုသို့ ...သော် ယင်းအနိယမသည် နိယမနှင့် မကင်းကောင်း, **မကင်းရာသည်** မဟုတ်ပါလော။ (တစ်နည်း) ယင်းအနိယမ၏ နိယမကို မသိအပ်, မသိနိုင်ရာသည် **မဟုတ်ပါလော**။ ထိုသို့–ကြောင့် ...မဆိုသင့်။ ယင်းအနိယမ၏ နိယမကိုလည်း ပြဆိုသင့်သေး၏။ ...**ကထး အဘာယ်ပါနည်း**။ စုဒ်ကြောင့် (င)မိန့်။

(၃)

(ခ) ပသံသန္တီတိ အဓိပ္ပါယော–၌ **အဓိပ္ပါယော–ထားရခြင်း**

အာစိက္ခန္တိ–အစ ပကာသေန္တိ–အဆုံးရှိသော ဤအလုံးစုံသည် မနေနိုင် စောင်းတီးစကားစပ်၍သာ ဆိုသည် မဟုတ်၊ ကဲ့ရဲ့သပြီးပြက်နိုပ်နယ်လို၍ ဆိုသည်လည်း မဟုတ်၊ ချီးမွမ်းမြှောက်စားလို၍ဟု ဒေသကပုဂ္ဂိုလ်အလိုတော်ကို (ဝါ) ဒေသကပုဂ္ဂိုလ်လိုအပ်သော အနက်ကို ဖော်ပြလို၍ (ဝါ) ဖော်ပြရာဌာနဖြစ်သောကြောင့် (ခ)၌ အဓိပ္ပါယော–သဒ္ဒါထားသည်။ (ပြည်သျှ၊ ၂။ ၂၈၇။)

(၄)

* **အရန္တိ အဓိဂစ္ဆန္တိ မဂ္ဂဖလမေဝါတိ အရိယာ**။

✔ အရ+ဏျ–သည် ငင်း၊ ရခြင်း, သိခြင်းကြိယာသည်ငင်း ဈ–နိ။
✔ အရိယာတို့၏ ...ဓာတ်သည် ပ–နိ။

http://www.dhammadownload.com



"ဝစနတ္ထမှတ်ဖွယ်"

* ဗုဒ္ဓါ + အာဒိ + ယေသံ ဗုဒ္ဓသာဝကာနန္တိ ဗုဒ္ဓါဒယော။ (မအူသျှ)

* သတိ ယဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ သတိမာ။

✔ သတိ+မန္တု-ငင်း၊ သတိ၏ + ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏော၊ နိဿိတ+နိဿယစပ်-ငင်း ဗျု-နိ။

✔ သတိရှိသူ၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) သတိရှိသူတို့၏—ဓာတ်သည် ပ-နိ။

* သုခံ + ဝိဟာရိတုံ သီလံ + ယဿာတိ သုခဝိဟာရီ။ (မအူသျှ)

(တစ်နည်း) သုခံ ဝိဟရတိ သီလေနာတိ သုခဝိဟာရီ။

✔ ချမ်းသာစွာ နေခြင်းကြိယာသည် ဗျု-နိ။

✔ ချမ်းသာစွာနေလေ့ရှိသည်၏ အဖြစ်တည်းဟူသောဂုဏ်သည် ပ-နိ။

* အဓိပီယတိ စိတ္တေတိ အဓိပ္ပါယော။ ပယ-ဂမနေ+ဏော။ (ဓာန်ဋီ)

(တစ်နည်း)အဓိပီယတေတိ ဝါ အဓိပ္ပါယော။ (စိတ်၌ဖြစ်ခြင်းကြိယာ)

(၅)

| | | |
|---|---|---|
| (က) | တံ-ကား | သဗ္ဗနာမ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိ(သဗ္ဗနာမ်)၊ အ-ကာရန္တ။ |
| | သတိမာ-ကား | တဒ္ဓိတ်နာမ်ပုဒ်၊ ပုံလိင်၊ ဂုဏဝါဒိ၊ ဥ-ကာရန္တ။ |
| | သုခဝိဟာရီ-ကား | တဿီလတဒ္ဓိတ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဤ-ကာရန္တ။ |
| (င) | တံ-ကား | သဗ္ဗနာမ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိ(သဗ္ဗနာမ်)၊ အ-ကာရန္တ။ |
| | ဥပသမ္ပဒ္ဒ-ကား | နိပါတ်၊အလိင်၊ ဂဏဝိမုတ်၊ အ-ကာရန္တ။ |

(၆)

(က) ယံ ဈာနဟေတု-ဖြင့် ယံ တံ အရိယာ-၌ ယံ-သဒ္ဒါ၏ ဟိတ်အနက်၌ နိပါတ်ပုဒ်၏ အဖြစ်ကိုငင်း(နိပါတလိင်္ဂပဒ)၊ ယင်း ယံ-သဒ္ဒါဖြင့် ဈာန်ကို စွဲယူ-ငင်း(နိပါတလိင်္ဂတ္တ) သိစေသည်။

♦ ယန္တိ ဟေတုအတ္ထေ နိပါတော၊ ယသ္မာတိ အတ္ထော။ ဓောနာဟ" ယံ ဈာနဟေတူ"တိ။ (သာရတ္ထ။)

(တစ်နည်း) ယံ ဈာနဟေတု-ဖြင့် ယံ တံ အရိယာ-၌ ယံ-သည် အနိယမဝါစကသဗ္ဗနာမ်ပုဒ် အဖြစ်ကိုငင်း(သဗ္ဗနာမလိင်္ဂပဒ)၊ ယင်း ယံ-သဒ္ဒါဖြင့် ဈာန်ကို စွဲယူ-ငင်း(သဗ္ဗနာမလိင်္ဂတ္တ)၊ ယံ-၌ ပထမာဝိဘတ်သည် ဟိတ်အနက်၌ သက်-ငင်း(ဝိဘတျတ္ထ) သိစေသည်။ (မအူသျှ၊ ၂။ ၂၉၄။)

ယံ ဈာနကာရဏာ-ဖြင့် ယံ ဈာနဟေတု၌ ဟေတုသည် ကာရဏအနက်ဟော (ဝါ) ကာရဏ ၏ ပရိယာယ် ...ငင်း၊ ယ-နောင်, ဈာနဟေတု-နောင် ပဌမာဝိဘတ်၏ ပဥ္စမီဟိတ်အနက်၌ သက်-ငင်း သိစေသည်။ (မအူသျှ။ ပါရာ-ဂဏ္ဌိသစ်။)

တံ တတိယဇ္ဈာနသမင်္ဂီပုဂ္ဂလံ-ဖြင့် ယံ တံ အရိယာ၌ တံ-ဖြင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို စွဲယူ-သိစေ။

ဗုဒ္ဓါဒယော အရိယာ-ဖြင့် ယံ တံ အရိယာ၌ အရိယာအရ အာစာရအရိယာ, ဒဿနအရိယာ, လိင်္ဂအရိယာတို့ကို မယူရ၊ ဘုရားအစရှိသော ပဋိဝေဓအရိယာတို့ကို ယူ-သိစေသည်။

ဒေသေန္တိ-ဖြင့် အာစိက္ခန္တိ၌ အာ, စိက္ခ-ဓာတ်သည် ဒေသနအနက်ဟော ...ငင်း၊ အာ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက ...ငင်း သိစေသည်။

(တစ်နည်း) ဒေသေန္တိ-ဖြင့် အာစိက္ခန္တိ၌ ပြောကြားကုန်၏ဟူသည် ပေါ့ပေါ့စားစားပြောကြား သည်မဟုတ်၊ တတိယဈာနလာဘီကျေးဇူးကို ဒေသနာအစဉ်သို့ တင်၍ ဓမ္မဂရုအားဖြင့် ဟောတော် မူသတည်းဟု သိစေသည်။

အမှာ။ ။ ဒေသေန္တိမှ ပကာသေန္တိတိုင်အောင် အဓိပ္ပါယတ္ထ, ဘာဝတ္ထ ပေါ်ပုံအကျယ်ကို (ပြည်သျှ၊၂။၂၈၆)၌ရှု။

http://www.dhammadownload.com



(ခ) ပသံသတ္ထီတိ အဓိပ္ပါယော-ဖြင့် အာစိက္ခတ္တိအစရှိသော ရှစ်ပုဒ်လုံးသည် ပြောကြားခြင်း အနက်(ကိတ္တနတ္ထ)ကို ဟောသတည်းဟု သိစေသည်။

♦ အာစိက္ခတ္တီတိ အာဒီနိ ပဒါနိ ကိတ္တနတ္ထာနီတိ အဓိပ္ပါယေနာဟ“ ပသံသတ္တီတိ အဓိပ္ပါယော”တိ။ (သာရတ္ထ)

(တစ်နည်း) ပသံသတ္တီတိ အဓိပ္ပါယော-ဖြင့် ဤအာစိက္ခတ္တိ-စသော အလုံးစုံသည် မနေနိုင် စောင်းတီး စကားစပ်၍သာ ဆိုမိန့်ဆိုရာမဟုတ်၊ ကဲ့ရဲ့သပြီုပြက်နှိပ်နယ်လို၍ ဆိုသည်လည်းမဟုတ်၊ ချီးမွမ်းမြှောက်စားလို၍ ဆိုခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ပြည်သျှ၊ ၂။ ၂၈၇။)

(ဂ) ကိန္တိ-ဖြင့် ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ (ပါဠိတော်) ၌ ယံ တံ အရိယာ အာစိက္ခန္တိ-နောင် “ကိန္တိ”ဟု (ပသံသနာကာရ ပုစ္ဆာဝါကျ)ထည့်၍ အနက်သမ္ဗန် ရမည်ကိုရင်း၊ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ-သည် အာစိက္ခန္တိကြိယာ၏ အာစိက္ခဏာကာရ၊ ပသံသနာကာရ၏အဖြစ်ကိုရင်း သိစေသည်။(မင်းခင်းဂဏ္ဌိ။ ၅၀၇။)

♦ ကိန္တိတိ ပသံသနာကာရပုစ္ဆာ။ (သာရတ္ထ၊ ၁။ ၃၇၆။)

(ဃ)ဖြင့် အာစိက္ခန္တိ၌ အာစိက္ခဏာကာရအဖြစ်ကို သိစေသည်။ (ဝါ) အာစိက္ခန္တိ၌ ချီးမွမ်းကုန်၏ ဟူသည် “ဥပေက္ခကော, သတိမာ, သုခဝိဟာရီ”ဟူ၍ ချီးမွမ်းသတည်းဟူသော အဓိပ္ပါယ်ကို သိစေသည်။

(တစ်နည်း) (ဂ)(ဃ)တို့ဖြင့် ပါဠိတော်၌ “ဥပေက္ခကော သတိမာ သုခဝိဟာရီ”ပုဒ်တို့ကို အာစိက္ခန္တိ၌ အာစိက္ခဏာကာရ၏ အဖြစ်ဖြင့် စပ်၍ အနက်သမ္ဗန်ရမည်ဟု သိစေသည်။

(င)ဖြင့် ယံ တံ အရိယာ အာစိက္ခန္တိ-၌ ယံဟူသော အနိယတ်၏ နိယတ်ကို တံဟု တတိယဈာန်နှင့် တွဲစပ်၍ အနက်သမ္ဗန်ရမည်ဟု သိစေသည်။

(၉)

အာစိက္ခန္တိ-၌ အာ, စိက္ခ-ဓာတ်အရ ဘုရားစသော အရိယာပုဂ္ဂိုလ်တို့၏သန္တာန်၌ ချီးမွမ်းပြောကြားသော အခြင်းအရာအားဖြင့် ဖြစ်သော ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကို ယူ၍-

✔ ထို ...သည် ဒဿနတ္ထ။
✔ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့သည် ဒီပကတ္ထ။
✔ ဥပေက္ခကော သတိမာ သုခဝိဟာရီဟူသောဝစီဘေဒသဒ္ဒသည် (ဝါ) ဂုဏ်တို့သည် ပကာသနတ္ထ။
✔ ပါရမီဉာဏ် ဝိပဿနာဉာဏ်စသည်သည် ဝိဘာဝတ္ထ။
✔ ထိုသို့ချီးမွမ်းသဖြင့် နောင်လာနောက်သားပုဂ္ဂိုလ်များ တတိယဈာန်ရအောင် အားထုတ် လိုခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(၁၀)

“ယံ + တံ + အရိယာ + အာစိက္ခန္တိ” ၌-

✔ ယံ-အရ တတိယဈာန်သည်-
အာစိက္ခန္တိ-၌ အာ, စိက္ခ-ဓာတ်အရ ဒေသနာဉာဏ်တော်အား (ဝါ)ဒေသနာဉာဏ်ပြဌာန်း သော မဟာကြိယာဉာဏသံ-စိတ္တုပ္ပါဒ်အား ပကတူ-ပြု။ ပြိုင်။ ။မရှိ။
✔ တံ-အရ တတိယဈာနသမင်္ဂီပုဂ္ဂိုလ်သည် (ဝါ)တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ ခန္ဓပဉ္စကသည် အာစိက္ခန္တိ-၌ အာ, စိက္ခ-ဓာတ်အရ -အား အာရမ္မဏ-ပြု။ (ပြိုင်=အာ, ပုရေ, အတ္ထိ အဝိ။ ၄။)
✔ အရိယာ-အရ အရိယာတို့၏သန္တာန်၌ ဖြစ်သော ဒေသနာဉာဏ်တော် ည်- အာစိက္ခန္တိ-၌ အာ, စိက္ခ-ဓာတ်အရ ယင်းဒေသနာဉာဏ်တော်နှင့် သမ္ပယုတ်ဖြစ်သော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟဇာတ-ပြု။

ပြိုင်။ ။ သဟကြီး ၄၊ အညု, သမ္ပ၊ ဟေ, ဓိ, ဣ, မဂ္ဂ။ (၁၀)

http://www.dhammadownload.com



(တစ်နည်း) အရိယာ–အရ အရိယာပုဂ္ဂိုလ်တို့၏ ၁, ၃, ၂–နာမက္ခန္ဓာပစ္စည်းတရားသည်–
အာစိက္ခန္တိ–၌ အာ, စိက္ခ–အရ ၃, ၁, ၂–နာမက္ခန္ဓာပစ္စယုပ္ပန်တရားအား သဟဇာတ–ပြု။ ပြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ သဟငယ် (၇)။ (ယထာရဟ ၁၃။)
(တစ်နည်း) အရိယာ–အရ မဟာဘုတ်–၄–ပါးသည်
အာစိက္ခန္တိ–၌အာ, စိက္ခ–ဓာတ်အရ ဝစီဝိညတ်အား သဟဇာတ–ပြု။ ပြိုင်။ ။ သဟကြီး(၄)။

---

# ဝါကျဥယျာဉ် (၂၂၈)

(က) ကသ္မာ ပန တံ တေ ဧဝံ ပသံသန္တိ?
(ခ) ပသံသာရဟတော။
(ဂ) အယဉှိ ယသ္မာ အတိမဓုရသုခေ သုခပါရမိပ္ပတ္တေပိ တတိယဇ္ဈာနေ ဥပေက္ခကော၊ န တတ္ထ သုခါဘိသင်္ဂေန အာကဍ္ဎီယတိ။
(ဃ) ယထာ စ ပီတိ န ဥပ္ပဇ္ဇတိ၊ ဧဝံ ဥပဋ္ဌိတသတိတာယ သတိမာ။
(င) ယသ္မာ စ အရိယကန္တံ အရိယဇနသေဝိတမေဝ အသံကိလိဋ္ဌံ သုခံ နာမကာယေန ပဋိသံဝေဒေတိ၊ တသ္မာ ပသံသာရဟော။
(စ) ဣတိ ပသံသာရဟတော နံ အရိယာ တေ ဧဝံ ပသံသာဟေတုဘူတေ ဂုဏေ ပကာသေန္တော "ဥပေက္ခကော သတိမာ သုခဝိဟာရီ"တိ ဧဝံ ပသံသန္တီတိ ဝေဒိတဗ္ဗံ။

ဋ္ဌ။၂၂၀။ သာရတ္ထ၊ ၁။၃၇၆။ ယောဇနာ။၁၂၆။ ပြည်သျှ၊၂။၂၈၈။ ဘာဋီ၊၂။၄၉၂။ မဒ္ဒသျှ၊၂။၂၉၆။ မင်းခင်းဂဏ္ဌိ။၅၀၇။

## (၁)

### (က)(ခ)ကို "လိုက်,လှန်း,ပြန်,ထည့်၊ ပြင်တုံဘိ၊ ငါးရှိအစပ်မျိုး"နှင့်အညီ အနက်

(က) ပန–စောဒနာဦးအံ့။ ကသ္မာ–ကြောင့်။ တံ တတိယဈာနသမင်္ဂီပုဂ္ဂလ–ကို။ တေ (ဗုဒ္ဓါဒယော အရိယာ)–တို့သည်။ ဧဝံ–ဤသို့ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"ဟူ၍။ ပသံသန္တိ–ကုန်သနည်း။ ဣတိ(အယံ)–ကား။ စောဒနာ–တည်း။

(ခ)(တဿ တတိယဈာနသမင်္ဂီပုဂ္ဂလဿ–၏။ (ဝါ) သည်။ တေသံ(အရိယာနံ)–တို့၏။ ဧဝံ–ဤသို့ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"ဟူ၍။) ပသံသာရဟတော– ချီးမွမ်းခြင်းငှာထိုက်ပေသည်၏ အဖြစ်ကြောင့်။ တံ တတိယဈာနသမင်္ဂီပုဂ္ဂလ–ကို။ တေ (ဗုဒ္ဓါဒယော အရိယာ)–တို့သည်။ ဧဝံ–...ဟူ၍။ ပသံသန္တိ–ကုန်၏။ (မဒ္ဒသျှ၊ ၂။ ၂၉၆။)

## (၂)

### (ခ)သို့ အနုသန္ဓေ

(က)ဖြင့် အမေးပုစ္ဆာစောဒနာကို ပြပြီး၍ အဖြေဝိဿဇ္ဇနာသောဓနာကိုပြလို၍ (ခ)မိန့်။(ပက္ခန္တ)

### (ဂ) ဥပနာသောဂါဒိပဥ္စက

ဆရာ–သည် (ခ)ဖြင့် ချီးမွမ်းခြင်းငှါထိုက်ပေသည်၏ အဖြစ်ကြောင့် ထိုတတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဘုရားအစရှိသော အရိယာတို့သည် "ဥပေက္ခကော, သတိမာ, သုခဝိဟာရီ"ဟူ၍ ချီးမွမ်းကြကုန်၏ဟု (အကျဉ်းအားဖြင့်) ဆိုတော်မူ၏။ ထိုသို့ ...သော် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ "ဥပေက္ခကော, သတိမာ, သုခဝိဟာရီ"ဟူ၍ ချီးမွမ်းထိုက်သည်၏အဖြစ်ကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ်မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ (ပ) ဤတတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ "ဥပေက္ခကော, သတိမာ, သုခဝိဟာရီ"ဟူ၍ ချီးမွမ်းထိုက်သည်၏ အဖြစ်ကို ခွဲခြမ်းစိတ်ဖြာ၍ အကျယ်ပြဆိုသင့်သေး၏။ ...အကျယ်ပြဆိုပုံကား

http://www.dhammadownload.com



အဘာယ်ပါနည်း။ (ဝါ) အဘာယ်သို့လျှင် ဤတတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ "ဥပေက္ခကော, သတိမာ, သုခဝိဟာရီ"ဟူ၍ ချီးမွမ်းထိုက်သည်၏အဖြစ်ကို ခွဲခြမ်းစိတ်ဖြာ၍ သိရပါမည်နည်း။ စုဒ်ကြောင့် (ဂ)မိန့်။ မှတ်ချက်။ ။ (ဂ)ဆိုသော်လည်း (င)တိုင်အောင် ဖျော်တက်ရသည်။

(ဂ)ဖြင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ "ဥပေက္ခကော"ဟု ချီးမွမ်းထိုက်ပုံကို ပြသည်။

(ဃ)ဖြင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ "သတိမာ"ဟူ၍ ချီးမွမ်းထိုက်ပုံကို ပြသည်။

(င)ဖြင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ "သုခဝိဟာရီ"ဟူ၍ ချီးမွမ်းထိုက်ပုံကို ပြသည်။

(ရှေ့နောက်ထောက်ဆ ပက္ခ+ပက္ခန္တရခွဲ၊ ကျမ်းတက်လွယ်ပြီ)

(စ) နိဂမနဝါကျ။

(၄)

(ဂ) မဓု + ယဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ မဓုရံ။(မဓု+ရ။) (ကစ္စည်း။၃၆၇။)

* အတိဝိယ + မဓုရံ အတိမဓုရံ။

* အတိမဓုရံ + သုခံ + ယသ္မိံ တတိယဈာနေတိ အတိမဓုရသုခံ။ (တသ္မိံ)

✔ အတိမဓုရ+သုခ+ယ–သည်ရင်း၊ အလွန်ကောင်းမြတ်သော သုခ၏ + တတိယဈာန်နှင့် ဂုဏ်+ဂုဏေး၊ ဌာနီ+ဌာန–စပ်–ရင်း ဗျူ–နိ။

✔ အလွန်ကောင်းမြတ်သော သုခရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

(ခ) ပသံသနံ ပသံသာ။ အရဟတီတိ အရဟော။

* ပသံသံ + အရဟော ပသံသာရဟော။

(တစ်နည်း) ပသံသိတုံ + အရဟတီတိ ပသံသာရဟော–ဟုပြု။ (မအူသျှ၊ ၂။ ၂၉၆။)

(ချီးမွမ်းခြင်း၏ + တတိယဈာနသမင်္ဂီပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေးစပ်)

(ဂ) ပရမာနံ + ဘာဝေါ ပါရမီ။ ပရမာနံ ဝါ ကမ္မံ ပါရမီ။ (ပရမ+ဏ။)(မဏိမဉ္ဇူ၊၁။၇၈။)

(တစ်နည်း)ပရမံ့ယေဝ ပါရမီ။ ပရမ–ပုဒ်၊သွတ္ထ–ဏ–ပစ္စည်း၊ ဝီ–ဤ–ပစ္စည်း။(ပါ–ဘာဋီ၊၁။၆၁၈။)

* သုခဿ + ပါရမီ သုခပါရမီ။ သုခပါရမိံ + ပတ္တံ သုခပါရမိပ္ပတ္တံ။ (တသ္မိံ)

* အဘိအတိရေကံ + သင်္ဂေါ အဘိသင်္ဂေါ။

* သုခသ္မိံ + အဘိသင်္ဂေါ သုခါဘိသင်္ဂေါ။ (တေန)

♦ သုခ၌ + အလွန်ကပ်ငြိခြင်းသည်။ (မအူသျှ)

(တစ်နည်း) အဘိသဇ္ဇတီတိ အဘိသင်္ဂေါ။ သုခသ္မိံ + အဘိသင်္ဂေါ သုခါဘိသင်္ဂေါ။

♦ သုခ၌ + ငြိကပ်တတ်သော တဏှာသည်။ (ဘာဋီ)

(ဃ) ဥပဋ္ဌိတာ + သတိ + အဿ တတိယဈာနသမင်္ဂီပုဂ္ဂလဿာတိ ဥပဋ္ဌိတသတိ။

* ဥပဋ္ဌိတသတိဿ + ဘာဝေါ ဥပဋ္ဌိတသတိတာ။(တာယ)

(င) ကာမီယတီတိ ကန္တံ။ (ကမု+တ။)

* အရိယေဟိ + ကန္တံ အရိယကန္တံ။ (အရိယာတို့နှစ်သက်အပ်သော သုခ)

* အရိယာ စ + တေ + ဇနာ စာတိ အရိယဇနာ။ တေဟိ + သေဝိတံ အရိယဇနသေဝိတံ။

(စ) ပသံသာယ + ဟေတု ပသံသာဟေတု။

* ပသံသာဟေတု + ဟုတွာ + ဘူတာ ပသံသာဟေတုဘူတာ။ (တေ)

* အတ္တနော ဒဗ္ဗံ ဂုဏေတိ ပကာသေတီတိ ဂုဏော။ (ဂုဏ+အ။)

http://www.dhammadownload.com



(၅)

ပါဠိရမိ–ကား တဒ္ဓိတ်နာမ်၊ ဣတ္ထိလိင်၊ နဒါဒိ၊ ဤ–ကာရန္တ။
ဥပဋ္ဌိတသတိ–ကား သမာသ်နာမ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။
ဥပဋ္ဌိတသတိတာယ–ကား ဘာဝတဒ္ဓိတ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ–ကာရန္တ။

(၆)

(ဃ) ဥပဋ္ဌိတသတိတာယ–ဖြင့် သတိမာဌ် (သတိ+မန္တု) မန္တု–ပစ္စည်း၏ အသယတ္ထိတဒ္ဓိတ် အနက်၌ သက်–ရင်း၊ သတိ အဿ အတ္ထိ, အသို့ ဝါ ဝိဇ္ဇတီတိ သတိမာ–ဟု ပြု–ရင်း သိစေ။

♦ သံဝဏ္ဏောတဗ္ဗ၊ တဒ္ဓိတ၊ ဗဟုဗ္ဗီဟိနှင့် ဖွင့်၍ပြ၊ အဿတ္ထိ–ဟု ကြံစရာ။(သံဝဏ္ဏနာနိယ။ ၁၁။)

(၇)

(င) အရိယကန္တမေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ အရိယာတို့သည် နှစ်သက်အပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ဂဟေတဗ္ဗတ္ထ။
✔ အရိယာတို့သည်မနှစ်သက်အပ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။
✔ အရိယာတို့သည် နှစ်သက်အပ်သော တတိယဈာနစေတသိကသုခသည် အနုညာတတ္ထ။

♦ နောက်ပဒမှာ၊ ဧဝပါ၊ မျှစွာရွေးကလှမ်း။

♦ ဧဝ–ဖြင့် အကန္တကို ကန့်သည်။ စ–ဖြင့် ဈာန်သုခကိုဆည်းသည်။ (မအူသျ၊ ၂။ ၂၉၇။)

အရိယဇနသေဝိတမေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ အရိယာတို့သည် မှီဝဲအပ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် ဂဟေတဗ္ဗတ္ထ။
✔ အရိယာတို့သည် မမှီဝဲအပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။
✔ အရိယာတို့သည် မှီဝဲအပ်သော တတိယဈာနစေတသိကသုခသည် အနုညာတတ္ထ။

(ဂ) ဟိ–ကား ဝိတ္ထာရတ္ထ။ ဝိ–ကား သမ္ဘာဝနတ္ထ။
(ဃ) စ–ကား ပက္ခန္တရတ္ထ။ (င) စ–ကား ပက္ခန္တရတ္ထ။

(၈+၉)

(စ) ပသံသန္တိ–၌ ဓာတ်–အရကို (၂၂၇)ဝါကျ အာစိက္ခန္တိ–အရနှင့်အတူထုတ်။
သုခါဘိသင်္ဂေန–အရ တဏှာလောဘကိုယူ။ လက္ခဏာဒိထုတ်။ (၄။ ၂၉၁။)

(၁၀)

(ဂ) အယံ + တတိယဈာနေ ဥပေက္ခကော–၌–

✔ အယံ–အရ ဈာနုပေက္ခာဟု ဆိုအပ်သော တတြမဇ္ဈတ္တတာ စေတသိက်သည်–
ဥပေက္ခကော–အရ တတိယဈာန်စိတ္တုပ္ပါဒ်အား သဟဇာတ–ပြု။
ပြိုင်။ ။ သဟကြီး ၄၊ အညသမ္ဘ၊ ဈာန။(၇)

(က) တံ + ပသံသန္တိ–၌–

✔ တံ–အရ တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ ခန္ဓာပဥ္စကသည်–
ပသံသန္တိ–၌ ပ, သံသ–ဓာတ်အရ ချီးမွမ်းသော အခြင်းအရာအားဖြင့် ဖြစ်သော မဟာကု, ကြိယာဉာဏသံ–စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။ ပြိုင်။ ။ အာ, ပု, အတ္ထိ, အဝိ။(၄)

http://www.dhammadownload.com



## ဝါကျဥယျာဉ်(၂၂၉)

(က) သုခဿ စ ပဟာနာ, ဒုက္ခဿ စ ပဟာနာတိ ကာယိကသုခဿ စ ကာယိကဒုက္ခဿ စ ပဟာနာ။

(ခ) ပုဗ္ဗေဝါတိ တဉ္စ ခေါ ပုဗ္ဗေဝ။

(ဂ) သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာတိ စေတသိကသုခဿ စ စေတသိကဒုက္ခဿ စာတိ ဣမေသမ္ပိ ဒွိန္နံ ပုဗ္ဗေဝ အတ္ထင်္ဂမာ၊ ပဟာနာ ဣစ္စေဝ ဝုတ္တံ ဟောတိ။

(ဃ) ကဒါ ပန နေသံ ပဟာနံ ဟောတိ?

(င) စတုန္နံ ဈာနာနံ ဥပစာရက္ခဏေ။

(စ) သောမနဿံ ဟိ စတုတ္ထဇ္ဈာနဿ ဥပစာရက္ခဏေယေဝ ပဟီယတိ၊ ဒုက္ခဒေါမနဿသုခါနိ ပဌမဒုတိယတတိယဇ္ဈာနာနံ ဥပစာရက္ခဏေသု။

ဋ။ ၂၂၀။ သာရတ္ထ၊ ၁။ ၃၇၆။ ပြည်သျှ၊ ၂။ ၂၈၉။ ဘာဋီ၊ ၂။ ၄၉၃။ မအူသျှ၊ ၂။ ၂၉၉။ မင်းခင်းဂဏ္ဌိ။ ၅၀၇။

(၁)

### သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ-(ပါဠိတော်)ကို သံဝဏ္ဏနာနှင့်အညီအနက်

ပုဗ္ဗေဝ-ရှေးဦးကလျှင်။ သုခဿ စ-ကာယိကသုခကိုလည်း။ ပဟာနာ-ခြင်းကြောင့်။ ဒုက္ခဿ စ-ကာယိကဒုက္ခကိုလည်း။ ပဟာနာ-ကြောင့်။ သောမနဿဒေါမနဿာနံ-စေတသိကသုခ, စေတသိကဒုက္ခတို့၏။ ပုဗ္ဗေဝ-လျှင်။ အတ္ထင်္ဂမာ-ချုပ်ခြင်းကြောင့်။ (ပါဠိတော်နိသျှ။၁၀၂။)

မှတ်ချက်။ ။ ပုဗ္ဗေဝ-ကား မဇ္ဈေဒီပက, ကာကောလောကနည်းရသောပုဒ်တည်း။

### (စ)ကို ဥပစာရက္ခဏေယေဝ-၌ ဧဝ-၏ ဧဝတ္ထဖလထည့်၍ အနက်ပေး

ဟိ-ချဲ့။ သောမနဿံ-စေတသိကသုခကို။ စတုတ္ထဇ္ဈာနဿ-၏။ ဥပစာရက္ခဏေယေဝ-လျှင်။ ပဟီယတိ-၏။ (စတုတ္ထဇ္ဈာနေ-၌။ န ပဟီယတိ-အပ်။)

### ဒုက္ခဒေါမနဿသုခါနိ ပဌမဒုတိယတတိယဇ္ဈာနာနံ ဥပစာရက္ခဏေသု-ကို ယထာက္ကမ, ယထာသချာနည်းဖြင့် အနက်ပေး

ဒုက္ခံ-ကာယိကဒုက္ခကို။ ပဌမဇ္ဈာနဿ-၏။ ဥပစာရက္ခဏေ-၌။(ပဟီယတိ-၏။)

ဒေါမနဿံ-စေတသိကဒုက္ခကို။ ဒုတိယဇ္ဈာနဿ-၏။ ဥပစာရက္ခဏေ-၌။(ပဟီယတိ-၏။)

သုခံ-စေတသိကသုခကို။ တတိယဇ္ဈာနဿ-၏။ ဥပစာရက္ခဏေ-၌။(ပဟီယတိ-၏။)

(၂)

### (ခ)ဝါကျ န စတုတ္ထဇ္ဈာနက္ခဏေ-သို့ ဥပနာဘောဂါဒီပဋ္ဌက

ဆရာ-သည် (ခ) တဉ္စ ခေါ ပုဗ္ဗေဝ-ဖြင့် သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာဟူသော ပါဠိတော်၌ ပုဗ္ဗေဝကို အတ္ထင်္ဂမာဟူသော နောက်ပုဒ်၌သာ စပ်ရမည် မဟုတ်၊ ပဟာနာဟူသော ရှေ့ပုဒ်၌လည်း စပ်၍ အနက်ပေးရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ ...သော် ပုဗ္ဗေဝ၌ ဧဝ၏ ဧဝတ္ထဖလ (ဝါ) နိဝတ္တေတဗ္ဗတ္ထကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် ...မဆိုသင့်။ ပုဗ္ဗေဝ၌ ဧဝ၏ ဧဝတ္ထဖလ (ဝါ) နိဝတ္တေတဗ္ဗတ္ထကိုလည်း ပြဆိုသင့်သေး၏။ ...ကား အဘယ်ပါနည်း။ စုဒ်ကြောင့် န စတုတ္ထဇ္ဈာနက္ခဏေ-မိန့်။

http://www.dhammadownload.com



### (ဃ)(င)သို့ မအူသျှ ကျမ်းတက်ပုံ

ပုဗ္ဗေဝဟု သာမညအားဖြင့် ဟောတော်မူအပ်သည်၏အဖြစ်ကြောင့် ထိုပယ်ရာအခါကို မေးလို၍ ကဒါ ပန-အစမိန့်။ ဝိဿဇ္ဇနာကို ပြလို၍ စတုန္န-အစမိန့်။ (မအူသျှ၊၂။၃၀၀။)

### (ဃ)(င) ဥပနာဘောဂါဒိပဋ္ဌက

ဆရာ-သည် (က)(ခ)(ဂ)တို့ဖြင့် သုခဿ စ ပဟာနာ-စသော ပုဒ်တို့၏ အဘိဓေယျတ္ထနှင့် တကွ အစပ်သမ္ဗန်ကို ပြဆိုတော်မူ၏။ (တစ်နည်း) ဆရာ-မြတ်စွာဘုရားသည် "သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ-စသည်ဖြင့် ဟောတော်မူ၏။ ထိုသို့ ...သော် ပုဗ္ဗေဝဟုသာမညအားဖြင့် ဟောတော်မူအပ်သည်၏အဖြစ်ကြောင့် ရှေးဖြစ်သော အခါမှန်သမျှကို ယူအပ်၏ဟူသော အနက်သဘော သင့်ရောက်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် ...မဆိုသင့်။ (တစ်နည်း) ဟောတော်မမူသင့်။ ကာလအထူးကို ထင်ရှားသိနိုင်ရန် ပုစ္ဆာ, ဝိဿဇ္ဇနာထုတ်၍ ပြဆိုသင့်သေး၏။ ကာလအထူးကို ထင်ရှားသိနိုင်ရန် ပုစ္ဆာ, ဝိဿဇ္ဇနာကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဃ)(င)မိန့်။

### (စ)ဥပနာဘောဂါဒိပဋ္ဌက

ဆရာ-သည် (င)ဖြင့် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿတို့ကို ဈာန်(၄)ပါးတို့၏ ဥပစာရက္ခဏ၌ ပယ်၏ဟု ဆို၏။ ထိုသို့ ...သော် ဤမည်သော ဝေဒနာကို ဤမည်သော ဈာန်၏ ဥပစာရက္ခဏ၌ ပယ်အပ်၏ဟူ၍ အကျယ်အားဖြင့် မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ ...ကြောင့် ...မဆိုသင့်။ ဤမည်သော ဝေဒနာကို ဤမည်သော ဈာန်၏ ဥပစာရက္ခဏ၌ ပယ်အပ်၏ဟူ၍ အကျယ်အားဖြင့် ပြဆိုသင့်သေး၏။ (ပ) စုဒ်ကြောင့် (စ)မိန့်။ (ဝိတ္ထာရ)

(၃)

(င)ဖြင့် အဗျာပိတ၊ (တစ်နည်း) ပုစ္ဆာ+ဝိဿဇ္ဇနာ ဆန့်ကျင်သော ဝိရောဓိ-ပယ်။

(၄)

(က) ကာယေ + နိယုတ္တံ ကာယိကံ။ ကာယိကံ + သုခံ ကာယိကသုခံ။ (တဿ)

✔ သုခဿဟာဂုတ်ကာယဝိညာဏ်၌ ယှဉ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်၏ + သုခဝေဒနာနှင့် ဂုဏ်+ဂုဏေးစပ်- ဗျု-နိ။

✔ သုခဝေဒနာတို့၏... ဓာတ်သည် ပ-နိ။

"ဝစနတ္ထမှတ်ဖွယ်"

* ကာယိကံ + ဒုက္ခံ ကာယိကဒုက္ခံ။ (တဿ)

(ခ) စတုတ္ထဈာနဿ + ခဏော စတုတ္ထဈာနက္ခဏော။ (တသို့)

(ဂ) စေတသိ + နိယုတ္တံ စေတသိကံ။ (စေတ+ဏ္ဏက။)

(စိတ်၏ + စေတသိကံနှင့် နိဿယ+နိဿိတစပ်)

* စေတသိကံ + သုခံ စေတသိကသုခံ။ စေတသိကံ + ဒုက္ခံ စေတသိကဒုက္ခံ။ (တဿ)

(၅)

(ခ) ပုဗ္ဗေ-ကား — သဗ္ဗနာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ-ကာရန္တ။

(ဂ) အတ္ထင်္ဂမာ-ကား — သမာသ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ-ကာရန္တ။

အတ္ထင်္ဂမာ-၌ အတ္ထ-ကားကိတ်နာမ်၊ နပုံ၊ စိတ္တာဒိ၊ အကာရန္တ။

♦ အတ္ထသဒ္ဒေါ နိဗ္ဗာနဝစနော နပုံသကလိင်္ဂေါ။ (နီတိ၊ ပဒ။ ၃၃၆။)

http://www.dhammadownload.com



(၆)

(က)ဖြင့် သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ၌ သုခအရ ကာယိကသုခကို, ဒုက္ခအရ ကာယိကဒုက္ခကို ယူ... သိစေသည်။

(ခ) တဠ ဓေါ ပုဗ္ဗေဝ–ဖြင့် သုခဿ စ ပဟာနာ–စသော ပါဠိတော်၌ ပုဗ္ဗေဝကို အတ္ထင်္ဂမာ ဟူသော နောက်ပုဒ်၌သာ စပ်အပ်သည် မဟုတ်သေး၊ ပဟာနာဟူသော ရှေးပုဒ်၌လည်း စပ်ရမည်ဟု သိစေ။ (သမ္ဗန္ဓ, ဘာဝတ္ထ)

(တစ်နည်း) သုခဿ စ ပဟာနာ–စသော ပါဠိတော်၌ ပုဗ္ဗေဝပုဒ်သည် အတ္ထင်္ဂမာဟူသော နောက်ပုဒ်ကိုသာ ငဲ့သည် မဟုတ်သေး၊ ပဟာနာဟူသော ရှေးပုဒ်ကိုလည်း ငဲ့၏–ဟူသော အဓိပ္ပါယ်ကို သိစေ။

န စတုတ္ထဇ္ဈာနက္ခဏေ–ဖြင့် ပုဗ္ဗေဝ၌ ဧဝသဒ္ဒါသည် သန္နိဋ္ဌာနတ္ထကို မဟော၊ အဝဓာရဏတ္ထကို ဟော... ၎င်း၊ ယင်း ဧဝ၏ ဧဝတ္ထဖလကား (ဝါ) နိဝတ္တေဗ္ဗတ္ထကား န စတုတ္ထဇ္ဈာနက္ခဏေပင်တည်းဟူသော အဓိပ္ပါယ်ကို၎င်း သိစေသည်။

♦ နိယမေစာအဝဓာရဏေ၊ သန္နိဋ္ဌာနေ စ ဝုစ္စတေ။

ပဒပူရဏေမတ္တေ စ၊ ဧဝ သဒ္ဒေါ ဝိဘာဝနာ။

(ဂ) စေတသိကသုခဿ စ စေတသိကဒုက္ခဿ စ–ဖြင့် သောမနဿဒေါမနဿာနံ၌ သောမနဿအရ စေတသိကသုခကို, ဒေါမနဿအရ စေတသိကဒုက္ခကို ယူရမည်ကို ၎င်း၊ သောမနဿဥ + ဒေါမနဿဥ သောမနဿဒေါမနဿာနိဟု ဒွန်သမာသ်ဝစနတ္ထပြု–၎င်း သိစေသည်။

ဣတိ ဣမေသမ္ပိ ဒွိန္နံ–ဖြင့် သောမနဿဒေါမနဿဟူသော ဒွန်သည် သမာဟာရဒွန်မဟုတ် အသမာဟာရဒွန်အဖြစ်ကို သိစေသည်။

ပုဗ္ဗေဝ အတ္ထင်္ဂမာ–ဖြင့် ပုဗ္ဗေဝကို ပဟာနာဟူသော ရှေးပုဒ်၌သာ စပ်ရသည်မဟုတ်၊ အတ္ထင်္ဂမာဟူသော နောက်ပုဒ်၌လည်း စပ်ရမည်ဟု သိစေသည်။

ပဟာနာ ဣစ္စေဝ ဝုတ္တံ ဟောတိ–ဖြင့် အတ္ထင်္ဂမာ၌ (သောမနဿ, ဒေါမနဿတို့၏) ချုပ်ခြင်းသို့ ရောက်ခြင်းဟူသည် (သောမနဿ, ဒေါမနဿတို့ကို) ပယ်ခြင်းပင်တည်းဟု သိစေသည်။

(၇)

(ခ) ပုဗ္ဗေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ ဈာန်လေးပါးတို့၏ ဥစာရက္ခဏသည် ဂဟေတဗ္ဗတ္ထ။

✔ စတုတ္ထဈာနက္ခဏသည် နိဝတ္တေတဗ္ဗတ္ထ။

(စ) စတုတ္ထဈာနဿ ဥပစာရက္ခဏေယေဝ–၌ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ စတုတ္ထဈာန်၏ ဥစာရက္ခဏသည် ဂဟေတဗ္ဗတ္ထ။

✔ စတုတ္ထဈာနက္ခဏသည် နိဝတ္တေတဗ္ဗတ္ထ။

| | | |
|---|---|---|
| (က)၌ | စ(၂)လုံးသည် | အညမညသမုစ္စယတ္ထ။ |
| (ခ)၌ | စ(၂)လုံးသည် | သမုစ္စယတ္ထ, ဝါကျာရမ္ဘတ္ထ။ |
| | ခေါ–ကား | ပဒပူရဏမတ္တ။ |
| (ဂ) | ဣမေသမ္ပိ–၌ ပိ–ကား | အဝယဝသမ္ပိဏ္ဍနတ္ထ, သမုစ္စယတ္ထ။ |
| (ဃ) | ပန–ကား | ပက္ခန္တရတ္ထ၊ (တစ်နည်း) ဝါကျာရမ္ဘတ္ထ။ |

http://www.dhammadownload.com



(၈)

စတုတ္ထဈာနသ–အရ

✔ စတုတ္ထဈာန်သည် ဒသနတ္တ။

✔ တတိယဈာန်သည် (ဝါ) ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့သည် ဒီပကတ္တ။

✔ စတုတ္ထဈာနသမာပတ္တိသုခသည် ပကာသနတ္ထ။

✔ ပထမ, ဒုတိယဈာန်စသည်သည် ဝိဘာဝတ္တ။

✔ စတုတ္ထဈာန်ဘုံ၌ ဖြစ်ရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္တ။

"(စ) အတ္ထာပန္န, အတ္ထာပတ္တိသိဒ္ဓိ"

(စ) သောမနဿံ စတုတ္ထဈာနဿ ဥပစာရက္ခဏေယေဝ ပဟီယတိ–၌ သောမနဿကို စတုတ္ထဈာန်၏ ဥပစာရက္ခဏ၌သာ ပယ်အပ်၏ဟု အနွယကို ဆိုသဖြင့် စတုတ္ထဈာန်ခဏ၌ မပယ်အပ် ဟူသော ဗျတိရေကအနက်ကို ဆ၍ သိရသောကြောင့် အတ္ထာပန္န, အတ္ထာပတ္တိသိဒ္ဓိ–ရသည်။

(၁၀)

(င) စတုန္နံ ဈာနာနံ + ဥပစာရက္ခဏေ–၌–

✔ ဥပစာရက္ခဏေ–အရ ဥပစာရဈာန်ပစ္စည်းတရားသည်;–

စတုန္နံ ဈာနာနံ–အရ ဈာန်(၄)ပါး ပစ္စယုပ္ပန်တရားအား ပကတူပ–ပြု။

(တစ်နည်း) အနန္တရ–ပြု။ ပြိုင်။ ။ အနန္တရ, သမနန္တရ, ဥပ, အာသေ, နတ္ထိ, ဝိဂတ။ (၆)

==============

## ဝါကျဥယျာဉ် (၂၃၀)

(က) ဧတ္ထာဟ "အထေဝံ တဿ တဿ ဈာနဿုပစာရေ ပဟီနာပိ ဧတာ ဝေဒနာ ဣဓ ကသ္မာ သမာဟဋာ"တိ။

(ခ) သုခဂ္ဂဟဏတ္ထံ။

(ဂ) အပိ စ အဒုက္ခမသုခါယ စေတောဝိမုတ္တိယာ ပစ္စယဒဿနတ္ထဉ္စာပိ ဧတာ ဝုတ္တာတိ ဝေဒိတဗ္ဗာ။

(ဃ) သုခဒုက္ခပ္ပဟာနာဒယော ဟိ တဿာ ပစ္စယာ။

(င) ယထာဟ "စတ္တာရော ခေါ အာဝုသော ပစ္စယာ အဒုက္ခမသုခါယ စေတောဝိမုတ္တိယာ သမာပတ္တိယာ (ပ) သမာပတ္တိယာ"တိ။

ဋ္ဌ။၂၂၁၊၂၂၂။ သာရတ္ထ၊၁။၃၇၈။ ပြည်သျှ၊၂။၂၆၅။ ဘာဋီ၊၂။၄၉၈။ မအုသျှ၊၂။၃၀၉။ မင်းခင်းဂဏ္ဍိ။ ၅၁၀။

(၁)

(ဂ) အပိ စ–ထိုမှတပါးလည်း။ (တစ်နည်း) အပရော–သော။ နယော–အပိ စ–ကိုလည်း။ (မယာ။ ဝုစ္စတေ။) အဒုက္ခမသုခါယ–သော။ စေတောဝိမုတ္တိယာ–စိတ်၏ ပဋိပက္ခမှလွတ်ကြောင်းဖြစ်သော စတုတ္ထဈာန်သမာပတ်၏။ ပစ္စယဒဿနတ္ထဉ္စာပိ–ရခြင်း၏ ဥပါယ်ဖြစ်သော ပစ္စည်းကို ပြခြင်းငှာလည်း။ (ပြည်သျှ) (ဝါ) ရခြင်း၏ အကြောင်းကို ပြခြင်းအကျိုးငှာလည်း။ (ဘာဋီ) ဧတာ–ဤဝေဒနာတို့ကို။ ဝုတ္တာ–တပေါင်းတည်းဟောတော်မူအပ်ကုန်ပြီ။ ဣတိ။ ဝေဒိတဗ္ဗာ–ကုန်၏။

♦ အဒုက္ခမသုခါယ စေတော ဝိမုတ္တိယာတိ ဣဒမေဝ စတုတ္ထံ ဈာနံ ဒဋ္ဌဗ္ဗံ။ ပစ္စယဒဿနတ္ထန္တိ အဓိဂမဿ ဥပါယဘူတပစ္စယဒဿနတ္ထံ။ (သာရတ္ထ၊ ၁။ ၃၇၈။)

http://www.dhammadownload.com



(ဃ) ဟိ–ရဲ့။ သုခဒုက္ခပ္ပဟာနာဒယော–သုခိန္ဒြေ၊ ဒုက္ခိန္ဒြေကို ပယ်တတ်သည် အစရှိကုန်သော ဥပစာရနှင့်တကွဖြစ်ကုန်သော ပဋ္ဌမဈာန်စသည်တို့သည်။(ပြည်ချ)(တစ်နည်း) ကာယိကသုခကို ပယ်ခြင်း၊ ကာယိကဒုက္ခကို ပယ်ခြင်း၊ သောမနဿဝေဒနာ ဒေါမနဿဝေဒနာတို့၏ ချုပ်ခြင်းတို့သည်။ (မအုချ) တဿာ(စေတောဝိမုတ္တိယာ)–၏။ ပစ္စယော–အကြောင်းတို့တည်း။

(၂)

(ခ)သို့ အနုသန္ဓေ

ဤသို့ (က)ဖြင့် ထိုထိုဈာန်၏ ဥပစာရ၌ ပယ်အပ်ကုန်ပြီးသော ထိုဝေဒနာတို့ကို (ဤစတုတ္ထဈာန်၌) ပေါင်းတော်မူ၍ "သုခဿ စ ပဟာနာ"စသည်ဖြင့် ဟောတော်မူရာ၌ စောဒကပုဂ္ဂိုလ်၏ စောဒနာခြင်းကို ပြဆိုပြီး၍ ယခုအခါ၌ အဖြေဝိဿဇ္ဇနာပရိဟာရသောနောက်ကို ပြလို၍ (ခ)မိန့်။ (ပဋ္ဌကတက်မြဲ)

(ဂ) ပါပနာဒီပဋ္ဌက

ဆရာ–သည် (ခ)ဖြင့် အဒုက္ခမသုခဝေဒနာကို ယူလွယ်စေခြင်းအကျိုးငှါ ဤသုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿဝေဒနာတို့ကို (ဤစတုတ္ထဈာန်၌) ပေါင်း၍ မြတ်စွာဘုရားဟောတော်မူအပ်၏ဟု ဆို၏။ ထိုသို့ ...သော် ယင်းဆိုအပ်ပြီးသော အကြောင်းတစ်မျိုးကြောင့်သာ ဤသုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿဝေဒနာတို့ကို ဤစတုတ္ထဈာန်၌ ပေါင်း၍ ဟောတော်မူ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်ကား ...မရောက်သင့်။ ထိုသို့ ...ကြောင့် ဤသုခဝေဒနာတို့ကို ဤစတုတ္ထဈာန်၌ ပေါင်း၍ ဟောတော်မူခြင်း၏ တခြားဖြစ်သင့်သော အကြောင်းတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ ...အဇ္ဈာပိတင်..၏။ စုဒ်ကြောင့် (ဂ)မိန့်။

♦ တုံ့၊ ထွဲ–နှစ်မျိုး၊ အကျိုးမြန်မာ၊ နက်ပေးရာ၊ အကြောင်းသာမှတ်လေ။ (သမ္ဗန္ဓစိန္တာဂဏ္ဌိသစ်။၂၃၈။)

(ဃ) ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (ဂ)ဖြင့် အဒုက္ခမသုခဖြစ်သော စေတောဝိမုတ္တိဟု ဆိုအပ်သော စတုတ္ထဈာန်ကို ရခြင်း၏ အကြောင်းကို ပြခြင်းအကျိုးငှါ ဤသုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿဝေဒနာတို့ကို ဤစတုတ္ထဈာန်၌ ပေါင်း၍ ဘုရားဟောတော်မူအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ ...သော် ဤမည်သော တရားတို့သည် အဒုက္ခမသုခဖြစ်သော စေတောဝိမုတ္တိ၏ အကြောင်းတရားတို့ဖြစ်ကုန်၏၊ ဤမည်သော အကြောင်းတရားကို ပြခြင်းငှါ ဤသုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿဝေဒနာတို့ကို ဤစတုတ္ထဈာန်၌ ဟောအပ်ကုန်၏ဟု အကျယ်အားဖြင့် မသိအပ်၊ မသိနိုင်ရာသည် မဟုတ်ပါလော–စသည်တက်။

(င) ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (ဃ)ဖြင့် သုခိန္ဒြေ၊ ဒုက္ခိန္ဒြေကို ပယ်တတ်သည် အစရှိကုန်သော ဥပစာရနှင့်တကွဖြစ်ကုန်သော ပဋ္ဌမဈာန်စသည်တို့သည် ထိုအဒုက္ခမသုခဖြစ်သော စေတောဝိမုတ္တိ၏ အကြောင်းဖြစ် ကုန်၏ဟု ဆို၏။ ထိုသို့သာ–သော် ဆရာစကားသည် သကာဝစနဒဋ္ဌီယမျှသာဖြစ်၍ မယုံကြည်အပ်၊မယုံကြည်နိုင်ရာသည် မဟုတ်ပါလော–စသည် ဒဋ္ဌီထုံးစံတက်။

(၃)

(ဂ) အပိ စ–ထားရခြင်း

အဒုက္ခမသုခဝေဒနာကို ယူလွယ်စေခြင်း အကျိုးမှတပါး အဒုက္ခမသုခဖြစ်သော စေတောဝိမုတ္တိဟု ဆိုအပ်သော စတုတ္ထဈာန်သမာပတ်ကို ရခြင်း၏ ဥပါယ်ဖြစ်သောပစ္စည်းကို ပြခြင်းအကျိုး တစ်ပါးကို လဲလှယ်ပြလို၍ အပိ စ–ထားသည်။

http://www.dhammadownload.com



(၄)

(က) သင်္ဂဟေတွာ + အာဟရီယန္တေတိ သမာဟဋ္ဌာ။

✔ သံ, အာ, ဟရ–ဓာတ်+တ–ပစ္စည်းသည်ရင်း၊ ပေါင်း၍ ဆောင်ခြင်းကြိယာသည်ရင်း ဗျု–နိ။

✔ ပေါင်း၍ ဆောင်အပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပ–နိ။

(ဝါ) ပေါင်း၍ ဆောင်အပ်သော ဝေဒနာတို့၏... ဓာတ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

(က) ပဟီယိံသူတိ ပဟီနာ။ (ပ, ဟာ+တ။ ပယ်ခြင်း။)

(ခ) * ဂယှတေ ဂဟဏံ။ သုခေန + ဂဟဏံ သုခဂ္ဂဟဏံ။ (တဿ)

(ဂ) * န + ဒုက္ခာ အဒုက္ခာ၊ န + သုခါ အသုခါ။

* အဒုက္ခာ စ + သာ + အသုခါစာတိ အဒုက္ခမသုခါ။ (မဒွန္ဒသျ)

* စိန္တေတီတိ စေတော။ (စိတိ+ဏ။)(ဓာန်–ဋီ) စေတေတီတိ စေတော။ (သူစိ)

* ဝိမုစ္စတိ ဧတာယာတိ ဝိမုတ္တိ။ (ဝိ, မုစ+တ။ လွတ်ခြင်း။)

* စေတသော + ဝိမုတ္တိ စေတောဝိမုတ္တိ။

(စိတ်၏ + ပဋိပက္ခမှလွတ်ကြောင်းဖြစ်သော စတုတ္ထဈာန်နှင့် (ဝါ) စတုတ္ထဈာန်သမာပတ်နှင့် အကျိုး+အကြောင်းစပ်) အမှာ။ ။ သာရတ္ထသာဓကေပါဠိနှင့် အနက်(၁)နံပါတ်ပြန်ကြည့်။

* ပဋိစ္စ ဖလံ ဧတိ, ဧတသ္မာတိ ပစ္စယော။ ပစ္စယာနံ + ဒဿနံ ပစ္စယဒဿနံ။ (တဿ)

(ဃ) သုခဒုက္ခပ္ပဟာနံ + အာဒိ + ဧတေသန္တိ သုခဒုက္ခပ္ပဟာနာဒယော။

(၅)

(ဂ) စေတော–ကား ကိတ်နာမ်၊ ပုံလိင်၊ မနောဂိုဏ်း၊ အ–ကာရန္တ။

စေတောဝိမုတ္တိယာ–ကား သမာသ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။

(၇)

(က) အထေဝံ–၌ အထ–ကား မင်္ဂလတ္ထ။ (အထ–ထိုမှို့–ဟုပေး။) (ပြည်သျ)

အထ–အတ္ထုဒ္ဓါရ ။ ။ အဓိကာရေ မင်္ဂလေစေဝ၊ နိပ္ပန္နေစာ–ဝဓာရဏေ။

အနန္တရေ စ–ပါဒါနေ၊ အထ–သဒ္ဒေါ ပဝတ္တတိ။ (ကစ္စည်း။၂၁၅။)

ဧဝံ–ကား နိဒဿနတ္ထ။ ပဟီနာဝိ–၌ ဝိ–ကား အရုစ္စတ္ထ, ဂရဟတ္ထ။ (မဒွန်သျ။ကျော်စံဂဏ္ဌိ။၃၇၃။)

သမာဟဋ္ဌာ–၌ သံ–ကား သင်္ဂဟတ္ထ, သမောဓာနတ္ထ။ အာ–ကား ဓာတွတ္ထာနုဝတ္တက။

(ဂ) အပိ စ–ကား အတ္ထန္တရဝိကပ္ပနတ္ထ။

ပစ္စယဒဿနတ္ထဉ္စာပိ–၌ စ,အပိ–တို့ကား ရှေးသုခဂ္ဂဟဏတ္ထကိုပေါင်းဆည်း–ဝုတ္တာပေက္ခသမ္ပိဏ္ဍနတ္ထ။

(တစ်နည်း) စ–ကား ပဒပူရဏ, ပဒါလင်္ကာရ။ အပိ–ကား ဝုတ္တာပေက္ခသမ္ပိဏ္ဍနတ္ထ။

(ဃ) ဟိ–ကား ဝိတ္ထာရတ္ထ၊ (တစ်နည်း) ယုတ္တိဒဠှီကရဏတ္ထ။

♦ ဟေတုနောင်မှ၊ ဟိနှင့်ပြမူ၊ ရှဲ့မှုသင့်မည်၊ ဝိတ္ထာပြီ။

♦ အာဂမ၏၊ ရှေးနား–ဟိ၊ ယုတ္တိဒဠှီများသတည်း။

(၈)

(ဂ) အဒုက္ခမသုခါယ စေတောဝိမုတ္တိယာ–အရ စတုတ္ထဈာန်ကို ယူ၍ထုတ်။

♦ အဒုက္ခမသုခါယာ စေတောဝိမုတ္တိယာတိ ဣဒမေဝ စတုတ္ထ ဈာနံ ဒဋ္ဌဗ္ဗံ။ (သာရတ္ထ၊ ၁။ ၃၇၈။)

http://www.dhammadownload.com



### (ဂ) ဝေဒိတဗ္ဗာ–သဒ္ဒါထားရခြင်း

အဒုက္ခမသုခဖြစ်သော စေတောဝိမုတ္တိကို ရခြင်း၏အကြောင်းကို ပြခြင်းအကျိုးငှါ ဤသုခ, ဒုက္ခ, သောမနဿ, ဒေါမနဿတို့ကို ဤစတုတ္ထဈာန်၌ ဘုရားရှင်ဟောတော်မူအပ်၏ဟူသော စကားသည် မုချတိုက်ရိုက်ဆိုးဖြတ်အပ်သော သန္နိဋ္ဌာနတ္ထကား မဟုတ်၊ ဆောင်၍ဆိုးဖြတ်အပ်သော သံသယတ္ထသာ ဖြစ်၏ဟု ပြလို၍ ထားသည်။

### (၁၀)

### (ဂ) သုခဒုက္ခပ္ပဟာနာဒယော + တဿာ + ပစ္စယာ–၌–

✔ သုခဒုက္ခပ္ပဟာနာဒယော, ပစ္စယာ–အရ ဥပစာရဈာန်နှင့် တကွဖြစ်သော ပ, ဒု, တတိယဈာန်တို့သည်–တဿာ–အရ အဒုက္ခမသုခစေတောဝိမုတ္တိဟု ဆိုအပ်သော စတုတ္ထဈာန်အား ပကတူပ–ပြု။

♦ (သုခ)ဒုက္ခပ္ပဟာနာဒယောတိ စ သောပစာရော ပဌမဇ္ဈာနာဒယောဝေတ္ထ အဓိပ္ပေတာ။ (သာရတ္ထ၊၁။၃၇၈။)

=============

## ဝါကျဥယျာဉ် (၂၃၁)

(က) ယထာ ဝါ အညတ္ထ ပဟီနာပိ သက္ကာယဒိဋ္ဌိအာဒယော တတိယမဂ္ဂဿ ဝဏ္ဏာဘဏနတ္ထံ တတ္ထ ပဟီနာတိ ဝုတ္တာ၊ ဧဝံ ဝဏ္ဏဘဏနတ္ထမ္ပေတဿ ဈာနဿေတာ ဣမေ ဝုတ္တာတိ ဝေဒိတဗ္ဗာ။

( ခ ) ပစ္စယဃာတေန ဝါ ဧတ္ထ ရာဂဒေါသာနံ အတိဒူရဘာဝံ ဒဿေတုမ္ပေတာ ဝုတ္တာတိ ဝေဒိတဗ္ဗာ။

(ဂ) ဧတာသု ဟိ သုခံ သောမနဿဿ ပစ္စယော၊ သောမနဿံ ရာဂဿ၊ ဒုက္ခံ ဒေါမနဿဿ၊ ဒေါမနဿံ ဒေါသဿ။

(ဃ) သုခါဒိဃာတေန စဿ သပ္ပစ္စယာ ရာဂဒေါသာ ဟတာတိ အတိဒူရေ ဟောန္တီတိ။

ဋ္ဌ။၂၂၂။ သာရတ္ထ။ ၁။ ၃၇၈။ ပြည်သျှ၊ ၂။ ၂၉၈။ ဘာဋီ၊ ၂။ ၄၉၈။ မအူသျှ၊ ၂။ ၃၁၀။ မင်းခင်းဂဏ္ဌိ။ ၅၁၀။

### (၁)

(က)အညတ္ထ–တတိယမဂ်မှတပါးကုန်သော အောက်မဂ်တို့၌။ (ပ)တတ္ထ–ထိုတတိယမဂ်၌။(ပ) ဧတဿ ဈာနဿ–ဤစတုတ္ထဈာန်၏။(ပ)ဣမေ–ဤစတုတ္ထဈာန်၌။ (ဧတာ–ထိုဝေဒနာတို့ကို။) ဝုတ္တာ–ကုန်၏။

### (၂)

### (ခ) ပါပနာဒိပဋ္ဌက

ဆရာ–သည် (က)ဖြင့် ဤစတုတ္ထဈာန်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းခြင်းငှါ (ဝါ) ချီးမွမ်းလိုသောကြောင့် ဤသုခ, ဒုက္ခ, သောမနဿ, ဒေါမနဿဝေဒနာတို့ကို ဤစတုတ္ထဈာန်၌ ပေါင်း၍ ဘုရားဟောတော်မူအပ်၏ဟု ဆို၏။ ထိုသို့–သော် ဤဆိုအပ်ပြီးသောအကြောင်းကြောင့်သာ ဤသုခဝေဒနာ တို့ကို ဤစတုတ္ထဈာန်၌ ပေါင်း၍ ဟောတော်မူ၏ဟူသော အနက်သည် ရောက်ရာ၏–စသည်တက်။ (ပက္ခန္တရ)

### (ဂ) ဌပနာဘာဝုဂါဒိပဋ္ဌက

ဆရာ–သည် (ခ)ဖြင့် အကြောင်းကို ပယ်ခြင်းဖြင့် ဤစတုတ္ထဈာန်၌ ရာဂ, ဒေါသတို့၏ အတိဒူရ၏အဖြစ်ကို ပြခြင်းအကျိုးငှာ ဤသုခ, ဒုက္ခ, သောမနဿ, ဒေါမနဿဝေဒနာတို့ကို ဤစတုတ္ထဈာန်၌ ပေါင်း၍ ဘုရားရှင်ဟောတော်မူအပ်ကုန်၏ဟု ဆို၏။ ထိုသို့သာ–သော် ဆရာစကားသည် ယုတ္တိကင်းပဒဋ္ဌီယမျှသာဖြစ်၍ မခိုင်မြဲရာသည် မဟုတ်ပါလော–စသည်တက်။ ( ပြည်သျှအလို ဒဋ္ဌီ)

http://www.dhammadownload.com



(တစ်နည်း) ဋ္ဌပနာတဉ်၏။ ထိုသို့–သော် အကြောင်းကို ပယ်သတ်ခြင်းဖြင့် ရာဂ, ဒေါသတို့၏ အတိဒူရဖြစ်ပုံကို အကျယ်အားဖြင့် မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော–စသည်တက်။ ( ဘာသာဋီ၊မအူ)

(၃)

(ခ) ဝါ–သဒ္ဒါထားရခြင်း

စတုတ္ထဈာန်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းခြင်းဟူသော အကျိုးမှတပါး အကြောင်းကို ပယ်သတ် သဖြင့် ရာဂ, ဒေါသတို့၏ အတိဒူရ၏အဖြစ်ကို ပြလိုခြင်းဟူသော အကျိုးတစ်ပါးကို (တစ်နည်း) စတုတ္ထဈာန်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းလိုခြင်းဟူသော အကြောင်းမှတပါး အကြောင်းကို ပယ်သတ်သဖြင့် ရာဂ, ဒေါသတို့၏ အတိဒူရ၏အဖြစ်ကို ပြလိုခြင်းဟူသော အကြောင်း တစ်မျိုးကို လဲလှယ်ပြလို၍ ထားသည်။

(၄)

* ဟာနံ ဃာတော။ ပစ္စယသ္သ + ဃာတော ပစ္စယဃာတော။

(တစ်နည်း) ပစ္စယာနံ + ဃာတော ပစ္စယဃာတော။ (တေန) (မအူသျ၊ ၂။ ၃၁၀။)

✔ –ပုဒ်သည်ငင်း၊ (သုခသောမနဿ, ဒုက္ခဒေါမနဿဟုဆိုအပ်ကုန်သော) အကြောင်းတရားတို့၏+ ပယ်သတ်ခြင်းနှင့် ပဟာတဗ္ဗ+ပဟာယက၊ သာခေတဗ္ဗ+သာခနစပ်–ငင်း ဗျု–နီ။

✔ အကြောင်းတရားတို့ကို ပယ်သတ်ခြင်းကြံ့ယာသည် ပ–နီ။

"ဝစနတ္ထမှတ်ဖွယ်"

(က) တိဏ္ဏံ + ပူရဏော တတိယော။ တတိယော + မဂ္ဂေါ တတိယမဂ္ဂေါ။ (တဿ)

* ဝဏ္ဏသ္သ + ဘဏနံ ဝဏ္ဏဘဏနံ။ (တဿ)

(ခ) ရာဂေါ စ + ဒေါသော စ ရာဂဒေါသာ။ (တေသံ)

* အတိဝိယ + ဒူရာ အတိဒူရာ။ တေသံ + ဘာဝေါ အတိဒူရဘာဝေါ။ (တံ)

(ဂ) * သုန္ဒရံ + မနော သုမနော။ (စိတ္တံ) သုမနဿ + ဘာဝေါ သောမနဿံ။

✔ သုမန+ဏျ–သည်ငင်း၊ ကောင်းသောစိတ်၏ + ဖြစ်ကြောင်းဖြစ်ရာ သောမနဿဝေဒနာနှင့် အကျိုး + အကြောင်းစပ်– ဗျု–နီ။

✔ ကောင်းသောစိတ်၏အဖြစ်ဟုဆိုအပ်သော သုန္ဒရဘောဂဏ်သည် (ဝါ) သောမနဿဝေဒနာ၏ ...ဓာတ်သည် ပ–နီ။

(တစ်နည်း) သုန္ဒရံ + မနော + ဧတဿာတိ သုမနော။ (ပုဂ္ဂလော) တဿ + ဘာဝေါ သောမနဿံ။

✔ သုမန+ဏျ–သည်ငင်း၊ ကောင်းသောစိတ်ရှိသူ၏ + ဖြစ်ကြောင်းဖြစ်ရာ သောမနဿ ဝေဒနာနှင့် နိဿယ+နိဿိတ၊ ဋ္ဌာန+ဋ္ဌာနီ၊ ဂုဏေး+ဂုဏ်စပ်–ငင်း ဗျု–နီ။

(တစ်နည်း) သောဘနံ + မနော သုမနော။ သောဘနံ ဝါ + မနော + ဧတဿာတိ သုမနော။

အမှာ။ ။ ဋီကာကျော်(၇၇)၌ သု–ကို သုန္ဒရတ္ထကြံ၍ ဝစနတ္ထပြုသည်။ အဘိဓမ္မာဝတာရဋီကာ(၁။၁၈၀။)၌ သု–ကို သောဘနတ္ထကြံ၍ ဝစနတ္ထပြုသည်။ ဤဝစနတ္ထအားလုံး မဏိမဥ္ဇူ၊၁။၁၅၃–၌လာ၏။

(ဃ) သုခံ + အာဒိ + ဧတေသံ သောမနဿဒုက္ခဒေါမနဿာနန္တိ သုခါဒီနိ။

* သုခါဒီနံ + ဃာတော သုခါဒိဃာတော။ (တေန)

* သဟ + ပစ္စယေဟိ ယေ (ရာဂဒေါသာ) ဝတ္တန္တီတိ သပ္ပစ္စယာ။

(၅)

(က) ပဟီနာ–ကား (ပ, ဟာ+တ) ကိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။

(ဃ) သုခါဒိဃာတေန–၌ သုခါဒိ–ကား သမာသ်နာမ်၊ နပုံ၊ ရတ္တာဒိ၊ ဣ–ကာရန္တ။

http://www.dhammadownload.com



(၇)

(က) ပဟီနာပိ–၌ ပိ–ကား သမ္ဘာဝနတ္ထ, အနုဂ္ဂဟတ္ထ။ (မအူသျ)
ဝဏ္ဏဘဏနတ္ထမ္ပိ, ဒသေတုမ္ပိ–၌ ပိ–တို့ကား ဝုတ္တာပေက္ခသမ္ပိဏ္ဍနတ္ထ, ဝုတ္တသမုစ္စယတ္ထ။

(ဂ) ဟိ–ကား ဒဠှီကရဏတ္ထ၊ (ပြည်) ပိတ္တာရတ္ထ (မအူ၊ ဘာဋီ)

(ဃ) စ–ကား ဝါကျာရမ္ဘတ္ထ။

(၈)

(ခ) ရာဂဒေါသာနံ–၌ ရာဂ–အရ

✔ ရာဂသည် ဒဿနတ္ထ။

✔ သောမနဿသည် ဒီပကတ္ထ။ (သောမနဿံ ရာဂဿ ပစ္စယော။)

✔ ဥပါဒါန်သည် ပကာသနတ္ထ။ (တဏှာပစ္စယာ ဥပါဒါနံ။)

✔ အဝိဇ္ဇာစသော ရှေးရှေးသောအကြောင်းတရားများသည် ဝိဘာဝတ္ထ။

✔ ဘဝ, ဇာတိစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(၁၀)

(ဂ) သုခံ + သောမနဿဿ ပစ္စယော–၌

✔ သုခံ–အရ ကာယိကသုခဝေဒနာသည်–
သောမနဿ–အရ သောမနဿဝေဒနာအား ပကတူပ–ပြု။

သောမနဿံ + ရာဂဿ–၌

✔ သောမနဿံ–အရ သောမနဿဝေဒနာသည်–
ရာဂဿ–အရ ရာဂပစ္စယုပ္ပန်အား သဟဇာတ–ပြု။

ဖြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ ဂ္ကံ, ဈာန။ (၈)

ဒုက္ခံ + ဒေါမနဿဿ–၌–

✔ ဒုက္ခံ–အရ ကာယိကဒုက္ခဝေဒနာသည်–
ဒေါမနဿဿ–အရ ဒေါမနဿဝေဒနာအား ပကတူပ–ပြု။

==============

## ဝါကျဥယျာဉ် (၂၃၂)

(က) အဒုက္ခမသုခန္တိ ဒုက္ခာဘာဝေန အဒုက္ခံ၊ သုခါဘာဝေန အသုခံ။

(ခ) ဧတေနေတ္ထ ဒုက္ခသုခပ္ပဋိပက္ခဘူတံ တတိယဝေဒနံ ဒီပေတိ၊ န ဒုက္ခသုခါဘာဝမတ္တံ။

(ဂ) တတိယဝေဒနာ နာမ အဒုက္ခမသုခါ၊

(ဃ) ဥပေက္ခာတိပိ ဝုစ္စတိ။

(င) သာ ဣဋ္ဌာနိဋ္ဌဝိပရီတာနုဘဝနလက္ခဏာ၊ မဇ္ဈတ္တရသာ၊ အဝိဘူတပစ္စုပဋ္ဌာနာ၊ သုခနိရောဓပဒဋ္ဌာနာတိ ဝေဒိတဗ္ဗာ။

ဋ္ဌ။၂၂၂။ မူလဋီကာ။၁၀၄။ သာရတ္ထ၊၁။ ၃၇၉။ ပြည်သျ၊၂။၂၉၆။ ဘာဋီ၊၂။၄၆၉။ မအူသျ၊၂။ ၃၁၁။ ကျော်စံဂဏ္ဌိ။၃၇၃။

(၁)

(ခ) ဧတေန (ဒုက္ခသုခပဋိက္ခေပဝစနေန)–ဤဒုက္ခ, သုခအဖြစ်ကို ပယ်သောစကားဖြင့်။ ဧတ္ထ–ဤစတုတ္ထဈာန်၌။

♦ ဧတေနာတိ ဒုက္ခသုခပဋိက္ခေပဝစနေန။ (သာရတ္ထ)

http://www.dhammadownload.com



(၂)

### (ခ) ဥပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (က)ဖြင့် ဒုက္ခအဖြစ်မရှိသည်၏အဖြစ်ကြောင့် အဒုက္ခမည်၏၊ သုခအဖြစ်မရှိသည်၏အဖြစ်ကြောင့် အသုခမည်၏ဟု ဖွင့်ပြဆို၏။ ထိုသို့ ...သော် ဤအဒုက္ခမသုခံဟူသောပါဠ်ဖြင့် ပြအပ်သော အနက်ကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ (တစ်နည်း) ဤအဒုက္ခမသုခံဟူသော ပါဠ်ဖြင့် ဒုက္ခ, သုခအဖြစ်၏ မရှိသည်၏အဖြစ်မျှကိုပင်ပြ၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ (န ဒုက္ခသုခါဘာဝမတ္တံ၌ န–ကို ရှောင်) ထိုသို့–ကြောင့် ...မဆိုသင့်။ ဤအဒုက္ခမသုခံဟူသော ပါဠ်ဖြင့် ပြအပ်သောအနက်(ဒီပနတ္ထ)ကိုလည်း ပြဆိုသင့်သေး၏။....ကား အဘယ်ပါနည်း။ (ဝါ) ...ပါဠ်ဖြင့် အဘယ်ကို ပြပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။

### (ဂ) ပါပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (ခ)ဖြင့် ဤအဒုက္ခမသုခံဟူသော ပါဠ်ဖြင့် ဤစတုတ္ထဈာန်၌ ဒုက္ခ, သုခတို့၏ ပဋိပက္ခဖြစ်သော တတိယဝေဒနာကို ပြ၏ဟု ဆို၏။ ထိုသို့ ...သော် ဤ၌ တတိယဝေဒနာဟူသည် (ဣန္ဒြိယဘေဒအားဖြင့် ဝေဒနိန္ဒြေ(၅)ပါးဟောတော်မူထားရကား) သောမနဿဝေဒနာပင် ဖြစ်ကောင်း၏ ဟူသောအနက်သည် ရောက်ရာ၏။ စင်စစ်ကား ...မရောက်သင့်။ ထိုသို့ ...ကြောင့် ဤ၌ တတိယဝေဒနာ၏ ဖြစ်သင့်, ဖြစ်ကောင်းသော သရူပတ္ထကိုလည်း ပြဆိုသင့်သေး၏။ ...မပြဆိုပဲ မနေသင့်။ ...အဗျာပိတ–။ (တစ်နည်း) အတိဗျာပိတ–၏။ ဤ၌ တတိယဝေဒနာ၏ သရူပတ္ထကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

### (ဃ) ပါပနာဒီပဋ္ဌက

ဆရာ–သည် (ဂ)ဖြင့် တတိယဝေဒနာမည်သည် အဒုက္ခမသုခါပင်တည်းဟု ဆို၏။ (တစ်နည်း) တတိယဝေဒနာမည်သည်ကို အဒုက္ခမသုခါဟူ၍ ဆိုအပ်သောဟု ပြဆို၏။ ထိုသို့ ...သော် တတိယဝေဒနာမည်သည်ကို အဒုက္ခမသုခါဟူ၍သာ ဆိုအပ်၏ဟူသောအနက်သည် ရောက်ရာ၏–စသည်တက်။ (ဥပေက္ခာတိပိ–၌ သမုစ္စယတ္ထပိ–ကိုရှု)

### (င)သို့ အနုသန္ဓေ

ဤသို့ (က)စသော ဝါကျတို့ဖြင့် အဒုက္ခမသုခံပုဒ်၏ ဝစနတ္ထ, ဒီပနတ္ထ, သရူပတ္ထတို့ကို ပြဆိုပြီး၍ ယခုအခါ၌ လက္ခဏ, ရသစသည်ကို ပြလိုသော ဆရာသည် (င)မိန့်။ (ပက္ကန္တရ)

(၃)

### (ဃ)၌ ဝုတ္တတိ–ထားရခြင်း

အပေါင်းဖြစ်သော အလုံးစုံသော ဥပေက္ခာတို့၏ "ဥပေက္ခာ"ဟူသော အမည်ကို အစိတ်ဖြစ် သော အဒုက္ခမသုခ (ဝါ) တတိယဝေဒနာ၌ တင်စား၍ အစိတ်ဖြစ်သော တတိယဝေဒနာကို "ဥပေက္ခာ" ဟု ခေါ်ဆိုအပ်ရကား ဤ၌ "ဥပေက္ခာ"သဒ္ဒါ၏ ဧကဒေသျူပစာအဖြစ်ကို ပြလို၍ (ဃ)၌ ဝုတ္တတိ–ထားသည်။

(၄)

(င) သုခဿ + နိရောဓော သုခနိရောဓော။

* သုခနိရောဓော + ပဒဋ္ဌာနံ + ဧတိဿာတိ သုခနိရောဓပဒဋ္ဌာနာ။ (သာရတ္ထ)

✔ ...ပုဒ်သည်ငင်း၊ သုခနိရောဓပဒဋ္ဌာန်၏ + အဒုက္ခမသုခဝေဒနာနှင့် အကြောင်း + အကျိုးစပ်–ငင်း ဗျူ–နိ။

✔ အဒုက္ခမသုခဝေဒနာ၏ သုခနိရောဓပဒဋ္ဌာန်ရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ)အဒုက္ခမသုခဝေဒနာတို့၏ ...ဓာတ်သည် ပ–နိ။

·http://www.dhammadownload.com



"ဝစနတ္ထမှတ်ဖွယ်"

(ခ) ဒုက္ခသုခါနံ + ပဋိပက္ခာ ဒုက္ခသုခပ္ပဋိပက္ခာ။

* ဒုက္ခသုခပ္ပဋိပက္ခာ + ဟုတွာ + ဘူတာ ဒုက္ခသုခပဋိပက္ခဘူတာ။ (တံ)

(ဒုက္ခသုခပဋိပက္ခဘောဂုဏ်၏ + တတိယဝေဒနာနှင့် ဂုဏ်+ဂုဏေားစပ်)

* တိဏ္ဏံ + ပုရဏီ တတိယာ။ တတိယာ + ဝေဒနာ တတိယဝေဒနာ။ (တံ)

* ဒုက္ခသုခါနံ + အဘာဝေါ ဒုက္ခသုခါဘာဝေါ။

* ဒုက္ခသုခါဘာဝေါဧဝ + မတ္တံ ဒုက္ခသုခါဘာဝမတ္တံ။ (တံ)

(င) ဣဋ္ဌဉ္စ + အနိဋ္ဌဉ္စ ဣဋ္ဌာနိဋ္ဌာနိ။ တေဟိ + ဝိပရီတံ ဣဋ္ဌာနိဋ္ဌဝိပရီတံ။

* တဿ + အနုဘဝနံ ဣဋ္ဌာနိဋ္ဌဝိပရီတာနုဘဝနံ။

* တံ + လက္ခဏံ + ဧတိဿာတိ ဣဋ္ဌာနိဋ္ဌဝိပရီတာနုဘဝနလက္ခဏာ။

* မဇ္ဈတ္တံ + ရသော + ဧတိဿာတိ မဇ္ဈတ္တရသာ။

* န + ဝိဘူတံ အဝိဘူတံ။

* အဝိဘူတံ + ပစ္စုပဋ္ဌာနံ + ဧတိဿာတိ အဝိဘူတပစ္စုပဋ္ဌာနာ။

(၅)

(ခ) ဒုက္ခသုခပဋိပက္ခဘူတံ-၌-

| | |
|---|---|
| ဒုက္ခသုခ-ကား | သမာသ်နာမ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ-ကာရန္တ။ |
| ဒုက္ခသုခပ္ပဋိပက္ခာ-ကား | သမာသ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ-ကာရန္တ။ |
| ဒုက္ခသုခပ္ပဋိပက္ခဘူတံ-ကား | သမာသ်နာမ်၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာ-ကာရန္တ။ |

(၆)

(က) ဒုက္ခာဘာဝေန-ဖြင့် အဒုက္ခံ၌ အ-၏ အဘာဝအနက်ဟော...ငင်း၊ နတ္ထိ + ဒုက္ခံ ယတ္ထာတိ အဒုက္ခံ-ဟု သတ္တမီဗဟုဗ္ဗိဟိ...ပြု...ငင်း၊ ဒုက္ခမရှိခြင်းကြောင့် အဒုက္ခမည်သည်၏ အဖြစ်ကိုငင်း သိစေသည်။ (သုခါဘာဝေန-နည်းတူဖော်)

(က) အပေါင်းသံဝဏ္ဏနာ-ဖြင့် အဒုက္ခဉ္စ + တံ + အသုခဉ္စာတိ အဒုက္ခမသုခံ-ဟု ကမ္မဓာရယ်...ပြု... သိစေသည်။ (ပါရာမိကဏ်ဘာသာဋီကာ၊ ၁။ ၆၂၇။)

(တစ်နည်း) ဒုက္ခာဘာဝေန-ဖြင့် အဒုက္ခံ၌ အ-၏ အညအနက်ဟော-ငင်း၊ န + ဒုက္ခံ အဒုက္ခံ-ဟု ဥဘောတပ္ပုရိသ်-ပြု-ငင်း သိစေသည်။(သုခါဘာဝေနနည်းတူဖော်) (ပါရာ-ဂဏ္ဌိသစ်။၂၁၉။ မဒ္ဒသျှ၊၂။၃၁၀။)

အပေါင်းသံဝဏ္ဏနာ-ဖြင့် အဒုက္ခဉ္စ တံ အသုခဉ္စာတိ အဒုက္ခမသုခံ-ဟု ပြု-သိစေသည်။

- ♦ အဒုက္ခမသုခန္တိ ဧတ္ထ န ဒုက္ခန္တိ အဒုက္ခံ၊ ဒုက္ခဝိဒူရံ။ ယသ္မာ တတ္ထ ဒုက္ခံ နတ္ထိ။ တသ္မာ ဝုတ္တံ "ဒုက္ခာဘာဝေနာ"တိ၊ အသုခန္တိ ဧတ္ထာပိ ဧသေဝနယော။ (သာရတ္ထ၊ ၁။ ၃၇၉။)
- ♦ အ-ကာရော အညတ္ထောတိ ဒဿေတိ။ (မဏိမဉ္ဇူ)

အနက်။ ။ အဒုက္ခမသုခံ-ဒုက္ခလည်းမဟုတ်၊ သုခလည်းမဟုတ်သော (ဝါ) ဒုက္ခမှလည်းတပါး သုခမှလည်း တပါးသော။(အ-အညတ္ထ) (ပါရာမိကဏ်ပါဠိတော်နိဿယ။၂၆။) (ဝါ) ဒုက္ခလည်းမရှိ၊ သုခလည်း မရှိသော။ (အ-အဘာဝတ္ထ) (ဝါ) ဥပေက္ခာဝေဒနာရှိသော။ (ဓမ္မသင်္ဂဏီပါဠိတော်နိဿယ)

(တစ်နည်း) (က)ဖြင့် "အဒုက္ခမသုခံ၌ အ-သည် အညအနက်ဟော၊ မ-ကား အာဂမ်၊ န + ဒုက္ခာ အဒုက္ခာ၊ န + သုခါ အသုခါ၊ အဒုက္ခာ စ + သာ + အသုခါစာတိ အဒုက္ခမသုခါ။ (ဝေဒနာ) အဒုက္ခမသုခါ + ဧတဿာတိ အဒုက္ခမသုခံ။ (ဈာနံ)ဟုအဿတ္ထိ-ပြု-သိစေ။ (ဤကား နယမဉ္ဇရီဆရာတော်အလို)

http://www.dhammadownload.com



(၇)

ဥပေက္ခာတိပိ–၌ ပိ–ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ ဣတိ–ကား အာကာရတ္ထ။

(၈)

အဒုက္ခမသုခံ–အရ စေတသိက်များကို ယူ၍ထုတ်။

♦ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စေတသိက်များ ဥပသမ္ပန္န ဝိဟရတိ ပဌမဝိကာသိဏံ။(ပါဠိတော်။၄၅။)

(၉) အဓိဂတပစ္စုပဋ္ဌာနာ၌ အဒုက္ခမသုခဝေဒနာဟူသော ဥပေက္ခာ၏ ထင်ပုံအခြင်းအရာကို (ကျောက်ဖျာ၌သွားသော သမင်၏ ခြေရာကဲ့သို့) သုခဒုက္ခတို့ဖြင့် (ဝါ) သုခဒုက္ခတို့၏ ထင်ပုံအခြင်းအရာဖြင့် မှန်းဆ၍ သိအပ်သောကြောင့် အနုမာနသိဒ္ဓိမည်၏။

♦ အဓိဂတပစ္စုပဋ္ဌာနာတိ သုခဒုက္ခာနံ ဝိယ အဝိဘူတာကာရာ ပိဋ္ဌိပါသာဏဂတမိဂပဒေါ ဝိယ တဒနုမာတဗ္ဗာ ဝိဘူတာကာရေပဋ္ဌာနာ။ (မူလဋီ၊ ၁၀၄။)

(၁၀)

(ခ) ဧတေန + တတိယဝေဒနံ + ဒီပေတိ–၌

✔ ဧတေန–အရ အဒုက္ခမသုခံဟူသော သဒ္ဒါသည်–
ဒီပေတိ–အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်အား ပကတူပ–ပြု။

✔ တတိယဝေဒနံ–အရ အဒုက္ခမသုခဝေဒနာ(ဥပေက္ခာဝေဒနာ)သည်–
ဒီပေတိ–အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။ ပြီး၏။ ။ အာ, မိ, ဉ။ (၃)

==============

## ပါဌ်ကျဉ်းပါဌ် (၂၃၃)

(က) ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ ဥပေက္ခာယ ဇနိတသတိပါရိသုဒ္ဓိံ။

(ခ) ဣမသ္မိံ ဟိ ဈာနေ သုပရိသုဒ္ဓါ သတိ၊ ယာ စ တဿာ သတိယာ ပါရိသုဒ္ဓိ၊ သာ ဥပေက္ခာယ ကတာ၊ န အညေန။ တသ္မာ ဧတံ "ဥပေက္ခာသတိပါရိသုဒ္ဓိ"န္တိ ဝုစ္စတိ။

(ဂ) ဝိဘင်္ဂေပိ ဝုတ္တံ "အယံ သတိ ဣမာယ ဥပေက္ခာယ ဝိသဒါ ဟောတိ ပရိသုဒ္ဓါ ပရိယောဒါတာ၊ တေန ဝုစ္စတိ 'ဥပေက္ခာသတိပါရိသုဒ္ဓိ'န္တိ"။

(ဃ) ယာယ စ ဥပေက္ခာယ ဧတ္ထ သတိ ပါရိသုဒ္ဓိ ဟောတိ၊ သာ အတ္ထတော တတြမဇ္ဈတ္တတာတိ ဝေဒိတဗ္ဗာ။

(င) န ကေဝလဉ္စေတ္ထ တာယ သတိယေဝ ပရိသုဒ္ဓါ၊ အပိစ ခေါ သဗ္ဗေပိ သမ္ပယုတ္တဓမ္မာ။

(စ) သတိသီသေန ပန ဒေသနာ ဝုတ္တာ။

ဌ။ ၂၂၂။ သာရတ္ထ၊ ၁။ ၃၇၈။ ပြည်သျှ၊ ၂။ ၂၈၇။ ဘာဋီ၊ ၂။ ၄၆၈။ မအူသျှ၊ ၁။ ၃၁၂။ မင်းခင်းဂဏ္ဌိ။ ၅၁၀။

(၁)

(ခ) ဟိ(ယသ္မာ)–ကြောင့်။ (ပြည်သျှ) ဟိ–ချဲ့။ (မအူ) ဟိ–မှန်, ဟိ(ယသ္မာ)။ (ဘာဋီ) ဟိ–ချဲ့။ ဟိ(ယသ္မာ)။ (မင်းခင်းဂဏ္ဌိ)

(၂)

(ခ) ဥပနာသောဂါဒိပဥ္စက

ဆရာ–သည် (က)ဖြင့် ဤစေတသိက်များသည် တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်စင်ကြယ်ခြင်းရှိသောဟု ဆို၏။ ထိုသို့ ...သော် တပါးသောဈာန်၌လည်း သတိရှိသည် မဟုတ်ပါလော။ ထို့ကြောင့် ...မဆိုသင့်။ ဤစေတသိက်များကို "ဥပေက္ခာသတိပါရိသုဒ္ဓိ"ဟုဆိုနိုင်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် ဤစေတသိက်များကို "ဥပေက္ခာသတိပါရိသုဒ္ဓိ"ဟု ဆိုရပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။ (မင်းခင်းဂဏ္ဌိ။ ပါရာ–ဂဏ္ဌိသစ်တို့အလို)

http://www.dhammadownload.com



(ခ)၌ ယာ စ တသ္မာ သတိယာ–စသောဝါကျသို့

ဆရာ–သည် ဣမသ္မိံ စ ဈာနေ သုပရိသုဒ္ဓါ သတိ–ဖြင့် ဤစတုတ္ထဈာန်၌ သတိသည် အလွန်ထက်ဝန်းကျင်စင်ကြယ်၏ဟု ဆို၏။ ထိုသို့ ...သော် ဤစတုတ္ထဈာန်ကို "သတိပါရိသုဒ္ဓိ"ဟူသာ ဟောတော်မူသင့်သည် မဟုတ်ပါလော။ ထို့ကြောင့် ...မဆိုသင့်။ "ဥပေက္ခာသတိပါရိသုဒ္ဓိ"ဟု (ဥပေက္ခာသဒ္ဒါထည့်၍) ဟောတော်မူရခြင်း၏အကြောင်းကို ပြဆိုသင့်သေး၏။ အဘယ်ကြောင့် "ဥပေက္ခာသတိပါရိသုဒ္ဓိ"ဟူ၍ ဟောပါသနည်း။ စုဒ်ကြောင့် ယာစ တသ္မာ သတိယာ–စသည်မိန့်။(ပါရာ–ဂဏ္ဌိသစ်၂။၂၂၁)

(ဂ) ဌပနာဘောဂါဒိ

ဆရာ–သည် (ခ)ဖြင့် ဤစတုတ္ထဈာန်၌ သတိသည် အလွန်ထက်ဝန်းကျင်စင်ကြယ်၏၊ ယင်းသတိ၏ စင်ကြယ်ခြင်းကို ဥပေက္ခာသည် ပြုအပ်၏၊ တပါးသော တရားသည် မပြုအပ်သောကြောင့် ဤဈာန်ကို "ဥပေက္ခာသတိပါရိသုဒ္ဓိ"ဟူ၍ ဟောတော်မူအပ်သောဟု ဆိုတော်မူ၏။ ထိုသို့–သော် ဆရာ့စကားသည် သကဝစနဒဗ္ဗိသမ္ဘာသာဖြစ်၍ ပရဝစနအာဂုမ်သာကေနှင့်ကင်း၍ မခိုင်မြဲရာသည် မဟုတ်ပါလော–စသည်တက်။

(ဃ) ပါပနာဒိပဋ္ဌက

ဆရာ–မြတ်စွာဘုရားသည် ဥပေက္ခာသတိပါရိသုဒ္ဓိ'ဟု ဟောတော်မူ၏။ (တစ်နည်း) ဆရာ–သည် (က)(ခ)ဝါကျတို့ဖြင့် ဥပေက္ခာသတိပါရိသုဒ္ဓိပုဒ်၏ ဝစနတ္ထနှင့် "ဤစတုတ္ထဈာန်ကို ဥပေက္ခာသတိပါရိသုဒ္ဓိ"ဟု ဟောတော်မူရခြင်း၏အကြောင်းကို ပြဆိုတော်မူ၏။ ထိုသို့ ...သော် ဥပေက္ခာသတိပါရိသုဒ္ဓိ၌ ဥပေက္ခာအရ (ဥပေက္ခာ ၁၀–ပါး၏ တရားကိုယ်များဖြစ်ကြသော) တတြမဇ္ဈတ္တတာ, ဝီရိယ, ဝေဒနာ, ပညာ (၄)ပါးလုံးကိုပင် ယူအပ်, ယူသင့်၏ဟူသောအနက်သည် ရောက်ရာ၏။ စင်စစ်ကား ...မရောက်သင့်။ ထိုသို့–ကြောင့် ဤဥပေက္ခာသတိပါရိသုဒ္ဓိ'၌ ဥပေက္ခာအရ ယူရမည့်သရုပ်တရားကိုယ်ကိုလည်း ပြဆိုသင့်သေး၏။(ပ) ဥပေက္ခာတရားကိုယ်(၄)ပါးလုံး၌ပျံ့နှံ့သော အတိဗျာပိတ်... ၏။ စုဒ်ကြောင့် (ဃ)မိန့်။

(င) သို့။ ။ ဤဈာန်၌ သတိသည်သာလျှင် ထက်ဝန်းကျင်မှ စင်ကြယ်သလော။ စုဒ်ကြောင့် န ကေဝလဥ္စေတ္ထ–အစမိန့်။ (မအူသျှ)

(စ) သို့။ ။ အလုံးစုံသောသမ္ပယုတ်တရားတို့သည် ထက်ဝန်းကျင်မှ စင်ကြယ်ပါကုန်လျက် အဘယ့်ကြောင့် သတိပါရိသုဒ္ဓိဟူ၍ ဟောတော်မူအပ်ပါသနည်း။ စုဒ်ကြောင့် သတိသီသေန ပန–အစမိန့်။

(၃)

(ခ)၌ ဝုစ္စတိ–ထားရခြင်း

ဤစတုတ္ထဈာန်ကို "ဥပေက္ခာသတိပါရိသုဒ္ဓိ"ဟု ခေါ်ဆိုရခြင်း၏အကြောင်းသကတ်ကိုပြလို၍ ထားသည်။

(ဂ) တေန ဝုစ္စတိ–ထားရခြင်း

အယံ (ပ) ပရိယောဒါတာ–ဟု ဟောရခြင်း၏ အကျိုးလဒ္ဓဂုဏ်ကို ပြလို၍ တေန ဝုစ္စတိ–ထားသည်။

(၄)

* ဥပေက္ခာယ + ဇနိတာ ဥပေက္ခာဇနိတာ။
* ပရိသုဒ္ဓနံ ပါရိသုဒ္ဓိ။ (ပရိ,သုဓ+တိ။ စင်ကြယ်ခြင်း။)(မင်းခင်းဂဏ္ဌိ)
* သတိယာ + ပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိ။
* ဥပေက္ခာဇနိတာ + သတိပါရိသုဒ္ဓိ + ဧတဿာတိ ဥပေက္ခာသတိပါရိသုဒ္ဓိ။

(တစ်နည်း) ဥပေက္ခာဇနိတာ + သတိပါရိသုဒ္ဓိ + ဧတသ္မိံန္တိ ဥပေက္ခာသတိပါရိသုဒ္ဓိ။

✔ ...ပုဒ်သည်ရင်း၊ တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်စင်ကြယ်ခြင်း၏ + စတုတ္ထဈာန်နှင့် ဂုဏ်+ဂုဏောစပ်–ရင်း ဗျု–နီ။

http://www.dhammadownload.com



✔ တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်စင်ကြယ်ခြင်းရှိသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် ပ-နိ။

"ဝစနတ္ထမှတ်ဖွယ်"

(ခ) သုဇ္ဈတီတိ သုဒ္ဓါ။ (သုဓ+တီ။) ပရိတော + သုဒ္ဓါ ပရိသုဒ္ဓါ။

* သုဋ္ဌု + ပရိသုဒ္ဓါ သုပရိသုဒ္ဓါ။

(သုဋ္ဌုဘောဂုဏ်၏+ထက်ဝန်းကျင်စင်ကြယ်သော သတိနှင့် ဂုဏ်+ဂုဏေးစပ်)

(၅)

(က) ဓနိတသတိပါရိသုဒ္ဓိ-ကား သမာသ်နာမ်၊ နပုံလိင်၊ ရုတ္တာဒိ၊ ကု-ကာရန္တ။

(ခ) အညေန-ကား သဗ္ဗနာမ်၊ ပုံလိင်၊ ပုရိသာဒိ (သဗ္ဗနာမ်ဂိုဏ်း)၊ အ-ကာရန္တ။

ပါရိသုဒ္ဓိ-ကား ကိတ်နာမ်၊ ဣတ္ထိလိင်၊ ရတ္တာဒိ၊ ဣ-ကာရန္တ။

(ဃ) အတ္တတော-ကား အဗျာယတဒ္ဓိတ်(နိပါတ်)၊ အလိင်၊ ဂဏာဝိမုတ်၊ ဩ-ကာရန္တ။

(၆)

(က) သံဝဏ္ဏနာပါဠိဖြင့် ဥပေက္ခာဇနိတာပုဒ်ကို ဥပေက္ခာယ + ဇနိတာ ဥပေက္ခာဇနိတာ-ဟု တတိယာတပ္ပုရိသ်-ပြု-ရင်း၊ သတိပါရိသုဒ္ဓိကို သတိယာ + ပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိ-ဟု ဆဋ္ဌီ တပ္ပုရိသ်...ပြု-ရင်း၊ အပေါင်းပုဒ်ကို ဥပေက္ခာဇနိတာ + သတိပါရိသုဒ္ဓိ + တေသာတိ ဥပေက္ခာဇနိတသတိပါရိသုဒ္ဓိ-ဟု ပုဗ္ဗပဒေဥတ္တရပဒလောပစတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြု-ရင်း၊ ဥပေက္ခာဇနိတသတိပါရိသုဒ္ဓိ-ဟု ဆိုလိုလျက် ဇနိတပုဒ်ကို ချေ၍ ဥပေက္ခာသတိပါရိသုဒ္ဓိဟု ရုပ်ပြီးနေသည်ကိုရင်း သိစေ။

♦ ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ ပုရိမပဒေ ဥတ္တရပဒလောပေနေတံ သမာသပဒန္တိ အာဟ "ဥပေက္ခာယ ဇနိတသတိပါရိသုဒ္ဓိ"န္တိ။ (သာရတ္ထ၊၁။၃၇၉။)

(ခ) သတိယာ ပါရိသုဒ္ဓိ-ဖြင့် ဥပေက္ခာသတိပါရိသုဒ္ဓိ၌ သတိပါရိသုဒ္ဓိဟူသောနောက်ပုဒ်ကို သတိယာ + ပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိ-ဟု ဆဋ္ဌီတပ္ပုရိသ်-ပြု-သိစေသည်။

တေ-ဖြင့် ဥပေက္ခာသတိပါရိသုဒ္ဓိအရ ဈာန်ကို ယူ... သိစေသည်။

(ခ) တစ်ဝါကျလုံးဖြင့် ဤစတုတ္ထဈာန်ကို "ဥပေက္ခာသတိပါရိသုဒ္ဓိ"ဟု ခေါ်ဆိုရခြင်း၏ အကြောင်းသကတ်နာမလာဘဟိတ်ကို သိစေသည်။

(၇)

(ခ) ဟိ-ကား ကာရဏတ္ထ။ (ပြည့်သျှ) ဝိတ္ထာရတ္ထ။ (မအူ) ဒဋ္ဌီကရဏတ္ထ။(ဘာဠီ)

သုပရိသုဒ္ဓါ-၌ သု-ကား သုဋ္ဌုအနက်။ (တစ်နည်း) ဘုသတ္ထ။ ပရိ-ကား သမန္တတ္ထ။

ယာ စ-၌ စ-ကား ဝါကျာရမ္ဘတ္ထ။ န အညေန-၌ န-ကား ပဋိသေဓတ္ထ။

(ဂ) ဝိဘင်္ဂေပိ-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။

(ဃ) ယာယ စ-၌ စ-ကား ဝါကျာရမ္ဘတ္ထ။

(င) စ-ကား ဝါကျာရမ္ဘတ္ထ။

ကေဝလံ-ကား အသမ္ပိသတ္ထ, ဝိယောဂတ္ထ။

အပိစ ခေါ-ကား ဓေါ်သတ္ထ။

သဗ္ဗေပိ-၌ ပိ-ကား အဝယဝသမ္ဘာဝနတ္ထ, သမုစ္စယတ္ထ။

(စ) ပန-ကား သမ္ဘာဝနတ္ထ, အနုဂ္ဂဟတ္ထ။

http://www.dhammadownload.com



(င) သတိယေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်

✔ သတိသည် ဂဟေတဗ္ဗတ္ထ။

✔ ကြွင်းသောသမ္ပယုတ်တရားအားလုံးတို့သည် နိဝတ္တေတဗ္ဗတ္ထ။

✔ သတိ၏ ပရိသုဒ္ဓဘာဝ စင်ကြယ်ခြင်းဂုဏ်သည် အနုညာတတ္ထ။

(၈)

ဥပေက္ခာသတိပါရိသုဒ္ဓိ–အရ စတုတ္ထဈာန်ကိုယူ။

(င) ဝုတ္တံ (စ) ဝုတ္တာ–တို့၌ ဝစ–ဓာတ်တို့အရ ဒေသနာဉာဏ်ကိုယူ။ (ထုတ်မြဲ)

(ဃ) ဝေဒိတဗ္ဗာ–သဒ္ဒါထားရခြင်း

ဥပေက္ခာသတိပါရိသုဒ္ဓိ၌ ဥပေက္ခာအရ တတြမဇ္ဈတ္တတာကို ယူရမည်ဟူသော အနက်သည် ပါဠိတော်ဖြင့် တိုက်ရိုက်သိရသော သန္နိဋ္ဌာနတ္ထကား မဟုတ်၊ နေယျတ္ထ, ဝဏ်တ္ထအားဖြင့် သိအပ်သော အနက်မျိုးသာ ဖြစ်သည်ဟူသော သံသယတ္ထကို ပြလို၍ (ဃ)၌ ဝေဒိတဗ္ဗာ–သဒ္ဒါထားရသည်။

(၉)

(ဂ)ဝါကျ ဝိသဒါ, ပရိသုဒ္ဓိ, ပရိယောဒါတာ–တို့အရ သတိကို ယူ၍ လက္ခဏာဒိစတုက္က–ထုတ်။

(၁၀)

(က) ဥပေက္ခာယ + ဇနိတသတိပါရိသုဒ္ဓိ–၌

✔ ဥပေက္ခာ–အရ တတြမဇ္ဈတ္တုပေက္ခာ (တတြမဇ္ဈတ္တတာစေတသိက်)သည်–

ဇနိတာ–အရ သတိစေတသိက်အား သဟဇာတ–ပြု။ ပြိုင်။။ သဟကြီး ၄၊ အညာ, သမ္ပ။ (၆)

(တစ်နည်း) ဥပေက္ခာ–အရ တတြမဇ္ဈတ္တုပေက္ခာသည်

ဇနိတသတိပါရိသုဒ္ဓိ–အရ စတုတ္ထဈာန်အား သဟဇာတ–ပြု။ ပြိုင်။ ။(၆)ပစ္စည်း။

=============

## ဝါကျဥယျာဉ်(၂၃၄)

(က) တ္ဝဒါနိ ကတမေ ဓမ္မာ ကုသလာတိ ပဥ္စကနယော အာရဒ္ဓေါ။

(ခ) ကသ္မာတိ စေ?။

(ဂ) ပုဂ္ဂလဇ္ဈာသယဝသေန စေဝ ဒေသနာဝိလာသေန စ။

(ဃ) သန္နိသိန္နဒေဝပရိသာယ ကိရ ဧကစ္စာနံ ဒေဝါနံ ဝိတက္ကော ဧဝ သြဠာရိကတော ဥပဋ္ဌာသိ၊ ဝိစာရပီတိသုခစိတ္တေကဂ္ဂတာ သန္တတော။ တေသံ သပ္ပါယဝသေန သတ္ထာ စတုရင်္ဂိကံ အဝိတက္ကံ ဝိစာရမတ္တံ ဒုတိယဇ္ဈာနံ နာမ ဘာဇေသိ။

ဋ္ဌ။ ၂၂၃။ မူလဋီ။ ၁၀၄။ ယောဇနာ။ ၁၂၈။ ပြည်သျှ၊ ၂။ ၂၉၉။ ဘာဋီ၊ ၃။ ၁။ ကျော်စံဂဏ္ဍိ။ ၃၇၄။

(၁)

(က) တ္ဝဒါနိ–စတုက္ကနည်းကို အားထုတ်ပြီးရာ ယခုအခါ၌။ ကတမေ ဓမ္မာ ကုသလာတိ–အစရှိသော။ (ဣတိ–ကား အာချတ္ထ) ပဥ္စကနယော–ကို။ (ဘဂဝတာ။) အာရဒ္ဓေါ–၏။

(ခ) ကသ္မာ–ကြောင့်။ (ပဥ္စကနယော။ ဘဂဝတာ။ အာရဒ္ဓေါ–နည်း။) ဣတိ စေ–ဤသို့မေးအံ့။

(ဂ) ပုဂ္ဂလဇ္ဈာသယဝသေန စေဝ–အဘိဓမ္မာတရားကို နာယူကြကုန်သော နတ်, ဗြဟ္မာပုဂ္ဂိုလ်တို့၏ အလိုဆန္ဒအစွမ်းကြောင့်၎င်း။ ဒေသနာဝိလာသေန စ–ဒေသနာတော်ကို တင့်တယ်စမွယ်စေတတ်သော သဗ္ဗညုတဉာဏ်တော်၏အစွမ်းကြောင့်၎င်း။ (ဣတိ–သို့။ ဣဟိ ကာရဏေဟိ–တို့ကြောင့်။) (ပဥ္စကနယော။ ဘဂဝတာ။ အာရဒ္ဓေါ။) (ဃ) ကိရ–ချဲ့။

http://www.dhammadownload.com



(၂)

(ခ) ပါပနာဒိပဋ္ဌက

(ခ) အနုဿာဟနာ၀သီဒနဘာဝေန ထိယနံ သံဟနနံ ထိနနံ။ (ထိန–စေတသိက်)

* ထိနနံ + အဿ + အတ္ထီတိ ထိနနံ။ (စိတ်ရ၏)

* ထိနနဿ + ဘာဝေါ ထိနနတာ။ (ထိနစေတသိက်)

အမှာ။ ။ ဝိသုဒ္ဓိမဂ်ဋီကာ။၁၂၈–ကို ထောက်၍ ဝစနတ္ထပြုသည်။

(ဂ) * နတ္ထိ + ဥဿာဟသံဟနနံ + အဿာတိ အနုဿာဟသံဟနနံ။

* တဿ + ဘာဝေါ အနုဿာဟသံနနတာ။ (ယောဇနာ။ ၁၄၉။)

(၅)

ထိန–ကား ထိ–ဓာတ် + တ။ တ–ကို န–ပြု။ (ထီ–သင်္ဃာတေ။ ထီယတီတိ ထိနံ။ နိရုတ္တိ။၅၀၀။)

(တစ်နည်း) ဌာ–ဓာတ် + ယု။ (ပါဠိတျာဒိယောဇနာ။ ၈၇။)

(တစ်နည်း) ထိန + အ။ ထိနနံ ထိနံ–ဟု ပြု။ (ဘာသာဋီ။၂၅၀။)

ဝိနောဒန–ကား ဝိ, နုဒ–ဓာတ် + ယု။

သံသီဒန–ကား သံ, သီဒ + ယု။ လီန–ကား လီန + အ။

(၆)

(ခ) ထိနနတာ–ဖြင့် ထိနံ၌ ထိ–ဓာတ်–ငင်း၊ ယု–ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်–ငင်း၊ ထိယနံ ထိနံ–ဟု ပြု–ငင်း(တစ်နည်း) ထိန–ဓာတ်+အ–ပစ္စည်း။ ထိနနံ + ထိနံ–ဟု ပြု–ငင်းသိစေ (ဘာသာဋီ)

မိဒ္ဓနတာ–ဖြင့် မိဒ္ဓံ၌ မိဟ (တစ်နည်း) မိဓ–ဓာတ်–ငင်း၊ တ–ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်...ငင်း၊ မိဒ္ဓနံ မိဒ္ဓံ–ဟု ပြု–ငင်း သိစေသည်။

(ဂ) အနုဿာဟသံဟနနတာ–ဖြင့် ထိနသဒ္ဒါသည် အားထုတ်ခြင်းကင်းသည်၏ အဖြစ်ဖြင့် တွန့်သည်၏ အဖြစ်ဟူသောအနက်ကို ဟောသတည်းဟု သိစေ။ (တစ်နည်း) ဘာဝတ္ထအနေဖြင့် ဖော်နိုင်သည်။

(၇)

(င) ဥဘယမ္ပိ–၌ ပိ–ကား အယဝယသမုစ္စယတ္ထ။

(၁၀)

(ခ) ထိနနတာ–၌

✔ တာ–ပစ္စည်းအရ ထိနစေတသိက်သည်–

ထိနန–အရ သမ္ပယုတ္တဓမ္မအား သဟ–ပြု။(ဖြိုင်=သဟာကြီး ၄၊ အညႇ, သမ္ပ။ ၆။)

==========

http://www.dhammadownload.com



# ဝါကျဉယျာဉ် (၂၉၉)

(က) နဝမံ ဆသု အာရမ္မဏေသု ဒေါမနဿိတဿ ပဋိဃံ ဥပ္ပါဒယတော ဥပ္ပဇ္ဇတိ။

(ခ) တဿ သမယဝဝတ္ထာနဝါရေ တာဝ ဒုဋ္ဌု မနော, ဟီနဝေဒနတ္တာ ဝါ ကုစ္ဆိတံ မနောတိ 'ဒုမ္မနော၊ ဒုမ္မနဿ ဘာဝေါ ဒေါမနဿံ၊ တေန သဟဂတန္တိ ဒေါမနဿသဟဂတံ။

(ဂ) အသမ္ပိယာယနဘာဝေန အာရမ္မဏသ္မိံ ပဋိဟညတီတိ ပဋိဃံ၊ တေန သမ္ပယုတ္တံ ပဋိဃသမ္ပယုတ္တံ။

ဋ္ဌ။ ၂၉၈။ ပြည်သျှ၊ ၃။ ၃၅။ ဘာသာဋီ၊ ၃။ ၂၅၄။

(၁)

(ခ) တဿ–ထိုနဝမအကုသိုလ်စိတ်၏။ တာဝ–ဓမ္မုဒ္ဒေသဝါရမှ ရှေးဦးစွာ။ (နိဒ္ဒေ သမယဝဝတ္ထာနဝါရေ–၌။ (ပိန္ဒတ္ထယောဇနာ။ ဓဝံ။ ဓေဒိတဗ္ဗော။ (တစ်နည်း) ဝစနတ္ထော။ ဓဝံ။ ဓေဒိတဗ္ဗော။)

(၂)

(ခ)သို့ ဋ္ဌပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် (က)ဖြင့် နဝမအကုသိုလ်စိတ်သည် အာရုံ(၆)ပါးတို့၌ ဖြစ်သော ဒေါမနဿရှိသည် ဖြစ်၍ ဒေါသကို ဖြစ်စေသောသူအား ဖြစ်၏ဟု ဆို၏။ ထိုသို့ ...သော် ထိုနဝမအကုသိုလ်စိတ်၏ သမယဝဝတ္ထာနဝါရ၌ ဒေါမနဿသဟဂတံ, ပဋိဃသမ္ပယုတ္တံပုဒ်တို့၏ ဝစနတ္ထ, ပိန္ဒတ္ထကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော–စသည်တက်။

(၃)

(ခ)၌ ဝါ–သဒ္ဒါထားရခြင်း

ဒုမ္မနော၌ ဒု–၏ ဒုဋ္ဌုအနက်မှတပါး ကုစ္ဆိတအနက်ကို လဲလှယ်ပြလို၍ ဝါ–သဒ္ဒါထားသည်။

(၄)

* ဟာယတီတိ ဟီနာ။ (ဟာ–ပရိဟာနိယံ။ ဟာယတိ။)(နီတိဓာတု။ ၂၄၀။)

* ဟီနာ + ဝေဒနာ + ယဿာတိ ဟီနဝေဒနော။ (ဒုမ္မနော)

✔ –၎င်း၊ ယုတ်ညံ့သောဝေဒနာ၏ + စက်ဆုပ်အပ်သော စိတ်နှင့် ဂုဏ် + ဂုဏေးစပ်..၎င်း ဗျူ–နီ။

✔ ယုတ်ညံ့သော ဝေဒနာရှိသည်၏ အဖြစ်တည်းဟူသောဂုဏ်သည်

(ဝါ) အကုသိုလ်နဝမစိတ်၏ (ဒေါသမူစိတ်၏) ...ဓာတ်သည် ပ–နီ။

* ဟီနဝေဒနဿ + ဘာဝေါ ဟီနဝေဒနတ္တံ။ (တဿွာ)

(၆)

(ခ) ဒုဋ္ဌု မနော–ဖြင့် ဒုမ္မနော၌ ဒု–၏ ဒုဋ္ဌုအနက်ဟော–၎င်း၊ ဒုဋ္ဌု + မနော ဒုမ္မနော–ဟုပါဒိပုဗ္ဗပဒ ကမ္မဓာရယ်–ပြု–၎င်း၊ ဒုမနော–ဟူလိုလျက်မ–အာဂုမ်လာ၍ ဒုမ္မနော–ဟု ရုပ်ပြီးနေသည်ကို၎င်း သိစေ။

ကုစ္ဆိတံ မနော–ဖြင့် ဒုမ္မနော၌ ဒု–ဥပသာရ၏ ကုစ္ဆိတအနက်ဟော...၎င်း၊ ကုစ္ဆိတ + မနော ဒုမ္မနော–ဟု ပါဒိပုဗ္ဗပဒ–၎င်း၊ (ပ) သိစေ။ ဟီနဝေဒနတ္တာ–ဖြင့် ဘာဝတ္ထဖော်။

ဒုမ္မနဿ ဘာဝေါ, တေန သဟဂတံ–ဖြင့် ဖော်ပြ။

(ဂ) ပဋိဟညတီ–ဖြင့် ပဋိဃံ၌ ပဋိ–ရှေး,ဟန–ဓာတ်...၎င်း၊ ရ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်...၎င်း၊ ပဋိဟညတီတိ ပဋိဃံ–ဟု–ပြု–၎င်း သိစေ။

အသမ္ပိယာယနဘာဝေန အာရမ္မဏသ္မိံ–ဖြင့် ဘာဝတ္ထပြ– သိစေသည်။

တေန သမ္ပယုတ္တံ–ဖြင့် သမာသလိင်္ဂပဒတ္ထသိစေ။

http://www.dhammadownload.com



(၇)

(ခ) တဿ, တေန (ဂ) တေန–တို့၌ တ–တို့ကား ပဋ္ဌန္တဝိသယ။ တာဝ–ကား ပဌမတ္ထ။

(၈+၉)

ဒေါမနဿသဟဂတံ–၌ ဒုမ္မန–အရ ဒေါသစိတ်ကိုယူ။

ဒေါမနဿံ–အရ ဒေါမနဿဝေဒနာကိုယူ။

ဒေါမနဿသဟဂတံ–အရ ဒေါသစိတ်ကိုယူ။

(၁၀)

(ခ) တေန + သဟဂတံ–၌

✔ တေန–အရ ဒေါမနဿဝေဒနာသည်–

သဟဂတ–အရ ဒေါသမူစိတ်အား သဟ–ပြု။ (ဖြိုင်=သဟကြီး ၄၊ အညု, သမ္ပ၊ ဋ္ဌကာ။ ၇။)

===============

## ဝါကျဥယျာဉ်(၃၀၀)

(က) ဒုဿန္တိ တေန, သယံ ဝါ ဒုဿတိ, ဒုဿနမတ္တမေဝ ဝါ ဧတန္တိ ဒေါသော။

(ခ) သော စဏ္ဍိက္ကလက္ခဏော, ပဟဋ္ဌာသီဝိသော ဝိယ၊ ဝိသပ္ပနရသော, ဝိသနိပါတော ဝိယ၊ အတ္တနော နိဿယဒဟနရသော ဝါ, ဒါဝဂ္ဂိ ဝိယ၊ ဒုဿနပစ္စုပဋ္ဌာနော, လဒ္ဓေါကာသော ဝိယ သပတ္တော၊ အာဃာတဝတ္ထုပဒဋ္ဌာနော၊ ဝိသသံသဋ္ဌပူတိယုတ္တံ ဝိယ ဒဋ္ဌဗ္ဗော။

(ဂ) ဗျာပဇ္ဇတိ တေန စိတ္တံ ပူတိဘာဝံ ဥပဂစ္ဆတိ, ဗျာပါဒယတိ ဝါ ဝိနယာစာရရူပသမ္ပတ္တိ ဟိတသုခါဒီနီတိ ဗျာပါဒေါ။

(ဃ) အတ္ထတော ပနေသ ဒေါသောယေဝ။

ဋ္ဌ။ ၂၉၉။ မူလဋီ။ ၁၂၁။ ယောဇနာ။ ၁၅၁။ ပြည်သျှ၊ ၃။ ၃၆။ ဘာသာဋီ၊ ၃။ ၂၅၆။

(၂)

(က)ဖြင့် ဒေါသ၏ ဝစနတ္ထကို ပြသည်။ ယင်း (က)၌ အစိတ်အစိတ် ပက္ခ + ပက္ခန္တရ ခွဲမြ။

(ခ)ဖြင့် ဒေါသ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ပြသည်။

(ဂ)ဖြင့် ဗျာပါဒ၏ ဝစနတ္ထကို ပြသည်။

ယင်း (ဂ)၌ ဗျာပဇ္ဇတိ တေန–စသော ရှေ့ဝါကျဖြင့် ကရဏသာဓနဝစနတ္ထပြုရမည်ဟု ပြသည်။

ဗျာပါဒယတိ ဝါ–စသည်ဖြင့် ဟေတုကတ္တုသာဓနဝစနတ္ထပြုရမည်ဟု ပြသည်။

(ဃ)ဖြင့် အရကောက်အဘိဓေယျတ္ထ ပြသည်။ (ဝက်ဝ္ဂန္တရဗျည်းသာ)

(၃)

(ဂ) ဗျာပါဒယတိ ဝါ–၌ ဝါ–သဒ္ဒါထားရခြင်း

ဗျာပါဒ၏ ကရဏသာဓနဝစနတ္ထမှတပါး ဟေတုကတ္တုသာဓနဝစနတ္ထကို လဲလှယ်ပြလို၍ ထားသည်။

(၄)

* ဝိရူပံ + သပ္ပနံ ဝိသပ္ပနံ။ ဝိသပ္ပနံ + ရသော + အဿာတိ ဝိသပ္ပနရသော။ (ယောဇနာ)

✔ ဖောက်ပြန်သောအားဖြင့် ပျံ့နှံ့ခြင်းကိစ္စ၏ (ဝါ) ကိုယ်၏ တုန်လှုပ်ခြင်းဟူသော သမ္ပတ္တိရသ၏ + ဒေါသနှင့် ဂုဏ် + ဂုဏေးစပ်– ဗျူ–နိ။

✔ ဒေါသတို့၏ ...ဓာတ်သည်–

(ဝါ) ဒေါသ၏ ဝိသပ္ပနရသရှိသည်၏ အဖြစ်တည်းဟူသောဂုဏ်သည် ဝ–နိ။

http://www.dhammadownload.com



"ဝစနတ္ထမှတ်ဖွယ်"

(၁) အာသုံ + ဝိသံ + အဿာတိ အာသီဝိသော။ (ဥဿ + ဤ)

* ပဟဋ္ဌော စ + သော + အာသီဝိသော စာတိ ပဟဋ္ဌာသီဝိသော။ (ယောဇနာ)

* နိပတနံ နိပါတော။ (နိ, ပတ+ဏ)

* ဝိသဿ + နိပါတော ဝိသနိပါတော။ (ယောဇနာ) (မြွားဆိပ်, မြွေဆိပ်၏ + ကျခြင်း။)

* နိဿယဿ (ဟဒယဝတ္ထုနော) + ဒဟနံ နိဿယဒဟနံ။

* တံ + ရသော + တေဿာတိ နိဿယဒဟနရသော။

(၅)

(၁) ဝိသနိပါတော–၌ ဝိသ–ကား ကိတ်နာမ်၊ ပုံ/နပုံ၊ ပုရိသာဒိ၊ စိတ္တာဒိ၊ အ–ကာရန္တ။

♦ ဝိသံ–တွ–နိတ္တိ ဂရဠ္ဍ။ (ဓာန်။ ၆၅၅။)

♦ သောဏိတပထဂတံ ဝိသတိ ဒေဟမိတိ ဝိသံ။ ဝိသ, ပဝေသနေ၊ အ။(သူစိ)

ဒါဝဂ္ဂိ–ကား (ဒါဝ+ အဂ္ဂိ။ ဒု+အဂ္ဂိ။) သမာသ်နာမ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။

(၆)

(က) အာဘော်, သံဝဏ္ဏနာဖော်မြ။

(ဂ) ဗျာပဇ္ဇတိ တေန–ဖြင့် ဗျာပါဒေ၌ ဝိ,အာ,ပဒ–ဓာတ်၊ဏ–ပစ္စည်း။ ကရဏသာဓ်ပြု– သိစေ။

ပူတိဘာဝံ ဥပဂစ္ဆတိ–ဖြင့် ဖောက်ပြန်ခြင်းသို့ရောက်သည်ဟူသည် ပုပ်သည်၏အဖြစ်သို့ ကပ်ရောက် ခြင်းပင်တည်းဟု သိစေသည်။

(တစ်နည်း) ဗျာပဇ္ဇတိ၌ ဝိ,အာ,ပဒ–ဓာတ်သည် ဥပဂမနအနက်ဟော–ဟု သိစေ။

စိတ္တံ–ဖြင့် ဘာဝတ္ထပြသည်။ ဗျာပါဒယတိ–ဖြင့် ဟေတုကတ္တုသာဓ်ပြသည်။

ကြွင်းပါဌ်တို့ဖြင့် ဘာဝတ္ထပြသည်။(အကျယ်ဖော်မြ)

(ဃ)ဖြင့် ဗျာပါဒအရ ဒေါသကို ယူ...သိစေသည်။

(၇)

(ဃ) ဒေါသောယေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ ဒေါသသည် ဂဟေတဗ္ဗတ္ထ။

✔ ဒေါသမှတပါး လောဘ, မောဟစသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

✔ ဒေါသသမ္ပယုတ္တဓမ္မတို့သည် အနုညာတတ္ထ။

(၈)

(၁) သော + ဒုဋ္ဌဗ္ဗော (ဂ) တေန–တို့အရ ဒေါသကို ယူ၍ထုတ်။

(၉)

(၁) ဝိသသံသဋ္ဌပူတိမုတ္တံ ဝိယ ဒုဋ္ဌဗ္ဗော–၌ အဓိပ္ပါယ်

✔ ကျင်ငယ်ရည်သည် သူချည်းသက်သက်ဖြစ်လျှင် ဆေးဘက်ဝင်သေးသော်လည်း အဆိပ်နှင့် ရောနေသောအခါ ဥပယောဂ (တစ်စုံတစ်ရာဝတ္ထု၌ ထည့်စပ်သုံးစွဲ၍) မဖြစ်တော့။

✔ အကျိုးပေးလျှင်လည်း ထိုအဆိပ်ရောသော ကျင်ငယ်သည် မကောင်းကျိုးကိုသာ ပေးစရာ ရှိ၏။ ထို့အတူ ဒေါသသည်လည်း ဥပယောဂ, ဖလနှစ်မျိုး၌ပင် အနိဋ္ဌဖြစ်သောကြောင့် ဝိသသံသဋ္ဌပူတိမုတ္တနှင့် တူသည်။ (ဘာသာဋီ။၂၅၇။)

♦ ဒေါသော ဥပယောဂဖလေသု အနိဋ္ဌတ္တာ ဝိသသံသဋ္ဌပူတိမုတ္တံ ဝိယ ဒုဋ္ဌဗ္ဗော။ (မူလဋီ။၁၂၂။)

http://www.dhammadownload.com



(၁၀)

(က) ဒုဿန္တိ + တေန–၌

✔ တေန–အရ ဒေါသသည်–

ဒုဿန္တိ–အရ သမ္ပယုတ္တဓမ္မအား သဟဇာတ–ပြု။

ဖြင့်။ ။ သဟကြီး ၄၊ အညႇ, သမ္ပ၊ ဟေတု။ (၇)

(ဂ) ဗျာပါဒယတိ + ဝိနယာစာရရုပသမ္ပတ္တိဟိတသုခါဒီနိ–၌

✔ ဝိနယာစာရရုပသမ္ပတ္တိဟိတသုခါဒီနိ–အရ ဝိနည်းအကျင့်အဆင်း၏ ပြည့်စုံခြင်းစီးပွား ချမ်းသာစသော အာရုံပစ္စည်းတရားသည်–

ဗျာပါဒယတိ–အရ ဒေါသအား အာရမ္မဏ–ပြု။ ဖြင့်။ ။ အာ, ပုရေ, အတ္ထိ, အဝိ။ (၄)

==============

## ဝါကျဥယျာဉ်(၃၀၁)

(က) ဝိရုဇ္ဈတီတိ ဝိရောဓော။ ပုနပ္ပုနံ ဝိရုဇ္ဈတီတိ ပဋိဝိရောဓော။

(ခ) ဝိရုဒ္ဓါကာရပဋိဝိရုဒ္ဓါကာရဝသေန ဝါ ဉာဒံ ဝုတ္တံ။

(ဂ) စဏ္ဍိက္ကော ဝုစ္စတိ စဏ္ဍော ထဒ္ဓပုဂ္ဂလော၊ တဿ ဘာဝေါ စဏ္ဍိက္ကံ။

(ဃ) န ဧတေန သုရောပိတံ ဝစနံ ဟောတိ၊ ဒုရုတ္တံ အပရိပုဏ္ဏမေဝ ဟောတီတိ အသုရောပေါ။

(င) ကုဒ္ဓကာလေ ဟိ ပရိပုဏ္ဏဝစနံ နာမ နတ္ထိ၊ သစေပိ ကဿစိ ဟောတိ၊ တံ အပ္ပမာဏံ။

ဋ္ဌ။ ၂၉၉။ မူလဋီ။ ၁၂၂။ ပြည်သျှ၊ ၃။ ၄၂။ ဘာသာဋီ၊ ၃။ ၂၆၁။

(၁)

(ခ) ဝါ–တစ်နည်း။ ဉာဒံ–ဤဝိရောဓော, ပဋိဝိရောဓောဟူသော (၂)ပုဒ်အပေါင်းကို။ ဝိရုဒ္ဓါကာရပဋိဝိရုဒ္ဓါကာရဝသေန–ဆန့်ကျင်သောပုဂ္ဂိုလ်(စိတ်)၏ အခြင်းအရာ, အဖန်ဖန်ဆန့်ကျင်သော ပုဂ္ဂိုလ် (စိတ်)၏အခြင်းအရာ၏အစွမ်းဖြင့်။ ဝုတ္တံ–ပြီ။ (ဘာသာဋီ၊ ၃။ ၂၆၁။)

(၂)

(ခ) ပါပနာဒီပဋ္ဋက

ဆရာ–သည် (က)ဖြင့် ဝိရောဓော, ပဋိဝိရောဓောပုဒ်တို့ကို ကတ္တုသာဓနဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ –သော် ဝိရောဓော, ပဋိဝိရောဓောပုဒ်တို့ကို ကတ္တုသာဓနဝစနတ္ထသာ ပြုအပ်, ပြုနိုင်၏ဟူသော အနက်သည် ရောက်ရာ၏။ (ပ) မည်သို့ ဝစနတ္ထပြုနိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ခ)မိန့်။ အဓိပ္ပါယ်ကား ။ ။ ဘာဝသာဓနဝစနတ္ထလည်း ပြုအပ်, ပြုနိုင်ပါသေး၏–ဟု ...ဟူလိုသော်။

♦ ဝိရုဒ္ဓါကာရောတိ ဝိရုဒ္ဓဿ ပုဂ္ဂလဿ, စိတ္တဿ ဝါ အာကာရော ဝိရုဒ္ဓဘာဝေါ။ တေန ဝိရုဇ္ဈနံ ဝိရောဓောတိ ဒဿေတိ။ (မူလဋီ။ ၁၂၂။)

(င) ဥပနာဘောဂါဒီပဋ္ဋက

ဆရာ–သည် (ဃ)ဖြင့် ဒေါသကြောင့် ကောင်းစွာဖြစ်စေအပ်သော စကားမဖြစ်၊ မကောင်းသဖြင့် ဆိုအပ်သောစကား, မပြည့်စုံသောစကားသာ ဖြစ်၏။ ထို့ကြောင့် ဒေါသသည် အသုရောပမည်၏ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့...သော်လည်း တစ်ချို့ပုဂ္ဂိုလ်မှာ စကားအပြောကျွမ်းကျင်သောကြောင့် ဒေါသထွက်စေကာမူ စကားကို ပြည့်စုံအောင် ပြောနိုင်သည်မဟုတ်ပါလော။ ထို့ကြောင့် ...မဆိုသင့်။ ဆရာ့စကားကို ခိုင်မြဲစေတတ်သော ယုတ္တိသဘာဝဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သေး၏။ ...ကား အဘာယ်ပါနည်း။ စုဒ်ကြောင့် (င)မိန့်။ (ဟိ–ကား ဒဠှီကရဏဇောတက) (ဘာသာဋီ၊ ၃။ ၃၆၂။)

http://www.dhammadownload.com



(၃)

(ခ)၌ ဝါ–သဒ္ဒါထားရခြင်း

ဝိရောဓော, ပဋိဝိရောဓောပုဒ်တို့၏ ကတ္တုသာဓနဝစနတ္ထမှတပါး ဘာဝသာဓနဝစနတ္ထကို လဲလှယ်ပြလို၍ (ခ)၌ ဝါ–သဒ္ဒါထားသည်။

(၄)

* ရောပိယတေတိ ရောပံ။ (ဝစနံ)ရုဟ(စနေ)+ဏာပေ။ ဝုဒ္ဓိပြု၊ဟ–နှင့်အာ–ကို ချေ။ ရောပ–ဟု ဖြစ်သည်။
* သမ္မာ + ရောပံ သုရောပံ။
* နတ္ထိ + သုရောပံ + ဧယနာတိ အသုရောပေါ။ (ဘာသာဋီ။ ၂၆၁။)

✔ ...ပုဒ်သည်၎င်း၊ ကောင်းစွာ (ပြည့်စုံစွာ) ဖြစ်စေအပ်သော စကားမရှိသည်၏ အဖြစ်တည်း ဟူသော အဘာဝဘောဂုဏ်၏ + ဒေါသနှင့် ဂုဏ်+ဂုဏေးစပ်–၎င်း ဗျူ–နီ။

✔ ကောင်းစွာ(ပြည့်စုံစွာ) ဖြစ်စေအပ်သော စကားမရှိသည်၏ အဖြစ်တည်းဟူသော အဘာဝ ဘောဂုဏ်သည် (ဝါ) ဒေါသတို့၏ ...ဓာတ်သည် ပ–နီ။

"ဝစနတ္ထမှတ်ဖွယ်"

(ဂ) စဏ္ဍာတိ ကုပ္ပတီတိ စဏ္ဍော။ (စဒိ+က။အမျက်ထွက်တတ်သူ။)

* စဏ္ဍောယေဝ စဏ္ဍိက္ကော။ (စဏ္ဍ+က္က–ပစ္စည်း– သွတ္ထ။)
* ထမ္ဘတီတိ ထဒ္ဓေါ။ (ထဘိ+တ) ထဒ္ဓေါ + ပုဂ္ဂလော ထဒ္ဓပုဂ္ဂလော။

(၅)

(က) ပုနပ္ပုနံ–ကား နိပါတ်၊ အလိုင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ။

ဝိရုဇ္ဈတိ–ကား (ဝိ,ရုဓိ (ဝါ) ရုဓ+ယ+တိ။) ဒိဝါဒိ၊ က္က–ကာရန္တ။ (ဝါ) အ–ကာရန္တ။

(ဃ) သုရောပိတံ–ကား သမာသ်နာမ်၊ နပုံ၊ စိတ္တာဒိ၊ အ–ကာရန္တ။

♦ ရောပိယတေတိ ရောပိတံ။ သမ္မာ + ရောပိတံ သုရောပိတံ–ဟု ပြု။

(၆)

(က) ဝိရုဇ္ဈတိ–ဖြင့် ဝိရောဓော၌ ဝိ, ရုဓ–ဓာတ်+ဏ–ပစ္စည်း၊ ဝိရုဇ္ဈတီတိ ဝိရောဓော–ဟု ပြု–သိစေ။ ပုနပ္ပုနံ ဝိရုဇ္ဈတိ–ဖြင့် ပဋိဝိရောဓော၌ ပဋိ၏ ပုနပ္ပုနံအနက်ဟော...၎င်း၊(ကြွင်းတူ၏)။

(ခ) ဝိရုဒ္ဓါကာရ–ဖြင့် ဝိရောဓော၌ ဝိ, ရုဓ–ဓာတ်–၎င်း၊ ဏ–ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်–၎င်း၊ ဝိရုဇ္ဈနံ ဝိရောဓော–ဟု ပြု–၎င်း သိစေ။ ပဋိဝိရုဒ္ဓါကာရ–ဖြင့် ...နည်းတူဖော်။

(ဂ) ဝုစ္စတိ စဏ္ဍော တဒ္ဓပုဂ္ဂလော–ဖြင့် စဏ္ဍိက္ကောပုဒ်ကို စဏ္ဍာတိ ကုပ္ပတီတိ စဏ္ဍော၊ စဏ္ဍောယေဝ စဏ္ဍိက္ကော–ဟု ဝစနတ္ထပြု၍ က္က–ပစ္စည်း၏ သွတ္ထတဒ္ဓိတ်အနက်၌ သက်...၎င်း၊ စဏ္ဍိက္ကောအရ (ဧကဒေသသျှုပစာအားဖြင့်) ကြမ်းတမ်းသော ပုဂ္ဂိုလ်ကို ယူ...၎င်း သိစေသည်။

တဿ ဘာဝေါ–ဖြင့် စဏ္ဍိက + ဏျ။ ဖော်ပြ။

(ဃ) န ဧတေန သုရောပိတံ ဝစနံ ဟောတိ–ဖြင့် အသုရောပေါ၌ (န + သုရောပ) သုရောပဝယ် သု–ရှေး, ရုဟ–ဓာတ် ...၎င်း၊ ဏ–ပစ္စည်း၏ ဟေတုကမ္မသာဓနအနက်၌ သက်...၎င်း၊ ရောပိယတေတိ ရောပံ–ဟု–ပြု–၎င်း၊ သုနှင့် ရောပ–ကို သမ္မာ+ရောပံ သုရောပံ–ဟု ပြု–၎င်း၊ အပေါင်းပုဒ်ကို နတ္ထိ + သုရောပ + ဧယနာတိ အသုရောပေါ–ဟု ပြု...၎င်း သိစေသည်။

ဒုရုတ္တံ အပရိပုဏ္ဏမေဝ ဟောတိ–ဖြင့် ကောင်းစွာဖြစ်စေအပ်သော စကားမဖြစ်ဟူသည် မကောင်းသဖြင့်ဆိုအပ်သော မပြည့်စုံသော စကားဖြစ်လာခြင်းပင်တည်းဟု သိစေသည်။

http://www.dhammadownload.com



(၇)

ဒုရုတ္တံ အပရိပုဏ္ဏမေဝ–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ–

✔ ဒုရုတ္တ အပရိပုဏ္ဏဝစနသည် ဂဟေတဗ္ဗတ္ထ။

✔ သုဝုတ္တ ပရိပုဏ္ဏဝစနသည် နိဝတ္တေတဗ္ဗတ္ထ။

(၈) သစေပိ–၌ သစေ–ကား ပရိကပ္ပတ္ထ။ အပိ–ကား အရုစျတ္ထ, ဂရဟတ္ထ။

(၈+၉)

(က) ဝိရောစေ (ဂ) စဏ္ဍိတ္တံ (ဃ) အသုရောပေါ–တို့အရ ဒေါသကိုယူ။ (ထုတ်ပြ)

(ဃ) န ဓောန (ပ) ဝစနံ ဟောတိ–၌ ဝစနံသဒ္ဒါကို နိဒဿနမျှသာဟု မှတ်ရမည်။ အကြောင်းကား–ဒေါသဖြစ်သောအခါ စကားသာမက မည်သည့်အမှုကိစ္စကိုမျှ ပြည့်စုံစွာမဖြစ်စေနိုင်သောကြောင့်တည်း။

♦ ဝစနန္တိ တော် နိဒဿနမတ္တံ ဒဋ္ဌဗ္ဗံ။ သဗ္ဗမေဝ ဟိ ကိစ္စံ ဓောန ကရိယမာနံ သုရောပိတံ သုဖနိတံ န ဟောတီတိ။ (မူလဋီ)

(င) တံ အပ္ပမာဏံ–ဟု ဆိုရခြင်း၏ သန္ဓာယ ဘာသိတ–ကား

ဒေါသ၏ ထိုပြည့်စုံသောစကားကို ဖြစ်စေခြင်းသဘော၏ မရှိခြင်းမှတပါးသော တစ်စုံတစ်ခုသော အကြောင်းကြောင့် (ဒေါသကို ထိန်းသိမ်းနိုင်ခြင်း, စကားပြောကောင်းဖို့ရန် အလေ့အလာရှိခြင်းစသော အကြောင်းကြောင့်) စကားပြည့်စုံခြင်းဖြစ်ရာ၏ဟူသော အဓိပ္ပါယ်ကို ရည်ရွယ်၍ "တံ အပ္ပမာဏံ"ဟူသော စကားကို (အဋ္ဌကထာဆရာ) ဆိုအပ်၏။

♦ တံ အပ္ပမာဏန္တိ ကောသေယ တထာပဝတ္တနသဘာဝါဘာဝါ အညေန ကေနစိ ကာရဏေန ပရိပုဏ္ဏတာ သိယာတိ သန္ဓာယ ဝုတ္တံ။ (မူလဋီ။ ၁၂၂။)

(၁၀)

(ခ) ဠဒ္ဒံ + ဝုတ္တံ–၌

✔ ဠဒ္ဒံ–အရ ဝိရောစေ, ပဋိဝိရောစေဟူသော ဒေသေတဗ္ဗမွှာရုံပစ္စည်းတရားသည်–ဝုတ္တံ–၌ ဝစ–ဓာတ်အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။(ပြိုင်=အာ, ဓိ, ဥ။ ၃။)

(တစ်နည်း) ဝစ–ဓာတ်အရ ဒေသနာဉာဏ်သည်–

ဠဒ္ဒံ–အရ, တ–ပစ္စည်းအရ ဝိရောစေ, ပဋိဝိရောစေဟူသော ဝစီဘေဒသဒ္ဒအား သဟ–ပြု။ ပြိုင်။ ။ သဟကြီး ၄၊ ဝိပ္ပ၊ ဟေ, ခိ, ဏ္ဍံ, မဂ်။ (၉)

(ဂ) ဓောန + န သုရောပိတံ ဝစနံ ဟောတိ–၌

✔ ဓောန–အရ ဒေါသသည်–

န သုရောပိကံ ဝစနံ ဟောတိ–အရ မပြည့်စုံသောစကားဟုဆိုအပ်သော ဝစီဘေဒသဒ္ဒအား သဟဇာတ–ပြု။ ပြိုင်။ ။ သဟကြီး ၄၊ ဝိပ္ပ၊ ဟေတု။ (၆)

===============

## ဝါကျဥယျာဉ်(၃၀၂)

(က) ကောဒသမံ ဆသု အာရမ္မဏေသု ဓေဒနာဝသေန မဇ္ဈတ္တာသ ကာဠပဝတ္တိကာလေ ဥပ္ပဇ္ဇတိ။

(ခ) တဿ သမယဝဝတ္ထာနေ ဝိစိကိစ္ဆာသမ္ပယုတ္တန္တိ ပဒံ အပုဗ္ဗံ။

(ဂ) တဿတ္ထော ဝိစိကိစ္ဆာယ သမ္ပယုတ္တန္တိ ဝိစိကိစ္ဆာသမ္ပယုတ္တံ။

(ဃ) ဓမ္မုဒ္ဒေသေ ဝိစိကိစ္ဆာ ဟောတီတိ ပဒမေဝ ဝိသေသော။

(င) တတ္ထ ဝိဂတာ စိကိစ္ဆာတိ ဝိစိကိစ္ဆာ။

(စ) သဘာဝံ ဝါ ဝိစိနန္တော တောယ ကိစ္ဆတိ ကိလမတီတိ ဝိစိကိစ္ဆာ။

ဋ္ဌ။ ၃၀၀။ မူလဋီ။ ၁၂၂။ ပြည်သျှ။ ၃။ ၄၅။ ဘာသာဋီ၊ ၃။ ၂၆၄။ မင်းခင်းဂဏ္ဌိ။ ၆ဝ၆။

http://www.dhammadownload.com



(၂)

(ခ) ဥပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် (က)ဖြင့် ကောဓသမအကုသိုလ်စိတ်သည် အာရုံ (၆)ပါးတို့၌ ဝေဒနာ၏ အစွမ်းဖြင့် လျစ်လျူသဘောရှိသောသူအား ယုံမှားခြင်းဖြစ်ရာအခါ၌ ဖြစ်သောဟု ဆို၏။ ထိုသို့...သော် ထိုကောဓသမ အကုသိုလ်စိတ်၏ (ဝိစိကိစ္ဆာစိတ်၏) သမယဝဝတ္ထာနဝါရ၌ ဝိစိကိစ္ဆာသမ္ပယုတ္တံဟူသောပုဒ်သည် ရှေး၌ ဟောအပ်ပြီးသောပုဒ်ဖြစ်၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော–စသည်တက်။ (အပုဗ္ဗ၌ န–ကို ရှောင်၍ အာဘော်ထား)

(တစ်နည်း:) ထိုသို့–သော် ထိုကောဓသမအကုသိုလ်စိတ်၏ သမယဝဝတ္ထာနဝါရ၌ ဟောတော်မူ အပ်သောပုဒ်အားလုံးပင် အပုဗ္ဗ=အသစ်ဖြစ်၏ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော–စသည်တက်။ (အစိတ်နှင့် ဖြေ၊ အပေါင်းဝေ၊ တင်လေ အာဘောဂ။)

(ဂ) အနုသန္ဓေ

ဤသို့(ခ)ဖြင့် ကောဓသမအကုသိုလ်စိတ်၏ (ဝိစိကိစ္ဆာစိတ်၏) သမယဝဝတ္ထာနဝါရ၌ ဝိစိကိစ္ဆာ သမ္ပယုတ္တံဟူသော ပုဒ်သည် အသစ်ဖြစ်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းဝိစိကိစ္ဆာသမ္ပယုတ္တံပုဒ်၏ ဝစနတ္ထကို ပြလိုသော ဆရာသည် (ဂ)မိန့်။

(ဃ) ပါပနာဒိပဋ္ဌက

ဆရာ–သည် (ခ)(ဂ)တို့ဖြင့် ကောဓသမအကုသိုလ်စိတ်၏ သမယဝဝတ္ထာနဝါရ၌ အသစ်ဖြစ်သော ဝိစိကိစ္ဆာသမ္ပယုတ္တံပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့သာ–သော် ဓမ္မုဒ္ဒေသဝါရ၌ ဟောတော်မူ အပ်သော ပုဒ်အားလုံးပင် ဝိသေသပုဒ်ထူးဖြစ်၏ဟူသောအနက်သည် ရောက်ရာ၏။ စင်–ကား မရောက် သင့်။ ထိုသို့–ကြောင့် ဓမ္မုဒ္ဒေသဝါရ၌ ဝိသေသဖြစ်သောပုဒ်ကိုလည်း တိကျစွာ ပြဆိုသင့်သေး၏။ (ပ) အတိဗျာပိတ...တင်။ စုဒ်ကြောင့် (ဃ)မိန့်။ (ပဒမေဝ ဝိသေသော–၌ ဝေ–ကို ရှုတက်)

(တစ်နည်း:) (ခ)(ဂ)ဖြင့် သမယဝဝတ္ထာနဝါရ၌ အသစ်ဖြစ်သောပုဒ်နှင့် ယင်းပုဒ်၏ ဝစနတ္ထကို ပြသည်။

(ဃ)(င)(စ)တို့ဖြင့် ဓမ္မုဒ္ဒေသဝါရ၌ ပုဒ်ထူးနှင့် ယင်းပုဒ်၏ဝစနတ္ထကို ပြသည်။

(ဤသို့ အစိပ္ပါယ်ယူ၍လည်း ပက္ခန္တရထုံးစံအတိုင်း အဗျာပိတတင်၍ ကျမ်းတက်နိုင်သည်)

(င)(စ)သို့ အနုသန္ဓေ

ဤသို့ (ဃ)ဖြင့် ဓမ္မုဒ္ဒေသဝါရ၌ ဝိစိကိစ္ဆာ ဟောတိ–ဟူသောပုဒ်သည်သာလျှင် ထူး၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းဝိစိကိစ္ဆာဟူသော ပုဒ်ထူး၏ ဝစနတ္ထကို ပြလိုသော ဆရာသည် (င)(စ)မိန့်။

(စ)သို့ အနုသန္ဓေ

ဤသို့ (င)ဖြင့် ဝိစိကိစ္ဆာပုဒ်ကို ပဋ္ဌမိအဗျယီဘာေသမာသ်ဝစနတ္ထပြုရမည်ဟု ပြဆိုပြီး၍ ယခုအခါ၌ ဆဋ္ဌီတပ္ပုရိသ် (ဝါ)ပထမာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု ပြလိုရကား(စ)မိန့်။ (ပက္ခန္တရ)

(၃)

(စ) ဝါ–သဒ္ဒါထားရခြင်း

ဝိစိကိစ္ဆာပုဒ်၏ ပဋ္ဌမိအဗျယီဘာေသမာသ်ဝစနတ္ထမှတပါး ဆဋ္ဌီတပ္ပုရိသ် (ဝါ) ပထမာ တပ္ပုရိသ် သမာသ်ဝစနတ္ထကို လဲလှယ်ပြလိုသောကြောင့် (စ)၌ ဝါ–သဒ္ဒါထားသည်။

(၄+၅)

(င) စိကိစ္ဆနံ စိကိစ္ဆာ။ စိကိစ္ဆတိ တေနာတိ ဝါ စိကိစ္ဆာ။

* စိကိစ္ဆတီတိ ဝါ စိကိစ္ဆာ။ (ကိတ + ဆ။ ထိ–အာ။ ကုစားခြင်း။ ဉာဏ်ပညာ။)

http://www.dhammadownload.com



* ဝိဂစ္ဆတီတိ ဝိဂတာ။ (ဝိ, ဂမု +တ။ ထိ–အာ။ ကင်းခြင်း။ ဝိစိကိစ္ဆာ။)

* ဝိဂတာ + စိကိစ္ဆာ ဝိစိကိစ္ဆာ။

✔–သည်ငှင်း၊ ဉာဏ်တည်းဟူသော ကုစားခြင်း၏ (ဝါ) ကုစားခြင်းကြောင့် ဖြစ်သော ဉာဏ်၏ (ဝါ) ကုစားတတ်သောဉာဏ်၏+ ကင်းသော ဝိစိကိစ္ဆာနှင့် အပါဒါန်+အပါဒီစပ်–ငှင်း ဗျု–နိ။

✔ ဉာဏ်ဟည်းဟူသော ကုစားခြင်းမှ ကင်းသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပ–နိ။

အနက်။ ။ စိကိစ္ဆာ–ဉာဏ်တည်းဟူသော ကုစားခြင်းမှ။ (ဝါ) ကုစားကြောင်းဖြစ်သော ဉာဏ်မှ။ (ဝါ) ကုစားတတ်သော ဉာဏ်မှ။ ဝိဂတာ–ကင်းသည်တည်း။ (မင်းခင်းဂဏ္ဌိ။ ၆၀၆။)

(ခ) ကိစ္ဆတိ ကိလမတိ ဧတာယာတိ ကိစ္ဆာ။ ဝိစိနာတီတိ ဝိစိနန္တော။ (ဝိ, စိ+နာ+အန္တ။)

* ဝိစိနန္တဿ + ကိစ္ဆာ ဝိစိကိစ္ဆာ။ (မင်းခင်းဂဏ္ဌိ။ ၆၀၆။)

✔ ဝိစိနန္တ–ပုဒ်+ ကိစ္ဆာ–ပုဒ်သည်ငှင်း၊ သဘောကို စူးစမ်းဆင်ခြင်သူ၏ + ပင်ပန်းကြောင်းဖြစ်သော ပိစိကစ္ဆာနှင့် ဝိသေသန + ဝိသေသျစပ်–ငှင်း ဗျု–နိ။

✔ သဘောကို စူးစမ်းဆင်ခြင်သူ၏ ပင်ပန်းကြောင်းဖြစ်သော ဝိစိကိစ္ဆာသည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

(က) မဇ္ဈေ + ဋ္ဌိတော + အတ္တာ သဘာဝေါ + ဧတဿာတိ မဇ္ဈတ္တော။ (တဿ)

♦ ကခ်နံ ကခ်ါ။ (ကခိ + အ။ ထိ–အာ။ ယုံမှားခြင်း။)

ပဝတ္တံတိ ဧတ္တာတိ ပဝတ္တိ။ ကခ်ါယ + ပဝတ္တိ ကခ်ါပဝတ္တိ။

ကခ်ါပဝတ္တိ စ + သာ + ကာလော စာတိ ကခ်ါပဝတ္တိကာလော။ (တသ္မိ)

အနက်။ ။ ကခ်ါပဝတ္တိကာလေ–ယုံမှားခြင်း၏ ဖြစ်ရာအခါ၌။ (ဘာသာဋီ)

(၆)

(င) ဝိဂတာ စိကိစ္ဆာ–ဖြင့် ဝိစိကိစ္ဆာ၌ ဝိ–၏ ဝိဂတအနက်ဟော...ငှင်း၊ ဝိဂတာ + စိကိစ္ဆာတိ ဝိစိကိစ္ဆာ–ဟု ပဉ္စမီအဗျယီဘော...ပြု–ငှင်း သိစေသည်။

(ခ) ဝိစိနန္တော ဧတာယ ကိစ္ဆတိ–ဖြင့် ဝိစိကိစ္ဆာ၌ (ဝိစိနန္တ+ကိစ္ဆာ)ကိစ္ဆာ–ဝယ် ကိတ–ဓာတ်–ငှင်း၊ ဆ–ပစ္စည်း၏ ကရဏသာဓနအနက်၌ သက်–ငှင်း၊ ကိစ္ဆတိ ဧတာယာတိ ကိစ္ဆာ–ဟု ပြု–ငှင်း၊ အပေါင်းပုဒ်ကို ဝိစိနန္တဿ + ကိစ္ဆာ ဝိစိကိစ္ဆာ–ဟု ဆဋ္ဌီတပ္ပုရိသ်...ပြု–ငှင်း၊ (မင်းခင်းဂဏ္ဌိ။ ၆၀၆။)(တစ်နည်း) ဝိစိနန္တော + ကိစ္ဆာ ဝိစိကိစ္ဆာ–ဟု ပထမာတပ္ပုရိသ်–ပြု–ငှင်း (ယောဇနာ။ ၁၅၂။) ဝိစိနန္တကိစ္ဆာ–ဟုဆိုလိုလျက် ဝဏ္ဏလောပနိရုတ္တိနည်းဖြင့် နန္တသဒ္ဒါကို ချေ၍ ဝိစိကိစ္ဆာဟု ရုပ်ပြီးနေသည်ကိုငှင်း သိစေသည်။

♦ သဘာဝံ ဝါ (ပ) ကိစ္ဆာတိ ကရဏသာဓနပဌမာတပ္ပုရိသော။ (ယောဇနာ။ ၁၅၂။)

ကိလမတိ–ဖြင့် ကိစ္ဆတိ၌ ကိတ–ဓာတ်သည် ကိလမနအနက်ဟော–သိစေ။

သဘာဝံ–ဖြင့် ဘာဝတ္ထပြ– သိစေ။

(၇)

(ဃ) ပဒမေ၀–၌ ဓဝ–၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ ဝိစိကိစ္ဆာ ဟောတိ–ဟူသော ပုဒ်သည် ဂဟေတဗ္ဗတ္ထ။

✔ ဖဿော ဟောတိ, ဝေဒနာ ဟောတိ–စသည်တို့ကား နိဝတ္တေတဗ္ဗတ္ထ။

(၈)

(င)၌ စိကိစ္ဆာ–အရ ဉာဏ်ကိုယူ။ ဝိဂတာ–အရ ဝိစိကိစ္ဆာကိုယူ။

(ခ)၌ ဧတာယ–အရ ဝိစိကိစ္ဆာကိုယူ။ ကိစ္ဆတိ–အရ ဝိစိကိစ္ဆာသမ္ပယုတ္တဓမ္မကိုယူ။ (ထုတ်မြဲ)

http://www.dhammadownload.com



(၉)

ဝိဂတာ စိကိစ္ဆာပဟူသော စကားကို (ဝိစိကိစ္ဆာ၏) ကုစားခြင်းငှာခဲယဉ်းသည်၏ အဖြစ်ကြောင့် ဆိုအပ်၏။ ဝိစိကိစ္ဆာ၏ ခပ်သိမ်းသောအခြင်းအရာအားဖြင့် ကုစားကောင်းသည် မဟုတ်သည်၏ အဖြစ်ကြောင့် ဆိုအပ်သည် မဟုတ်–ဟူသော အနက်အဓိပ္ပါယ်ကို (ဝိဂတာ စိကိစ္ဆာပါဠိဖြင့်) ပြသည်။

♦ ဝိဂတာ စိကိစ္ဆာတိ စိကိစ္ဆိတုံ ဒုက္ကရတာယ ဝုတ္တံ။ န သဗ္ဗထာ စိကိစ္ဆာဘာဝါ ဝိစိကိစ္ဆာယာတိ တဒတ္ထံ ဒဿေတိ။ (မူလဋီ။ ၁၂၂။)

(၁၀)

(စ) တောယ + ကိစ္ဆတိ–၌

✔ တောယ–အရ ဝိစိကိစ္ဆာသည်–

ကိစ္ဆတိ–အရ တံသမ္ပယုတ္တခန္ဓာအား သဟ–ပြု။ ပြိုင်။ ။ သဟကြီး ၄၊ အည, သမ္ပ။ (၆)

==============

## ဝါကျဉယျာဉ် (၃၀၃)

(က) ကင်္ခါယ အာယနာတိ ကင်္ခါယနာ။

(ခ) ပုရိမကင်္ခါ ဟိ ဥတ္တရကင်္ခံ အာနေတိ နာမ။

(ဂ) အာကာရဝသေန ဝါ ဧတံ ဝုတ္တံ။

(ဃ) ကင်္ခါသမင်္ဂီစိတ္တံ ကင်္ခါယ အာယိတတ္တာ ကင်္ခါယိတံ နာမ။

(င) တဿ ဘာဝေါ ကင်္ခါယိတ္တံ။ (စ) ဝိမတီတိ န မတိ။

ဋ္ဌ။ ၃၀၁။ ပြည်သျှ၊ ၃၊ ၄၇။ ဘာသာဋီ၊ ၃။ ၂၆၅။

(၁)

### သံဝဏ္ဏနာနှင့် အညီအနက်

ကင်္ခါယနာ–နောက်ဖြစ်သော ယုံမှားခြင်းကို ဆောင်တတ်, ဖြစ်စေတတ်သော ဝိစိကိစ္ဆာစေတသိက်။

ကင်္ခါယိတတ္တံ–ယုံမှားသော အခြင်းအရာအားဖြင့် ဖြစ်တတ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်သော ဝိစိကိစ္ဆာစေတသိက်။ (သဒ္ဒတ္ထ) (ဝါ) ယုံမှားသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း ဝိစိကိစ္ဆာစေတသိက်။ (အဓိပ္ပါယတ္ထ)

(၂)

### (ခ) ဋ္ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (က)ဖြင့် နောက်နောက်ဖြစ်သော ယုံမှားမှုကို ဖြစ်စေတတ်သောကြောင့် ဝိစိကိစ္ဆာသည် ကင်္ခါယနာမည်သောဟု ဆို၏။ ထိုသို့–သော် ဆရာ့စကားသည် ယုတ္တိကင်းပဒဋ္ဌီယမျှသာဖြစ်၍ မယုံကြည်အပ်, မယုံကြည်နိုင်ရာသည် မဟုတ်ပါလော–စသည်တက်။ (ဟိ–ကား ဒဠှီဓောတက)

### (ဂ)သို့ အနုသန္ဓေ

ဤသို့ (က) (ခ)တို့ဖြင့် ကင်္ခါယနာပုဒ်ကို ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု ပြဆိုပြီး၍၊ ယခုအခါ၌ ကင်္ခီယတေ ကင်္ခါယနာ–ဟု ဘာဝသာဓနဝစနတ္ထပြုရမည့်ဟု ပြလိုရကား(ဂ)မိန့်။ (ပက္ခန္တရ) မှတ်ချက်။ ။ အာကာရဝသေနဖြင့် ဘာဝသာဓနကို ပြသည်။

(၃)

### (ဂ) ဝါ–သဒ္ဒါ ထားရခြင်း

ကင်္ခါယနာပုဒ်၏ ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထမှတပါး ဘာဝသာဓနဝစနတ္ထကို လဲလှယ်ပြလို၍ (တစ်နည်း) ကင်္ခါယနာပုဒ်၏ သမာသ်နာမ်ပုဒ်သဒ္ဒါမှတစ်ပါး ကိတ်နာမ်ပုဒ်သဒ္ဒါအဖြစ်ကို လဲလှယ်ပြလို၍ ထားသည်။

http://www.dhammadownload.com



(၄+၅)

(က)နှင့်အညီ။ ။ ကမ်နံ ကမ္မါ။ (ဥတ္တရကမ္မါရ၏)

* အာယတီတိ အာယနာ။ (ဣ, ဓ, အယ+ယု။ ကာရိတ်ကျေ။)

* ကမ္မါယ + အယနာ ကမ္မါယနာ။

✔ –ပုဒ်ရင်း၊ နောက်နောက်ယုံမှားခြင်း၏ + ရှေ့ရှေ့ယုံမှားမှု ဝိစိကိစ္ဆာစေတသိက်နှင့် အကျိုး + အကြောင်း၊ ဧည+ဓနကစပ်–ရင်း ဈူ–နိ။

✔ နောက်နောက်ယုံမှားခြင်းကိုဖြစ်စေတတ်သော ရှေးရှေးယုံမှားမှု ဝိစိကိစ္ဆာစေတသိက်ဒြဗ်သည် ပ–နိ။

(ခ)နှင့်အညီ။ ။ ကင်္ခီယတေ ကမ္မါယနာ–ဟု ပြု။ (ဘာဝသာဓန) (ကခိ+ယု။ ယ–အာဂုမ်)

✔ ကခိ–ဓာတ်+ယု–သည်ရင်း၊ ယုံမှားခြင်းကြိယာသည်ရင်း ဈူ–နိ။

✔ ယုံမှားမှုဝိစိကိစ္ဆာစေတသိက်ဒြဗ်သည် ပ–နိ။

ဘာသာဋီအလို။ ။ ကမ္မါယနာ–ပုဒ်၌ ပထမနည်းအလို "ကမ္မါ+အာယနာ"ဟုခွဲ။ အာယနာ၌ အယ–ဓာတ် +ကာရိတ် ကျေ၊ ယု–ပစ္စည်း။ အာယတီတိ အာယနာ။ ကမ္မါယ–နောက်နောက် ယုံမှားခြင်းကို၊ အာယနာ–ဖြစ်စေတတ်သော ရှေးရှေးယုံမှားခြင်းတည်း။ ကမ္မါယနာ–ခြင်း။ဟုပြု။ နောက်နည်းအလို "ကမ္မါ+အယနာ"ဟုခွဲ။ အယနာ–၌ ကာရိတ်မပါ။"ကမ္မါယ–၏။ အယနာ–ဖြစ်ခြင်းတည်း။ ကမ္မါယနာ–ခြင်း" ဟု ပြု။ (ဘာသာဋီ၊၃၊၂၆၅။)

"ဝစနတ္ထမှတ်ဖွယ်"

(ခ) ပုရေ + ဘဝါ ပုရိမာ။ ပုရိမာ စ + သာ + ကမ္မါစာတိ ပုရိမကမ္မါ။

* ဥတ္တရာ စ + သာ + ကမ္မါစာတိ ဥတ္တရာကမ္မါ။ (တံ)

(ဃ) ကမ္မါယ + သမင်္ဂီ ကမ္မါသမင်္ဂီ။ ကမ္မါသမင်္ဂီ စ + သာ + စိတ္တုပ္ပါဒေါတိ ကမ္မါသမင်္ဂီစိတ္တံ။

(၆)

(က)ဖြင့် ကမ္မါယနာကို ဆဋ္ဌီတပ္ပုရိသ်–ပြု–သိစေသည်။

(ခ)ဖြင့် ပုရိမကမ္မါဖြင့် ကမ္မါယနာ၌ အာယနအရ ပုရိမကမ္မါကိုယူ–သိစေသည်။

ဥတ္တရကမ်–ဖြင့် (က)ကမ္မါယ၌ ဆဋ္ဌီဝိဘတ်၏ ကမ္မတ္ထ၌ သက်–ရင်း၊ ကမ္မါအရ ဥတ္တရကမ္မါကို ယူ–ရင်း သိစေ။

အာယတိ–ဖြင့် (က)အာယနာ၌ အယ–ဓာတ်–ရင်း၊ ယု–ပစ္စည်း၏ ဟေတုကတ္တုသာဓန အနက်၌ သက်–ရင်း၊ အာယတီတိ အာယနာ–ဟု ပြု–ရင်း သိစေသည်။

အာယတိ နာမ–၌ နာမ–ဖြင့် အပေါင်းဖြစ်သော စိတ်, စေတသိက်တို့၏ ကမ္မါယနာဟူသော အမည်ကို အစိတ်ဖြစ်သော (ဝိစိကိစ္ဆာ)စေတသိက်၌ တင်စား၍ အစိတ်ဖြစ်သော ဝိစိကိစ္ဆာ စေတသိက် ကိုသာ ကေဒေသျူပစာအားဖြင့် ကမ္မါယနာ၏အရ ယူရမည်ဟု သိစေသည်။

(ဂ) အာကာရဝသေန–ဖြင့် ကမ္မါယနာ၌ ယုပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်–ရင်း၊ ကင်္ခီယတေ ကမ္မါယနာ–ဟု ပြု–ရင်း သိစေသည်။

(ဃ) ကမ္မါသမင်္ဂီစိတ္တံ–ဖြင့် ကမ္မါယိတအရ ယုံမှားမှုနှင့်ပြည့်စုံသောစိတ်ကိုယူ–သိစေသည်။

ကမ္မါယ အာယိတတ္တာ–ဖြင့် ကမ္မါယိတံ၌ အာယိတဝယ် အယ–ဓာတ်...ရင်း၊ တ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်–ရင်း၊ အယတိ ပဝတ္တတီတိ အာယိတံ–ဟု ပြု–ရင်း၊ အပေါင်းပုဒ်ကို ကမ္မါယ + အာယိတံ ကမ္မါယိတံ–ဟု တတိယာတပ္ပုရိသ်ပြု–ရင်း သိစေသည်။

(တစ်နည်း) ကမ္မါယ အာယိတတ္တာ–ဖြင့် ကမ္မါယိတံ၌ အာယိတဝယ် အယ–ဓာတ်–ရင်း၊ တ–ပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌သက်–ရင်း၊ အယိတဗ္ဗံ ပဝတ္တေတဗ္ဗန္တိ အာယိတံ–ဟု ပြု...ရင်း၊ အပေါင်းပုဒ်ကို ကမ္မါယ + အာယိတံ ကမ္မါယိတံ–ဟု တတိယာတပ္ပုရိသ်–ပြု–ရင်း သိစေသည်။

http://www.dhammadownload.com



(ဃ)အနက်။ ။ ကင်္ခါယ–ခြင်းနှင့်။ သမင်္ဂီစိတ္တံ–သည်။ ကင်္ခါယိတတ္တာ–ယုံမှားသောအခြင်းအရာဖြင့် ဖြစ်တတ်သည်အဖြစ်ကြောင့်။ ကင်္ခါယိတံ နာမ–မည်၏။ (ပြည်သျှ) (တစ်နည်း) ကင်္ခါသမင်္ဂီ စိတ္တံ–သည်။ ကင်္ခါယ–ခြင်းသည်။ အာယိတတ္တာ–ဖြစ်စေအပ်သည်၏အဖြစ်ကြောင့်။ ကင်္ခါယိတံ နာမ–မည်၏။ (ဘာသာဋီ၊၃။၂၆၆။)

ကင်္ခါယိတံ နာမ–၌ နာမဖြင့် အပေါင်းဖြစ်သော စိတ်, စေတသိက်တို့၏ ကင်္ခါယိတဟူသော အမည်ကို အစိတ်ဖြစ်သော ကင်္ခါသမင်္ဂီစိတ်၌တင်စား၍ အစိတ်ဖြစ်သော ကင်္ခါသမင်္ဂီစိတ်ကို ကေဒေ သျှူပစာအားဖြင့် ကင်္ခါယိတဟူ၍ ခေါ်ဝေါ်ထားသည်၏အဖြစ်ကို သိစေ။(င) တဿ ဘာဝေါ–ဖြင့် ဖေါ်ပြ။

(စ) န မတိ–ဖြင့် ဝိမတိ၌ ဝိ–၏ ပဋိသေဓအနက်ဟော–ရင်း၊ န+မတိ ဝိမတိ–ဟု ပြု–ရင်း သိစေ။

(၇)

(ဂ) တေ–ဤကင်္ခါယနာဟူသောပုဒ်ကို။ (ပဏ္ဏဝိဿယ)

(င) တဿ (ကင်္ခါယိတဿ)–ထိုယုံမှားသောအခြင်းအရာဖြင့်ဖြစ်တတ်သောစိတ်၏။ (ပြည်)

(ဝါ) ထိုယုံမှားခြင်းသည် ဖြစ်စေအပ်သောစိတ်၏။ (ဘာသာဋီ)

(၈)

ကင်္ခါယနာ–အရ ဝိစိကိစ္ဆာစေတသိက်ယူ၍–

✔ ထို–သည် ဒဿနတ္ထ။

✔ အယောနိသောမနသိကာရသည် ဒီပကတ္ထ။

✔ သမာဓိစသောကုသိုလ်မွေတို့၏ပျက်စီးခြင်းသည် ပကာသနတ္ထ။

✔ ဝိပတ္တိစက် (၄)ပါးသည် ဝိဘာဝတ္ထ။

✔ နောက်နောက်သောယုံမှားမှုဖြစ်ခြင်းအစ အပါယ်ဒုဂ္ဂတိ၌ ဖြစ်ရခြင်းတိုင်အောင် မကောင်း သောအကျိုးတရားအဆက်ဆက်သည် အနုဘာဝတ္ထ။

(၁၀)

(က) ကင်္ခါယ+အာယနာ–၌

✔ အာယနာ–အရ ရှေးရှေး၌ဖြစ်သော ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်သည်–

ကင်္ခါယ–အရ နောက်နောက်ဖြစ်သော ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်အား အနန္တရ–ပြု။

ပြိုင်။ ။အနန္တရ, သမနန္တရ, ဥပ, အာသေ, နတ္ထိ, ဝိဂတ။ (၆)

===========

## ဝါကျဥယျာဉ်(၃၀၄)

(က) နိဿယဝသေန အာရမ္မဏေ ပဝတ္တိတုံ အသမတ္ထတာယ ထမ္ဘိတတ္တံ။

(ခ) စိတ္တဿ ထဒ္ဓဘာဝေါတိ အတ္ထော။

(ဂ) ဝိစိကိစ္ဆာ ဟိ ဥပ္ပဇ္ဇိတွာ စိတ္တံ ထမ္ဘံ ကရောတိ။

(ဃ) ယသ္မာ ပနေသာ ဥပ္ပဇ္ဇမာနော အာရမ္မဏံ ဂဟေတွာ မနံ ဝိလိခန္တီ ဝိယ၊ တသ္မာ မနော ဝိလေခေါတိ ဝုတ္တာ။

ဋ္ဌ။ ၃၀၁။ ပြည်သျှ၊ ၃။ ၄၉။ ဘာသာဋီ၊ ၃။ ၂၆၇။

(၁)

သံဝဏ္ဏနာနှင့်အညီ ထမ္ဘိတတ္တံ စိတ္တဿ မနောဝိလေခေါ (ပါဠိတော်)ကို အနက်ပေး

စိတ္တဿ–ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၏။ ထမ္ဘိတတ္တံ–ခက်ထန်နိုင်မာသည်၏အဖြစ် (ဝါ)ခက်ထန် နိုင်မာခြင်း။မနောဝိလေခေါ–စိတ်ကိုရေးခြစ်တတ်သကဲ့သို့ဖြစ်တတ်သော ဝိစိကိစ္ဆာစေတသိက်တရားတည်း။

http://www.dhammadownload.com



(၂)

(ခ) ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (က)ဖြင့် ဆုံးဖြတ်ခြင်း၏အစွမ်းဖြင့် အာရုံ၌ဖြစ်ခြင်းငှာ မစွမ်းနိုင်သည်၏အဖြစ်ကြောင့် ထမ္ဘိတတ္တမည်သောဟုဆို၏။ ထိုသို့–သော် ထမ္ဘိတတ္တံ စိတ္တသ မနောဝိလေခေါ–ဟူသော ပါဠိတော်၌ စိတ္တဿပုဒ်၏အစပ်သမ္ဗန်ကို မသိအပ်, မသိနိုင်ရာသည်မဟုတ်ပါလော။ (ဝါ) စိတ္တဿကို ပါဠိရှိသည့်အတိုင်း မနောဝိလေခေါပုဒ်၌ပင် စပ်အပ်၏ဟူသော အနက်သဘောသင့်ရောက်ရာသည် မဟုတ်ပါလော။ ထို့ကြောင့်–မဆိုသင့်။ စိတ္တဿပုဒ်၏ အစပ်သမ္ဗန်ကိုလည်း ပြဆိုသင့်သေး၏။ စိတ္တဿကို မည်သည့်ပုဒ်၌ စပ်ရပါမည်နည်း။ စုဒ်ကြောင့် (ခ)မိန့်။

(တစ်နည်း) ဌပနာတူ၏။ ထိုသို့–သော် ထမ္ဘိတတ္တံပုဒ်၏ ဝစနတ္ထကို မသိအပ်, မသိနိုင်ရာသည်မဟုတ်ပါလော–စသည်တက်။

(ဂ) ဌပနာဘောဂါဒီ

ဆရာ–သည် (ခ)ဖြင့် ထမ္ဘိတတ္တံ စိတ္တဿ မနောဝိလေခေါ (ပါဠိတော်)၌ စိတ္တဿကို ထမ္ဘိတတ္တံပုဒ်၌စပ်၍ သမ္ဗန်ရမည်ဟု ဖွင့်ပြဆို၏။ ထိုသို့–သော် ယင်းသို့ ဖွင့်ဆိုသောဆရာ့စကားသည် ယုတ္တိကင်းပဒ္ဓိယမ္ဘသာဖြစ်၍ မယုံကြည်အပ်, မယုံကြည်နိုင်ရာသည်မဟုတ်ပါလော–စသည်တက်။(ဟိ–ကား ဒဠှီကရဏတ္တ)

(ဃ)သည် မနောဝိလေခေါပုဒ်၏ အဖွင့်ပြ– ပက္ကန္တရ(ပြည်) ဘာသာဋီ၌ ပန–ကို ဝါကျာရမ္ဘဇောတကကြသည်။

(၃)

(ဃ)၌ ဝိယ–သဒ္ဒါထည့်ကာ ရေးသားရခြင်း

"နိဿတ္တ–ကို၊ သတ္တိရှိလာ၊ ကျမ်း၌ပါ၊ ဝါစာသိလိင်္ဂ၊ ဥပရိက်"ဟူသည်နှင့်အညီ ဝိစိကိစ္ဆာသည် စိတ်ကို မရေးခြစ်တတ်သော်လည်း (ဝါ) ရေးခြစ်တတ်သော သတ္တိမရှိငြားသော်လည်း ရေးခြစ်တတ်သကဲ့သို့ (ဝါ) သတ္တိမရှိသောတရားကို သတ္တိရှိသကဲ့သို့ ဝါစာသိလိင်္ဂအကျိုးငှာ တင်စားထားသော ဥပရိက္ခာအဖြစ်ကို သိစေလိုသောကြောင့် ဝိယ–သဒ္ဒါထည့်ကာ ရေးသားရသည်။

(၄+၅)

* မနတိ ဇာနာတီတိ မနော။ ဝိလိခတီတိ ဝိလေခေါ။ (ဝိ, လိခ+ဏ)
* မနံ + ဝိလေခေါ မနောဝိလေခေါ။

✔ –ပုဒ်သည်ငင်း၊ စိတ်၏+မရေးခြစ်တတ်သော်လည်း ရေးခြစ်သကဲ့သို့ဖြစ်တတ်သော ဝိစိကိစ္ဆာစေတသိက်နှင့် သမ္ဗယောဂ+သမ္ဗယောဂဝန္တစပ်–ငင်း ဈူ+နိ။

✔ စိတ်ကို ရေးခြစ်တတ်သကဲ့သို့ ဖြစ်တတ်သော ဝိစိကိစ္ဆာစေတသိက်ဒြဗ်သည် ပ+နိ။

"ဝစနတ္ထမှတ်ဖွယ်"

* နိစ္ဆယနံ နိစ္ဆာယနံ နိစ္ဆယော။ (နိ, စယ+အ)

♦ သမတ္ထေတီတိ သမတ္ထံ။ န+သမတ္ထံ အသမတ္ထံ။ တဿ + ဘာဝေါ အသမတ္ထတာ။ (တာယ) အမှာ။ ။ဝိစိကိစ္ဆာစေတသိက်ကို ရငြားသော်လည်း ထမ္ဘိတ–ကို ရှုကာ နပုံလိင်ချခဲ့သည်။

ထမ္ဘိတ–ကိုလည်း စိတ္တဿ–ကိုရှုကာ နပုံလိင် နိပ္ဖန္နချရမည်။

♦ ထမ္ဘတီတိ ထမ္ဘိတံ။ ဟုပြု။ ထမ္ဘ–ကား (ထဘိ+တ) ထမ္ဘတီတိ ထမ္ဘံ။

(၆)

(ခ) စိတ္တဿ ထမ္ဘဘာဝေါ–ဖြင့် ထမ္ဘိတတ္တံ စိတ္တဿ မနောဝိလေခေါ (ပါဠိတော်)၌ စိတ္တဿပုဒ်ကို မနောဝိလေခေါ၌ မစပ်ရ၊ ထမ္ဘိတတ္တံပုဒ်၌ စပ်၍အနက်သမ္ဗန်ရမည်ကိုငင်း၊ ထမ္ဘိတတ္တံ၌ တ္တ–ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်–ငင်း၊ ထမ္ဘိတဿ ဘာဝေါ ထမ္ဘိတတ္တံ–ဟု ပြု–ငင်း သိစေသည်။

http://www.dhammadownload.com



(၇)

(က) နိဿယ–၌ နိ–ကား အဝဓာရဏတ္ထ။ (တစ်နည်း) ဘုသတ္ထ။

♦ အဝဓာရဏော နိဿယော။ (ရှ။၁၂၇။)

♦ နိ–ဘုသံ, ဆေဒနံ ဝါ နိဿယော။ (ဓာန်ဋီ။၁၅၉)

(၈+၉+၁၀)

ထန္တိတတ္တံ–အရ ဝိစိကိစ္ဆာကို ယူ။

(ခ) စိတ္တဿ + ထဒ္ဓဘာဝေါ–၌

✔ ထဒ္ဓဘာဝေါ–အရ ဝိစိကိစ္ဆာသည်–

စိတ္တဿ–အရ တံသမ္ပယုတ္တစိတ္တုပ္ပါဒ်အား သဟဇာတ–ပြု။

ပြိုင်။ ။ သဟကြီး၄၊ အညသမ္မ။ (၆)

---

## ဝါကျဥယျာဉ် (၃၀၅)

(က) စေတော ဝိကိဉ္စပတီတိ စေတသောဝိက္ခေပေါ။

(ခ) ဘန္တတ္တံ စိတ္တဿာတိ စိတ္တဿ ဘန္တဘာဝေါ, ဘန္တယာနဘန္တဂေါဏာဒီနိ ဝိယ။

(ဂ) ဣမိနာ ကောရမ္မဏာသ္မိံယေဝ ဝိပ္ဖန္ဒနံ ကထိတံ။

(ဃ) ဥဒ္ဓစ္စဉှိ ဧကာရမ္မဏေ ဝိပ္ဖန္ဒတိ၊ ဝိစိကိစ္ဆာ နာနာရမ္မဏေ။

(င) သေသံ သမ္ဗဝါရေသု ဟေဋ္ဌာ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။

ဋ္ဌ။ ၃၀၁။ မူလဋီ။ ၁၂၂။ ယောဇနာ။ ၁၅၂။ ပြည်သျှ၊ ၃။ ၅၀။ ဘာသာဋီ၊ ၃။ ၂၆၈။

(၁)

(ဂ) ဣမိနာ–ဤဘန္တတ္တံ စိတ္တဿဟူသောပါဌ်ဖြင့်။

(ဃ) ဟိ–မှန်။ (ပြည်၊ ဘာသာဋီ) ဟိ–အထူးကား။(ဘာသာဋီ)

(၂)

(ဂ) ပါပနာဒီပဋ္ဌက

ဆရာ–သည် (ခ)ဖြင့် ဘန္တတ္တံ စိတ္တဿဟူသည် စိတ်၏တုန်လှုပ်သည်၏အဖြစ်တည်းဟုဖွင့်ပြဆို၏။ ထိုသို့–သော် ယင်းဘန္တတ္တံ စိတ္တဿဟူသောပါဌ်ဖြင့် နာနာရမ္မဏ=အထူးထူးအမျိုးမျိုးသော အာရုံ၌ တုန်လှုပ်မှုကိုပင် ဟောအပ်၏ဟူသော အနက်သဘောသင့်ရောက်ရာ၏။ စင်–ကား မရောက်သင့်။ ထိုသို့–ကြောင့် ယင်းဘန္တတ္တံ စိတ္တဿဟူသောပါဌ်ဖြင့် မည်သည့်အာရုံ၌ တုန်လှုပ်ခြင်းကို ဟောတော်မူအပ်၏ဟု တိကျစွာပြဆိုသင့်သေး၏။–– အတိဗျာပိတ–၏။ ယင်း ဘန္တတ္တံ စိတ္တဿ ဟူသောပါဌ်ဖြင့် အဘယ်အာရုံ၌ တုန်လှုပ်ခြင်းကို ဟောတော်မူအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ)မိန့်။

မှတ်ချက်။ ။ ဧကာရမ္မဏသ္မိံယေဝ–ကို ရှု၍ အနုလောမပါပနာထုတ်သည်။

(ဃ) ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (ဂ)ဖြင့် ဘန္တတ္တံ စိတ္တဿဟူသောပါဌ်ဖြင့် (ဥဒ္ဓစ္စသဟဂုတ်စိတ်၏) တစ်ခုသော အာရုံ၌သာလျှင် တုန်လှုပ်ခြင်းကို ဟောတော်မူအပ်၏ဟုဆို၏။ ထိုသို့ပင် ဆိုသော်လည်း ပါဠိတော်၌ ဘန္တတ္တံ စိတ္တဿဟု သာမညသာ ဟောတော်မူသည်မဟုတ်ပါလော။ ထို့–ကြောင့်–မဆိုသင့်။ ဆရာစကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သေး၏။–ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

http://www.dhammadownload.com



(၃)

(ဂ)၌ ကထိတံ-ထားရခြင်း

ပါဠိတော်၌ ဘဏ္ဍတ္တံ စိတ္တဿပဟု သာမညဟောတော်မူရာ၌ စောဒကပုဂ္ဂိုလ်အဖို့ သာမညအားဖြင့် တစ်ခုသောအာရုံ၌ တုန်လှုပ်ခြင်း, အထူးထူးသော အာရုံ၌တုန်လှုပ်ခြင်းဟု အာဘော်နှစ်မျိုးဖြစ်နိုင်သော်လည်း ပရိဟာရ (ကျမ်းဆရာ)ဘက်က ဥဒ္ဒစ္စသဟဂုတ်စိတ်၏ တစ်ခုသောအာရုံ၌သာလျှင် တုန်လှုပ်ခြင်းကို ဟောတော်မူအပ်၏ဟု ဆွဲငင်လုယက်၍ ပြလိုသောအရာဌာနဖြစ်သောကြောင့် ထားသည်။

(၄)

* ဘမတီတိ ဘန္တံ။ (ဘမု+တ။တုန်လှုပ်ခြင်း။)

* ယာတိ အနေနာတိ ယာနံ။ (ယာ+ယု) ဘန္တံ + ယာနံ ဘန္တယာနံ။

✔ -ပုဒ်သည်ရင်း၊ တုန်လှုပ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည်၏ + ယာဉ်ဒြပ်နှင့် ဂုဏ်+ဂုဏီစပ်-ရင်း ဗျု-နိ။

✔ တုန်လှုပ်သောယာဉ်တို့၏...ဂုဏ်သည် (ဝါ) ယာဉ်၏တုန်လှုပ်တတ်သည်၏အဖြစ်တည်းဟူသောဂုဏ်သည် ပ-နိ။

* ဥဒ္ဒံ ဥဒ္ဒံ ဟနတိ ဂစ္ဆတီတိ ဥဒ္ဓတော။ (ဥ+ဟန+တ။ စိတ်ရှ၏။)

* ဥဒ္ဓတဿ + ဘာဝေါ ဥဒ္ဓစ္စံ။ (ဥဒ္ဓတ+ဏျ)(ပျံ့လွင့်သောစိတ်၏ + ဥဒ္ဓစ္စစေတသိက်နှင့် အကျိုး+အကြောင်းစပ်)

(၅)

| | | |
|---|---|---|
| (ခ) ဘန္တဘာဝေါ-၌ ဘန္တ-ကား | ကိတ်နာမ်၊ နပုံ၊ စိတ္တာဒိ၊ အ-ကာရန္တ။ | |
| ဘန္တယာန-၌ ဘန္တ-လည်း | ကိတ်နာမ်၊ နပုံ၊ စိတ္တာဒိ၊ အ-ကာရန္တ။ | |
| ဘန္တဂေါဏ-၌ ဘန္တ-ကား | ကိတ်နာမ်၊ ပုလိင်၊ ပုရိသာဒိ၊ အ-ကာရန္တ။ | |

(၆)

(က) စေတော-ဖြင့် စေတသော၌ သ-ဝိဘတ်သည် ကမ္မတ္ထဆဋ္ဌီအနက်၌သက်၏ဟုသိစေ။

ဝိက္ခိပတိ-ဖြင့် ဝိက္ခေပေါ၌ ဝိ,ခိပ-ဓာတ်၊ ဏ-ပစ္စည်း၊ ဝိက္ခိပတီတိ ဝိက္ခေပေါ-ဟုပြု- သိစေ။

စေတော ဝိက္ခိပတိ-ဟူသော အပေါင်းသံဝဏ္ဏနာပါဌ်ဖြင့် စေတသောဝိက္ခေပေါပုဒ်ကို စေတသော + ဝိက္ခေပေါ စေတသောဝိက္ခေပေါ-ဟု အလုတ္တဆဋ္ဌီတပ္ပုရိသ် (တစ်နည်း) စေတသော + ဝိက္ခိပတီတိ စေတသောဝိက္ခေပေါ-ဟု ကိတန္တအလုတ္တဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေ။

♦ စေတသော ဝိက္ခေပေါတိ အလုတ္တသမာသော။ (ယောဇနာ။၁၅၂။)

(ခ) စိတ္တဿ ဘန္တဘာဝေါ-ဖြင့် ဘန္တတ္တံ စိတ္တဿကို သမ္ဗန္ဓမအားဖြင့် အနက်မသမ္ဗန်ရ၊ စိတ္တဿ ဘန္တတ္တံ-ဟု အတ္ထက္ကမအားဖြင့် အနက်သမ္ဗန်ရမည်ကိုရင်း၊ ဘန္တတ္တံ၌ တ္တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်-ရင်း၊ ဘန္တဿ+ဘာဝေါ ဘန္တတ္တံ-ဟု ပြု-ရင်း သိစေသည်။

(၇)

(ဂ) ဧကာရမ္မဏသ္မိံ ယေဝ-၌ ဧဝ-၏ ဂဟေတဗ္ဗစသည်ထုတ်ပုံ

✔ ဧကာရမ္မဏ=တစ်ခုတည်းသောအာရုံသည် ဂဟေတဗ္ဗတ္ထ။

✔ နာနာရမ္မဏ=အထူးထူး အမျိုးမျိုးသောအာရုံသည် နိဝတ္တေတဗ္ဗတ္ထ။

(င) ဝုတ္တနယေနေဝ-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ ဝုတ္တနယသည် ဂဟေတဗ္ဗတ္ထ။

✔ အဝုတ္တနယသည် နိဝတ္တေတဗ္ဗတ္ထ။

✔ သဒိသနယသည် (ဝါ) ဆိုအပ်ပြီးသောနည်း၏ဂုဏ်သည် အနုညာတတ္ထ။

http://www.dhammadownload.com



(၈)

(ဂ) ကထိတံ–၌ ကထ–ဓာတ်အရ မြတ်စွာဘုရား၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကိုယူ။
တ–ပစ္စည်းအရ ဘဏ္ဍတ္ထံ စိတ္တသဿ–ဟူသော ဝစီဘေဒသဒ္ဒကိုယူ။ (ထုတ်ဖြ)

(၉)

(ဃ) ဥဒ္ဒစ္စံ ကောရမ္မဏေ ဝိပ္ပန္ခတိ–၌ အဓိပ္ပာယ်

ဥဒ္ဒစ္စသည် မိမိယူအပ်သောအာရုံ၏ အခြင်းအရာ၌သာ တည်၍ တုန်လှုပ်၏။ "မှားသည်ဖြစ်စေ, မှန်သည်ဖြစ်စေ, ထိုအခြင်းအရာကိုသာ မငြိမ်းမသက် တုန်လှုပ်လျက် ယူသည်"ဟူလို။

♦ ဥဒ္ဒစ္စံ အတ္တနော ဂဟိတာကာရေ ဝေ ဌတွာ ဘမတိတိ ကောရမ္မဏသ္မိံ ယေဝ ဝိပ္ပန္ခန် ဟောတိ။(မူလဋီ)

(ဃ) ဝိစိကိစ္ဆာ နာနာရမ္မဏေ (ဌ)၌ အဓိပ္ပာယ်

ဝိစိကိစ္ဆာသည် ရူပါရုံစသည်တို့တွင် တစ်ပါးပါးသောအာရုံ၌သာ ဖြစ်ငြားသော်လည်း "ဤသို့ ဖြစ်လေသလော, ဤသည်ပင်လော"ဟု ဖြစ်သည်ရှိသော် "ဤသို့ မဟုတ်လေသလော, တစ်ပါး တစ်ခြားလေလော"ဟု တစ်ပါးသော ယူအပ်သော အခြင်းအရာကို ရှုငဲ့နေသောကြောင့် ဝိစိကိစ္ဆာသည် အမျိုးမျိုးသောအာရုံ၌ တုန်လှုပ်တတ်သည်ဟု အဋ္ဌကထာဆရာဆိုသည်။

♦ ဝိစိကိစ္ဆာ ဝန ယဒိပိ ရူပါဒိသု (ပ) နာနာရမ္မဏေ စလနံ ဟောတိ။ (မူလဋီ။၁၂၂။)

(၁၀)

✔ ဘဏ္ဍတ္ထံ–၌ တ္ထ–ပစ္စည်း (ဗာဟုဏ္ဍ)အရ ဥဒ္ဒစ္စစေတသိက်သည်–
ဘဏ္ဍ (အန္တတ္ထ)အရ တံသမ္ပယုတ္တမေ္မစိတ္တုပ္ပါဒ်အား သဟာ–ပြု။ ပြိုင်။သဟကြီး ၄၊ အညသမ္ဗ။ (၆)

✔ ဘဏ္ဍတ္ထံ–အရ ဥဒ္ဒစ္စစေတသိက်ယူ။
စိတ္တသဿ–အရ တံသမ္ပယုတ္တမေ္မစိတ္တုပ္ပါဒ်ယူ။ (အတူတူဝင်)

(ဃ) ကောရမ္မဏေ + ဝိပ္ပန္ခတိ–၌

✔ ကောရမ္မဏေ–အရ တစ်ခုသောအာရုံပစ္စည်းတရားသည်–
ဝိပ္ပန္ခတိ–အရ ဥဒ္ဒစ္စစေတသိက်အား အာရမ္မဏ–ပြု။ ပြိုင်။ ။အာ, ပုရေ၊ အတ္ထိ, အဝိ။ (၄)

==============

## ဝါကျဉယျာဉ် (၃၀၆)

(က) တတ္ထ ကတတ္တာတိ ကတကာရဏာ။
(ခ) ဥပစိတတ္တာတိ အာစိတတ္တာ ဝမိတကာရဏာ။
(ဂ) စက္ခုဝိညာဏန္တိ ကာရဏဘူတဿ စက္ခုဿ ဝိညာဏံ။
(ဃ) စက္ခုတော ဝါ ပဝတ္တံ, စက္ခုသ္မိံ ဝါ နိဿိတံ ဝိညာဏန္တိ စက္ခုဝိညာဏံ။
(င) ပရတော သောတဝိညာဏာဒီသုပိ ဧသေဝ နယော။

ဌ၊၃၀၃။ မူလဋီ၊၁၂၄။ ပြည်သျှ၊ ၃၊ ၅၅။ ဘာသာဋီ၊၃၊၂၇၃။

(၁)

(ခ)ကို ဥပစိတာကာရ–ပါဠ်များနှင် ပကတိ, ဝိကတိကတ္တားများထည့်၍အနက်ပေး–

ဥပစိတတ္တာတိ–ကား။ (ယထာ–အကြင်အခြင်းအရာဖြင့်။ အညဿ–တစ်ပါးသောကံ၏။ ဝိပါကံ–အကျိုးကို။ ပဋိဗာဟိတွာ–တားမြစ်၍။ အတ္တနော–၏။ ဝိပါကာဘိမုခံ–အကျိုးပေးခြင်းအားရှေး ရှုပြုအပ်သော အခွင့်ရှိသည်။ ဟောတိ–၏။ တထာ–ထိုအခြင်းအရာဖြင့်။) အာစိတတ္တာ ဝမိတကာရဏာ– ပွါးစေအပ်သည်၏ အဖြစ်ဟူသောအကြောင်းကြောင့်။ (စက္ခုဝိညာဏံ–သည်။ (ပကတိ) ဥပ္ပန္နံ–သည် (ဝိကတိ) ဟောတိ။)

♦ ဥပစိတတ္တာတိ ယထာ အညဿ ဝိပါကံ ပဋိဗာဟိတွာ အတ္တနော ဝိပါကာဘိမုခံ ဟောတိတထာ ဝမိတတ္တာ၊ (မူလဋီ)

http://www.dhammadownload.com



(၂)

(ဃ)သို့ အနုသန္ဓေ

ဤသို့ (ဂ)ဖြင့် စက္ခုဝိညာဏ်ပုဒ်ကို ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းစက္ခုဝိညာဏ်ပုဒ်၏ ပဝတ္တအလယ်ပုဒ်ကျေသော ပဥ္စမီတပ္ပုရိသ်, နိသိတအလယ်ပုဒ်ကျေသော သတ္တမီဝါ(?)တပ္ပုရိသ်သမာသ်ဝစနတ္ထကို ပြလိုသောဆရာသည် (ဃ)မိန့်။ (ပက္ခန္တရ)

(င)သို့ အနုသန္ဓေ

ဤသို့ (ဂ)(ဃ)ဝါကျတို့ဖြင့် စက္ခုဝိညာဏ်ပုဒ်၏ဝစနတ္ထကို ပြဆိုပြီး၍ ယခုအခါ၌ သောတဝိညာဏ် စသောပုဒ်တို့၏ ဝစနတ္ထကို (ညွှန်းသောအားဖြင့်) ပြတော်မူလိုသော ဆရာသည် (င)မိန့်။ (ပဒ္ဓကတက်မြ)

(၃)

(ဃ)၌ ဝါ-သဒ္ဒါထားရခြင်း ကျမ်းတက်နှင့်အာဘောဒ်သံဝဏ္ဏနာကို ရှု၍-ဖြေ။ (လွယ်ပြီ)

(၄)

စက္ခုတိ ဝိညာဏာမိဋ္ဌိတံ ဟုတွာ သမဝိသမံ အာစိက္ခန္တံဝိယ ဟောတီတိ စက္ခု။

✔ စက္ခု+ဥ-သည်ရင်း၊ ဝိညာဏ်၏တည်ရာဖြစ်၍ ညီညွတ်, မညီညွတ်သည်ကို ပြောကြားသကဲ့သို့ ဖြစ်ခြင်းကြိယာသည်လည်းကောင်း ဗျု-နိ။

✔ စက္ခုပသာဒဖြစ်သည် ပ-နိ။

"ဝစနတ္ထမှတ်ဖွယ်"

* ကရီယိတ္ထာတိ ကတံ။ (ကာမာဝစရကုသိုလ်ကံရ၏)
* ကတဿ + ဘာဝေါ ကတတ္တံ။ (တဒ္ဓိတ်)(ပြုအပ်ပြီးသောကံ၏+ပြုပြီးခြင်းကြိယာနှင့် သာရူ+သာကေစပ်)
* ဥပစိယိတ္ထာတိ ဥပစိတံ။ (ဥပ,စိ+တ)

(၅)

| | | |
|---|---|---|
| (င) | သောတဝိညာဏ-ကား | သမာသ်နာမ်၊ နပုံ၊ စိတ္တာဒိ၊ အ-ကာရန္တ။ |
| | အာဒိသု-ကား | ကိတ်နာမ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဥ-ကာရန္တ။ |
| | ဝိ-ကား | နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ ဣ-ကာရန္တ။ |
| | သော-ကား | သဗ္ဗနာမ်၊ ပုံလိင်၊ သဗ္ဗနာမ်ဂိုဏ်း(ပုရိသာဒိ)၊ အ-ကာရန္တ။ |
| | ဝေ (တစ်နည်း)၊ ဧဝ-ကား | နိပါတ်။ |
| | နယော-ကား | ကိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ-ကာရန္တ။ |

(၆)

(က) ကတကာရဏာ-ဖြင့် ကတတ္တာ၌ တ္တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်-ရင်း၊ ကတဿ + ဘာဝေါ ကတတ္တံ-ဟု ပြု-ရင်း၊ ကတတ္တာ၌ အာ-သည် သွာ-ဝိဘတ်၏ ကာရိယ-ရင်း၊ ယင်းသွာဝိဘတ်၏ ကာရဏအနက်၌ သက်-ရင်း သိစေသည်။

(ခ) အာစိတတ္တာ-ဖြင့် ဥပစိတတ္တာ၌ ဥပစိတ-ဝယ် ဥပ,စိ-ဓာတ်-ရင်း၊ ယင်း စိ-ဓာတ်၏ အာစယ=စီခြင်းအနက်ဟော-ရင်း၊ တ-ပစ္စည်း၏ အတိတ်ကမ္မသာဓနအနက်၌ သက်-ရင်း၊ ဥပစီယိတ္ထာတိ ဥပစိတံ-ဟု ပြု-ရင်း သိစေသည်။

ဝမ်ိတကာရဏာ-ဖြင့် ဥပစိတတ္တာ အာစိတတ္တာ၌ စီခြင်းဟူသည် အထပ်ထပ်တိုးပွါးစေခြင်း ပင်တည်း၊ အခြားကံ၏ အကျိုးပေးခွင့်ကို တားမြစ်၍ မိမိသည်သာ အကျိုးပေးခွင့်ရလောက်အောင်ကံကို အထပ်ထပ်တိုးပွား စေခြင်းပင်တည်းဟူသော အဓိပ္ပာယ်ကို သိစေ။ (ဘာသာဋီ။၁၇၄။)(မူလဋီ သာဓက ၁-နံပါတ်-၅)

http://www.dhammadownload.com



(တစ်နည်း) ဝမိုတကာရဏာ–ဖြင့် ဥပစိတတ္တာ၌ တ္တ–ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်–ရင်း၊ ဥပစိတဿ + ဘာဝေါ ဥပစိတတ္တံ–ဟု ပြု–ရင်း၊ ဥပစိတတ္တာ၌ အာ–သည် သ္မာဝိဘတ်၏ ကာရိယ–ရင်း၊ ယင်း သ္မာ–ဝိဘတ်၏ ကာရဏအနက်၌ သက်–ရင်း သိစေ။ (ဂ) စက္ခုဿ ဝိညာဏံ–ဖြင့် ဖော်ပြ။

ကာရဏဘူတဿ–ဖြင့် စက္ခုဝိညာဏ်၌ စက္ခုအရ စက္ခုဝိညာဏ်၏အကြောင်းဖြစ်သော စက္ခုပသာဒကို ယူ–သိစေ။

(ဃ) စက္ခုတော ပဝတ္တံ (ဝိညာဏံ)–ဖြင့် စက္ခုဝိညာဏ်ကို ပဝတ္တအလယ်ပုဒ်ကျေသော ပဉ္စမီတပ္ပုရိသ်–ပြု–သိစေ။

စက္ခုသ္မိံ နိဿိတံ ဝိညာဏံ–ဖြင့် နိဿိတအလယ်ပုဒ်ကျေသော သတ္တမီတပ္ပုရိသ်–ပြု–သိစေ။

(၇)

(င) ဧသေဝနယော–၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ စက္ခုဝိညာဏ်ပုဒ်၌ ဆိုခဲ့ပြီးသော ဆဋ္ဌီတပ္ပုရိသ်, ပဉ္စမီတပ္ပုရိသ်, သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထနည်းတို့သည် ဂဟေတဗ္ဗတ္ထ။

✔ တပါးသော ဝစနတ္ထနည်းတို့သည် နိဝတ္တေတဗ္ဗတ္ထ။

(င) သောတဝိညာဏာဒီသုပိ–၌ ပိ–ကား သမုစ္စယတ္ထ။

ယင်း ပိ–သဒ္ဒါဖြင့် စက္ခုဝိညာဏ်ပုဒ်၌သာ ဆဋ္ဌီတပ္ပုရိသ်, ပဉ္စမီတပ္ပုရိသ်, သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထနည်းကို မှတ်အပ်သည်မဟုတ်သေး၊ သောတဝိညာဏ်စသောပုဒ်တို့၌လည်း ဤဆိုခဲ့ပြီး ဝစနတ္ထနည်းတို့ကို မှတ်အပ်၏ဟု ဆည်းသည်။

(၈)

စက္ခုဝိညာဏံ–အရ စက္ခုဝိညာဏ်ကိုယူ။ ၁။ ဝီထိနည်း ၂။ လက္ခဏာဒိနည်း–တို့ဖြင့် ကြိယာ ငါးတန်ထုတ်။

(၉)

"အဓိပ္ပါယ်"

✔ စက္ခုဝိညာဏ်ဖြစ်ခြင်း၏အကြောင်း၌ စက္ခုပသာဒ, ရူပါရုံ, အာလောက, မနသိကာရဟု ၄–ပါးရှိ၏။ ထိုတွင် ရူပါရုံသည် စက္ခုဝိညာဏ်သာမက သမ္ပဋိစ္ဆိုန်းစသော စက္ခုဒွါရဝီထိ, တဒနုဝတ္တိက မနောဒွါရဝီထိများ၏ အကြောင်းလည်းဖြစ်၏။ စက္ခုပသာဒကား စက္ခုဝိညာဏ်စိတ်(၁)ပါးနှင့်သာ ဆက်ဆံ၏။ ထို့ကြောင့် အခြားတရားတို့နှင့်မဆက်ဆံသော စက္ခုပသာဒဟူသောအကြောင်းဖြင့်သာ နာမည်တပ်လို၍ "စက္ခုဝိညာဏံ"ဟု မိန့်တော်မူသည်။ (သောတဝိညာဏံစသည် နည်းတူ) (ဘာသာဋီ။၂၇၄။)

♦ ရူပါဒီနံ ပစ္စယာနံ အညဝိညာဏသာဓာရဏတ္တာ အသာဓာရဏေန ဝတ္ထုနာ စက္ခုဝိညာဏံ သောဝိညာဏန္တိ နာမံ ဥဒ္ဓဋံ။ (မူလဋီ။၁၂၄။)

(တစ်နည်း) စက္ခုပသာဒက အခြားအကြောင်းတို့ထက် သာလွန်ထူးကဲသောအကြောင်းဖြစ်သောကြောင့်လည်း "စက္ခုဝိညာဏံ"ဟု စက္ခုသဒ္ဒါဖြင့် အထူးပြု၍ နာမည်တပ် ဟောတော်မူသည်။ (ဘာသာဋီ)

♦ စက္ခာဒီနံ တိက္ခမန္ဒဘာဝေ ဝိညာဏာနံ တိက္ခမန္ဒဘာဝေါ ဝိသေသပစ္စယတ္တာ စ။ (မူလဋီ။၁၂၄)

သာလွန်ခြင်း၏အကြောင်းမှာ–စက္ခုပသာဒကအားသေးလျှင် စက္ခုဝိညာဏ်၏ အသိအမြင်အားသေးခြင်း, စက္ခုပသာဒ အားကောင်းလျှင် စက္ခုဝိညာဏ်၏ အသိအမြင်လည်း အားကောင်းခြင်းပင်တည်း။ (ဘာသာဋီ။၂၇၅။)

♦ ဝိသေသပစ္စယတ္တာတိ အဓိကပစ္စယတ္တာ။ (အနုဋီကာ)

စက္ခုသန္နိဿိတရူပဝိဇာနနလက္ခဏံ စက္ခုဝိညာဏံ။ (ဋ္ဌ။၃၀၃)၌

✔ စက္ခုသန္နိဿိတသဒ္ဒါဖြင့် ရူပါရုံကိုသိသော (စက္ခုဒွါရိကဝီထိ၌ ပါသော) သမ္ပဋိစ္ဆိုန်းစသော ဝိညာဏ်များကို ကန့်သည်။

http://www.dhammadownload.com



ရူပဝိဓာနနယသဒ္ဒါဖြင့် စက္ခုဝိညာဏ်နှင့်အတူဖြစ်၍ ရူပါရုံကိုပင် သိကြသော ဖဿစသောတရားများကိုကန့်သည်။

♦ တတ္ထ စက္ခုသန္နိဿိတဝစနေန ရူပါရမ္မဏံ အညဝိညာဏံ ပဋိက္ခိပတိ။
ရူပဝိဓာနနယဝစနေန စက္ခုနိဿယေ ဖဿာဒယော နိဝတ္တေတိ။ (မူလဋီ၊ ၁၂၄။)

(၁၀)

စက္ခုဝိညာဏံ–၌

✔ စက္ခု–အရ စက္ခုပသာဒရုပ်သည်–
ဝိညာဏ–အရ စက္ခုဝိညာဏ်အား ပုရေဇာတ–ပြု။

ပြိုင်။ ။နိဿယ, ပုရေဇာတ, ဣန္ဒြိ, ဝိပ္ပ, အတ္ထိ, အဝိ။ (၆)

==============

ဝါကျဥယျာဉ် (၃၀၇)

(က) အညာတာဝိန္ဒြိယန္တိ အညာတာဝိနော စတူသု သစ္စေသု နိဋ္ဌိတဉာဏကိစ္စဿ ဣန္ဒြိယံ။

(ခ) အညာတာဝိနံ ဝါ စတူသု သစ္စေသု နိဋ္ဌိတကိစ္စာနံ စတ္တာရိ သစ္စာနိ ဉတွာ ပဋိဝိဇ္ဈိတွာ ဋ္ဌိတာနံ ဓမ္မာနံ အဗ္ဘန္တရေ ဣန္ဒဋ္ဌသာဓနေန ဣန္ဒြိယံ။

(ဂ) နိဒ္ဒေသဝါရေပိဿ အညာတာဝိနန္တိ အာဇာနိတွာ ဋ္ဌိတာနံ။ ဓမ္မာနန္တိ သမ္ပယုတ္တဓမ္မာနံ အဗ္ဘန္တရေ။ အညာတိ အာဇာနနာ။

(ဃ) ပညာ ပဇာနနာတိ အာဒီနိ ဝုတ္တတ္ထာနေဝ။

(င) မဂ္ဂင် မဂ္ဂပရိယာပန္နန္တိ ဖလမဂ္ဂဿ အင်္ဂံ, ဖလမဂ္ဂေ စ ပရိယာပန္နန္တိ အတ္ထော။

ဌ။ ၃၃၀။ မူလဋီ။ ၁၃၆။ ယောဇနာ။ ၁၆၂။ ပြည်သျှ၊ ၃။ ၁၃၈။ ဘာသာဋီ၊ ၃။ ၃၄၅။

(၂)

(ခ)ပါဝနာဒီပဋ္ဌက

ဆရာ–သည် (က)ဖြင့် အညတာဝိန္ဒြိယံ၌ အညတာဝီအရ ရဟန္တာပုဂ္ဂိုလ်ကို ယူရမည်၊ အညတာဝိန္ဒြိယံပုဒ်ကို အညတာဝိနော + ဣန္ဒြိယံ အညာတာဝိန္ဒြိယံ–ဟု သာမျတ္တဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့–သော် အညတာဝိန္ဒြိယံ၌ အညတာဝီအရ ရဟန္တာပုဂ္ဂိုလ်ကိုသာယူရအပ်၏၊ အညတာဝိန္ဒြိယံပုဒ်ကို သာမျတ္တဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထတစ်မျိုးသာပြုသင့်၏ဟူသော အနက်သည်ရောက်ရာ၏–စသည်ဖြင့် ပက္ခန္တရထုံးစံအတိုင်းတက်။

(၃)

(ခ) အညာတာဝိနံ ဝါ–၌ ဝါ–သဒ္ဒါထားရခြင်း

အညာတာဝိန္ဒြိယံ၌ အညတာဝီအရ ရဟန္တာပုဂ္ဂိုလ်ဟူသော အဘိဓေယျတ္ထမှတပါး သမ္ပယုတ္တဓမ္မဟူသော အဘိဓေယျတ္ထတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့်ရင်း၊ အညာတာဝိန္ဒြိယံပုဒ်၏ သာမျတ္တဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထမှတပါး နိဒ္ဓါရဏတ္ထဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထဟူသော ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့်ရင်း ဝါ–သဒ္ဒါထားသည်။ (ဘာသာဋီ၊ ၃။ ၃၄၅–၅)

(၄)

✱ နိဋ္ဌာသီတိ နိဋ္ဌိတံ။ (နိ,ဌာ+တ)(နိရုတ္တိ။၄၈၀။)

(တစ်နည်း) နိဋ္ဌံ + ဣတံ ဂတံ ပတ္တံ နိဋ္ဌိတံ–ဟုပြု။

✱ ဉဏဿ + ကိစ္စံ ဉဏကိစ္စံ။

http://www.dhammadownload.com



* နိဋ္ဌိတံ + ဉာဏကိစ္စံ + ယဿာတိ နိဋ္ဌိတဉာဏကိစ္စော။ (ယောဇနာ။၁၆၂။)

✔ –ပုဒ်သည်ငင်း၊ ပြီးပြီးသော ဉာဏ်ကိစ္စ၏+ရဟန္တာပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေး၊ သံ+သာမိ၊ ကိစ္စ+ကိစ္စဝန္တစပ်–ငင်း ဗျု–နိ။

✔ ရဟန္တပုဂ္ဂိုလ်တို့၏–ဓာတ်သည် (ဝါ) ပြီးပြီးသော ဉာဏ်ကိစ္စရှိသည်၏အဖြစ်တည်းဟူသော နိဋ္ဌိတဉာဏကိစ္စဘောဂုဏ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

(က) စတ္တာရိ သစ္စာနိ အာဇာနိဋ္ဌာတိ အညတာဝီ။(တဿ အညာတာဝိနော)(မဏိမဉ္ဇူ၊၂၊၂၆၀။) (အာ,ဉာ+ကာဝီ။ ရဟန္တာပုဂ္ဂိုလ်ရ၏)

(ခ) စတ္တာရိ သစ္စာနိ အာဇာနိံသူတိ အညတာဝိနော။ (တေသံ အညာတာဝိနံ)(သမ္ပယုတ္တဓမ္မရ၏)

* နိဋ္ဌိတံ + ကိစ္စံ + ယေသံ ဓမ္မာနန္တိ နိဋ္ဌိတကိစ္စာ။ (တေသံ)

(ဂ) ဖလေ + ပဝတ္တော + မဂ္ဂေါ ဖလမဂ္ဂေါ။ (တဿ)

♦ ဖလမဂ္ဂဿာတိ ဖလေ ပဝတ္တမဂ္ဂဿ။ (ယောဇနာ။၁၆၂။)

(၅)

(က) အညာတာဝိနော–ကား ကိတ်နာမ်ပုဒ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဤ–ကာရန္တ။

(ဂ) အဇ္ဈတ္တရေ–ကား (အဘိ, အတိ, အရ) ကိတ်နာမ်၊ နပုံလိင်၊ စိတ္တာဒိ၊ အ–ကာရန္တ။

♦ အတိ–ဗန္ဓနေ၊ အရော၊ ဓာတွတ္တာနုဝတ္တကော အဘိ၊ အဇ္ဈတ္တရံ။ (ဓာန်ဋီ။၇၇၁။)

(၆)

(က) အညာတာဝိနော ဣန္ဒြိယံ–ဖြင့် အညတာဝိန္ဒြိယံကို ဆဋ္ဌီတပ္ပုရိသ်–ပြု–သိစေ။

စတူသု သစ္စေသု နိဋ္ဌိတဉာဏကိစ္စဿ–ဖြင့် အညတာဝိန္ဒြိယ၌ အညတာဝီအရ သစ္စာလေးပါးတို့၌ ပြီးပြီးသော ဉာဏ်ကိစ္စရှိသော ရဟန္တာပုဂ္ဂိုလ်ကို ယူရမည်ဟု သိစေသည်။

(ခ) အညတာဝီနံ ဣန္ဒြိယံ–ဖြင့် အညတာဝိန္ဒြိယံကို ဆဋ္ဌီတပ္ပုရိသ်ပြု–သိစေသည်။

စတူသု သစ္စေသု နိဋ္ဌိတကိစ္စာနံ–ဖြင့် အညတာဝိန္ဒြိယ၌ အညတာဝီအရ သစ္စာလေးပါးတို့၌ ပြီးပြီးသော ကိစ္စရှိကုန်သော သမ္ပယုတ်တရားတို့ကို ယူရမည်ဟုသိစေသည်။

စတ္တာရိ သစ္စာနိ ဉတွာ ပဋိဝိဇ္ဈိတွာ ဋ္ဌိတာနံ ဓမ္မာနံ–ဖြင့် သစ္စာ (၄)ပါးတို့၌ ပြီးပြီးသောကိစ္စရှိကုန်သော သမ္ပယုတ်တရားတို့ဟူသည် သစ္စာလေးပါးတို့ကို ထိုးထွင်းသိပြီး၍ တည်ကုန်သော သမ္ပယုတ်တရားတို့ပင်တည်းဟု သိစေသည်။

အဇ္ဈတ္တရေ–ဖြင့် အညတာဝီနံ၌ ဆဋ္ဌီဝိဘတ်သည် နိဒ္ဓါရဏအနက်၌သက်၏ဟုသိစေ။ (ဘာသာဋီ) (တစ်နည်း) အညတာဝီနံပုဒ်ကို အဇ္ဈတ္တရေဟူသော ပါဌသေသ၌ စပ်ရမည်ဟု သိစေ။

ဣန္ဒဋ္ဌသာဓနေန–ဖြင့် ဣန္ဒြိယံ၌ ဣယ–ပစ္စည်း၏ သာဓေတိတဒ္ဓိတ်အနက်၌ သက်–ငင်း၊ ဣန္ဒံ + သာဓေတီတိ ဣန္ဒြိယံ–ဟု ပြု–ငင်း သိစေသည်။

(ဂ) အာဇာနိတွာ–ဖြင့် အညတာဝီနံ၌ အာ–ရှေး,ဉာ–ဓာတ်–ငင်း၊ အာ–ဥပသာရ၏ မရိယာဒအနက်ဟော–ငင်း၊ ဉာ–ဓာတ်၏ သိခြင်း=ဇာနနအနက်ဟော–ငင်း၊ တာဝီ–ပစ္စည်း၏ အတိတ်ကတ္တုသာဓနအနက်၌ သက်–ငင်း၊ အာဇာနိံသူတိ အညတာဝိနော (တေသံ)ဟု ပြု–ငင်း သိစေ။

ဋ္ဌိတာနံ–ဖြင့် အညတာဝီနံပုဒ်သည် ဝိသေသနပုဒ်တည်းဟု သိစေသည်။

သမ္ပယုတ္တဓမ္မာနံ–ဖြင့် ဓမ္မာနံအရ သမ္ပယုတ္တဓမ္မတို့ကိုယူ–သိစေသည်။

အဇ္ဈတ္တရေ–ဖြင့် အညတာဝီနံကို အဇ္ဈတ္တရေဟူသော ပါဌသေသ၌ စာစပ်ရမည်ဟုသိစေ။

http://www.dhammadownload.com



အာဇာနနာ-ဖြင့် အညာ၌ အာ, ဉာ-ဓာတ်-ငင်း၊ အာ-၏ မရိယာဒအနက်ဟော-ငင်း၊ ဉာ-ဓာတ်၏ သိခြင်း=ဇာနနအနက်ဟော-ငင်း၊ အ-ပစ္စည်း၏ ဘာဝသာဓနအနက်၌သက်-ငင်း၊ အာဇာနနာ အညာ-ဟုပြု-ငင်း၊(ပြည်သျှ)(တစ်နည်း) ကတ္တုသာဓနအနက်၌သက်-ငင်း၊ အာဇာနာတီတိ အညာ-ဟု-ပြု-ငင်း(ဘာသာဋီ)သိစေ။

အမှာ။ ။အညာပုဒ်ကို "ပဌမမဂ္ဂေန ဉာတမရိယာဒံ အနတိက္ကမိတွာ ဇာနာတီတိ အညာ"ဟု ဝစနတ္ထ (အကျယ်) ပြုရမည်။ အာ, ဉာ+အ။ ထိ-အာပစ္စည်းဖြင့် အညာ-ပြုပြီးသည်။

◆ အညာတု အရဟတ္တဥ္။ (ဓာန်၊၄၃၆။)

(င) ဖလမဂ္ဂဿ အင်္ဂ-၌ မဂ္ဂအရ ဖိုလ်၌ဖြစ်သော မင်္ဂကို (ဝါ) ဖိုလ်စိတ္တုပ္ပါဒ်တွင်ပါဝင်သော အပေါင်းဖြစ်သောသမ္မာဒိဋ္ဌိစသည်ကိုယူ-ငင်း၊ မဂ္ဂင်္ဂပုဒ်ကို မဂ္ဂဿ + အင်္ဂ မဂ္ဂင်္ဂ-ဟု ဆဋ္ဌီတပ္ပုရိသ်-ပြု-ငင်း သိစေ။ ◆ ဖလမဂ္ဂဿာတိ ဖလေ ပဝတ္တမဂ္ဂဿ။ (ယောဇနာ)

ဖလေမဂ္ဂေ စ ပရိယာပန္နံ-ဖြင့် မဂ္ဂပရိယာပန္န၌ မဂ္ဂအရ ဖိုလ်၌ဖြစ်သောမင်္ဂကို (ဝါ) ဖိုလ်စိတ္တုပ္ပါဒ်တွင်ပါဝင်သော အပေါင်းဖြစ်သော သမ္မာဒိဋ္ဌိစသည်ကို ယူ-ငင်း၊ (ဘာသာဋီ) မဂ္ဂပရိယာပန္နပုဒ်ကို မဂ္ဂေ + ပရိယာပန္နံ မဂ္ဂပရိယာပန္နံ-ဟု သတ္တမီတပ္ပုရိသ်-ပြု-ငင်း သိစေသည်။

(၇)

(ဃ) ဝုတ္တတ္တာနေဝ-၌ ဇဝ-၏ ဂဟေတဗ္ဗတ္ထ-စသည်ထုတ်ပုံ

✔ ဆိုအပ်ပြီးသောအနက်ရှိသော ပညာ, ပဇာနနာ-စသောပုဒ်တို့သည် ဂဟေတဗ္ဗတ္ထ။

✔ ဆိုအပ်ပြီးသောအနက်မရှိသော ပုဒ်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

(က) နိဋ္ဌိတ-၌ နိ-ကား ဓာတွတ္ထဝိသေသက။

(ခ) ဝါ-ကား နယန္တရဇောတက။ အဇ္ဈတ္တရေ-၌ အဘိ-ကား ဓာတွတ္ထာနုဝတ္တက။

(ဂ) အဿ (အညာတာဝိန္ဒြိယဿ ပဒဿ)-၏။ (ယောဇနာ။ပြည်သျှ)

(၈+၉)

(က) အညတာဝိနော-အရ ရဟန္တာပုဂ္ဂိုလ်ရ၏။ နိဋ္ဌိတဉာဏကိစ္စံ-အရ ရဟန္တာပုဂ္ဂိုလ်ရ၏။

(ခ) အညတာဝီနံ-အရ သမ္ပယုတ္တဓမ္မရ၏။ အညာတာဝိန္ဒြိယံ-အရ အရဟတ္တဖိုလ်ရ၏။

(င) မဂ္ဂင်္ဂ-၌ ဖိုလ်စိတ္တုပ္ပါဒ်တွင်ပါဝင်သော အပေါင်းဖြစ်သော သမ္မာဒိဋ္ဌိစသည်ကို "မဂ္ဂ"ဟု ဆို၍ ထိုမဂ္ဂ၏ အစိတ်အပိုင်းဖြစ်သော ပညာစသည်ကို "မဂ္ဂင်္ဂ"ဟုဆိုသည်။ (ဘာသာဋီ၊၃။၃၄၆။)

(၁၀)

(ခ) အညာတာဝီနံ + ဣန္ဒြိယံ-၌

✔ ဣန္ဒြိယံ-အရ အရဟတ္တဖိုလ်ဉာဏ်သည်-

အညတာဝီနံ-အရ တံသမ္ပယုတ္တဓမ္မအား သဟဇာတ-ပြု။

ပြိုင်။ ။သဟကြီး-၄၊ အညႆ သမ္ပ၊ ဟေ, ဓိ, ဣံ, မင်္ဂ။ (၁၀)

=============

## ဝါကျဥယျာဉ်(၃၀၈)

(က) တတ္ထ ကိရိယာတိ ကရဏမတ္တံ။

(ခ) သဗ္ဗေသုယေဝ ဟိ ကိရိယစိတ္တေသု ယံ ဇဝနဘာဝံ အပ္ပတ္တံ၊ တံ ဝါတပုပ္ဖံ ဝိယ,

(ဂ) ယံ ဇဝနဘာဝပ္ပတ္တံ၊ တံ ဆိန္နမူလကရုက္ခပုပ္ဖံ ဝိယ အဖလံ ဟောတိ။

(ဃ) တံတံကိစ္စသာဓနဝသေန ပဝတ္တတ္တာ ပန ကရဏမတ္တမေဝ ဟောတိ။ တသ္မာ "ကိရိယာ"တိ ဝုတ္တံ။ ဋ္ဌ။ ၃၃၁။ မူလဋီ။ ၁၃၇။ ယောဇနာ။ ၁၆၂။ ပြည်သျှ၊ ၃။ ၁၄၃။ ဘာသာဋီ၊ ၃။ ၃၄၉။

http://www.dhammadownload.com



(၁)

(ခ) ဟိ(သစ္စံ)-မှန်။ သဗ္ဗေသုယေဝ-ကုန်သော။ ကိရိယစိတ္တေသု-တို့တွင်။ ယံ ကိရိယစိတ္တံ-သည်။ (ဖြည်) ယံ-အကြင်အာဝဇ္ဇန်းဒွေးသည်။ (ဘာသာဋီ) ဇဝနဘာဝံ-သို့။ အပ္ပတ္တံ-မရောက်။ တံ ကိရိယစိတ္တံ-သည်။ (ဖြည်သျှ) တံ-ထိုအာဝဇ္ဇန်းဒွေးသည်။ (ဘာသာဋီ) ဝါတပုပ္ဖံ ဝိယ (မောဃပုပ္ဖံ ဝိယ) သီးကင်းမပါအချည်းနှီးသာဖြစ်သော ပန်းကဲ့သို့။ အဖလံ-အကျိုးမရှိသည်။ ဟောတိ။

(ဃ) ဝန-ထိုသို့ပင်အကျိုးမရှိပါသော်လည်း။

(၂)

(ခ)(ဂ)သို့ အနုသန္ဓေ

ဤသို့ (က)ဖြင့် ကိရိယာဟူသည် ထိုထိုကိစ္စကို ပြုခြင်း, ပြီးစေခြင်းမျှသာတည်းဟု ဖွင့်ဆိုပြီး၍ ယခုအခါ၌ ယင်းစကားရပ်ကို ခိုင်မြဲစေလိုသောဆရာသည် (ခ)(ဂ)မိန့်။ (ယုတ္တိဒဋ္ဌီ)

(ဂ)သို့ အနုသန္ဓေ

ဤသို့ (ခ)ဖြင့် ဇောမထိုက်သော (အာဝဇ္ဇန်းဒွေးဟူသော) ကြိယာစိတ်၏ အကျိုးမရှိပုံ, အဖလဖြစ်ပုံကိုပြဆိုပြီး၍ ယခုအခါ၌ ဇောထိုက်သော ကြိယာစိတ်(အဋ္ဌာရသ)၏ အကျိုးမရှိပုံ, အဖလဖြစ်ပုံကို ပြလိုသောဆရာသည် (ဂ)မိန့်။ (ပက္ခန္တရ)

(ဃ) ဋ္ဌပနာသောဂါဒိပဋ္ဌက

ဆရာ-သည် (ခ)(ဂ)တို့ဖြင့် ကြိယာစိတ်ဟူသည် အကျိုးမရှိ အဖလဟူ၍ ဥပမာနှင့်တကွပြဆို၏။ ထိုသို့ ကြိယာစိတ်ဟူသမျှ အကျိုးမရှိ အဖလဖြစ်ခဲ့သော် "ကိရိယာ"ဟူ၍ပင် မဟောကြားထိုက်သည် မဟုတ်ပါလော။ ထို-ကြောင့်-မဆိုသင့်။ "ကိရိယာ"ဟူ၍ ဟောတော်မူရခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် "ကိရိယာ"ဟူ၍ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

(၄)

- ✱ အဆိဒ္ဓိတ္ထာတိ ဆိန္နံ။ (ဆိဒိ+တ)
- ✱ မူလတိ ပတိဋ္ဌာတိ ရုဟတိ ရုက္ခော ဧတေနာတိ မူလံ။ (သူစိ)
- ✱ ဆိန္နံ + မူလံ + ယဿာတိ ဆိန္နမူလကော။ (ရုက္ခော)
- ✱ ရုဟတီတိ ရုက္ခော။ (ရုဟ+ခ) ဆိန္နမူလကောဝေ + ရုက္ခော ဆိန္နမူလကရုက္ခော။

✔ -ပုဒ်သည်ငင်း၊ ပြတ်ပြီးသော အမြစ်ရှိသည်၏အဖြစ်တည်းဟူသောဂုဏ်၏ သစ်ပင်ဒြဗ်နှင့် ဂုဏ်+ဂုဏေးစပ်- ဗျု-နိ။

✔ သစ်ပင်ဒြဗ်၏ ပြတ်ပြီးသောအမြစ်ရှိသည်၏ အဖြစ်တည်းဟူသောဂုဏ်သည်

(ဝါ) သစ်ပင်ဒြဗ်သည် ပ-နိ။

"ဝစနတ္ထမှတ်ဖွယ်"

- ✱ ပုပ္ဖတီတိ ပုပ္ဖံ။ ဆိန္နမူလကရုက္ခဿ + ပုပ္ဖံ ဆိန္နမူလကရုက္ခပုပ္ဖံ။

(ခ) ဗဝတီတိ ဗဝနံ၊ (ဗု-ဒီဃပ္ပဝတ္တိယံ၊ ယုပစ္စယော)

- ✱ ဗဝနဿ + ဘာဝေါ ဗဝနဘာဝေါ။ (အဘေဒ+ဘေဒစပ်)
- ✱ ပဇ္ဇတိ ပါပုဏာတီတိ ပတ္တံ။ (ပဒ+တ။ ရောက်ခြင်း)
- ✱ န + ပတ္တံ အပ္ပတ္တံ။ (အာဝဇ္ဇန်းဒွေဟူသော ကြိယာစိတ်ရ၏)
- ✱ ဝါယတိ ဂစ္ဆတီတိ ဂါတော။ ဝါယတိ ဝါ ပုပ္ဖာဒီနံ ဂန္ဓော ယေနာတိ ဝါတော။ (ဝါ+တ)
- ✱ ဝါတော မေဃော + ပုပ္ဖံ ဝါတပုပ္ဖံ။

http://www.dhammadownload.com



(ဂ) ဓဝနဘာဝံ + ပတ္တံ ဓဝနဘာဝပ္ပတ္တံ။

* ဖလတိ နိပ္ဖဇ္ဇတီတိ ဖလံ။ နတ္ထိ + ဖလံ + ဧတဿာတိ အဖလံ။ (ကြိယာစိတ်ရ၏)

(ခ) ဥပမာနဘာက်၌ နတ္ထိ + ဖလံ + ဧတဿ ဝါတပုပ္ဖဿာတိ အဖလံ။ (ဝါတပုပ္ဖရ၏) ဟုပြု။

(ဂ) ဥပမာနဘာက်၌ နတ္ထိ + ဖလံ + ဧတဿ ဆိန္နမူလကရုက္ခပုပ္ဖဿာတိ အဖလံ–ဟုပြု။

(၅)

တံတံကိစ္စသာဓနဝသေန–၌ တံတံ–ကား ဝိစ္ဆာသဗ္ဗနာမ်၊ နပုံ၊ စိတ္တဒွာဒိ၊ အ–ကာရန္တ။

တံတံကိစ္စ–ကား သမာသ်နာမ်၊ နပုံ၊ စိတ္တဒွာဒိ၊ အ–ကာရန္တ။

တံတံကိစ္စသာဓန–ကား သမာသ်နာမ်၊ နပုံ၊ စိတ္တဒွာဒိ၊ အ–ကာရန္တ။

♦ သာဓေတီတိ သာဓနံ။ (သာဓ+ယု) တံတံကိစ္စဿ + သာဓနံ တံတံကိစ္စသာဓနံ–ဟု ပြု။

(၆)

(က) ကရဏမတ္တံ–ဖြင့် ကိရိယာ၌ ကရ–ဓာတ်–ငင်း၊ ရိရိယ–ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်–ငင်း၊ ကရဏံ ကိရိယာ–ဟု ပြု–ငင်း၊ ကိရိယာဟူသည် ထိုထိုကိစ္စကို ပြုခြင်း ပြီးစေခြင်းမျှသာ ဖြစ်၏၊ အကျိုးကား မပေးဟူသော အဓိပ္ပာယ်ကိုငင်း သိစေသည်။

♦ မတ္တသဒ္ဒေန ဖလဒါနံ နိဝတ္တေတိ။ (ယောဇနာ။၁၆၂။)

(၇)

(ခ) သဗ္ဗေသု ယေဝ–၌ ဓဝ–၏ ဂဟေတဗ္ဗတ္တစသည်ထုတ်ပုံ

✔ အလုံးစုံဟူသော သဗ္ဗ(သကလ)ဘောဂုဏ်သည် ဂဟေတဗ္ဗတ္တ။

✔ တစ်စိတ်တစ်ဒေသဖြစ်သော ဧကဒေသဘောဂုဏ်သည် နိဝတ္တေတဗ္ဗတ္တ။

✔ သဗ္ဗ (သကလ) ဘောဂုဏ်၏ တည်ရာဖြစ်သောကြိယာစိတ်သည် အနုညာတတ္တ။

(ဃ) ပန–ကား ဝါကျာရမ္ဘတ္တ။

ကရဏမတ္တမေဝ–၌ မတ္တ–ကား အဝဓာရဏတ္တ။ ဓဝ–ကား သန္နိဋ္ဌာနတ္တ။

(ခ) သဗ္ဗေသု–၌ သဗ္ဗ–ကား ကြိယာစိတ္တေသု–ဟု အစွဲတိုက်ရိုက်ပါ–ပသိဒ္ဓဝိသယ။

(ဃ) တသ္မာ–ကား ဟောတိကြိယာ–ကိုစွဲ အနဘူတဝိသယ။

(၈)

(ဂ) ယံ ဓဝနဘာဝပ္ပတ္တံ၊ တံ–အရ ကြိယာဇောအဋ္ဌာရသကိုယူ၍

✔ ထို...သည် ဒဿနတ္တ။

✔ နိရာနုသယသန္တာနပဋိဗဒ္ဓသည် ဒီပကတ္တ။

✔ အမြစ်ပြတ်ပြီးသော သစ်ပင်၏ပန်းကဲ့သို့ အကျိုးမရှိဖြစ်ရခြင်းသည်ငင်း၊ ထိုထိုကိစ္စကို ပြီးစေခြင်း၏ အစွမ်းဖြင့်ဖြစ်ခြင်းသည်ငင်း ပကာသနတ္တ။

✔ အရဟတ္တမဂ်, အရဟတ္တဖိုလ်စသော ရှေးရှေးဖြစ်သောတရားတို့သည် ဝိဘာဝတ္တ။

✔ ဒိဋ္ဌဓမ္မသုခဝိဟာရစသော အကျိုးတရားအဆက်ဆက်သည် အနုဘာဝတ္တ။

(၉)

(ခ)(ဂ)တို့၌ ဇောမထိုက်သောကြိယာနှင့် ဇောထိုက်သောကြိယာတို့ကို ဝါတပုပ္ဖ, ဆိန္နမူလက ပုပ္ဖဟူသော ဥပမာတို့ဖြင့် ခွဲခြားဖွင့်ပြရခြင်း

✔ အဝိဇ္ဇာတဏှာဟူသော ဝဋ်မြစ်မပြတ်သေးသော သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့အားဖြစ်သော အာဝဇ္ဇန်းဒွေးကို အချင်းခပ်သိမ်းအကျိုးကို မဖြစ်စေနိုင်သောကြောင့် ဝါတပုပ္ဖဟူသော ဥပမာဖြင့် ရေးသားဖွင့်ပြသည်။

http://www.dhammadownload.com



✔ အဝိဇ္ဇာ, တဏှာဟူသော ဝဋ်မြစ်ပြတ်ပြီးသော ရဟန္တာသန္တာန်၌ဖြစ်သော ကြိယာဇော အဋ္ဌာရသကို ဝဋ်မြစ်ပြတ်သော်သာလျှင် အကျိုးကို မဖြစ်စေနိုင်၊ (ဝဋ်မြစ် မပြတ်သေးသူ၏သန္တာန်၌ ဖြစ်ခဲ့ပါက အကျိုးပေးဦးမည်, အကျိုးကို ဖြစ်စေဦးမည်သာ)သောကြောင့် ဆိန္နမူလကရုက္ခပုပ္ဖဟူသော ဥပမာဖြင့် ရေးသားဖွင့်ပြသည်။

♦ ဝါတပုပ္ဖန္တိ မောဃပုပ္ဖံ။ တံ အဇ္ဈိန္နေပိ ရုက္ခေ န ဖလတိ၊ ဆိန္နရုက္ခပုပ္ဖံ ပန အစ္ဆိန္နေ ဖလေယျ။ ဧဝံ အစ္ဆိန္နဘဝမူလဿပိ ပဝတ္တမာနံ ယံ န ဖလတိ။ တံ ဝါတပုပ္ဖသဒိသံ။ လူတရဿေဝ ပန ပဝတ္တမာနံ ဆိန္နရုက္ခပုပ္ဖသဒိသံ။ တဒိ အစ္ဆိန္နေ ဘဝမူလေ ဖလေယျာတိ။ (မူလဋီ။၁၃၇။)

(၁၀)

(ခ) ယံ + ဓဝနဘာဝံ အပ္ပတ္တံ-၌

✔ ယံ–အရ အာဝဇ္ဇန်းဒွေး ကြိယာစိတ်သည်–

ဓဝနဘာဝံ အပ္ပတ္တံ–အရ တံသမ္ပယုတ္တမ္ဗေအား သဟဇာတ–ပြု။

ပြိုင်။ ။ သဟကြီး ၄၊ အညာ, သမ္ပ၊ အဓိ, အဟာရ, လုံ။ (၉)

(ဂ) ယံ + ဓဝနဘာဝပ္ပတ္တံ–၌

✔ ယံ–အရ ကြိယာဇောစိတ် အဋ္ဌာရသသည်–

ဓဝနဘာဝပ္ပတ္တံ–အရ တံသမ္ပယုတ္တမ္ဗေအား သဟဇာတ–ပြု။ ပြိုင်– ၉။

(တစ်နည်း) ယံ–အရ ရှေးရှေးသောကြိယာဇောသည်–

ဓဝနဘာဝပ္ပတ္တံ–အရ နောက်နောက်သောကြိယာဇောအား အနန္တရ–ပြု။

ပြိုင်။ ။အနန္တရ, သမနန္တရ, ဥပ, အာသေ, နတ္ထိ, ဝိဂတ။ (၆)

============

ဝါကျဥယျာဉ် (၁၀၉)

(က) ဒိဋ္ဌဓမ္မသုခဝိဟာရန္တိ ဒိဋ္ဌဓမ္မေ လူမသိ့ယော အတ္တဘာဝေ သုခဝိဟာရမတ္တံ။

(ခ) တတ္ထ ခီဏာသဝဿ ပုထုဇ္ဇနကာလေ နိဗ္ဗတ္တိတာ သမာပတ္တိ ယာဝ န နံ သမာပဇ္ဇတိ။ တာဝ ကုသလာဝ။ သမာပန္နကာလေ ကိရိယာ ဟောတိ။

(ဂ) ခီဏာသဝကာလေ ပနဿ နိဗ္ဗတ္တိတာ သမာပတ္တိ ကိရိယာဝ ဟောတိ။

(ဃ) သေသံ သဗ္ဗံ တံသဒိသတ္တာ ကုသလနိဒ္ဒေသေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗန္တိ။

ဋ္ဌ။ ၃၃၄။ မူလဋီ။ ၁၃၈။ အနုဋီ။ ၁၄၅။ ပြည်သျှ၊ ၃။ ၁၅၂။ ဘာသာဋီ၊ ၃။ ၃၅၆။

(၁)

(ခ) တတ္ထ(တာသု သမာပတ္တိသု)တို့တွင်။ (ပြည်သျှ) (တစ်နည်း) တတ္ထ–ထိုစျာန်တို့တွင်။ (ဘာသာဋီ) နံ (သမာပတ္တိံ)–ကို။

(ဂ) ပန–ထိုသို့ မဟုတ်။ (ပြည်သျှ) ပန–ဆက်။ (ဘာသာဋီ)

(၂+၃)

(ခ)(ဂ)သို့ ဋ္ဌပနာဘောဂါဒီပဋ္ဌက

ဆရာ–သည် (က)ဖြင့် မျက်မြင်ပစ္စက္ခဖြစ်သော ဤအတ္တဘော၌ ချမ်းသာစွာနေကြောင်းမျှဖြစ်သောစျာန်သည် ဒိဋ္ဌဓမ္မသုခဝိဟာရမည်၏ဟုဆို၏။ ထိုသို့–သော် ယင်းဒိဋ္ဌဓမ္မသုခဝိဟာရအမည်ရသော စျာန်၏ ကုသိုလ်, ကြိယာဖြစ်ပုံကို ဘဝ, ကာလအားလျော်စွာ ခွဲခြမ်းစိပ်ဖြာ၍ မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထို့–ကြောင့် –မဆိုသင့်။ ဒိဋ္ဌဓမ္မသုခဝိဟာရမည်သောစျာန်၏ ကုသိုလ်, ကြိယာဖြစ်ပုံကို

http://www.dhammadownload.com



ကာလအားလျော်စွာ ခွဲခြမ်းစိပ်ဖြာ၍ ပြဆိုသင့်သေး၏။ အဘယ်သို့လျှင် ဒိဋ္ဌဓမ္မသုခဝိဟာရမည်သောဈာန်၏ ကုသိုလ်, ကြိယာဖြစ်ပုံကို ဘဝ, ကာလအားလျော်စွာ သိရပါမည်နည်း။ စုဒ်ကြောင့် (ခ)(ဂ) မိန့်။

(ခ) ဖြင့် ဒိဋ္ဌဓမ္မသုခဝိဟာရဈာန်၏ ပုထုဇဉ်ဖြစ်ရာအခါ၌ ကုသိုလ်, ကြိယာဖြစ်ပုံကို ပြသည်။

(ဂ) ဖြင့် ရဟန္တာဖြစ်ရာအခါ၌ ကြိယာဖြစ်ပုံကိုပြသည်။ (ပကရဏ္ဍရထုံးစံကျမ်းတက်)

(ဃ)အတိဒေသသံဝဏ္ဏနာပြ။ ဂန္တဂရုဒေါသ-ပယ်။

(၄)

* အာဟိတော အဟံမာနော ဧတ္ထာတိ အတ္တာ။ (အာ, ဓာ+တ။)

(ငါဟူသော မာန်မာနကို တင်သွင်းထားအပ်ရာ ဖြစ်သောကိုယ်)

* ဘဝတိ ဥပ္ပဇ္ဇတီတိ ဘာဝေါ။ အတ္တာဓဝ + ဘာဝေါ အတ္တဘာဝေါ။

✔ -ပုဒ်သည်ငင်း၊ ငါဟူသော မာန်မာနကို တင်သွင်းထားအပ်ရာဖြစ်သောဂုဏ်၏ + အတ္တဘော နှင့် (ဝါ) ခန္ဓာ(၅)ပါးနှင့် ဂုဏ် + ဂုဏေးစပ်-ငင်း ဗျူ-နီ။

✔ ငါဟူသော မာန်မာနကို တင်သွင်းထားရာဖြစ်သော အတ္တဘောတို့၏ --ဖတ်သည်- (ဝါ) ခန္ဓာ(၅)ပါးသည် ပ-နီ။

(တစ်နည်း) အတ္တာတိ (ဂဟေတဗ္ဗာကာရေန) + ဘာဝေါ အတ္တဘာဝေါ-ဟုပြု။

✔ -ပုဒ်သည်ငင်း၊ အတ္တာ၏ + ယူထိုက်လောက်သောအခြင်းအရာအားဖြင့်ဖြစ်သော ကိုယ်နှင့် (ဝါ) ခန္ဓာ(၅)ပါးနှင့် ဂုဏ်+ဂုဏေးစပ်-ငင်း ဗျူ-နီ။

✔ အတ္တာဟူ၍ယူထိုက်လောက်သောအခြင်းအရာအားဖြင့်ဖြစ်သော ကိုယ်သည် (ဝါ) ခန္ဓပဉ္စကသည် ပ-နီ။

♦ အာဟိတော အဟံမာနော ဧတ္ထာတိ အတ္တာ၊ သော ဓဝ ဘဝတိ ဥပ္ပဇ္ဇတိ, န ပရပရိကပ္ပိတော ဝိယ နိစ္စောတိ အတ္တဘာဝေါ။ အတ္တာတိ ဝါ ဒိဋ္ဌိဂတိကေဟိ ဂဟေတဗ္ဗာကာရေန ဘဝတိ ပဝတ္တတီတိ အတ္တဘာဝေါ။ (အနုဋီ။၁၄၅။)

"ဝစနတ္ထမှတ်ဖွယ်"

(က) ပဿိတဗ္ဗောတိ ဒိဋ္ဌော။ (ဒိသ+တ) ဒိဋ္ဌော + ဓမ္မော ဒိဋ္ဌဓမ္မော။

* ဝိဟရတိ ဧတေနာတိ ဝိဟာရော။ (ဈာန်) သုခ + ဝိဟာရ သုခဝိဟာရ။

* သုခဝိဟာရဓဝ + မတ္တံ သုခဝိဟာရမတ္တံ။

(ဃ) တေန + သဒိသံ တံသဒိသံ။ တံသဒိသဿ + ဘာဝေါ တံသဒိသတ္တံ။ (တဒ္ဓိတ)

(၆)

(က) ဒိဋ္ဌဓမ္မေ သုခဝိဟာရမတ္တံ-ဖြင့် ဒိဋ္ဌဓမ္မသုခဝိဟာရကို ဒိဋ္ဌဓမ္မေ + သုခဝိဟာရ ဒိဋ္ဌဓမ္မသုခ ဝိဟာရ-ဟု သတ္တမီတပ္ပုရိသ်-ပြု-သိစေသည်။

လူမသ္မိံ ယေဝ အတ္တဘာဝေ-ဖြင့် ဒိဋ္ဌဓမ္မသုခဝိဟာရ၌ ဒိဋ္ဌဓမ္မအရ မျက်မြင်ပစ္စက္ခဖြစ်သော ဤအတ္တဘောကို (ဝါ) ခန္ဓာပဉ္စကကို ယူရမည်ဟုသိစေသည်။

♦ အတ္တဘာဝေါတိ ပဉ္စက္ခန္ဓာ ဝုစ္စန္တိ။ (မူလဋီ။၁၃၈)

(၇)

သုခဝိဟာရမတ္တံ၌ မတ္တသဒ္ဒါဖြင့် နောက်ဘဝအကျိုးမရှိကြောင်းကို ကန့်သည်၊ နှစ်စေသည်။ (ဘာဋီ)

(ဂ) ကိရိယာဘာဝ ဟောတိ-၌ ဓဝ-၏ ဂဟေတဗ္ဗတ္တသည်ထုတ်ပုံ

✔ ကြိယာသမာပတ်သည် ဂဟေတဗ္ဗတ္တ။

✔ ကုသိုလ်သမာသ်ပတ်သည် နိဝတ္တေတဗ္ဗတ္တ။

http://www.dhammadownload.com



(တစ်နည်း) ကြိယာသည် ဂဟေတဗ္ဗတ္ထ။

✔ ကုသိုလ်, အကုသိုလ်, ကမ္မဝိပါကတို့သည် နိဝတ္တေတဗ္ဗတ္ထ။

♦ ယသ္မိံ သမယေ ရူပါဝစရံ (အရူပါဝစရံ) ဈာနံ ဘာဝေတိ ကိရိယံ နေဝ ကုသလံ နာကုသလံ န စ ကမ္မဝိပါကံ ဒိဋ္ဌဓမ္မသုခဝိဟာရံ။ (ပါဠိတော်။၁၄၂၊၁၄၃။)

(ဂ) ပန–ကား ဝါကျာရမ္ဘဇောတက။

(ဃ) ဝေဒိတဗ္ဗန္တိ–၌ ဣတိ–ကား ပရိသမာပနတ္ထ။

(င) ယာဝ, တာဝ–တို့ကား ပရိစ္ဆေဒတ္ထ။

(၈+၉)

(ဃ) တံ သဒိသတ္တာ၌ တံ–အရ ရူပါဝစရကုသိုလ်ကို (တစ်နည်း) အရူပါဝစရကုသိုလ်ကိုယူ။

♦ တံသဒိသတ္တာတိ တေန ကုသလေန သဒိသဘာဝတော။ (ယောဇနာ။၁၆၄။)

ဒိဋ္ဌဓမ္မသုခဝိဟာရံ–အရ ရူပါဝစရကြိယာဈာန်စိတ်ကိုယူ။

(တစ်နည်း) အရူပါဝစရကြိယာဈာန်ကိုယူ။

(၁၀)

(ခ) နိဗ္ဗတ္တိတာ သမာပတ္တိ + ကုသလာဝ–၌

✔ နိဗ္ဗတ္တိတာ သမာပတ္တိ–အရ ရူပါဝစရကုသိုလ်ဈာန်သည်–

ကုသလာဝ–အရ ကြွင်းသော ရူပါဝစရကုသိုလ်သမ္ပယုတ္တနာမက္ခန္ဓာအား သဟာဓာတ–ပြု။ ပြိုင်။ ။ သဟာကြီး ၄၊ အညာ, သမ္ပ၊ ဣံ, ဈာန, မဂ္ဂ။ (၉)

===============

# ဝါကျဥယျာဉ် (၃၁၀)

(က) မဟာပရိဟာရတောတိ မဟန္တေဟိ ပစ္စယေဟိ ပရိဟာရိတဗ္ဗတော။

(ခ) တောနိ ဟိ ဒိဝသေ ဒိဝသေ ဥပနေတဗ္ဗတ္တာ မဟန္တေဟိ ယာသစ္ဆာဒနာဒီဟိ ဘူတာနိ ပဝတ္တာနီတိ မဟာဘူတာနိ။

(ဂ) မဟာပရိဟာရာနိ ဝါ ဘူတာနီတိ မဟာဘူတာနိ။

(ဃ) မဟာဝိကာရတောတိ ဘူတာနံ မဟာဝိကာရတော။

ဋ္ဌ။ ၃၃၈။ မူလဋီ။ ၁၄၀။ ယောဇနာ။ ၁၆၇။ ပြည်သျှ၊၃။ ၁၆၄။ ဘာသာဋီ၊ ၃။ ၃၆၇။ ခင်းခင်းဂဏ္ဌိ။ ၆၅၃။

(၁)

(ခ) ဟိ–ချဲ့။ တောနိ(ရူပါနိ)–ဤပထဝီစသောရုပ်တို့သည်။

(၂)

(က) စသည်သို့ အနုသန္ဓေ

ဤသို့ မဟာဘူတသာမညတောဟူသော ဟိတ်ကို ချဲ့ပြပြီး၍ ယခုအခါ၌ မဟာပရိဟာရတော–ဟူသော ဟိတ်ကိုချဲ့ပြလိုသောဆရာ (က)စသည်မိန့်။

(ခ)ဖြင့် (က)ကိုချဲ့ ဝိတ္ထာရ။

(ဂ)သို့ အနုသန္ဓေ

ဤသို့ (က)(ခ)ဝါကျတို့ဖြင့် မဟာဘူတာနိကို တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု ပြဆိုပြီး၍ ယခုအခါ၌ (မဟာဟူသောရှေ့ပုဒ်၌ ပရိဟာရနောက်ပုဒ်ကျေသော) ပုဗ္ဗပဒေဥတ္တရပဒလောပ ကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်ဟု ပြလိုသောဆရာသည် (ဂ)မိန့်။ (ပက္ခန္တရ)

http://www.dhammadownload.com



(၃)

(ဂ) ဝါ–သဒ္ဒါထားရခြင်း

မဟာဘူတာနိပုဒ်၏ တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထမှတပါး ပုဗ္ဗပဒေဥတ္တရလောပကမ္မဓာရယ်သမာသ်ဝစနတ္ထကိုလဲလှယ်ပြလို၍ ဝါ–သဒ္ဒါထားသည်။

(၄)

* မဟန္တော + ပိကာရော + ယေသန္တိ မဟာပိကာရာနိ။ (ယောဒနော)

✔ –သည့်ရင်း၊ ကြီးစွာသော ဖောက်ပြန်ခြင်း၏+ပထဝီစသောရုပ်တို့နှင့် ဂုဏ်+ဂုဏေးစပ်–ရင်း ဗျူ–နိ။

✔ ပထဝီစသောရုပ်တို့၏ –ဓာတ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

(က) မဟန္တိ ပစုရဘာဝံ ဂစ္ဆန္တီတိ မဟန္တာ။ (မဟ+အန္တ။ ပစုရအနက်ဟော)

* ပဋိစ္စ ဖလံ ဧတိ ဧတေဟီတိ ပစ္စယော။ (ပတိ, ဣ(ဝါ)ဧ(ဝါ)အယ+ဏ)

* ပရိဟရိယန္တေတိ ပရိဟရိတဗ္ဗာနိ။ (တဗ္ဗော)

(ခ) ဒိဗ္ဗန္တိ ကီဠန္တိ ဧတ္ထာတိ ဒိဝသော။ ဒိဝု–ကီဠနေ၊ သော။

* ဃသိတဗ္ဗော အသိတဗ္ဗောတိ ဃာသော။ အာဟာရော။ (ဃသ+ဏ)

* အာဘုသော + ဆာဒေတိ ပရိဒဟတိ ဧတေနာတိ အစ္ဆာဒနံ။ နိဝါသနံ။(အာ,ဆဒ+ယု) (သီ၊ဋီ၊သစ်။၂။၅၅။)

* ဃာသော စ + အစ္ဆာဒနဉ္စ ဃာသစ္ဆာဒနံ။

* ဃာသစ္ဆာဒနံ + အာဒိ + ဧတေသန္တိ ဃာသစ္ဆာဒနာဒယော။ (တေဟိ)

(၆)

(က)ဖြင့် မဟာပရိဟာရတော၌ မဟာသည် မဟန္တသဒ္ဒါ၏ ကာရိယ–ရင်း၊ မဟန္တအရ ပစ္စယ–အကြောင်းတို့ကိုယူ–ရင်း၊ ပရိဟာရတော၌ ပရိ, ဟရ–ဓာတ်–ရင်း၊ ဏ–ပစ္စည်း၏ ကမ္မသာဓနအနက်၌ သက်–ရင်း၊ ပရိဟရိတဗ္ဗာနီတိ ပရိဟာရာနိ–ဟု ပြု–ရင်း၊ အပေါင်းပုဒ်ကို မဟန္တေဟိ + ပရိဟာရာနိ မဟာပရိဟာရာနိ–ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြု–ရင်း သိစေသည်။

(ခ) မဟန္တေဟိ ဃာသစ္ဆာဒနာဒီဟိ ဘူတာနိ–ဖြင့် မဟာဘူတာ၌ မဟာသဒ္ဒါသည် မဟန္တသဒ္ဒါ၏ကာရိယ–ရင်း၊ မဟန္တေဟိအရ (မဟာအရ) အစား, အဝတ်အစရှိသော များစွာသောပစ္စည်းဝတ္ထုတို့ကို ယူ–ရင်း၊ မဟန္တေဟိ + ဘူတာနိ မဟာဘူတာနိ–ဟု တတိယာတပ္ပုရိသ်–ပြု–ရင်း သိစေသည်။

ပဝတ္တာနိ–ဖြင့် ဘူတာနိ၌ ဘူ–ဓာတ်သည် ပဝတ္တန(ဥပါဒန)အနက်ဟော–ရင်း၊ တ–ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်–ရင်း၊ ဘဝန္တိ ပဝတ္တန္တီတိ ဘူတာနိ–ဟု ပြု–ရင်း၊ ဤ၌ ဘူတသဒ္ဒါသည် သစ်ပင်စသည်ကိုမဟော၊ ဖြစ်ခြင်း (ပဝတ္တန)ကို အကြောင်းပဝတ္တနိမိတ်ပြု၍ မဟာဘုတ်ကို ဟော–ရင်း သိစေ။

ဘူတ–အတ္ထုဒ္ဒါရ။ ။ ရုက္ခာဒေါ ဝိဇ္ဇမာနေ စာ–ရဟန္တေ ခန္ဓပဉ္စကေ။

ဘူတော–သတ္တမဟာဘူတာ–မနုဿေသု န နာရိယံ။ (ဓာန်။၇၈၈။)

ဧတာနိ ဒိဝသေ ဒိဝသေ ဥပနေတဗ္ဗတ္တာ–ဖြင့် နေ့တိုင်းနေ့တိုင်း ကပ်၍ဆောင်အပ်သည်၏ အဖြစ်ကြောင့် ပထဝီစသောရုပ်တို့သည် မဟာဘုတ်မည်၏ဟုသိစေသည်။

(ဂ) မဟာပရိဟာရာနိ ဘူတာနိ–ဖြင့် မဟာဘူတာနိကို မဟာပရိဟာရာနိ + ဘူတာနိ မဟာဘူတာနိ–ဟု ပြု–ရင်း၊ မဟာပရိဟာရာဘူတာနိ–ဟု ဆိုလိုလျက် ပရိဟာရပုဒ်ကိုချေ၍ မဟာဘူတာနိ–ဟု ရုပ်ပြီးနေသည်ကိုရင်း သိစေသည်။ ဝါ–ဖြင့် နယန္တရဝိကပ်ပြ–သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



♦ မဟာပရိဟာရတောတိ ဧတ္ထ ဝစနတ္ထံ ဝဒန္တော အာဟ "မဟန္တေဟိ ဘူတာနိ, မဟာပရိဟာရာနိ ဝါ ဘူတာနိ"တိ။ တတ္ထ ပဋ္ဌမတ္ထေ ပုရိမပဒေ ဥတ္တရပဒဿ ပရိဟာရသဒ္ဒဿ လောပံ ကတွာ "မဟာဘူတာနိ"တိ ဝုစ္စန္တိ။ (မူလဋီ၊၃၄၀။)

(၇)

မဟာဘူတာနိ–၌ မဟာ–ကား ပဓာနတ္ထ။ ဥပနေတဗ္ဗတ္တာ–၌ ဥပ–ကား ဥပဂမနတ္ထ။

(၈)

မဟာဘူတာနိ–အရ မဟာဘုတ် (၄)ပါး ရုပ်တရားများကိုယူ၍–

✔ ထို–သည် ဒဿနတ္ထ။

✔ ယာသဏ္ဌာနစသည်သည် ဒီပကတ္ထ။

✔ ဥပါဒါရုပ်တို့၏ ဖြစ်ခြင်းသည် ပကာသနတ္ထ။ [စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ–ကိုထောက်]

✔ ကံ, စိတ်, ဥတု, အာဟာရတို့သည် ဝိဘာဝတ္ထ။

✔ သဟဇာတ်တရားတို့ကို ခံလင့်သောအခြင်းအရာအားဖြင့် ဉာဏ်အားရှေးရှုထင်ခြင်းစသည်သည် အနုဘာဝတ္ထ။

==============

## ဝါကျဥယျာဉ်(၃၁၁)

(က) မဟန္တဘူတတ္တာ စာတိ တောနိ ဟိ မဟန္တာနိ မဟတာ ဝါယာမေန ပရိဂ္ဂဟေတဗ္ဗတ္တာ ဘူတာနိ ဝိဇ္ဇမာနတ္တာတိ မဟန္တဘူတတ္တာ စ မဟာဘူတာနိ။

(ခ) ဧဝံ မဟန္တပါတုဘာဝါဒီဟိ ကာရဏေဟိ မဟာဘူတာနိ။

(ဂ) စတုန္နဥ္စ မဟာဘူတာနံ ဥပါဒါယ ရူပန္တိ ဥပယောဂတ္ထေ သာမိဝစနံ။

(ဃ) စတ္တာရိ မဟာဘူတာနိ ဥပါဒါယ နိဿာယ အမုဉ္စိတွာ ပဝတ္တရူပန္တိ အတ္ထော။

ဋ္ဌ။ ၃၃၉။ မူလဋီ။ ၁၄၁။ ပြည်သျှ၊ ၃။ ၁၆၇။ ဘာသာဋီ၊ ၃။ ၃၇၁။

(၂)

### (က)သို့ အနုသန္ဓေ

မဟာဝိကာရတောဟူသောအကြောင်း(ဟိတ်)၏ အကျယ်ကို ပြပြီး၍ "မဟန္တဘူတတ္တာ စ"ဟူသော အကြောင်း(ဟိတ်)၏ အကျယ်ကို ပြလိုသောကြောင့် "မဟန္တဘူတတ္တာ"စသည် ကိုမိန့်။ (ဘာဋီ)

### (ခ)သို့ အနုသန္ဓေ

အကြောင်း (ဟိတ်)အားလုံး၏ နိဂုံးကိုပြလို၍ "ဧဝ"စသည်ကိုမိန့်။ (ဘာသာဋီ၊၃၊ ၃၇၂။)

♦ ဧဝန္တိ အာဒိ နိဂမနံ။ (ယောဇနာ၊၁၆၈။)

### (ဂ)ကို ပါပနာဒီပဋ္ဌကလီနန္တရစောဒနာ

ဆရာ–မြတ်စွာဘုရားသည် စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ–ဟုဟောတော်မူ၏။ ထိုသို့–သော် ယင်းပါဠိတော်ဝါကျ၌ စတုန္နံ မဟာဘူတာနံ၌ နံ–သည် စတုတ္ထီဝိဘတ်ဖြစ်၍ သမ္ပဒါန်, သမ္ပန် အနက်တို့၌ ဖြစ်၏ဟူသော အနက်သဘောသင့်ရောက်ရာ၏။ စင်–ကား–မရောက်သင့်။ ထိုသို့–ကြောင့် စတုန္နံ မဟာဘူတာနံ၌ ဖြစ်သင့်သော ဝိဘတ္တိ, ဝိဘတျတ္ထကိုလည်း ပြဆိုသင့်သေး၏။ အတိဗျာပိတ—၏။ (ဂ)မိန့်။

### (ဃ) ဋ္ဌပနာသောဂါဒိပဋ္ဌက

ဆရာ–သည် (ဂ)ဖြင့် စတုန္နံ မဟာဘူတာနံ၌ ဆဋ္ဌီဝိဘတ်သည် ကံအနက်၌ဖြစ်၏ဟု ပြဆို၏။ ထိုသို့–သော် စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ–ဟူသော တစ်ဝါကျလုံး၏ အဓိပ္ပေတတ္ထကို မသိအပ်, မသိနိုင်ရာသည်မဟုတ်ပါလော–စသည်တက်။

http://www.dhammadownload.com



(၄)

* ဥပါဒါယ + ပဝတ္တံ + ရူပံ ဥပါဒါရူပံ။ (အဋ္ဌကထာနည်း) (ဋီကာကျော်။၁၉၅။) (တစ်နည်း) ဥပါဒါယတိ နိဿယတီတိ ဥပါဒါယံ။

* ဥပါဒါယမေဝ + ရူပံ ဥပါဒါရူပံ။ (မူလဋီ။၁၄၁။)

(မဟာဘုတ်တို့ကို မှီတတ်သည်၏အဖြစ်တည်းဟူသောဂုဏ်၏+ဥပါဒါရုပ်နှင့် နိဿယ+နိဿိတစပ်)

(ဂ) * ဥပယုဇ္ဇိတဗ္ဗောတိ ဥပယောဂေါ။ ဥပယောဂမေဝ + အတ္ထော ဥပယောဂတ္ထော။

* ဝုစ္စတိ အနေနာတိ ဝစနံ။ သာမိသဒ္ဒ + ပဝတ္တံ + ဝစနံ သာမိဝစနံ။

(၆)

(က) ဓာတုနီ–ဖြင့် မဟာဘူတအရကိုပြသည်။ (သရုပ်ကြား–ဘိ)

မဟတာ ဝါယာမေန ပရိဂ္ဂဟေတဗ္ဗတ္တာ–ဖြင့် ကြီးစွာသော သီလဝိသုဒ္ဓိစသည်သို့ ရောက်ကြောင်း လုံ့လဖြင့် (ဝါ) ဓာတ် (၄)ပါးကို ပိုင်းခြားကြောင်း စတုဓာတုဝဝတ္ထာန်လုံ့လဖြင့် သိမ်းယူ,သိမ်းဆည်း အပ်သည်၏ အဖြစ်ကြောင့် မဟန္တမည်၏ဟုသိစေသည်။

ဝိဇ္ဇမာနတ္တာ–ဖြင့် ထင်ရှားရှိသည်၏အဖြစ်ကြောင့် ဘူတ=ဘုတ်မည်သည်ကိုဂုဏ်၊ ဘူတ၌ ဘူ–ဓာတ်သည် ဥပ္ပါဒဝါစီမဟုတ်၊ ဝိဇ္ဇမာနတ္တဝါစီဖြစ်သည်ကိုဂုဏ်၊ တ–ပစ္စည်း၏ ကတ္တုသာဓန အနက်၌သက်–ဂုဏ်၊ ဘဝန္တိ သံဝိဇ္ဇန္တီတိ ဘူတာနိ–ဟု ပြု–ဂုဏ်၊ (တစ်နည်း) ဤ၌ ဘူတသဒ္ဒါ ရက္ခစသည်ကို မဟော၊ ဝိဇ္ဇမာနအနက်ဟော–ဂုဏ်သိစေသည်။

မဟန္တာနိ ဘူတာနိ–ဖြင့် ကမ္မဓာရယ်–ပြု–သိစေသည်။

ဣတိ မဟန္တဘူတတ္တာ–ဖြင့် မဟာဘုတ်မည်ကြောင်းသကတ်ပြ–သိစေသည်။

စ–ဖြင့် မဟန္တပါတုဘာဝစသည်တို့ကြောင့်သာ မဟာဘုတ်မည်သည်မဟုတ်သေး၊ မဟန္တ ဘူတတ္တာကြောင့်လည်း မဟာဘုတ်မည်သေး၏ဟု သိစေသည်။

(ဂ)ဖြင့် စတုန္နံ မဟာဘူတာနံ၌ ဆဋ္ဌီနံ–ဝိဘတ်၏အဖြစ်ကိုဂုဏ်၊ ယင်းဆဋ္ဌီနံ–ဝိဘတ်၏ကမ္မတ္ထ၌ သက်–ဂုဏ် သိစေ။

(ဃ) စတ္တာရိ မဟာဘူတာနိ–ဖြင့် စတုန္နံ မဟာဘူတာနံကို စတ္တာရိ မဟာဘူဟာနိ–ဟု ကမ္မတ္ထသမ္ဗန်ရမည်ဟု သိစေ။ (ဝိဘာဗျတ္တ)

နိဿာယ–ဖြင့် ယူ၏ဟူသည် မှီခြင်းပင်တည်းဟု သိစေသည်။

အမုဉ္စိတွာ–ဖြင့် သာမညမှီသည် မဟုတ်၊ မလွတ်မူ၍ အမြဲတန်းမှီသည်၏ အဖြစ်ကိုဂုဏ်၊ ဥပါဒါယ၌ ဥပ–၏ ဘုသတ္ထဟောသည်ကိုဂုဏ်၊ ယ–သည် တွာပစ္စည်း၏ ကာရိယ–ဂုဏ် သိစေသည်။

ဥပါဒါယ ပဝတ္တရူပံ (၂)ပုဒ်အပေါင်းဖြင့် ဥပါဒါယဟူသော တွာပစ္စယန္တပုဒ်သည် ပုဗ္ဗကာလ ကြိယာဝိသေသနဖြစ်၍ အပရကာလကြိယာကို ငံ့သောကြောင့် ထို–၏အပရကာလကြိယာကို ပဝတ္တဟူ၍ ထည့်ရမည်ကိုဂုဏ်၊ (ဋီကာပြ–ဘာဝတ္ထ) (တစ်နည်း) ဥပါဒါယကို ပဝတ္တဟူသောပါဌသေသကြိယာ၌ စာစပ်ရမည်ကိုဂုဏ်၊ (သမ္ဗန္ဓ၊ ဆရာတို့နည်း) ဥပါဒါယ + ပဝတ္တံ + ရူပံ ဥပါဒါရူပံ–ဟု ဝိသေသပုဗ္ဗပဒ ကမ္မဓာရယ်–ပြု–ဂုဏ် သိစေသည်။

(၇)

(က) ဓာတုနီ ဟိ–၌ ဟိ–ကား ဝိတ္ထာရတ္ထ။ မဟန္တဘူတတ္တာ စ–၌ စ–ကား သမုစ္စယတ္ထ။

(၈)

မဟာဘုတ် (၄)ပါးကိုယူ၍ ကြိယာ ၅–တန်ထုတ်။

http://www.dhammadownload.com



(၉)

အဓိပ္ပာယ်။ ။ ဥပါဒါယရုပ်ဟူသည် သတ္တဝါ၏၎င်း, ဝေဒနာစသည်၏၎င်း ဥပါဒါရုပ်မဟုတ်ပါ၊ သတ္တဝါ, ဝေဒနာစသည်မရှိသော်လည်း ဥပါဒါရုပ်များဖြစ်နိုင်,ရှိနိုင်၏ဟူ၍ပြလိုသောကြောင့် (ဂ)၌ "စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ"ဟု ဘုရားရှင် ဟောတော်မူခဲ့သည်။

♦ ဥပါဒါယရူပံ၊ အညနိဿယဿ ဧကန္တနိဿိတဿ ရူပဿေတံ အဓိဝစနံ။ တံ ပန န သတ္တဿ၊ နာပိ ဝေဒနာဒီနံ၊ တဒ္ဒဘာဝေပိ ဘာဝတောတိ ဒဿေတုံ "စတုန္နံ မဟာဘူတာနန္တိ" အာဒိမာဟ။ (မူလဋီ။၁၄၁။)

ဥပါဒါယဟူသော ပုဗ္ဗကာလကြိယာဖြင့်သိအပ်သော အပရကာလကြိယာကို ဖော်ပြခြင်းအကျိုးငှာ "ပဝတ္တရူပံ"ဟူ၍ "ပဝတ္တ"ပုဒ်ထည့် အဋ္ဌကထာဆရာဖွင့်ခြင်းဖြစ်သည်။

♦ ဥပါဒါယာတိ ဧတေန ဝိညာယမာနော ပစ္ဆိမကာလကိရိယာ ပဝတ္တီတိ ကတွာ "ပဝတ္တရူပ"န္တိ ဝုတ္တံ။ (မူလဋီ။၁၄၁။)

(၁၀)

(က) မဟတာ ဝါယာမေန + ပရိဂဟေတဗ္ဗတ္တာ–၌

✔ ပရိဂဟေတဗ္ဗ–ဟူသော ဘာဝသမ္ဗန်ပုဒ်အရ ပစ္စုပ္ပန်မဟာဘုတ် (၄)ပါး ပစ္စည်းတရားသည်– မဟတာ ဝါယာမေန–အရ မဟာကု,မဟာကြိ–ဉာဏသမ်–၌ရှိသော အာရမ္မဏာဓိကဖြစ်သော ဝီရိယပစ္စယုပ္ပန်တရားအား–အာရမ္မဏ–ပြု။

ဖြိုင်။ ။အာ, ပုရေ, အတ္ထိ, အဝိ။ (၄)

(ဂ) စတ္တာရိ မဟာဘူတာနံ + ဥပါဒါယ ပဝတ္တရူပံ–၌

✔ စတ္တာရိ မဟာဘူတာနိ–အရ မဟာဘုတ် (၄)ပါးသည်– ဥပါဒါယ ပဝတ္တရူပံ–အရ ဥပါဒါရုပ်အား သဟဇာတ–ပြု။ (ဖြိုင်။ ။သဟကြီး–၄)

============

ဝါကျဥယျာဉ်(၃၁၂)

(က) ဥပ္ပန္နံ ဆဟိ ဝိညာဏေဟီတိ ပစ္စုပ္ပန္နရူပမေဝ စက္ခုဝိညာဏာဒီဟိ ဆဟိ ဝေဒိတဗ္ဗံ။

(ခ) နိယမော (နိယာမော) ပန စက္ခုဝိညာဏာဒီနိ သန္ဓာယ ဂဟိတော။

(ဂ) န ဟိ တာနိ အတီတာနာဂတံ ဝိဇာနန္တိ။

(ဃ) မနောဝိညာဏံ ပန အတီတမ္ပိ အနာဂတမ္ပိ ဝိဇာနာတိ။

(င) တံ ဣမသ္မိံ ပဥ္စဝိညာဏသောတေ ပတိတတ္တာ သောတပတိတမေဝ ဟုတွာ ဂတံ။

(စ) ဟုတွာ အဘာဝဋ္ဌေန ပန အနိစ္စမေဝ။

(ဆ) ဇရာယ အဘိဘဝိတဗ္ဗဓမ္မကတ္တာ ဇရာဘိဘူတမေဝ။

(ဇ) ယသ္မာ ဝါ ရူပကာယေ ဇရာ ပါကဋာ ဟောတိ၊ တသ္မာပိ "ဇရာဘိဘူတမေ ဝါ"တိ ဝုတ္တံ။

ဋ္ဌ။ ၃၄၃၊ မူလဋီ။ ၁၄၃။ ယောဇနာ။ ၁၇၁။ ပြည်သျှ၊ ၃။ ၁၀၀။ ဘာသာဋီ၊ ၃။ ၃၈၂။ မင်းခင်းဂဏ္ဌိ။ ၆၆၁။

"ပါဌဝိနစ္ဆယ"

(ခ)ဝါကျ နိယမော/နိယာမော (၂)ပါဌ်တွင် လက်ရှိဆဋ္ဌမူ၌ နိယာမော–ဟု ဒီဃနှင့်ရှိသည်။ နိဿယများ၌ နိယမော–ကို ပါဌ်မှန်ထား၍ အနက်ပေးကြသည်။ ပိုင်းခြားသတ်မှတ်ဆုံးဖြတ်ခြင်း အနက်ကို ဟောရာ၌– နိပုဗ္ဗ, ယမု–ဓာတ်+ယဉ်–ပစ္စည်းဖြင့် (ပါဠိ၌ အ–ပစ္စည်းဖြင့်) "နိယမ"ဟု ပြီးသည်။ "နိယာမဓမ္မတာ"ဟူရာ၌ကား ဏ–ပစ္စည်းဖြင့် "နိယာမ"ဟု ရှိရမည်။ (ဘာဋီ၊၃။၃၈၂။)

http://www.dhammadownload.com



(၁)

(ခ) ပန–ဆက်။ နိယမော–ဥပ္ပန္နသဒ္ဒါဖြင့် မှတ်ခြင်းကို။ (ပြည်သျှ) (ဝါ) သတ်မှတ်ကြောင်းဖြစ်သော ဧဝသဒ္ဒါကို။ (ဘာသာဋီ) စက္ခုဝိညာဏာဒီနိ– ....အစရှိသော ပဉ္စဝိညာဏ်တို့ကို။ သန္ဓာယ–၍။ (မယာ) ဂဟိတော–ပြီ။ (မနောဝိညာဏ–ကို။ သန္ဓာယ–၍။ နိယမော–ကို။ မယာ။ န ဂဟိတော–ဟု ဗျတိရိက်ထည့်၍ အနက်ပေး။

ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိဉေယျမေဝ(ပါဠိတော်။၁၅၆။)ကို သံဝဏ္ဏနာနှင့်အညီအနက်ပေး

ဥပ္ပန္နံ(ဥပ္ပန္နမေဝ)–ပစ္စုပ္ပန်ဖြစ်သော ရုပ်ကိုသာလျှင်။ ဆဟိ–စက္ခုဝိညာဏ်စသည်တို့၏ အစွမ်းဖြင့် ခြောက်ပါးကုန်သော။ ဝိညာဏေဟိ–တို့ဖြင့်။(ဝါ)တို့သည်။ ဝိဉေယျ–သိအပ်၏၊ သိထိုက်၏။

♦ ဝိဉေယျမေဝ၌ ဧဝ–သဒ္ဒါကို ဥပ္ပန္နနှင့်ယှဉ်စေလိုသောကြောင့်၎င်း, ဥပ္ပန္နသဒ္ဒါဖြင့် ပစ္စုပ္ပန်ကိုသာ ယူစေလိုသောကြောင့်၎င်း "ပစ္စုပ္ပန္နရူပမေဝ"ဟု ဖွင့်သည်။ (မင်းခင်းဂဏ္ဌိ။ ၆၆၁။)

(၂)

(ခ) ဠပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် (က)ဖြင့် ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိဉေယျမေဝ–၌ ဥပ္ပန္နံကို ပစ္စုပ္ပန္နရူပမေဝဟု ဖွင့်ပြတော်မူ၏။ ထိုသို့ ...သော် အတိတ်, အနာဂါတ်ရုပ်တို့သည် ဝိဉေယျမဟုတ်ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထို့...ကြောင့် ...မဆိုသင့်။ ပစ္စုပ္ပန္နရူပမေဝဟု နိယမ ဧဝသဒ္ဒါဖြင့် အဘယ်ကို ရည်ရွယ်၍ ဖွင့်ဆိုသည်ကိုလည်း ပြဆိုသင့်သေး၏။ နိယမဧဝသဒ္ဒါဖြင့် အဘယ်ကို ရည်ရွယ်၍ ယူအပ်ပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။ (ပြည်သျှ။၁၈၀။ ဘာသာဋီ။၃၈၂–၅)

(ဂ)သည် (ခ)ကို ယုတ္တိအားဖြင့် နိုင်မြဲအောင်ပြု– ယုတ္တိဒဋ္ဌိကရဏ။ (ကျမ်းတက်လွယ်ပြီ)

♦ န ဟိတိ အာဒိ ဒဋ္ဌိကရဏ။ (ယောဇနာ)

♦ န ဟိ တက်ရာ၊ ဟိ–နက်မှာ၊ ဟိတ်ပါ ဒဋ္ဌိစွဲ။

(ဃ) ပါပနာဒိပဋ္ဌက

ဆရာ–သည် (ဂ)ဖြင့် စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်တို့သည် အတိတ်, အနာဂါတ်ရုပ်ကို မသိနိုင်ကုန်, အာရုံမပြုနိုင်ကုန်ဟု ပြဆိုတော်မူ၏။ ထိုသို့ ...သော် မနောဝိညာဏ်သည်လည်း အတိတ်, အနာဂါတ်ရုပ်ကို မသိနိုင်, အာရုံမပြုနိုင်ဟူသော အနက်သဘောသည် ရောက်ရာ၏။ စင်...ကား ...မရောက်သင့်။ ထိုသို့ ...ကြောင့် မနောဝိညာဏ်၏ သိပုံ, အာရုံပြုပုံ အထူးကိုလည်း ပြဆိုသင့်သေး၏။ ...အဗျာပိတ...၏။ (ပ) စုဒ်ကြောင့် (ဃ)မိန့်။ (ပန–ကား ဝိသေသတ္ထ)

(တစ်နည်း) ဆရာ–သည် (ခ) (ဂ)တို့ဖြင့် စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်တို့သည် အတိတ်, အနာဂါတ်ရုပ်ကို မသိနိုင်, အာရုံမပြုနိုင်ကြကုန်သောကြောင့် နိယမ ဧဝသဒ္ဒါကို စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်တို့ကို ရည်ရွယ်၍ ယူအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့–သော် စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်တို့ကို ရည်ရွယ်၍ နိယမဧဝသဒ္ဒါကို ယူရခြင်း၏ အကြောင်းကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်–ကား–မရောက်သင့်။ ထိုသို့– ကြောင့် မနောဝိညာဏ်ကို ရည်ရွယ်၍ နိယမဧဝသဒ္ဒါကို မယူရခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ –အဗျာပိတ...၏။ အဘယ်ကြောင့် မနောဝိညာဏ်ကို ရည်ရွယ်၍ နိယမဧဝသဒ္ဒါကို မယူအပ်ပါသနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

♦ ကသ္မာ ပန မနောဝိညာဏံ သန္ဓာယ နိယမော န ဂဟိတောတိ အာဟ "မနောဝိညာဏံ"န္တိ အာဒိ။

(င) ဠပနာဘောဂါဒိပဋ္ဌက

ဆရာ–သည် (ဃ)ဖြင့် မနောဝိညာဏ်သည် အတိတ်, အနာဂတ်ရုပ်ကိုလည်း သိနိုင်၏ဟု ဆို၏။ ထိုသို့–သော် မနောဝိညာဏ်ကို "ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိဉေယျမေဝ"၌ မယူအပ်,

http://www.dhammadownload.com



မယူသင့်သည် မဟုတ်ပါလော။ ထို့ကြောင့်–မဆိုသင့်။ (အတိတ်, အနာဂတ်ရုပ်ကိုလည်း သိနိုင်, အာရုံပြုနိုင်သော) မနောဝိညာဏ်ကို "ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျမေဝ"၌ ထည့်သွင်း၍ ယူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ မနောဝိညာဏ်သည် အတိတ်, အနာဂတ်ရုပ်ကို သိပါလျက် ယင်းမနောဝိညာဏ်ကို အဘယ်ကြောင့် "ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျမေဝ"၌ ထည့်သွင်း၍ ယူအပ်ပါသနည်း။ စုဒ်ကြောင့် (င)မိန့်။

အဓိပ္ပါယ်ကား။ ။ မနောဝိညာဏ်သည် ပဥ္စဝိညာဏ်ဒေသနာအယဉ်၌ပါဝင်သွားသောကြောင့် "ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျမေဝ"၌ ထည့်သွင်းယူအပ်ပါ၏ဟူလိုသော်။ (ဘာဋီ၃။၃၈၂။)

♦ ယဒိ မနောဝိညာဏံ အတီတာနာဂတမ္ပိ ဝိဇာနာတိ၊ ကသ္မာ မနောဝိညာဏံ ပစ္စုပ္ပန္နံ ဝိဇာနာတီတိ ဝုတ္တန္တိ အာဟ "တ"န္တိ အာဒိ။ (ယောဇနာ။၁၇၁။)

(၃)

(ဈ) ယသ္မာ ဝါ–၌ ဝါ–သဒ္ဒါထားရခြင်း

ဇရာယ အဘိဘဝိတဗ္ဗဓမ္မကတ္တာဟူသောအကြောင်းသကတ်အနက်မှတပါး ရူပကာယေ ဇရာပါကဋာ ဟောတိဟူသောအကြောင်းသကတ်အနက်တစ်မျိုးကိုလဲလှယ်ပြလိုသောကြောင့် ဝါ–ထားသည်။

(၄)

* တံ တံ ကာရဏံ ပဋိစ္စ + ဥပ္ပန္နံ ပစ္စုပ္ပန္နံ။ (ဋ္ဌ။ဓဓ။)

✔ –ပုဒ်သည်ဒင်း၊ ပဋိစ္စဘောဂုဏ်၏+ဖြစ်သောရုပ်နှင့်ဂုဏ်+ဂုဏေးစပ်–ဒင်း ဗျု–နိ။

✔ ပစ္စုပ္ပန်ရုပ်တို့၏ ––ဓာတ်သည် ပ–နိ။

* အတိက္ကမ္မ + ဣတံ ဂတံ အတီတံ။ (အတိက္ကမနဘောဂုဏ်၏+ဖြစ်သောရုပ်နှင့် ဂုဏ်+ဂုဏေးစပ်)

* အာဂမိဿတီတိ အာဂတံ။ န+အာဂတံ အနာဂတံ။ (ပဋိသေဓဘောဂုဏ်၏+အနာဂါတ်ရုပ်နှင့်ဂုဏ်+ဂုဏေးစပ်)

"ဝစနတ္ထမှတ်ဖွယ်"

(ဆ) * အဘိဘဝိတဗ္ဗော + ဓမ္မော သဘာဝေါ + ယဿာတိ အဘိဘဝိတဗ္ဗဓမ္မကံ။

* တဿ + ဘာဝေါ အဘိဘဝိတဗ္ဗဓမ္မကတ္တံ။ (ယောဇနာ။၁၇၁။)

(င) * နိန္နဋ္ဌာနေ သဝတိ သန္ဒတီတိ သောတော။ ဓလပ္ပဝါဟော။

* သောတော ဝိယာတိ သောတော။ (ဒေသနာအယဉ်ရ၏) (မဏိမဥ္ဇူ၂။၂၇၃။)

* ပတတီတိ ပတိတံ။ (ပတ+တ) (မနောဝိညာဏ်ရ၏)

* သောတေ + ပတိတံ သောတပတိတံ။ (ဒေသနာအယဉ်၏+မနောဝိညာဏ်နှင့် ဂုဏ်+ဂုဏေးစပ်)

(၆)

(က) ပစ္စုပ္ပန္နရူပမေဝ စက္ခုဝိညာဏာဒီဟိ ဆဟိ ဝေဒိတဗ္ဗံ–ဖြင့် ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျမေဝ (ပါဠိတော်)၌ ဥပ္ပန္နအရ ပစ္စုပ္ပန်ရုပ်ကိုယူ–ဒင်း၊ ဝိညေယျမေဝ၌ ဧဝသဒ္ဒါကို ဥပ္ပန္နပုဒ်နှင့် စပ်၍ အနက်သမ္ဗန်ရမည်ကိုဒင်း၊ ဆဟိ ဝိညာဏေဟိအရ စက္ခုဝိညာဏ်အစရှိသော ဝိညာဏ် (၆)ပါးကို ယူ–ဒင်း၊ ဝိညေယျ၌ ဝိ, ဉာ–ဓာတ်၏ သိခြင်းအနက်ဟော–ဒင်း၊ ဏျ–ပစ္စည်း၏ ကမ္မသာဓနအနက်၌ သက်–ဒင်း၊ ဝိညာတဗ္ဗံ ဝေဒိတဗ္ဗန္တိ ဝိညေယျံ–ဟု ပြု–ဒင်း သိစေသည်။

(စ)ဖြင့် ဖြစ်ပေါ်လာပြီး၍ မရှိခြင်းဟူသောအနက်သဘောကြောင့် (ဝါ) ပျက်စီးခြင်းဟူသော အနက်သဘောကြောင့် ရုပ်အားလုံးသည် အနိစ္စသာ ဖြစ်၏ဟုသိစေသည်။

(ဆ) ဇရာယ အဘိဘဝိတဗ္ဗဓမ္မကတ္တာ–ဖြင့် ဇရာဘိဘူတံ၌ အဘိဘူတဝယ် အဘိ,ဘူ–ဓာတ်–ဒင်း၊ တ–ပစ္စည်း၏ ကမ္မသာဓနအနက်၌ သက်–ဒင်း၊ အဘိဘဝိတဗ္ဗန္တိ အဘိဘူတံ–ဟု ပြု–ဒင်း၊ အပေါင်းပုဒ်ကို ဇရာယ + အဘိဘူတံ ဇရာဘိဘူတံ–ဟု တတိယာတပ္ပုရိသ်–ပြု–ဒင်း သိစေသည်။

http://www.dhammadownload.com



(၇)

(က) ပစ္စုပ္ပန္နရူပမေဝ–၌ ဓေ–၏ ဂဟေတဗ္ဗတ္တစသည်ထုတ်ပုံ

✔ ပစ္စုပ္ပန်ရုပ်သည် ဂဟေတဗ္ဗတ္တ။

✔ အတိတ်ရုပ်, အနာဂါတ်တို့သည် နိဝတ္တေတဗ္ဗတ္တ။

(ဆ၊) ဓရာဘိဘူတမေဝ–၌ ဓေ–၏ ဂဟေတဗ္ဗတ္တစသည်ထုတ်ပုံ

✔ ဓရာလွှမ်းမိုး, နှိပ်စက်ခြင်းကြိယာသည် ဂဟေတဗ္ဗတ္တ။

✔ ဓရာမလွှမ်းမိုး, မနှိပ်စက်ခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္တ။

✔ အလုံးစုံသောရုပ်ဒြဗ်နှင့် န ဟေတု–စသောဂုဏ်သည်–

(ဝါ) ဓာတိ, မရဏ လွှမ်းမိုး, နှိပ်စက်ခြင်းသည် အနုညာတတ္တ။

(ဃ) အတီတမ္ပိ, အနာဂတမ္ပိ–တို့၌ ပိ–တို့ကား သမုစ္စယတ္တ။

(စ) ပန–ကား ပက္ခန္တရတ္ထ။

(ဓ) ဝါ–ကား ဝိကပ္ပနတ္ထ, ပက္ခန္တရတ္ထ။ တသ္မာပိ–၌ ပိ–ကား ဝုတ္တသမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။

(၈)

(ခ)၌ အတ္ထာပန္န, အတ္ထာပတ္တိသိဒ္ဓိ

ဥပ္ပန္နသဒ္ဒါဖြင့် မှတ်ခြင်းကို (ဝါ) သတ်မှတ်ကြောင်းဖြစ်သော ဓဝသဒ္ဒါကို စက္ခုဝိညာဏ် စသည်တို့ကို ရည်ရွယ်၍ယူအပ်၏ဟု အနွယကိုဆိုသဖြင့် မနောဝိညာဏ်ကို ရည်ရွယ်၍ ယူအပ်သည် မဟုတ်ဟု ဗျတိရိက်ကို ဆ၍သိရသောကြောင့် (ခ)ဝါကျ၌ အတ္ထာပန္န, အတ္ထာပတ္တိသိဒ္ဓိရသည်။

(၉)

(င) တံ ဣမသ္မိံ (ပ) ဂတံ–၌ အဓိပ္ပာယ်

အတိတ်, အနာဂါတ်ရုပ်ကို သိပါလျက် "ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ"၌ မနောဝိညာဏ်ပါဝင်နေရခြင်း

မနောဝိညာဏ်သည် ပဥ္စဝိညာဏ်ဒေသနာအယဉ်၌ ပါဝင်သွားသောကြောင့် "ဆဟိ ဝိညာဏေဟိ"အရ၌ ပါဝင်နေသည်။ (ပဥ္စဝိညာဏ်ဒေသနာအတွင်း၌ သွင်းယူတော်မူခြင်းကို "သောတပတိတ"ဟု ဆိုသည်။) (ဘာသာဋီ၊၃။၃၈၂။)

(၁၀)

(က) ပစ္စုပ္ပန္နရူပမေဝ + စက္ခုဝိညာဏာဒီဟိ–၌

✔ ပစ္စုပ္ပန္နရူပမေဝ–အရ ပစ္စုပ္ပန်ရူပါရုံသည်–

စက္ခုဝိညာဏ်–အရ စက္ခုဝိညာဏ်အား အာရမ္မဏ–ပြု။ (ဗြိုင်=အာ, ပု,အတ္တိ,အဝိ။ ၄)

==========

## ဝါကျဥယျာဉ် (၃၁၃)

(က) ဣဒါနိ ဒုဝိဓေယံ့ဟာဒီသု "အတ္တိ ရူပံ ဥပါဒါ,အတ္ထိ ရူပံ နော ဥပါဒါ"တိ ဓဝံ သာဒသဗ္ဗာဝတော ပုဏ္ဏာပုဗ္ဗင်မံ ပဒဘာဇနံ ဒသေန္တော "ကတမံ တံ ရူပံ ဥပါဒါ"တိအာဒိမာဟ။

(ခ) တတ္ထ ဥပါဒိယတီတိ ဥပါဒါ။

ဋ္ဌ။ ၃၄၄။ ယောဇနာ။ ၁၇၁။ ပြည်သျှ၊ ၃။ ၁၈၅။ ဘာသာဋီ၊ ၃။ ၃၈၇။ (၁၃၂၀–ခု အစိုးရမေးဘူး)

(၂+၃)

(က)ဖြင့် အနုသန္ဓေသမ္ဗန္ဓသမုဒါယတ္တကို ပြသည်။

(ခ)ဖြင့် အဝယဝတ္ထကို ပြသည်။ (ပဋ္ဌကတက်ဖြ)

http://www.dhammadownload.com



(၄)

* ဥပါဒိယတီတိ ဥပါဒါ။

✔ ဥပ, အာ,ဒါ–ဓာတ်+အ–ပစ္စည်း။ထီ–အာ–ပစ္စည်းသည်၎င်း၊ အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော စွဲမြဲစွာယူခြင်းကြိယာသည်၎င်း ဗျူ–နိ။

✔ အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော စွဲမြဲစွာယူခြင်းကြိယာသည် (ဝါ) ဥပါဒါရုပ်တို့၏ ...ဓာတ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

* ပုဗ္ဗေ + ဂမာ ပဝတ္တာ ပုဗ္ဗင်္ဂမာ။

* ပုဗ္ဗင်္ဂမာ + ပုဏ္ဏာ + တေသံ ပဒဘာဇနေသာတိ ပုဏ္ဏာပုဗ္ဗင်္ဂမံ။ (ယောဇနာ။ ၁၇၁။)

(၅)

| | |
|---|---|
| ဘေဒသင်္ဂါဝတော–၌ ဘေဒ–ကား | ကိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။ |
| သ(သင်္ဂ)–ကား | ကိတ်နာမ်၊ ပုံလိင်၊ ဂစ္ဆန္တာဒိ၊ အ–ကာရန္တ။ |
| ဘာဝ–ကား | ကိတ်နာမ်၊ ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။ |
| ဘေဒသင်္ဂါဝတော–ကား | နိပါတ်(အဗျယတဒ္ဓိတ်) အလိင်၊ ဂဏဝိမုတ်၊ ဩ–ကာရန္တ။ |

(၆)

ဥပါဒိယတီတိ–ဖြင့် ဥပါဒါ၌ ဥပ, အာ, ဒါ–ဓာတ်၊ အ–ပစ္စည်း၊ ဥပါဒိယတီတိ ဥပါဒါ–ဟု ပြု–သိစေ။

ဂဟေတွာ–ဖြင့် ဥပါဒိယတိ၌ ဥပ, အာ, ဒါ–ဓာတ်၏ ဂဟဏအနက်ဟော–၎င်း၊ ဥပ–၏ ဓာတွတ္ထာနုဝတ္တက–၎င်း၊ အာ–၏ ဓာတွတ္ထဗာဓက–၎င်း သိစေ။

မဟာဘူတာနိ–ဖြင့် ဂဟေတွာ၏ ကံအဖြစ်ကို သိစေသည်။

အမုဉ္စိတွာ–ဖြင့် ဂဟေတွာ၌ ယူ၍ဟူသည် မလွှတ်ဘဲယူခြင်းပင်တည်းဟု သိစေသည်။

တာနိ နိဿာယ ပဝတ္တတိ–ဖြင့် မဟာဘုတ်တို့ကို မလွှတ်ဘဲယူ၍ဟူသည် ထိုမဟာဘုတ်တို့ကို မှီ၍ဖြစ်ခြင်းပင်တည်းဟု သိစေသည်။

(၇)

(က) ဝေံ–ကား နိဒဿနတ္ထ။

(ခ) တတ္ထ (တသ္မိံ ကတမံ တံ ရူပံ ဥပါဒါ'တိ အာဒိဝစနေ–၌)၌ တ–ကား ပဏ္ဏတ္တိဝိသယ။ တာနိ (မဟာဘူတာနိ–တို့ကို)၌ တ–ကား ပဏ္ဏတ္တိဝိသယ။

(၈)

(က) အာဟ–၌ ဗြူ–ဓာတ်အရ ကရုဏာပုဗ္ဗင်္ဂမဒေသနာဉာဏ်တော်ကိုယူ။

♦ ဒသေတ္တ၊ ဒီပေတ္တ၊ ပကာသတ္တ၊ ကျမ်း၌ပြမူ၊ ကရုဏာရှေးရှု–ဉာဏ်ကိုယူ။ (တွင်းကြီး။၅၆။)
(ဒသေန္တော အာဟ, ဒီပေန္တော အာဟ, ပကာသေန္တော အာဟ–ဟု ဆိုလိုသည်)

(၁၀)

(ခ) တာနိ + နိဿာယ ပဝတ္တတိ–၌

✔ တာနိ–အရ မဟာဘုတ် (၄)ပါးသည်–

နိဿာယ ပဝတ္တတိ–အရ ဥပါဒါရုပ် (၂၄)ပါးအား သဟဇာတ–ပြု။

ပြီး။ ။ သဟဇာတ, နိဿယ, အတ္ထိ, အဝိ (၄)

==============

http://www.dhammadownload.com



## ဝါကျဥယျာဥ် (၃၁၄)

(က) စက္ခုံ စ တံ အာယတနဋ္ဌာတိ စက္ခာယတနံ။
(ခ) ယံ စက္ခု စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါတိ ဣစ္စာပိ ဥပယောဂတ္ထေ ယေဝ သာမိဝစနံ။
(ဂ) စတ္တာရိ မဟာဘူတာနိ ဥပါဒိယိတွာ ပဝတ္တပ္ပသာဒေါတိ အတ္ထော။
(ဃ) ဣမိနာ ပသာဒစက္ခုမေဝ ဂဏှာတိ။
(င) သေသစက္ခုံ ပဋိက္ခိပတိ။

ဋ္ဌ။ ၃၆၅။ ပြည်သျှ၊ ၃။ ၁၉၂။ ဘာသာဋီ၊ ၃။ ၃၉၂။

(၁)

(ဃ) ဣမိနာ–ဤ "ယံ စက္ခု စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ"ဟူသောပါဠိဖြင့်။ ပသာဒစက္ခုမေဝ– …ကိုသာလျှင်။ ဂဏှာတိ–၏။ သေသစက္ခုံ–ပသာဒစက္ခုမှ ကြွင်းသော သသမ္ဘာရ စက္ခုကို။ ပဋိက္ခိပတိ–၏။ (ပြည်သျှ)

ဘာသာဋီကာအမှာ။ ။ "သေသ"ဟု ဆိုသောကြောင့် သသမ္ဘာရစက္ခုနှင့်တကွ စက္ခုအမည်ရသော ပညာစက္ခု (၅)မျိုးလုံးကို ဝယ်သည်ဟုယူ။

(၂+၃)

(ခ) ပက္ခန္တရ။ (ဂ) ဝိတ္ထာရ။

### (ဃ) ပါပနာဒိပဋ္ဌကလီနန္တရစောဒနာ

ဆရာ– မြတ်စွာဘုရားသည် ယံ စက္ခု စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ–ဟု ဟောတော်မူ၏။ ထိုသို့–သော် ဤ ယံ စက္ခု (ပ) ပသာဒေါ–ဟူသောပါဠိဖြင့် သသမ္ဘာရစက္ခုကိုလည်းယူရမည်ဟူသော အနက်သည်ရောက်ရာ၏။ စင်–ကား –မရောက်သင့်။ ထိုသို့–ကြောင့် ဤ ယံ စက္ခု (ပ) ပသာဒေါ–ပါဠိဖြင့် ယူရမည့် တရားကိုလည်း ပြဆိုသင့်သေး၏။ …အတိဗျာပိတ–၏။ ဤ ယံ စက္ခုံ (ပ) ပသာဒေါ–ပါဠိဖြင့် ယူရမည့်တရားကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဃ)မိန့်။

### (င)သို့ အနုသန္ဓေ

ဤသို့ (ဃ)ဖြင့် ယံ စက္ခု (ပ) ပသာဒေါ–ပါဠိဖြင့် ပသာဒစက္ခုကိုသာ ယူရမည်ဟု ဂဟေတဗ္ဗတ္ထကို ပြပြီး၍ ယခုအခါ၌ ယင်းပါဠိဖြင့် ပယ်အပ်သော ပဋိက္ခေပတ္ထ, နိဝတ္တေတဗ္ဗတ္ထကို ပြလိုသောဆရာသည် (င)မိန့်။

(တစ်နည်း) ဤသို့ (ဃ)ဖြင့် ပသာဒစက္ခုမေဝ ဂဏှာတိ–ဟု ဧဝသဒ္ဒါဖြင့် ဖွင့်ဆိုပြီး၍ ယခုအခါ၌ ယင်း ဧဝ–၏ ဧဝတ္ထဖလ (ဝါ) နိဝေတ္တတဗ္ဗတ္ထကို ပြလိုသောဆရာသည် (င)မိန့်။ (ပဋ္ဌကတက်လွယ်ဖြ)

(၄)

* ဥပယုဇ္ဇတီတိ ဥပယောဂေါ။ ဥပယောဂေါ ဧဝ + အတ္ထော ဥပယောဂတ္ထော။

* သာမိသဒ္ဒ + ပဝတ္တံ + ဝစနံ သာမိဝစနံ။

(၆)

(ခ) သာမိဝစနံ–ဖြင့် စတုန္နံ မဟာဘူတာနံ၌ ဆဋ္ဌီနံဝိဘတ်တည်းဟု သိစေသည်။
ဥပယောဂတ္ထေ–ဖြင့် ယင်းဆဋ္ဌီဝိဘတ်သည် ကံအနက်၌ သက်၏ဟု သိစေသည်။
ဥပယောဂတ္ထေယေဝ–၌ ဧဝ–ဖြင့် ဆဋ္ဌီအနက်ကို နစ်စေသည်။ (ဘာဝတ္ထ)

(ဂ) စတ္တာရိ မဟာဘူတာနိ–ဖြင့် စတုန္နံ မဟာဘူတာနံကို စတ္တာရိ မဟာဘူတာနိဟု ကံအနက် သမ္ဗန်ရမည်ဟု သိစေသည်။ (ဝိဘတျတ္ထ)

ဥပါဒိယိတွာ–ဖြင့် ဥပါဒါယ၌ ယ–သည် တွာ–ပစ္စည်း၏ ကာရိယတည်းဟု သိစေသည်။

http://www.dhammadownload.com



ပဝတ္တပသာဒေါ–ဖြင့် ဥပါဒါယ ပသာဒေါ၌ ပဝတ္တ–သဒ္ဒါကျေသတည်းဟု သိစေသည်။

ဥပါဒိယိတွာ ပဝတ္တပသာဒေါ (၂)ပုဒ်အပေါင်းဖြင့် ဥပါဒါယ ပသာဒေါ၌ ဥပါဒါယဟူသော တွာပစ္စယန္တပုဒ်သည် ပုဗ္ဗကာလကြိယာဖြစ်၍ အပရကာလကြိယာကိုငဲ့သောကြောင့် ထို၏ အပရကာလ ကြိယာကို "ပဝတ္တ"ဟူ၍ ထည့်ရမည်ကိုရင်း(တစ်နည်း) ဥပါဒါယကို ပဝတ္တဟူသော ပါဌသေသကြိယာ၌ စာစပ်ရမည်ကိုရင်း သိစေသည်။

(ဝါကျဥယျာဉ်(၃၁၁)လာ ဥပါဒါယ ပဝတ္တရူပံ–ဖြင့် ပြအပ်သော(၆)နံပါတ်အာဘော် သံဝဏ္ဏနာစဉ်းပြန်ကြည့်)

(ဃ)(င)တို့ဖြင့် စကာ့အရ သသမ္ဘာရစက္ခုကို မယူရ၊ (ဗျ) ပသာဒစက္ခုကိုသာယူရမည်ဟု သိစေ။

(၇)

(က) စ–သဒ္ဒါ (၂)လုံးကား သမုစ္စယတ္ထ။

(ခ) ဣတိ–၌ အပိ–ကား သမ္ဘာဝနတ္ထ၊ သမ္ဘိဏ္ဍနတ္ထ။

(ယင်း အပိ–ဖြင့် ရှေး၌ပြခဲ့သော "စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ"ကို ပေါင်း)

ဥပယောဂဗျွေယေ၀–၌ ဧ၀–၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ ဥပယောဂအနက်သည် ဂဟေတဗ္ဗတ္ထ။

✔ သာမိအနက်သည် နိ၀တ္တေတဗ္ဗတ္ထ။

✔ ဥပယောဂအနက်ရှိသောသာမိဝစနံ(ဆဋ္ဌီဝိဘတ်)သည် အနုညာတတ္ထ။

(၉+၁၀)

(ဂ) စတ္တာရိ မဟာဘူတာနိ + ဥပါဒိယိတွာ ပဝတ္တပသာဒေါ–၌

✔ စတ္တာရိ မဟာဘူတာနိ–အရ မဟာဘုတ် (၄)ပါးသည်–
ဥပါဒိယိတွာ ပဝတ္တပသာဒေါ–အရ စက္ခုပသာဒအား သဟ–ပြု။(ပြိုင်=သဟကြီး ၄။)

==========

## ဝါကျဥယျာဉ် (၃၁၅)

(က) ဝဏ္ဏောဝ ဝဏ္ဏနိဘာ။

(ခ) နိဘာတီတိ ဝါ နိဘာ။

(ဂ) စက္ခုဝိညာဏဿ ပါကဋော ဟောတီတိ အတ္ထော။

(ဃ) ဝဏ္ဏောဝ နိဘာ ဝဏ္ဏနိဘာ။

(င) သဒ္ဒိ နိဒဿနေန သနိဒဿနံ။

(စ) စက္ခုဝိညာဏေန ပဿိတဗ္ဗန္တိ အတ္ထော။

ဋ္ဌ။ ၃၁၄။ မူလဋီ၊ ၁၅၀။ ယောဇနာ၊ ၁၇၉။ ပြည်သျှ၊ ၃။ ၂၂၅။ ဘာသာဋီ၊ ၃။ ၄၂၁။ မင်းခင်းဂဏ္ဍိ။၆၇၆။

(၁)

(ဂ) အတ္ထော–၏ သမ္ဗန်ကို "နိဘာတီတိပဒဿ"ဟုစံ။

(၂)

(က)ဖြင့် ဝဏ္ဏနိဘာပုဒ်ကို တဗ္ဘာဝဝုတ္တိကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်ဟုပြသည်။ /
(ခ)(ဂ)(ဃ)တို့ဖြင့် အဝဓာရဏကမ္မဓာရယ်သမာသ်–ပြုရမည်ဟု ပြသည်။ (ပက္ခန္တရ)
ထိုတွင်– (ဂ)သည် (ခ)ကိုချဲ့ပြ– ဝိတ္ထာရ။

(ဃ)သည် နိဘာဟူသော အစိတ်ပုဒ်၏ ဝစနတ္ထမှ ဝဏ္ဏနိဘာဟူသော အပေါင်းပုဒ်၏ ဝစနတ္ထပြ– ပက္ခန္တရ။

(င) ပက္ခန္တရ။ (စ) ဝိတ္ထာရ။

http://www.dhammadownload.com



(၃)

(ခ) ဝါ–သဒ္ဒါထားရခြင်း

ဝဏ္ဏနိဘာပုဒ်၏ တဗ္ဗာဝဝုတ္တိကမ္မဓာရယ်သမာသ်ဝစနတ္ထမှတပါး အဝဓာရဏကမ္မဓာရယ် သမာသ်ဝစနတ္ထဟူသောဝစနတ္ထတစ်မျိုးကိုလဲလှယ်ပြလို၍ (ခ)၌ ဝါ–သဒ္ဒါထားသည်။

(တစ်နည်း) ဝဏ္ဏနိဘာ၌ နိဘာသဒ္ဒါ၏အနက်မရှိ အနတ္ထကအဖြစ်မှတပါး တောက်ပခြင်း အနက်ဟော သာတ္ထကအဖြစ်ကို လဲလှယ်ပြလို၍ (ခ)၌ ဝါ–သဒ္ဒါထားသည်။

(၄)

* ဝဏ္ဏေတိ ဝိကာရံ အာပဇ္ဇမာနံ ဟဒယင်္ဂတဘာဝံ ပကာသေတီတိ ဝဏ္ဏော။ (ရုပါရုံ) "ဝစနတ္ထမှတ်ဖွယ်"

* ပဋိဟာနနံ ပဋိဃဋ္ဋနံ။ ပဋိဃဋ္ဋနံဧဝ + နိဃံသော ပဋိဃဋ္ဋနနိဃံသော။

* တဿ + ဓနကံ ပဋိဃဋ္ဋနနိဃံသဓနကံ။ (ယောဇနာ)

♦ ပဋိဃဋ္ဋနနိဃံသဓနကံ–ထိခိုက်ခြင်းဟူသောအသံကို ဖြစ်စေတတ်သောရုပ်။ (ပြည့်) (ဝါ) ထိခိုက်ခြင်းဟူသောပွတ်တိုက်ခြင်းကို ဖြစ်စေတတ်သောရုပ်တည်း။ ဓနတိ အဗ္ဗော–ဍ္ဒအနက်။ (ဘာသာဋီ)

(၆)

(က) ဝဏ္ဏောဝ–ဖြင့် ဝဏ္ဏနိဘာကို ဝဏ္ဏောဝ ဝဏ္ဏနိဘာ–ဟု တဗ္ဗာဝဝုတ္တိကမ္မဓာရယ်–ပြု–ရင်း၊ ဝဏ္ဏနိဘာ၌ နိဘာသဒ္ဒါ၏ အနက်မရှိသည်၏အဖြစ်ကိုရင်း သိစေသည်။

(ခ) နိဘာတိ–ဖြင့် ဝဏ္ဏနိဘာ၌ နိဘာဝယ် နိ, ဘာ–ဓာတ်၊ အ–ပစ္စည်း၊ နိဘာတီတိ နိဘာ–ဟုပြု–သိစေ။

(ဂ) ဖြင့် တောက်ပ၏ဟူသည် စက္ခုဝိညာဏ်အား ထင်ရှားဖြစ်ခြင်းပင်တည်းဟု သိစေ။

(င)သဒ္ဒိ နိဒဿနေန–ဖြင့် သနိဒဿနံ၌ သ–သည် သဟသဒ္ဒါ၏ ကာရိယ–ရင်း၊ ယင်း သဟ–၏ သဒ္ဒိအနက်ဟော–ရင်း၊ သဟ + နိဒဿနေန + ယံ + ဝတ္တတီတိ သနိဒဿနံ–ဟု–ပြု–ရင်း သိစေ။

(စ)ဖြင့် သနိဒဿနံ၌ နိဒဿန–ဝယ် ဒိသ–ဓာတ်၏ အပေက္ခအနက်ဟော–ရင်း၊ ယု–ပစ္စည်း၏ ကမ္မသာဓနံအနက်၌ သက်–ရင်း၊ နိဒဿိတဗ္ဗန္တိ နိဒဿနံ–ဟု ပြု–ရင်း၊ နိဒဿနံ–ပုဒ်၏ ဘာဝပ္ပဓာန, ဘာဝလောပပုဒ်၏အဖြစ်ကိုရင်း သိစေသည်။

(၇)

(က)(ဃ) ဝဏ္ဏောဝ–၌ ဧဝ–သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ အဆင်းရူပါရုံသည် ဂဟေတဗ္ဗတ္ထ။

✔ အသံသဒ္ဒါရုံသည် နိဝတ္တေတဗ္ဗတ္ထ။

✔ စက္ခုဝိညာဏ်ဖြင့် ရှုအပ်သော သဘောသည် အနုညာတတ္ထ။

(ဓ+ဇ)

(စ) ပဿိတဗ္ဗံ–၌ ဒိသ–ဓာတ်အရ စက္ခုဝိညာဏ်ကိုယူ။

တဗ္ဗ–ပစ္စည်းအရ ရူပါရုံကို ယူ။

အမေး။ ။ ဝဏ္ဏနိဘာ၏ အခြားမဲ့၌ဆိုအပ်သောကြောင့် "သနိဒဿနာ"ဟု ဣတ္ထိလိင်ဖြင့် ညွှန်းသင့်လျက် မညွှန်းဘဲ အဘယ့်ကြောင့် "သနိဒဿနံ"ဟု နပုလ္လိင်ဖြင့် ညွှန်းရသနည်း?

အဖြေ။ ။ ဝဏ္ဏနိဘာဟူ၍ ရူပါယတနကိုသာ ညွှန်းအပ်၏။ ထို့ကြောင့် ထိုရူပါယတနကိုသာ ငဲ့၍ "သနိဒဿနံ"ဟု နပုံလိင်ဖြင့် ညွှန်းသည်–ဟူလို။

♦ ဝဏ္ဏနိဘာတိ ရူပါယတနမေဝ နိဒ္ဒိဋ္ဌန္တိ တဒေဝ အပေက္ခိတွာ "သနိဒဿန"န္တိ နပုံသကနိဒ္ဒေသော ကတော။ (မူလဋီ)

http://www.dhammadownload.com



(၁၀)

(စ) စက္ခုဝိညာဏဓာတ် + ပသာဒတစ္ဆ–၌

✔ ပသာဒတစ္ဆ–အရ ရူပါရုံသည်–

စက္ခုဝိညာဏဓာတ်–အရ စက္ခုဝိညာဏ်စိတ္တုပ္ပါဒ်အား အာရမ္မဏ–ပြု။(ဖြင့်=အာ, ပု, အတွဲ, အဝိ။ ၄)

==============

## ဝါကျဥယျာဉ် (၃၁၆)

(က) ကာယဝိညတ္တီတိ ဧတ္ထ တာဝ ကာယေန အတ္တနော ဘာဝံ ဝိညာပေန္တာနံ တိရစ္ဆာနေဟိပိ ပုရိသာနံ, ပုရိသေဟိ ဝါ တိရစ္ဆာနာနမ္ပိ ကာယဂဟဏာနုသာရေန ဂဟိတာယ ဧတာယ ဘာဝေါ ဝိညာယတီတိ ဝိညတ္တိ။

(ခ) သယံ ကာယဂဟဏာနုသာရေန ဝိညာယတီတိပိ ဝိညတ္တိ။

(ဂ) "ကာယေန သံဝရော သာဓု"တိအာဒီသု အာဂတော စောပနသင်္ခါတော ကာယောဝ ဝိညတ္တိ ကာယဝိညတ္တိ။

(ဃ) ကာယဝိပ္ဖန္ဒနေန အဓိပ္ပါယဝိညာပနဟေတုတ္တာ, သယဉ္စ တထာ ဝိညေယျတ္တာ ကာယေန ဝိညတ္တီတိပိ ကာယဝိညတ္တိ။

ဋ။ ၃၆၀။ မူလဋီ။ ၁၅၁။ ယောဇနာ။ ၁၈၂။ ပြည်သျှ၊ ၃။ ၂၄၇။ ဘာသာဋီ၊ ၄။ ၁၄။ မင်းခင်းဂဏ္ဌိ။ ၆၈၂။

(၁)

(က) တာဝ–ကုသလစိတ္တာဒိ ဝါ–စသောပုဒ်တို့မှ ရှေးဦးစွာ။ (ဝုတ္တေ–ဟောတော်မူအပ်သော။) ကာယဝိညတ္တီတိ ဧတ္ထ–ပုဒ်၌။ (အတ္တော။ ဧဝံ။ ဝေဒိတဗ္ဗော။)

(၂)

(က)ဖြင့် ဝိညတ္တိပုဒ်ကို ကရဏသာဓနဝစနတ္ထပြုရမည်ဟု ပြသည်။

(ခ)ဖြင့် ဝိညတ္တိပုဒ်ကို ကမ္မသာဓနဝစနတ္ထပြုရမည်ဟု ပြသည်။ (ပြည်သျှ။၂၄၉။) (ပက္ခန္တရ)

(ဂ)သို့ အနုသန္ဓေ

ဤသို့ (က)(ခ)တို့ဖြင့် ဝိညတ္တိသဒ္ဒါ၏ ကရဏသာဓန, ကမ္မသာဓန(ကာရက)နှစ်ပါး၌ဖြစ် သည်ကို ပြပြီး၍ ယခုအခါ၌ ကာယနှင့်ဝိညတ္တိပုဒ်ကို ကမ္မဓာရယ်သမာသ်တွဲစပ်ရမည်ဟု ပြခြင်းငှာ ကာယဟူသောဝေါဟာရ၏ ကာယဝိညတ်၌ ဖြစ်သည်ကိုပြလို၍ ကာယေန သံဝရော သာဓု–စသော (ဂ)ကိုမိန့်။

♦ ဧဝံ ဝိညတ္တိသဒ္ဒဿ ကာရကဒွယေ သမ္ဘဝံ ဒဿေတွာ ဣဒါနိ ကာယသဒ္ဒေန သဟ ကမ္မဓာရယသမာသံ ဒဿေတုံ ကာယောတိ ဝေါဟာရဿ ဝိညတ္တိယာ ပဝတ္တိံ ဒဿေန္တော "ကာယေန သံဝရော"တိ အာဒိသုတ္တမာဟ။ (ယောဇနာ။၁၈၃။)

အမှာ။ ။ မူလဋီကာ။၁၅၁–၌ "ကေနစိ ကာယဝိညတ္တိယံ ကာယဝေါဟာရဿ ပဝတ္တိဒဿနတ္ထံ "ကာယေန သံဝရော သာဓု"တိ သာဓကသုတ္တံ အာဟဋံ"ဟု သာဓကပါဠိကိုသာရှု၍ ကျမ်းတက်ပြသည်။

(ဃ)သို့ အနုသန္ဓေ

ဤသို့ (ဂ)ဖြင့် ကာယဝိညတ္တိပုဒ်ကို ကမ္မဓာရယ်–ဝစနတ္ထပြုရမည်ဟုပြပြီး၍ ယခုအခါ၌ ဥတ္တိကို ဟေတုကမ္မသာဓန, ကာယဝိညတ္တိကို တတိယာတပ္ပုရိသ်ဝစနတ္ထပြုရမည်ဟုပြလိုရကား (ဃ)မိန့်။ ကျွန္တရ)

(၃)

(ခ) ဝိညာယတီတိပိ–၌ ပိ–သဒ္ဒါထားရခြင်း

ဝိညတ္တိပုဒ်၏ ကရဏသာဓနဝစနတ္ထမှတပါး ကမ္မသာဓနဝစနတ္ထဟူသော ဝစနတ္ထဝ မျိုးကို လဲလှယ်လိုသောကြောင့် (ခ)၌ ပိ–သဒ္ဒါထားသည်။

http://www.dhammadownload.com



**(တစ်နည်း)** ကရဏသာဓနေ၀စနတ္ထကြောင့်သာ ဝိညတ္တိမည်သည်မဟုတ်သေး၊ ကမ္မသာဓနေ ၀စနတ္ထကြောင့်လည်း ဝိညတ္တိမည်သေး၏ဟု ဝိညတ္တိမည်ခြင်း၏အကြောင်းသကတ်တမျိုးကို လဲလှယ်ပြလို၍ ထားသည်။

**"တစပ်မှတ်ဖွယ်"**

(က)၌ တိရစ္ဆာနေဟိ, ပုရိသေဟိ (ကတ္တား) ၂-ပုဒ်ကို ဝိညာယတိ-၌ စပ်။
ပုရိသာနံ, တိရစ္ဆာနာနံ (သမ္ဗန်) ၂-ပုဒ်ကို ဘာဝေါ-၌စပ်။

(၄)

* ဥဒ္ဓံ အနုဂ္ဂန္တွာ တိရိယံ + အဉ္စိတာ ဂတာ ၀ဍ္ဍိတာတိ တိရစ္ဆာနာ။ (သာရတ္ထ၊၁။၂၉၀။)

✔ တိရိယသဒ္ဒါုပပဒ, အဉ္စ-ဓာတ်+ယု-ပစ္စည်းသည်ရင်း၊ အထက်သို့ မတက်မူ၍ ဖီလာကန့်လန့် ဖြစ်ခြင်း, ကြီးထွားခြင်းကြိယာသည်ရင်း ဗျု-နိ။

✔ တိရစ္ဆာန်တို့၏--ဓာတ်သည် ပ-နိ။

**(တစ်နည်း)** တိရိယံ အဉ္စန္တီတိ တိရစ္ဆာနာ။ (ဗူဠနိ၊၄။၆၃။)

**(တစ်နည်း)** တိရန္တို အဓောဘာဂေန ဂစ္ဆန္တီတိ တိရစ္ဆာနာ။ (တိရ+စ္ဆာန)

**"၀စနတ္ထမှတ်ဖွယ်"**

(ခ) ကုစ္ဆိတာနံ ကေသာဒီနံ + အာယော ပ၀တ္တိဌာနန္တိ ကာယော။

* ဂယှတိ တေနာတိ ဂဟဏံ။ ကာယဿ + ဂဟဏံ ကာယဂဟဏံ။

(ဂ) * ဘာဝံ စောပေတီတိ စောပနံ။ (စုပ+ယု)

**(တစ်နည်း)** ဘာ၀ဿ စောပိယတေ။ (ဂမိယတေ, ပကာသိယတေ) စောပနံ။

♦ စောပနသင်္ခါတော-အလိုကို သိစေတတ်, ပြတတ်သည်ဟုဆိုအပ်သော။

(ဝါ) အလိုကို သိစေခြင်း,ပြခြင်းဟုဆိုအပ်သော။ (ပြည်သျှ)

♦ ဘာ၀ဿ ဂမနံ ပကာသနံ စောပနံ။ (မူလဋီ၊၁၅၁။)

* သကတ္ထပရတ္ထံ သာဓေတီတိ သာဓု။ (သာဓ+ဥ)

(၆)

(က) တေဟိ ဝိညာယတိ-ဖြင့် ဝိညတ္တိ၌ ဝိ, ဉာ၊ တိ-ပစ္စည်း၊ ဝိညာယတိ တေဟာတိ ဝိညတ္တိ-ဟု ပြု- သိစေ။

**ကာယေန** တေဟိ ဝိညာယတိ-ဟူသော အပေါင်းသံ၀ဏ္ဏနာပါဌ်ဖြင့် ဝိညာယတိ တေဟာတိ ဝိညတ္တိ၊ **ကာယေန** + ဝိညတ္တိ ကာယဝိညတ္တိ-ဟု ပြုရမည်ဟု သိစေသည်။ (ဘာသာဋီ၊၄။၁၂။)

**ဘာဝေါ**-ဖြင့် ဝိညာယတိ၌ သိအပ်၏ဟူသည် ဘာ၀=အလိုဆန္ဒကို သိအပ်သတည်းဟု သိစေ။

**တိရိစ္ဆာနေဟိ**, ပုရိသေဟိ-တို့ဖြင့် ဝိညာယတိကြိယာ၏ ကတ္တားအဖြစ်ကို သိစေသည်။

**(တစ်နည်း)** ဝိညာယတိ၌ သိအပ်၏ဟူသည် တိရိစ္ဆာန်တို့က, ယောကျ်ားတို့က သိအပ်သတည်းဟု သိစေ။

ပုရိသာနံ, တိရိစ္ဆာနာနံ-တို့ဖြင့် ဘာဝ၌ အလိုဆန္ဒဟူသည် ယောကျ်ားတို့၏, တိရိစ္ဆာန်တို့၏ အလိုဆန္ဒပင်တည်းဟု သိစေသည်။ (ကြွင်းပါဌ်တို့ဖြင့် အချင်းချင်းစပ်၍ ဘာ၀တ္ထဖော်လေ)

(ခ) သယံ ဝိညာယတိ-ဖြင့် ကမ္မသာဓ်ပြ- အကျယ်ဖော်မြ။

အမှာ။ ။ ဤ(ခ)ဝါကျ၌ သယံ ဝိညာယတိ-၌ သယံ-ကား ၀ုတ္တကမ္မတ္ထ၌ ပဌမဝိဘတ်ချွန်နိပါတ်။
သပ', အဘိညာယ-စသည်၌ သယံ-ကား တတိယန္တနိပါတ်။

ကာယဂဟဏာနုသာရေန-ဖြင့် ဘာ၀တ္ထဖော်မြ။

(ဂ) ကာယောဝ ဝိညတ္တိ-ဖြင့် ကာယဝိညတ္တိကို အ၀ဓာရဏကမ္မဓာရယ်ပြု ....သိစေသည်။

စောပနသင်္ခါတော-ဖြင့်ကာယဝိညတ္တိ၌ ကာယအရ ကာယပသာဒကိုမယူရ၊ စောပနကာယကိုယူ-သိစေ။

http://www.dhammadownload.com



ကာယေန သံဝရော သာဓု–ဖြင့် စင်စစ် ကာယဝိညတ်၌ ကာယဟူသော ဝေါဟာရဖြစ်ခြင်းကို သိစေ။

♦ ကေန္တ ကာယဝိညတ္တိယံ ကာယဝေါဟာရယာ ပဝတ္တိဒဿနတ္ထံ "ကာယေန သံဝရော သာဓု"တိ သာဓကေသုတ္တံ အာဟဋံ။ (မူလဋီ။၁၅၁။)

(ဃ) ကာယဝိပ္ပန္ဒနေန အဓိပ္ပါယဝိညာပနဟေတုတ္တာ–ဖြင့် ဝိညတ္တိ၌ ဝိ, ဉာ–ဓာတ်–ရင်း၊ တိ–ပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌ သက်...ရင်း၊ ဝိညာပေတီတိ ဝိညတ္တိ–ဟု ပြု–ရင်း၊ အပေါင်းပုဒ်ကို ကာယေန + ဝိညတ္တိ ကာယဝိညတ္တိ–ဟု တတိယာတပ္ပုရိသ်ပြု–ရင်း၊ ကာယအရ ဝိပ္ပန္ဒန ကာယ=တုန်လှုပ်သောကိုယ်ကို ယူ....ရင်း သိစေသည်။

(ဃ) ဝိညေယျတ္တာ–ဖြင့် ဝိညတ္တိ၌ ဝိ, ဉာ + တိ–ပစ္စည်း၊ ဝိညေယျာတိ ဝိညတ္တိ–ဟု ပြု–သိစေ။

သယဥ္စ–၌ စ–ဖြင့် နယန္တရ (ဝိညတ္တိပုဒ်၏ ဝစနတ္ထတစ်မျိုး)ကို သိစေ။

သယံ–ဖြင့် ဝိညေယျ (ဝိညတ္တိ)၌ သိအပ်၏ဟူသည် မိမိကိုယ်တိုင် သိအပ်သတည်းဟု သိစေ။

တထာ–ဖြင့် ကာယဝိပ္ပန္ဒနေန–ဟူသော ကရိဏ်းပုဒ်ကိုပင် သိစေသည်။

ကာယေန ဝိညတ္တိ–ဖြင့် တတိယာတပ္ပုရိသ်ပြု–ရင်း သိစေသည်။

(၇)

(က) တိရစ္ဆာနေဟိပိ–၌ ပိ–ကား ဂရဟာဇောတက။

ယင်း ပိ–ဖြင့် တိရစ္ဆာန်တို့သည်သော်မှလည်း အလိုကိုသိနိုင်တုံသေး၏၊လူအချင်းရ ၂ ဆိုဘွယ်ရာ မရှိဟု သမ္ဘာဝနာကိုဆည်းသည်။

တိရစ္ဆာနာနမ္ပိ–၌ ပိ–လည်း ဂရဟာဇောတကပင်။

ယင်း ပိ–ဖြင့် တိရစ္ဆာန်တို့သော်မှလည်း အလိုကိုသော်မှ သိရသေး၏။ လူအချင်းချင်း၏ အလိုကို သိဖို့ရာမှာ ဆိုဘွယ်ရာမရှိဟု သမ္ဘာဝနာကိုဆည်းသည်။ (ဘာသာဋီ၊၄။၁၁။)

တာဝ–ကား ပဌမတ္ထဝါစကနိပါတ်။

(ခ) ဝိညာယတီတိပိ–၌ ပိ–ကား ဝုတ္တသမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။

(ဂ) ကာယောဝ ဝိညတ္တိ–၌ ဝေ–၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ ဓောပနကာယသည် ဂဟေတဗ္ဗတ္ထ။

✔ ရူပကာယသည် နိဝတ္တေတဗ္ဗတ္ထ။

✔ တုန်လှုပ်ခြင်းအမူအယာသည် အနုညာတတ္ထ။

(ဃ) သယဥ္စ–၌ စ–ကား ပက္ခန္တရတ္ထ။ ဝိညတ္တီတိပိ–၌ ပိ–ကား ဝုတ္တသမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။

(၉)

(က) ပုရိသာနံ, ပုရိသေဟိ–တို့ကား လူအားလုံးကိုယူ။ (မိန်းမ, ယောကျ်ားအကုန်) အဓိပ္ပာယ်။ ။ ကာယဂဟဏာဟူသည် လှုပ်ရှားသောကိုယ်ကိုယူကြောင်း (သိကြောင်း)ဝီထိ တည်း။ ထိုဝီထိကို အစဉ်လိုက်၍ ဝီထိစိတ်ဖြစ်သောအခါ သုံးကြိမ်မြောက်ဝီထိဖြင့် ဝိညတ်ဟူသော ဝိကာရရုပ်ကို ယူအပ်(သိအပ်)၏။ ထိုသုံးကြိမ်မြောက်ဝီထိဖြစ်ပြီးမှ လေးကြိမ်မြောက် ဝီထိဖြင့် ဘာဝဟူသော အလိုဆန္ဒကို သိရ၏။ ထို့ကြောင့် "ကာယဂဟဏာနုသာရေန ဂဟိတာယ။ တောယ ဘာဝေါ ဝိညာယတီ"ဟုဆိုသည်။ (ဘာသာဋီ၊၄။၁၄။)

♦ ဝတ္တံ ပဌမစိတ္တေန၊ တိတံ ဒုတိယစေတသာ။
တတိယေန တု ဝိညတ္တိ၊ ဘာဝံ စတုတ္ထစေတသာတိ ။(အဘိဓမ္မာဝတာရဋီကာ)

http://www.dhammadownload.com



## ဝါကျချုပ် (၃၁၇)

(က) ကဗဠီ ကရီယတီတိ ကဗဠီကာရော။
(ခ) အာဟရီယတီတိ အာဟာရော။
(ဂ) ကဗဠီ ကတွာ အဇ္ဈောဟရီယတီတိ အဇ္ဈောဟာ။
(ဃ) ရူပံ ဝါ အာဟရတီတိပိ အာဟာရော။
(င) ခင် ဝတ္ထုဝသေန နာမံ ဥဒ္ဓရိတွာ ပုန ဝတ္ထုဝသေနေဝတံ ပဘေဒတော ဒဿေတုံ "ဩဒနော ကုမ္မာသော"တိ အာဒိ ဝုတ္တံ။

ဋ္ဌ။ ၃၆၆။ ယောဇနာ၊ ၁၈၉။ ပြည်သျှ၊ ၃။ ၂၈၂။ ဘာသာဋီ၊ ၄။ ၃၃။ မင်းခင်းဂဏ္ဍိ။ ၆၉၃။

(၁)

### (က)ကို ကတ္တား၊ ကံ–ထည့်၍ အနက်ပေးပုံ

(ယော ဩဒနာဒိ–အကြင်ထမင်းစသည်ကို။ သတ္တေဟိ–သတ္တဝါသည်။) ကဗဠီ–အလုပ်အလွေး မဟုတ်သော်လည်း အလုပ်အလွေးကဲ့သို့။ ကရီယတိ–အပ်၏။ ဣတိ–ကြောင့်။ (သော ဩဒနာဒိ–သည်) ကဗဠီကာရော–မည်၏။ (ယောဇနာ။ ၁၈၉။)

(ဂ) ကဗဠီ ကတွာ–အလုပ်အလွေးမဟုတ်သော်လည်း အလုပ်အလွေးကဲ့သို့ပြု၍။ အဇ္ဈောဟရီယတိ –မျိုအပ်၏။ ဣတိ အယံ–ကား။ (အာဟရီယတီတိ ပဒဿ–၏။) အဇ္ဈောဟာ–တည်း။

(ဃ) ဝါ–ကား (ယော ဩဒနာဒိ–သည်။) ရူပံ–ဩဇာလျှင်ရှစ်ခုမြောက်ရှိသောရုပ်ကို။

(၂)

### (ဂ)သို့ အနုသန္ဓေ

ဤသို့(ခ)ဖြင့်အာဟာရပုဒ်၏ဝစနတ္ထကိုပြဆိုပြီး၍ ယခုအခါ၌ ယင်းဝစနတ္ထဝယ် အာဟရီယတိ ကြိယာ၏ (ဝါ) အာ, ဟရ–ဓာတ်၏ငုတ်လျှိုးနေသောအနက်ကို ထုတ်ဖော်၍ချဲ့ပြလိုရကား (ဂ)မိန့်။ (ဟိ–ကား ဝိတ္ထာရ)

### (င) ဥပနာဘောဂါဒိပဋ္ဌက

ဆရာ– မြတ်စွာဘုရားသည် ဩဒနော ကုမ္မာသောစသည်ကို ဟောတော်မူ၏။ ထိုသို့–သော်လည်း ဤသို့ အာဟာရ၏တည်ရာ ဩဒန–စသောဝတ္ထုနှင့်စပ်သဖြင့် အာဟာရဟူသောအမည်ကို ထုတ်ဆောင်တော်မူအပ်ပြီးသည် မဟုတ်ပါလော။ ထို–ကြောင့်–မမူသင့်။ ပါဠိတော်၌ ဩဒနော ကုမ္မာသော–စသည်ကို တစ်ဖန်ဟောတော်မူရခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် ဩဒနော ကုမ္မာသော–စသည်ကို တစ်ဖန်ဟောတော်မူအပ်ပါသနည်း။ စုဒ်ကြောင့် (င)မိန့်။

အမှာ။ ။ ဤ(င)ကား ဩဒနော ကုမ္မာသော–စသော ပုဒ်တို့၏ အနုသန္ဓေသမ္ဗန္ဓသမုဒါယတ္ထပြဝါကျဖြစ်သည်။ ထိုတွင်–ခင် (ဝ) ဥဒ္ဓရိတွာ–ကား ပုဗ္ဗာနုသန္ဓေဝါကျ။ ပုန (ပ) ဒဿေတုံ–ကား အပရာနုသန္ဓေဝါကျ။ "စကား (၂)ရပ် သန္ဓေစပ်က"စသောနိယံနှင့်အညီ အာဘော်ထား၍ ကျမ်းတက်ရသည်။

(၃)

### (ဃ) ရူပံ ဝါ–၌ ဝါ–သဒ္ဒါထားရခြင်း

အာဟာရပုဒ်၏ ကမ္မသာဓနဝစနတ္ထမှတပါး ကတ္တုသာဓနဝစနတ္ထကိုလဲလှယ်ပြလိုသောကြောင့် (တစ်နည်း) မျိုအပ်သောကြောင့် အာဟာရမည်၏ဟူသော အကြောင်းသကတ်မှတပါး ဩဇဋ္ဌမကရုပ်ကို ဆောင်တတ်သောကြောင့် အာဟာရမည်၏ဟူသော အကြောင်းသကတ်တစ်မျိုးကို လဲလှယ်ပြလို၍ ထားသည်။

(၄+၅)

* ဥဒ္ဓရီယတီတိ ဩဒနော။ အန္နံ။ ဥဒ္ဓိယသ ဩဒေါ။ (ဏွာဒိမောဂ်။၁၀၇။)
✔ ဥဒိ (ဝါ) ဥန္ဒ–ဓာတ်+ယု–ပစ္စည်းသည်ရင်း၊ စိုစွတ်ပျော့ပျောင်းစေခြင်းကြိယာသည်ရင်း ဗျု–နိ။
✔ ထမင်းဖြစ်သည် ပ–နိ။

http://www.dhammadownload.com



ဩဒနု–ကား ပုံ, နပုံ။ ပုရိသာဒိ, စိတ္တာဒိ။ (န္တလိင်)
♦ ဩဒနော ဝါ ကုမ္မာသော ဝါ အတ္ထဲ။ (တန်း၄၆၅။)
♦ ဥဒိ–ဝဿန္တော ဩဒနော ယုံ။ ဝါ–ကာရော ဩဒနသဒ္ဒသ နပုံသကတ္တံ သမုစ္စိနောတိ။(တန်ဋီ၄၆၅။)

"ဝစနတ္ထမှတ်ဖွယ်"

* ကုလတိ ဗဇ္ဈရူတီတိ ကုမ္မာသော။ ဘက္ခဝိသေသော။ (ထွာဒိမောက်၊၂၁၅။)(ကုလ+သက်။ ဖြန့်ခြင်း။)
* ကေန တောယေန + ဗလ် + အဿာတိ ကဗဠော။ (တန်ဋီ၄၆၆။)
♦ အာလောပေါ ကဗဠော ဘဝေ။ (တန်း၄၆၆။)

(၆)

(က) ကဗဠံ ကရီယတီ–ဖြင့် ကဗဠီကာရော၌ ကဗဠသဒ္ဒူပပဒ, ကရ–ဓာတ်–ရင်း၊ ဏ–ပစ္စည်း၏ ကမ္မသာဓနအနက်၌ သက်–ရင်း၊ အကဗဠမ္ပိ ကဗဠံ ကရီယတီတိ ကဗဠီကာရော–ဟု ပြု–ရင်း၊ ကဗဠကာရ–ဟုဆိုလိုလျက် ကဗဠ–ပုဒ်နောင် အဘူတတဗ္ဘာဝအနက်၌ စီ–ပစ္စည်း(တစ်နည်း) ဤ–ပစ္စည်းသက်၍ ကဗဠီကာရဟု ရုပ်ပြီးနေသည်ကိုရင်း၊ (အလုပ်အလွေးမဟုတ်သော်လည်း အလုပ်အလွေးကဲ့သို့ပြုအပ်သော သတ္တိကြောင့် ခဲဖွယ်, စားဖွယ်, လျက်ဖွယ်, သောက်ဖွယ်ဟူသော ဘောဇဉ်လေးပါးစသောဝတ္ထုသည် ပဓာနအားဖြင့် ကဗဠီကာရမည်၏။ ထိုဝတ္ထု၌တည်သော ဩဇာကား ဌာနူပစာအားဖြင့် ကဗဠီကာရမည်၏ဟူသော အဓိပ္ပာယ်ကိုရင်း)သိစေသည်။ (ပြည်သျှ၊၃။၂၈၂၊၂၈၃။)

(ခ)ဖြင့် အာဟာရော၌ အာ, ဟာရ–ဓာတ်သည်ရင်း၊ ဏ–ပစ္စည်း၏ ကမ္မသာဓနအနက်၌ သက်–ရင်း၊ အာဟာရီယတီတိ အာဟာရော–ဟုပြု–ရင်း သိစေသည်။

(ဂ)ဖြင့် အာဟရီယတီ၌ (ဝါ) အာဟာရော၌ အာ,ဟရ–ဓာတ်၏ အဇ္ဈောဟရဏ=မျိုခြင်း အနက်ဟော–ရင်း၊ မျိုအပ်၏ဟူသည် အလုပ်အလွေးမဟုတ်သော်လည်း အလုပ်အလွေးကဲ့သို့ ပြု၍ မျိုအပ်သတည်းဟူသောအဓိပ္ပာယ်ကိုရင်း သိစေသည်။

(ဃ) ရှုပ် အာဟာရတီတိ–ဖြင့် ဖော်မြဲ။

အပိ–ဖြင့် အာဟရီယတီဟူသောကမ္မသာဓနဝစနတ္ထကြောင့်သာ အာဟာရမည်သည်မဟုတ်သေး၊ အာဟရတီဟူသော ကတ္တုသာဓနဝစနတ္ထကြောင့်လည်း အာဟာရမည်သတည်းဟူသော အပေက္ခန(ဝါ) သမုစ္စည်းအဓိပ္ပာယ်ကို သိစေသည်။ (ဘာဝတ္ထ)

♦ ဝိ–သဒ္ဒေါ ယောဇ္ဇာ ဝုတ္တဝစနတ္ထံ အပေက္ခတိ။ (ယောဇနာ၊၁၈၉။)

(၇)

(ဃ) ဝါ–ကား ဝိကပ္ပနတ္ထ။ အပိ–ကား ယောဇ္ဇာပေက္ခနတ္ထ (ဝါ) ဝုတ္တသမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။

==============

## ဝါကျဥယျာဉ်(၁၁၈)

(က) ယံ ပနေတ္ထ "တဒေကဋ္ဌာ စ ကိလေသာ"တိအာဒိ ဝုတ္တံ။
(ခ) တတ္ထ ကေသဉ္စိ စိတ္တေ, ပုဂ္ဂလေ ဝါ ဌိတတ္တံ ကေဋ္ဌံ။
(ဂ) တတ္ထ ကေသဉ္စိ စိတ္တေ ဌိတံ သဟဇေကဋ္ဌံ နာမ ဟောတိ။
(ဃ) ကေသဉ္စိ ပုဂ္ဂလေ ဋ္ဌိတံ ပဟာနေကဋ္ဌံ နာမ။
(င) တေန လောဘာဒိနာ, အညေန ဝါ တတ္ထ တတ္ထ နိဒ္ဒိဋ္ဌေန သဟ ကေသဉ္စိ ဌိတတ္တံ တဒေကဋ္ဌံ။

ဌ။ ၃၈၀။ မူလဋီ။ ၁၈၀။ ယောဇနာ၊ ၁၉၉။ ပြည်သျှ၊ ၃။ ၃၂၇။ ဘာသာဋီ၊ ၄။ ၇၈။ မင်းခင်းဂဏ္ဌိ။ ၇၁၂။

http://www.dhammadownload.com



(၁)

(က) ပန–တပါး။ (ပြည်သျှ) (ဝါ) ပန–ဆက်။ (ဘာသာဋီ) စတ္တ(အကုသလနိဒ္ဒေသေ)–၌။ တဒေကဋ္ဌာ စ ကိလေသာ"တိ အာဒိ–သော။ ယံ (ဝစနံ)–ကို။ (ဘဂဝတာ) ဝုတ္တံ–ပြီ။ တတ္ထ (တသ္မိံ ဝစနေ)–၌။ (ဝိနိစ္ဆယော။ ဧဝံ။ ဝေဒိတဗ္ဗော။)

တတ္ထ–ထိုတစ်ခုသောစိတ်၌တည်သော အကုသိုလ်စသည်တို့တွင်။ (ပြည်)

(ဝါ) ထိုနှစ်ပါးသော စကားတို့တွင်။(ဘာသာဋီ)

(၂)

(ခ)စသည် ဝိတ္ထာရ။

(ဂ)(ဃ)သို့ အနုသန္ဓေ

ဤသို့(က)ဖြင့် တဒေကဋ္ဌ၌ ကေဋ္ဌပုဒ်ကို ကေသ္မိံ စိတ္တေ ဌိတံ ကေဋ္ဌံ, ကေသ္မိံ ပုဂ္ဂလေ ဌိတံ ကေဋ္ဌဟုဖွင့်ပြပြီး၍ ယခုအခါ၌ ယင်းစကား(၂)မျိုးကို အစဉ်အတိုင်းချဲ့ပြလိုသောဆရာသည် (ဂ)(ဃ)မိန့်။ ထိုတွင်– (ဂ)ဖြင့် ကေသ္မိံစိတ္တေ ဌိတံ ကေဋ္ဌံကို ချဲ့ပြသည်။ (ဝါ) သဟဇေကဋ္ဌကို ပြသည်။

(ဃ)ဖြင့် ကေသ္မိံ ပုဂ္ဂလေ ဌိတံ ကေဋ္ဌံကို ချဲ့ပြသည်။ (ဝါ) ပဟာနေကဋ္ဌကိုပြသည်။

(ပက္ကန္တရထုံးစံကျမ်းတက်)

(င)သို့ အနုသန္ဓေ

ဤသို့ (ခ)(ဂ)(ဃ)တို့ဖြင့် တဒေကဋ္ဌ၌ ကေဋ္ဌဟူသော အစိတ်ပုဒ်၏ အဘိဓာနတ္ထ(ပစနတ္ထ) အဘိဓေယျတ္ထကို ပြပြီး၍ ယခုအခါ၌ တဒေကဋ္ဌဟူသော အပေါင်းပုဒ်၏ အဘိဓာနတ္ထ(ဝစနတ္ထ) အဘိဓေယျတ္ထကို ပြလိုသောဆရာသည် (င)မိန့်။ (ပက္ကန္တရထုံးစံ ပဥ္စကတက်လေ)

(၃)

(ခ) ဝါ–သဒ္ဒါထားရခြင်း

ကေဋ္ဌ၌ ကေအရ စိတ်ဟူသော အရကောက်အဘိဓေယျတ္ထမှတပါး ပုဂ္ဂိုလ်ဟူသောအရကောက် အဘိဓေယျတ္ထတစ်မျိုးကိုလဲလှယ်ပြလိုသောကြောင့် (ခ)၌ ဝါ–သဒ္ဒါထားသည်။

(င) အညေန ဝါ–၌ ဝါ–သဒ္ဒါထားရခြင်း

တဒေကဋ္ဌ၌ တ–အရ (တစ်နည်း) တေန၌ တ–အရ လောဘစသော အရကောက်အဘိ ဓေယျတ္ထမှတပါး ထိုထိုအရာ၌ပြအပ်သောလောဘစသည်မှ တပါးသော ဖဿစသော အရကောက်အဘိ ဓေယျတ္ထတစ်မျိုးကိုလဲလှယ်ပြလိုသောကြောင့် အညေန ဝါ–၌ ဝါ–သဒ္ဒါထားသည်။

(၄)

- * သဟ + ဇာယတီတိ သဟဇံ။ ၊သဟ+ဇန+ကွိ။) (ယောဇနာ။၁၉၉။)
- * သဟဇဘာဝေန + ကေဋ္ဌံ သဟဇေကဋ္ဌံ။ (မူလဋီ။၁၆၀။)
- ✔ –ပုဒ်သည်ရင်း၊ တကွဖြစ်ဘက်၏အဖြစ်–သဟဇဘာဝ၏+တစ်ခုသောစိတ်၌တည်သော အကုသိုလ်တရားနှင့် ဂုဏ်+ဂုဏေးစပ်–ရင်း ဈူ–နိ။
- ✔ သဟဇေကဋ္ဌတရားတို့၏––ဓာတ်သည် ပ–နိ။
- * ပဟာတဗ္ဗန္တိ ပဟာနံ။ ပဟာနဘာဝေန + ကေဋ္ဌံ ပဟာနေကဋ္ဌံ။
- ✔ –ပုဒ်သည်ရင်း၊ ပယ်အပ်သည်အဖြစ်–ပဟာနဘာဝ၏+တစ်ဦးသောပုဂ္ဂိုလ်၌တည်သော အကုသိုလ်တရားနှင့် ဂုဏ်+ဂုဏေးစပ်– ဈူ–နိ။
- ✔ ပဟာနေကဋ္ဌတရားတို့၏––ဓာတ်သည် ပ–နိ။

http://www.dhammadownload.com



(၅)

(က) တဒေကဋ္ဌာ–ကား ပုံလိင်၊ ပုရိသာဒိ၊ အ–ကာရန္တ။ (ကိလေသာ–ပုဒ်ကို ငဲ့သည်)
(င) တဒေကဋ္ဌ–ကို နပုံလိင်၊ စိတ္တာဒိ၊ အ–ကာရန္တ။ (အကုသလ–ပုဒ်ကို ငဲ့သည်)

(၆)

(ခ) ကေသဉ္စိ ဋ္ဌိတံ–ဖြင့် တဒေကဋ္ဌ၌ ကေဋ္ဌပုဒ်ကို ကေသဉ္စိ+ဋ္ဌ ကေဋ္ဌ–ဟု သတ္တမီတပ္ပုရိသ် – ပြု–ရင်း၊ ဋ္ဌ–၌ ဌာ–ဓာတ်၊ အ–ပစ္စည်း–ကတ္တုသာဓနအနက်၌ သက်၊ ဋ္ဌိတန္တိ ဋ္ဌ–ဟု ပြု–ရင်း သိစေ။
စိတ္တေ–ဖြင့် ကေအရ တစ်ခုသောစိတ်ကို ယူ–သိစေသည်။
(တစ်နည်း) ကေသဉ္စိ၌ ကေသဒ္ဒါဖြင့် စိတ်ကိုစွဲယူ–သိစေသည်။
ဝါ–ဖြင့် ဝိကပ္ပနတ္ထ, နယန္တရဇောတက–သိစေသည်။
ပုဂ္ဂလေ–ဖြင့် ကေအရ တစ်ဦးသော ပုဂ္ဂိုလ်ကိုယူ–သိစေသည်။
(တစ်နည်း) ကေသဉ္စိ၌ ကေသဒ္ဒါဖြင့် ပုဂ္ဂိုလ်ကို စွဲယူ–သိစေသည်။
(ဂ)ဖြင့် တစ်ခုသော စိတ်၌တည်သော အကုသိုလ်သည် သဟဇေကဋ္ဌမည်၏ဟု သိစေသည်။
(ဃ)ဖြင့် တစ်ဦးသောပုဂ္ဂိုလ်၌တည်သောအကုသိုလ်သည် ပဟာနေကဋ္ဌမည်၏ဟု သိစေသည်။
(တစ်နည်း) (ဂ)ဖြင့် ကေသဉ္စိ စိတ္တေ ဋ္ဌိတံ ကေဋ္ဌ–ဟု ပြခိုက် တဒေကဋ္ဌ၌ ကေဋ္ဌအရ သဟဇေကဋ္ဌကို ယူ–သိစေ။
(ဃ)ဖြင့် ကေသဉ္စိ ပုဂ္ဂလေ ဋ္ဌိတံ ကေဋ္ဌ–ဟု ပြခိုက် တဒေကဋ္ဌ၌ ကေဋ္ဌအရ ပဟာနေကဋ္ဌကို ယူ–သိစေ။
(င) တေန သဟ ကေသဉ္စိ ဋ္ဌိတံ–ဖြင့် တဒေကဋ္ဌ၌ ကေဋ္ဌကို ကေသဉ္စိ + ဋ္ဌ ကေဋ္ဌ၊ တေန သဟ + ကေဋ္ဌ တဒေကဋ္ဌ–ဟု မဇ္ဈေလောပီတတိယာတပ္ပုရိသ်–ပြု–ရင်း၊ "တ ကေဋ္ဌ "ဟု ဆိုလိုလျက် တ–ထက်၌ နိဂ္ဂဟိတ်လာ၊ နိဂ္ဂဟိတ်ကို ဒ–ပြု၍ တဒေကဋ္ဌဟု ရုပ်ပြီးနေသည်ကိုရင်း သိစေသည်။
လောဘာဒိနာ–ဖြင့် တဒေကဋ္ဌ၌ တ–သဒ္ဒါဖြင့် (ဝါ) တေန၌ တ–အရ လောဘစသည်ကို ယူ–သိစေ။
(တစ်နည်း) တဒေကဋ္ဌ၌ တ–အရ (တစ်နည်း) တေန–၌ တ–အရ လောဘစသောတရားကို စွဲယူ–သိစေ။
အညေန တတ္ထ တတ္ထ နိဒ္ဒိဋ္ဌေန–ဖြင့် တဒေကဋ္ဌ၌ တ–အရ (ဝါ) တေန၌ တ–အရ ထိုထိုအရာ၌ ပြအပ်သော လောဘစသည်မှတပါးသော ဖဿစသောတရားကိုယူ–သိစေ။ (သဗ္ဗနာမလိင်တွလည်းဖော်နိုင်သည်)

(၇)

(ခ) ပုဂ္ဂလေ ဝါ (င) အညေန ဝါ–တို့၌ ဝါ–တို့ကား အတ္ထန္တရဝိကပ္ပနတ္ထ။
(က) ယံ–ကား အစွဲတင်းလင်းပါရှိ– ပသိဒ္ဓဝိသယ။

(၈)

(က) ဝုတ္တံ–၌ ဝစ–ဓာတ်အရ ဘုရားရှင်၏ ဒေသနာဉာဏ်ကိုယူ။
တ–ပစ္စည်းအရ ဝစီဘေဒသဒ္ဒကိုယူ။ (ထုတ်မြဲ)

(၁၀)

(ခ) ကေသဉ္စိ စိတ္တေ + ဋ္ဌိတံ–၌

✔ ကေသဉ္စိ စိတ္တေ–အရ အကုသိုလ်စိတ်သည်–
ဋ္ဌိတံ–အရ ကိလေသာ (၁၀) အကုသိုလ်အား သဟ–ပြု။(ပြိုင်=ကြီး ၄၊ည,သံ၊ နိ,ဟာ,ဏ္ဍ။ ၉)

ပုဂ္ဂလေ + ဋ္ဌိတံ–၌

✔ ဋ္ဌိတံ–အရ ကိလေသာ (၁၀)ပါး အကုသိုလ်တရားသည်–
ပုဂ္ဂလေ–အရ ပုဂ္ဂိုလ်သန္တာန်၌ ရှိသော (ကိလေသာ ၁၀–ပါးမှ ကြွင်းသော) အကုသလ နာမက္ခန္ဓာအား သဟ–ပြု။ ပြိုင်=ယထာရဟ သဟကြီး ၄၊ အညႇ, သမ္ပ၊ ဟေတု, မဂ္ဂ။ (၈)
စိတ္တဇရုပ်အား သဟ–ပြု။ ပြိုင်။ ။ ယထာရဟ သဟကြီး ၄၊ ဝိပ္ပ၊ ဟေတု, မဂ္ဂ။ (၇)

http://www.dhammadownload.com



**တေန + သံဟ ကေသို + ဠိတ်–ဋ္ဌ**

✔ **တေန–အရ လောဘစသော, ဖဿစသော သင်္ခါရက္ခန္ဓာပစ္စည်းတရားသည်–**
**သဟ ကေသို–အရ အကုသိုလ်စိတ်အား သဟ–ပြု။(ပြိုင်=ယထာရဟ–ကြီးငှည,သံ၊ငယ်–၇။ ၁၃)**

==========

## ဝါကျဥယျာဉ် (၃၁၉)

(က) **သုခဘူမိယန္တိ ဧတ္ထ ယထာ တမ္ဗဘူမိ ကဏှဘူမိတိ တမ္ဗကဏှဘူမိယော ဝုစ္စန္တိ။ ဧဝံ သုခမ္ဟိ သုခဘူမိ နာမ။**

(ခ) ယထာ ဥစ္ဆုဘူမိ သာလိဘူမိတိ ဥစ္ဆုသာလီနံ ဥပ္ပတ္တိဋ္ဌာနာနိ ဝုစ္စန္တိ၊ ဧဝံ သုခဿ ဥပ္ပတ္တိဋ္ဌာနံ စိတ္တမ္ဟိ သုခဘူမိ နာမ။

(ဂ) တံ ဣဓ အဓိပ္ပေတံ။

(ဃ) ယသ္မာ ပန သာ ကာမာဝစရေ ဝါ ဟောတိ ရူပါဝစရာဒီသု ဝါ၊ တသ္မာဿာ တံ ပဘေဒံ ဒဿေတုံ "ကာမာဝစရေ"တိ အာဒိ ဝုတ္တံ။

**ဋ္ဌ။ ၃၈၁။ မူလဋီ။ ၁၆၀။ ယောဇနာ။ ၁၉၉။ ပြည်သျှ၊ ၃။ ၃၂၆။ ဘာသာဋီ၊ ၄။ ၈၁။ မင်းခင်းဂဏ္ဌိ။ ၇၃၃။**

(၂+၃)

(က)ဖြင့် သုခဝေဒနာသည် သုခဘူမိမည်၏ဟု ပြသည်။

(ခ)ဖြင့် သုခဝေဒနာ၏ ဖြစ်ရာစိတ်သည်လည်း သုခဘူမိမည်၏ဟု ပြသည်။ (ပက္ကန္တရ)

**(တစ်နည်း)** (က)ဖြင့် ဘဝတီတိ ဘူမိ၊ သုခံ ဧဝ ဘူမိ သုခဘူမိ–ဟု ဝစနတ္ထပြု၍ သုခဘူမိအရ သုခဝေဒနာကို ယူရမည်ဟု ပြသည်။(ခ)ဖြင့် ဘဝတိ ဧတ္ထာတိ ဘူမိ၊ သုခဿ + ဘူမိ သုခဘူမိ–ဟု ဝစနတ္ထပြု၍၊ သုခဘူမိအရ သုခဝေဒနာ၏ ဖြစ်ရာစိတ်ကို ယူရမည်ဟု ပြသည်။(ပက္ကန္တရထုံးစံကျမ်းတက်)

(က) (ခ)တို့ဖြင့် သုခဘူမိ၏ အတ္ထုဒ္ဓါရကို ပြသည်။

(ဂ)ဖြင့် သုခဘူမိ၏ အတ္ထုဒ္ဓေသကိုပြသည်။ **(အတိဗျာပိတ–တင်၍ ကျမ်းတက်)**

### (ဃ) ဋ္ဌပနာဘောဂါဒိပဋ္ဌက

ဆရာ– မြတ်စွာဘုရားသည် သုခဘူမိယံ ကာမာဝစရေ ရူပါဝစရေ–စသည်ဖြင့် ဟောတော်မူ၏။ ထိုသို့ ...သော်လည်း သုခဘူမိယံ–ဟု ဟောလျှင်ပင် လိုအပ်သောအနက် ပြီးစီးသည်မဟုတ်ပါလော။ ထိုသို့–ကြောင့်– မမူသင့်။"ကာမာဝစရေ"စသောပုဒ်တို့ကို ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ်ကြောင့် (ဝါ) အဘယ်ကို ပြခြင်းငှာ ကာမာဝစရေ–စသောပုဒ်တို့ကို ထည့်သွင်း ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (ဃ)မိန့်။ (မင်းခင်းဂဏ္ဌိ။ ၇၃၁။)

(အဓိပ္ပေတံ–သဒ္ဒါထားရပုံ လွယ်ပြီ)

(၄)

✱ **တမ္ဗော + ဝဏ္ဏော + ဧတိဿာတိ တမ္ဗာ။ ဘဝတိ ဧတ္ထာတိ ဘူမိ။**

✱ **တမ္ဗာ စ + သာ + ဘူမိစာတိ တမ္ဗဘူမိ။ (ဂုဏ်+ဂုဏေးစပ်)**

**"ဝစနတ္ထမှတ်ဖွယ်"**

✱ **ကာဿတေတိ ကဏှာ။ ကသ, ဝိလေခနေ၊ ဏှာ။**

**(တစ်နည်း) သုဝဏ္ဏာဂ္ဂဏ္ဌာဒိကံ ဥပနိဓာယ ကုစ္ဆိတမ္ဗော နိန္ဓိတမ္ဗောတိ ဝါ ကဏှာ။ ကု–ကုစ္ဆာယံ။ ဏှာ။(သူဓိ)**

✱ **ကဏှာ စ + သာ + ဘူမိစာတိ ကဏှဘူမိ။**

**မှတ်ချက်။ ။ ဌာနာနုရူပ ဣတ္ထိလိင်နှင့် ဒိပ္ပနူရသည်။**

http://www.dhammadownload.com



(ခ) ဣဏ္ဍိယတေတိ ဥဏ္ဍူ။ ဣသု-ဣဏ္ဍာယံ၊ ဥ။ အသရူပဒွိတ္တံ။ သဿ ဍော။
(တစ်နည်း) ဥသတိ ဒဟတိ သန္တာပေန္တီ ဥဏ္ဍူ။ ဥသ- ဒါဟေ ဝါ။ (သူစိ)
* သေ ခေတ္တေ + လီယတိ အလ္လီယတီတိ သာလူ။ (သ, လိ+အ။ ကပ်ငြိခြင်း။)
(တစ်နည်း) သာလီယတေ သိလာဃီယတေတိ သာလိ။ (သာလ + ဣ။ ချီးမွမ်းခြင်း။)

(၆)

(က) သုခမ္ပိ-ဖြင့် သုခဘူမိကို ဘဝတီတိ ဘူမိ၊ သုခံ စ ဝေ ဘူမိ သုခဘူမိ-ဟု အဝဓာရဏ ကမ္မဓာရယ်သမာသ်ဝစနတ္ထပြု၍ သုခဘူမိအရ သုခဝေဒနာကို ယူရမည်ဟု သိစေသည်။

သုခမ္ပိ-၌ ပိ-သဒ္ဒါဖြင့် သုခ၏ ဖြစ်ရာဌာနစိတ်သည်သာ သုခဘူမိမည်သည်မဟုတ်သေး၊ သုခဝေဒနာသည်လည်း သုခဘူမိမည်၏ဟူသော သမုစ္စည်းအဓိပ္ပါယ်ကို သိစေသည်။

(ခ) သုခဿ ဥပ္ပတ္တိနဋ္ဌာနံ စိတ္တမ္ပိ-ဖြင့် သုခဘူမိကို ဘဝတိ ဧတ္ထာတိ ဘူမိ၊ သုခဿ + ဘူမိ သုခဘူမိ-ဟု ဝစနတ္ထပြု၍ သုခဘူမိအရ သုခဝေဒနာ၏ဖြစ်ရာစိတ်ကို (ဝါ) စိတ္တုပ္ပါဒ်ကိုယူရမည်ဟု သိစေ။

စိတ္တမ္ပိ-၌ ပိ-သဒ္ဒါဖြင့် သုခဝေဒနာသည်သာ သုခဘူမိမည်သည်မဟုတ်သေး၊ သုခဝေဒနာ၏ ဖြစ်ရာဌာန စိတ်သည်လည်း (ဝါ) စိတ္တုပ္ပါဒ်သည်လည်း သုခဘူမိမည်၏ဟူသောသမုစ္စည်းအဓိပ္ပာယ် ကိုသိစေ။

(ဂ)ဖြင့် ဤသုခဘူမိယံဟူသောပါဠ်၌ သုခဝေဒနာ၏ဖြစ်ရာစိတ်ကိုသာ (ဝါ) စိတ္တုပ္ပါဒ်ကိုသာ လိုအပ်သတည်းဟုသိစေ။

(၇)

တမ္ဗကာဠဘူမိယောဝ-၌ ဧဝ-၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ

✔ နီသောမြေ, မည်းသောမြေသည် ဂဟေတဗ္ဗတ္ထ။
✔ အနီ, အမည်းမှတပါးသောအရောင်ရှိသောမြေသည် နိဝတ္တေတဗ္ဗတ္ထ။
✔ အနီဂုဏ်, အမည်းဂုဏ်တို့သည် အနုညာတတ္ထ။

(က) သုခမ္ပိ (ခ) စိတ္တမ္ပိ-တို့၌ ပိ-သဒ္ဒါ (၂)ပုဒ်ကား အညမညသမုစ္စယတ္ထ။
(ဃ) ပန-ကား ပက္ခန္တရတ္ထ (တစ်နည်း) ဝါကျာရမ္ဘတ္ထ။ ဝါ-သဒ္ဒါ (၂)ပုဒ်ကား ဝိကပ္ပနတ္ထ။

(၈+၉+၁၀)

(ဃ) ဇုတ္တံ-၌ ဝစ-အရ ဘုရားရှင်ဒေသနာဉာဏ်။ တ-အရ ဝစီဘေဒသဒ္ဒကိုယူ။

(က) သုခမ္ပိ + သုခဘူမိ နာမ-၌

✔ သုခံ-အရ သုခဝေဒနာသည်- သုခဘူမိ-အရ သမ္ပယုတ္တဓမ္မအား သဟဇာတ-ပြု။

(ခ) သုခဿ + ဥပ္ပတ္တိနဋ္ဌာနံ စိတ္တမ္ပိ-၌

✔ ဥပ္ပတ္တိနဋ္ဌာနံ စိတ္တံ-အရ သုခဝေဒနာ၏ဖြစ်ရာ စိတ် (ဝါ) စိတ္တုပ္ပါဒ်သည်
သုခဿ-အရ သုခဝေဒနာအား သဟ-ပြု။(ပြိုင်=ကြီး ၄၊ ည, သံ၊ ဝိ၊ ဓိ,ဟာ,ဣံ။၁၀)

==============

## ဝါကျဥယျာဉ် (၃၂၀)

(က) သဉော၀နာနီတိ ဗန္ဓနာနိ။
(ခ) သဏ္ဍာယဒိဋ္ဌီတိ ဝိဇ္ဇမာနဋ္ဌေန သတိ ခန္ဓပဉ္စသင်္ခါတေ ကာယေ,
(ဂ) သယံ ဝါ သတီ တသ္မိံ ကာယေ ဒိဋ္ဌီတိ သက္ကာယဒိဋ္ဌိ။
(ဃ) သီလေန သုဒ္ဓိတုံ သက္ကာ, ဝတေန သုဒ္ဓိတုံ သက္ကာ, သီလဝတေဟိ သုဒ္ဓိတုံ သက္ကာတိ ဂဟိတသမာဒါနံ ပန သီလဗ္ဗတပရာမာသော နာမ။

ဋ္ဌ။ ၃၈၃။ မူလဋီ။ ၁၆၁။ ယောဇနာ။ ၂၀၀။ ပြည်သျှ၊ ၃။ ၃၃၂။ ဘာသာဋီ၊ ၄။ ၈၆။

http://www.dhammadownload.com



(၂+၃)

(ခ)(ဂ)တို့သည် သက္ကာယဒိဋ္ဌိပုဒ်၏ အဖွင့်ပြ- ပက္ခန္တရ။
ထိုတွင်-(ခ)ဖြင့် သက္ကာယဒိဋ္ဌိပုဒ်ကို သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟုပြသည်။
(ဂ)ဖြင့် သက္ကာယဒိဋ္ဌိပုဒ်ကို ကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်ဟုပြသည်။ (ပက္ခန္တရ)

(၄)

* ဂယှတေ ဥပ္ပါဒီယတေတိ ဂဟိတံ။
* သမာဒိယန္တိ ဓေတေန ကုဏ္ဍုရသီလဝတာဒီနီတိ သမာဒါနံ။ (သံ,အာ,ဒါ+ယု) (မူလဋီ။၁၆၂။)
* ဂဟိတဥ္စ + တံ + သမာဒါနဥ္စာတိ ဂဟိတသမာဒါနံ။
✔-ဧငး၊ ယူအပ်, ဖြစ်စေအပ်သောဂုဏ်၏ + ဆောက်တည်ကြောင်းဒိဋ္ဌိနှင့် ဂုဏ်+ဂုဏေးစပ်-ဧငး ဗျု-နိ။
✔ ယူအပ်,ဖြစ်စေအပ်သောဆောက်တည်ကြောင်းဒိဋ္ဌိ (ပရာမာသ)တို့၏-ဓာတ်သည် ပ-နိ။

“ဝစနတ္ထမှတ်ဖွယ်”

(ခ) ဝိဇ္ဇတီတိ ဝိဇ္ဇမာနော။ (ဝိဒ+ဏျ+မာန) ဝိဇ္ဇမာနော + အတ္တော ဝိဇ္ဇမာနတ္တော။ (တေန)
(ဃ) သီနောတိ ဗန္ဓတိ စိတ္တံ ဓေတေနာတိ သီလံ။ (သိ+လ)
* ဝတ္တနံ ဝတံ။ (ဝတု+အ။ ကျင့်ခြင်း၊ ဆောက်တည်ခြင်း။)
* သီလဥ္စ + တံ + ဝတဥ္စာတိ သီလဗ္ဗတာနိ။
* အာမသနံ ဂဟဏံ အာမာသော။ (အာ, မသ+ဏ) ပရတော + အာမာသော ပရာမာသော။
* သီလဗ္ဗတာနံ + ပရာမာသော သီလဗ္ဗတပရာမာသော။ (ယောဇနာ။၂၀၀။)

(၅)

| | | |
|---|---|---|
| (ခ) | သတိ-ကား(အသ+အန္တ) | ကိတ်နာမ်၊ ပုံ၊ ဂစ္ဆန္တာဒိ၊ အ-ကာရန္တ။ |
| (ဂ) | သတိ-ကား | ကိတ်နာမ်၊ ဣတ္ထိလိင်၊ နဒါဒိ၊ ဤ-ကာရန္တ။ |

(၆)

(က) ဗန္ဓနာနိ-ဖြင့် သညောဇနာနိ၌ သံ-၏ ဓာတွတ္ထာနုဝတ္တက၊ ယုဇ-ဓာတ်၏ ဗန္ဓနအနက်ဟော-ဧငး၊ ယု-ပစ္စည်း-ကတ္တုသာဓန-၊ သံယောဇေန္တိ ဗန္ဓန္တီတိ သံယောဇနာနိ-ဟုပြု-သိစေ။
♦ ယုဇ-ဘုစ၊ ဗန္ဓနယောဇနေ။ (ဓာတွတ္ထသင်္ဂဟ။၃၀၈)
(ခ) ဝိဇ္ဇမာနတ္တေန-ဖြင့် သတိ၌ အသ-ဓာတ်၏ ဝိဇ္ဇမာနအနက်ဟော-ဧငး၊ အန္တ-ပစ္စည်း၏ ကတ္တုသာဓနအနက်-သက်-ဧငး၊ အသတိ ဝိဇ္ဇတီတိ သန္တော(တသ္မိံ သတိ)-ဟု ပြု-ဧငး သိစေ။
သတိ ကာယေ ဒိဋ္ဌိ-ဖြင့် သက္ကာယဒိဋ္ဌိ၌ သက္ကာယပုဒ်ကို သန္တော သံဝိဇ္ဇမာနော+ကာယော သက္ကာယော-ဟု ကမ္မဓာရယ်-ပြု-ဧငး၊ သန္တကာယဟု ဆိုလိုလျက် သန္တကို သ-ပြု၍ သက္ကာယဟု ရုပ်ပြီးနေသည်-ဧငး (တစ်နည်း) သက္ကာယ၌ သ-သည် သဟ,သမာန-စသည်တို့၏ ကာရိယမဟုတ်၊ သန္တသဒ္ဒါ၏ ကာရိယ-ဧငး၊ သက္ကာယဒိဋ္ဌိပုဒ်ကို သက္ကာယေ + ပဝတ္တာ + ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ-ဟု မဇ္ဈေလောပီသတ္တမီတပ္ပုရိသ်-ပြု-ဧငး သိစေသည်။
ခန္ဓပဥ္စကသင်္ခါတေ-ဖြင့် သက္ကာယဒိဋ္ဌိ၌ ကာယအရ ခန္ဓာငါးပါးကို ယူ-သိစေသည်။
(ဂ) သယံ-ဖြင့် သက္ကာယဒိဋ္ဌိ=ခန္ဓာငါးပါး၌ ထင်ရှားရှိသော ဒိဋ္ဌိဟူသည် (တခြားသော ကတ္တား မရှိ) မိမိဟုဆိုအပ်သော ဒိဋ္ဌိပင်တည်းဟုသိစေ။,
သတိ ကာယေ ဒိဋ္ဌိ-ဖြင့် သက္ကာယဒိဋ္ဌိ၌ ကာယဒိဋ္ဌိဟူသော နောက်ပုဒ်ကို ကာယေ+ဒိဋ္ဌိ ကာယဒိဋ္ဌိ-ဟု သတ္တမီတပ္ပုရိသ်-ပြု-ဧငး၊ အပေါင်းပုဒ်ကို သတီ + ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိ-ဟု

http://www.dhammadownload.com



ကမ္မဓာရယ်–ပြု–ရင်း၊ သန္တကာယဒိဋ္ဌိ–ဟု ဆိုလိုလျက် သန္တကို သ–ပြု၍ သက္ကာယဒိဋ္ဌိ–ဟုရုပ်ပြီး နေသည်ကိုရင်း၊ (တစ်နည်း) သက္ကာယဒိဋ္ဌိ၌ သ–သည် သန္တသဒ္ဒါ၏ ကာရိယ–ရင်း သိစေ။

တသ္မိ–ဖြင့် ကာယေ၌ ကာယအရ ရှေး၌ဆိုအပ်ပြီးသော ခန္ဓပဉ္စကကိုယူ–ရင်း၊ ဧ–သည် သ္မိ–ဝိဘတ်၏ ကာရိယ–ရင်း သိစေသည်။

(ဃ)ဖြင့် သီလဗ္ဗတပရာမာသပုဒ်ကို "အာမသနံ ဂဟဏံ အာမာသော၊ ပရတော+အာမာသော ပရာမာသော၊ သီလဥ္စ + ဝတဉ္စ သီလဗ္ဗတာနိ၊ သီလဗ္ဗတာနံ + ပရာမာသော သီလဗ္ဗတပရာမာသော–ဟု ဝစနတ္ထပြု၍ သီလဗ္ဗတပရာမာသအရ စင်ကြယ်ခြင်း၏ အကြောင်းမဟုတ်သော ကုက္ကုရသီလ စသည်ဖြင့် စင်ကြယ်ခြင်းငှာ တတ်ကောင်း၏၊ စင်ကြယ်ခြင်း၏ အကြောင်းမဟုတ်သော ကုက္ကုရဝတ–စသည်ဖြင့် စင်ကြယ်ခြင်းငှာ တတ်ကောင်း၏၊ ကုက္ကုရသီလ, ကုက္ကုရဝတတို့ဖြင့် စင်ကြယ်ခြင်းငှာ တတ်ကောင်း၏ဟု ယူအပ်ဖြစ်စေအပ်သော ဆောက်တည်ကြောင်းဒိဋ္ဌိကို ယူရမည်ဟု သိစေ။

(၇)

(ခ) ဝါ–ကား ဝိကပ္ပနတ္ထ၊ ပက္ခန္တရတ္ထ။ (ဃ) ပန–ကား ပက္ခန္တရတ္ထ။

**ဣမေဝ ဘိက္ခဝေ သမဏော (ဌ၊ ၃၈၃)၌ ဧဝ–၏ ဂဟေတဗ္ဗတ္ထစသည်ထုတ်ပုံ**

✔ ဗုဒ္ဓသာသနာတော်သည် ဂဟေတဗ္ဗတ္ထ။

✔ အညတိတ္ထိယသာသနာတော်သည် နိဝတ္တေတဗ္ဗတ္ထ။

(၈+၉)

ဂဟိတသမာဒါနံ–အရ ယူအပ်, ဖြစ်စေအပ်သော မှားသောအားဖြင့်သုံးသပ်တတ်သော အယူဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိကိုယူ။ ♦ ဂဟိတသမာဒါနန္တိ ဥပ္ပါဒိတပရာမာသော၀။

**သီလနှင့် ဝတ–အထူး**

✔ မလွန်ကျူးအပ်သည်၏အဖြစ်ကြောင့် သီလ။

✔ ဆည်းကပ်သည်၏အစွမ်းအားဖြင့် နေ့ခဉ်မပြတ်ကျင့်အပ်သည်၏အဖြစ်ကြောင့် ဝတ။

♦ တတ္ထ အဝီတိက္ကမနိယတာယ သီလံ။ ဘတ္တိဝသေန သသတံ စရိတဗ္ဗတာယ ဝတံ ဒဋ္ဌဗ္ဗံ။ (မူလဋီ)

(၁၀)

(ခ) ခန္ဓပဉ္စကသင်္ခါတေ ကာယေ + ဒိဋ္ဌိ–၌

✔ ခန္ဓပဉ္စကသင်္ခါတေ ကာယေ–အရ တောဘူမကခန္ဓပဉ္စကဟူသောရုပ်,နာမ်အာရုံပစ္စည်းသည် – ဒိဋ္ဌိ–အရ ဒိဋ္ဌိစေတသိက်အား အာရမ္မဏ–ပြု။ (ယထာရုဟာ ၈–ပစ္စည်း။)

============

## ဝါကျဥယျာဉ် (၃၂၁)

(က) ပုထူနံ ဇနနာဒီဟိ၊ ကာရဏေဟိ ပုထုဇ္ဇနော။
ပုထုဇ္ဇနန္တောဂဓတ္တာ၊ ပုထုဝါယံ ဇနော ဣတိ။

(ခ) သောဟိ ပုထူနံ နာနပ္ပကာရာနံ ကိလေသာဒီနံ ဇနနာဒီဟိ ကာရဏေဟိ ပုထုဇ္ဇနော။

(ဂ) ယထာဟ– ပုထု ကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနာ (ပ) ပဋိစ္ဆန္နာ ပဋိကုဇ္ဇိတာတိ ပုထုဇ္ဇနာ"တိ။

(ဃ) ပုထူနံ ဝါ ဂဏနပထမတီတာနံ အရိယဓမ္မပရမ္မုခါနံ နီစဓမ္မသမာစာရာနံ ဇနာနံ အန္တောဂဓတ္တာပိ ပုထုဇ္ဇနာ။

(င) ပုထု ဝါ အယံ, ဝိသုံယေဝ သင်္ချံ ဂတော, ဝိသံသဋ္ဌော သီလသုတာဒိဂုဏယုတ္တေဟိ အရိယေဟိ ဇနောတိပိ ပုထုဇ္ဇနော။

ဌ။ ၃၈၃။ သီဋီသစ်၊ ၁။ ၂၄၄။ ယောဇနာ။ ၂၀၁။ ပြည်သျှ၊ ၃။ ၃၅၅။ ဘာသာဋီ၊ ၄။၉၁။

http://www.dhammadownload.com



(၂)

(ခ)စသည်သို့ အနုသန္ဓေ

ဤသို့ (က)ဖြင့် ပုထုဇ္ဇနမည်ပုံကို (ဝါ) ပုထုဇ္ဇန၏ ဝစနတ္ထကို ဂါထာဗန္ဓဖြင့် အကျဉ်းပြပြီး၍ ယခုအခါ၌ ယင်းဂါထာဗန္ဓဖြင့် အကျဉ်းပြအပ်သော အနက်ကိုပင် အကျယ်ချဲ့ဖွင့်ပြလိုရကား သောဟိ–စသည်မိန့်။

♦ ဝေ ဂါထာဗန္ဓေန သင်္ခေပတော ဒဿိတမတ္ထံ "သောဟိ"တိ အာဒိနာ ဝိဝရတိ။ (သီ၊ဋီ၊သစ်) ဝါကျခွဲ။ ။ (ခ)စသောဝါကျတို့သည် (က)ကို ချဲ့ပြ ဝိတ္ထာရ။

ထိုတွင် (ခ) (ဂ)တို့ဖြင့် ဂါထာပုဗ္ဗဿကို ချဲ့ပြသည်။

(ဃ) ဂါထာတတိယပါဒကို ချဲ့ပြသည်။

(င)ဖြင့် ဂါထာစတုတ္ထပါဒကို ချဲ့ပြသည်။(ဝိတ္ထာရအချင်းချင်း ရှေးနောက်ထောက်ဆ ပက္ခ+ပက္ခန္တရယှဉ်)

(ခ)(ဂ)တို့တွင်လည်း (ဂ)သည် (ခ)ကို အာဂုမ်ပါဠိတို့ဖြင့် ခိုင်မြဲအောင်ပြ– အာဂမဒဠှီ။

♦ ထေန စ တတိယပါဒံ ဝိဝရတိ၊ သမတ္တေတိ ဝါ။ "ပုထုဝါ"တိ အာဒိနာ ပန စတုတ္ထပါဒံ။ (သီဋီသစ်)

(၃)

(က) ပုထုဝါယံ ဇနော–၌ ဝါ–သဒ္ဒါထားရခြင်း

များစွာသော ကိလေသာတို့ကို ဖြစ်စေတတ်သည်၏အဖြစ်, ပုထုဇဉ်တို့၏ အတွင်း၌ဝင်သည်၏ အဖြစ်ဟူသော အကြောင်းသကတ်အနက်မှတပါး အရိယာတို့မှ အသီးအခြားဖြစ်သည်၏အဖြစ်ဟူသော အကြောင်းသကတ်အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (က) ပုထုဝါယံ–၌ ဝါ–သဒ္ဒါထားသည်။

(၄)

* ဥလ္လောကနံ ပေက္ခနံ ဥလ္လောကံ။ (ဥပုဗ္ဗ, လောက+အ) မုခဿ + ဥလ္လောကံ မုခုလ္လောကံ။

* မုခုလ္လောကံ + ဧတေသန္တိ မုခုလ္လောကိကာ။ (မုခုလ္လောက+ဣက)(ယောဇနာ)

✔ –သည်ငှင်း၊ မျက်နှာကို မော်ကြည့်ခြင်း၏+ပုထုဇဉ်တို့နှင့် ဂုဏ်+ဂုဏောစပ်–ငှင်း ဗျု–နိ။

✔ မျက်နှာကို မော်ကြည့်ခြင်းရှိသည်၏အဖြစ်တည်းဟူသောဂုဏ်သည် ပ–နိ။

"ဝစနတ္ထမှတ်ဖွယ်"

(ဃ) အရိယဓမ္မော + ပရမ္မုခေါ + ယေသံ တေ အရိယဓမ္မပရမ္မုခါ။ (ယောဇနာ)

* နီစော + လာမကော + ဓမ္မော နီစဓမ္မော။ နီစာနံ ဝါ လာမကဇနာနံ + ဓမ္မော နီစဓမ္မော။

* သမာစရဏံ သမာစာရော။

* နီစဓမ္မော + သမာစာရော + ယေသံ တေ နီစဓမ္မသမာစာရာ။ (ယောဇနာ)

(ယုတ်သောတရားဟူသောအကျင့်ရှိကုန်သောလူတို့)

(၅)

(က) ပုထူနံ–ကား ကိတ်နာမ်၊ ပုံလိင်၊ ရတ္တာဒိ၊ ဥ–ကာရန္တ။

ဇနနာဒီဟိ–ကား သမာသ်နာမ်၊ နပုံလိင်၊ ရတ္တာဒိ၊ ဣ–ကာရန္တ။

(၆)

(ခ) သော–ဖြင့် ပုထုဇ္ဇနအရ အဿုတဝါစုထုဇဉ်ကို ယူ–သိစေ။

နာနပ္ပကာရာနံ–ဖြင့် ပုထုသဒ္ဒါ ဗဟု(နာနပ္ပကာရ, ဗဟုပ္ပကာရ)အနက်ဟော– သိစေ။

ကိလေသာဒီနံ–ဖြင့် ပုံထူနံ နာနပ္ပကာရာနံအရ ကိလေသာစသည်တို့ကို ယူ–သိစေ။

(ခ) တစ်ဝါကျလုံးသံဝဏ္ဏနာပါဠိဖြင့် ပုထု နာနပ္ပကာရာ သတ္တာယဒိဋ္ဌိယော (ကိလေသေ) ဇနေတီတိ ပုထုဇ္ဇနော–ဟု ယောတုကဏ္ဍသာဓနကိတန္တဒုတိယာတပ္ပုရိသ်–ပြု–ငှင်း၊ (တစ်နည်း) ပုထုဇ္ဇနော

http://www.dhammadownload.com



